




မလှိုင်

# အဘိဓမ္မာ ကူညီရေး

(မူပိုင်)

မညွန့်ဝေ


မညွန့်ဝေ

ပိဋကတ်စာအုပ်ဆိုင်

၃၈၊ ရွှေတိဂုံဘုရား တောင်ဘက်မုခ်၊

ဒဂုံစာတိုက်၊ ရန်ကုန်မြို့။

ပဲခူးမြို့
သာသနမဏ္ဍိုင် ပါဠိတက္ကသိုလ်
သာသနဓဇ ဓမ္မာစရိယ အင်္ဂုတ္တရနိကာယ ပါဠိပါရဂူ
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
ဗျာဒိတသဒ္ဒ ဝိသိဋ္ဌဓမ္မာစရိယ

ပဌမကျော်

အရှင်ဓမ္မဿာမိဘိဝံသ

၏

# အဘိဓမ္မာကူညီရေး

စာမေးပွဲများအတွက် အထူးစီစဉ်သည်။

---

ဣဋ္ဌာသယ ပိဋကတ် စာပုံနှိပ်တိုက်
အမှတ် ၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက် (၁၀၅၇၄)

ထုတ်ဝေသူ- ဒေါ်ခင်သိန်း (မြဲ- ၀၃၅၅)
အမှတ်- ၈၄/၈၆၊ လမ်း-၅၀၊
ရန်ကုန်မြို့။

ပုံနှိပ်သူ-ဦးသန်းမောင် မြဲ (၀၇၉၄)
ဣစ္ဆာသယ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

**ဒုတိယအကြိမ်**

**စာအုပ်ရေ - ၂၀၀၀။**

အဘိုး ၁၀-ကျပ်

၁၃၄၀-ခု၊ ကဆုန်လ။ ၁၉၇၈-ခု၊ မေလ။

# ပုဏ္ဏာဝဦ



မဏ္ဍိုင်

# အဘိဓမ္မာ ကညီရေး

## ကျမ်းဦးပလ္လင်

---

ဂန္ထာရမ္ဘ

ပဏာမနှင့် ပဋိညာဉ်

လောကဂ္ဂကန္တကရုဏံ သမသန္တသန္တံ၊
သာရင်္ဂရတ္တရတနံ ဓေမမ္မဓမ္မံ။
သံနိဒ္ဓနိစ္စနိဓိကံ ကတကမ္မကမ္မံ၊
ဥံဝတ္တ ဝဏ္ဏဝစနံ ဝေဝဏ္ဏဝတ္တံ။
(ဝသန္တတိလကာဂါထာ)

ဥတ္တမံ ဥတ္တမင်္ဂေန၊
မဟေသိနော’ဘိဝါဒိယ။
နိဗ္ဗာနမဓုဒံ ပါဒ၊
ပင်္ကဇံ သဇ္ဇနာလိနံ။

ဇမ္ဗူ၁သယ. ၅၉၇-က [ဒုတိယအကြိမ်]

မောဟန္ဓကာရမံ့သေန္တံ၊
ပသတ္ထံ ဓမ္မဘာကရံ။
ကာလော’ဒိတံ မဟာတေဇံ၊
မုနိရာဇော’ဒယာစလေ။

သောတုစိတ္တာဿရေ ဇာတံ၊
ပဿာဒကုမုဒံ ပရံ။
ဗောဓကံ သံဃစန္ဒံ စ၊
ဓမ္မော’ရုကိရဏုဇ္ဇလံ။

ကရိဿာမိ အဘိဓမ္မ၊
ကူညီရေးနာမကံ ဝရံ။
ဇယဒိန္နံ နယကိဏ္ဏံ၊
ပုစ္ဆာဝိဿဇ္ဇနာကရံ။

ဥံ=ကမ္ဘာသူ ကမ္ဘာ့သား သတ္တဝါအများတို့ ဘုရား တရာ သံဃာ ရတနာရောင် ထွန်းလင်းပြောင်၍ မိုက်မှောင်ကင်းပြတ် အလင်းဓာတ်သို့ ချဉ်းကပ်နိုင်ကြပါစေကုန်သတည်း။

အဟံ=ငါသည်၊

လောကဂ္ဂကန္တကရဏံ=လောက၌ အမြတ်ဆုံးဖြစ်၍ နှစ်သက်ခြင်းကို ပြုတော်မူတတ်သော၊

သမသန္တသန္တံ=အေးငြိမ်းသော နိဗ္ဗာန်ချမ်းသာမြတ်ရှိတော်မူတသော၊

သာရင်္ဂရတ္တရတနံ=ကောင်းစွာ နှစ်သက်တတ်သော သူတော်ကောင်းတို့သည် ကောင်းစွာနှစ်သက် မြတ်နိုးအပ်သော ရတနာဖြစ်တော်မူထသော၊

ဓတဓမ္မဓမ္မံ=ဆောင်အပ်သော လောကီ လောကုတ္တရာ ကုသိုလ်တရား ရှိတော်မူထသော၊

သံနိန္နနိစ္စနိဓိကံ=ကောင်းစွာ ညွတ်အပ်ပြီးသော နိဗ္ဗာန်တည်းဟူသော ရွှေအိုးရှိတော်မူထသော၊

ကတကမ္မကမ္မံ=ပြုအပ်ပြီးသော လောကီ လောကုတ္တရာ ကုသိုလ်ကံ ရှိတော်မူထသော၊

ဝန္တဝဏ္ဏဝစနံ= ထွေးအန်တော်မူအပ်ပြီးသော စကားတော်ရှိတော်မူထသော၊ ဝါ- စကားတော် ဖြစ်တော်မူထသော၊

ဝရဝဏ္ဏဝန္တံ=မြင့်မြတ်သော ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ် သပ္ပါယ်သော အဆင်းတော်ရှိတော်မူထသော၊ ဝါ- မြင့်မြတ်သော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူထသော၊

**အမှာ။** ဤ“ဝိသေသန”ပုဒ်တို့ကို ပါဒပင်္ကဇံ၊ ဓမ္မဘာကရံ၊ သံဃစန္ဒံ-တို့နှင့် ထိုက်သင့်သလိုစပ်။

## ဗုဒ္ဓပဏာမ

သဇ္ဇနာလိနံ= သူတော်ကောင်းတည်းဟူသော ပျားပိတုန်းတို့အား၊

နိဗ္ဗာနမဓုဒံ=နိဗ္ဗာန်တည်းဟူသော ချိုသော ပျားရည်ကို ပေးတော်မူတတ်သော၊
ဥတ္တမံ=မြတ်သော၊
မဟေသိနော=မြတ်စွာဘုရား၏၊
ပါဒပင်္ကဇံ=ခြေတော်အစုံ ကြာပဒုံကိုလည်း၊
ဥတ္တမင်္ဂေန=ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊
အဘိဝန္ဒာမိ=အလွန်ရိုသေစွာ ရှိခိုးပါ၏။

**ဓမ္မပဏာမ**

မောဟန္ဓကာရဓံသေန္တံ=မောဟ တည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်တော်မူတတ်သော၊
မုနိရာဇောဒယာစလေ=မြတ်စွာဘုရား တည်းဟူသော နေထွက်တောင်၌၊
ကာလောဒိတံ=နံနက်အခါ ထွက်ပေါ်၍လာသော၊
မဟာတေဇံ=ကြီးမြတ်သော တန်ခိုးတေဇော် အာနုဘော်ရှိတော်မူသော၊
ဓမ္မဘာကရံစ=တရားတည်းဟူသော နေမင်းကိုလည်း၊
ဥတ္တမင်္ဂေန=ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊
အဘိဝန္ဒာမိ=အလွန်ရိုသေစွာ ရှိခိုးပါ၏။

**သံဃပဏာမ**

သောတုစိတ္တာဃရေ=တရားနာသူ များဗိုလ်လူတို့၏ စိတ်နှလုံးတည်းဟူသော ရေအိုင်ကြီး၌၊

ဇာတံ=ဖြစ်သော၊
ပသာဒကုမုဒံ=ကြည်ညိုခြင်း သဒ္ဒါတရား တည်းဟူသော ကုမုဒြာ ကြာပွင့်ကို၊
ပရံ=လွန်စွာ၊
ဗောဓကံ=ပွင့်စေတော်မူတတ်သော၊
ဓမ္မာရုကိရဏုဇ္ဇလံ=တရားတော် တည်းဟူသော ကြီးမြတ်သော ရောင်ခြည်တော်ဖြင့် တောက်ပတော်မူသော၊

သံဃစန္ဒံ=သံဃာတော်တည်းဟူသော လမင်းကိုလည်း၊
ဥတ္တမင်္ဂေန=ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊
အဘိဝန္ဒာမိ=အလွန်ရိုသေစွာ ရှိခိုးပါ၏၊
အဘိဝါဒိယ=အလွန်ရိုသေစွာ ရှိခိုးပြီး၍၊

## ပဋိညာဉ်

ဇယဒိန္နံ=စာမေးပွဲအောင်ဆုကို ပေးတတ်သော၊
နယကိဏ္ဏံ=နည်းစုံပြွမ်းသော၊

ပုစ္ဆာဝိသဇ္ဇနာကရံ=အမေးအဖြေတို့၏ တည်ရာဖြစ်သော၊
အဘိဓမ္မာကူညီရေးနာမကံ= “အဘိဓမ္မာကူညီရေး”ကျမ်းကို၊
ကရိဿာမိ=ရေးသားပြုပြင် စီရင်ပေအံ့။

ဥံ (Om)။ ဥံကို ‘အ+ဥ=မ’ဟု ပုဒ်ခွဲ၊ အကိုချေ၊ မကို နိဂ္ဂဟိတ်ပြု၍ မာဂဓ၌ ဥံ ဖြစ်၏၊ ဥုံဟု မရေးသင့်၊ သက္ကတသဒ္ဒါကျမ်းတို့ အလိုအားဖြင့် (ဂုဏ်ရည်ကူ သရအချင်းချင်း ချေပစ်ရိုးထုံးစံ မရှိရကား) အ-နှင့်

ဥကို ပေါင်း၍ဩပြု (အ+ဥ=ဩ)၊ မ၏ အကိုချေ၊ ဩမ်(Om)ဖြစ်၏၊မကို နိဂ္ဂဟိတ်ပြုလျှင် ဩံ(Om) ဖြစ်၏၊ဩမ်ကို မြန်မာတို့က မပီကလာ ပီကလာနှင့် 'ဩောင်'သို့မဟုတ် ဩောင်းဟု ဖတ်ကြရေးကြ၏။

ဤဥံအက္ခရာသည် ပရမိဿရ (=ပရမေသွာရ= ထာဝရဘုရား)၏ အားလုံးထက်မြတ်သော အမည်နာမတပါးဖြစ်၍ ပရမိဿရ၏ဂုဏ်ပုဒ်အားလုံး ဥံ အက္ခရာ၌ ပေါင်းစုပါဝင်ကြ၏၊ထိုတွင်-

'အ' အက္ခရာဖြင့် ဝိရာဋ္ဌ, အဂ္ဂိ, အာလောက, ကပ္ပစသော ဂုဏ်တို့ကိုယူ၊ 'ဥ' အက္ခရာဖြင့် ဟိရည ဂဗ္ဘ (ရွှေဥမှ မွေးဖွားလာသူ), ဗြဟ္မ, ဝါတ,တေဇ, အာနုဘာဝစသော ဂုဏ်တို့ကိုယူ၊ 'မ' အက္ခရာဖြင့် အာဒိစ္စ,ပညာစသော ဂုဏ်တို့ကိုယူဟု ဝေဒကျမ်းတို့၌ ဆို၏။

"ထေဝမန်ဓိ"၌ကား'အ' ဖြင့် ဗိသနိုး၊ 'ဥ' ဖြင့် မဟာဗြဟ္မာ၊ 'မ'ဖြင့် သိဝကိုယူဟု ဆို၏။

အခန်းကဏ္ဍပေါင်း ၁၀၁၇ ကဏ္ဍ၊ ဂါထာပုဒ်ရေ ၁၀၀, ၇၅၀-ပုဒ် ရှိသော ဣရုဗေဒင်ကျမ်းကြီးနှင့် ယဇုဗေဒင် (ယဇုဖြူ ယဇုမဲ) သာမဗေဒင် အာထဗ္ဗဏဗေဒင် ကျမ်းကြီးတို့၌ လာသော ဘုရား ၃၃-ဆူကိုသည် စင်စစ်အားဖြင့် ဘုရား တဆူတည်းကို ခွဲထားခြင်းမျှသာ ဖြစ်၏။

မှန်၏။

၁။ ဖန်ဆင်းသူ မဟာဗြဟ္မာ (Maha Brahma) ဘုရား၊
၂။ မပျက်စီးအောင် ထိန်းသိမ်းသူ ဗိသနိုး (ဝိသျှနု= ဝိသျှဏု=(Vishnu) ဘုရား၊
၃။ ဖျက်ဆီး၍ တဖန်ဖြစ်စေသူ သိဝသိဗ= (Siva) ဘုရား ဟု အခိုက်အတန့်အားဖြင့် သုံးဆူခွဲထား သော်လည်း စင်စစ် တဆူတည်းသာ။

ဆိုလိုသည်မှာ ဝိသျှနုဘုရား, သိဝဘုရား စသည်ဖြင့် ဆိုမည့်အစား "ဥံဘုရား" ဟု ဆိုလျှင် အဆင့် အမြင့်ဆုံး (အက္ခရာအားဖြင့် ကမ္ဘာလောက၌ ရှိသမျှ အက္ခရာတို့တွင် ဥံအက္ခရာသည် အမြတ်ဆုံး) ဟုဆိုလို၏၊ ဗုဒ္ဓဘာသာ၌ကား ဥံအက္ခရာသည် ဣဋ္ဌပတ္ထနာ (=အလိုရှိအပ်သောဆုကိုတောင်းခံခြင်း) မင်္ဂလာစရဏ (=မင်္ဂလာပြုကျင့်ခြင်း) တို့၌ဖြစ်၏။

## တောင့်တချက်

အယုတ္တာ စေတ္တ မေ ဝုတ္တာ၊
ပမာဒေန ဘမေန ဝါ။
သံသောဓေတွာဝ တံ ဝါစံ၊
သမ္မာပေက္ခန္တု သာဓဝေါ။

စေတ္တ=အဘိဓမ္မာနှင့်စပ် ပုစ္ဆာရပ်ကို ခဲ့ကပ်မရှိ အလွယ်သိဖို့ နှိုင်းညှိကြိုးပမ်း ဤအဘိဓမ္မာ ကူညီရေးကျမ်း၌၊

မေ=(မယာ=) သူများအကျိုး ရည်မြှော်ကိုး၍ စိတ်ရိုးဖြူစင် အရှင်ဓမ္မဿာမိဘိဝံသခေါ်တဲ့ အကျွန်ုပ် ကျမ်းစာရှင်သည်၊

ပမာဒေနဝါ= သတိလွတ်ကင်း မေ့လျော့ ခြင်းကြောင့် သော်ငှင်း၊
ဘမေနဝါ= စိတ်စက်ချွတ်ယွင်း လွင့်ပါး ခြင်းကြောင့် သော်ငှင်း၊
အယုတ္တာ=ယုတ္တိယုတ္တာ ကင်းလွတ်ကွာ၍ နည်းနာမစပ် မသင့်မြတ်သော၊
ယာဝါစာ=အမှားအစစ် ကောန်ဖြစ်၍ ပစ်ဖို့သင့်ငြား အကြင်စကားကို၊
စေဝုတ္တာ=အကယ်၍များ ရေးကာသား၍ ဆိုမှားအပ် မိအံ့၊
တံဝါစံ=ယုတ္တိကင်းလတ် မသင့်မြတ်၍ ပစ်အပ်အမှား ထိုစကားကို၊
သာဓဝေါ=ကရုဏာထား မေတ္တာပွား၍ စိတ်ထားမြူ စင် ကြည့်ရှုသင်သည့် လူရှင်အပေါင်း သူတော် ကောင်းတို့သည်၊
သံသောဓေတွာဝ=နည်းမှန်အစစ် ကောန်ဖြစ်ဖို့ စံနစ်ကျ စွာ စေတနာဖြင့် သေချာကျန သုတ်သင်ကြကုန်၍ သာလျှင်၊
သမ္မာပေက္ခန္တု=အပြစ်မရှု စိတ်မခုပ် ခွင့်ပြုဖို့ရာ ကရုဏာ ဖြင့် ကောင်းစွာမသွေ ကြည့်ရှုနိုင်ကြပါစေသတည်း။

**အရှင်ဓမ္မဿာမိဘိဝံသ**

၁၃၁၆-ခု တပေါင်းလ။



# အဘိဓမ္မာ ကူညီရေး

---

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

**ဂန္ထာရမ္ဘ**

● ကျမ်းအစ၌ ရတနတ္တယ ပဏာမကို ပြုရခြင်းသည် ဘာအကျိုးရှိပါသနည်း။

**အဖြေ**။ အန္တရာယ်ကင်းရှင်းစွာနှင့် ကျမ်းပြီးစီးခြင်း,နောက်နောင် စာသင်သားတို့ သင်အံလေ့ကျက် ဆောင်ရွက်ရခြင်း အကျိုးရှိပါသည်။

**ဆောင်**။ အန္တရာယ်ကင်း၊ ကျမ်းပြီးခြင်းနှင့်၊ တခင်းသင်အံ၊ လေ့ကျက်ရန်၊ အမှန်ရှိဖိုးကျိုး။

● "သမ္မာသမ္ဗုဒ္ဓ" ဆိုလျှင် ပြီးကောင်းလျက် အဘယ့်ကြောင့် အတုလံ ကို ဆိုရပါသနည်း။

**အဖြေ**။ သမ္မာသမ္ဗုဒ္ဓ သဒ္ဒါသည် မြတ်စွာဘုရား၏ ဂုဏ်တော်ကို မဟော၊ အမည်ဟောသာ ဖြစ်သောကြောင့် အတုလံ ကို ဆိုရပါသည်။

သမ္မာသမ္ဗုဒ္ဓသဒ္ဒဿ ဘဂဝတိ သမညာဝသေန ပဝတ္တတ္တာ အတုလန္တိ ဣမိနာ ဝိသေသေတိ။ (ဋီ)။

သမ္မာသမ္ဗုဒ္ဓသဒ္ဒဿ၊ သမ္မာသမ္ဗုဒ္ဓသဒ္ဒါ၏။ ဝါ၊ သဒ္ဒါသည်။ ဘဂဝတိ၊ မြတ်စွာဘုရား၌။ သမညာ ဝသေန၊ အမည်၏ အစွမ်းအားဖြင့်။ ပဝတ္တတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ အတုလန္တိ ဣမိနာ၊ အတုလံဟူသော ဤပုဒ်ဖြင့်။ ဝိသေသေတိ၊ အထူးပြု၏။

**ဆောင်။** သမ္မာသမ္ဗုဒ္ဓသဒ္ဒါ၊ မြတ်ဗုဒ္ဓါ၌၊ ကျော်ပါမဟော၊ အမည်ဟောသာ၊ ဖြစ်သည့်တာကြောင့်၊ မှတ်ပါအတုလံ၊ ပုဒ်ပဒံဖြင့်၊ အထူးဆင့်၊ ကျူးရှင့်မိန့်တော်မူ။

---

"သမ္မာသမ္ဗုဒ္ဓ မတုလံ" ဆိုက ပြီးကောင်းလျက် အဘယ်အကျိုးငှါ **သသဒ္ဓမ္မ ဂဏုတ္တမံ**ကို ထပ်ဆိုရပါသနည်း။

အဖြေ၊ ဓမ္မပဏာမ, သံဃပဏာမကို ပြုခြင်းငှါ ထပ်ဆိုရပါသည်။

သေသရတနာနမ္ပိ ပဏာမမာရဘန္တော အာဟ သသဒ္ဓမ္မ ဂဏုတ္တမန္တိ။ (ဋီ)။

သေသ ရတနာနမ္ပိ၊ ကြွင်းကျန်သော ရတနာတို့အားလည်း။ ပဏာမံ၊ ရှိခိုးခြင်းကို။ အာရဘန္တော၊ အားထုတ်လိုသည်ဖြစ်၍။ သသဒ္ဓမ္မ ဂဏုတ္တမန္တိ၊ သသဒ္ဓမ္မဂဏုတ္တမံဟူ၍။ အာဟ၊ ဆိုပြီ။

**ဆောင်။** ဓမ္မသံဃာ၊ ပဏာမကို၊ အားထုတ်လို၊ မိန့်ဆိုသသဒ္ဓမ်။

● သသဒ္ဒမ္မဂဏ္ဍိုတ္တမံတွင် ဓမ္မအရ မုချအားဖြင့် ဓမ္မမည်သော တရားတို့နှင့် ကာရဏူပစာ ဖလူပစာအားဖြင့်သာ ဓမ္မမည်သောတရားတို့ကို ထုတ်ပြပြီးလျှင် ဓမ္မမည့်သော တရားအားလုံးကိုလည်း ဖြေဆိုခဲ့ပါ။

**အဖြေ**။ အရိယာမဂ် ၄-ပါး, နိဗ္ဗာန်သည် မုချအားဖြင့် ဓမ္မမည်၏။

အရဟတ္တဖိုလ်, ပရိယတ်သည် ကာရဏူပစာ ဖလူပစာအားဖြင့် ဓမ္မမည်၏။

မဂ် ၄-ပါး, ဖိုလ် ၄-ပါး, နိဗ္ဗာန်၊ ပေါင်း ၉-ပါးသည် (တနည်း) ပရိယတ်ပါ ၁၀-ပါးသည် သာမညအားဖြင့် ဓမ္မမည်၏။

**ဆောင်**။ မဂ်, ဖိုလ်, နိဗ္ဗာန်၊ ကိုးပါးမှန်၊ မှတ်ရန် 'ဓမ္မ'တည်း။
ပရိယတ်ပါ၊ ထည့်၍သာ၊ ဆယ်ဖြာနောက်တနည်း။
မဂ်နှင့်နိဗ္ဗာန်၊ မုချမှန်၊ ကျန်ဥပစာတည်း။

---

● အဘိဓမ္မတ္ထသင်္ဂဟ၌ အဘိဓမ္မအရ, အဘိဓမ္မတ္ထအရ, အဘိဓမ္မတ္ထသင်္ဂဟအရ တို့ကို ကောက်ပြခဲ့ပါ။

**အဖြေ**။ အဘိဓမ္မအရ ဓမ္မသင်္ဂဏီစသော အဘိဓမ္မာ ၇-ကျမ်းရ၏။

အဘိဓမ္မတ္ထအရ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ်ရ၏။

အဘိဓမ္မတ္ထ သင်္ဂဟအရ သင်္ဂြိုဟ်ကျမ်းရ၏။

● အဘယ့်ကြောင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်း ခေါ်ပါသနည်း။

**အဖြေ**။ အဘိဓမ္မာ ၇-ကျမ်းလာ ကျယ်ဝန်း လှစွာသော အနက်တို့ကို အကျဉ်းချုံးကာ ပေါင်းယူရာ ဖြစ်သော ကြောင့် အဘိဓမ္မတ္ထ သင်္ဂဟကျမ်းခေါ်ပါသည်။ (ဋီ)။

**ဆောင်**။ အဘိဓမ္မာ၊ ခုနစ်ဖြာဝယ်၊ ကျယ်စွာအနက်၊ ချုံးယူချက် ကြောင့်၊ ပေါ်ထွက်ရသည်၊ ကျမ်းအမည်၊ ဂုဏ်ရည် သင်္ဂဟ။

ဂန္ထာရမ္ဘပြီး၏။

---

တဏ္ဍုဋ္ဌာ ဂါထာ

● အဘယ့်ကြောင့် **ပရမတ္ထ** ခေါ်ပါသနည်း။

**အဖြေ**။ မဖောက်မပြန် မှန်ကန်တည့်မတ် မြတ်သောသဘော ဖြစ်သောကြောင့် (တနည်း) မြတ်သော သဗ္ဗညုတ ဉာဏ်၏ ကျက်စားရာ အာရုံဖြစ်သောကြောင် **ပရမတ္ထ** ခေါ်ပါသည်။ (ဋီ)။

**ဆောင်**။ မဖောက်မပြန်၊ မှန်ကန်တည့်မတ်၊ သဘောမြတ်၊ ပရမတ္ထ ခေါ်။

(တနည်း) သဗ္ဗညုတာ၊ ဉာဏ်မြတ်စွာ၏၊ အာရုံ ဖြစ်လတ်၊ သဘောဓာတ်၊ ပရမတ္ထခေါ်။

❁ ပရမတ္ထ (မဖောက်ပြန်သော တရား)တို့တွင် လောဘ မဖောက်ပြန်ပုံကို ဖော်ပြခဲ့ပါ။

**အဖြေ။** လောဘသည် လိုချင်ခြင်းသဘောရှိ၏၊ ထိုလောဘသည် လူ ခွေး မြင်း ဆင်မှစ၍ မည်သူ့ သန္တာန်မှာဘဲ ဖြစ်ဖြစ်လိုချင်ခြင်း သဘောမှ မဖောက်ပြန်တတ်ချေ၊ ထိုသို့ မဖောက်ပြန်တတ်သောကြောင့် ပရမတ္ထ(ပရမတ်) ဟူသောအမည်ကို ရလေသည်။

**အမှာ။** အခြား ပရမတ္ထ တရားတို့သည်လည်း မိမိဆိုင်ရာ လက္ခဏာမှ မဖောက်ပြန်ကြပေ။ ထို့ကြောင့် ပရမတ္ထ အမည် ရကြပေသည်။

❁ ပညတ်၏ ဖောက်ပြန်ပုံကို ဖော်ပြခဲ့ပါ။

**အဖြေ။** ပိတ်ကို ဖြူနေခိုက် ပိတ်ဖြူခေါ်၍ အနီ-အညို-အဝါ အနက်-အစိမ်းဆိုးလိုက်က ပိတ်ဖြူဟူသော ပညတ်မှ ပိတ်နီ, ပိတ်ညို, ပိတ်ဝါ, ပိတ်နက်, ပိတ်စိမ်းဟူသော ပညတ်သို့ ဖောက်ပြန်ပြောင်းလဲသွားပေသည်။

❁ အဘယ့်ကြောင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်မည် ပါသနည်း။

**အဖြေ။** အာရုံကို သိတတ်သောကြောင့် စိတ်၊
စိတ်၌ ဖြစ်သောကြောင့် စေတသိက်၊
ဖောက်ပြန်တတ် (ဖောက်ပြန်စေအပ်)သောကြောင့် ရုပ်၊
တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်။ (၄)။

● မဖောက်ပြန်သောကြောင့် ပရမတ်ဟုဆိုရာ ရုပ်သည် ဖောက်ပြန်တတ်သောကြောင့် ပရမတ် ခေါ်ဆိုထိုက် ပါမည်လော ရှင်းပြခဲ့ပါ။

အဖြေ။ မဖောက်ပြန်သောကြောင့် ပရမတ်ခေါ်ရာ၌ မိမိ ဆိုင်ရာ လက္ခဏာမှ မဖောက်ပြန်ခြင်းတည်း။

ဖောက်ပြန်တတ်သောကြောင့် ရုပ်ခေါ်ရာ၌ ရှေးရှေး ရုပ်နှင့် နောက်နောက်ရုပ်မတူထူးခြားကွဲပြားခြင်းတည်း၊ ရုပ်ဖောက်ပြန်ရာ၌ ရှေးရုပ်နှင့် နောက်ရုပ် မတူရုံသာ ဖောက်ပြန်သည်၊ မိမိဆိုင်ရာ လက္ခဏာမှ ဖောက်ပြန်ရိုး မရှိပေ၊ ထို့ကြောင့် ပရမတ်ခေါ်ထိုက်သည်သာ။

**ဆောင်။** ပရမတ်မှန်၊ **မဖောက်ပြန်၊** မှတ်ရန်**လက္ခဏာ။**
ရှေ့**နောက်**ရုပ်**စဉ်၊** မတူချင်၊ ဤ**ပင်**ရုပ်**ပွနာ။**
ရုပ်စဉ်ဖောက်ပြန်၊ လက္ခဏာ၊ **ဖောက်ပြန်မရှိပါ။**
ထို့ကြောင့် ရုပ်ဓာတ်၊ ပရမတ်၊ **ခေါ်အပ်တော့သည်**
**သာ။**

---

● နာမ်တရားများလည်း ရှေးရှေးနာမ်နှင့် နောက် နောက်နာမ်တို့ မတူထူးခြား ကွဲပြားသောကြောင့် ရုပ်ခေါ်ထိုက်ပါသလော။

အဖြေ။ ထင်ထင်ရှားရှား ဖောက်ပြန်မှုကိုသာ ရုပ္ပနအရ အလိုရှိအပ်သောကြောင့် နာမ်တရားတို့၏ မထင် မရှား ဖောက်ပြန်မှုကို ရုပ္ပနအရ မယူထိုက်ရကား ရုပ်မခေါ် ထိုက်ပါ။ (ဋီ)။

**ဆောင်**။ ထင်ထင်ရှားရှား၊ ဖောက်ပြန်ခြားက၊ ရုပ္ပနတည်း၊ နာမတရား၊ အစားစားတို့၊ ထင်ရှားမဟုတ်၊ ဖောက်ပြန်လှုပ်လည်း၊ ရုပ်ဟုခေါ်ရန်၊ မသင့်တန်သည်၊ မိန့်ဟန်ဋီကာ့စကားတည်း။

---

(မေး) သီတ အစရှိသော တရားဘို့ကြောင့် ဖောက်ပြန်တတ်သော တရားကို ရုပ်ဟုဆိုရာ ရူပဘုံ၌ သီတစသော တရားများ မရှိသောကြောင့် ခေါ်နိုင်ပါမည်လော။

**အဖြေ**။ ရူပဘုံ၌ရှိသော ရုပ်များလည်း ဖောက်ပြန်တတ်သော သဘောကို မလွန်ဆန်နိုင်သောကြောင့် ရုပ်ဟု ခေါ်နိုင်သည်သာ။

တံသဘာဝါနာတိ ဝတ္တနတော။ (ဋီ)။

တံသဘာဝါနာတိဝတ္တနတော၊ ထို ဖောက်ပြန် ခြင်းသဘောကို မလွန်ဆန်နိုင်ခြင်းကြောင့်တည်း။

**ဆောင်**။ ရူပဘုံထံ၊ ရုပ်တန်တန်လည်း၊ ဖောက်ပြန် သဘော၊ မလွန်သောကြောင့်၊ ခေါ်လောရုပ်သာ၊ မှတ်သားရာသည်၊ ဋီကာမိန့်ချက်စကားတည်း။

တတ္ထဝုတ္တာဂါထာ ပြီး၏။

# အဘိဓမ္မာ ကျည်းရေး

---

# စိတ်ပိုင်း

## ဘုံစိတ်အပြား ၄-ပါး

● လောကုတ္တရာ အရူပါဝစရ ရူပါဝစရ ကာမာဝစရ ဟု မဆိုဘဲ အဘယ့်ကြောင့် ကာမာဝစရ ရူပါဝစရ အရူပါဝစရ လောကုတ္တရာဟု ဆိုရပါသနည်း။

**အဖြေ**။ ဘုံလေးပါး၌ဖြစ်သော စိတ်တို့သည် အစဉ်အတိုင်း မြတ်ကြသောကြောင့် အယုတ်, အမြတ်, အထူးမြတ်, အမြတ်ဆုံးဟူသော အစဉ်ဖြင့် ညွှန်ပြလို၍ ဆိုပါသည်။

ယသ္မာ ပနေတေ စတုဘူမကာ ဓမ္မာ အနုပုဗ္ဗ ပဏီတာ၊ တသ္မာ ဟီနုက္ကဋ္ဌုက္ကဋ္ဌတရတမာနုက္ကမေန တေသံ နိဒ္ဒေသော ကတော။ (ဋီ)။

ယသ္မာ၊ အကြင့်ကြောင့်။ တေ စတုဘူမကာ၊ ဘုံလေးပါး၌ ဖြစ်ကုန်သော။ ဓမ္မာ၊ ဤတရားတို့သည်။ အနုပုဗ္ဗ ပဏီတာ၊ အစဉ်အတိုင်းမြတ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဟီနုက္ကဋ္ဌုက္ကဋ္ဌ တရတမာနုက္ကမေန၊ အယုတ်, အမြတ်, အထူးမြတ်, အမြတ်ဆုံးဟူသော အစဉ်ဖြင့်၊ တေသံ၊ ထိုတရားတို့ကို။ နိဒ္ဒေသော၊ ညွှန်ပြခြင်းကို။ ကတော၊ ပြုအပ်ပြီ။

**ဆောင်**။ ဘုံလေးပါးမှာ၊ ဖြစ်ကြပါသည့်၊ လေးဖြာတရား၊ အစဉ်အားဖြင့်၊ မြတ်ပြားအဟုတ်၊ အကြောင်းထုတ်၍၊ အယုတ်အမြတ်၊ အထူးမြတ်နှင့်၊ အမြတ်ဆုံးပင်၊ ထိုအစဉ်ဖြင့်၊ ပြချင်လိုဘိ၊ ဆိုရ၏၊ ကျမ်းရှိအစဉ်ကို။

---

● အဘယ့်ကြောင့် ကာမာဝစရစိတ်, ရူပါဝစရစိတ်, အရူပါဝစရစိတ်, လောကုတ္တရာစိတ် ခေါ်ပါသနည်း။

**အဖြေ**။ ကာမဘုံ၌ များသောအားဖြင့် ဖြစ်တတ်သောကြောင့် ကာမာဝစရစိတ်။

ရူပဘုံ၌ များသောအားဖြင့် ဖြစ်တတ်သောကြောင့် ရူပါဝစရစိတ်။

အရူပဘုံ၌ များသောအားဖြင့် ဖြစ်တတ်သောကြောင့် အရူပါဝစရစိတ်။

ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော သံသာရလောကမှ ထွက်မြောက်ဆဲ ထွက်မြောက်ပြီး ဖြစ်သောကြောင့် လောကုတ္တရာစိတ်။

**အမှာ**။ ထွက်မြောက်ဆဲ- မဂ်စိတ်၊ ထွက်မြောက်ပြီး- ဖိုလ်စိတ်။ ဋီ။

---

● ရူပဘုံ အရူပဘုံ၌ ဖြစ်သော ကာမစိတ်များကို ရူပစိတ် အရူပစိတ် ခေါ်နိုင်ပါမည်လော။

**အဖြေ**။ ရူပဘုံ အရူပဘုံ၌ များသောအားဖြင့် ဖြစ်မှသာ ရူပစိတ် အရူပစိတ် ခေါ်နိုင်ပါသည်။ ကာမစိတ်ကား ထိုဘုံ၌ အနည်းငယ်သာ ဖြစ်သောကြောင့် မခေါ်နိုင်ပါ။ (ဋီ)။

● ကာမဘုံ၌ ဖြစ်သော ရူပစိတ် အရူပစိတ်များကို ကာမစိတ်ဟု ခေါ်နိုင်ပါသလော၊ ရှင်းပြခဲ့ပါ။

**အဖြေ**။ မခေါ်နိုင်ပါ၊ ရူပစိတ် အရူပစိတ်များကား အများအားဖြင့်၊ရူပဘုံ အရူပဘုံတို့၌သာ ဖြစ်ပါသည်၊ ကာမဘုံ၌ အနည်းငယ်အားဖြင့်သာ ဖြစ်ပါသည်၊ ကာမဘုံ၌ အများအားဖြင့် ဖြစ်မှသာ ကာမစိတ်ဟု ခေါ်နိုင်ပါသည်။

ဘုံစိတ်အပြား ၄-ပါး ပြီး၏။

---

## အကုသိုလ်စိတ်

● ကုသိုလ်စိတ်ကို ရှေ့မထားဘဲ အဘယ့်ကြောင့် အကုသိုလ်စိတ်ကို ရှေ့ထားဆိုရပါသနည်း။

**အဖြေ**။ အကုသိုလ်စိတ် အဟိတ်စိတ်တို့မှ ကြွင်းသောစိတ်များကို သောဘနအမည်ဖြင့် ခေါ်ဝေါ်မှုကို ပြုလိုသောကြောင့် "ပါပါဟေတုက မုတ္တာနိ" အစရှိသော ဂါထာနှင့်လျော်စွာ အကုသိုလ်စိတ်ကို ရှေ့ထားပြီးဆိုပါသည်။

ပါပါဟေတုကဝဇ္ဇာနိ ကေနသဋ္ဌိယာ ကေနဝုတိယာ ဝါ စိတ္တာနိ သောဘန နာမေန ဝေါဟာရ ကရဏတ္ထံ ပါပါဟေတုကမုတ္တာနိ။ပ။ဝုစ္စရေတိ ဧဝံ ဝက္ခမာနနယဿ အနုရူပတော ပါပါဟေတုကေ ယောဝ ပဌမံ ဒဿေတိ။ (ဋီ)။

ပါပါဟေတုကဝဇ္ဇာနံ၊ အကုသိုလ်စိတ် အဟိတ်စိတ်တို့မှ တပါးကုန်သော။ ကျေနသဋ္ဌိယာ၊ တခုယုတ် ၆၀-သော။ ဝါ၊ တနည်းကား။ ကေနဝုတိယာ၊ ၉၁- ပါးသော။ စိတ္တာနံ၊ စိတ်တို့၏။ သောဘနနာမနေ၊ သောဘနအမည် ဖြင့်။ ဝေါဟာရ ကရဏတ္ထံ၊ ခေါ်ဝေါ်ခြင်းကို ပြုခြင်း ငှါ။ ပါပါဟေတုကမုတ္တာနိ။ပ။ဝုစ္စရေတိ၊ ဝုစ္စရေဟူ၍။ ဇဝံ၊ ဤသို့။ဝက္ခမာန နယဿ၊ဆိုလတ္တံ့သောနည်းအား။ အနုရူပတော၊ လျော်သောအားဖြင့်။ ပါပါဟေတုကေ ယော၊ အကုသိုလ်စိတ် အဟိတ်စိတ်တို့ကို သာလျှင်။ ပဌမံ၊ ရှေးဦးစွာ။ ဒဿေတိ၊ ပြ၏။

ဆောင်။ အကုအဟိတ်၊ ၃၀-စိတ်မှ၊ ကြွင်းသမျှကို၊ သောဘန မည်၊ ပြုလိုသည်ကြောင့်၊ နှစ်လီအကု၊ အဟိတ်စုကို၊ ရှေ့ထားဆိုသည်၊ မှတ်လိုသူတို့ မှတ်ဖွယ်တည်း။

---

● အကုသိုလ် စိတ်တွင် လောဘမူစိတ်ကိုအဘယ့်ကြောင့် ရှေ့ထားဆိုပါသနည်း။

အဖြေ။ ထိုထို ဘဝ၌ ပဋိသန္ဓေနေသော သတ္တဝါတို့၏ သန္တာန်၌ လောဘမူစိတ်သာ ရှေးဦးစွာဖြစ်သောကြောင့် လောဘမူစိတ်ကို ရှေ့ထားဆိုပါသည်။

တေသု စ ဘဝေသု ဂဟိတပဋိသန္ဓိကဿ သတ္တဿ အာဒိတော ဝီထိစိတ္တဝသေန လောဘသဟဂတ စိတ္တုပ္ပါဒါန မေဝ သမ္ဘဝတော။ (ဋီ)။

တေသုဘာဝေသု၊ ထိုထိုဘဝတို့၌။ ဂဟိတ ပဋိသန္ဓိကဿ၊ ပဋိသန္ဓေနေသော။ သတ္တဿ၊ သတ္တဝါ၏ (သန္တာန်၌)။ အာဒိတော၊ အစ၌။ ဝီထိစိတ္တဝသေန၊ ဝီထိစိတ်၏ အစွမ်းအားဖြင့်၊ လောဘသဟဂတ စိတ္တုပ္ပါဒါနမေဝ၊ လောဘသဟဂုတ် စိတ္တုပ္ပါဒ်တို့၏သာလျှင်။ သမ္ဘဝတော၊ ဖြစ်ခြင်းကြောင့်တည်း။

**ဆောင်။ ဘဝအလီလီ၊ သန္ဓေတည်သည့်၊ထိုဤများစွာ၊ သတ္တဝါ၌ ဦးစွာအစ၊ စိတ်လောဘသာ၊ ဖြစ်သည့်တာကြောင့်၊ရှေ့ မှာအစ၊ ထားရှိပြသည်၊ မှတ်ကြစေတို့ ကဗျာတည်း။**

---

● အဘယ့်ကြောင့် လောဘမူစိတ်နောင် ဒေါသမူစိတ်ကို ဆိုရပါသနည်း။

**အဖြေ**။ လောဘမူစိတ်နှင့် ဒိဋ္ဌိဟိတ်စိတ်ချင်း တူသောကြောင့် လောဘမူစိတ်နောင် ဒေါသမူစိတ်ကို ဆိုပါသည်။ ဒွိဟေတုက ဘာဝသာမညေန။ (ဋီ)။ ဒွိဟေတုက ဘာဝ သာမညေန၊ ဒွိဟိတ်စိတ်၏ အဖြစ်ဖြင့် တူသည်၏ အဖြစ်ကြောင့်တည်း။

**ဆောင်။ ဒွိဟိတ်စိတ်ချင်း၊ တူသည့်ခြင်းကြောင့်၊ ယင်း၏နောက် မှာ၊ ဒေါသသာ၊ ထားကာပြရသည်။**

---

● အဘယ့်ကြောင့် မောဟမူစိတ်ကို နောက်ဆုံးထားရပါသနည်း။

**အဖြေ**။ ဧကဟိတ်စိတ် ဖြစ်သောကြောင့် မောဟမူစိတ်ကို နောက်ဆုံးထားပါသည်။

ကေဟေတုကေစ ဒသောတုံ။ (ဋီ)။

ကေဟေတုကေစ၊ ကေဟိတ်စိတ်တို့ကိုလည်း။ ဒသောတုံ၊ ပြုခြင်းငှါ။

**ဆောင်**။ ကေဟိတ်သာ၊ ဖြစ်သည့်တာကြောင့်၊ နောက်မှာအဆုံး၊ မောဟသုံးသည်၊ မှတ်ထုံးဋီကာ့အလိုတည်း။

---

ဒိဋ္ဌိဂတသမ္ပယုတ္တာံ၌ အဘယ့်ကြောင့် အဘယ်ဒိဋ္ဌိကို ယူရမည်နည်း။

**အဖြေ**။ အကုသိုလ်အရာ ဖြစ်သောကြောင့် မိစ္ဆာဒိဋ္ဌိကိုသာ ယူရပါသည်၊ သမ္မာဒိဋ္ဌိကို မယူရပါ။ (ဋီ)

**ဆောင်**။ အကုအရာ၊ ဖြစ်သည့်တာကြောင့်၊ မိစ္ဆာဒိဋ္ဌိ၊ ယူရန်သိ၊ သတိရှိဖို့ရာ။

---

သင်္ခါရ၏ အဓိပ္ပါယ်ကိုရေး၍ တရားကိုယ် ကောက်ပြပါ။

**အဖြေ**။ ပုဗ္ဗပယောဂကြောင့် ဖြစ်သော စိတ်၏ ထက်မြက်ခြင်းဟူသော အထူးသည် သင်္ခါရမည်၏။ တရားကိုယ်မှာ စေတနာနှင့် ဝီရိယတည်း။

ပုဗ္ဗပ္ပယောဂသမ္ဘူတော၊
ဝိသေသော စိတ္တသမ္ဘဝီ။
သင်္ခါရော တံဝသေနေတ္ထ၊
ဟောတျသင်္ခါရိကာဒိတာ။ (ဋီ)။

ပုဗ္ဗပ္ပယောဂသမ္ဘူတော၊ ပုဗ္ဗပယောဂကြောင့် ဖြစ်သော။ စိတ္တသမ္ဘဝီ၊ စိတ်၌ဖြစ်သော။ ဝိသေသော၊ အထူးသည်။ သင်္ခါရော၊ သင်္ခါရမည်၏။ တံဝသေန၊ ထိုသင်္ခါရ၏ အစွမ်းအားဖြင့်။ ဧတ္ထ၊ ဤနေရာ၌။ အသင်္ခါရိကာဒိတာ၊ အသင်္ခါရိက အစရှိသော အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

---

● လောဘမူစိတ်မှာ စေတသိက် ၂၂-ပါးယှဉ်ပါလျက် အဘယ့်ကြောင့် ဝေဒနာဖြင့်အထူးပြု၍ သောမနဿ သဟဂတံ, ဥပေက္ခာသဟဂတံဟု ဆိုရပါသနည်း။

**အဖြေ**။ သောမနဿဝေဒနာ စသည်တို့သာလျှင် လောဘမူ စိတ် အားလုံးနှင့် မဆက်ဆံသောကြောင့် ဆိုပါသည်။

သောမနဿာဒီနမေဝ အသာဓာရဏ ဘာဝ တော။ (ဋီ) သောမနဿာဒီနမေဝ၊ သောမနဿစသည်တို့၏သာလျှင်။ အသာဓာရဏဘာဝတော၊ လောဘမူစိတ် အားလုံးနှင့် မဆက်ဆံခြင်းကြောင့်တည်း။

**ဆောင်**။ ‌ေသာမနဿ၊ စသည်မျှကား၊ လောဘမူကျုံး၊ စိတ် အားလုံးနှင့်၊ မယှဉ်သင့်၍၊ ထိုဖြင့်ဤမှာ၊ ထူးပြုပါသည်၊ ဋီကာမိန့်ချက် စကားတည်း။

---

● သောမနဿ, ဥပေက္ခာ, ဒိဋ္ဌိ, အသင်္ခါရိက, သသင်္ခါရိကဖြစ်ကြောင်းတို့ကို အသီးသီးရေးခဲ့ပါ။

အဖြေ။ သောမနဿ ဖြစ်ကြောင်းကား--

၁-သဘာဝ ဣဋ္ဌာရုံ ပရိကပ္ပိတ ဣဋ္ဌာရုံ,
၂-သောမနဿဖြင့် ပဋိသန္ဓေနေခြင်း,
၃-မနက်နဲသော သဘောရှိခြင်း ၃-ပါးတည်း။

ဥပေက္ခာဖြစ်ကြောင်းကား--

၁-ဣဋ္ဌမဇ္ဈတ္တာရုံ၊
၂-ဥပေက္ခာဖြင့် ပဋိသန္ဓေနေခြင်း၊
၃-နက်နဲသော သဘောရှိခြင်း ၃-ပါးတည်း။

ဒိဋ္ဌိဖြစ်ကြောင်းကား--

၁-အယူပျက်စီးသူကို မှီဝဲခြင်း,
၂-သဿတအယူ ဥစ္ဆေဒအယူရှိခြင်း ၂-ပါးတည်း။

အသင်္ခါရိက ဖြစ်ကြောင်းကား လျောက်ပတ်သော ဥတု, ဘောဇဉ်, ကျောင်း, အိပ်ရာနေရာ, အဆွေခင်ပွန်း စသည်တည်း။

သသင်္ခါရိက ဖြစ်ကြောင်းကား မလျောက်ပတ်သော ဥတု, ဘောဇဉ်, ကျောင်း, အိပ်ရာ နေရာ, အဆွေ ခင်ပွန်း စသည်တည်း။

သဘာဝတော ပရိကပ္ပတောဝါပိ ဣဋ္ဌာရမ္မဏံ, သောမနဿ ပဋိသန္ဓိကတာ, အဂမ္ဘီရ သဘာဝတာ စ ဣမေ သောမနဿဿ ကာရဏံ။

ဣဋ္ဌမဇ္ဈတ္တာရမ္မဏံ, ဥပေက္ခာပဋိသန္ဓိကတာ, ဂမ္ဘီရ
သဘာဝတာ စ ဥပေက္ခာယ၊

ဒိဋ္ဌိဝိပန္န ပုဂ္ဂလသေဝနာ, သဿတုစ္ဆေဒါဘိယတာ စ
ဒိဋ္ဌိယာ၊

ဗလဝ ဥတုဘောဇနာဒယော ပန ပစ္စယာအသင်္ခါရိက
ဘာဝဿ။ (ဠ)။

ဟိ၊ ခွဲ၍ ဆိုဦးအံ့။ သဘာဝတော၊ သဘောအားဖြင့်
ငှင်း။ ပရိကပ္ပတောဝါ၊ ကြံဆသောအားဖြင့်ငှင်း၊ ဣဋ္ဌာ
ရမ္မဏာ၊ ဣဋ္ဌာရုံသည်ငှင်း။ သောမနဿ ပဋိသန္ဓိကတာ၊
သောမနဿဖြင့် ပဋိသန္ဓေနေသည်၏ အဖြစ်သည်ငှင်း။
အဂမ္ဘီရ သဘာဝတာစ၊ မနက်နဲသော သဘောရှိသည်၏
အဖြစ်သည်ငှင်း။ ဣမေ၊ ဤနေရာ၌။ သောမနဿဿ၊
သောမနဿ၏။ ကာရဏာ၊ အကြောင်းတည်း။

ဣဋ္ဌမဇ္ဈတ္တာရမ္မဏာ၊ ဣဋ္ဌမဇ္ဈတ္တာရုံသည်ငှင်း။ ဥပေက္ခာ
ပဋိသန္ဓိကတာ၊ ဥပေက္ခာဖြင့် ပဋိသန္ဓေ နေသည်၏ အဖြစ်
သည်ငှင်း။ ဂမ္ဘီရ သဘာဝတာစ၊ နက်နဲသော သဘော
ရှိသည်၏ အဖြစ်သည်ငှင်း။ ဥပေက္ခာယ၊ ဥပေက္ခာ၏။
ကာရဏာ၊ အကြောင်းတည်း။

ဒိဋ္ဌိဝိပန္န ပုဂ္ဂလသေဝနာ၊ အယူဖောက်ပြန်သော ပုဂ္ဂိုလ်ကို
မှီဝဲခြင်းသည်ငှင်း။ သဿတုစ္ဆေဒါဘိယတာစ၊ သဿတ

အယူ ဥစ္ဆေဒအယူရှိသည်၏ အဖြစ်သည်ရင်း။ ဒိဋ္ဌိယာ၊ ဒိဋ္ဌိ၏။ ကာရဏံ၊ အကြောင်းတည်း။

ပန၊ အဖွင့်တပါးကား။ ဗလဝ ဥတု ဘောဇနာဒယော၊ လျောက်ပတ်သော ဥတု ဘောဇဉ် အစရှိကုန်သော။ ပစ္စယာ၊ အကြောင်းတို့သည်။ အသင်္ခါရိကဘာဝဿ၊ အသင်္ခါရိက အဖြစ်၏။ ကာရဏာ၊ အကြောင်းတို့၊ တည်း။

ဆောင်။ [၁]သဘာဝ ပရိကပ်၊ နှစ်ရှုဋ္ဌပ်နှင့်၊ [၂]သောမနဿမည်။ သန္တတည်လျက်၊ [၃]မလေးနက်ငြား၊ သဘောထားဟု၊ သုံးပါးသောမန၊ ဖြစ်ကြောင်း ပြ၏။ [၁]ရှုဋ္ဌမဏ္ဍာ၊ [၂]ဥပေက္ခာဖြင့်၊ ကောင်းစွာသန္ဓေ၊ စွဲကပ်ပေ၍၊ [၃]စိတ်နေလေးနက်၊ ဤသုံးချက်မှာ၊ ဥပေက္ခာပေါင်း၊ ဖြစ်ထတ်ကြောင်းတည်း၊ တကြောင်း [၁]သဿတ၊ ဥစ္ဆေဒဟု၊ နှစ်ဝဒိဋ္ဌိ, အာသသရှိလျက်၊ [၂]တိတ္ထိများဟူ၊ ယူမှားသူကို၊ ကြည်ဖွဲ့ဆည်းကပ်၊ ဤနှစ်ရပ်ကြောင့်၊ ဖြစ်တတ်လေလျှင်၊ ဒိဋ္ဌိပင်တည်း၊ အသင်္ခါရိ၊ ဖြစ်ကြောင်းမှန်ကား၊ လျော်ကန်ဥတု၊ ဘောဇဉ်စုနှင့်၊ နေမှုကျောင်းရာ၊ ခင်ပွန်းပါဟု၊ စသည် ရှုလေ့၊ တခု ကြွင်းမှာ၊ ပြောင်းပြန်ကာဖြင့်၊ မှတ်ယူ သင့်သည်၊ ထောက်ချင့်ဋီကာ့ အလိုတည်း။

---

● လောဘမူစိတ်မှာ မောဟလည်း ယှဉ်ပါလျက် အဘယ့်ကြောင့် "လောဘသဟဂတစိတ္တာနိနာမ" ဟုသာ ဆိုရပါသနည်း။

အဖြေ။ မောဟကား အကုသိုလ်စိတ် အားလုံးနှင့် ယှဉ်၍ လောဘကား လောဘမူစိတ်မှာသာ ယှဉ်သောကြောင့် ဆိုရပါသည်။

စေတ္တကတွာ နေသံ သတိပိ မောဟ ဟေတုကဘာဝေ
လောဘသဟဂတဘာဝေါ နိဂမနေ ဝုတ္တော။ (ဋီ)။

စေတ္တကတွာ၊ ဤသို့ မောဟက အကုသိုလ်စိတ် အားလုံးမှာယှဉ်ခြင်း လောဘက လောဘမူစိတ်မှာသာ ယှဉ်ခြင်းဟူသော အကြောင်းကြောင့်။ နေသံ၊ ထိုလောဘမူစိတ်တို့အား။ မောဟဟေတုကဘာဝေ၊ မောဟဟိတ်ယှဉ်သည်၏ အဖြစ်သည်။ သတိပိ၊ ရှိပါသော်လည်း။ လောဘသဟဂတ ဘာဝေါ၊ လောဘသဟဂုတ်၏အဖြစ်ကိုသာလျှင်။ နိဂမနေ၊ နိဂုံး၌။ ဝုတ္တော၊ ဆိုအပ်ပြီ။

ဆောင်။ အကုသလာ၊ လုံးစုံမှာ၊ မှတ်ပါမောဟယှဉ်။
လောဘမှာကား၊ စိတ်ရှစ်ပါး၊ ယှဉ်ငြားထို့ကြောင့်ပင်။
လောဘသဟာ၊ ဂတံစ၊ မိန့်ဟထေရ်အသျှင်။

---

● အဋ္ဌပိဋ္ဌ ပိ-သဒ္ဒါဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

အဖြေ။ ကမ္မပထ အပြား, ကာလ-ဒေသ-သန္တာန- အာရမ္မဏ စသော အပြားဖြင့် ရေတွက်လျှင် လောဘမူစိတ်မှာ မရေတွက်နိုင်အောင် များလှ၏ဟု ပြပါသည်။ (ဋီ)။

**အမှာ**။ ဒေါသမူစိတ်, မောဟမူစိတ်တို့၌ပါသော ဝိသဒ္ဒါကိုလည်း နည်းတူသိပါလေ။

---

● ဒေါသမူစိတ်တို့၌ ဝေဒနာအပြားမရှိဘဲလျက်အဘယ့် ကြောင့် "ဒေါမနဿသဟဂတံ"ဟု အထူးပြု၍ ဆိုရ ပါသနည်း။

**အဖြေ**။ အခြားစိတ်တို့နှင့် မယှဉ်သော ဒေါမနဿ ဝေဒနာ ဖြင့် စိတ်ကို မှတ်သားလိုသောကြောင့် ဆိုရပါသည်။

အသာဓာရဏ ဓမ္မဝသေန စိတ္တဿ ဥပလက္ခဏတ္ထံ ဒေါမနဿဂ္ဂဟဏံ။ (ဋီ)။

အသာဓာရဏ ဓမ္မဝသေန၊ မဆက်ဆံသော တရား၏ အစွမ်းဖြင့်။ စိတ္တဿ၊ စိတ်ကို။ ဥပလက္ခဏတ္ထံ၊ မှတ်သား ရခြင်းအကျိုးငှါ။ ဒေါမနဿဂ္ဂဏံ၊ ဒေါမနဿကို ယူ ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

**ဆောင်**။ အခြားစိတ်မှာ၊ မယှဉ်ပါသည့်၊ ဝေဒနာရပ်၊ ဒေါမနဿ် ဖြင့်၊ စိတ်ခေတ်ကိုသာ၊ မှတ်လိုပါ၍၊ ဤမှာဒေါမနဿ်၊ အထူးတပ်သည်၊ မိန့်အပ်ဋီကာ့အလိုတည်း။

---

● "ဒေါမနဿ သဟဂတံ" ဆိုက ပြီးကောင်းလျက် ဘယ်အကျိုးငှါ "ပဋိဃသမ္ပယုတ္တံ"ဟု ထပ်ဆိုရပါ သနည်း။

**အဖြေ**။ ဒေါမနဿနှင့် ပဋိဃတို့သည် အမြဲတမ်း အတူတကွ ဖြစ်ကုန်၏ဟု ပြရခြင်းအကျိုးငှါ ထပ်ဆိုရပါသည်။

ဥဘိန္နံ ကေန္တသဟစရိတာဒဿနတ္ထံ ငုတ္တော။ (ဋီ)။

ဥဘိန္နံ၊ ဒေါမနဿ, ပဋိဃ ၂-ပါးတို့၏။ ကေန္တ သဟစရိတာ ဒဿနတ္ထံ၊ စင်စစ် အတူတကွ ဖြစ်ပုံကို ပြရခြင်း အကျိုးငှါ။ ဝုတ္တော၊ ဆိုအပ်ပြီ။

**ဆောင်**။ ဒေါမနဿနှင့်၊ ပဋိဃတို့၊ နိစ္စအမြဲ၊ ဘယ်မကွဲပဲ၊ ယှဉ်တွဲ ဖြစ်ပုံ၊ ပြဖို့ကြို၊ မိန့်တုံပဋိဃ။

---

● ဒေါမနဿ, ပဋိဃတို့၏ ဖြစ်ကြောင်းတို့ကို ရေးသားဖော်ပြခဲ့ပါ။

**အဖြေ**။ အနိဋ္ဌာရုံအားလုံး, အာဃာတဝတ္ထု ၉-ပါးတို့ ဖြစ်ပါသည်။

ယံကိဉ္စိ အနိဋ္ဌာရမ္မဏံ နဝဝိဓအာဃာတဝတ္ထူနိ စ ဒေါမနဿဿ ကာရဏံ, ပဋိဃဿ ကာရဏာဥ္စ။ (ဋီ)။

ယံကိဉ္စိ၊ အလုံးစုံသော။ အနိဋ္ဌာရမ္မဏံ၊ အနိဋ္ဌာရုံသည်လည်းကောင်း။ နဝဝိဓအာဃာတ ဝတ္ထူနိစ၊ ၉-ပါး အပြားရှိသော အာဃာတဝတ္ထုတို့သည်လည်းကောင်း။ ဒေါမနဿဿ၊ ဒေါမနဿ၏။ ကာရဏံ၊ အကြောင်းတည်း။ ပဋိဃဿ စ၊ ပဋိဃ၏ လည်း။ ကာရဏံ၊ အကြောင်းတည်း။

၁၄၆၈၅

ဆောင်။ **အနိဋ္ဌာရုံ၊ အလုံးစုံနှင့်၊ ကိုးပုံအာသာတ၊ ဝဋ္ဋမြူ၊ ဒေါမနဝင်္ဂဿ ဖြစ်ကြောင်းတည်း။**

---

● အကုသိုလ်စိတ် အားလုံးမှာ ဥဒ္ဓစ္စ ယှဉ်ပါလျက် အဘယ့်ကြောင့် နောက်ဆုံးစိတ်ကျမှ "ဥဒ္ဓစ္စ သမ္ပယုတ္တံ" ဟု ဆိုရပါသနည်း။

အဖြေ။ ဥဒ္ဓစ္စသည် နောက်ဆုံး အကုသိုလ် စိတ်မှာသာ အားကြီးသောကြောင့် ဆိုပါသည်။

သဗ္ဗာ ကုသလ ယုတ္တမ္ပိ၊
ဥဒ္ဓစ္စံ အန္တမာနသေ။
ဗလဝံ ဣတိ တံယေဝ၊
ဝုတ္တာ မုဒ္ဓစ္စယောဂတော။ (ဋီ)။

ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စသည်။ သဗ္ဗာကုသလယုတ္တမ္ပိ၊ အလုံးစုံသော အကုသိုလ်စိတ်နှင့် ယှဉ်ပါသော်လည်း၊ အန္တမာနသေ၊ နောက်ဆုံးစိတ်၌။ ဗလဝံ၊ အားကြီး၏။ ဣတိ၊ ထို့ကြောင့်။ တံယေဝ၊ ထိုနောက်ဆုံး စိတ်ကိုသာလျှင်။ ဥဒ္ဓစ္စယောဂတော၊ ဥဒ္ဓစ္စနှင့် ယှဉ်သောအားဖြင့်။ ဝုတ္တံ၊ ဆိုအပ်ပြီ။

---

● အဘယ့်ကြောင့် မောဟမူ စိတ်မှာ ဥပေက္ခာသာ ဖြစ်ရပါသနည်း၊ အဘယ့်ကြောင့် သခါရအပြား မရှိရပါသနည်း။

**အဖြေ**။ အလွန်တွေဝေသောကြောင့်ရင်း, အလွန် ပျံ့လွင့်သောကြောင့်ရင်း ဥပေက္ခာသာ ဖြစ်ရပါသည်။

သဘောအားဖြင့် ထက်မြက်သည်၏ အဖြစ်, အားထုတ်စေအပ်သည်၏ အဖြစ် မရှိသောကြောင့် သင်္ခါရအပြား မရှိခြင်းဖြစ်ပါသည်။

မုဠ္ဟတ္တာစေဝ သံသပ္ပ၊
ဝိက္ခေပါ စေကဟေတုကံ။
သောပေက္ခံ သဗ္ဗဒါ နေ့ာစေ၊
ဘိန္နံ သင်္ခါရဘေဒတော။

န ဟိ တဿ သဘာဝေန၊
တိက္ခတုဿာဟနိယတာ။
အတ္ထိ သံသပ္ပမာနဿ၊
ဝိက္ခိပန္တဿ သဗ္ဗဒါ။ (ဋီ)။

မုဠ္ဟတ္တာစေဝ၊ အလွန်တွေဝေသောကြောင့်ရင်း။ သံသပ္ပဝိက္ခေပါစ၊ အလွန်ပျံ့လွင့်သောကြောင့်ရင်း။ ဧကဟေတုကံ၊ မောဟမူစိတ်သည်။ သောပေက္ခံ၊ ဥပေက္ခာနှင့်တကွဖြစ်၏။ ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ သံသပ္ပမာနဿ၊ ရွေ့ရှားသော။ ဝိက္ခိပန္တဿ၊ ပျံ့လွင့်သော။ တဿ၊ ထိုမောဟမူစိတ်အား။ သဘာဝေန၊ သဘောအားဖြင့်။ တိက္ခတာ၊ ထက်သည်၏ အဖြစ်သည်ရင်း။

ဥဿာဟ နိယတာ၊ အားထုတ်စေအပ်သည်၏ အဖြစ်သည်ရှင်း။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ သင်္ခါရဘေဒတော၊သင်္ခါရဘေဒအားဖြင့်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ နောစဘိန္ဒ၊ ပြားလည်းမပြား။

**အမှာ**။တချို့က"အာရုံအားလုံးတို့၌ တပ်ခြင်း,ပြစ်မှားခြင်းမရှိသော ကြောင့် မောဟမူစိတ်မှာ ဥပေက္ခာသာ ဖြစ်ရပါသည်" ဟု ဖြေကြ၏၊ သဘောကျရင် အောက်ပါဆောင်ပုဒ်ကို ကျက်ထားပါ။

**ဆောင်**။ အာရုံမျှားထတ်၊ အရပ်ရပ်၌၊ တပ်နှစ်သက်ခြင်း၊ ပြစ်မှားခြင်းမှ၊ လွတ်ကင်း၍သာ၊ မောဟမှာ၊ ဥပေက္ခာသာဖြစ်။

---

● သောမနဿ, ဒေါမနဿဟူသော အမည်တို့သည် စိတ်၏အမည်လော, စေတသိက်၏အမည်လော။

အဖြေ။ စေတသိက်၏ အမည်သာ ဖြစ်ပါသည်။

မာနသိကသုခဝေဒနာယေတံ အဓိဝစနံ၊ မာနသိက ဒုက္ခဝေဒနာယေတံ အဓိဝစနံ။ (ဋီ)။

ဧတံ၊ ဤသောမနဿ ဟူသောအမည်သည်။ မာနသိက သုခဝေဒနာယ၊ စိတ်၌ဖြစ်သော သုခဝေဒနာ၏။ အဓိဝစနံ၊ အမည်တည်း။ဧတံ၊ ဤဒေါမနဿဟူသော အမည်သည်။မာနသိက ဒုက္ခဝေဒနာယ၊ စိတ်၌ဖြစ်သော ဒုက္ခဝေဒနာ၏။ အဓိဝစနံ၊ အမည်တည်း။

● အကုသိုလ်ဟူသော အမည်သည် စိတ်၏အမည်ရင်းလော, စေတသိက်၏ အမည်ရင်းလော။

**အဖြေ**။ စေတသိက်၏ အမည်ရင်းဖြစ်ပါသည်။ (ဋီ)။

---

● အဘယ့်ကြောင့် လောဘမူစိတ် ၈-ပါး, ဒေါသမူစိတ် ၂-ပါး, မောဟမူစိတ် ၂-ပါး ပြားရပါသနည်း။

**အဖြေ**။ ဝေဒနာ, သမ္ပယောဂ, သင်္ခါရ ပြားသောကြောင့် လောဘမူစိတ် ၈-ပါး၊ သင်္ခါရပြားသောကြောင့် ဒေါသမူစိတ် ၂- ပါး၊ သမ္ပယောဂပြားသောကြောင့် မောဟမူစိတ် ၂-ပါး ပြားရသည်။

> လောဘမူလာနိ စိတ္တာနိ ဝေဒနာဒိဘေဒတော
> အဋ္ဌဓာ သိယုံ၊ တထာ ဒေါသမူလာနိ သင်္ခါရ
> ဘေဒတော ဒွိဓာ၊မောဟမူလသင်္ခါတာနိ သမ္ပယောဂ
> ဘေဒတော ဒွေ စ။ (ဋီ)။

လောဘမူလာနိ၊ လောဘမူဖြစ်ကုန်သော။ စိတ္တာနိ၊ စိတ်တို့သည်။ ဝေဒနာဒိဘေဒတော၊ ဝေဒနာစသည် ပြားသောကြောင့်။ အဋ္ဌဓာ၊ ၈-ပါးပြားကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။ တထာ၊ ပါး။ ဒေါသမူလာနိ၊ စိတ်တို့သည်။ သင်္ခါရဘေဒတော၊ သင်္ခါရ ပြားခြင်းကြောင့်။ ဒွိဓာ၊ ကုန်၏။ မောဟမူလ သင်္ခါတာနိ၊ မောဟမူဟု ဆိုအပ်

သော စိတ်တို့သည်၊ သမ္ပယောဂ ဘေဒတော၊ ကြောင့်။
ဒွေ စ၊ ၂-ပါးတို့သာတည်း။

---

● လောဘမူစိတ် ၈ ပါး၏ ဖြစ်စဉ်ကို ရေးခဲ့ပါ။

အဖြေ။ "ကာမတို့၌ အပြစ်မရှိ" အစရှိသောနည်းဖြင့် မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြု၍ မတိုက်တွန်းပဲ ထက်မြက်သော စိတ်ဖြင့် နှစ်သက်ရွှင်လန်းစွာ ကာမဂုဏ်ခံစားရာအခါ, ဒိဋ္ဌမင်္ဂလာ စသည်တို့ကို အနှစ်သာရရှိ၏ဟု ယုံကြည်ရာအခါတို့၌ **လောဘမူ ပဌမစိတ်** ဖြစ်၏။

ကာမတို့၌(ပ) တိုက်တွန်းအပ်သော မထက်မြက်သော စိတ်ဖြင့် (ပ) အခါတို့၌ **ဒုတိယစိတ်** ဖြစ်၏။

မိစ္ဆာဒိဋ္ဌိကို ရှေ့သွားမပြုပဲ မတိုက်တွန်းအပ်သော ထက်မြက်သော စိတ်ဖြင့် နှစ်သက်ရွှင်လန်းစွာ မေထုန်မှီဝဲရာအခါ, သူတပါးစည်းစိမ်ကို မတရားကြံစည်ရာ အခါ, သူတပါးဥစ္စာကို ခိုးရာအခါတို့၌ **တတိယစိတ်** ဖြစ်၏။

မိစ္ဆာဒိဋ္ဌိကို ရှေ့သွားမပြုပဲ တိုက်တွန်းအပ်သော မထက်မြက်သောစိတ်ဖြင့် (ပ) အခါတို့၌ **စတုတ္ထစိတ်** ဖြစ်၏။

အထက်ပါတို့ကို မရွှင်လန်းမနှစ်သက်ပဲ ပြုလုပ်ရာအခါ၌ **ကျန်စိတ်၄-ပါး** ဖြစ်၏။

ယဒါ ဟိ နတ္ထိ ကာမေသု အာဒီနဝေါ တျာဒိနာ နယေန မိစ္ဆာဒိဋ္ဌိံ ပုရေက္ခတွာ ကာမေ ဝါ ပရိဘုဉ္ဇတိ, ဒိဋ္ဌမင်္ဂလာဒီနိ ဝါ သာရတော ပစ္စေတိ သဘာဝတိက္ခေ နေဝ အနုဿာဟိတေန စိတ္တေန၊ တဒါ ပဌမံ အကုသလ စိတ္တ မုပ္ပဇ္ဇတိ။

ယဒါ ပန မန္ဒေန သမုဿာဟိတေန စိတ္တေန၊ တဒါ တိယံ။

ဒုယဒါပန မိစ္ဆာဒိဋ္ဌိံ အပုရေက္ခတွာ ကေဝလံ ဟဋ္ဌ-တုဋ္ဌော မေထုနံ ဝါ သေဝတိ, ပရသမ္ပတ္တိံ ဝါ အဘိဇ္ဈာယတိ, ပရဘဏ္ဍံ ဝါ ဟရတိ သဘာဝ တိက္ခေ နေဝ အနုဿာဟိတေန စိတ္တေန၊ တဒါ တတိယံ။

ယဒါ ပန မန္ဒေန သမုဿာ ဟိတေန၊ တဒါ စတုတ္ထံ။

ယဒါ ပန ကာမာနံ ဝါ အသမ္ပတ္တိံ အာဂမ္မ အညေသံ ဝါ သောမနဿ ဟေတူနံ အဘာဝေန စတူသုပိ ဝိကပ္ပေသု သောမနဿရဟိတာ ဟောန္တိ၊ တဒါ သေသာနိ စတ္တာရိ ဥပေက္ခာ သဟဂတာနိ ဥပ္ပဇ္ဇန္တိ။ (ဋီ)

ယဒါ၊ အကြင်အခါ၌။ ကာမေသု၊ ကာမဂုဏ်တို့၌။ အာဒီနဝေါ၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ အာဒိနာ၊ ဤသို့ အစရှိသော။ နယေန၊ နည်းဖြင့်။ မိစ္ဆာဒိဋ္ဌိံ၊ မိစ္ဆာဒိဋ္ဌိကို။ ပုရေက္ခတွာ၊ ရှေ့သွားပြု၍။ ဟဋ္ဌတုဋ္ဌော၊ ရွှင်လန်းနှစ်သက်သည်ဖြစ်၍။ သဘာဝတိက္ခေနေဝ၊ သဘောအားဖြင့်

ထက်သည်သာလျှင် ဖြစ်သော။ အနုဿာဟိတေန၊ မတိုက်တွန်းအပ်သော။ စိတ္တေန၊ စိတ်ဖြင့်။ ကာမေဝ၊ ကာမဂုဏ်တို့ကိုမူလည်း။ ပရိဘုဉ္ဇတိ၊ ခံစား၏။ ဒိဋ္ဌမင်္ဂလာ ဒိနိဝါ၊ ဒိဋ္ဌမင်္ဂလာ စသည်တို့ကိုမူလည်း။ သာရတော၊ အနှစ်သာရအားဖြင့်။ ပစ္စေတိ၊ ယုံကြည်၏။ တဒါ၊ ထိုအခါ၌။ ပဌမံ၊ ရှေးဦးစွာသော။ အကုသလစိတ္တံ၊ အကုသိုလ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ပန၊ အဘို့တပါးကား။ ယဒါ၊ ၌။ မန္ဒေန၊ နှုံ့သော။ သမုဿာဟိတေန၊ တိုက်တွန်းအပ်သော။ စိတ္တေန၊ ဖြင့်။ တဒါ၊ ၌။ ဒုတိယံ၊ ဒုတိယစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ၏။

ပန၊ ကား။ ယဒါ၊ ၌။ မိစ္ဆာဒိဋ္ဌိံ၊ ကို။ အပုရေက္ခိတွာ၊ ရှေ့သွားမပြုမူ၍။ ကေဝလံ၊ သက်သက်။ ဟဋ္ဌတုဋ္ဌော၊ ၍။ သဘာဝ တိက္ခေနေဝ၊ သော။ အနုဿာဟိတေန၊ သော။ စိတ္တေန၊ ဖြင့်။ မေထုနံ ဝါ၊ မေထုန်ကိုမူလည်း။ သေဝတိ၊ မှီဝဲ၏။ ပရသမ္ပတ္တိံ ဝါ၊ သူတပါးစည်းစိမ်ကိုမူလည်း။ အဘိဇ္ဈာယတိ၊ ရှေးရှုကြံ၏။ ပရဘဏ္ဍံ ဝါ၊ သူတပါးဥစ္စာကိုမူလည်း။ ဟရတိ၊ ခိုး၏။ တဒါ၊ ၌။ တတိယံ၊ တတိယစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ၏။

ပန၊ ကား။ ယဒါ၊ ၌။ မန္ဒေန၊ သော။ သမုဿာဟိတေန၊ သော။ စိတ္တေန၊ ဖြင့်။ တဒါ၊ ၌။ စတုတ္ထံ၊ စတုတ္ထစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ၏။

ပန်၊ ကား။ ယဒါ၊ ၌။ ကာမာနံ၊ ကာမဂုဏ်တို့၏။ အသမ္ပတ္တိံ၊ မပြည့်စုံခြင်းကို။အာဂမ္မ၀ါ၊ စွဲ၍ရင်း။အညေသံ၊ တပါးကုန်သော။ သောမနဿဟေတူနံ၊ သောမနဿဖြစ်ကြောင်းတို့၏။ အဘာဝေန ဝါ၊ မရှိခြင်းကြောင့်ရင်း။ စတုသုပိ၊ ၄-ပါးလည်းဖြစ်ကုန်သော။ ဝိကပ္ပေသု၊ဝိကပ်တို့၌။ သောမနဿရဟိတာ၊သောမနဿမှ ကင်းကုန်သည်။ဟောန္တိ၊ ဖြစ်ကုန်၏။ တဒါ၊ ထိုအခါ၌။ သေသာနိ၊ ကြွင်းကုန်သော။ စတ္တာရိ၊ လေးပါးကုန်သော။ ဥပေက္ခာသဟဂတာနိ၊ဥပေက္ခာသဟဂုတ် စိတ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ (ပါဠိရှည်လွန်း၍ အနက်ပေးချုံးထားသည်၊ အဖြေနှင့်ကိုက်ပြီး ကြည့်ရှုပါ)။

အကုသိုလ်စိတ် ပြီး၏။

---

## အဟိတ်စိတ်

● အဘယ့်ကြောင့် အကုသိုလ်စိတ်၏ အခြားမဲ့၌အဟိတ်စိတ်ကို ဆိုရပါသနည်း။

**အဖြေ**။ အသောဘန စိတ်ချင်း တူသောကြောင့် ဆိုပါသည်။....ဋီ။

**ဆောင်**။ အသောဘနချင်း၊ တူသည့်ခင်းကြောင့်၊ မယွင်းအကုံ၊ နောက်၌ရှု၊ ထားမှုအဟိတ်ကို။

● အဘယ့်ကြောင့် အကုသလ ဝိပါက်ကို ရှေးဦး, ထိုနောင် ကုသလဝိပါက်ကို,ထိုနောင် အဟိတ်ကြိယာကို ဆိုရပါသနည်း။

**အဖြေ**။ အကုသိုလ်၏ အခြားမဲ့၌ အကုသိုလ်၏ အကျိုးကို ဝေဖန်လိုသောကြောင့် အကုသလဝိပါက်ကို ရှေးဦးဆိုပါသည်။

ဝိပါက် စိတ်ချင်း တူသောကြောင့် ထိုနောင် ကုသလ ဝိပါက်ကို ဆိုပါသည်။

အဟိတ် စိတ်ချင်းတူသောကြောင့် ထိုနောင် အဟိတ်ကြိယာကို ဆိုပါသည် (ဋီ)။

---

● အဘယ့်ကြောင့် အကုသလဝိပါက် ၇-ပါး ပြားရပါသနည်း။

**အဖြေ**။ စက္ခုစသော မှီရာ, သမ္ပဋိစ္ဆိုန်းစသော ကိစ္စတို့၏ ကွဲပြားခြင်းကြောင့် ၇-ပါးပြားရပါသည်။

စက္ခာဒိနိဿယ သမ္ပဋိစ္ဆနာဒိ ကိစ္စဘေဒေန သတ္တဓာ။ (ဋီ)။

စက္ခာဒိနိဿယ သမ္ပဋိစ္ဆနာဒိ ကိစ္စဘေဒေန၊စက္ခုစသော မှီရာ, သမ္ပဋိစ္ဆိုန်းစသော ကိစ္စတို့၏ ပြားခြင်းကြောင့်။သတ္တဓာ၊ ၇-ပါးပြား၏။

**ဆောင်**။ စက္ခုစသား၊ မှီရာများနှင့်၊ တခြားသမ္ဘင့်၊ အစရှိသည့်၊ ပြားဘိကိစ္စ၊ အဝဝကြောင့်၊ အကုသလ၊ ဝိပါက၊ ပြားရ ခုနစ်ဖြာ။

---

● အကုသလ ဝိပါက်မှာ သန္တီရဏ ၁-ပါးသာ ဆို ထားပါလျက် အဘယ့်ကြောင့် ကုသလဝိပါက်ကျမှ ၂-ပါးဆိုရပါသနည်း။

**အဖြေ**။ ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံတို့၏ အစွမ်းအားဖြင့် ဝေဒနာ ၂-ပါး ကွဲပြားသောကြောင့် ၂-ပါးဆိုရပါသည်။

ဣဋ္ဌ ဣဋ္ဌမဇ္ဈတ္တာရမ္မဏ ဝသေန ဝေဒနာဘေဒ သမ္ဘဝတော။ (ဋီ)။

ဣဋ္ဌ ဣဋ္ဌမဇ္ဈတ္တာရမ္မဏ ဝသေန၊ ဣဋ္ဌာရုံ ဣဋ္ဌမဇ္ဈတ္တာရုံ တို့၏ အစွမ်းအားဖြင့်။ ဝေဒနာဘေဒ သမ္ဘဝတော၊ ဝေဒနာ ၂-ပါး ကွဲပြားခြင်းကြောင့်တည်း။

---

● ကုသလဝိပါက်မှာ သန္တီရဏ ၂-ပါးဆိုထားပါလျက် အဘယ့်ကြောင့် အကုသလဝိပါက်မှာ ၁-ပါးသာ ဆိုရပါသနည်း။

**အဖြေ**။ အကုသလ ဝိပါက်စိတ်တို့သည် အလွန်အားနည်း သောကြောင့် အနိဋ္ဌာရုံ၌လည်း ဒေါမနဿ မဖြစ်ရကား ၁-ပါးသာ ဆိုရပါသည်။

အကုသလဝိပါကာနံ ပရိဒုဗ္ဗလဘာဝတော အနိဋ္ဌာရမ္မဏေပိ ဒေါမနဿုပ္ပါဒေါ နတ္ထီတိ သန္တီရဏံ ဥပေက္ခာသဟဂတမေဝ။ (ဋီ)။

အကုသလဝိပါကာနံ၊ အကုသလဝိပါက်စိတ်တို့၏။ ပရိဒုဗ္ဗလ ဘာဝတော၊ အလွန်အားနည်းသည်၏ အဖြစ်ကြောင့်။ အနိဋ္ဌာရမ္မဏေပိ၊ အနိဋ္ဌာရုံ၌လည်း။ ဒေါမနဿုပ္ပါဒေါ၊ ဒေါမနဿ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ သန္တီရဏံ၊ သန္တီရဏသည်။ ဥပေက္ခာသဟဂတမေဝ၊ ဥပေက္ခာသဟဂုတ် ၁- ခုတည်းသာတည်း။

---

- အဘယ့်ကြောင့် စက္ခုဝိညာဉ် စသော စိတ် ၄-ပါးသည် ဥပေက္ခာသဟဂုတ် ဖြစ်ရပါသနည်း။

အဖြေ။ ဝတ္ထုအာရုံ သဘောရှိသော ဥပါဒါရုပ်တို့၏ ထိခိုက်မှု အားနည်းသောကြောင့် ဥပေက္ခာသဟဂုတ် ဖြစ်ရပါသည်။

ဝတ္ထာလမ္ဗသဘာဝါနံ၊
ဘူတိကာနဥ္စ ဃဋ္ဋနံ။
ဒုဗ္ဗလံ ဣတိ စက္ခာဒိ၊
စတုစိတ္တ မုပေက္ခကံ။ (ဋီ)။

ဝတ္ထာလမ္ဗသဘာဝါနံ၊ ဝတ္ထုအာရုံ သဘောရှိကုန်သော။ ဘူတိကာနံ၊ ဘူတရုပ်ကို မှီ၍ဖြစ်သော ဥပါဒါရုပ်တို့၏၊ ဃဋ္ဋနံ၊ ထိခိုက်ခြင်းသည်။ ဒုဗ္ဗလံ၊ အားနည်း၏။ ဣတိ၊ ထို့ကြောင့်။ စက္ခာဒိစတုစိတ္တံ၊ စက္ခုဝိညာဉ် စသော စိတ် ၄-ပါးသည်။ ဥပေက္ခကံ၊ ဥပေက္ခာသဟဂုတ် ဖြစ်၏။

● အဘယ့်ကြောင့် ကာယဝိညာဉ် ဒွေသည် ဒုက္ခသဟဂုတ် သုခသဟဂုတ် ဖြစ်ရပါသနည်း။

အဖြေ။ ကာယ ပသာဒ၏ မှီရာဖြစ်သော မဟာဘုတ်, ဖောဋ္ဌဗ္ဗာရုံ ဖြစ်သော မဟာဘုတ်တို့၏ ထိခိုက်မှု အားကောင်းသောကြောင့် ဒုက္ခသဟဂုတ် သုခသဟဂုတ် ဖြစ်ပါသည်။

ကာယနိဿယ ဖောဋ္ဌဗ္ဗ၊
ဘူတာနံ ဃဋ္ဋနာယ တု။
ဗလဝတ္တာ န ဝိညာဏံ၊
ကာယိကံ မဇ္ဈဝေဒနံ။ (ဋီ)။

ကာယနိဿယ ဖောဋ္ဌဗ္ဗဘူတာနံ၊ ကာယ ပသာဒ၏ မှီရာဖြစ်သော မဟာဘုတ်, ဖောဋ္ဌဗ္ဗာရုံဖြစ်သော မဟာဘုတ်တို့၏။ ဃဋ္ဋနာယ၊ ထိခိုက်ခြင်းသည်။ ဗလဝတ္တာ၊ အားကြီးသည်၏ အဖြစ်ကြောင့်။ ကာယိကံ ဝိညာဏံ၊ ကာယဝိညာဉ်ဒွေသည်။ နမဇ္ဈဝေဒနံ၊ ဥပေက္ခာသဟဂုတ် မဖြစ်။ (ဒုက္ခသဟဂုတ်, သုခသဟဂုတ်သာ ဖြစ်သည်- ဟူလို)။

● အဘယ့်ကြောင့် သမ္ပဋိစ္ဆိုန်း ဒွေသည် ဥပေက္ခာသဟဂုတ် ဖြစ်ရပါသနည်း။

အဖြေ။ မှီရာတူသောစိတ်မှ အနန္တရပစ္စည်းကို မရ၍ အားနည်းသောကြောင့် ဥပေက္ခာသဟဂုတ် ဖြစ်ရပါသည်။

သမာနန္တိဿယာ ယသ္မာ၊
နတ္ထာနန္တရ ပစ္စယော။
တသ္မာ ဒုဗ္ဗလမာလမ္ဗေ၊
သောပေက္ခံ သမ္ပဋိစ္ဆနံ။ (ဋီ)။

သမာနန္တိဿယာ၊ တူသော မှီရာရှိသော စိတ်မှ။ အနန္တရ ပစ္စယော၊အနန္တရပစ္စည်းသည်။ယသ္မာ၊ အကြင့်ကြောင့်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ အာလမ္ဗေ၊ အာရုံ တိုင်း၌။ ဒုဗ္ဗလံ၊ အားနည်းသော။ သမ္ပဋိစ္ဆနံ၊သမ္ပဋိစ္ဆိုန်း ဖြေသည်။ သောပေက္ခံ (=သ+ဥပေက္ခံ)= ဥပေက္ခာ သဟဂုတ် ဖြစ်၏။

---

● အဘယ့်ကြောင့် ကုသလဝိပါက် သန္တီရဏသည် သောမနဿ, ဥပေက္ခာ ဖြစ်ရပါသနည်း။

အဖြေ။ မှီရာတူသော သမ္ပဋိစ္ဆိုန်းစိတ်မှ အနန္တရပစ္စည်းကိုရ၍ အားကောင်းသောကြောင့် သောမနဿ, ဥပေက္ခာ ဖြစ်ရပါသည်။

သမာနန္တိဿယာ ယသ္မာ၊
အတ္ထာနန္တရပစ္စယော။
တသ္မာ ဗလဝ မာလမ္ဗေ၊
သန္တီရဏံ ဒွိဝေဒနံ။ (ဋီ)။

သမာန နိဿယာ၊ စိတ်မှ။ အနန္တရပစ္စယော၊ သည်။ ယသ္မာ၊ ကြောင့်။ အတ္ထိ၊ ရှိ၏။ တသ္မာ၊ ကြောင့်။

အာ့လမ္ဗေ၊ အာရုံတိုင်း၌၊ ဗလဝံ၊ အားကြီး၏။ (ဗလဝတ္တာ၊ အားကြီးသည်၏ အဖြစ်ကြောင့်)။ သန္တီရဏာ၊ သန္တီရဏ ဒွေသည်။ ဒွိဝေဒနံ၊ ဝေဒနာ ၂-ပါးရှိ၏။ "ဝုတ္တာ ဝိပရိယာယတော" ဟုသာ ဋီကာ၌ ပါ၏။ ထို့ကြောင့် ဂါထာပြန်၍ စီလိုက်သည်)။

အမှာ။ အချို့က "အာသေဝန ပစ္စည်းကိုရ၍"ဟု ဖြေကြ၏။ ထိုဆရာတို့အလို အောက်ပါဆောင်ပုဒ်ကို ကျက်ထားပါ။

ဆောင်။ မှိုရာတူပေ၊ စိတ်ထွေထွေ့၊ အာသေဝန၊ ပစ္စည်းရ၍၊ ဗလဝမည်၊ အားရှိသည်မို့၊ သန္တီရဏ၊ သော၃-၄၊ ဖြစ်ကြရလေသည်။

● အဘယ့်ကြောင့် အာဝဇ္ဇန်းဒွေသည် ဥပေက္ခာဖြစ်ရပါသနည်း။

**အဖြေ**။ ခပ်သိမ်းသော အပြားအားဖြင့် အာရုံ၏ အရသာကို မခံစားနိုင်သောကြောင့် ဥပေက္ခာ ဖြစ်ပါသည်။

န သဗ္ဗထာပိ ဝိသယရသ မနုဘဝိတုံ သက္ကောတိ၊
တသ္မာ မဇ္ဈတ္တဝေဒနာသမ္ပယုတ္တာမေဝ။ (ဋီ)။

သဗ္ဗထာပိ၊ ခပ်သိမ်းသော အပြား အားဖြင့်လည်း။ ဝိသယရသံ၊ အာရုံ၏ အရသာကို။ အနုဘဝိတုံ၊ ခံစားခြင်းငှါ။ နသက္ကောတိ၊ မစွမ်းနိုင်။ တသ္မာ၊ ထို့ကြောင့်။ မဇ္ဈတ္တဝေဒနာ သမ္ပယုတ္တာမေဝ၊ ဥပေက္ခာ ဝေဒနာနှင့် ယှဉ်သည်သာတည်း။

ခေါင်း။ အာရုံတွေပြာ၊ ရသာများကို၊ ခံစားခြင်း၄ါ၊ မစွမ်း ပါ၍၊ အာဝဇ္ဇန်းခွေး၊ ယှဉ်ရန်တွေး၊ ဖြစ်ရေးဥပေက္ခာ။

---

● ကုသလဝိပါက်စိတ်၏ အဆုံးမှာ အဟေတုကသဒ္ဒါ ဆိုပါလျက် အဘယ့်ကြောင့် အကုသလဝိပါက်စိတ်၏ အဆုံးမှာ အဟေတုကသဒ္ဒါ မဆိုရပါသနည်း။

အဖြေ။ အကုသလဝိပါက်စိတ်မှာ အဟိတ်တမျိုးသာ ရှိ၍ အဟိတ်လေလော, သဟိတ်လေလောဟု ယုံမှားဘွယ် မရှိ သောကြောင့် အဟေတုကသဒ္ဒါကို မဆိုပါ။

ဗျာဘိစာရ ဘာဝတော။ (ဋီ)။

ဗျာဘိစာရ ဘာဝတော၊ ယုံမှားဘွယ် မရှိခြင်းကြောင့်။

---

● ကုသိုလ် အကုသိုလ် တို့၏ အကျိုးဖြစ်သောကြောင့် ဝိပါက်ဟုဆိုရာ ကမ္မဇ ရုပ်များလည်း ကုသိုလ် အကုသိုလ်တို့ကြောင့် ဖြစ်ရကား ဝိပါက် ခေါ်နိုင် ပါမည်လော။

အဖြေ။ ဝိပါက်ဟူသော အမည်သည် ရင့်ကျက်ပြီးသော နာမ်တရားတို့၏ အမည်သာ ဖြစ်သောကြောင့် ဝိပါက် မခေါ်နိုင်ပါ။

ဝိပက္ကဘာဝ မာပန္နာနံ အရူပဓမ္မာနမေတံ အဓိဝစနံ၊ ဝေဒ္ဒကတ္တာ ကုသလာကုသလကမ္မ

သမ္ပဋိစ္ဆနာနမ္ပိ ကမ္မတ္တာ ရူပါနံ နတ္ထိ ဝိပါက
ဝေါဟာရော။ (ဋီ)။

တော်၊ ဤဝိပါက်ဟူသော အမည်သည်။ ဝိပက္က
ဘာဝံ၊ ရင့်ကျက်ခြင်းသို့။ အာပန္နာနံ၊ ရောက်ကုန်
သော။ အရူပဓမ္မာနံ၊ နာမ်တရားတို့၏။ အဓိဝစနံ၊
အမည်တည်း။ ဝေဒ္ဓကတ္တာ၊ ဤအကြောင်းကြောင့်။
ကုသလာ ကုသလကမ္မ သမ္ပဋိစ္ဆနာနမ္ပိ၊ ကုသိုလ်ကံ
အကုသိုလ်ကံတို့ကြောင့် ဖြစ်ကုန်သော်လည်း။ ကမ္မတ္တာ
ရူပါနံ၊ ကမ္မဇရုပ်တို့၏။ ဝိပါကဝေါဟာရော၊ ဝိပါက်
ဟူသောခေါ်ဝေါ်ခြင်းသည်။ နတ္ထိ၊ မရှိ။

---

● အဘယ့်ကြောင့် အဟိတ်စိတ် ၁၈-ပါး ပြားရပါ
သနည်း။

အဖြေ။ စက္ခု စသောမှီရာ, သမ္ပဋိစ္ဆန်း စသောကိစ္စ, အာ
ဝဇ္ဇန်းစသောကိစ္စတို့၏ကွဲပြားမှုကြောင့် ၁၈-ပါး ပြားရ
ပါသည်။ (ဋီ)။

ဆောင်။ မှီရာကိစ္စ၊ ကွဲပြားကြ၍၊ အဟေတုက၊ ဆယ့်ရှစ်မျိုး၊
ပြားရသည်ဟုမှတ်။

---

● အဟိတ်စိတ် ၁၈ - ပါးသည် အသင်္ခါရိကလော,
သသင်္ခါရိကလော အကိုးသာဓက ပါဠိထုတ်၍
ဖြေခဲ့ပါ။

**အဖြေ**။ "အသင်္ခါရံ သသင်္ခါရ-
ဝိပါကာနိ န ပစ္စတိ၊
သသင်္ခါရ မသင်္ခါရ-
ဝိပါကာနိတိ ကေစန"ဥ

အသင်္ခါရိက သသင်္ခါရိက ခွဲရာတွင် အဟိတ်စိတ် ၁၈-ပါးမှာ ဘယ်ဖက်မှ မပါသောကြောင့် အသင်္ခါရိက လည်း မဟုတ်ပါ၊ သသင်္ခါရိကလည်း မဟုတ်ပါ။ သင်္ခါရ ဝိမုတ်သာ ဖြစ်ပါသည်။

● ဟသိတုပ္ပါဒ်စိတ်သည် ဘုရား ရဟန္တာတို့ သန္တာန်မှာသာဖြစ်ပါလျက် အဘယ့်ကြောင့် အသောဘန စိတ်မှာ ပါနေရပါသနည်း။

**အဖြေ**။ အလောဘ စသော သောဘနဟိတ် ၃-ပါးနှင့် မယှဉ်သောကြောင့် အသောဘနစိတ်မှာ ပါနေရ ပါသည်။

အဟိတ်စိတ် ပြီး၏။

## ကာမသောဘနစိတ်

● သောဘနစိတ်တို့တွင် ကာမာဝစရ သောဘနစိတ်ကို အဘယ့်ကြောင့် ရှေးဦးစွာ ဆိုရပါသနည်း။

**အဖြေ**။ ကာမာဝစရံ ဥပါဝစရံ စသည်ဖြင့် ကာမစိတ်ကို ရှေးဦးစွာ ပြခဲ့ပြီးဖြစ်သောကြောင့် ရှေးဦးစွာ ဆိုပါသည်။

သောဘနေသု ကာမာဝစရာနမေဝ ပဋ္ဌမံ ဥဒ္ဒိဋ္ဌတ္တာ။ (ဋီ)။

သောဘနေသု၊ သောဘနစိတ်တို့တွင်။ ကာမာဝစရာနမေဝ၊ ကာမာဝစရစိတ်တို့ကိုသာလျှင်။ ပဋ္ဌမံ၊ ရှေးဦးစွာ။ ဥဒ္ဒိဋ္ဌတ္တာ၊ အကျဉ်းပြအပ်ပြီးသည်၏အဖြစ်ကြောင့်တည်း။

---

● ကာမသောဘနစိတ်တွင် အဘယ့်ကြောင့် ကုသိုလ်ကို ရှေးဦး, ထိုနောင် ဝိပါက်, ထိုနောင် ကြိယာကို ဆိုရပါသနည်း။

**အဖြေ**။ အဗျာကတတို့သည် ကုသိုလ်လျှင် ရှေ့သွားရှိသောကြောင့် ကုသိုလ်ကို ရှေးဦး၊ ကုသိုလ်၏ အကျိုးဖြစ်သောကြောင့် ထိုနောင် ဝိပါက်ကို၊ ထိုဝိပါက်စိတ်နှင့် ဖြစ်ရာဘုံတူသောကြောင့် ထိုနောင် ကြိယာကိုဆိုရပါသည်။

တေသုပိ အဗျာကတာနံ ကုသလပုဗ္ဗကတ္တာ ပဌမံ ကာမာဝစရကုသလံ၊ တတော တဗ္ဗိပါကံ၊ တဒနန္တရံ တဒေကဘူမိ ပရိယာပန္နံ ကြိယစိတ္တဥ္စ။ (ဋီ)။

တေသုပိ၊ ထိုကာမသောဘန စိတ်တို့တွင်လည်း။ အဗျာကတာနံ၊ အဗျာကတတို့၏။ ကုသလပုဗ္ဗကတ္တာ၊ ကုသိုလ်လျှင် ရှေ့သွားရှိသည်၏ အဖြစ်ကြောင့်။ ပဌမံ၊

စွာ။ ကာမာဝစရကုသလံ၊ ကို။ ဝုတ္တံ၊ ပြီ။ တတော၊ ထိုမှနောက်၌။ တဗ္ဗိပါကံ၊ ထိုကုသိုလ်၏အကျိုးဝိပါက်ကို။ ဝုတ္တံ၊ ပြီ။ တဒနန္တရံ၊ ထိုဝိပါက်၏အခြားမဲ့၌။ တဒေကာဘူမိပရိယာပန္နံ၊ ထို ဝိပါက် နှင့် တူ သော ဘုံ၌ အကျုံးဝင်သော။ ကြိယစိတ္တဥ္စ၊ ကိုလည်း။ ဝုတ္တံ၊ ပြီ။

---

- မဟာကုသိုလ် သောမနဿဖြစ်ကြောင်း၊ ဥ ပေ က္ခာ ဖြစ်ကြောင်းတို့ကို ရေးခဲ့ပါ။

အဖြေ။ ၁-အားကြီးသောသဒ္ဓါတရားရှိခြင်း,
၂-ပညာအမြော်အမြင်နှင့်ပြည့်စုံခြင်း,
၃-ပစ္စည်း အလှူခံ ဧသည့်တို့၏ပြည့်စုံခြင်း-
ဤသုံးပါးသည် သောမနဿ ဖြစ်ကြောင်းတည်း။

(ပြောင်းပြန်အားဖြင့် ဥပေက္ခာဖြစ်ကြောင်းကိုသိပါ)။
ဗလဝသဒ္ဓါယ ဒဿနသမ္ပတ္တိယာ ပစ္စယပဋိဂ္ဂါ ဟကာဒိသမ္ပတ္တိယာတိဧဝမာဒီဟိ ကာ ရ ဏေ ဟိ သောမနဿသဟဂတတာ။ (ဋီ)။

ဗလဝသဒ္ဓါယ၊ အားကြီးသော သဒ္ဓါတရား ရှိခြင်း ကြောင့်ရင်း။ ဒဿနသမ္ပတ္တိယာ၊ ပညာအမြော်အမြင်နှင့် ပြည့်စုံခြင်းကြောင့်ရင်း။ ပစ္စယပဋိဂ္ဂါဟကာဒိသမ္ပတ္တိယာ၊ပစ္စည်း အလှူခံဧသည့်တို့၏ ပြည့်စုံခြင်းကြောင့်ရင်း။

ဣတိဝေမာဒီဟိ၊ ဤသို့ အစရှိကုန်သော။ ကာရဏေဟိ၊ အ ကြောင်း တို့ ကြောင့်။ သောမနဿသဟဂတတာ၊ သောမနဿသဟဂုတ်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ ၏။

---

● မဟာကုသိုလ် ဉာဏသမ္ပယုတ်ဖြစ်ကြောင်း, ဉာဏဝိပ္ပယုတ် ဖြစ်ကြောင်းတို့ကို ဖော်ပြခဲ့ပါ။

အဖြေ။ ၁-ပညာကို ဖြစ်စေတတ်သော ကံကိုဆည်းပူးခဲ့ခြင်း,
၂-ဗြဟ္မာ့ဘုံ၌ ဖြစ်ခြင်း,
၃-ဣန္ဒြေရင့်ကျက်ခြင်း,
၄-ကိလေသာတို့မှ ဝေးခြင်း-

ဤ ၄-ပါးသည် ဉာဏသမ္ပယုတ် ဖြစ်ကြောင်းတည်း၊ (ဝိပ္ပယုတ်ဖြစ်ကြောင်းကိုပြောင်းပြန်အားဖြင့် ရေးပါ)။

ပညာသံဝတ္တနိကကမ္မတော, အဗျာပဇ္ဇလောကူပပတ္တိတော, ဣန္ဒြိယပရိပါကတော, ကိလေသဒူရီဘာဝတော စ ဉာဏသမ္ပယုတ္တတာ။ (ဋီ)။

ပညာသံဝတ္တနိက ကမ္မတော၊ ပညာကို ဖြစ်စေတတ်သော ကံကြောင့်ရင်း။ အဗျာပဇ္ဇလောကူပပတ္တိတော၊ ဗြဟ္မာ့ဘုံ၌ဖြစ်ခြင်းကြောင့်ရင်း။ ကိလေသဒူရီဘာဝတော စ၊ ကိလေသာတို့မှ ဝေးခြင်းကြောင့်ရင်း။ ဉာဏသမ္ပယုတ္တတာ၊ ဉာဏသမ္ပယုတ်၏ အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ ၏။

● မဟာကုသိုလ် အသင်္ခါရိကဖြစ်ကြောင်း, သသင်္ခါရိကဖြစ်ကြောင်းတို့ကို ဖော်ပြနဲ့ပါ။

**အဖြေ**။ ကိုယ်စိတ်နှစ်ပြာ ကျန်းမာချမ်းသာခြင်း, ရှေးရှေးအခါက ဒါနသည်တို့ကို ပြုလုပ်ခဲ့ခြင်း စသည်သည် အသင်္ခါရိက ဖြစ်ကြောင်းတည်း။

(သသင်္ခါရိက ဖြစ်ကြောင်းကို ပြောင်းပြန်အားဖြင့် သိပါ)။

ကာယစိတ္တာနံ ကလ္လတာဝတော,ပုဗ္ဗေ ဒါနာဒိသု
ကတပရိစယတာဒိဟိစ အသင်္ခါရိကတာ။ (ဋီ)။

ကာယ စိတ္တာနံ၊ ကိုယ်စိတ်တို့၏၊ ကလ္လတာဝတော၊ ကျန်းမာ ချမ်းသာခြင်းကြောင့်ရင်း။ ပုဗ္ဗေ၊ ရှေး၌။ ဒါနာဒိသု၊ ဒါနသည်တို့၌။ ကတပရိစယတာဒိဟိ စ၊ ပြုအပ်ပြီးသောအလေ့အကျက် ရှိခြင်း စသည်တို့ကြောင့်ရင်း။ အသင်္ခါရိကတာ၊ အသင်္ခါရိက၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ ၏။

● အဘယ့်ကြောင့် မဟာကုသိုလ်စိတ်မှာ သဟေတုက သဒ္ဒါ မထည့်ပါသနည်း။

**အဖြေ**။ မဟာကုသိုလ်စိတ်မှာ သဟိတ်ကေန်ဖြစ်သောကြောင့် သဟေတုက သဒ္ဒါ မထည့်ခြင်း ဖြစ်ပါသည်။

ကုသလဿ ကေန္တသဟေတုကတ္တာ။ (ဋီ)။

ကုသလဿ၊ ကုသိုလ်၏။ ကေန္တ သဟေတုကတ္တာ၊ သဟိတ်ကေန်၏ အဖြစ်ကြောင့်တည်း။

● "ဝေဒနာဉာဏသင်္ခါရ၊ ဘေဒေန"၌ ဝေဒနာမှာ သုခဝေဒနာ ဥပေက္ခာဝေဒနာ ဝသည်ဖြင့် ပြားသော ကြောင့် ဝေဒနာအပြား သင့်တန်စေ့ ဉာဏ်သင်္ခါရ တို့မှာ အပြားမရှိပါပဲလျက် အဘယ့်ကြောင့် ဉာဏ သင်္ခါရဘေဒေနဟု ဆိုရပါသနည်း။

အဖြေ။ မိုးတခုတည်းက အစေ့ပေါ်၌ ဝပြောခြင်း, အစာ ရှား၍ ခေါင်းပါးခြင်းကို ပြုနိုင်သကဲ့သို့ ဉာဏ်သင်္ခါရတို့ ၏ ရှိခြင်း, မရှိခြင်းသည် ပြုအပ်သော အပြားကိုလည်း ဉာဏ်သင်္ခါရတို့ကပင် ပြုသောကြောင့် ဆိုပါသည်။

ဉာဏသင်္ခါရာနံ ဘာဝါဘာဝကတောပိ ဘေဒေါ ဉာဏသင်္ခါရကတော ဝ။ (ဋီ)။

ဉာဏသင်္ခါရာနံ၊ ဉာဏ်သင်္ခါရတို့၏။ ဘာဝါဘာဝက တော၊ ရှိမရှိသည် ပြုအပ်သော။ ဘေဒေါပိ၊ အပြားကို လည်း။ ဉာဏသင်္ခါရကတော၊ ဉာဏ်သင်္ခါရတို့က ပြုအပ် သည်သာတည်း။

ကာမသောဘနစိတ် ပြီး၏။

## ရူပါဝစရစိတ်

● ဝိတက်မယှဉ်သော စိတ်များမှာ အဘယ်၏အစွမ်းဖြင့် အာရုံသို့ တက်ရောက်ကြပါသနည်း။

**အဖြေ**။ ဝိတက်၏ အစွမ်းဖြင့်ပင် တက်ရောက်ကြပါသည်။
တမ္ပိ ဝိတက္ကဗလေနေဝ အဘိနိရောပတိ။ (ဋီ)။

တမ္ပိ၊ ထို အဝိတက္က စိတ်သည်လည်း။ ဝိတက္ကဗလေနေဝ၊ ဝိတက်၏ အစွမ်းဖြင့်သာလျှင်။ အဘိနိရောပတိ၊ အာရုံသို့တက်ရောက်ရ၏။

---

● အခြားသော စေတသိက်များလည်း ရှိပါလျက် အဘယ့်ကြောင့် ဝိတက်စသော ၅-ပါးကိုသာ ဈာန်ဟု ဆိုရပါသနည်း။

**အဖြေ**။ အာရုံကိုကပ်၍ ရှုခြင်းကိစ္စ ရှိသောကြောင့်၎င်း, ကာမစ္ဆန္ဒနီဝရဏစသည်တို့နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဖက် ဖြစ်သောကြောင့်၎င်း ဈာန်ဟု ဆိုရပါသည်။

ဥပနိဇ္ဈာနကိစ္စတ္တာ၊
ကာမာဒိပဋိပက္ခတော။
သန္တေသုပိ စ အညေသု၊
ပဉ္စေဝ ဈာနသညိတာ။ (ဋီ)။

ဥပနိဇ္ဈာနကိစ္စတ္တာ၊ အာရုံကိုကပ်၍ ရှုခြင်းကိစ္စရှိသောကြောင့်၎င်း။ ကာမာဒိပဋိပက္ခတော၊ ကာမစ္ဆန္ဒနီဝရဏစသည်တို့နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဖက် ဖြစ်သောကြောင့်၎င်း။ အညေသု၊ တပါးသောစေတသိက်တို့သည်။ သန္တေသုပိ စ၊ ရှိကုန်သော်လည်း။ ပဉ္စေဝ၊ ဝိတက်စသော ၅-ပါးတို့ကိုသာလျှင်။ ဈာနသညိတာ၊ ဈာန်ဟုသိအပ်ပြီ။

● ဈာန်အင်္ဂါ ၅-ပါးကို ဆန့်ကျင်ဖက် နီဝရဏတရား များနှင့် အသီးသီးတွဲစပ်ပြခဲ့ပါ။

**အဖြေ**။ ဝိတက်နှင့် ထိနမိဒ္ဓ၊ ဝိစာရနှင့် ဝိစိကိစ္ဆာ၊ ပီတိနှင့် ဗျာပါဒ၊ သုခနှင့် ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဧကဂ္ဂတာနှင့် ကာမစ္ဆန္ဒ။

ဝိတက္ကော ထိနမိဒ္ဓဿ၊
ဝိစိကိစ္ဆာယ ဝိစာရော။
ပီတိ စာပိ ဗျာပါဒဿ၊
သုခံ ဥဒ္ဓစ္စကုက္ကုစ္စံ။
သမာဓိ ကာမစ္ဆန္ဒဿ၊
ပဋိပက္ခောတိ ဝုစ္စတေ။ (ဋီ)။

**အမှာ**။ ဥပေက္ခာမှာ သုခ၌အကျုံးဝင်သောကြောင့် ဈာန်အင်္ဂါ တခုအနေနှင့်မရေတွက်ရ၊ ထို့ကြောင့် ဋီ-၌ "ဥပေက္ခာ သန္တဝုတ္တိတ္တာ၊ သုခ မိစ္စေဝ ဘာသိတာ" ဟုဆို၏။ ဥပေက္ခာ၊ ဥပေက္ခာသည်။ သန္တဝုတ္တိတ္တာ၊ ငြိမ်သက်သော ဖြစ်ခြင်းရှိသောကြောင့်။ သုခမိစ္စေဝ၊ သုခဟူ၍သာ။ ဘာသိတာ၊ ဆိုအပ်ပြီ။

---

● အဘယ့်ကြောင့် ရူပဝိပါက်ကို ကုသိုလ်နှင့်အတူ ၅-ပါး ဆိုရပါသနည်း။

**အဖြေ**။ ဈာန် အထူးကြောင့်ဖြစ်သော ဝိပါက်သည် ကေန် အားဖြင့် ထိုထိုဈာန်နှင့်တူသောကြောင့် ၅-ပါး ဆိုပါသည်။

ဈာနဝိသေသေန နိဗ္ဗတ္တိတ ဝိပါကော ကေန္တ
တော တံတံဈာန သဒိသော ဝါတိ ဝိပါကံ ဈာန
သဒိသမေဝ ဝိဘတ္တံ။ (ဋီ)။

ဈာနဝိသေသေန၊ ဈာန်အထူးသည်။ နိဗ္ဗတ္တိတဝိပါ
ကော၊ ဖြစ်စေအပ်သော ဝိပါက်သည်။ ကေန္တတော၊
ကေန်အားဖြင့်။ တံတံဈာနသဒိသောဝ၊ ထိုထိုဈာန်နှင့်
တူသည်သာ။ ဣတိ၊ ထို့ကြောင့်။ ဝိပါကံ၊ ဝိပါက်
ကို။ ဈာနသဒိသမေဝ၊ ဈာန်နှင့်တူစွာသာလျှင်။ ဝိဘတ္တံ၊
ဝေဖန်အပ်ပြီ။

ရူပါဝစရစိတ် ပြီး၏။

---

## အရူပါဝစရစိတ်

- အရူပစိတ်သည် ရူပစိတ်ကဲ့သို့ အဘယ့်ကြောင့် ဈာန်အားဖြင့် မပြားရပါသနည်း။

**အဖြေ**။ ဥပေက္ခာကေဂ္ဂတာအားဖြင့် ဈာန်အင်္ဂါ ၂-ပါးစီ တူသောကြောင့် ဈာန်အားဖြင့် မပြားပါ။

**ဆောင်**။ ကေဂ္ဂတာ၊ ဥပေက္ခာဟု၊ အင်္ဂါနှစ်ဝ၊ တူညီကြ၍၊ ဈာန အပြား၊ မရငြား၊ မှတ်သားအရူပ။

---

- အရူပစိတ်တို့ကို အတိက္ကမိတဗ္ဗအာရုံ၊ အာလမ္ဗိတဗ္ဗ အာရုံတို့နှင့် တွဲစပ်ဖော်ပြခဲ့ပါ။

အဖြေ။

| စိတ် | အတိက္ကမိတဗ္ဗာရုံ | အာလမ္ဗိတဗ္ဗာရုံ |
|---|---|---|
| ပ....ကသိုဏ်းနိမိတ် | | ....ကသိဏုဂ္ဃာဋိမာကာသ |
| ဒု....ကသိဏုဂ္ဃာဋိမာကာသ | | ....ပဌမာရုပ္ပဝိညာဉ် |
| တ....ပဌမာရုပ္ပဝိညာဉ် | | ....နတ္ထိဘောပညတ် |
| စ....နတ္ထိဘောပညတ် | | ....တတိယာရုပ္ပဝိညာဉ်။ |

အရူပါဝစရစိတ်ပြီး၏။

---

## လောကုတ္တရာစိတ်

● သကဒါဂါမ် အပြားကိုရေး၍ ဤဥ္စအလိုရှိအပ်သော သကဒါဂါမ်ကို ဖော်ပြခဲ့ပါ။

အဖြေ။ ၁- ဣဓ ပတ္ဝာ ဣဓ ပရိနိဗ္ဗာယီ
၂- တတ္ထ ပတ္ဝာ တတ္ထ ပရိနိဗ္ဗာယီ
၃- ဣဓ ပတ္ဝာ တတ္ထ ပရိနိဗ္ဗာယီ
၄- တတ္ထ ပတ္ဝာ ဣဓ ပရိနိဗ္ဗာယီ
၅- ဣဓပတ္ဝာ တတ္ထနိဗ္ဗတ္တိတွာ ဣဓ ပရိနိဗ္ဗာယီ။
၅-နံပါတ်ပုဂ္ဂိုလ်ကို ဤဥ္စ အလိုရှိအပ်ပါသည်။ (ဋီ)။

---

● အဘယ့်ကြောင့် မဂ်စိတ် ၄-ခု, ဖိုလ်စိတ် ၄-ခု ပြားရပါသနည်း။

အဖြေ။ မဂ် ၄-မျိုးပြားသောကြောင့် မဂ်စိတ် လေးမျိုး ပြားပါသည်၊ မဂ်စိတ်၏ အကျိုးဖြစ်သောကြောင့် ဖိုလ်စိတ် ၄-မျိုး ပြားရပါသည်။

စတုမဂ္ဂပဘေဒေန၊
စတုဓာ ကုသလံ တထာ။
ပါကံ တဿ သေတ္တာတိ၊
အဋ္ဌမာနုတ္တရံ မတံ။

● အဘယ့်ကြောင့် မဂ် ၄-မျိုး ပြားရပါသနည်း။

**အဖြေ**။ သံယောဇဉ်တို့ကို ပယ်ခြင်းကိစ္စ ၄-မျိုး ပြားသော ကြောင့် မဂ် ၄-မျိုးပြားရပါသည်။ (ဋီ)။

● အဘယ့်ကြောင့် လောကုတ္တရာစိတ်မှာ ကြိယာစိတ် မရှိပါသနည်း။

**အဖြေ**။ မဂ်စိတ်တကြိမ်သာ ဖြစ်သောကြောင့် မရှိပါ။
မဂ္ဂဿ ဧကစိတ္တက္ခဏိကတ္တာ။ (ဋီ)။

မဂ္ဂဿ၊ မဂ်စိတ်၏။ ဧကစိတ္တက္ခဏိကတ္တာ၊ စိတ္တက္ခဏ တချက်သာ ရှိခြင်းကြောင့်တည်း။

**အနှာ**။ မဂ်စိတ် အကြိမ်များစွာ ဖြစ်လျှင်ကား လောကုတ္တရာ ကြိယာစိတ် ကျိန်းသေရှိ၏၊ နောက်ထပ်ပြုဘွယ်ကိစ္စ မရှိသောကြောင့် မဂ်စိတ်တကြိမ်သာ ဖြစ်သည်။

● အဘယ်၏အစွမ်းဖြင့် လောကုတ္တရာစိတ် အကျဉ်း ၈-ပါး, အကျယ် ၄၀- ဖြစ်ရပါသနည်း။

**အဖြေ**။ ဝိပဿနာ နိယာမပုဂ္ဂိုလ်၏ အစွမ်းဖြင့် အကျဉ်း ၈-ပါး, ဈာနနိယာမပုဂ္ဂိုလ်၏ အစွမ်းဖြင့် အကျယ် ၄၀- ဖြစ်ပါသည်။

**ဆောင်**။ ဝိပဿနာ၊ အကျဉ်းသာ၊ ဈာန်မှာ အကျယ်မှတ်။

● အဘယ့်ကြောင့် လောကုတ္တရာအကျယ် ၄၀- ဖြစ်ရပါသနည်း။

အဖြေ။ ပါဒကစျာန် သမ္မသိတစျာန် ပုဂ္ဂလဇ္ဈာသယတို့တွင် တခုခု၏ အစွမ်းအားဖြင့် ထိုထိုစျာန်နှင့်တူသောကြောင့် မဂ်စိတ်ဖိုလ်စိတ် တခုခုမှာ ငါးပါးစီ ပြားလာရကား အကျယ် ၄၀- ဖြစ်ရပါသည်။

ပါဒကစျာန သမ္မသိတစျာန ပုဂ္ဂလဇ္ဈာသယေသု ဟိ အညတရဝသေန တံတံစျာနသဒိသတ္တာ။ (ဋီ)။

ပါဒကစျာန သမ္မသိတစျာန ပုဂ္ဂလဇ္ဈာသယေသု၊ ပါဒကစျာန် သမ္မသိတစျာန် ပုဂ္ဂလဇ္ဈာသယတို့တွင်။ အညတရဝသေန၊ တခုခု၏ အစွမ်းအားဖြင့်။ တံတံ စျာနသဒိသတ္တာ၊ ထိုထိုစျာန်နှင့် တူသည်၏ အဖြစ် ကြောင့်တည်း။

---

● အာရုပ္ပဒ္ဓါပိပဉ္စမေ-၌ အဘယ့်ကြောင့် အရူပစိတ်ကို ပဉ္စမစျာန်မှာ သွင်းရပါသနည်း။

အဖြေ။ အရူပစိတ်မှာ ဥပေက္ခာ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးယှဉ်၍ ပဉ္စမစျာန်နှင့် စျာန်အင်္ဂါချင်း တူသောကြောင့် ပဉ္စမစျာန်မှာ သွင်းယူရပါသည်။

ဥပေက္ခေကဂ္ဂတာ ယောဂေန အင်္ဂသမတာယ။ (ဋီ)

ဥပေက္ခာကဂ္ဂတာယောဂေန၊ ဥပေက္ခာ ကေဂ္ဂတာနှင့် ယှဉ်သဖြင့်။အင်္ဂသမတာယ၊ အင်္ဂါချင်းတူသည်၏ အဖြစ်ကြောင့်တည်း။

---

● ''သတ္တတ္တိံသ ဝိဓံပုညာ'' စသောဂါထာ၌ အကုသိုလ်စိတ်, ကြိယာစိတ်တို့ကို အဘယ့်ကြောင့် မပြပါသနည်း။

အဖြေ။ အရေအတွက် မတိုးသောကြောင့် မပြပါ။

---

● ၁-ကိစ္စဘေဒစိတ်, ၂-ဒွါရဘေဒစိတ်, ၃- ဝတ္ထုဘေဒစိတ်, ၄- ကိစ္စဒွါရ ဘေဒစိတ်များကို ဖော်ပြပါ။

အဖြေ။ ၁-သမ္ပဋိစ္ဆိုန်းဒွေး သန္တီရဏ ၃, ဟသိတုပ္ပါဒ်၊
၂-၃-ဒွေးပဉ္စဝိညာဉ် ၁၀၊
၄- အာဝဇ္ဇန်းဒွေး။

---

● ၁-အကြောင်းဖြစ်သောစိတ်, အကျိုးဖြစ်သောစိတ်'
၃- အကြောင်းအကျိုး မဟုတ်သော စိတ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ၁- ကုသိုလ်စိတ်, အကုသိုလ်စိတ်၊
၂- ဝိပါက်စိတ်၊
၃-ကြိယာစိတ်တို့ ဖြစ်ပါသည်။

● ထည့်လျှင်လည်း ဂိတ်အရေအတွက် မတိုး နုတ်လျှင်လည်း မလျော့သော စိတ်ကို ဖော်ပြပါ။

**အဖြေ**။ အဘိညာဉ်ဒွေး ဖြစ်ပါသည်။

---

● ဂေါတမမြတ်စွာဘုရား၏ ပဋိသန္ဓေစိတ်ကို သေချာတိကျစွာ ဖော်ပြခဲ့ပါ။

**အဖြေ**။ မဟာဝိပါက် သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ် ဖြစ်ပါသည်။

**အမှာ**။ ခပ်သိမ်းသော ဘုရားရှင်တို့သည် ဤစိတ်ဖြင့်သာ ပဋိသန္ဓေနေတော်မူကြသည်။

စိတ်ပိုင်း ပြီး၏။

# စေတသိက်ပိုင်း

---

## စေတသိက်လက္ခဏာ ၄-ပါး

● ဧကုပ္ပါဒ - သာ ဆိုက ပြီးပါလျက် အဘယ့်ကြောင့် ဧကနိရောဓသဒ္ဒါကို ဆိုရပါသနည်း။

အဖြေ။ စိတ်နှင့်အတူတကွဖြစ်သော စတုဇရုပ်တို့ကို နှစ်စေလိုသောကြောင့် ဆိုပါသည်။

စိတ္တေန သဟ ဥပ္ပဇ္ဇမာနာနံ ရူပဓမ္မာနမ္ပိ စေတောယုတ္တတာ အာပဇ္ဇေယျာတိ ဧကနိရောဓဂ္ဂဟဏံ။ (ဋီ)။

စိတ္တေန၊ စိတ်နှင့်။ သဟ၊ အတူတကွ။ ဥပ္ပဇ္ဇမာနာနံ၊ ဖြစ်ကုန်သော။ ရူပဓမ္မာနမ္ပိ၊ ရုပ်တရားတို့၏လည်း။ ပိ၊ သည်လည်း။ စေတောယုတ္တတာ၊ စိတ်နှင့်ယှဉ်ကုန်သည်၏အဖြစ်သို့။ အာပဇ္ဇေယျ၊ ရောက်ရာ၏။ ဣတိ၊ ထို့ကြောင့်။ ဧကနိရောဓဂ္ဂဟဏံ၊ ဧကနိရောဓသဒ္ဒါကို ယူခြင်းသည်။ ဟောတိ၊ ဖြစ်၏။

**မှတ်ချက်။** တချို့က စိတ္တဇရုပ်၊ တချို့က စိတ္တဇရုပ်နှင့်ကမ္မဇရုပ်ဟု ဖြေကြ၏၊ ဟုတ်မဟုတ်ကို စိစစ်ကြည့်ပါလေ။

● ကေ့ပ္ပါဒ,ကေနိရောဓ ၂-ခုသာဆိုက ပြီးကောင်းလျက် အဘယ့်ကြောင့် ကောလမ္ဗန,ကေဝတ္ထုကတို့ကို ဆိုရပါသနည်း။

အဖြေ။ ဝိညာဏ်ဒွေး,အဝိနိဗ္ဘောဂရုပ် ဂ-ခု,စိတ်၏ ဘင်ခဏနှင့် ပြိုင်တူချုပ်သော စတုဇရုပ်တို့ကို နစ်စေလိုသောကြောင့် ကောလမ္ဗနကိုဆိုပါသည်။

ရှေ့လက္ခဏာ ၃ - ပါး နှင့် ပြည့်စုံသော စေတသိက်တို့သည် အမြဲတမ်းမှီရာဝတ္ထုတူကြသည်သာဟု ပြလိုသောကြောင့် ကေဝတ္ထုကသဒ္ဒါကို ဆိုပါသည်။

စိတ္တာနုပရိဝတ္တိနော ဝိညတ္တိဒွယဿ ပသင်္ဂေါ နသက္ကာ နိဝါရေတုံ၊တထာ "ကေတော ဥပ္ပါဒေါဝါ နိရောဓောဝါ တေသန္တိ ကေ့ပ္ပါဒနိရောဓာ"တိ ပရိကပ္ပေန္တဿ ပုရေတရမုပ္ပန္နတ္ထာ စိတ္တဿ ဘင်္ဂက္ခဏေ နိရုဇ္ဈမာနာနံ ရူပဓမ္မာနန္တိ ကောလမ္ဗနဂ္ဂဟဏံ။ ယေ ဧ် တိဝိဓလက္ခဏာ၊ တေ နိယမတော ကေဝတ္ထုကာယေဝါတိ ဒဿနတ္ထံ ကေဝတ္ထုကဂ္ဂဟဏံ။ (ဋီ)။

စိတ္တာနုပရိဝတ္တိနော၊ စိတ်သို့အစဉ်လိုက်၍ ဖြစ်သော။ ဝိညတ္တိဒွယဿ၊ ဝိညတ်ဒွေး၏။ ပသင်္ဂေါ၊ ယုံမှားဘွယ်ကို။ နိဝါရေတုံ၊ တားမြစ်ခြင်းငှာ။ နသက္ကာ၊ မတတ်ကောင်း။ တထာ၊ ထိုမှတပါး။ ကေတော ဥပ္ပါဒေါဝါ နိရောဓောဝါ တေသန္တိ ကေ့ပ္ပါဒနိ

ရောဓာတိ၊ ကောဓော (ပ) နိရောဓော ဟူ၍။ ပရိကပ္ပေန္တဿ၊ ကြံသောသူ၏။ ပုရေတရံ၊ ရှေးဦးစွာ။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ကုန်၍။ စိတ္တဿ၊ စိတ်၏။ ဘင်္ဂက္ခဏေ၊ ဘင်ခဏ၌။ နိရုဇ္ဈမာနာနံ၊ ချုပ်ကုန်သော။ ရူပခန္ဓာနံ၊ ရုပ်တရားတို့၏။ (ပဿေါ နိဝါရေတုံ နသက္ကာ)၊ ဣတိ၊ ထို့ကြောင့်။ ကောလမ္ဗနဂ္ဂဟဏံ၊ ကောလမ္ဗနသဒ္ဒါကို ယူခြင်းသည်။ ဟောတိ၊ ၏။

ယေ၊ အကြင်စေတသိက်တို့သည်။ ဧဝံ၊ ဤသို့။ တိဝိဓလက္ခဏာ၊ သုံးပါးအပြားရှိသော လက္ခဏာရှိကြကုန်၏။ တေ၊ တို့သည်။ နိယမတော၊ အမြဲအားဖြင့်။ ဧကဝတ္ထုကာယေဝ၊ တူသော မှီရာဝတ္ထုရှိကုန်သည်သာ။ ဣတိ၊ ဤသို့။ ဒဿနတ္ထံ၊ ပြရခြင်းငှာ။ ဧကဝတ္ထုကဂ္ဂဟဏံ၊ သည်။ ဟောတိ၊ ဖြစ်၏။

မှတ်ချက်။ စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သောစိတ်နှင့် အတူဥပါဒ်၍ စုတိစိတ်နှင့်ပြိုင်တူချုပ်သော ကမ္မဇရုပ် ဟုလည်း ဖြေကြ၏၊ ဟုတ်မဟုတ် စိစစ်ကြည့်ပါ။

စေတသိက်လက္ခဏာ ၄-ပါး ပြီး၏။

---

## အညသမာန်းစေတသိက်

အခြားတရားများလည်း အာရုံ၏အရသာကို ခံစားကြပါလျက် အဘယ့်ကြောင့် ဝေဒနာကိုသာအာရုံ၏ အရသာကိုခံစားတတ်သည်ဟု ဆိုရပါသနည်း။

အဖြေ။ အခြားတရားများမှာ အာရုံ၏ အရသာကို တချို့ တဝက်သာခံစားကြ၍ ဝေဒနာကား အစိုးတရခံစား တတ်သောကြောင့် ဆိုပါသည်။

သေသသမ္ပယုတ္တဓမ္မာ ဧကဒေသမတ္တေနေဝ ရသံ အနုဘဝန္တိ၊ ဧကံသတော ပန ဣဿရဝန္တတာယ ဝေဒနာဝ အနုဘဝတိ။ (ဋီ)။

သေ သ သမ္ပ ယုတ္တ ဓမ္မာ၊ ကြွင်းကျန်သော သမ္ပယုတ် တရားတို့သည်။ ဧကဒေသမတ္တေနေဝ၊ တစိတ်တဒေသ မျှဖြင့်သာလျှင်။ ရသံ၊ အရသာကို။ အနုဘဝန္တိ၊ ခံစား ကုန်၏။ ဧကံသတောပန၊ စင်စစ်အားဖြင့်ကား။ ဣဿရ ဝန္တတာယ၊ အစိုးရခြင်းရှိသည်၏အဖြစ်ဖြင့်။ ဝေဒနာဝ၊ ဝေဒနာသည်သာလျှင်။ အနုဘဝတိ၊ ခံစား၏။

---

● သဟဇာတ်တရားတို့ကို စောင့် ရှောက် တတ် သော ကြောင့် ဇီဝိတိန္ဒြေဟုဆိုရာ ထိုဇီဝိတိန္ဒြေကိုကား ဘယ်တရားကစောင့်ရှောက်ပါသနည်း။

အဖြေ။ ဇီဝိတိန္ဒြေကို ဇီဝိတိန္ဒြေကပဲ စောင့်ပါသည်။

ဆောင်။ မိမိသူတပါး၊ နှစ်ဦးသား၊ စောင့်ပြားဇီဝိတ။

---

● လှူဒါန်းလို၍ ပစ္စည်းဥစ္စာကို ရှာဖွေစုဆောင်းရာ၌ လောဘဖြစ်မည်လော, ဆန္ဒဖြစ်မည်လော။

အဖြေ။ ဆန္ဒဖြစ်ပါသည်။ (ဋီ)။

● အညသမာန-၌ အည၏ အပါဒါန်ကို ပော်ပြခဲ့ပါ။

**အဖြေ**။ သောဘနစိတ်နှင့်ယှဉ်ခိုက် အသောဘန စိတ်သည် အညအပါဒါန်, အသောဘန စိတ်နှင့် ယှဉ်ခိုက် သောဘနစိတ်သည် အည၏ အပါဒါန်ဖြစ်ပါသည်။

သောဘနာပေက္ခာယ ဣတရေ, ဣတရာပေက္ခာယ သောဘနာစ အညေနာမ။ (ဋီ)။

သောဘနာပေက္ခာယ၊ သောဘနစိတ်ကို ငဲ့ရာ၌။ ဣတရေ၊ အခြားသော အသောဘနစိတ်တို့သည်ရင်း။ ဣတရာပေက္ခာယ၊ အခြားသော အသောဘနစိတ်ကို ငဲ့ရာ၌။ သောဘနာစ၊ သောဘန စိတ်တို့သည်ရင်း။ အညေနာမ၊ အညတို့မည်ကုန်၏။

အညသမာန်း ပြီး၏။

---

## အကုသိုလ်စေတသိက်

● အဘယ့်ကြောင့် အဟိတ်စေတသိက်ကို မဆိုရပါသနည်း။

**အဖြေ**။ အဟိတ်စိတ်မှာသာ သီးခြားယှဉ်သော စေတသိက်များ မရှိသောကြောင့် အဟိတ်စေတသိက်ကို မဆိုရပါ။

အဟေတုကာ ပန အာဝေဏိကမွာ နတ္ထီတိ န တေ ဝိသုံ ဝုတ္တာ။ (ဋီ)။

အဟေတုကာ၊ အဟိတ်ဖြစ်ကုန်သော။ အာဝေဏိကမောဟာ၊ သီးခြားစေတသိက်တို့သည်။ နတ္ထိ၊ မရှိကုန်။ ဣတိ၊ ထို့ကြောင့်။ တေ၊ ထိုအဟိတ်စေတသိက်တို့ကို။ ဝိသုံ၊ သီးခြား။ နဝုတ္တာ၊ မဆိုအပ်ကုန်။

---

● အချို့ဆရာများက မိဒ္ဓကို ရုပ်ဟုဆိုကြရာ သင့်မသင့် ထောက်ချင့်နိုင်းဆ အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

အဖြေ။ ကာမစ္ဆန္ဒနီဝရဏ စသည်တို့ကဲ့သို့ မိဒ္ဓကို ပဟာတဗ္ဗ တရားတို့၌ ဟောထားသောကြောင့် မသင့်ပါ။

(ရုပ်ကား အပ္ပဟာတဗ္ဗတည်း)။

ကေစိ မိဒ္ဓမ္ပိ ရူပန္တိ၊
ဝဒန္တေတံ န ယုဇ္ဇတိ။
ပဟာတဗ္ဗေသု ဝုတ္တတ္တာ၊
ကာမစ္ဆန္ဒာဒယော ဝိယ။ (ဠီ)။

ကေစိ၊ အချို့ဆရာတို့သည်။ မိဒ္ဓမ္ပိ၊ မိဒ္ဓကိုလည်း။ ရူပန္တိ၊ ရုပ်ဟူ၍။ ဝဒန္တိ၊ ဆိုကြကုန်၏။ တံ၊ ဤစကားသည်။ နယုဇ္ဇတိ၊ မသင့်။ (ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား)။ ကာမစ္ဆန္ဒာဒယော ဝိယ၊ ကာမစ္ဆန္ဒစသည်တို့ကဲ့သို့။ ပဟာတဗ္ဗေသု၊ ပဟာတဗ္ဗတရားတို့၌။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်တည်း။

အကုသိုလ်စေတသိက် ပြီး၏။

## သောဘာန စေတသိက်

● ကာယပဿဒ္ဓိ စသည်တို့၌ ကာယအရကို ဌိကာကျော် လာတိုင်း ကောက်ပြခဲ့ပါ။

အဖြေ။ ကာယအရ ဝေဒနာစသော ခန္ဓာ ၃-ပါး ဖြစ်ပါသည်။

ကာယောတိ စေတ္တ ဝေဒနာဒိက္ခန္ဓတ္တယဿ ဂဟဏံ။ (ဋီ)။

စ၊ ဆက်ဦးအံ့၊ ဧတ္ထ၊ ဤနေရာ၌၊ ကာယောတိပဒေန၊ ကာယဟူသော ပုဒ်ဖြင့်။ ဝေဒနာဒိက္ခန္ဓတ္တယဿ၊ ဝေဒနာ အစရှိသော ခန္ဓာသုံးပါးအပေါင်းကို။ ဂဟဏံ၊ ယူခြင်း သည်။ ဟောတိ၊ ဖြစ်၏။

---

● အခြားစေတသိက်များကို ၂-ပါးစီမဆိုပဲ အဘယ့် ကြောင့် ကာယပဿဒ္ဓိ သည်တို့ကိုသာ ၂-ပါးစီဆိုရ ပါသနည်း။

အဖြေ။ ကာယပဿဒ္ဓိ စသော ၂-ပါး ၂-ပါးသော တရားတို့ သည်သာလျှင် တပေါင်းတည်းဖြစ်၍ မိမိဆိုင်ရာ ဆန့် ကျင်ဘက် ကိလေသာတို့ကို သတ်တတ် သောကြောင့် ၂-ပါးစီ ဆိုပါသည်။

ယသ္မာ စေတေ ဒွေဒွေ့မေဝ ကေတော ဟုတွာ ယထာသကံ ပဋိပက္ခမ္မေ ဟနန္တိ၊ တသ္မာ ဣဓေ ဒုဝိဓတာ ဝုတ္တာ။ (ဋီ)။

စ၊ ဆက်ဦးအံ့။ ယသ္မာ၊ ကြောင့်။ ဒွေဒွေ၊ ၂-ပါး ၂-ပါး ကုန်သော။ စေတောဓမ္မာဝ၊ ဤတရားတို့ သည်သာလျှင်။ ကေတော၊ တပေါင်းတည်း။ ဟုတွာ၊ ဖြစ်ကုန်၍။ ယထာ သကံ၊ ပိမိဥစ္စာအားလျော်စွာ။ ပဋိပက္ခဓမ္မေ၊ ဆန့်ကျင် ဖက်တရားတို့ကို။ ဟနန္တိ၊ သတ်တတ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်၊ ဣဓေဝ၊ ဤနေရာ၌သာလျှင်၊ ဒုဝိဓတာ၊ ၂-ပါး အပြားရှိကုန်သည်၏ အဖြစ်ကို။ ဝုတ္တာ၊ဆိုအပ်ပြီ။

---

● ဝိရတိအပြားကို ဖော်ပြခဲ့ပါ။

အဖြေ။ သမ္ပတ္တဝိရတိ, သမာဒါနဝိရတိ, သမုစ္ဆေဒဝိရတိ အားဖြင့် ၃-ပါး အပြားရှိပါသည်။ (ဠ္ဌ)။

---

● သမ္မာဝါစာ အပြားကို ဖော်ပြခဲ့ပါ။

အဖြေ။ မုသာဝါဒါ ဝေရမဏီ,
ပိသုဏာဝါစာ ဝေရမဏီ,
ဖရုသာဝါစာ ဝေရမဏီ,
သမ္ဖပ္ပလာပါ ဝေရမဏီ--
ပေါင်းလေးပါး။

သာ စတုဗ္ဗိဓာ မုသာဝါဒါ ဝေရမဏီ, ပိသုဏာဝါစာ ဝေရမဏီ, ဖရုသဝါစာ ဝေရမဏီ, သမ္ဖပ္ပလာပါ ဝေရမဏီတိ။ (ဠ္ဌ)။

● သမ္မာကမ္မန္တအပြားကို ရေးခဲ့ပါ။

အဖြေ။ ပါဏာတိပါတာ ဝေရမဏီ,
အဒိန္နာဒါနာ ဝေရမဏီ,
ကာမေသုမိစ္ဆာစာရာ ဝေရမဏီ-
ပေါင်း ၃-ပါး။
သာ တိဝိဓာ ပါဏာတိပါတာ ဝေရမဏီ, အဒိန္နာ ဒါနာ ဝေရမဏီ, ကာမေသုမိစ္ဆာစာရာ ဝေရမဏီ တိ။ (ဋီ)။

● သမ္မာအာဇီဝအပြားကို သင်္ချာမျှရေးခဲ့ပါ။

အဖြေ။ ၇-ပါးရှိပါသည်၊ (တနည်း) မရေတွက်နိုင်အောင် များပါသည်။ (ဋီ)။

● ကမ္မဋ္ဌာန်းပိုင်းမှာ အပ္ပမညာ ၄-ပါးဆိုထားပါလျက် အဘယ့်ကြောင့် စေတသိက်ပိုင်းမှာ ၂-ပါးသာ ဆိုရပါသနည်း။

အဖြေ။ အဒေါသ စေတသိက်ဖြင့် မေတ္တာကိုယူ၍ တတြမဇ္ဈတ္တတာ စေတသိက်ဖြင့် ဥပေက္ခာကို ယူပြီးဖြစ်သောကြောင့် ၂-ပါးသာဆိုပါသည်။

အဗျာပါဒေန မေတ္တာ ဟိ၊
တတြမဇ္ဈတ္တတာယ စ။
ဥပေက္ခာ ဂဟိတာ ယံသ္မာ၊
တသ္မာ န ဂဟိတာ ဥဘော။ (ဋီ)။

ဟိ၊ မှန်၏။ ယသ္မာ၊ အကြင်ကြောင့်။ အဗျာပါဒေန၊ အဒေါသစေတသိက်ဖြင့်။ မေတ္တာ၊ မေတ္တာကို။ ဂဟိတာ စ၊ ယူအပ်ပြီးသည်လည်း။ ဟောတိ၊ ဖြစ်၏။ တတြ မဇ္ဈတ္တတာယ၊ တတြမဇ္ဈတ္တတာစေတသိက်ဖြင့်။ ဥပေက္ခာ၊ ဥပေက္ခာကို။ ဂဟိတာ စ၊ ယူအပ်ပြီးသည်လည်း။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ကြောင့်။ ဥဘော၊ ကျန် ၂-ပါးတို့ကို။ နဂဟိတာ၊ မယူအပ်ကုန်။

သောဘနစေတသိက် ပြီး၏။

---

## အညသမာန်းသမ္ပယောဂနည်း

- ဒွေပဉ္စဝိညာဉ် ၁၀, ဒုတိယစျာန် ၁၁ - စသည်တို့၌ အဘယ့်ကြောင့် ဝိတက်မယှဉ်ပါသနည်း။

အဖြေ။ ဒွေပဉ္စဝိညာဉ် ၁၀-သည် သဘောအားဖြင့် ဝိတက် ကင်းသောကြောင့်ရင်း, ဒုတိယစျာန် စ သည် တို့ သည် ဘာဝနာ၏အစွမ်းအားဖြင့် ဝိတက်ကင်းသောကြောင့် ၎င်း မယှဉ်ပါ။

သဘာဝေန အဝိတက္ကတ္တာ ဒွိပဉ္စ ဝိညာဏာနိ ဝဇ္ဇိ တာနိ။

သေသာနံ ဘာဝနာဗလေန အဝိတက္ကတ္တာ။ (ဋီ)။ သဘာဝေန၊ သဘောအားဖြင့်။ အဝိတက္ကတ္တာ၊ ဝိတက် မရှိကုန်သည်၏အဖြစ်ကြောင့်။ ဒွိပဉ္စဝိညာဏာနိ၊ ဒွေပဉ္စ

ဝိညာဉ် ၁၀-တို့ကို။ ဝဇ္ဇိတာနိ၊ ကြဉ်အပ်ကုန်၏။ သေသာနိ၊ ကြွင်းသောစိတ်တို့၏။ ဘာဝနာဗလေန၊ ဘာဝနာ၏အစွမ်းဖြင့်။ အဝိတက္ကတ္တာ၊ ဝိတက် မရှိကုန်သည်၏ အဖြစ်ကြောင့်။ ဝဇ္ဇိတာနိ၊ ကြဉ်အပ်ကုန်၏။ (ဝိစာရကို မေးကလည်း ဤအတိုင်းဖြေပါ)။

---

● အဘယ့်ကြောင့် ဝိတက် ဝိစာရပီတိတို့ကိုအကျယ်မှာ ဆို၍ အဓိမောက္ခဝီရိယ ဆန္ဒတို့ကို စိတ်အကျဉ်းမှာ ဆိုရပါသနည်း။

အဖြေ။ ဝိတက် ဝိစာရ ပီတိတို့ကား ဈာနင်ဖြစ်သောကြောင့် စိတ်အကျယ်မှာဆိုပါသည်။

အဓိမောက္ခ ဝီရိယ ဆန္ဒတို့မှာ ဈာနင် မဟုတ်သောကြောင့် စိတ်အကျဉ်းမှာဆိုပါသည်။

အညသမာန်း သမ္ပယောဂနည်း ပြီး၏။

---

## အကုသိုလ် သမ္ပယောဂနည်း

● မောစတုက် ၄-ပါးသည် အဘယ့်ကြောင့် အကုသိုလ်စိတ်အားလုံးမှာ ယှဉ်ရပါသနည်း။

အဖြေ။ သူတပါးအသက်ကို သတ်ခြင်း စသောအမှုကို ပြုလုပ်သောသူသည်-

မောဟဖြင့် အပြစ်မမြင်သောကြောင့်ရင်း,
အဟိရိကဖြင့် မစက်ဆုပ်သောကြောင့်ရင်း,
အနောတ္တပ္ပဖြင့် မကြောက်လန့်သောကြောင့်ရင်း,
ဥဒ္ဓစ္စဖြင့် ပျံ့လွင့်ခြင်းကြောင့်ရင်း။

အကုသိုလ်စိတ်အားလုံးမှာယှဉ်ရပါသည်။

ယောဟိ ကောစိ ပါဏာတိပါတာဒိသု ပဋိပဇ္ဇတိ၊ သော သဗ္ဗောပိ မောဟေန တတ္ထ အနာဒီနဝဒဿာဝီ, အဟိရိကေန တတော အဇိဂုစ္ဆန္တော, အနောတ္တပ္ပေန အနောတ္တပ္ပန္တော, ဥဒ္ဓစ္စေန အဝူပသန္တောစ ဟောတိ၊ တသ္မာ တေ သဗ္ဗာကုသလေသု ဥပလဗ္ဘန္တိ။ (ဋီ)။

ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ ယော ကောစိ၊ အမှတ်မထား တပါးပါးသောသူသည်။ ပါဏာတိပါတာဒိသု၊ သူတပါးအသက်ကိုသတ်ခြင်း စသည်တို့၌။ ပဋိပဇ္ဇတိ၊ ပြုကျင့်၏။ သောသဗ္ဗောပိ၊ ထိုအလုံးစုံသောသူသည်လည်း။ တတ္ထ၊ ထိုပါဏာတိပါတစသည်တို့၌။မောဟေန၊ ဖြင့်။ အနာဒီနဝဒဿာဝီ၊ အပြစ်မြင်လေ့မရှိသည်ရင်း။ အဟိရိကေန၊ ဖြင့်။ တတော၊ ထိုပါဏာတိပါတစသည်တို့မှ။ အဇိဂုစ္ဆန္တော၊မစက်ဆုပ်သည်ရင်း။အနောတ္တပ္ပေန၊ ဖြင့်။ အနောတ္တပ္ပန္တော၊ မထိတ်လန့်သည်ရင်း။ ဥဒ္ဓစ္စေန၊ ဖြင့်။ အဝူပသန္တောစ၊ မငြိမ်သက်သည်ရင်း။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ တေ၊ ထိုမောဟစသော

စေတသိက်တို့ကို။ သဗ္ဗာကုသလေသု၊ ကို၌။ ဥပလဗ္ဘန္တိ၊ ရအပ်ကုန်၏။

---

● အဘယ့်ကြောင့် ဒိဋ္ဌိသည် ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခုမှာသာ ယှဉ်ရပါသနည်း။

အဖြေ။ "သက္ကာယ" စသည်တို့၌ မှားမှားယွင်းယွင်း နှလုံးသွင်းသောသူအား ထိုသက္ကာယတရားတို့၌ မြတ်နိုးခြင်း ဖြစ်တတ်သောကြောင့် ယှဉ်ရပါသည်။

> သက္ကာယာဒီသု ဟိ အဘိနိဝိသန္တဿ တတ္ထ မမာယနသမ္ဘဝတော ဒိဋ္ဌိ လောဘသဟဂတစိတ္တေ သွေဝ လဗ္ဘတိ။ (ဋီ)။

ဟိ၊ မှန်၏။ သက္ကာယာဒီသု၊ "သက္ကာယ" စသည်တို့၌။ အဘိနိဝိသန္တဿ၊ မှားမှားယွင်းယွင်း နှလုံးသွင်းသောသူအား။ တတ္ထ၊ ထိုသက္ကာယတရားတို့၌။ မမာယနသမ္ဘဝတော၊ မြတ်နိုးခြင်း ဖြစ်တတ်သောကြောင့်။ ဒိဋ္ဌိ၊ ဒိဋ္ဌိကို။ လောဘသဟဂတစိတ္တေသွေဝ၊ တို့၌သာလျှင်။ လဗ္ဘတိ၊ ရအပ်၏။

---

● အဘယ့်ကြောင့် မာနနှင့် ဒိဋ္ဌိတို့ စိတ်တခုတည်းမှာ အတူမဖြစ်ကြပါသနည်း၊ ဥပမာသွင်း၍ ရှင်းလင်းခဲ့ပါ။

အဖြေ။ မာနကား ငါ-ငါ-ဟူသော မာန်မာန၏ အစွမ်းဖြင့် ဖြစ်ရကား ဒိဋ္ဌိနှင့် တူသောကြောင့် စိတ်တခုတည်းမှာ အတူမဖြစ်ကြပါ။

ဥပမာ-ကေသရရာဇာခြင်္သေ့မင်း ၂-ကောင်ဟာ လိုဏ်ပါ တခုတည်းမှာ အတူမနေနိုင်သကဲ့သို့တည်း။

> မာနောပိ အဟံ မာနဝသေန ပဝတ္တနတော ဒိဋ္ဌိ
> သဒိသောဝ ပဝတ္တတီတိ ဒိဋ္ဌိယာ သဟ ဧက စိတ္တုပ္ပါ
> ဒေနပဝတ္တတိ၊ ကေသရသီဟော ဝိယ အပရေန
> တယာဝိဓေန ဧကဂုဟာယံ။ (ဋီ)။

မာနောပိ၊ မာနသည်လည်း။ အဟံမာနဝသေန၊ ငါ-ငါ ဟူသော မာန်မာန၏ အစွမ်းဖြင့်။ ပဝတ္တနတော၊ ဖြစ် ခြင်းကြောင့်။ ဒိဋ္ဌိသဒိသောဝ၊ ဒိဋ္ဌိနှင့် တူသည်သာလျှင်။ ပဝတ္တတိ၊ ဖြစ်၏။ ဣတိ၊ ထို့ကြောင့်။ ဒိဋ္ဌိယာ၊ နှင့်။ သဟ၊ တကွ။ ဧကစိတ္တုပ္ပါဒေ၊ တ ခု တ ည် း သော စိတ္တုပ္ပါဒ်၌။ နပဝတ္တတိ၊ မဖြစ်။ ကိမိဝ၊ အဘယ်ကဲ့သို့ နည်း ဟူမူကား။ ကေသရသီဟော၊ ခြင်္သေ့မင်းသည်။ အပရေန၊ တပါးသော။ တထာဝိဓေန၊ ထိုသို့ သဘောရှိ သော ခြင်္သေ့မင်းနှင့်။ သဟ၊ တကွ။ ဧကဂုဟာယံ၊ တခု တည်းသောလိုဏ်ဂူ၌။ နပဝတ္တတိ ဝိယ၊ မဖြစ်သကဲ့သို့ တည်း။

---

● အဘယ့်ကြောင့် မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ်မှာသာ ယှဉ်ရပါသနည်း။

အဖြေ။ မိမိကိုယ်ကို ချစ်ခင်မှု၌ မှီရကား စင်စစ် လောဘ လျှင်နီးသောအကြောင်း ရှိသောကြောင့် ယှဉ်ရပါသည်။

အတ္တသိနေဟ သန္နိဿယ ဘာဝေန ကေနွ လောဘ ပဒဋ္ဌာနတ္တာ။ (ဋီ)။

အတ္တသိနေဟ သန္နိဿယ ဘာဝေန၊ မိမိကိုယ်ကို ချစ်ခင်မှု၌ ကောင်းစွာမှီသည်၏ အဖြစ်ဖြင့်။ ကေနွလောဘ ပဒဋ္ဌာနတ္တာ၊ စင်စစ် လောဘလျှင် နီးသောအကြောင်း ရှိသည်၏ အဖြစ်ကြောင့်တည်း။

အမှာ။ "အဘယ့်ကြောင့် မာနသည် ဒေါသမူစိတ်မှာ မယှဉ်ပါ သနည်း" စသည်ဖြင့် လှည့်မေးကလည်း အထက်ပါ အတိုင်းဖြေပါ။

---

● အဘယ့်ကြောင့် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့သည် ဒေါသမူစိတ်မှာ ယှဉ်ရပါသနည်း။

အဖြေ။ သူတပါးစည်းစိမ်ကို ငြူစူသူ, မိမိစည်းစိမ်ကို လျှို့ဝှက်သူ, ပြုပြီးဒုစရိုက် မပြုရသေးသော သုစရိုက်တို့၌ အဖန်တလဲလဲ စိုးရိမ်သူတို့အား ထိုထိုအာရုံတို့၌ ထိပါးခြင်း၏ အစွမ်းဖြင့်သာ ဖြစ်သောကြောင့် ဒေါသမူစိတ် မှာသာ ယှဉ်ပါသည်။

ပရသမ္ပတ္တိံ ဥသူယန္တဿ, အတ္တသမ္ပတ္တိယာစ ပရေဟိ သာဓာရဏဘာဝံ အနိစ္ဆန္တဿ, ကတာကတ ဒုစ္စရိတ သုစရိတေ အနုသောစန္တဿ တတ္ထတတ္ထ ပဋိဃာနန ဝသေနေဝ ပဝတ္တနတော ဣဿာ မစ္ဆရိယ ကုက္ကုစ္စာနိ ပဋိဃသမ္ပယုတ္တ စိတ္တေသွေဝ။ (ဋီ)။

ပရသမ္ပတ္တိံ၊ သူတပါးစည်းစိမ်ကို။ ဥသူယန္တဿ၊ ငြူစူသောသူအားငင်း။ အတ္တသမ္ပတ္တိယာ၊ မိမိစည်းစိမ်၏။ ပရေဟိ၊ သူတပါးတို့နှင့်။ သာဓာရဏဘာဝံ၊ ဆက်ဆံသည်၏အဖြစ်ကို။ အနိစ္ဆန္တဿ၊ အလိုမရှိသောသူအားငင်း။ ကတာကတ ဒုစ္စရိတ သုစရိတေ၊ ပြုအပ်ပြီးသော ဒုစရိုက် မပြုအပ်သေးသော သုစရိုက်၌။ အနုသောစန္တဿစ၊ အဖန်တလဲလဲ စိုးရိမ်သောသူအားငင်း။ တတ္ထ တတ္ထ၊ ထိုထိုအာရုံတို့၌။ ပဋိဟာနနဝသေနေဝ၊ ထိပါးခြင်း၏ အစွမ်းဖြင့်သာလျှင်။ ပဝတ္တနတော၊ ဖြစ်ခြင်းကြောင့်။ ဣဿာမစ္ဆရိယကုက္ကုစ္စာနိ၊ တို့ကို။ ပဋိဃသမ္ပယုတ္တစိတ္တေသွေဝ၊ ဒေါသမူ စိတ်တို့၌သာလျှင်။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

---

● ထိန မိဒ္ဓ တို့သည် သသင်္ခါရိက မှာသာ ယှဉ်၍ အဘယ့်ကြောင့် အသင်္ခါရိကမှာ မယှဉ်ရပါသနည်း။

အဖြေ။ အမှု၌ မခံသော ထိန မိဒ္ဓတို့သည် သဘောအားဖြင့် ထက်မြက်သော အသင်္ခါရိကစိတ်မှာ မယှဉ်နိုင်သောကြောင့် သသင်္ခါရိကမှာသာ ယှဉ်၍ အသင်္ခါရိကမှာ မယှဉ်နိုင်ပါ။

အကမ္မညတာ ပကတိကဿ တထာ သဘာဝ တိက္ခေသု အသင်္ခါရိကေသု ပဝတ္တနာယောဂတော ထိနမိဒ္ဓံ သသင်္ခါရိကေသွေဝ လဗ္ဘတိ။ (ဋီ)။

အကမ္မညတာ ပကတိကသ၊ အမှု၌ မခံ့သော သဘော ရှိသော တိနှမိဒ္ဓပ်။ တထာ၊ ထိုအ ခြင်းအရာအားဖြင့်။ သဘာဝ ငါ ဣ ၊ သဘောအားဖြင့် ထက်မြက်ကုန် သော။ သသ မြဲ ကသု၊ တို၌။ ပဝတ္တနာ ယောဂတော၊ ဖြစ်ခြင်းနှင့် မယှဉ်ခြင်းကြောင့်။ ထိနမိဒ္ဓံ၊ ကို။ သသင်္ခါ ရိကေ သွေဝ၊ တို၌သာလျှင်။ လဗ္ဘတိ၊ ရအပ်၏။

အကုသိုလ် သမ္မယောဂနည်း ပြီး၏။

---

## သောတာန သမ္မယောဂနည်း

● အဘယ့်ကြောင့် ဝိရတီတို့သည် လောကုတ္တရာစိတ်မှာ အမြဲတမ်းတပြိုင်နက် ယှဉ်ကြပါသနည်း။

အဖြေ။ မဂ်သည် ကာယဒုစရိုက် စသည်တို့ကို အကြွင်းမဲ့ ဖြတ်သည်၏ အစွမ်းဖြင့်ဖြစ်သောကြောင့်ရင်း,

ဖိုလ်သည်လည်း မဂ်အားလျော်စွာ ဖြစ်သောကြောင့် ရင်း--

အမြဲတမ်း တပြိုင်နက် ယှဉ်ကြပါသည်။

မဂ္ဂသ ကာယဒုစ္စရိတာဒီနံ သမုစ္ဆေဒဝသေန,

ဖလသ ၈ တဒနုဂူလဝသေန ပဝတ္တနတော။ (၆)။

မဂ္ဂသ၊ မဂ်၏။ ကာယဒုစ္စရိတာဒီနံ၊ ကိုကို။ သမုစ္ဆေဒ ဝသေန၊ အကြွင်းမဲ့ဖြတ်သည်၏ အစွမ်းဖြင့်။ ပဝတ္တန တော စ၊ ဖြစ်ခြင်းကြောင့်ရင်း။ ဖလသ၊ ဖိုလ်၏။ တဒနုဂူလဝသေန၊ ထိုမဂ်အားလျော်သည်၏ အစွမ်းဖြင့်။

ပဝတ္တနတော စ၊ ဖြစ်ခြင်းကြောင့် ၎င်း။ (နိယတာ ကော တောဖြစ်ပုံ မေးကလည်း ဤအဖြေပင်)။

---

● အဘယ့်ကြောင့် ဝိရတီတို့သည် မဟာကုသိုလ်စိတ်မှာ ကဒါစိ, ၀ိသုံဝိသုံ ဖြစ်ရပါသနည်း။

အဖြေ။ မုသာဝါဒ ာစရှိသော ဒုစရိုက်တခုခုကို ရှောင်ကြဉ် ရာအခါမှာသာ ဝိရတီများယှဉ်နိုင်၍ မရှောင်ကြဉ်ရာ အခါမှာ မယှဉ်သောကြောင့် ကဒါစိ ဖြစ်ရပါသည်။

ဝီတိက္ကမိတဗ္ဗဝတ္ထုဟု ဆိုအပ်သော မိမိဆိုင်ရာအာရုံ၏ ဖြစ်ခြင်းကို ငဲ့သောကြောင့် ဝိသုံဝိသုံ ဖြစ်ရပါသည်။

ကဒါစိတိ မုသာဝါဒါဒိ တော ဒုစ္စရိတေဟိ ပဋိဝိရမဏကာလေ၊ ဝီတိက္ကမိတဗ္ဗဝတ္ထုသင်္ခါတာနံ အတ္တနော အာရမ္မဏာနံ သမ္ဘဝါ ပေက္ခတ္တာတိ ဝုတ္တံ ဝိသုံဝိသုန္တိ။ (ဋီ)။

ကဒါစိတိ၊ ကဒါစိဟူသည်ကား။မုသာဝါဒါဒိ တော ဒုစ္စရိတေဟိ၊ မုသာဝါဒ အစရှိသော တခုတခုသော ဒုစရိုက်တို့မှ။ ပဋိဝိရမဏ ကာလေ၊ ရှောင်ကြဉ်ရာ အခါ ၌။ ဝီတိက္ကမိတဗ္ဗဝတ္ထု သင်္ခါတာနံ၊ ဝီတိက္ကမိတဗ္ဗဝတ္ထုဟု ဆိုအပ်ကုန်သော။ အတ္တနော၊ မိမိ၏။ အာရမ္မဏာနံ၊ အာရုံတို့၏။ သမ္ဘဝါပေက္ခတ္တာ၊ ဖြစ်ခြင်းကိုငဲ့ကုန်သည်၏ အဖြစ်ကြောင့်။ ဝိသုံဝိသုန္တိ၊ ဝိသုံဝိသုံဟူ၍။ ဝုတ္တံ၊ ဆို အပ်ပြီ။

● အဘယ့်ကြောင့် အပ္ပမညာတို့သည် ပဥ္စမဈာန်မှာ မယှဉ်ကြပါသနည်း။

**အဖြေ**။ အပ္ပနာသို့ ရောက်ပြီးသော အပ္ပမညာတို့သည် မည်သည့်အခါမျှ သောမနဿနှင့် ကင်း၍ မဖြစ်သောကြောင့် ပဥ္စမဈာန်မှာ မယှဉ်ပါ၊ (ပဥ္စမဈာန်ကား ဥပေက္ခာတည်း)။

အပ္ပနာပ္ပတ္တာနံ အပ္ပမညာနံ န ကဒါစိ သောမနဿရဟိတတာ ပဝတ္တိအတ္ထိတိ။ (ဋီ)။

အပ္ပနာပ္ပတ္တာနံ၊ အပ္ပနာသို့ ရောက် ကုန်သော။ အပ္ပမညာနံ၊ အပ္ပမညာတို့၏။ ကဒါစိ၊ တခါတရံ၌။ သောမနဿရဟိတတာပဝတ္တိ၊ သောမနဿနှင့် ကင်း၍ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်တည်း။

---

● အဘယ့်ကြောင့် အပ္ပမညာတို့သည် နာနာ ဖြစ်ရပါသနည်း။

**အဖြေ**။ ကရုဏာကား ဒုက္ခိတသတ္တဝါကို အာရုံပြု၍ မုဒိတာကား သုခိတသတ္တဝါကို အာရုံပြုရကား အာရုံ ကွဲပြားသောကြောင့် နာနာ (=အသီးသီး)ဖြစ်ရပါသည်။

နာနာဟုတွာတိ ဘိန္နာရမ္မဏတ္တာ အတ္တနော အာရမ္မဏဘူတာနံ ဒုက္ခိတသုခိတသတ္တာနံ အာပါထဂမနာပေက္ခတာယ ဝိသုံဝိသုံ ဟုတွာ။ (ဋီ)။

နာနာဟုတ္ထာတိ၊ နာနာဟုတွာ ဟူသည်ကား။ ဘိန္နာရမ္မဏတ္တာ၊ ပြားသော အာရုံရှိကုန်သည်၏ အဖြစ်ကြောင့်။ အတ္ထနော၊မိမိ၏။ အာရမ္မဏဘူတာနံ၊ အာရုံဖြစ်၍ ဖြစ်ကုန်သော။ ဒုက္ခိတ သုခိတ သတ္တာနံ၊ ဒုက္ခိတသတ္တဝါ သုခိတ သတ္တဝါတို့၏။ အာပါထဂမနာပေက္ခတာယ၊ ရှေးရှုကျရောက်ခြင်းကို ငဲ့ကုန်သည်၏ အဖြစ်ကြောင့်။ ဝိသုံ ဝိသုံ၊ အသီးသီး။ ဟုတွာ၊ ဖြစ်ကုန်၍။

---

● "ဥပေက္ခာသဟဂုတ်မှာ ကရုဏာ မုဒိတာများ မယှဉ်ကြ" ဟု ဆိုသောဝါဒကို အဘယ့်ကြောင့် ကေစိဝါဒ ဆိုပါသနည်း။

အဖြေ။ ကရုဏာမုဒိတာတို့ကို ပွားများရာအခါ၌ အပ္ပနာဝီထိမှရှေး၌ အလေ့အကျက်အားဖြင့် ဥပေက္ခာသဟဂုတ် စိတ်များဖြင့်လည်း ပရိကံ ပြုနိုင်သောကြောင့် ကေစိဝါဒ ဆိုပါသည်။

ကရုဏာမုဒိတာ ဘာဝနာကာလေ အပ္ပနာဝီထိတော ပုဗ္ဗေ ပရိစယဝသေန ဥပေက္ခာ သဟဂတ စိတ္တေဟိပိ ပရိကမ္မံ ဟောတီတိ.... ကေစိဝါဒေါ ကတော။ (ဋီ)။

ကရုဏာ မုဒိတာ ဘာဝနာကာလေ၊ ကရုဏာ မုဒိတာ ကမ္မဋ္ဌာန်းတို့ကို ပွားများသော အခါ၌။ အပ္ပနာဝီထိတော၊ မှ။ ပုဗ္ဗေ၊ ရှေး၌။ ပရိစယ ဝသေန၊

အလေ့အကျက်၏ အစွမ်းအားဖြင့်။ ဥပေက္ခာသဟဂတစိတ္တေဟိပိ၊ ဥပေက္ခာသဟဂုတ် စိတ်တို့ဖြင့်လည်း။ (ပိဖြင့် သောမနဿသဟဂုတ်ကို ပေါင်းသည်)၊ ပရိကမ္မံ၊ ပရိကံသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ထို့ကြောင့်။ ကေစိဝါဒေ၊ ကေစိဝါဒကို။ကထော၊ ပြုအပ်ပြီ။ (ဥပမာ ဝါကျများကို ချန်ထားခဲ့သည်)။

---

● အပ္ပမညာနှင့် ယှဉ်သော စိတ်များကို ၁-သမာနဝါဒ, ၂- ကေစိဝါဒအရ အသီးသီး ကောက်ပြခဲ့ပါ။

အဖြေ။ ၁-ရူပသောမနဿ ၁၂, မဟာကု- ကြိ ၁၆, ပေါင်း ၂၈။

၂-ရူပသောမနဿ ၁၂, မဟာကု- ကြိ- သောမနဿ ၈- ပေါင်း ၂၀၊ (သတိပြုပါ)။

---

● နာနာကဒါစိ စေတသိက်, ကဒါစိစေတသိက်, သဟကဒါစိ စေတသိက်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီ ၃, ကရုဏာ မုဒိတာ ပေါင်း ၈-ပါးသည် နာနာကဒါစိ၊ မာနသည် ကဒါစိ၊ ထိန မိဒ္ဓသည် သဟကဒါစိ။

ဣဿာ မစ္ဆေရ ကုက္ကုစ္စ၊
ဝိရတီ ကရုဏာဒယော။
နာနာ ကဒါစိ မာနော စ၊
ထိန မိဒ္ဓံ တထာ သဟ။

● အနိယတယောဂီ၊ နိယတယောဂီ စေတသိက်ကို ဖော်ပြခဲ့ပါ။

အဖြေ။ အနိယတယောဂီစေတသိက်ကား ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီ ၃-ခု, ကရုဏာ, မုဒိတာ, မာန, ထိန, မိဒ္ဓ ပေါင်း ၁၁-ပါးတည်း။
နိယတယောဂီ စေတသိက်ကား ကျန်စေတသိက် ၄၁-ပါးတည်း။

---

● အနိယတယောဂီ စေတသိက်များသည် အဘယ်စိတ်၌ နာနာကဒါစိ, ကဒါစိ, သဟကဒါစိ ယှဉ်ကြပါသနည်း။

အဖြေ။ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့သည် ဒေါသမူဒွေး မှာ နာနာကဒါစိ ယှဉ်ကြပါသည်။
ဝိရတီ ၃- ပါးသည် မဟာကုသိုလ်စိတ်မှာ နာနာကဒါစိ ယှဉ်ပါသည်။
ကရုဏာ မုဒိတာတို့သည် ရူပသောမနဿ ၁၂, မဟာကုသိုလ် ၈, မဟာကြိယာ ၈-ခုတို့၌ နာနာကဒါစိယှဉ်ကြပါသည်။
မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်မှာ ကဒါစိ ယှဉ်ပါသည်။
ထိနမိဒ္ဓသည် သသင်္ခါရိကစိတ် ၅-ခုမှာ သဟကဒါစိ ယှဉ်ပါသည်။

● ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့၏ နာနာယှဉ်ပုံကို ရေးခဲ့ပါ။

အဖြေ။ သူတပါးစည်းစိမ်ကို ငြူစူသောအခါ ဣဿာသာ ယှဉ်၍ မစ္ဆရိယ, ကုက္ကုစ္စတို့မယှဉ်။

မိမိစည်းစိမ်ကို လျှို့ဝှက်သောအခါ မစ္ဆရိယသာ ယှဉ်၍ ဣဿာ, ကုက္ကုစ္စတို့မယှဉ်။

ပြုပြီးသော ဒုစရိုက် မပြုရသေးသော သုစရိုက် တို့ကို အာရုံပြု၍ နှလုံး မသာယာသော အခါ ကုက္ကုစ္စသာယှဉ်၍ ဣဿာ, မစ္ဆရိယတို့ မယှဉ်။

ဤသို့ နာနာ (=အသီးသီး) ယှဉ်ကြပါသည်။

---

● ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့ ကဒါစိယှဉ်ပုံကို ရေးခဲ့ပါ။

အဖြေ။ သူတပါး စည်းစိမ်ကို ငြူစူလျှင် ဣဿာယှဉ်၍ မငြူစူလျှင် မယှဉ်။

မိမိစည်းစိမ်ကို လျှို့ဝှက်လျှင် မစ္ဆရိယ ယှဉ်၍ မလျှို့ဝှက်လျှင် မယှဉ်။

ပြုပြီးသော ဒုစရိုက် မပြုရသေးသော သုစရိုက်တို့ကို အာရုံပြု၍ နှလုံးမသာယာလျှင် ကုက္ကုစ္စယှဉ်၍ နှလုံးသာယာလျှင် မယှဉ်။

ဤသို့ ကဒါစိ (=ရံဖန်ရံခါသာ) ယှဉ်ကြပါသည်။

● ဝိရတီ ၃-ပါး၏ နာနာယှဉ်ပုံကို ရေးခဲ့ပါ။

အဖြေ။ အသက်မွေး ဝမ်းကျောင်းကို မငဲ့ပဲ ဝစီဒုစရိုက်မှ ရှောင်ကြဉ်သောအခါ သမ္မာဝါစာသာ ယှဉ်၍ သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့ မယှဉ်။
အသက်မွေးဝမ်းကျောင်းကို မငဲ့ပဲ ကာယဒုစရိုက်မှ ရှောင်ကြဉ်သောအခါ သမ္မာကမ္မန္တသာ ယှဉ်၍ သမ္မာဝါစာ, သမ္မာအာဇီဝတို့ မယှဉ်။
အသက်မွေး ဝမ်းကျောင်းကိုငဲ့၍ ကာယ ဒုစရိုက် ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်သော အခါ သမ္မာအာဇီဝသာယှဉ်၍ သမ္မာဝါစာ, သမ္မာကမ္မန္တတို့ မယှဉ်။
ဤသို့နာနာ (=အသီးသီး) ယှဉ်ကြပါသည်။

---

● ဝိရတီ ၃-ပါး၏ ကဒါစိယှဉ်ပုံကို ဖော်ပြပါ။

အဖြေ။ အသက်မွေးဝမ်းကျောင်းကို မငဲ့ပဲ ဝစီဒုစရိုက်မှ ရှောင်ကြဉ်လျှင် သမ္မာဝါစာယှဉ်၍ မရှောင်ကြဉ်လျှင် မယှဉ်။
အသက်မွေးဝမ်းကျောင်းကို မငဲ့ပဲ ကာယဒုစရိုက်မှ ရှောင်ကြဉ်လျှင် သမ္မာကမ္မန္တယှဉ်၍ မရှောင်ကြဉ်လျှင် မယှဉ်။
အသက်မွေးဝမ်းကျောင်းကို ငဲ့၍ ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်လျှင် သမ္မာအာဇီဝယှဉ်၍ မရှောင်ကြဉ်လျှင် မယှဉ်။

ဤသို့ ကဒါစိ (=ရံဖန်ရံခါသာ) ယှဉ်ကြပါသည်။

---

● အပ္ပမညာ ၂-ပါး၏ နာနာယှဉ်ပုံကိုဖော်ပြပါ။

အဖြေ။ ဒုက္ခိတ သတ္တဝါကို အာရုံပြု၍ သနားကြင်နာလျှင် ကရုဏာသာယှဉ်၍ မုဒိတာမယှဉ်။
သုခိတသတ္တဝါကို အာရုံပြု၍ ဝမ်းမြောက်လျှင် မုဒိတာသာယှဉ်၍ ကရုဏာမယှဉ်။
ဤသို့ နာနာ(=အသီးအသီး)ယှဉ်ကြပါသည်။

---

● အပ္ပမညာဒွေး၏ ကဒါစိယှဉ်ပုံကို ဖော်ပြပါ။

အဖြေ။ ဒုက္ခိတသတ္တဝါကို အာရုံပြု၍ သနားကြင်နာလျှင် ကရုဏာယှဉ်၍ မသနားမကြင်နာက မယှဉ်။
သုခိတသတ္တဝါကို အာရုံပြု၍ ဝမ်းမြောက်လျှင် မုဒိတာယှဉ်၍ ဝမ်းမမြောက်က မယှဉ်။
ဤသို့ ကဒါစိ (=ရံဖန်ရံခါသာ) ယှဉ်ကြပါသည်။

---

● မာန၏ ကဒါစိယှဉ်ပုံကို ဖော်ပြခဲ့ပါ။

အဖြေ။ မိမိကိုယ်ကို အထင်ကြီးပြီး ငါသိ ငါတတ် ငါသာမြတ်ဟု မာန်မာန ထောင်လွှားလျှင် မာနယှဉ်၍ မာန်မာနမထားက မယှဉ်၊ ဤသို့ ကဒါစိ ယှဉ်ပါသည်။

အမှာ။ မာနစေတသိက် တခုတည်းဖြစ်၍ နာနာ (=အသီးအသီး =တခုစီတခုစီ)မယှဉ်နိုင်တော့ပြီ။

---

● ထိနမိဒ္ဓ ၂-ပါး၏ သဟကာဒါစိဖြစ်ပုံကို ရေးခဲ့ပါ။

အဖြေ။ နာမက္ခန္ဓာ ၄-ပါးတို့ အမှု၌မခံလျှင် ထိနမိဒ္ဓ ၂-ခု လုံးယှဉ်၍ ခံလျှင် ၂-ခုလုံးမယှဉ်ပါ၊ ဤသို့ သဟ (=အတူတကွ),ကဒါစိ(=ရံဖန်ရံခါ)ယှဉ်ပါသည်။

သမ္ပယောဂနည်း ပြီး၏။

---

## သင်္ဂဟနည်း

● အဘယ့်ကြောင့် လောကုတ္တရာစိတ်မှာ အပ္ပမညာ မယှဉ်ရပါသနည်း။

အဖြေ။ အပ္ပမညာတို့သည်. သတ္တဝါပညတ်ကို အာရုံပြု၍ လောကုတ္တရာစိတ်သည် နိဗ္ဗာန်ကို အာရုံပြုရကား အာရုံကွဲသောကြောင့် မယှဉ်ပါ။

အပ္ပမညာနံ သတ္တာရမ္မဏတ္တာ,လောကုတ္တရာနဉ္စ နိဗ္ဗာနာရမ္မဏတ္တာ ဝုတ္တံ "အပ္ပမညာဝဇ္ဇိတာ" တိ။ (ဋီ)။

အပ္ပမညာနံ၊ တို့၏။ သတ္တာရမ္မဏတ္တာ၊ သတ္တဝါ ပညတ်လျှင် အာရုံရှိကုန်သည်၏အဖြစ်ကြောင့်ငှင်း။ လောကုတ္တရာနံ၊ လောကုတ္တရာစိတ်တို့၏။ နိဗ္ဗာနာ ရမ္မဏတ္တာစ၊ နိဗ္ဗာန်လျှင် အာရုံရှိကုန်သည်၏အဖြစ် ကြောင့်ငှင်း။ အပ္ပမညာဝဇ္ဇိတာတိ၊ဟူ၍။ ဝုတ္တံ၊ပြီ။

● အဘယ့်ကြောင့် မဟဂ္ဂုတ်စိတ်မှာ ဝိရတီများမယှဉ် ကြပါသနည်း။

**အဖြေ**။ သီလစင်ကြယ်သည်၏ အစွမ်းဖြင့် ကောင်းစွာ သုတ်သင်အပ်ပြီးသော ကာယပယောဂ, ဝစီပယောဂ ရှိသော သူအား သက်သက် စိတ်ကို ကောင်းစွာ ထားရုံမျှဖြင့် မဟဂ္ဂုတ်ဈာန်များ ဖြစ်ပေါ်လာနိုင်သောကြောင့် မယှဉ်ပါ။

သီလဝိသုဒ္ဓိဝသေန သုဝိသောဓိတ ကာယဝစီပယောဂဿ ကေဝလံ စိတ္တသမာဓာနမတ္တေန မဟဂ္ဂတဇ္ဈာနာနိ ပဝတ္တန္တီတိ ဝုတ္တံ "ဝိရတိတ္တယ ဝဇ္ဇိတာ"တိ။ (ဋီ)။

သီလဝိသုဒ္ဓိဝသေန၊ သီလစင်ကြယ်ခြင်း၏အစွမ်းဖြင့်။ သုဝိသောဓိတကာယဝစီပယောဂဿ၊ ကောင်းစွာ သုတ်သင်အပ်ပြီးသော ကာယပယောဂ ဝစီပယောဂ ရှိသူအား။ ကေဝလံ၊ သက်သက်။ စိတ္တသမာဓာန မတ္တေန၊ စိတ်ကို ကောင်းစွာထားရုံမျှဖြင့်။ မဟဂ္ဂတဇ္ဈာနာနိ၊ မဟဂ္ဂုတ်ဈာန်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်နိုင်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဝိရတိတ္တယ ဝဇ္ဇိတာတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။

---

● "ကရုဏာ မုဒိတာ ပနေတ္ထ ပစ္စေကမေဝ ယောဇေ တဗ္ဗာ"၌ အဘယ့်ကြောင့် ကရုဏာနှင့် မုဒိတာကို အသီးသီး ယှဉ်ရပါသနည်း။

အဖြေ။ ကရုဏာသည် ဒုက္ခိတသတ္တဝါကို အာရုံပြု၍ မုဒိတာသည် သုခိတသတ္တဝါကိုအာရုံပြုရကား အာရုံချင်းကွဲပြားသောကြောင့်ဖြစ်ပါသည်။ (ဋီ)။

---

● "အပ္ပမညာယော န လဗ္ဘန္တိ"၌ အဘယ့်ကြောင့် ပဥ္စမဈာန်မှာ အပ္ပမညာ မယှဉ်ရပါသနည်း။

အဖြေ။ အာရုံကွဲပြားသောကြောင့်ဖြစ်ပါသည်။ (ဋီ)။

---

● "အပ္ပမညာ ဝိရတိယော ပနေတ္ထ ပဉ္စေကမေဝ ယောဇေတဗ္ဗာ"၌ အဘယ့်ကြောင့် အပ္ပမညာဝိရတီတို့ အသီးသီး တခြားစီ ယှဉ်ရပါသနည်း။

အဖြေ။ အပ္ပမညာသည် သတ္တဝါပညတ်ကို အာရုံပြု၍ ဝိရတီသည် ဝီတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြုရကား အာရုံချင်းကွဲပြားသောကြောင့်ဖြစ်ပါသည်။

အပ္ပမညာနံ သတ္တာရမ္မဏတ္တာ ဝိရတီနဥ္စ ဝီတိက္ကမိတဗ္ဗဝတ္ထုဝိသယတ္တာ။ (ဋီ)။

အပ္ပမညာနံ၊ တို့၏။ သတ္တာရမ္မဏတ္တာ၊ သတ္တဝါပညတ်လျှင် အာရုံရှိကုန်သည်၏အဖြစ်ကြောင့်ရင်း။ ဝိရတီနံ၊ တို့၏။ ဝီတိက္ကမိတဗ္ဗဝတ္ထုဝိသယတ္တာ၊ ဝီတိက္ကမိတဗ္ဗဝတ္ထုလျှင် အာရုံရှိကုန်သည်၏ အဖြစ်ကြောင့်ရင်းတည်း။

● "ကြိယစိတ္တေသုပိဝိရတိဝဇ္ဇိတာ"၌ အဘယ့်ကြောင့် မဟာကြိယာစိတ်မှာ ဝိရတိ မယှဉ်ရပါသနည်း။

အဖြေ။ လောကီ ဝိရတီတို့သည် စင်စစ် ကုသိုလ်သဘောရှိသောကြောင့် မယှဉ်ပါ။

လောကိယဝိရတီနံ ကေဝလံ ကုသလ သဘာဝတ္တာ (ဋီ)။

လောကိယဝိရတီနံ၊ လောကီဝိရတီတို့၏။ ကေဝလံ ကုသလ သဘာဝတ္တာ၊ စင်စစ် ကုသိုလ်သဘောရှိကုန်သည်၏ အဖြစ်ကြောင့်တည်း။

---

● "တထာဝိပါကေသုစ အပ္ပမညာဝိရတိဝဇ္ဇိတာ" ၌ အဘယ့်ကြောင့် မဟာဝိပါက်မှာ အပ္ပမညာ ဝိရတီ ကြဉ်ရပါသနည်း။

အဖြေ။ မဟာဝိပါက်သည် ပရိတ္တတရားကို အာရုံပြု၏။ အပ္ပမညာသည် သတ္တဝါပညတ်ကို အာရုံပြု၏၊ ဝိရတီသည် စင်စစ် ကုသိုလ်သဘော ရှိ၏၊ ထို့ကြောင့် ကြဉ်ရပါသည်။

ကာမာဝစရ ဝိပါကာနဉ္စ ကေဝလံ ပရိတ္တာရမ္မဏတ္တာ, အပ္ပမညာနဉ္စသတ္တာရမ္မဏဟာ, ဝိရတီနဉ္စ ကေဝလံကုသလတ္တာ ဝုတ္တံ "အပ္ပမညာ ဝိရတိဝဇ္ဇိတာ" တိ။ (ဋီ)။

ကာမာဝစရဝိပါကာနံ၊ ကာမာဝစရ ဝိပါက်တို့၏ ဧကန္တ ပရိတ္တာရမ္မဏတ္တာစ၊ စင်စစ် ပရိတ္တ တရားလျှင် အာရုံရှိကုန်သည်၏ အဖြစ်ကြောင့်ရင်း။ အပ္ပမညာနံ၊ အပ္ပမညာတို့၏။ သတ္တာရမ္မဏတ္တာစ၊ သတ္တဝါပညတ်လျှင် အာရုံရှိကုန်သည်၏ အဖြစ်ကြောင့်ရင်း။ ဝိရတီနံ၊ ဝိရတီတို့၏။ ဧကန္တ ကုသလတ္တာစ၊ စင်စစ် ကုသိုလ်သဘော ရှိကုန်သည်၏ အဖြစ်ကြောင့်ရင်း။ အပ္ပမညာ ဝိရတိဝဇ္ဇိတာတိ၊ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်ပြီ။

---

● ဝိသေသကစေတသိက်များကို ဖော်ပြ၍ ဝိသေသက (=အထူးပြု) ဟူသောစကား၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

**အဖြေ**။ ဝိတက်, ဝိစာရ, ပီတိ, သုခဟူသော စျာန်တရား ၄-ခု, အပ္ပမညာ ၂-ခု, ဝိရတီ ၃-ခု, ပညိန္ဒြေ ၁၊ ပေါင်း ၁၀-ပါးတည်း။

အချို့စိတ်မှာယှဉ်၍ အချို့စိတ်မှာ မယှဉ်ခြင်းကို ဝိသေသက (=အထူးပြုသည်)ဟု ဆိုပါသည်။

---

● အဘယ်စိတ်မှာ အဘယ် တရားများ အထူးပြုပါသနည်း။

**အဖြေ**။ လောကုတ္တရာစိတ်မှာ ဝိတက်, ဝိစာရ, ပီတိ, သုခ ဟူသော စျာန်တရားများက အထူးပြုပါသည်။

မဟာဂ္ဂုတ်စိတ်မှာ ၎င်းဈာန်တရား ၄-ပါးနှင့် အပ္ပမညာဒွေးက အထူးပြုပါသည်။
ကာမသောဘနစိတ်မှာ ဝိရတိ, ဉာဏ်, ပီတိ, အပ္ပမညာတို့က အထူးပြုပါသည်။

အနုတ္တရေ ဈာနဓမ္မာ၊
အပ္ပမညာစ မဇ္ဈိမေ။
ဝိရတိ ဉာဏ ပီတိစ၊
ပရိတ္တေသု ဝိသေသကာ။

အမှာ။ ဝိတက်သည် ပဌမဈာန်မှာယှဉ်၍ ဒုတိယ, တတိယ, စတုတ္ထ ပဉ္စမဈာန်တို့၌ မယှဉ်ရကား ပဌမဈာန်နှင့် ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမဈာန်တို့ကို ကွဲပြားအောင် ပြုလေသည်၊ ဤနည်းအတူ အခြားဝိသေသက စေတသိက်များကိုလည်း စိတ်ယှဉ်ကိုကြည့်၍ နားလည်ပါစေ။

---

● "ဣဿာ မစ္ဆရိယကုက္ကုစ္စာနိ ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာနိ" ၌ အဘယ့်ကြောင့် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့သည် ပဋိဃအသင်္ခါရိက စိတ်မှာ အသီးသီး ယှဉ်ကြပါသနည်း။

အဖြေ။ အာရုံပြားသောကြောင့် ဖြစ်ပါသည်။
ဘိန္နာရမ္မဏတ္တာ ယေဝ၊ အာရုံပြားသည်၏ အဖြစ်ကြောင့်သာလျှင်။ (ဋီ)။ (အာရုံ ပြားပုံကိုရေးခဲ့ပြီ)။

---

● အဘယ့်ကြောင့် ဝိစိကိစ္ဆာစိတ်မှာ အဓိမောက္ခ မယှဉ်ရပါသနည်း။

**အဖြေ**။ အမိမောက္ခသည် အာရုံကို ဆုံးဖြတ်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့် အာရုံကို မဆုံးဖြတ်နိုင်သော ဝိစိကိစ္ဆာစိတ်မှာ မယှဉ်ပါ။

အ ဓိ မော က္ခ သာ နိစ္ဆယာကာရပ္ပဝတ္တိတော ဒွေဠှကသဘာဝေ ဝိစိကိစ္ဆာစိတ္တေ သမ္ဘဝေါ နတ္ထိ။ (ဋီ)။

အဓိမောက္ခဿ၊ အဓိမောက္ခ၏။ နိစ္ဆယာကာရပ္ပဝတ္တိတော၊ ဆုံးဖြတ်သော အခြင်းအရာ အားဖြင့် ဖြစ်သောကြောင့်။ ဒွေဠှကသဘာဝေ၊ နှလုံးနှစ်ခွ ဖြစ်ခြင်း သဘောရှိသော။ ဝိစိကိစ္ဆာ စိတ္တေ၊ ၌။ သမ္ဘဝေါ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။

---

● မဟဂ္ဂုတ် ပဌမ, ဒုတိယ, တတိယ, စတုတ္ထ, ပဥ္စမ ဈာန်စိတ်တို့၌ အများဆုံး, တပြိုင်နက်, အမြဲတမ်း ယှဉ်သော စေတသိက်များကို သင်္ချာမျှ ဖော်ပြခဲ့ပါ။

**အဖြေ**။

| | ပ | ဒု | တ | စ | ပဉ် |
|---|---|---|---|---|---|
| များ | ၃၅ | ၃၄ | ၃၃ | ၃၂ | ၃၀ |
| ပြိုင် | ၃၄ | ၃၃ | ၃၂ | ၃၁ | ၃၀ |
| မြဲ | ၃၃ | ၃၂ | ၃၁ | ၃၀ | ၃၀ |

---

● မဟာကုသိုလ် ပ-ဒု-တ-စတုတ္ထ ဒွေးတို့၌ အများဆုံး, တပြိုင်နက်, အမြဲတမ်းယှဉ်သော စေတသိက်များကို သင်္ချာမျှ ဖော်ပြခဲ့ပါ။

| အဖြေ။ | ပ | ဒု | တ | စ |
|---|---|---|---|---|
| များ | ၃၈ | ၃၇ | ၃၇ | ၃၆ |
| ပြိုင် | ၃၄ | ၃၃ | ၃၃ | ၃၂ |
| မြဲ | ၃၃ | ၃၂ | ၃၂ | ၃၁ |

● မဟာကြိယာ ပ-ဒု-တ-စတုတ္ထဒွေးတို့၌ အများဆုံး, တပြိုင်နက်, အမြဲတမ်းယှဉ်သော စေတသိက်များကို သင်္ချာမျှဖော်ပြခဲ့ပါ။

| အဖြေ။ | ပ | ဒု | တ | စ |
|---|---|---|---|---|
| များ | ၃၅ | ၃၄ | ၃၄ | ၃၃ |
| ပြိုင် | ၃၄ | ၃၃ | ၃၃ | ၃၂ |
| မြဲ | ၃၃ | ၃၂ | ၃၂ | ၃၁ |

● မဟာဝိပါက် ပ-ဒု-တ-စတုတ္ထဒွေးတို့၌ အများဆုံး, တပြိုင်နက်, အမြဲတမ်းယှဉ်သော စေတသိက်များကို သင်္ချာမျှ ဖော်ပြခဲ့ပါ။

| အဖြေ။ | ပ | ဒု | တ | စ |
|---|---|---|---|---|
| များ | ၃၃ | ၃၂ | ၃၂ | ၃၁ |
| ပြိုင် | ၃၃ | ၃၂ | ၃၂ | ၃၁ |
| မြဲ | ၃၃ | ၃၂ | ၃၂ | ၃၁ |

● ဒေါသမူ အသင်္ခါရိက, သသင်္ခါရိက စိတ်တို့၌ အများဆုံး, တပြိုင်နက် အမြဲတမ်းယှဉ်သော စေတသိက်များကို ဖော်ပြခဲ့ပါ။

**အဖြေ။**

| | အ | သ |
|---|---|---|
| များ | ၂၀ | ၂၂ |
| ပြိုင် | ၁၈ | ၂၀ |
| မြဲ | ၁၈ | ၁၉ |

စေတသိက်ပိုင်းပြီး၏။

မဏ္ဍိုင်

# အဘိဓမ္မာ ကျည်ရေး

# ပဏ္ဏာသ်ပိုင်း

---

## ဝေဒနာ သင်္ဂဟ

● "တေပညာသ သဘာဝတော" ၌ တေပညာသအရကို ကောက်ပြခဲ့ပါ။

အဖြေ။ စိတ် ၁, စေတသိက် ၅၂, ပေါင်း ၅၃-ပါး ဖြစ်ပါသည်။

အမှာ။ စိတ်တခု ယုတ် ၉၀ ရှိသော်လည်း သဘာဝတောဟု ဆိုသောကြောင့် စိတ်မှာ အာရမ္မဏဝိဇာနနလက္ခဏာ တပါးသာ ရှိ၍ တပါးသာ ယူရသည်၊ မေးလျှင် ဖြေတတ်ပါစေ။

---

● "ဒွေမာ ဘိက္ခဝေ ဝေဒနာ သုခါ ဒုက္ခာ" ဟု ဟောတော်မူပါလျက် အဘယ့်ကြောင့် အသျှင်အနုရုဒ္ဓါ ဆရာက ဝေဒနာသုံးပါး ဆိုထားရပါသနည်း။

အဖြေ။ ဝေဒနာ ၂-ပါးဟောထားရာမှာ အပြစ်မရှိသော ဥပေက္ခာဝေဒနာကို သုခဝေဒနာ၌ သွင်း၍ အပြစ်ရှိသော ဥပေက္ခာဝေဒနာကို ဒုက္ခဝေဒနာ၌ သွင်းထားသောကြောင့် ဝေဒနာ ၃-ပါးဆိုရပါသည်။

တံ ပန အနဝဇ္ဇပက္ခိကံ အဒုက္ခမသုခံ သုခဝေဒနာယံ, သာဝဇ္ဇပက္ခိကဥ္စ ဒုက္ခဝေဒနာယံ သင်္ဂဟေတွာ ဝုတ္တံ။ (ဋီ)။

တံ ပန၊ ထိုစကားကိုကား။ အနဝဇ္ဇပက္ခိကံ၊ အပြစ်မရှိသော အဖို့ရှိသော။ အဒုက္ခမသုခံ၊ ဥပေက္ခာဝေဒနာကို။ သုခဝေဒနာယံ၊ သုခဝေဒနာ၌။ သာဝဇ္ဇပက္ခိကံ၊ အပြစ်ရှိသော အဖို့ရှိသော ဥပေက္ခာဝေဒနာကို။ ဒုက္ခဝေဒနာယံ၊ ဒုက္ခဝေဒနာ၌။ သင်္ဂဟေတွာ၊ ပေါင်းယူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။

---

● အချို့သုတ္တန်မှာ ဒုက္ခဝေဒနာ တပါးသာ ဟောထားပါလျက် အဘယ့်ကြောင့် ဝေဒနာ ၃-ပါးဆိုထားရပါသနည်း။

**အဖြေ**။ အလုံးစုံသောဝေဒနာတို့သည် ဒုက္ခသဘောရှိသောကြောင့် ဒုက္ခဝေဒနာတမျိုးသာ ဟောထားခြင်းဖြစ်ပါသည်၊ ထို့ကြောင့် ဝေဒနာ ၃-ပါး ဆိုထားပါသည်။

တံ သင်္ခါရဒုက္ခတာယသဗ္ဗဝေဒနာနံ ဒုက္ခသဘာဝတ္တာ ဝုတ္တံ။ (ဋီ)။

တံ၊ ထိုစကားကို။ သင်္ခါရ ဒုက္ခတာယ၊ သင်္ခါရ ဒုက္ခ၏ အဖြစ်ကြောင့်။ သဗ္ဗဝေဒနာနံ၊ ခပ်သိမ်းသော ဝေဒနာတို့၏။ ဒုက္ခ သဘာဝတ္တာ၊ ဒုက္ခသဘော ရှိကုန်သည်၏ အဖြစ်ကြောင့်။ ဝုတ္တံ၊ ပြီ။

● အဘယ့်ကြောင့် ဣန္ဒြိယဘေဒ အားဖြင့် ဝေဒနာ ၅-ပါး ဆိုထားရပါသနည်း။

အဖြေ။ သုခဝေဒနာသည် ကာယိကသာတ, မာနသိကသာတ အားဖြင့် ၂-ပါးပြားသောကြောင့်၎င်း၊

ဒုက္ခဝေဒနာသည် ကာယိက အသာတ, မာနသိက အသာတအားဖြင့် ၂-ပါး ပြားသောကြောင့်၎င်း။

ဥပေက္ခာဝေဒနာသည် အပြားမရှိသောကြောင့်၎င်း- ၅-ပါး ဆိုပါသည်။

ကာယိကမာနသိက သာတာသာတဘေဒတော
သုခံ ဒုက္ခဉ္စ ပစ္စေကံ ဒွိဓာ၊ဥပေက္ခာ ပန ဘေဒါ
ဘာဝတော ဥပေက္ခိန္ဒြိယန္တိ ကေဓာဝ။ (ဋီ)။

ကာယိက မာနသိက သာတာသာတ ဘေဒတော၊ ကာယိကသာတ မာနသိကသာတ ကာယိကအသာတ မာနသိကအသာတ အားဖြင့် ကွဲပြားခြင်းကြောင့်။ သုခံ၊ သုခဝေဒနာသည်၎င်း။ ဒုက္ခဉ္စ၊သည် ၎င်း။ ပစ္စေကံ၊ အသီးသီး။ ဒွိဓာ၊ ၂-ပါးစီပြား၏။ ဥပေက္ခာပန၊ သည်ကား။ ဘေဒါဘာဝတော၊ အပြားမရှိခြင်းကြောင့်။ ဥပေက္ခိန္ဒြိယန္တိ၊ ဟူ၍။ ကေဓာဝ၊ တပါးသာ အဖို့ရှိ၏။

ဝေဒနာသင်္ဂဟ ပြီး၏။

## ကိစ္စ သင်္ဂဟ

● သန္တီရဏချင်း တူပါလျက် အဘယ့်ကြောင့် သုခ သန္တီရဏမှာ ပဋိသန္ဓေကိစ္စ မတပ်ရပါသနည်း။

**အဖြေ**။ သုခသန္တီရဏသည် ပဋိသန္ဓေ၏ အစွမ်းအားဖြင့် မဖြစ်သောကြောင့် ပဋိသန္ဓေကိစ္စ မတပ်ပါ။

သုခ သန္တီရဏဿ ပဋိသန္ဓိဝသပ္ပဝတ္တိ ဘာဝါ ဘာဝတော။ (ဋီ)။

သုခ သန္တီရဏဿ၊ ၏။ ပဋိသန္ဓိ ဝသပ္ပဝတ္တိ ဘာဝါ ဘာဝတော၊ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ဖြစ်ခြင်း မရှိသောကြောင့်တည်း။

**အမှာ**။ ဥပေက္ခာ သန္တီရဏကို ပဝတ္တိ ပဋိသန္ဓေအားဖြင့် ဟော၍ သုခ သန္တီရဏကို ပဝတ္တိအာ ဖြင့်သာ ပဋ္ဌာန်းပါဠိတော်မှာ ဟောထားသောကြောင့်ဟု (ဋီ)၌ အကျယ်လာ၏။

---

● အဘယ့်ကြောင့် အာဝဇ္ဇန်းဒွေးသည် ဇောကိစ္စမတပ်ပါသနည်း။

**အဖြေ**။ အာရုံ၏ အရသာကို ခံစားခြင်း မရှိသောကြောင့် ဖြစ်ပါသည်။

တဿ အာရမ္မဏရသာနုဘဝနာ ဘာဝတော ဝုတ္တံ "အာဝဇ္ဇနဒွယ ဝဇ္ဇိတာနီ"တိ။ (ဋီ)။

တဿ၊ ထို မနောဒွါရာဝဇ္ဇန်း၏။ အာရမ္မဏရသာနုဘဝနာ အာဝတော၊ အာရုံ၏ အရသာကို ခံစား

ခြင်း၏ မရှိခြင်းကြောင့်။ အာဝဇ္ဇနဒွယဝဇ္ဇိတာနိတိ၊ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်ပြီ။

---

● မဂ်စိတ်သည် တကြိမ်သာဖြစ်လျက် အဘယ့်ကြောင့် ဇောကိစ္စ တပ်ပါသနည်း။

**အဖြေ**။ မဂ်စိတ်သည် ဇောသဘော ရှိသောကြောင့် ဖြစ်ပါသည်။

တံ သဘာဝဝသေန္တတာယ ဇဝနကိစ္စံနာမ။ (ဋီ)။

တံ သဘာဝဝသေန္တတာယ၊ ထိုဇောသဘော ရှိသည်၏ အဖြစ်ကြောင့်။ ဇဝနကိစ္စံနာမ၊ ဇောကိစ္စတပ်သည် မည်၏။

ကိစ္စသင်္ဂဟ ပြီး၏။

---

## ဒွါရ သင်္ဂဟ

● "မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ"၌ မနောဒွါရ အရ, ဘဝင်အရတို့ကို ကောက်ပြပေးပါ။

**အဖြေ**။ မနောဒွါရ အရကား မနောဒွါရာ ဝဇ္ဇန်း စိတ်၏ အခြားမဲ့၌ ဖြစ်သော ဘဝင်္ဂုပစ္ဆေဒ ၁၉-ခု ဖြစ်ပါသည်။

ဘဝင်အရလည်း ၎င်း ၁၉-ခုပင်တည်း။

ဘဝင်္ဂန္တိ အာဝဇ္ဇနာနန္တရံ ဘဝင်္ဂံ။ (ဋီ)။

ဘဝင်္ဂန္တိ၊ ဟူသည်ကား။ အာ ဝ ဇ္ဇ န ာ န န္တ ရံ၊ မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့ဖြစ်သော။ ဘဝင်္ဂံ၊ ဘဝင်တည်း။

- "စက္ခုဒွါရေယထာရဟံ"၌ ယထာရဟံ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**အဖြေ**။ ယောနိသော မနသိကာရ, အယောနိသော မနသိကာရ, နိရာနုသယသန္တာန် စသည်တို့ အားလျော်စွာ ဖြစ်ခြင်းကို ယထာရဟံ ဆိုပါသည်။

ယထာရဟန္တိ ဣဋ္ဌာဒိအာရမ္မဏေ ယောနိသော အယောနိသော မနသိကာရ နိရာနုသယသန္တာနာဒိနံ အနုရူပတော။ (ဋီ)။

ယထာရဟန္တိ၊ဟူသည်ကား။ ဣဋ္ဌာဒိ အာရမ္မဏေ၊ ဣဋ္ဌ အစရှိသော အာရုံ၌။ ယောနိသော အယောနိသော မနသိကာရ နိရာနုသယ သန္တာနာဒိနံ၊ စသည်တို့အား။ အနုရူပတော၊ လျော်သောအားဖြင့်။

---

- အဘယ့်ကြောင့် တခုယုတ် ၂၀-သော စိတ်တို့သည် ဒွါရဝိမုတ် ဖြစ်ရပါသနည်း။

**အဖြေ**။ စက္ခုစသော ဒွါရတို့၌ မဖြစ်သောကြောင့်ရင်း, မိမိတို့ ကိုယ်တိုင်က မနောဒွါရဟု ဆိုအပ်သော ဘဝင်စိတ်များ ဖြစ်နေသောကြောင့်ရင်း, ကမ္မနိမိတ် အာရုံ စသည်မှ တပါးသော အာရုံကို အာရုံမပြုသောကြောင့်ရင်း ဒွါရဝိမုတ် ဖြစ်ပါသည်။

စက္ခာဒိဒွါရေသု အပ္ပဝတ္တနတော, မနောဒွါရ
သင်္ခါတ ဘဝင်္ဂတော, အာရမ္မဏန္တရဂ္ဂဟဏာဝသေ
န အပ္ပဝတ္တိတော စ။ (ဋီ)။

စက္ခာဒိဒွါရေသု၊ စက္ခု အစရှိသော ဒွါရတို့၌။ အပ္ပဝတ္တနတော၊ မဖြစ်ခြင်းကြောင့်ရင်း။ မနောဒွါရ သင်္ခါတ ဘဝင်္ဂတော၊ မနောဒွါရဟု ဆိုအပ်သော ဘဝင်စိတ်၏ အဖြစ်ကြောင့်ရင်း။ အာရမ္မဏန္တရဂ္ဂ ဟဏာဝသေန၊ တပါးသော အာရုံကို ယူခြင်း၏ အစွမ်းအားဖြင့်။ အပ္ပဝတ္တိတော စ၊ မဖြစ်ခြင်းကြောင့် ရင်း။

---

● ဥပေက္ခာသန္တီရဏနှင့် မဟာဝိပါက် စိတ်တို့သည် အဘယ်အခါမှာ ဆဒွါရိကဖြစ်၍, အဘယ်အခါမှာ ဒွါရဝိမုတ် ဖြစ်ကြပါသနည်း။

အဖြေ။ သန္တီရဏကိစ္စ, တဒါရုံကိစ္စတပ်ခိုက် ဆဒွါရိကဖြစ်၍ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်ခိုက် ဒွါရဝိမုတ်ဖြစ်ပါသည်။

ပဉ္စဒွါရေသု သန္တီရဏ တဒါရမ္မဏဝသေန,
မနောဒွါရေစ တဒါရမ္မဏဝသေန ပဝတ္တနတော
ဆဒွါရိကာနိစေဝ၊ ပဋိသန္ဓာဒိဝ သပ္ပဝတ္တိယာ
ဒွါရဝိမုတ္တာနိစ။ (ဋီ)။

ပဉ္စဒွါရေသု၊ ငါးဒွါရတို့၌။ သန္တီရဏ တဒါ ရမ္မဏဝသေန၊ သန္တီရဏကိစ္စ တဒါရုံကိစ္စတို့၏ အစွမ်း

အားဖြင့်။ ပဝတ္တနတော စ၊ ဖြစ်ခြင်းကြောင့်ရင်း။ မနောဒွါရေ၊ ၌။ တဒါရမ္မဏဝသေန၊ ဖြင့်။ ပဝတ္တနတော၊ ရင်း။ ဆဒွါရိကာနိဧဝ၊ ခြောက်ဒွါရ၌လည်း ဖြစ်ကုန်၏။ ပဋိသန္ဓာဒိ ဝသပ္ပဝတ္တိယာ၊ ပဋိသန္ဓေ အစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်ခြင်းကြောင့်။ ဒွါရဝိမုတ္တာနိ စ၊ ဒွါရမှလည်း လွတ်ကုန်၏။

ဒွါရသင်္ဂဟ ပြီး၏။

---

## အာရမ္မဏ သင်္ဂဟ

● “ကာလဝိမုတ္တဉ္စ”၌ အဘယ့်ကြောင့် အဘယ်ကို ကာလဝိမုတ် ခေါ်ပါသနည်း။

**အဖြေ**။ မပျက်စီးနိုင်ရကား အတိတ်ကာလ စသည်ဖြင့် မခေါ်ထိုက်သောကြောင့် နိဗ္ဗာန်နှင့် ပညတ်ကို ကာလဝိမုတ်ခေါ်ပါသည်။

ဝိနာသာဘာဝတော အတီတာဒိကာလဝသေန နဝတ္တဗ္ဗတ္တာ နိဗ္ဗာနံ ပညတ္တိ စ ကာလဝိမုတ္တာ နာမ။ (ဋီ)။

ဝိနာသာ ဘာဝတော၊ ပျက်စီးခြင်း၏ မရှိခြင်းကြောင့်။ အတီတာဒိကာလဝသေန၊ အတိတ်အစ ရှိသော ကာလ၏ အစွမ်းအားဖြင့်။ နဝတ္တဗ္ဗတ္တာ၊

မဆိုအပ်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနံ၊ သည်ရင်း။ ပညတ္တိစ၊ သည်ရင်း။ ကာလဝိမုတ္တာနာမ၊ မည်၏။

---

● မနောဒွါရိက စိတ္တာနံ ။ပ။ ယထာရဟ မာရဗ္ဘတိ ၌ ယထာရဟံ၏ အဓိပ္ပါယ်ကို ဖော်ပြပါ။

အဖြေ။ မနောဒွါရိကစိတ်တို့၏ ကာမဇော, အဘိညာဉ်ဇော, ကြွင်းသော မဟဂ္ဂုတ်ဇော စသည်တို့အား လျော်စွာ ဖြစ်ခြင်းကို ယထာရဟံဆိုပါသည်။

ယထာရဟန္တိ ကာမာဝစရ ဇဝန အဘိညာ သေသမဟဂ္ဂတာဒိဇဝနာနံအနုရူပတော။ (ဋီ)။

ယထာရဟန္တိ၊ ဟူသည်ကား။ ကာမာဝစရဇဝနအဘိညာသေသမဟဂ္ဂတာဒိဇဝနာနံ၊ ကာမာဝစရဇော, အဘိညာဉ်ဇော, ကြွင်းသော မဟဂ္ဂုတ် အစရှိသော ဇောတို့အား။ အနုရူပတော၊ လျော်သောအားဖြင့်။

---

● "ယေဘုယျေန ဘဝန္တရေ"၌ အဘယ့်ကြောင့် ယေဘုယျေနသဒ္ဒါကို ဆိုရပါသနည်း။

အဖြေ။ အသညသတ်ကို စင်စေလိုသောကြောင့် ဆိုပါသည်။

အသညီဘဝတော စုတာနဉ္စ ပဋိသန္ဓိဝိသယဿ အနန္တရာတီတဘဝေ န ကေနစိ ဒွါရေန ဂဟိတတ္တာ အတ္ထိတိ တဒေဝေတ္ထ ယေဘုယျဂ္ဂဟဏေန ဗျာဘိစာရိတံ။ (ဋီ)။

ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ အသညီဘဝတော၊ အသညသတ်ဘုံမှ။ စုတာနံ၊ စုတေသောသူတို့၏။ ပဋိသန္ဓိဝိသယဿ၊ ပဋိသန္ဓေစိတ်၏ အာရုံကို။ အနန္တရာတီတဘဝေ၊ အခြားမဲ့ အတိတ်ဖြစ်သော အသညသတ်ဘုံ၌။ကေနစိဒွါရေန၊ တစုံတခုသော ဒွါရဖြင့်။ ဂဟဏံ၊ ယူခြင်းသည်။ နအတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ တဒေဝ၊ ထိုအနက်ကိုသာလျှင်။ ဧတ္ထ၊ ဤနေရာ၌။ ယေဘုယျဂ္ဂဟဏေန၊ သဒ္ဒါဖြင့်။ဗျဘိစာရိတံ၊အထူးပြုအပ်ပြီ။

---

● အဘယ့်ကြောင့် ဒွါရဝိမုတ်စိတ်တို့သည် အနာဂတ် အာရုံကို အာရုံမပြုကြပါသနည်း။

**အဖြေ**။ အနာဂတ် အာရုံသည် ခံစားအပ်ဘူးသည်လည်း မဟုတ်, ထင်နေဆဲလည်း မဟုတ်သောကြောင့် ဖြစ်ပါသည်။

> န ဟိ တံ အတီတကမ္မကမ္မနိမိတ္တာနိ ဝိယ အနုဘူတံ၊နာပိ ပစ္စုပ္ပန္န ကမ္မနိမိတ္တ ဂတိနိမိတ္တာနိဝိယ အာပါထာဂတဥ္စ ဟောတိ။

ဟိ၊ မှန်၏။ တံ၊ ထိုအနာဂတ်အာရုံသည်။ အတီတကမ္မကမ္မနိမိတ္တာနိဝိယ၊ အတိတ်ကံ ကမ္မနိမိတ်တို့ကဲ့သို့။ အနုဘူတံ၊ ခံစားအပ်ဘူးသည်။ နဟောတိ၊ မဖြစ်။ ပစ္စုပ္ပန္နကမ္မနိမိတ္တ ဂတိနိမိတ္တာနိဝိယ၊ပစ္စုပ္ပန်

ကမ္မနိမိတ် ဂတိနိမိတ်ကို့ကဲ့သို့။ အာပါထာဂတဥ၊ ထင်ခြင်းသို့ရောက်ဆဲသည်လည်း။ နာပိဟောတိ၊ ဖြစ်လည်းမဖြစ်။

---

● "ဟာသနစိတ္တဉ္စေတိ သဗ္ဗထာပိ ကာမာဝစရာရမ္မဏာ နေဝ"၌ ဟသိတုပ္ပါဒ် စိတ်၏ ကာမဖြစ်သော အာရုံ ၆-ပါးကို အာရုံပြုပုံကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ရန် သင့်လျော်သော ဌာနကိုတွေ့၍ ဝမ်းမြောက်သောသူ၏ ဟသိတုပ္ပါဒ်စိတ်သည် ရူပါရုံကို,

ပစ္စည်းဘဏ္ဍာတို့ကို ဝေဖန်ရာ၌ ကျယ်လောင်သော အသံကို ကြားရ၍ ဤကဲ့သို့သော လောလုပ္ပတဏှာကို ငါပယ်အပ်ပြီဟု ဝမ်းမြောက်သောသူ၏ ဟသိတုပ္ပါဒ်စိတ်သည် သဒ္ဒါရုံကို,

နံ့သာ စသည်တို့ဖြင့် စေတီတော်ကို ပူဇော်ရာအခါ၌ ဝမ်းမြောက်သောသူ၏ ဟသိတုပ္ပါဒ်စိတ်သည် ဂန္ဓာရုံကို,

အရသာရှိသော ဆွမ်းကို သီတင်းသုံးဖော်များနှင့် ခွဲဝေစားသောက်ရာ၌ ဝမ်းမြောက်သောသူ၏ ဟသိတုပ္ပါဒ်စိတ်သည် ဖောဋ္ဌဗ္ဗာရုံကို,

ပုဗ္ဗေနိဝါသဉာဏ် စသည်တို့ဖြင့် ယူအပ်သော ကာမာဝစရတရားကို အာရုံပြု၍ ဝမ်းမြောက်သော

သူ၏ ဟသိတုပ္ပါဒ်စိတ်သည် ဓမ္မာရုံကို အာရုံပြုပါသည်။

**အမှာ**။ (သတိပြုပါ၊ ဤမေးခွန်း အစိုးရက မေးဘူးပြီ)။

ဟသန စိတ္တမ္ပိ ပဓာနသာရုပ္ပဋ္ဌာနံ ဒိသွာ တုဿန္တဿ ရူပါရမ္မဏော,

ဘဂ္ဂဘာဇနဋ္ဌာနေ မဟာသဒ္ဒံ သုတွာ ဝေရူပါ လောလုပ္ပတက္ကာ မေ ပဟီနာတိ တုဿန္တဿ သဒ္ဒါရမ္မဏော,

ဂန္ဓာဒီဟိ စေတိယပူဇနကာလေ တုဿန္တဿ ဂန္ဓာရမ္မဏော,

ရသသမ္ပန္နံ ပိဏ္ဍပါတံ သဗြဟ္မစာရီဟိ ဘာဇေတွာ ပရိဘုဉ္ဇနကာလေ တုဿန္တဿ ရသာရမ္မဏော,

အာဘိသမာစာရိက ဝတ္တ ပရိပူရဏ ကာလေ တုဿန္တဿ ဖောဋ္ဌဗ္ဗာရမ္မဏော,

ပုဗ္ဗေနိဝါသဉာဏာဒီဟိ ဂဟိတကာမာဝစရဓမ္မံ အာရဗ္ဘ တုဿန္တဿ ဓမ္မာရမ္မဏော။ (ဋီ)။

ဟသနစိတ္တမ္ပိ၊ ယသိတုပ္ပါဒ် စိတ်သည်လည်း။ ပဓာန သာရုပ္ပဋ္ဌာနံ၊ ကမ္မဋ္ဌာန်းအားထုတ်ရန် သင့်လျော်သော ဌာနကို။ ဒိသွာ၊ မြင်ရ၍။ တုဿန္တဿ၊ ဝမ်းမြောက်သောသူ၏။ ရူပါရမ္မဏော၊ ဩ။

ဘဏ္ဍာဘာဇနဋ္ဌာနေ၊ ပစ္စည်းဘဏ္ဍာကို ဝေဖန်ရာဌာနဌ်။ မဟာသဒ္ဒံ၊ ကျယ်သောအသံကို။ သုတွာ၊ ကြားရသည်ရှိသော်။ ဝေရူပါ၊ ဤသို့ သဘောရှိသော။ လောလုပ္ပတဏှာ၊ ကို။ မေ၊ ငါသည်။ ပဟီနာ၊ ပယ်အပ်ပြီ။ ဣတိ၊ ဤသို့။ တုဿန္တဿ၊ ၏။ သဒ္ဒါရမ္မဏာ၊ ဌ်။

ဂန္ဓာဒီဟိ၊ နံ့သာ စသည်တို့ဖြင့်။ စေတိယပူဇနကာလေ၊ စေတီတော်ကို ပူဇော်ရာအခါဌ်။ တုဿန္တဿ၊ ၏။ ဂန္ဓာရမ္မဏာ၊ ဌ်။

ရသသမ္ပန္နံ၊ အရသာနှင့် ပြည့်စုံသော။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ သဗြဟ္မစာရီဟိ၊ သီတင်းသုံးဖော်တို့ဖြင့်။ ဘာဇေတွာ၊ ဝေဖန်၍။ ပရိဘုဉ္ဇနကာလေ၊ သုံးဆောင်ရာ အခါဌ်။ တုဿန္တဿ၊ ၏။ ရသာရမ္မဏာ၊ ဌ်။

အာဘိသမာစာရိက ဝတ္တပရိပူရဏကာလေ၊ အာဘိသမာစရိက ဝတ်ကို ဖြည့်ကျင့်ရာ အခါဌ်။ တုဿန္တဿ၊ ၏။ ဖောဋ္ဌဗ္ဗာရမ္မဏာ၊ ဌ်။

ပုဗ္ဗေနိဝါသ ဉာဏာဒီဟိ၊ ပုဗ္ဗေနိဝါသဉာဏ် စသည်တို့ဖြင့်။ ဂဟိတ ကာမာဝစရဓမ္မံ၊ ယူအပ်သော ကာမာဝစရတရားကို။ အာရဗ္ဘ၊ အာရုံပြု၍။ တုဿန္တဿ၊ ၏။ ဓမ္မာရမ္မဏာ၊ ဌ်။ ပဝတ္တတိ၊ ဖြစ်၏။

● အကုသိုလ်စိတ် ၁၂, ဉာဏဝိပ္ပယုတ်ဇော ၈- ခုတို့သည် အဘယ့်ကြောင့် လောကုတ္တရာ တရားကို အာရုံမပြုနိုင်ပါသနည်း။

**အဖြေ**။ ၎င်းစိတ်တို့သည် မိုက်မဲကြသောကြောင့် လောကုတ္တရာ တရားကို အာရုံမပြုနိုင်ကြပါ။

အတ္တနော ဇဠဘာဝတော။ (ဋီ)။

အတ္တနော၊ မိမိ၏။ ဇဠဘာဝတော၊ မိုက်မဲသည်၏ အဖြစ်ကြောင့်တည်း။

---

● မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခုနှင့် ကုသိုလ် အဘိညာဉ်တို့သည် အဘယ့်ကြောင့် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို အာရုံမပြုနိုင်ကြပါသနည်း။

**အဖြေ**။ သေက္ခ ပုထုဇန်တို့၏ သန္တာန်မှာသာ ဖြစ်သောကြောင့် အာရုံမပြုနိုင်ကြပါ။

သေက္ခ ပုထုဇ္ဇနသန္တာနေသွေဝ ပဝတ္တနတော။ (ဋီ)။

သေက္ခပုထုဇ္ဇန သန္တာနေသွေဝ၊ သေက္ခပုထုဇန်တို့၏ သန္တာန်၌သာလျှင်။ ပဝတ္တနတော၊ ဖြစ်ခြင်းကြောင့်တည်း။

---

● မဟာကြိယာဉာဏသမ္ပယုတ် ၄, ကြိယာ အဘိညာဉ်နှင့် ဝုဋ္ဌောတို့သည် မည်သည့်အခါ၌ အာရုံအာလုံးကို အာရုံပြုပါသနည်း။

အဖြေ။ ကြိယာစိတ်များသည် သဗ္ဗညုတဉာဏ် စသည်တို့၏ အစွမ်းဖြင့် ဖြစ်ရာအခါ, ဝုဋ္ဌောသည် ထိုထိုဇောတို့၏ ရှေသွားခေါင်းဆောင်၏ အစွမ်းဖြင့် ဖြစ်ရာအခါတို့၌သာ အလုံးစုံကို အာရုံပြုပါသည်။ (အခါခပ်သိမ်း အလုံးစုံကို အာရုံမပြုနိုင်)။

> ကြိယဇဝနာနံ ဟိ သဗ္ဗညုတဉာဏာဒိ ဝသပ္ပဝတ္တိယံ, ဝေါဋ္ဌဗ္ဗနဿစ တံတံ ပုရေစာရိကဝသပ္ပဝတ္တိယံ။ (ဋီ)။

ဟိ၊ မှန်၏။ ကြိယဇဝနာနံ၊ တို့၏။ သဗ္ဗညုတ ဉာဏာဒိဝသပ္ပဝတ္တိယံ၊ သဗ္ဗညုတဉာဏ် အစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်ရာအခါ၌။ ဝေါဋ္ဌဗ္ဗနဿစ၊ ဝုဋ္ဌော၏လည်း။ တံတံပုရေစာရိက ဝသပ္ပဝတ္တိယံ၊ ထိုထိုဇောတို့၏ ရှေသွားခေါင်းဆောင်၏ အဖြစ်ဖြင့် ဖြစ်ရာအခါ၌။

အာရမ္မဏသင်္ဂဟ ပြီး၏။

---

## ဝတ္ထုသင်္ဂဟ

- အဘယ့်ကြောင့် ကာမဘုံမှာ ဝတ္ထုရုပ် ၆-ပါးလုံး ရပါသနည်း။

အဖြေ။ ပြည့်စုံသော ဣန္ဒြေရှိသောသူကို ကာမဘုံမှာသာ ရအပ်သောကြောင့် ၆-ပါးလုံး ရပါသည်။

ပရိပုဏ္ဏိန္ဒြိယဿ တတ္ထေဝ ဥပလဗ္ဘနတော။ (ဋီ)။
ပရိပုဏ္ဏိန္ဒြိယဿ၊ ပြည့်စုံသော ဣန္ဒြေရှိသောသူ၏။ တတ္ထေဝ၊ ထိုကာမဘုံ၌သာလျှင်။ ဥပလဗ္ဘနတော၊ ရအပ်သည်၏ အဖြစ်ကြောင့်တည်း။

မှတ်ချက်။ သမ္ဘာနိဝိ၌ "ဗိ" သဒ္ဒါဖြင့် ကန်းသောသူမှာ စက္ခု ဝတ္ထု မရ စသည်ကိုပြသည်။

---

● အဘယ့်ကြောင့် ရူပဘုံမှာ ဃာနာဒိတ္တယ မရပါသနည်း။

အဖြေ။ ကာမဝိရာဂဘာဝနာ၏ အစွမ်းဖြင့် ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့၌ တပ်ခြင်းကင်းရကား ဃာနာဒိတ္တယမှာလည်း တပ်ခြင်းကင်းသောကြောင့် မရပါ။

ကာမ ဝိရာဂ ဘာဝနာ ဝသေန ဂန္ဓ ရသ ဖောဋ္ဌဗ္ဗေသု ဝိရတ္တတာယ တဗ္ဗိသယပ္ပသာဒေသုပိ ဝိရာဂ သဗ္ဘာဝတော။ (ဋီ)။

ကာမဝိရာဂ ဘာဝနာဝသေန၊ ကာမဝိရာဂ ဘာဝနာ၏ အစွမ်းဖြင့်။ ဂန္ဓရသဖောဋ္ဌဗ္ဗေသု၊ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့၌။ ဝိရတ္တတာယ၊ တပ်ခြင်းကင်းသည်၏ အဖြစ်ကြောင့်၊ တဗ္ဗိသယပ္ပသာဒေသုပိ၊ ထိုအာရုံ ၃-ပါးလျှင် အာရုံရှိသော ပသာဒတို့၌လည်း။ ဝိရာဂသဗ္ဘာဝတော၊ တပ်ခြင်းကင်းသောကြောင့်တည်း။

● အဘယ့်ကြောင့် ရူပဘုံမှာ စက္ခုသောတ ၂-ပါးကို ရပါသနည်း။

အဖြေ။ ဘုရားဖူးခြင်း, တရားနာခြင်းစသော အကျိုးငှာ စက္ခုသောတတို့၌ တပ်ခြင်း မကင်းသောကြောင့် ရပါသည်။

ဗုဒ္ဓဒဿန ဓမ္မဿဝနာဒိအတ္ထံ ပန စက္ခုသော တေသု အဝိရတ္တဘာဝတော စက္ခာဒိဒ္ဒယံ တတ္ထ ဥပလဗ္ဘတိ။ (ဋီ)။

ဗုဒ္ဓဒဿန ဓမ္မဿဝနာဒိ အတ္ထံ၊ ဘုရား ဖူးခြင်း တရားနာခြင်း စသည် အကျိုးငှာ။ စက္ခုသောတေသု၊ တို့၌။ အဝိရတ္တဘာဝတော၊ တပ်ခြင်းမကင်းခြင်းကြောင့်။ စက္ခာဒိဒ္ဒယံ၊ ကို။ တတ္ထ၊ ထိုရူပဘုံ၌။ ဥပလဗ္ဘတိ၊ ရအပ်၏။

---

● အဘယ့်ကြောင့် အရူပဘုံမှာ ဝတ္ထုရုပ် မရပါသနည်း။

အဖြေ။ ရူပဝိရာဂ ဘာဝနာ၏ အစွမ်းဖြင့် အရူပဘုံမှာ အခါခပ်သိမ်း ရုပ်မဖြစ်သောကြောင့် ဝတ္ထုရုပ် မရပါ။

ရူပဝိရာဂဘာဝနာဝသေန တတ္ထ သဗ္ဗေနသဗ္ဗံ ရူပပ္ပဝတ္တိယာ အဘာဝတော။ (ဋီ)။

ရူပဝိရာဂဘာဝနာဝသေန၊ အစွမ်းဖြင့်။ တတ္ထ၊ ထိုအရူပဘုံ၌။ သမ္ဘဝနသမ္ဘဝ၊ အခါခပ်သိမ်း။ ရူပပ္ပဝတ္တိယာ၊ ရုပ်ဖြစ်ခြင်း၏။ အဘာဝတော၊ မရှိခြင်းကြောင့်တည်း။

---

● အဘယ့်ကြောင့် သန္တီရဏ ၃-ခုနှင့် မဟာဝိပါက် ၈-ခုတို့သည် အရူပဘုံမှာ မဖြစ်ကြပါသနည်း။

**အဖြေ**။ အရူပဘုံ၌ ဒွါရမရှိခြင်း, ကိစ္စ မရှိခြင်းတို့ကြောင့် မဖြစ်ပါ။

ဒွါရာဘာဝတော ကိစ္စာဘာဝတောစ။ (ဋီ)။

ဒွါရ ဘာဝတော၊ ဒွါရမရှိခြင်းကြောင့်ရင်း။

ကိစ္စာဘာဝတော စ၊ ကိစ္စ မရှိခြင်းကြောင့်ရင်းတည်း။

---

● အောက်ပါဂါထာ၏ အဓိပ္ပါယ်ကို ရှင်းပြခဲ့ပါ။

ဆ ဝတ္ထုံ နိဿိတာကာမေ၊
သတ္တ ရူပေ စတုဗ္ဗိဓာ။
တိဝတ္ထုံ နိဿိတာ ရူပေ၊
ဓာတွေကာ နိဿိတာ မတာ။

**အဖြေ**။ "ဆ ဝတ္ထုံနိဿိတာ ကာမေ သတ္တ" ဖြင့် ကာမဘုံမှာ သတ္တဝိညာဏဓာတ် ၇-ပါးသည် ဆဝတ္ထုကို မှီ၏ဟု ပြပါသည်။

"ရူပေစတုဗ္ဗိဓာ တိဝတ္ထု" ဖြင့် ရူပဘုံမှာ စက္ခု, သောတ, မနော, မနောဝိညာဏဓာတ် ၄-ပါး သည် စက္ခု, သောတ, ဟဒယဝတ္ထု ၃-ပါးကိုမှီ၏ ဟု ပြပါသည်။

"အရူပေ ဓာတုေကာ နိဿိတာ"ဖြင့် အရူပ ဘုံမှာ မနောဝိညာဏဓာတ်တပါးသည် ဝတ္ထုရုပ်ကို မမှီဟု ပြပါသည်။ (ရူပဘုံဆိုသော်လည်း အသည သတ်ကြဉ် ရူပ ၁၅-ဘုံသာယူ)။

---

● "ဒွေစတ္တာလီသ ဇာယရေ၊ နိဿာယစ အနိဿာ ယ"၌ ရင်းစိတ် ၄၂-ပါးသည် အဘယ်ဘုံမှာ မှီ၍ အဘယ်ဘုံမှာ မမှီသနည်း။

အဖြေ။ ပဉ္စဝေါကာရ (=ကာမ,ရူပ) ဘုံ၌ မှီ၍ စတုဝေါ ကာရ (=အရူပ) ဘုံမှာ မမှီပါ။ (၄)။

---

● "မိကျောင်းမှာ လျှာမရှိ" ဟု ပြောဆိုကြသော စကားကို သင့်မသင့် အကြောင်းပြ၍ ဖြေခဲ့ပါ။

အဖြေ။ မသင့်ပါ၊ အကြောင်းကား ကာမဘုံမှာ ဇိဝှါယတ န ချို့ကောင်းသောပုဂ္ဂိုလ် မရှိသောကြောင့် ဖြစ် ပါသည်။

အမှာ။ ဤအဖြေကား အများ ဖြေရိုး ဖြေစဉ် ဖြစ်၏၊ သို့ရာတွင် Burmese Folk tales (မြန်မာလူမျိုး၏ ရှေးစကား ပုံဝတ္ထုများ) ခေါ် အင်္ဂလိပ်စာအုပ်ထဲမှာ မိကျောင်းမှာ လျှာမရှိကြောင်း ရေးထားတာကို တွေ့ရဘူး၏၊ ဤစာရေးသူ

ကိုယ်တိုင် ရန်ကုန်မြို့ တိရစ္ဆာန်ရုံထဲ သွားရောက်ကြည့်ရှုရာ မိကျောင်းမှာ လျှာမရှိကြောင်းကို သေသေချာချာ တွေ့မြင်ခဲ့ရသည်၊ (မိကျောင်းများမှာ မကြာခဏ ပါးစပ်ကို ဟပြီး နေတတ်သဖြင့် မိကျောင်းမှာ လျှာရှိမရှိကို မည်သူမဆို သွားရောက် ကြည့်ရှုနိုင်ပေသည်၊) ထို့ကြောင့် ဤအချက်ကို ပညာရှိများ စိစစ်သင့်၏။

---

● ၅၁ နှ ၂၅-ပါးကို ဖော်ပြခဲ့ပါ။

အဖြေ။ ပဋိသန္ဓေ ၁, ဘဝင် ၆, အာဝဇ္ဇန်း ၂, ပဉ္စဝိညာဉ် ၁, သမ္ပဋိစ္ဆိုန်း ၁, သန္တီရဏ ၁, ဝုဋ္ဌော ၂, ဇော ၆, တဒါရုံ ၂, စုတိ ၃, ပေါင်း ၅၁ နှ ၂၅-ပါး။

ဆောင်။ ဇော်ပဋိသန်၊ ဘဝင်၅၁နှ်ဆ၊ ဝိညာဏ်သန္တိ၊ တစ်၅၁နှ်စိ ထည့်၊ နှစ်လီဝုဋ္ဌော၊ ဇောခြောက်၅၁နှ်ဖြစ်၊ နှစ်တဒါရုံ၊ သုံးစုတိ၊ ပေါင်းတုံ နှစ်ဆယ့်ငါး။

ပကိဏ်းပိုင်း ပြီး၏။

မဏ္ဍိုင်

# အဘိဓမ္မာ ကြည်ရေး

# ဝိထိပိုင်း

## ဆ ဆက္က

● ဝတ္ထုဒွါရ အာရမ္မဏတို့ကို ပကိဏ်းပိုင်းမှာ ပြပြီးပါလျက် အဘယ့်ကြောင့် ထပ်ဆိုရပါသနည်း။

**အဖြေ**။ ဆက္က ၆-ခုကို ပြည့်စုံစွာပြ၍ ပဝတ္တိသင်္ဂဟကို ပြဆိုလိုသောကြောင့် ထပ်ဆိုရပါသည်။

ဟေဋ္ဌာ ကထိတာပိ ပရိပုဏ္ဏံ ကတွာ ပဝတ္တိသင်္ဂဟံ ဒဿေတုံ ပုန နိက္ခိတ္တာ။ (ဋီ)။

ဟေဋ္ဌာ၊ အောက်၌။ ကထိတာပိ၊ ဆိုအပ်ပြီးပါကုန်သော်လည်း။ ပရိပုဏ္ဏံ၊ ပြည့်စုံသည်ကို။ ကတွာ၊ ပြု၍။ ပဝတ္တိသင်္ဂဟံ၊ ကို။ ဒဿေတုံ၊ ပြခြင်းငှါ။ ပုန၊ တဖန်။ နိက္ခိတ္တာ၊ ထားအပ်ကုန်ပြီ။

---

● ဝိသယပဝတ္တိအပြားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အတိမဟန္တ, မဟန္တ, ပရိတ္တ, အတိပရိတ္တ, ဝိဘူတ အဝိဘူတ, ကံ, ကမ္မနိမိတ်, ဂတိနိမိတ်, ပေါင်း ၉-ပါး။

● စိတ္တဇရုပ်မှာ ဌီခဏကိုမဟောပါပဲလျက် အဘယ့်ကြောင့် ဌီခဏကို ဆိုထားရပါသနည်း။

**အဖြေ**။ ဌီခဏကိုလည်း အလိုရှိအပ်သောကြောင့် ဆိုပါသည်။

**မှတ်ချက်**။ ဝေနေယျတို့၏ အလိုအဇ္ဈာသယနှင့် လျော်စေလိုသောကြောင့်ရင်း၊ နယဒဿနအားဖြင့်ရင်း၊ စိတ္တဇရုပ်မှာ ဌီခဏကို မဟောခြင်းဖြစ်၏။ ဋီ။

---

● အဘယ့်ကြောင့် စိတ်မှာ အသက်တို၍ ရုပ်မှာ အသက်ရှည်ပါသနည်း။

**အဖြေ**။ အရုံကို ယူတတ်သောနာမ်, အာရုံ၏ အဖြစ်ဖြင့် ယူအပ်သော ရုပ်တို့သည် ထိုထိုခဏ၏ အစွမ်းအားဖြင့် ပြီးသောကြောင့် စိတ်မှာ အသက်တို၍ ရုပ်မှာ အသက်ရှည်ရပါသည်။

အရူပံ လဟုပရိဝတ္တံ၊ ရူပံ ဂရုပရိဝတ္တံ ဂါဟက ဂါဟေတဗ္ဗဘာဝတော တံတံ ခဏဝသေန နိပ္ဖန္နတော။ (ဋီ)။

အရူပံ၊ နာမ်သည်။ လဟုပရိဝတ္တံ၊ လျင်သော အတိုင်းအရှည်ရှိ၏။ ရူပံ၊ ရုပ်သည်။ ဂရုပရိဝတ္တံ၊ လေးသော အတိုင်းအရှည်ရှိ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဂါဟက ဂါဟေတဗ္ဗ ဘာဝတော၊ အာရုံကို ယူတတ်သောနာမ်, အာရုံအဖြစ် ယူအပ်သော ရုပ်အဖြစ်၏။ တံတံခဏဝသေန၊ ထို

ထိုခဏ၏ အစွမ်းအားဖြင့်။ နိပ္ဖန္နတော၊ ပြီးခြင်း ကြောင့်တည်း။

---

● "ရူပဓမ္မာနံ မာယုံ"၌ ရူပဓမ္မာအရ ဘယ်ရုပ်ကို ယူရမည်နည်း။

**အဖြေ**။ ဝိညတ်ဒွေး လက္ခဏာရုပ် ၄, ပေါင်း ခြောက်ခုကြဉ် ကြွင်းရုပ် ၂၂-ပါးကိုသာ ယူရပါသည်။ (ဋီ)။

**မှတ်ချက်**။ ဝိညာတ်ဒွေးသည် စိတ္တက္ခဏ ၁-ချက်မျှ၊ လက္ခဏာရုပ် ၄-ခုတွင် ဥပစယနှင့် သန္တတိသည် စိတ်၏ ဥပါဒ်ခဏမျှ၊ ဇရတာသည် ခဏငယ် ၄၉-ချက်မျှ၊ အနိစ္စတာသည် စိတ်၏ ဘင်ခဏမျှသာ အသက်ရှည်၏။ ထို့ကြောင့် ၎င်းတို့ကို ကြဉ်ရသည်။ ဋီ။

**ဆောင်**။ ဝိညတ်လက္ခဏာ၊ ၆-ခုမျှ၊ ကြဉ်ရ ရုပ်သက်မှာ။

ဆ ဆက္က ပြီး၏။

---

## ပဋ္ဌာန်ဒီပနီ ဝိထိ

● ဘဝင်တကြိမ်သာ မလှုပ်ပဲ အဘယ့်ကြောင့် ၂-ကြိမ် လှုပ်ရပါသနည်း။

**အဖြေ**။ ပဋ္ဌာရုံနှင့် ပဋ္ဌပသာဒတို့ ထိခိုက်ခြင်း၏ အစွမ်းသတ္တိကြောင့် ၂-ကြိမ်လှုပ်ရပါသည်၊ (အဟုန်ဖြင့် ပြေးနေသောသူသည် ရပ်လိုသည့် နေရာမျိုးမှာချက်ချင်း မရပ်နိုင်ပဲ ခြေ ၁-လှမ်း ၂-လှမ်း လွန်သွားသကဲ့သို့ မှတ်) (ဋီ)။

**ဆောင်**။ အာရုံငါးဝ၊ ပသာဒမှာ၊ ထိခိုက်လာသည့်၊ စွမ်းသတ္တိကြောင့်၊ မှတ်သိနှစ်ခါ၊ ဘဝင်မှာ၊ လှုပ်လာရလေသည်။

- ပဉ္စာရုံက ပဉ္စပသာဒကို ထိခိုက်ရာ၌ ပဉ္စပသာဒကို မှီသော ပဉ္စဝိညာဉ်ကသာ လုပ်သင့်ပါလျက် ဟဒယ ဝတ္ထုကိုမှီသော ဘဝင်က အဘယ့်ကြောင့် လုပ်ရပါ သနည်း။

**အဖြေ**။ ပဉ္စပသာဒနှင့် ဟဒယဝတ္ထု တို့သည် သန္တတိ၏ အစွမ်းဖြင့် တစပ်တည်း စပ်နေသောကြောင့် ဖြစ်ပါ သည်။

သန္တတိဝသေန ကောဗဒ္ဓတ္တာ။ (ဋီ)။

သန္တတိဝသေန၊ သန္တတိ၏ အစွမ်း အားဖြင့်။ ကောဗဒ္ဓတ္တာ၊ တစပ်တည်း စပ်နေသည်၏ အဖြစ် ကြောင့်တည်း။

ဃဋ္ဋိတေ အညဝတ္ထုမှိ၊
အည နိဿိတ ကမ္ပနံ။
ကောဗဒ္ဓေန ဟောတီတိ၊
သက္ခရောပမယာ ဝဒေ။ (ဋီ)။

အညဝတ္ထုမှိ၊ ဟဒယ ဝတ္ထုမှတပါး ပဉ္စဝတ္ထုကို။ ဃဋ္ဋိတေ၊ ထိခိုက်အပ်သည်ရှိသော်။ အညနိဿိတ ကမ္ပနံ၊ ပဉ္စဝတ္ထုမှတပါး ဟဒယဝတ္ထုကို မှီသော ဘဝင်၏ လှုပ်ခြင်းသည်။ ကောဗဒ္ဓေန၊ တစပ်တည်း စပ်နေခြင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤ ဘဝင် လှုပ်ခြင်းကို။ သက္ခရောပမာယ၊ သကာခဲ ဥပမာဖြင့်။ ဝဒေ၊ ပြောပြရာ၏။

● "စက္ခုနာ ရူပံ ပဿတိ" (=စက္ခုပသာဒဖြင့် ရူပါရုံကို မြင်၏) ဟူသော စကားနှင့် "ရူပံ ပဿန္တံ စက္ခုဝိညာဏံ" (=ရူပါရုံကို မြင်တတ်သော စက္ခုဝိညာဉ်စိတ်) ဟူသော စကားတို့ ဆန့်ကျင်မနေပါသလော။

အဖြေ။ စက္ခုနာ ရူပံ ပဿတိ ဟူသော စကားသည် ဌာနူပစာ ကာရဏူပစာ စကားတည်း။
"ရူပံ ပဿန္တံ စက္ခုဝိညာဏံ" ကား မုချစကားတည်း။
ထို့ကြောင့် မဆန့်ကျင်ပါ။ (ဋီ)။

---

● လဒ္ဓပစ္စယံ၌ ပစ္စယအရကို ဖော်ပြခဲ့ပါ။

အဖြေ။ ယောနိသော မနသိကာရ စသည်တည်း။ (ဋီ)။

အမှာ။ ယောနိသော မနသိကာရဖြစ်လျှင် မဟာကုသိုလ်ဇော ၈-ခု၊ အယောနိသော မနသိကာရဖြစ်လျှင် အကုသိုလ်ဇော ၁၂-ခု၊ ရဟန္တာသန္တာန် ဖြစ်လျှင် မဟာကြိယာဇော ၈၊ ဟသိတုပ္ပါဒ် ၁၊ ပေါင်း ၉-ခု ဖြစ်၏။

---

● "ယေဘုယျေန သတ္တက္ခတ္တုံ ဇဝတိ" ၌ အဘယ့်ကြောင့် ယေဘုယျေနကို ဆိုရပါသနည်း။

အဖြေ။ မုစ္ဆာကာလ၊ မရဏာသန္နကာလ တို့၌ ၆-ကြိမ် ၅- ကြိမ်လည်း ဇောသေးသောကြောင့် ဆိုရပါသည်။

မုစ္စာမရဏာသန္နကာလေသု စ ဆပ္ပဥ္စပိဇဝနာနိ ပဝတ္တန္တီတိ အာဟ ယေဘုယျေနာတိ။ (ဋီ)

မုစ္စာမရဏာသန္န ကာလေသု၊ မိန်မော တွေဝေ ရာအခါ, သေခါနီး အခါတို့၌။ ဆပ္ပဥ္စပိဇဝနာနိ၊ ခြောက်ကြိမ် ငါးကြိမ်သော ဇောတို့သည်လည်း။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ယေဘုယျေနာတိ၊ ဟူ၍။ အာဟ၊ ဆို၏။

---

● အဘယ့်ကြောင့် မဟန္တာရုံဝီထိမှာ တဒါရုံ မကျပါသနည်း။

**အဖြေ**။ ဒုတိယ မဟန္တာရုံဝီထိမှာ အာရုံ ချုပ်သွားသောကြောင့် တဒါရုံမကျပါ။

ပဌမ မဟန္တာရုံ ဝီထိမှာ တဒါရုံ ၂- ကြိမ် မကျလောက်သောကြောင့် မကျပါ။

အာရမ္မဏဿ နိရုဒ္ဓတ္တာဝ တဒါရမ္မဏံ နုပ္ပဇ္ဇတိ၊ ဒွိက္ခတ္တုံ တဒါရမ္မဏုပ္ပတ္တိယာ အပ္ပဟောနကဘာဝတော။ (ဋီ)။

အာရမ္မဏဿ၊ ၏။ နိရုဒ္ဓတ္တာဝ၊ ချုပ်ပြီးသည်၏ အဖြစ်ကြောင့်သာလျှင်၊ တဒါရမ္မဏံ၊ သည်။ နုပ္ပဇ္ဇတိ၊ မဖြစ်။ (ဒု-ဝီထိအတွက်)။ ဒွိက္ခတ္တုံ၊ နှစ်ကြိမ်။ တဒါရမ္မဏုပ္ပတ္တိယာ၊ တဒါရုံဖြစ်ခြင်းငှါ။ အပ္ပဟော

နကာဘာဝတော၊ မလောက်သည်၏ အဖြစ်ကြောင့်။
နုပ္ပဇ္ဇတိ၊ မဖြစ် (**ပ-ဝိထိအတွက်**)။

အမှာ။ ဝိထိစိတ်များမှာ မည်သူကမှ ဖန်ဆင်း၍ ဖြစ်ပေါ်လာရ သည်မဟုတ်၊ စိတ္တနိယာမအားဖြင့် ဖြစ်ပေါ်လာရသည်၊ မေ့လျှော့ ဖြေတတ်ပါစေ၊ ဌီ။

---

● အဘယ့်ကြောင့် ပရိတ္တာရုံဝိထိမှာ ဇောမဇောပါ သနည်း။

အဖြေ။ အာရုံအားနည်းသည့်အတွက် ဇော ၇-ကြိမ် မဇော လောက်သောကြောင့် မဇောပါ။ (ဌီ)။

**ဆောင်**။ ပရိတ္တမှာ၊ အားနည်းပါ၍၊ ခုနစ်ပြာဇော၊ မလောက်သော ကြောင့်၊ ဇောစောခွင့်မှား မရပါ၊ မိန့်မှာဋီကာမြတ်။

---

● အဘယ့်ကြောင့် အတိပရိတ္တာရုံဝိထိမှာ ဝိထိစိတ်များ မဖြစ်ပါသနည်း။

အဖြေ။ ဝုဋ္ဌော ၂-ကြိမ်, ၃-ကြိမ် မဖြစ်လောက်သောကြောင့် ဝိထိစိတ်များ မဖြစ်ပါ။

> ဒွတ္တိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနုပ္ပတ္တိယာ အပ္ပဟောနက
> ဘာဝတော ဝိထိစိတ္တာနံ ဥပ္ပါဒေါ နတ္ထိ။ (ဋီ)။

ဒွတ္တိက္ခတ္တုံ၊ နှစ်ကြိမ် သုံးကြိမ်။ ဝေါဋ္ဌဗ္ဗနုပ္ပတ္တိယာ၊ ဝုဋ္ဌောဖြစ်ခြင်းငှါ။ အပ္ပဟောနက ဘာဝတော၊

မလောက်သည်၏ အဖြစ်ကြောင့်။ ဝီထိစိတ္တာနံ၊ တို့၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။

---

● "ဝီထိစိတ္တာနိ သတ္တေဝ" စသော ဂါထာ၌ သတ္တ, စတုဒ္ဒသ, စတုပညာသအရတို့ကို ကောက်ပြခဲ့ပါ။

**အဖြေ။** သတ္တအရ- ပဉ္စဒွါရာဝဇ္ဇန်း, ပဉ္စဝိညာဉ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံတို့တည်း။

စတုဒ္ဒသအရ- ပဉ္စဒွါရာဝဇ္ဇန်း ၁, ပဉ္စဝိညာဉ် ၁, သမ္ပဋိစ္ဆိုန်း ၁, သန္တီရဏ ၁, ဝုဋ္ဌော ၁, ဇော ၇, တဒါရုံ ၂, ပေါင်း ၁၄၊

စတုပညာသအရ- ကာမစိတ် ၅၄-တည်း။

---

● ပဉ္စဒွါရဝီထိပေါင်း မည်မျှရှိပါသနည်း။

**အဖြေ။** စက္ခုဒွါရ၌ အတိမဟန္တာရုံ ၁, မဟန္တာရုံ ၂, ပရိတ္တာရုံ ၆, အတိပရိတ္တာရုံ ၆, ပေါင်း ၁၅-ဝီထိ၊ ကျန် ၄-ဒွါရ၌လည်း ၁၅-ဝီထိစီဖြစ်၍ ၁၅× ၅=၇၅ဝီထိရှိပါသည်။

**ဆောင်။** **ပဉ္စဒွါရ၊ ဝီထိကျ၊ ပဉ္စသတ္တတိ။**

အမှာ။ "ဝီထိစိတ္တာနိသတ္တေဝ" စသော ဂါထာကား အတိမဟန္တာရုံအတွက်တည်း၊ မဟန္တာရုံ စသည်ဖြစ်က အောက်ပါအတိုင်း ဂါထာကိုပြင်ပါ။

မဟန္တာရုံ

ဝိထိစိတ္တာနိ ဆဠေဝ၊ စိတ္တုပ္ပါဒါတု ဒွါဒသ။
ဆစတ္တာလီသ ဝိတ္ထာရာ၊ ပဉ္စဒွါရေ ယထာရဟံ။

ပရိတ္တာရုံ

ဝိထိစိတ္တာနိ ပဉ္စေဝ၊ စိတ္တုပ္ပါဒါ ဘဝန္တိ ဆ။
သောဠသမေဝ ဝိတ္ထာရာ၊ ပဉ္စဒွါရေ ယထာရဟံ။
ဝိထိစိတ္တာနိ ပဉ္စေဝ၊ စိတ္တုပ္ပါဒါတု သတ္တဓာ။
သောဠသမေဝ ဝိတ္ထာရာ၊ ပဉ္စဒွါရေ ယထာရဟံ။

အတိပရိတ္တာရုံ

ဝိထိစိတ္တာနိ နတ္ထေဝ၊ စိတ္တုပ္ပါဒါ တထာ မတာ။
ဝိတ္ထာရာ ပိစ နတ္ထေဝ၊ ပဉ္စဒွါရေ ယထာရဟံ။
ပဉ္စဒွါရဝိထိ ပြီး၏။

---

**မနောဒွါရ ကာမဇောဝါရ**

● မနောဒွါရ၌ အတိမဟန္တာရုံ စသည်ဖြင့် မဆိုပဲ အဘယ့်ကြောင့် ဝိဘူတာရုံ, အဝိဘူတာရုံဟု ဆိုရပါသနည်း။

**အဖြေ**။ မနောဒွါရိကစိတ်တို့၏ အာရုံမှာ ပစ္စုပ္ပန်အာရုံသာ မဟုတ် အတိတ်, အနာဂတ် အာရုံများလည်း ဖြစ်သောကြောင့် ဆိုပါသည်။

မနောဒွါရိကစိတ္တာနံ အတီတာနာဂတမ္ပိ အာရမ္မဏံ ဟောတီတိ တေသံ အတိမဟန္တာဒိဝသေန ဝိသယပ္ပဝတ္တာနံ ကာတုံ နသက္ကာ။ (ဋီ)။

မနောဒွါရိက စိတ္တာနံ၊ တို့၏။ အတီတာနာဂတ
တမ္ပိ၊ အတိတ်, အနာဂတ်လည်းဖြစ်သော။ အာရမ္မ
ဏံ၊ သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ထို့ကြောင့်။
တေသံ၊ ထိုမနောဒွါရိက စိတ်တို့၏။ အတိမဟန္တာ
ဒိဝသေန၊ အတိမဟန္တာရုံ စသည်တို့၏ အစွမ်းဖြင့်။
ဝိသယ ဝဝတ္တာနံ၊ အာရုံကို မှတ်သား ခြင်းကို။
ကာတုံ၊ ပြုခြင်းငှာ။ နသက္ကာ၊ မတတ်ကောင်း။

---

● "ဝီထိစိတ္တာနိ တီဏေဝ" စသောဂါထာ၌ တီဏိ, ဒသ, ဧကစတ္တာလီသအရေ တို့ကို ကောက်ပြခဲ့ပါ။

အဖြေ။ တီဏိအရကား မနောဒွါရာဝဇ္ဇန်း, ဇော, တဒါရုံ တို့တည်း။

ဒသအရကား မနောဒွါရာ ဝဇ္ဇန်း, ၁, ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ်တို့တည်း။

ဧကစတ္တာလီသ အရကား မနောဒွါရာဝဇ္ဇန်း ၁, ဇော ၂၉, တဒါရုံ ၁၁-တို့တည်း။

**အမှာ။** "ဝီထိစိတ္တာနိ တီဏေဝ" စသောဂါထာကား ဝိဘူတာရုံ ဝီထိအတွက်တည်း၊ အဝိဘူတာရုံ ဖြစ်က ဂါထာကို အောက်ပါအတိုင်း ပြင်ပါလေ။

ဝီထိစိတ္တာနိ ဒွေဃေဝ၊ စိတ္တုပ္ပါဒါ အဋ္ဌေရိတာ၊
ဝိတ္ထာရေန ပန ဧဋ္ဌ၊ ကေတ္တိံသ ဝိဘာဝယေ။

မနောဒွါရ ကာမဇောဝါရ ပြီး၏။

## မနောဒွါရ အပ္ပနာဇောဝါရ

● အဘယ့်ကြောင့် အပ္ပနာဇောဝါရမှာ ဝိဘူတ အဝိဘူတ အပြားမရှိပါသနည်း။

အဖြေ။ အာရုံထင်ရှားရာအခါ၌သာ အပ္ပနာဇောများ ကျသောကြောင့် အပြားမရှိပါ။

> အာရမ္မဏာသာ ဝိဘူတကာလေယေဝ အပ္ပနာသမ္ဘဝတော။ (ဋီ)။

အာရမ္မဏာသာ၊ အာရုံ၏။ ဝိဘူတကာလေယေဝ၊ ထင်ရှားရာအခါ၌သာလျှင်။ အပ္ပနာသမ္ဘဝတော၊ အပ္ပနာဇောဖြစ်သောကြောင့်တည်း။

---

● "တိက္ခတ္တုံ စတုက္ခတ္တုမေဝဝါ" ဟု ဆိုသင့်လျက် အဘယ့်ကြောင့် "စတုက္ခတ္တုံ တိက္ခတ္တုမေဝဝါ" ဟု ဆိုရပါသနည်း။

အဖြေ။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု ၄-မျိုးလုံးရသော ဝါရကိုပြလိုသောကြောင့် ဆိုပါသည်။

> ပရိကမ္မာဒိနာမာနံ အနဝသေသတော လဗ္ဘမာနဝါရ ဒဿနတ္ထံ စတုက္ခတ္တုန္တိ အာဒိတော ဝုတ္တံ။ (ဋီ)။

ပရိကမ္မာဒိနာမာနံ၊ ပရိကံအစရှိသောအမည်တို့ကို။ အနဝသေသတော၊ အကြွင်းမရှိသောအားဖြင့်။

လဗ္ဘမာနဝါရဒဿနတ္ထံ၊ ရအပ်သောဝါရကိုပြရခြင်း အကျိုးငှာ။ စတုက္ကတ္တန္တိ၊ ဟူ၍။ အာဒိတော၊ အစ၌။ ဝုတ္တံ၊ ဆိုအပ်ပြီ။

အမှာ။ "စတုတ္ထံ ပဥ္စမံဝါ"ကား ဂဏန်းအစဉ်အတိုင်းဆိုသည်၊

---

● ယထာဘိနီဟာရ၏အဓိပ္ပါယ်ကိုဖော်ပြပါ။

အဖြေ။ ရူပ, အရူပ, လောကုတ္တရာ မဂ်ဖိုလ် အားလျော်စွာ သမထဘာဝနာစိတ်, ဝိပဿနာဘာဝနာစိတ်ကိုရှေးရှု ဆောင်ခြင်းတည်း။

ယထာဘိနီဟာရ ဝသေနာတိ ရူပါရူပ လောကုတ္တရမဂ္ဂဖလာနုရူပ သမထဝိပဿနာ ဘာဝနာ စိတ္တာဘိနီဟာရဏာနုရူပတော။ (ဋီ)။

ယထာဘိနီဟာရ ဝသေနာတိ၊ ဟူသည်ကား။ ရူပါရူပ လောကုတ္တရမဂ္ဂဖလာနုရူပ သမထဝိပဿနာဘာဝနာ စိတ္တာဘိနီဟာရဏာ နုရူပတော၊ ရူပ, အရူပ, လောကုတ္တရာမဂ်ဖိုလ်အားလျော်သော သမထဘာဝနာစိတ်,ဝိပဿနာဘာဝနာစိတ်ကို ရှေးရှုဆောင်ခြင်း အားလျော်သောအားဖြင့်။

---

● "တတော ပရံ ဘဝင်္ဂပါတော" ဟုသာ မဆိုပဲ အဘယ့်ကြောင့် အပ္ပနာဝသာနေကို ထပ်ဆိုရပါ သနည်း။

**အဖြေ**။ "တဒေါ ပရံ ဘဝင်္ဂပါတော"ဟူသောဆိုက အပ္ပနာဇောနောင် ဘဝင်သာ ကျတော့၏။ မဂ္ဂဝီထိ၌ မဂ်ဇောနောင် ဖိုလ်ဇောများ မကျ,ဈာနသမာပတ္တိဝီထိ၌ ဈာန်ဇော အကြိမ်ပေါင်းများစွာမကျ, ဖလသမာပတ္တိဝီထိ၌ ဖိုလ်ဇောများ အကြိမ်များစွာမကျ တော့ဟုယူဆဖွယ်ရှိသောကြောင့် အပ္ပနာဝသာနေကို ထပ်ဆိုပါသည်။

> ဩတိဏ္ဏာ အပ္ပနာတော ဘဝင်္ဂပါတော ဝ
> ဟောတိ၊ နမဂ္ဂါ နန္တရံ ဖလစိတ္တံ၊ သမာပတ္တိ
> ဝီထိယဥ္စ ဈာန ဖလစိတ္တာနိ ပုနပ္ပုနန္တိ ဂဏှေ
> ယျုန္တိ ပုန အပ္ပနာဝသာနေတိ ဝုတ္တံ။ (ဋီ)။

ဩတိဏ္ဏာအပ္ပနာတော၊ ကျသောအပ္ပနာဇောမှ။ ပရံ၊ နောက်၌။ ဘဝင်္ဂပါတော၊ ဘဝင်ကျခြင်းသည် သာလျှင်။ ဟောတိ၊ ၏။ မဂ္ဂါနန္တရံ၊ မဂ်စိတ်၏ အခြားမဲ့၌။ ဖလစိတ္တံ၊ သည်။ နဟောတိ၊ မဖြစ်။ စ၊ သည်သာ မကသေး။သမာပတ္တိဝီထိယံ၊ ၌။ဈာန ဖလစိတ္တာနိ၊ တို့သည်။ ပုနပ္ပုနံ၊ ထပ်။ နဟောန္တိ၊ ကုန်။ ဣတိ၊ ဤသို့။ ဂဏှေယျုံ၊ ယူကုန်ရာ၏။ ဣတိ၊ ထို့ကြောင့်။ ပုန၊ ဖန်။ အပ္ပနာဝသာနေတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။

---

● အဘယ့်ကြောင့်. သောမနဿဇောနောင် ဥပေက္ခာ အပ္ပနာဇောများ မကျရပါသနည်း။

အဖြေ။ သောမနဿဇောနှင့် ဥပေက္ခာဇောတို့ အချင်းချင်း အာသေဝနပစ္စည်းမတပ်သောကြောင့်မကျပါ။

ဘိန္နဝေဒနာနံ အညမညံ အာသေဝနပစ္စယ ဘာဝဿ အနုပ္ပဇ္ဇနတော။ (ဋီ)။

ဘိန္နဝေဒနာနံ၊ ပြားသောဝေဒနာရှိသောဇောတို့၏။ အညမညံ၊ ချင်း။ အာသေဝနပစ္စယဘာဝဿ၊ အာသေဝနပစ္စည်းအဖြစ်ကို။ အနုပ္ပဇ္ဇနတော၊ မထုတ်ဆောင် အပ်သည်၏အဖြစ်ကြောင့်တည်း။

အမှာ။ အဘယ့်ကြောင့်ဥပေက္ခာဇောနောင် သောမနဿအပ္ပနာ ဇောနှင့် မကျပါသနည်းဟုမေးကလည်း ဤအဖြေပင်။

---

● အဘယ့်ကြောင့် ကုသိုလ်ဇောနောင် ကြိယာအပ္ပနာ ဇောများ မဇောပါသနည်း။

အဖြေ။ ပြားသောသန္တာန်၌ဖြစ်သောကြောင့် မဇောပါ။

ဘိန္နသန္တာနေ နိဗ္ဗတ္တနတော။ (ဋီ)။

ဘိန္နသန္တာနေ၊ ပြားသောသန္တာန်၌။ နိဗ္ဗတ္တနတော၊ ဖြစ်ခြင်းကြောင့်တည်း။

မှတ်ချက်။ ကြိယာအပ္ပနာဇောကား ရဟန္တာမှာသာဖြစ်သည်ဟု သတိပြုမိပါစေ၊ အဘယ့်ကြောင့် ကြိယာဇောနောင် ကုသိုလ် အပ္ပနာဇောများ မကျပါသနည်းမေးကလည်း ဤအဖြေပင်။

---

● "ဒွတ္တိံသ သုခပုညမှာ" စသောဂါထာ၌ ဒွတ္တိံသ, ဒွါဒသ,အဋ္ဌ,ဆ-အရတို့ကို ကောက်ပြခဲ့ပါ။

**အဖြေ**။ ဒွတ္တိံသအရကား ရူပကုသိုလ်သောမနဿ ၄, မဂ်သောမနဿ ၁၆, အောက်ဖိုလ် ၃-ခု, သောမနဿ ၁၂, ပေါင်း ၃၂-ပါးတည်း။

ဒွါဒသ- အရကား မဟဂ္ဂုတ်ကုသိုလ်ဥပေက္ခာ ၅, မဂ်ဥပေက္ခာ ၄, အောက်ဖိုလ် ၃-ခု, ဥပေက္ခာ ၃, ပေါင်း ၁၂-ပါးတည်း။

အဋ္ဌ- အရကား မဟဂ္ဂုတ်ကြိယာသောမနဿ ၄, အရဟတ္တဖိုလ်သောမနဿ ၄, ပေါင်း ၈-ပါးတည်း။

ဆ- အရကား မဟဂ္ဂုတ်ကြိယာ ဥပေက္ခာ ၅, အရဟတ္တဖိုလ်ဥပေက္ခာ ၁, ပေါင်း ၆-ပါးတည်း။

**အမှာ**။ ဒွတ္တိံသအရကို ကောက်ပြပါ စသည်ဖြင့် မမေးပဲ မဟာကုသိုလ်သောမနဿဉာဏသမ္ပယုတ် ၂-ခု နောင် စောနိုင်သောအပ္ပနာဇောများကို ဖော်ပြပါဆိုက ဒွတ္တိံသအရပင်တည်း။ ထို့အတူ မဟာကုသိုလ်ဥပေက္ခာဉာဏသမ္ပယုတ် ၂-ခု နောင် ဒွါဒသ၊ မဟာကြိယာသောမနဿဉာဏသမ္ပယုတ် ၂-ခုနောင် အဋ္ဌ၊ မဟာကြိယာဥပေက္ခာဉာဏသမ္ပယုတ် ၂-ခုနောင် ဆတည်း၊ မေးလျှင်ဖြေတတ်ပါစေ။

---

● တိဟိတ်ပုထုဇဉ်နှင့် အောက်ဖလဋ္ဌာန် ၃-ယောက် သန္တာန်မှာ ရနိုင်သော အပ္ပနာဇောများကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အထက်အဖြေ၌ ဒွတ္တိံသအရနှင့် ဒွါဒသအရကို ပေါင်း၍ ၄၄-ပါးရနိုင်ပါသည်။

● ရဟန္တာသန္တာန်မှာ ရနိုင်သော အပ္ပနာဇောများကို ဖော်ပြခဲ့ပါ။

အဖြေ။ အဋ္ဌအရနှင့် ဆ အ ရ ကို ပေါင်း ၍ ၁၄ - ပါးရနိုင်ပါသည်။

**အ**မှာ။ ဤမေးခွန်း ၂ - ခုကား "ပုထုဇ္ဇနာနသောဘာနံ" စသော ဂါထာအတွက်တည်း၊ တိဟိတ်ပုထုဇဉ်နှင့်အောက်ဖလဋ္ဌာန် ၃-ယောက်မှာ ထိုက်သလို ၄၄-ရသည်၊ ၎င်း ၄၄-ပါးမှာ မဟဂ္ဂုတ်လောကုတ္တရာကုသိုလ် ၄၄-ပင်တည်း၊ ရဟန္တာအတွက် ၁၄-ပါးလည်း မဟဂ္ဂုတ်ကြိယာဇော၊ အရဟတ္တဖိုလ်ဇော ၁၄-ပင်တည်း၊ လောကုတ္တရာဇောကား အကျဉ်းမဟုတ်၊ အကျယ် ၄၀-တည်း၊ တိဟိတ်ပုထုဇဉ်နှင့် အောက်ဖလဋ္ဌာန် ၃-ယောက်မှာ ကုသိုလ်သာဖြစ်၍ ရဟန္တာမှာ ကြိယာသာဖြစ်ကြောင်းကိုလည်းအထူးသတိပြုပါလေ၊

---

## တဒါရုမ္မဏ နိယမ

● "ဣဋ္ဌေ ကုသလဝိပါကာနိ" ၌ အဘယ့်ကြောင့် ဘယ်ဣဋ္ဌာရုံကိုယူရမည်နည်း။

**အ**ဖြေ။ "အ တိ ဣ ဋ္ဌေ ပ န" စသည်ဖြင့် ဆိုလတ္တံ့ဖြစ်သော ကြောင့် ဣဋ္ဌ မဇ္ဈတ္တာရုံကိုသာယူရပါသည်။ (ဋီ)။

---

● အဘယ့်ကြောင့် အတိဣဋ္ဌာရုံမှာ သောမနဿတဒါရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံမှာ ဥပေက္ခာတဒါရုံ ကျရပါသနည်း။

**အ**ဖြေ။ ကံ၏အာနုဘော်ကြောင့်ဖြစ်သော ဝိပါက်စိတ်သည် မှန်ထဲမှာမျက်နှာရိပ်ထင်သကဲ့သို့ အထူးကြံခြင်းမရှိ

အားထုတ်၍ အာရုံကို ယူခြင်းမရှိသောကြောင့် ဖြစ်ပါသည်။

ဝိပါကဿ ဟိ ကမ္မာနုဘာဝတော ပဝတ္တမာနဿ အာဒါသေ မုခနိမိတ္တံဝိယ နိဗ္ဗိကပ္ပတာယ ပကပ္ပေတွာ ဂဟဏာဘာဝတော။ (ဋီ)။

ဟိ၊ မှန်၏။ ကမ္မာနုဘာဝတော၊ ကံ၏အာနုဘော်ကြောင့်။ ပဝတ္တမာနဿ၊ ဖြစ်သော။ ဝိပါကဿ၊ ၏။ အာဒါသေ၊ မှန်ထဲ၌။ မုခနိမိတ္တံဝိယ၊ မျက်နှာရိပ်ကဲ့သို့။ နိဗ္ဗိကပ္ပတာယ၊ အထူးကြံခြင်းမရှိသည်၏ အဖြစ်ကြောင့်။ ပကပ္ပေတွာ၊ အားထုတ်၍။ ဂဟဏာဘာဝတော၊ ယူခြင်း၏ မရှိခြင်းကြောင့်တည်း။

---

● အဘယ့်ကြောင့် ကုသိုလ်, အကုသိုလ်ဇောများသည် အာရုံအားလျော်စွာ မစောကြပါသနည်း။

**အဖြေ**။ ဝိပလ္လာသတရားကိုမပယ်ရသေးသော ပုထုဇဉ်သေက္ခတို့၏သန္တာန်မှာသာဖြစ်သောကြောင့် မစောပါ။

ကုသလာကုသလာနံ ပန အပ္ပဟီန ဝိပလ္လာသေသု သန္တာနေသု ပဝတ္တိယာ။ (ဋီ)။

ကုသလာကုသလာနံ၊ ဇောတို့၏။ အပ္ပဟီနဝိပလ္လာသေသု၊ မပယ်အပ်သော ဝိပလ္လာသတရား ရှိကုန်သော။ သန္တာနေသု၊ ပုထုဇဉ်,သေက္ခသန္တာန်တို့၌။ ပဝတ္တိယာ၊ ဖြစ်ခြင်းကြောင့်တည်း။

**အမှာ။** မေးလိုရင်းမှာ အဘိဋ္ဌာရုံမှာ သောမနဿ တဒါရုံကျ သကဲ့သို့ အတိဋ္ဌာရုံမှာ သောမနဿဇောသာ ဇောသင့်သည်မဟုတ်လော ဆိုသည်တည်း၊ ကုသိုလ်အကုသိုလ်ဇောများကား ပုထုဇဉ်သေက္ခတို့၏သန္တာန်မှာသာ ဖြစ်၏၊ ပုထုဇဉ်သေက္ခတို့ကား ဣဋ္ဌာရုံကိုလည်း အနိဋ္ဌာရုံ ထင်မျှင်ထင်တတ်၏ အနိဋ္ဌာရုံကိုလည်း ဣဋ္ဌာရုံထင်မျှင်ထင်နေတတ်၏၊ ထို့ကြောင့် ဇောများလည်း ဣဋ္ဌာရုံမှာ သောမနဿဇောဟု တထစ်ချ မဇောဘတ်တော့၊ မှန်၏၊ တိတ္ထိများသည် ဘုရားတည်းဟူသော အဘိဋ္ဌာရုံကိုတွေ့ရာမှာ သောမနဿဇောမဇောပဲ ဒေါသဇောဇောရ၏။

● "ဝိပါက်အမှန်, ဇောအပြန်" ဟူသော ရှေးဆရာမြတ်တို့၏စကားကို ပုံစံသွင်း၍ရှင်းပြပါ။

**အဖြေ။** ခွေးသည် အနိဋ္ဌာရုံဖြစ်သောမစင်ကို တွေ့မြင်ရာ၌ ဣဋ္ဌာရုံဟု မှတ်ထင်မှုကြောင့် အနိဋ္ဌာရုံမှာ ဒေါသဇော မဇောပဲ သောမနဿဇော ဇော၏၊ ဤကဲ့သို့ အနိဋ္ဌာရုံမှာ ဒေါသဇော ဇောသင့်လျက် သောမနဿဇော ဇောသောကြောင့် "ဇောအပြန်" ဟု ခေါ်၏။

ခွေးဟာ မစင်ကို ဣဋ္ဌာရုံလို့ ဘယ်လောက်ပဲ ထင်နေနေ ရှေးအကုသိုလ်ကံကြောင့် တွေ့မြင်ရသော အနိဋ္ဌာရုံစစ်စစ်ဖြစ်သော အကျိုးဝိပါက်သာတည်း၊ ဤကဲ့သို့ ဝိပါက်မှာ တကယ်မှန်ကန်သောကြောင့် "ဝိပါက်အမှန်" ဟု ပြောစမှတ် ပြုကြ၏။

**အမှာ။** ဝိပါက်အမှန်ဟူသောစကားသည် တထစ်ချမှန်၏၊ ဇောအပြန်ဟူသောစကားကား တထစ်ချမမှန်ပေ၊ ရဟန္တာ

သန္တာန်မှာဖြစ်သော ကြိယာဇောများကား အပြန်မဟုတ် ဇောအမှန်ပင်၊ တချို့ပုထုဇဉ်သေက္ခတို့သန္တာန်မှာ ဖြစ်သော ဇောများလည်း ဇောအမှန် ရှိသည်။ ထင်ရှားစေအံ့.... သဒ္ဓါတရား ကောင်းသော ဒကာတယောက် ဘုရားဖူးရာမှာ ဘုရားတည်းဟူသော အတိဋ္ဌာရုံ၌ သောမနဿဇော စောသည်သော်၊ ထိုသောမနဿဇောကား အပြန်မဟုတ် အမှန်တည်း။

---

● အဘယ့်ကြောင့် ဒေါသမူဇောနောင် သောမနဿ တဒါရုံမကျပါသနည်း။

**အဖြေ**။ အချင်းချင်း ဆန့်ကျင်သော သဘောရှိသောကြောင့် ဖြစ်ပါသည်။

အညမည ဝိရုဒ္ဓသဘာဝတ္တာ။ (၄)။

အညမည ဝိရုဒ္ဓသဘာဝတ္တာ၊ အချင်းချင်း ဆန့်ကျင်သော သဘောရှိသည်၏ အဖြစ်ကြောင့်တည်း။

---

● အဘယ်အင်္ဂါနှင့် ပြည့်စုံညီညွတ်မှ တဒါရုံ ကျပါသနည်း။

**အဖြေ**။ ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ သုံးပါးစုံမှ တဒါရုံ ကျပါသည်။

ကာမေ ဇဝနသတ္တာလ-
မ္ဗဏာနံ နိယမေ သတိ။
ဝိဘူတေ တိမဟန္တေ စ၊
တဒါရမ္မဏ မီရိတံ။

● အဘယ့်ကြောင့် ကာမဇောနှောင်သော တဒါရုံကျရပါသနည်း။

**အဖြေ**။ ကာမတဏှာလျှင် အကြောင်းရင်းရှိသောကံကြောင့် ဖြစ်သောကြောင့် ကျရပါသည်။

ကာမတဏှာ နိဒါန ကမ္မနိဗ္ဗတ္တတ္တာ။ (ဋီ)။

ကာမတဏှာ နိဒါန ကမ္မနိဗ္ဗတ္တတ္တာ၊ကာမတဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သောကြောင့်တည်း။

---

● အဘယ့်ကြောင့် မဟဂ္ဂုတ်, လောကုတ္တရာဇောများနှောင် တဒါရုံမကျပါသနည်း။

**အဖြေ**။ မဟဂ္ဂုတ်, လောကုတ္တရာဇောများသည် တဒါရုံကို မဖြစ်စေတတ်သောကြောင့်ရင်း, တဒါရုံကို ဖြစ်စေတတ်သော ကာမာဝစရကံနှင့် မတူသောကြောင့်ရင်း မကျပါ။

အဇနကတ္တာ ဇနကသမာနတ္တာ ဘာဝတော စ။ (ဋီ)။

အဇနကတ္တာ၊ တဒါရုံကို မဖြစ် စေ တတ် သည် ၏ အဖြစ်ကြောင့်ရင်း၊ ဇနကသမာနတ္တာ ဘာဝတော စ၊ တဒါရုံကို ဖြစ်စေတတ်သော ကာမာဝစရကံနှင့် မတူသည်၏ အဖြစ်ကြောင့်ရင်းတည်း။

● အဘယ့်ကြောင့် ရူပသတ္တဝါ၊ အရူပ သတ္တဝါတို့မှာ တဒါရုံ မကျပါသနည်း။

**အဖြေ**။ တဒါရုံ၏ အားကြီးသော အကြောင်း ဖြစ်သော ကာမာဝစရ ပဋိသန္ဓေမျိုးစေ့ မရှိသောကြောင့် မကျပါ။

တဒါရမ္မဏူပနိဿယဿ ကာမာဝစရ ပဋိသန္ဓိ ဗီဇဿ ဘာဝတော။ (ဋီ)။

တဒါရမ္မဏူပနိဿယဿ=တဒါရုံ၏ အားကြီးသော မှီရာဖြစ်သော။ ကာမာဝစရ ပဋိသန္ဓိဗီဇဿ၊ ကာမ ဝစရ ပဋိသန္ဓေမျိုးစေ့၏၊ အဘာဝတော၊ မရှိခြင်း ကြောင့်တည်း။

---

● မဟဂ္ဂုတ်, လောကုတ္တရာ စသော အာရုံတို့၌ အဘယ့် ကြောင့် တဒါရုံ မကျပါသနည်း။

**အဖြေ**။ လေ့ကျက်အပ်သော အာရုံ မဟုတ်သောကြောင့် မကျပါ။

အပရိစိတတ္တာ။ (ဋီ)။ (အနက်လွယ်ပြီ)။

---

● အာဝဇ္ဇန်းနှင့် ကင်း၍ ဖြစ်နိုင်သော စိတ်များကို ဖော် ပြပါ။

**အဖြေ**။ အာဂန္တုက ဘဝင် သန္တီရဏ ၂-ခု,မဂ္ဂဝီထိ၌ ဝေါဒါန် ဘုဝေါဒါန်, ဖလသမာပတ္တိဝီထိ၌ ဖိုလ်ဇော, နိရောဓ

သမာပတ်မှ ထသောအခါ စောသော အနာဂါမိ ဖိုလ်ဇော, အရဟတ္တ ဖိုလ်ဇောတို့ဖြစ်ပါသည်။ (၃)။

ဆောင်။ အာဂန္တုက၊ ဘဝင်ဒွန့်နှင့်၊ မဂ္ဂဝီထိ၊ ဝေါ-ဝေါသိလော၊ ဝီထိဖလတ်၊ သမာပတ်၌၊ သိမှတ်ဖိုလ်ဇော၊ နိရောမှထ၊ အရဟာအနာ၊ ဇောနှစ်ဖြာတို့၊ အာဝဇ္ဇန်းမှ၊ ကင်းလွတ်ကြသည်၊ နှုတ်ရဆောင်ဖို့ ကဗျာတည်။

---

အဘယ်ဇောနောင် အဘယ်တဒါရုံ ကျကြောင်းကို အသီးသီး ဖော်ပြခဲ့ပါ။

အဖြေ။ မဟာကြိယာ ဥပေက္ခာဇော ၄-ခု, ဒေါသဇော ၂-ခု ဤဇော ၆-ပါးနောင် မဟာဝိပါက် ဥပေက္ခာ ၄-ခု ဥပေက္ခာသန္တီရဏ ၂-ပေါင်း တဒါရုံ ၆-ပါး ကျပါသည်။

မဟာကြိယာ သောမနဿဇော-၄၊ ဟသိတုပ္ပါဒ်ဇော ၁၊ ပေါင်း ၅-ပါးနောင် မဟာဝိပါက် သောမနဿ-၄၊ သောမနဿ သန္တီရဏ-၁၊ ပေါင်း တဒါရုံ ၅-ပါး ကျပါသည်။

လောဘမူဇော-၈၊ မောဟမူဇော၊ ၂၊ မဟာကုသိုလ်ဇော ၈၊ ပေါင်း ၁၈-ပါးနောင် တဒါရုံ ၁၁-ခုလုံး ကျပါသည်။

ဆောင်။ ဤဝယ်သနစ်၊ အရင်းစစ်က၊ ဥပေက်ကြိယာ၊ ဒေါသာ ခြောက်နောက်၊ ထဒါခြောက်တည်း၊ ကြိသောနောက်ဝါး၊ ကြွင်းငြားဆယ့်ရှစ်၊ ဇောနောင်ဖြစ်သည်၊ ဆယ့်တစ် တဒါရုံ ပေါင်းတည်း။

## ဇဝန နိယမ

● အဘယ့်ကြောင့် သေခါနီးအခါမှာ ဇော ၅-ကြိမ်သာ စောပါသနည်း။

အဖြေ။ မှီရာ ဟဒယဝတ္ထုအားနည်း၍ မှီတတ်သော ဇောများလည်း နုံ့နဲ့သောအဟုန် ရှိသောကြောင့် ဖြစ်ပါသည်။

မရဏာသန္နကာလေ ဝတ္ထုဒုဗ္ဗလတာယ မန္ဒီဘူတဝေဂတ္တာ။ (ဋီ)။

မရဏာသန္နကာလေ၊ သေခါနီးအခါ၌။ ဝတ္ထုဒုဗ္ဗလတာယ၊ ဟဒယဝတ္ထုအားနည်းသည်၏အဖြစ်ကြောင့်၊ မန္ဒီဘူတဝေဂတ္တာ၊ နုံ့နဲ့ သော အ ဟုန် ရှိသည်၏ အဖြစ်ကြောင့်တည်း။

အမှာ။ မရဏကာလာဒီသု၌ အာဒိဖြင့် မုစ္ဆာကာလ(=တွေဝေမိန်းမောရာအခါ)ကိုယူ။ (ဋီ)။

---

● "ဘဂဝတော ပန။ပ။စတ္တာရိ ပဥ္စဝါ"၌ အဘယ်ပုဂ္ဂိုလ်အား ၄-ကြိမ်, အဘယ်ပုဂ္ဂိုလ်အား ၅-ကြိမ် ကျပါသနည်း။

အဖြေ။ မြတ်စွာဘုရားအား ၄ - ကြိမ်, အဂ္ဂသာဝက မဟာသာဝကတို့အား ၅-ကြိမ်၊ သို့မဟုတ် တိက္ခိန္ဒြိယအား ၄-ကြိမ်, မုဒိန္ဒြိယအား ၅-ကြိမ်ကျပါသည်။ (ဋီ)။

ဇန္တာ-သယ ၅၉၇-၉　　[ဒုတိယအကြိမ်]

အမှာ။ ဘဂဝတော ဟူသော စကားသည် နိဒ္ဓါရဏသတ္တမျှသာတည်း။ ထိုကြောင့် အဂ္ဂသာဝက မဟာသာဝကတို့ကိုပါယူ။ (ဋီ)၊

---

● "သဗ္ဗတ္ထာပိ သမာပတ္တိဝီထိယံ"၌ ယူရမည့်သမာပတ္တိဝီထိများကို ဖော်ပြခဲ့ပါ။

အဖြေ။ ဈာနသမာပတ္တိ,ဖလသမာပတ္တိဝီထိများဖြစ်ပါသည်။ (နိရောဓသမာပတ္တိဝီထိကိုမယူရပါ။ ဋီ။)

---

● သမာပတ္တိဝီထိ၌ အဘယ့်ကြောင့် ဇောများအကြိမ်များစွာ ဇောရပါသနည်း။

အဖြေ။ သမာပတ္တိဝီထိ၌ နေ့ညဥ့်ပတ်လုံး ဇောများဖြစ်နေကြသောကြောင့် ဇောရပါသည်။

သမာပတ္တိဝီထိယံ အဟောရတ္တမ္ပိ ပဝတ္တနတော။ (ဋီ)။

သမာပတ္တိဝီထိယံ၊ ၌။ အဟောရတ္တမ္ပိ၊ နေ့ညဥ့်ပတ်လုံးလည်း။ ပဝတ္တနတော၊ ဖြစ် ခြင်း ကြောင့်တည်း။

---

● နိရောဓသမာပတ္တိဝီထိ၌ သောတာပတ္တိ ဖိုလ်ဇော သကဒါဂါမိဖိုလ်ဇောများမဇောပဲ အဘယ့်ကြောင့် အနာဂါမိ ဖိုလ် ဇော အရဟတ္တဖိုလ်ဇောများသာ ဇောရပါသနည်း။

အဖြေ။ နိရောဓသမာပတ်ကို အနာဂါမ်, ရဟန္တာများသာ ဝင်စား၍ သောတာပန်,သကဒါဂါမ်များ မဝင်စားနိုင်သောကြောင့်ဖြစ်ပါသည်။ (ဋီ)။

● ၁-ကြိမ်, ၂-ကြိမ်, ၃-ကြိမ်, ၄-ကြိမ်, ၅-ကြိမ်, ၆-ကြိမ်, ၇-ကြိမ်, အကြိမ်များစွာ စောသော ဇောများကို ဖော်ပြခဲ့ပါ။

အဖြေ။ အာဒိကမ္မိကပုဂ္ဂိုလ်၏ မဟဂ္ဂုတ်ဇော, အဘိညာဉ်ဇော, မဂ်ဇော,နိရောဓသမာပတ်မှထရာအခါ အနာဂါမိ ဖိုလ်ဇော နှင့် အရဟတ္တဖိုလ်ဇောများသည် ၁-ကြိမ်၊

မန္ဒပုဂ္ဂိုလ်၏ မဂ္ဂဝီထိ၌ ဖိုလ်ဇော, နိရောဓသမာပတ်၏ရှေ့အဘို့၌ စတုတ္ထအရူပဇောတို့သည် ၂-ကြိမ်၊ တိက္ခပုဂ္ဂိုလ်၏ မဂ္ဂဝီထိ၌ဖိုလ်ဇော, တိက္ခပုဂ္ဂိုလ်၏ စျာနဝီထိ, မဂ္ဂဝီထိတို့၌ ကာမဇောတို့သည် ၃-ကြိမ်၊ မြတ်စွာဘုရား ယမိုက်ပြာဋိဟာကို ပြရာအခါ၌ ပစ္စဝေက္ခဏာဇော, မန္ဒပုဂ္ဂိုလ်၏ စျာနဝီထိ မဂ္ဂဝီထိတို့၌ ကာမဇောတို့သည် ၄-ကြိမ်၊

မရဏာသန္နကာလ မုစ္ဆာကာလတို့၌ ကာမဇော, အဂ္ဂသာဝက မဟာသာဝကတို့ တန်ခိုးပြရာအခါ၌ ပစ္စဝေက္ခဏာဇောတို့သည် ၅-ကြိမ်၊

ပကတိအခါ ကာမဇောတို့သည် ၆-ကြိမ်, ၇-ကြိမ်၊

သမာပတ္တိဝီထိ၌ စောသောဇောတို့သည် အကြိမ်များစွာ စောကြပါသည်။

## ပုဂ္ဂလဘေဒ

● ဒွိ ဟိတ်, အ ဟိတ် ပုဂ္ဂိုလ် တို့ အား အဘယ့်ကြောင့် ကြိယာဇော, အပ္ပနာဇောများ မရပါသနည်း။

**အဖြေ**။ ဝိပါကန္တရာယ်တားမြစ်သောကြောင့် အပ္ပနာဇော မရပါ၊ အရဟတ္တဖိုလ်စိတ်မရှိသောကြောင့် ကြိယာဇော မရပါ။

အရဟတ္တံ နတ္ထီတိ ကြိယဇဝနာနိ နလဗ္ဘန္တိ၊
ဝိပါကာဝရဏာသဗ္ဗာဝတော။ (ဋီ)။

အရဟတ္တံ၊ စိတ်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ထို့ကြောင့်။ ကြိယဇဝနာနိ၊ တို့ကို။ နလဗ္ဘန္တိ၊ ကုန်။ ဝိပါကာဝရဏ သဗ္ဗာဝတော၊ ဝိပါကန္တရာယ်တားမြစ်သော ကြောင့်(အပ္ပနာဇောမရဟူလို)။

---

● အဘယ့်ကြောင့် လောကုတ္တရာဇောများ အရိယာတို့ သန္တာန်မှာသာ ယထာရဟ ဖြစ်ရပါသနည်း။

**အဖြေ**။ မဂ်စိတ် ၄-ခုသည် တကြိမ်သာဖြစ်၍ မဂ်ပုဂ္ဂိုလ်မှ တပါး အခြားပုဂ္ဂိုလ်တို့၌ မဖြစ်သောကြောင့်ရင်း, အောက်အောက် ဖလဋ္ဌာန်ပုဂ္ဂိုလ်သည် အထက် အထက် ဖလသမာပတ်ကိုမရသောကြောင့်ရင်း, အထက်အထက် ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ အောက်အောက် ဖိုလ်စိတ်များပြန်မဖြစ်တော့ပဲ ငြိမ်း အေး သွား သော ကြောင့် ရင်း ယ ထာ ရဟ ဖြစ်ရ ပါသည်။ (ဋီ)။

မှာ။ **အ** ယထာရဟာဖြစ်ပုံကို ရေးပါဆိုက သောတာပတ္တိ မဂ္ဂဋ္ဌာန်သည် လောကုတ္တရာစိတ် ၈-ခုထဲက သောတာပတ္တိမဂ်စိတ်တခုသာရ၏၊ (ပ) ရဟန္တာပုဂ္ဂိုလ်သည် လောကုတ္တရာစိတ် ၈-ခုထဲက အရဟတ္တဖိုလ်စိတ် တခုသာရ၏ဟု ဖြေလေ၊ (အခြားစိတ်များကား မေးဖွယ်မကောင်း၍ မရေးတော့ပြီ)။

---

● ပုဂ္ဂိုလ် ၁၂-မျိုးကို ထုတ်ပြခဲ့ပါ။

**အဖြေ**။ ဒုဂ္ဂတိ အဟိတ် ၁, သုဂတိ အဟိတ် ၁, ဒွိဟိတ် ၁, တိဟိတ် ၁, အရိယာ ၈, ပေါင်း ၁၂။

ဆောင်။ ဒု-သု-ဒွိ-တိ၊ ရှစ်အရိ၊ ပေါင်း ဘိဒ္ဓါဒသ။

---

● ပုဂ္ဂိုလ် ၁၂-ယောက်၏ စိတ်ရကို အသီးသီး ဖော်ပြခဲ့ပါ။

**အဖြေ**။ **ဒုဂ္ဂတိအဟိတ်** ပုဂ္ဂိုလ်မှာ ဟသိတုပ္ပါဒ်ကြဉ် အသောဘနစိတ် ၂၆, မဟာကုသိုလ် ၈, ပေါင်း ၃၇-ပါး ရ၏။

**သုဂတိအဟိတ်နှင့် ဒွိဟိတ်** ပုဂ္ဂိုလ်တို့မှာ ၎င်း ၃၇-တွင် မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ခုထည့် ၄၁-ပါး စီရ၏။

**တိဟိတ်** ပုဂ္ဂိုလ်မှာ ၎င်း ၄၁-တွင် မဟာဝိပါက် ဉာဏသမ္ပယုတ် ၄, မဟဂ္ဂုတ်ကုသိုလ် ၉-ခု ထပ်ထည့် ၅၄-ပါး ရ၏။

**မဂ်ပုဂ္ဂိုလ်** ၄-ယောက်မှာ မိမိဆိုင်ရာ မဂ်စိတ် ၁-ခုစီသာ ရ၏။

**သောတာပန်** ပုဂ္ဂိုလ်မှာ ယခင် ၅၄-ပါးထဲက ဒိဋ္ဌိဂတသမ္ပယုတ် ၄, ဝိစိကိစ္ဆာ ၁, ပေါင်း ၅-ခုနှုတ်, သောတာပတ္တိဖိုလ်ထည့် ၅၀-ရ၏။

**သကဒါဂါမ်** မှာ ၎င်း ၅၀-ထဲက သောတာပတ္တိဖိုလ်နှုတ်, သကဒါဂါမိဖိုလ်ထည့် ၅၀-ပင် ရ၏။

**အနာဂါမ်** မှာ ၎င်း ၅၀-ထဲက ဒေါသမူဒွေး သကဒါဂါမိဖိုလ်နှုတ်, အနာဂါမိ ဖိုလ်ထည့် ၄၇-ပါး ရ၏။

**ရဟန္တာ** မှာ အဟိတ် ၁၇, မဟာဝိ-ကြိ ၁၆, မဟဂ္ဂုတ်ကြိယာ ၉, အရဟတ္တဖိုလ် ၁, ပေါင်း ၄၃, ပါးရ၏။ (အထပ်ထပ်ကြည့်ရှုပါလေ)။

---

"အသေက္ခာနံ စတုစတ္တာ လီသ"စသော ဂါထာ၌ စတုစတ္တာလီသ, ဘပညာသ, စတုပညာသအရ တို့ကို ကောက်ပြခဲ့ပါ။

**အဖြေ**။ စတုစတ္တာလီသအရကား အဟိတ် ၁၇,မဟာဝိ-ကြိ ၁၆, မဟဂ္ဂုတ် ကြိ ၉, အရဟတ္တဖိုလ် ၁, ပေါင်း ၄၄-ပါးတည်း။
ဆပညာသအရကား ဒိဋ္ဌိဂတဝိပ္ပယုတ် ၄, ဝိစိကိစ္ဆာ ၁,ဟသိတုပ္ပါဒ် ၁, ပေါင်း ၆-ပါးကြဉ် အသောဘန ၂၄, မဟာကု-ဝိ ၁၆, မဟဂ္ဂုတ် ကု ၉, မဂ် ၄-ခု, အောက်ဖိုလ် ၃-ခု, ပေါင်း ၅၆-ပါးတည်း။

ဧတုပညာသ အရကား အထက်ပုစ္ဆာ အဖြေ၌ တိဟိတ်စိတ်ရ ၅၄-ပင်တည်း။

## ဘူမိဝိဘာဂ

● အဘယ့်ကြောင့် ကာမဘုံမှာ ဝိထိစိတ် ၈၀-လုံးရပါ သနည်း။

**အဖြေ**။ ကာမဘုံမှာ ဒွါရ ၆-ပါး, ပုဂ္ဂိုလ် ၁၂-ယောက်လုံး အကုန်ရသောကြောင့် ဖြစ်ပါသည်။

ဆန္နံ ဒွါရာနံ သဗ္ဗေသဉ္စ ပုဂ္ဂလာနံ တတ္ထ သမ္ဘဝတော။ (ဋီ)။

ဆန္နံ၊ ၆-ပါးကုန်သော။ ဒွါရာနံ၊ ဒွါရတို့၏ရင်း။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ ပုဂ္ဂလာနဉ္စ၊ ပုဂ္ဂိုလ်တို့၏ရင်း။ တတ္ထ၊ ထိုကာမဘုံ၌။ သမ္ဘဝတော၊ ဖြစ်ခြင်းကြောင့်တည်း။

---

● ရူပဘုံ၌ မရနိုင်သော စိတ်များကို အကြောင်းနှင့်တကွ ရှင်းပြခဲ့ပါ။

**အဖြေ**။ ဒေါသမူဒွေး, မဟာဝိပါက် ၈, ဈာနာဒိတ္တယ ၆, အရူပဝိပါက် ၄, ပေါင်း ၂၀-မရပါ။

**အကြောင်းကား** ရူပဘုံ၌ ပဋိဃတရားမရှိသောကြောင့် ထိုပဋိဃနှင့် ယှဉ်သော ဒေါသမူဒွေးကို မရ၊ မဟာဝိပါက်မှာ တဒါရုံကိစ္စသာ တပ်သောကြောင့် မရ၊ ကာမဝိရာဂ ဘာဝနာ၏ အစွမ်းဖြင့်

ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့၌ တပ်နှစ်သက်ခြင်း မရှိသောကြောင့် ဃာနဝိညာဉ်ဒွေး, ဇိဝှါဝိညာဉ် ဒွေး, ကာယဝိညာဉ်ဒွေး ၆-ပါးကိုမရ၊ (ဋီကာကျော် ပါဠိ ပကိဏ်းပိုင်း ဝတ္ထု သင်္ဂဟမှာ ပါသည်၊ (ကြည့်လေတော့)။

**ဆောင်**။ ဃာနာဒိဆ၊ ဒေါသနှစ်ဖြာ၊ ရှစ်မဟာဝိ၊ အရူပိ၊ မရှိရူပဘုံ။

---

- အရူပဘုံမှာ မဖြစ်နိုင်သော စိတ်များကို အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ။

**အဖြေ**။ ကာမဝိပါက်တေဝီသ, သောတာပတ္တိမဂ်, ရူပစိတ် ၁၅, ဒေါသမူဒွေး, ဟသိတုပ္ပါဒ် ၁, ပေါင်း ၄၃-ပါး မရပါ။

**အကြောင်းကား** ဒွါရမရှိခြင်း ကိစ္စမရှိခြင်းတို့ကြောင့် ကာမဝိပါက်တေဝီသ မရ၊ ပရတောဃောသ ပစ္စည်းမရှိလျှင် သာဝကများ မဖြစ်နိုင်သောကြောင့် သောတပတ္တိမဂ်မရ၊ ရူပဝိရာဂဘာဝနာ၏ အစွမ်းဖြင့် ရူပစိတ်များ ပယ်ပြီး ဖြစ်သောကြောင့် ရူပစိတ် ၁၅,မရ၊ အရူပဘုံမှာ ကိုယ်မရှိသောကြောင့် ဟသိတုပ္ပါဒ်မရ၊ (ကိုယ်မရှိပဲ မရယ်ရှင်နိုင်၊ သတိပြုပါ)။ (ဋီ)။

**ဆောင်**။ **ကာမဝိပါ**၊ တေဝီသာနှင့်၊ **သောတာပတ္တိ**၊ ရူပိဆယ့်ငါး၊ နှစ်ပါးဒေါသ၊ ဟသိမျှ၊ မရအရူဘုံ။

**အမှာ**။ ရူပဘုံ အရူပဘုံတို့၌ မရသော စိတ်များကို သိရပြီဖြစ်၍ ရသော စိတ်များကို ရေးပါဆိုက ကျန်စိတ်များကို ရေးပါလေ။

---

● ၃၁-ဘုံနှင့် ပုဂ္ဂိုလ် ၁၂-မျိုးကို အသီးသီး တွဲစပ်ပြခဲ့ပါ၊ (ဘုံပုဂ္ဂိုလ်အရကို ပြပါဟူလို)။

**အဖြေ**။ အပါယ်ဘုံမှာ ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ် ၁-မျိုးသာရ၏။ လူ့ဘုံ, စတုမဟာရာဇ်ဘုံတို့၌ ဒုဂ္ဂတိအဟိတ်မှ တပါးကျန်ပုဂ္ဂိုလ် ၁၁-မျိုးရ၏။

ကျန် နတ်ပြည် ၅-ထပ်၌ ဒုဂ္ဂတိ အဟိတ်, သုဂတိ အဟိတ် ၂-မျိုးပယ် ကျန် ပုဂ္ဂိုလ် ၁၀-မျိုး ရ၏။ အသညသတ် သုဒ္ဓါဝါသကြည် ရူပ ၁၀-ဘုံ၌ တိဟိတ် ပုဂ္ဂိုလ် ၉-မျိုးရ၏။

အသညသတ်ဘုံ၌ သုဂတိအဟိတ် တမျိုးသာ ရ၏။ သုဒ္ဓါဝါသ ၅-ဘုံမှာ အနာဂါမိ ဖလဋ္ဌာန်, အရဟတ္တမဂ္ဂဋ္ဌာန်, ရဟန္တာ ၃-မျိုးရ၏။

အရူပဘုံ၌ သောတာပတ္တိမဂ် ပုဂ္ဂိုလ်မှ တပါး ကျန် တိဟိတ်ပုဂ္ဂိုလ် ၈-မျိုးရ၏၊ (ဆောင်ပုဒ်နှင့် ကိုက်ကြည့်ပါ)။

**ဆောင်**။ အပါယ်ဒုရ၊ လူနတ်စ၌၊ ဒု-ပ ကော်ဒသ်၊ ထက်ငါးနတ်ဝယ်၊ အဟိတ်ပယ်လော့၊ ဆယ်ဘုံရူပ၊ တိဟိတ်ရ၏၊ သညသုသာ၊ ငါးသုဒ္ဓါမှာ၊ ရိယာ ခေါင်ဆုံး၊ သုံးမျိုးစီရ၊ အရူမဝယ်၊ စမဂ်ပယ်သည်၊ ရှစ်သွယ်တိဟိတ် မကြွင်းတည်း။

● ပုထုဇဉ်များသာ ရသောဘုံ၊ အရိယာများသာရသော ဘုံ၊ ပုထုဇဉ်အရိယာ ၂-မျိုးလုံးရသော ဘုံများကို ရေးခဲ့ပါ။

**အဖြေ။** (က) အပါယ် ၄-ဘုံ၊ အသညသတ်ဘုံ ၁၊

(ခ) သုဒ္ဓါဝါသ ၅-ဘုံ၊

(ဂ) ကြွင်း ၂၁-ဘုံ။

ဝီထိပိုင်းပြီး၏။

---

မဏ္ဍိုင်

# အဘိဓမ္မာ ကျမ်းရေး

## ဝိထိမုတ်ပိုင်း

### ဘုမ္မိစတုက္က

● အပါယ် ၄-ဘုံတွင်. တိရစ္ဆာန်ဘုံ ပြိတ္တာဘုံ အရ အဘယ့်ကြောင့် အဘယ်ကို ယူရမည်နည်း။

အဖြေ။ တိရစ္ဆာန် ပြိတ္တာတို့အတွက် အသီးအခြား သတ်မှတ်ထားသော နေရာမရှိသောကြောင့် တိရစ္ဆာန်ဘုံ ပြိတ္တာဘုံအရ ၎င်းတို့၏ ခန္ဓာကိုယ်ကို ယူရပါသည်။

ခန္ဓာနံယေဝ ဂဟဏံ၊ တေသံ တာဒိသဿ
ပရိစ္ဆိန္နောကာသဿ အဘာဝတော။ (ဋီ)။

တေသံ၊ ထိုတိရစ္ဆာန် ပြိတ္တာတို့၏။ တာဒိသဿ၊ထိုသို့သဘောရှိသော။ ပရိစ္ဆိန္နောကာသဿ၊ ပိုင်းခြား သတ်မှတ်အပ်သော အရပ်ဌာန၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ ခန္ဓာနံယေဝ၊ ခန္ဓာတို့ကိုသာလျှင်။ ဂဟဏံ၊ ယူခြင်းသည်။ ဟောတိ၊ ဖြစ်၏။

---

● "အသုရကာယော" ၌ အဘယ့်ကြောင့် အဘယ် အသုရာကို ယူရမည်နည်း။

**အဖြေ**။ ပြိတ္တာ အသုရာမှ တပါးသော အသုရာတို့သည် တာဝတိံသာ နတ်တို့၌ အကျုံးဝင်သောကြောင့် ပြိတ္တာ အသုရာကိုသာ ယူရပါသည်။

ဣခ စ ပေတာသုရာနမေဝ ဂဟဏံ၊ ဣတရေသံ
တာဝတိံသေသု ဂဟဏာဿ ဣစ္ဆိတတ္တာ။ (ဋီ)။

စ၊ ဆက်၍ဆိုဦးအံ့။ ဣခ၊ ဤနေရာ၌။ပေတာသုရာနမေဝ၊ ပြိတ္တာအသုရာတို့ကိုသာလျှင်။ ဂဟဏံ၊ ယူခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ ဣတရေသံ၊ အခြားသော အသုရာတို့၏။ တာဝတိံသေသု၊ နတ်တို့၌။ ဂဟဏဿ၊ ယူခြင်းကို။ ဣစ္ဆိတတ္တာ၊အလိုရှိအပ်သည်၏အဖြစ်ကြောင့်တည်း။

---

- ရူပ ၁၆-ဘုံသည် အထက်အောက် အဆင့်ဆင့်တည်ကြပါသလော၊ တည်နေပုံကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ပဌမစျာန် ၃-ဘုံက တပြင်,
ဒုတိယစျာန် ၃-ဘုံက တပြင်,
တတိယစျာန် ၃-ဘုံက တပြင်,
ဝေဟပ္ဖိုလ်ဘုံနှင့် အသညသတ်ဘုံကတပြင်,
သုဒ္ဓါဝါသဘုံက တပြင်စီ အထက် အောက်တည်နေကြပါသည်။ (ဋီ)။

ဘူမိ စတုက္က ပြီး၏။

## ပဋိသန္ဓိ စတုက္က

● "ဇစ္စန္ဓာဒိနံ"၌ အာဒိသဒ္ဒါဖြင့်ယူရမည့်အရာများကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အာဒိသဒ္ဒါဖြင့် ဇစ္စဗဓိရ,ဇစ္စမူဂ,ဇစ္စဇဠ,ဇစ္စုမ္မတ္တက, ပဏ္ဍက, ဥဘတောဗျဉ္စနက, နပုံသက, မမ္မ စသည်တို့ကို ယူ။

အာဒိဂ္ဂဟဏေန ဇစ္စဗဓိရ ဇစ္စမူဂ ဇစ္စဇဠ ဇစ္စုမ္မတ္တက ပဏ္ဍက ဥဘတောဗျဉ္စနက နပုံသက မမ္မာဒိနံ သင်္ဂဟော။ (ဋီ)။

**အမှာ**။ အနက်လွယ်ပြီ၊ ဇစ္စုမ္မတ္တကမှ တပါးသောပုဒ်တို့၌ ဇစ္စ ရှပ်ပြီးပုံသည် နိရုတ္တိဆန်လှ၏။

---

● အပါယ်ဘုံသားများ, လူများ, ဝိနိပါတိက အသုရာများသည် အဘယ့်ကြောင့် အသက်တမ်း မမြဲကြပါသနည်း။

**အဖြေ**။ အချို့မှာ အသက်ရှည်၍ အချို့မှာ အလွန်အသက်ရှည်သောကြောင့် မမြဲကြပါ။

ကေသဉ္စိ စိရာယုကတ္တာ, ကေသဉ္စိ စိရတရာယုကတ္တာစ။ (ဋီ)။

ကေသဉ္စိ၊ အချို့သောသူတို့၏(ဝါ-တို့သည်)။စိရာယုကတ္တာ၊ရှည်သောအသက်ရှိကုန်သည်၏အဖြစ်ကြောင့်ငင်း။ ကေသဉ္စိ၊ တို့၏(ဝါ-တို့သည်)။ စိရတရာယု

ကတ္တာစ၊ အလွန်ရှည်သော အသက်ရှိကုန်သည်၏ အဖြစ်ကြောင့်ဝှင်းတည်း။

---

● ၄-ကျွန်းသားတို့၏သက်တမ်းကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အရှေ့ကျွန်းသား ၇၀၀,
အနောက်ကျွန်းသား ၅၀၀,
မြောက်ကျွန်းသား· ၁၀၀၀,
တောင်ကျွန်းသား အမြဲမရှိ။

**ဆောင်**။ ရှေ့ ခုနစ်ရာ၊ နောက် ငါးရာ၊ မြောက်မှာ တထောင်သိ။

တောင်ကျွန်းမှာကား၊ သက်ပိုင်းခြား၊ မှတ်သားမြဲမရှိ။

---

● စတုမဟာရာဇ်နတ်တို့၏ ၁-ရက်, တလ, တနှစ်တို့မှာ လူ့အရေအတွက်ဖြင့် နှစ်ပေါင်းဘယ်လောက်ရှိပါသနည်း။

**အဖြေ**။ လူတို့၏အနှစ် ၅၀ - သည် စတုမဟာရာဇ် တရက်၊ လူတို့၏အနှစ်(၅၀×၃၀=) ၁၅၀၀-သည် စတုမဟာရာဇ် တလ၊ လူတို့၏အနှစ်ပေါင်း (၁၅၀၀×၁၂=) ၁၈၀၀၀-သည် စတုမဟာရာဇ် တနှစ်ဖြစ်ပါသည်။

ယာနိ ပညာသဝဿာနိ၊
မနုဿာနံ ဒိနေ တဟိံ ။

တိံသရတ္တိန္ဒိဝေါ မာသော၊
မာသာဒွါဒသ သံဝစ္ဆရံ။
တေန သံဝစ္ဆရေနာယု၊
ဒိဗ္ဗံ ပဉ္စသတံ မတံ။ (ဋီ)။

မနုဿာနံ၊ လူတို့၏။ ယာနိပညာသဝဿာနိ၊ အကြင် အနှစ် ၅၀-တို့သည်။ တဟိ၊ ထိုစတုမဟာရာဇ်ဘုံ၌။ ဒိနော၊ တရက်တည်း။ တိံသရတ္တိန္ဒိဝေါ၊ ညဉ့်နေ့ ၃၀-သည်။ မာသော၊ တလတည်း။ ဒွါဒသမာသာ၊ ၁၂-လတို့သည်။ သံဝစ္ဆရံ၊ တနှစ်တည်း။ တေန သံဝစ္ဆရေန၊ ထိုနှစ်ဖြင့်။ ပဉ္စသတံ၊ ၅၀၀ - ကို။ ဒိဗ္ဗံအာယု၊ စတုမဟာရာဇ်နတ်သက်ဟူ၍။ မတံ၊ သိအပ်ပြီ။

**မှတ်ချက်**။ **တာဝတိံသာတရက်မှာ** အနှစ် **၁၀၀,ယာမာဘ**ရက်မှာ အနှစ် **၂၀၀, တုသိတာဘ**ရက်မှာ အနှစ် **၄၀၀, နိမ္မာနရတိတ**ရက်မှာ အနှစ် **၈၀၀,ပရနိမ္မိတဝသဝတ္တိတ**ရက်မှာ အနှစ် **၁၆၀၀-ရှိသည်**၊ အထူးသဘိပြုခဲ့ပါ။

---

● စတုဂ္ဂဏ္ဏအရ ၄-ဆတက်ပုံကို ရှင်းပြခဲ့ပါ။

**အဖြေ**။ စတုမဟာရာဇ်တရက်သည် လူ့အနှစ် ၅၀,တာဝတိံသာ တရက်သည် လူ့အနှစ်တရာဖြစ်၍ ရက်ပမာဏ အားဖြင့် ၂-ဆပို၏။

စတုမဟာရာဇ်နတ်သက် အနှစ် ၅၀၀, တာဝတိံသာနတ်သက် အနှစ် ၁၀၀၀-ဖြစ်၍ နှစ်ပမာဏ အားဖြင့် ၂-ဆပို၏။

ထိုရက် ၂-ဆ, နှစ် ၂-ဆကိုပေါင်း၍ ၄-ဆတက်သည်ဟု ဆိုပါသည်။ (ဋီ)။ •

---

● နတ်ပြည် ၆-ထပ်၏အသက်တမ်းကို နတ်အရေအတွက် လူ့အရေအတွက်တို့ဖြင့် ဖော်ပြခဲ့ပါ။

**အဖြေ**။

| ဘုံ | နတ်နှစ် | လူနှစ် |
|---|---|---|
| စတုမဟာရာဇ် | ၅၀၀ | ၉-သန်း |
| တာဝတိံသာ | ၁၀၀၀ | ၃-ကုဋေ ၆-သန်း |
| ယာမာ | ၂၀၀၀ | ၁၄-ကုဋေ ၄-သန်း |
| တုသိတာ | ၄၀၀၀ | ၅၇-ကုဋေ ၆-သန်း |
| နိမ္မာနရတိ | ၈၀၀၀ | ၂၃၀-ကုဋေ ၄-သန်း |
| ပရနိမ္မိတဝသဝတ္တီ | ၁၆၀၀၀ | ၉၂၁-ကုဋေ ၆-သန်း |

**ဆောင်**။ [1] မ-ကိုက်-ခဲ-ဝါ၊ ဟ-တယာနှင့်၊ သုညာဌေစ၊ အောက်သုံးချ၊ မှတ်ကြနတ်ဘုံသက်၊ (နတ်တွက်ကိန်း)။

[2] ဈာန်-စလာ-ဝါဝါဘ၊ စောသမ-ဝင်းနုလာခါ၊စောပုခဥ္ဇာ၊ ခြောက်သုညာ၊ ညီညာထည့်စွက်၊ နတ်ခြောက်ဘုံ လူကတွက်လျှင်၊ ဟောဤမျှသွက်။ (လူ့တွက်ကိန်း)။

**အမှာ**။ [1] "မ=၅, ကိုဋ္ဌ = ၁"စသည်ဖြင့် ဝိဋ္ဌကသင်္ချာအတိုင်းသိပါ၊ သုညာဌေစ၊ အစဆုံး နတ်ဘုံမှာသုည ၂-လုံး၊ အောက်သုံးချ = ကျန်နတ်ဘုံတွေမှာ သုည ၃-လုံးစီချ၊ [2] "ဈာန်=၉, စလာ=၃၆"စသည်ဖြင့် သိပါ။ ၎င်းတို့၏နောက်မှာ သုည ၆-လုံးစီထည့်ပါ၊အဓိပ္ပါယ်ရှင်းအောင် အဖြေနှင့်တိုက်ကြည့်ပါ။

မှတ်ဖွယ်။ စတုမဟာရာဇ်နတ်သက်ကို တာဝတိံသာနတ်က တွက်လိုလျှင် စတုမဟာရာဇ်နတ်သက်ကိုတည် ၂-ဖြင့်စား၊ ယာမာက တွက်လိုလျှင် ၄-ဖြင့်စား၊ တုသိတာက တွက်လိုလျှင် ၈-ဖြင့်စား၊ နိမ္မာနရတိက တွက်လိုလျှင် ၁၆-ဖြင့်စား၊ ပရနိမ္မိတဝသဝတ္တီက တွက်လိုလျှင် ၃၂-ဖြင့်စား။

ဥပမာ—စတုမဟာရာဇ်နတ်သက်ကို ပရနိမ္မိတဝသဝတ္တီနှစ်ဖြင့်ဖော်ပြပါဆိုက ၅၀၀-ကိုတည် ၃၂-ဖြင့်စား (၅၀၀÷၃၂=)၁၅-နှစ်, ၇-လ, ၁၅-ရက်ဟု ဖြေပါ၊ ဤကား အောက်အောက် နတ်သက်ကို အထက်အထက် နတ်ကတွက်ပုံတည်း။

အထက်အထက် နတ်သက်ကို အောက်အောက် နတ်က တွက်ရာမှာ ပရနိမ္မိတဝသဝတ္တီနတ်သက်ကိုနိမ္မာနရတိက တွက်လိုလျှင် ပရနိမ္မိတဝသဝတ္တီနတ်သက်ကိုတည် ၂ ဖြင့်မြှောက်၊ တုသိတာကတွက်လိုလျှင် ၄-ဖြင့်မြှောက်၊ ယာမာကတွက်လိုလျှင် ၈-ဖြင့်မြှောက်၊ တာဝတိံသာက တွက်လိုလျှင် ၁၆-ဖြင့်မြှောက်၊ စတုမဟာရာဇ်ကတွက်လိုလျှင် ၃၂-ဖြင့်မြှောက်ပါ။

ဥပမာ—ပရနိမ္မိတဝသဝတ္တီနတ်သက်ကို စတုမဟာရာဇ်နှစ်ဖြင့်ဖော်ပြပါဟုမေးက ၁၆၀၀၀-ကိုတည် ၃၂-ဖြင့်မြှောက် (၁၆၀၀၀×၃၂=) ၅၁၂၀၀၀ ဖြစ်ပါသည်ဟု ဖြေပါ။

---

● "ဖြဟ္မပါရိသဇ္ဇာနံ ဒေဝါနံ ကပ္ပဿ"၌ ကပ္ပအရ အဘယ်ကပ်ကိုယူရမည်နည်း။ အကြောင်းပြ၍ ဖြေခဲ့ပါ။

အဖြေ။ ပဌမဈာန် ၃-ဘုံသည် မဟာကပ်တခုအတွင်း၌ပျက်စီး ကြရ၍ မဟာကပ်ကုန်ဆုံးအောင် မတည်နိုင်သောကြောင့် ကပ္ပအရ အသင်္ချေယျကပ်ကိုသာ ယူရပါသည်။

ကပ္ပဿာတိ အသင်္ချေယျကပ္ပဿ၊ ဧကကပ္ပေပိ တေသံ အဝိနာသဘာဝေန ပရိပုဏ္ဏကပ္ပေ အသမ္ဘဝတော။ (ဋီ)။

ကပ္ပဿာတိ၊ ဟူသည်ကား။ အသင်္ချေယျကပ္ပဿ၊ အသင်္ချေယျကပ်၏။ ဧကကပ္ပေပိ၊ တခုသောမဟာကပ်၌လည်း။ အဝိနာသဘာဝေန၊ မပျက်စီးခြင်း၏မဖြစ်ခြင်းကြောင့်။ဝါ။ပျက်စီးခြင်းကြောင့်။ ပရိပုဏ္ဏကပ္ပေ၊ ပြည့်စုံသောမဟာကပ်၌။ အသမ္ဘဝတော၊ မဖြစ်ခြင်းကြောင့်တည်း။

---

● အာယုကပ်, အန္တရကပ်, အသင်္ချေယျကပ်, မဟာကပ် တို့၏ ကာလပမာဏကို ဖော်ပြခဲ့ပါ။

အဖြေ။ အခါကာလအားလျော်စွာ ပိုင်းခြားသတ်မှတ်ထားသောသက်တမ်းသည် အာယုကပ်၊
၁၀ - နှစ်တမ်းမှ အသင်္ချေယျတမ်း, အသင်္ချေယျတမ်းမှ ၁၀-နှစ်တမ်းအထိ အတက်အကျ အချိန်ကာလသည် အန္တရကပ်၊
အန္တရကပ် ၆၄-ကပ်သည် အသင်္ချေယျကပ်၊
အသင်္ချေယျ ၄-ကပ်သည် မဟာကပ်။ (ဋီ)။

ဆောင်။ အခါအားလျော်စွာ၊ သက်တမ်းမှာ၊ မှတ်ပါအာယုကပ်။
ဆယ်မှသင်္ချေ၊ အသင်္ချေမှ၊ တဆယ်ကျ၊ မှတ်ကြအန္တရကပ်။
အန္တရသွေး၊ ခြောက်ဆယ့်လေး၊ အသင်္ချေယျကပ်။
အသင်္ချေယျ၊ ၄-ခုမျှ၊ မှတ်ကြမဟာကပ်။

---

● ကမ္ဘာလောကကြီးပျက်စီးပုံကို ဖော်ပြခဲ့ပါ။

အဖြေ။ မီး ၇-ကြိမ်, ရေ ၁-ကြိမ်, မီး ၇-ကြိမ်, ရေ ၁-ကြိမ်၊ စသည်ဖြင့် ကမ္ဘာလောကကြီးကို ဖျက်လာရာ ၆၄-ကြိမ်မြောက်မှာ လေဖျက်သဖြင့် ကမ္ဘာကြီးပျက်စီးရပါသည်။

သတ္တသတ္တဂ္ဂိနာ ဝါရာ၊
အဋ္ဌမေ အဋ္ဌမေ ဒကာ။
စတုသဋ္ဌိ ယဒါ ပုဏ္ဏာ၊
ဧကော ဝါယုဝါရော သိယာ။ (ဋီ)။

သတ္တ သတ္တဝါရာ၊ ခုနစ်ကြိမ် ခုနစ်ကြိမ်တို့ တိုင်တိုင်။ အဂ္ဂိနာ၊ မီးကြောင့်။ ဝိနသဿတိ၊ ပျက်စီး၏။ အဋ္ဌမေ အဋ္ဌမေ၊ ရှစ်ကြိမ်မြောက် ရှစ်ကြိမ်မြောက်၌။ ဒကာ၊ ရေကြောင့်။ ဝိနဿတိ၊ ပျက်စီး၏။ ယဒါ၊ ၌။ စတုသဋ္ဌိ၊ ၆၄-ကြိမ်သည်။ ပုဏ္ဏာ၊ ပြည့်၏။ တဒါ၊ ၌။ ဧကော၊ တခုသော။ ဝါယုဝါရော၊ လေဖျက်သော အကြိမ်သည်။ သိယာ၊ ဖြစ်ရာ၏။

---

● မီးကြောင့်ပျက်သောဘုံ, ရေကြောင့် ပျက်သောဘုံ, လေကြောင့်ပျက်သောဘုံများကို ဖော်ပြခဲ့ပါ။

အဖြေ။ မီးကြောင့် ကာမဘုံ ၁၁-ဘုံ, ပဌမစျာန် ၃-ဘုံ ပျက်၏။

ရေကြောင့် ကာမ ၁၁-ဘုံ, ပဌမစျာန် ၃-ဘုံ, ဒုတိယစျာန် ၃-ဘုံပျက်၏။

လေကြောင့် ကာမ ၁၁-ဘုံ, ပ-ဒု-တ စျာန် ၉-ဘုံ ပျက်၏။

အဂ္ဂိနာ ဘဿရာ ဟေဋ္ဌာ၊
အာပေန သုဘကိဏှတော။
ဝေဟပ္ဖလတော ဝါတေန၊
ဧဝံ လောကော ဝိနဿတိ။ (ဋီ)။

အာဘဿရာ၊ ဘုံမှ။ ဟေဋ္ဌာ၊ အောက်၌။ အဂ္ဂိနာ၊ မီးကြောင့်။ ဝိနဿတိ၊ ပျက်စီး၏။ သုဘကိဏှတော၊ ဘုံမှ။ ဟေဋ္ဌာ၊ အောက်၌။ အာပေန၊ ရေကြောင့်။ ဝိနဿတိ၊ ၏။ ဝေဟပ္ဖလတော၊ ဘုံမှ။ ဝါတေန၊ လေကြောင့်။ ဝိနဿတိ၊ ၏။ ဧဝံ၊ ဤသို့။ လောကော၊ သည်။ ဝိနဿတိ၊ ၏။

---

● "ပဋိသန္ဓိ ဘဝင်္ဂဉ္စ၊ တထာ စဝနမာနသံ" စသော စကားအရ ပဋိသန္ဓေ,ဘဝင်,စုတိစိတ်တို့၏ ဘုံ,ဇာတ်, သမ္ပယောဂ, သင်္ခါရ, အာရုံအားဖြင့်တူပုံကို ဖော်ပြခဲ့ပါ။

အဖြေ။ ပဋိသန္ဓေစိတ်သည် ကာမစိတ်ဖြစ်က ဘဝင်စုတိတို့လည်း ကာမစိတ်ဖြစ်ရ၏ (ဘုံ၊)

ပဋိသန္ဓေစိတ်သည် ကုသိုလ်စိတ်ဖြစ်က ဘဝင်စုတိတို့လည်း ကုသိုလ်စိတ်ဖြစ်ရ၏ (ဇာတ်၊)
ပဋိသန္ဓေစိတ်သည် ဉာဏသမ္ပယုတ်ဖြစ်က ဘဝင်စုတိတို့လည်း ဉာဏသမ္ပယုတ်ဖြစ်ရ၏။ (သမ္ပယောဂ)။
ပဋိသန္ဓေစိတ်က အသင်္ခါရိကဖြစ်က ဘဝင်စုတိတို့လည်းအသင်္ခါရိကဖြစ်ရ၏။ (သင်္ခါရ)၊
ပဋိသန္ဓေစိတ်က ရူပါရုံကို အာရုံပြုက ဘဝင်စုတိတို့လည်း ရူပါရုံကို အာရုံပြုရ၏။ (အာရုံ)။

**အမှာ။** တဘဝ၌ တူမြဲတရားကို ပြသောဂါထာကို ရေးပါဆိုက ဤဂါထာကို ရေးပါ။

ပဋိသန္ဓိစတုက္ကပြီး၏။

---

## ကမ္မစတုက္က

● ဂရုကံ အရ အကုသိုလ်ဖြစ်က ဘယ်ကံကို ယူ၍ ကုသိုလ်ဖြစ်က ဘယ်ကံကို ယူရမည်နည်း။

**အဖြေ။** အကုသိုလ်ဖြစ်က မာတုဃာတကစသော ကံကိုယူ၍ ကုသိုလ်ဖြစ်က မဟဂ္ဂုတ်ကံကို ယူရပါသည်။

ဂရုကံအကုသလပက္ခေ မာတုဃာတကာဒိကမ္မံဝါ
ကုသလပက္ခေ မဟဂ္ဂတကမ္မံဝါ။ (ဋီ)။

အကုသလပက္ခေ၊အကုသိုလ်အဖို့၌။မာတုဃာတကာဒိကမ္မံဝါ၊ မာတုဃာတကစသောကံသည်ရင်း။ကုသလပက္ခေ ၌၊ မဟဂ္ဂတကမ္မံဝါ၊ သည်ရင်း။ ဂရုကံ၊ ဂရုကကံမည်၏။

ဆောင်။ မာတုဃာတကာ၊ စသည့်မျှ၊ အကုသလသာ။
မဟဂ္ဂုတ်ကံ၊ ကုသလံ၊ မှတ်ရန်ဂရုကာ။

---

● ဒိဋ္ဌဓမ္မဝေဒနီယ စသော ကံ ၄-ပါးကို ဇော ၇-ကြိမ် ဖြင့် ပိုင်းခြားပြ၍ အကျိုးပေးရာ အခါကိုလည်း ဖော်ပြခဲ့ပါ။

**အဖြေ**။ ပဌမဇော စေတနာသည် ဒိဋ္ဌဓမ္မ ဝေဒနီယကံမည်၏၊ ပစ္စုပ္ပန်ဘဝ၌ အကျိုးပေး၏။
သတ္တမဇော စေတနာသည် ဥပပဇ္ဇဝေဒနီယကံမည်၏၊ ဒုတိယဘဝ၌ အကျိုးပေး၏။
အလယ်ဇော ၅-ခုစေတနာသည် အပရာပရိယ ဝေဒနီယကံမည်၏၊ တတိယဘဝမှစ၍ နိဗ္ဗာန်တိုင်အောင် အကျိုးပေး၏။
အကျိုးမပေးသော ဇော ၇-ချက် စေတနာသည် အဟောသိကံမည်၏၊ လုံးဝအကျိုးမပေး။ (ဋီ)။

ဆောင်။ ဒိဋ္ဌကံမှာ၊ ပ-ဇောသာ၊ ပေးရာပစ္စုပ္ပန်။
ဥပကံမှာ၊ သတ္တမာ၊ မှတ်ပါဒုတိယံ။
အလယ်ငါးဝ၊ အပရ၊ တ-စ ဆုံးနိဗ္ဗာန်၊
အဟောသိမှာ၊ ခုနစ်ဖြာ၊ ပေးရာမရှိမှန်။

---

● အကျိုးပေးရာကာလ မရှိပါပဲလျက် အဘယ့်ကြောင့် အဟောသိကံကိုပါ ကာလ၏ အစွမ်းဖြင့် ဆိုထားပါ သနည်း။

**အဖြေ**။ အကျိုးပေးရာ ကာလကို လွန်ခြင်းကြောင့် ဆိုပါ သည်။

ကာလာတိက္ကမတော၀ တံဝေါဟာရော။ (ဋီ)။

ကာလာတိက္ကမတော၀၊ အကျိုးပေးရာကာလကို လွန်ခြင်းကြောင့်သာလျှင်။ တံဝေါဟာရော၊ ထို အဟောသိကံဟုခေါ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

---

● "ပါကာတိပါတ"၌ ပါကအရ တိကျစွာကောက်ပြ ခဲ့ပါ။

**အဖြေ**။ ပါကအရကား ဝေါဟာရအားဖြင့် သတ္တဝါတည်း၊ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေတည်း။

**အမှာ**။ ပါကအရ ပရမတ္ထစစ်စစ်ကောက်ပြပါဆိုကလည်း ဖြေ တတ်ပါစေ။ သတိပြုပါ။

ပါဏောတိ ဝေါဟာရတော သတ္တော၊ ပရမတ္ထ တော ဇီဝိတိန္ဒြိယံ။ (ဋီ)။

ပါဏောတိ၊ ပါဏဟူသည်။ ဝေါဟာရတော၊ ဝေါဟာရအားဖြင့်။ သတ္တော၊ သတ္တဝါတည်း။ ပရမတ္ထတော၊ အားဖြင့်။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေ တည်း။

---

● "ကာယဒွါရေ ဗာဟုလ္လဝုတ္တိတော"၌ အဘယ့် ကြောင့် ဗာဟုလ္လသဒ္ဒါကို ထည့်ဆိုရပါသနည်း။

**အဖြေ**။ ကာယကံသည် ကာယဒွါရ၌သာ အများအားဖြင့် ဖြစ်၍ အပ္ပကအားဖြင့် ဝစီဒွါရ၌လည်း ဖြစ်သေး သောကြောင့် ဗာဟုလ္လသဒ္ဒါကို ထည့်ဆိုရပါ သည်။

ကာယကမ္မံ ဟိ ကာယဒွါရေယေဝ ဗဟုလံ
ပဝတ္တတိ၊ အပ္ပံ ဝစီဒွါရေ၊ တသ္မာ။ (ဋီ)။

ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ ကာယကမ္မံ၊ သည်။ ကာယဒွါရေယေဝ၊ ၌သာလျှင်။ ဗဟုလံ၊ များစွာ။ ပဝတ္တတိ၊ ဖြစ်၏။ အပ္ပံ၊ အနည်းငယ်။ ဝစီဒွါရေ၊ ၌။ ပဝတ္တတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်တည်း။

---

● "ဝစီဒွါရေ ဗာဟုလ္လဝုတ္တိတော"၌ ဗာဟုလ္လသဒ္ဒါ ထည့်ဆိုရခြင်း၏အကြောင်းကို ဖော်ပြပါ။

အဖြေ။ ဝစီကံသည် ဝစီဒွါရ၌သာ အများအားဖြင့်ဖြစ်၍ အပ္ပကအားဖြင့် ကာယဒွါရ၌လည်း ဖြစ်သေးသောကြောင့် ဗာဟုလ္လသဒ္ဒါ ထည့်ဆိုရပါသည်။ (ဋီ)။

---

● အပစာယနစသော ၇-ပါးကို ဒါန,သီလ,ဘာဝနာ၌ ထိုက်သလို အကြောင်းပြ၍သွင်းပြပါ။

အဖြေ။ ဒါနသဘော ရှိသောကြောင့် ပတ္တိဒါန, ပတ္တာနုမောဒနတို့ကို ဒါန၌သွင်း၊
စာရိတ္တသီလဖြစ်သောကြောင့် အပစာယန,ဝေယျာဝစ္စတို့ကို သီလ၌သွင်း၊
ကုသိုလ်တရားတို့ကို ပွားစေတတ်သောကြောင့် ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌုဇုကမ္မတို့ကို ဘာဝနာ၌သွင်း၊

တံသဘာဝတ္တာ၊ စာရိတ္တသီလဘာဝတော၊
ကုသလဓမ္မာသေဝနတော။ (ဋီ)။

တံသဘာဝတ္တာ၊ ထိုဒါနသဘောရှိကုန်သည်၏အဖြစ်ကြောင့်။ စာရိတ္တသီလဘာဝတော၊ စာရိတ္တသီလတို့၏အဖြစ်ကြောင့်။ ကုသလဓမ္မာသေဝနတော၊ ကုသိုလ်တရားတို့ကို တိုးပွားစေတတ်သောကြောင့်။

**ဆောင်**။ ဒါနသီလာ၊ ဘာဝနာ၊ သုံးဖြာစဉ်ရှုခြင်း။
စနှစ်လယ်က၊ လယ်နှစ်စ၊ ကြွင်းကနောက်ဆုံးသွင်း။

---

● ရူပကံ, အရူပကံတို့သည် အဘယ့်ကြောင့် မနောကံ တမျိုးသာ ဖြစ်ရပါသနည်း။

**အဖြေ**။ ကာယဒွါရ စသည်တို့၌မဖြစ်သောကြောင့် မနောကံ တမျိုးသာ ဖြစ်ရပါသည်။

ကာယဒွါရာဒိသု အပ္ပဝတ္တနတော။ (ဋီ)။

ကာယဒွါရာဒိသု၊ အစရှိသည်တို့၌။ အပ္ပဝတ္တနတော၊ မဖြစ်ခြင်းကြောင့်တည်း။

---

● ရူပကံ, အရူပကံတို့သည် ။အဘယ့်ကြောင့်ဘာဝနာ မယသာ ဖြစ်ရပါသနည်း။

**အဖြေ**။ ဒါနစသည်တို့၏အစွမ်းဖြင့် မဖြစ်သောကြောင့် ဘာဝနာမယသာ ဖြစ်ရပါသည်။

ဒါနာဒိဝသေန အပ္ပဝတ္တနတော။ (ဋီ)။
ဒါနာဒိဝသေန၊ ဒါန အစရှိသည်တို့၏အစွမ်းဖြင့်။
အပ္ပဝတ္တနတော၊ မဖြစ်ခြင်းကြောင့်တည်း။

---

● ရူပကံ, အရူပကံတို့သည် အဘယ့်ကြောင့် အပ္ပနာ ပတ္တသာ ဖြစ်ရပါသနည်း။

**အဖြေ**။ ရှေးအ ဘို့ ၌ ဖြစ်သော တရားတို့သည် ကာမာဝစရ တရားများသာဖြစ်သောကြောင့်တည်း။

ပုဗ္ဗဘာဂပ္ပဝတ္တာနံ ကာမာဝစရ ဘာဝတော။ (ဋီ)။

ပုဗ္ဗဘာဂပ္ပဝတ္တာနံ၊ ရှေးအဘို့၌ဖြစ်သောတရားတို့၏။
ကာမာဝစရ ဘာဝတော၊ ကာမာဝစရ တရားတို့၏ အဖြစ်ကြောင့်တည်း။

---

● "ဥဒ္ဒစ္စရဟိတ်"၌ အဘယ့်ကြောင့် ဥဒ္ဒစ္စကိုကြဉ်ရပါ သနည်း။

**အဖြေ**။ ပဋိသန္ဓေကျိုးမပေးသောကြောင့် ကြဉ်ရပါသည်။
ပဋိသန္ဓိဒါနသဘာဝါဘာဝတော။ (ဋီ)။

ပဋိသန္ဓိဒါနသဘာဝါဘာဝတော၊ ပဋိသန္ဓေ ကျိုး ပေးခြင်းသဘော၏ မရှိခြင်းကြောင့်တည်း။

● အဘယ့်ကြောင့် ဥဒ္ဒစ္စစေတနာသည် ပဋိသန္ဓေကျိုးကို မပေးပါသနည်း။

**အဖြေ**။ နာနာခဏိက ကမ္မပစ္စည်း မတပ်သောကြောင့် မပေးပါ။

နစ နာနာခဏိက ကမ္မပစ္စယံ ဝိနာ ပဋိသန္ဓိ အာကဍ္ဎနံ အတ္ထိ၊ တသ္မာ။ (ဋီ)။

နာနာခဏိက ကမ္မပစ္စယံ၊ ပစ္စည်းကို။ ဝိနာ၊ ကြဉ်၍။ ပဋိသန္ဓိ အာကဍ္ဎနံ၊ ပဋိသန္ဓေအကျိုးကို ငင်ခြင်းသည်။ နအတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်တည်း။

---

● အဘယ့်ကြောင့် ကာမာဝစရကံက ရူပဘုံမှာ ပဝတ္တိကျိုးကို ပေးနေရပါသနည်း။

**အဖြေ**။ ရူပကံက အဟိတ်ဝိပါက်များကို မဖြစ်စေနိုင်သောကြောင့် ပေးရပါသည်။

ရူပါဝစရ ကမ္မေန အဟေတုက ဝိပါကုပ္ပတ္တိယာ အဘာဝတော။ (ဋီ)။

ရူပါဝစရကမ္မေန၊ ကြောင့်။ အဟေတုက ဝိပါကုပ္ပတ္တိယာ၊ အဟိတ်ဝိပါက် ဖြစ်ခြင်း၏။ အဘာဝတော- မရှိခြင်းကြောင့်တည်း။

**အမှာ**။ ကံတခုတည်းက ပဋိသန္ဓေကျိုး များစွာကို မပေးနိုင်၊ ပဋိသန္ဓေကျိုးတခုသာ ပေးနိုင်သည်။ ပဝတ္တိကျိုးကား များစွာပင် ပေးနိုင်ပေသည်။ (ဋီ)။

● ကုသိုလ်ကံ၏ ဥက္ကဋ္ဌ ဩမကဖြစ်ပုံကို ရေးပါ။

**အဖြေ**။ ကုသိုလ်ပြုသောအခါ ရှေ့အဖို့ နောက် အဖို့တို့၌ ကုသိုလ်ကံဖြင့် ခြံရံအပ်၍ နောင် အခါ၌လည်း အဖန် တလဲလဲ မှီဝဲ လေ့လာအပ်သော ကံသည် ဥက္ကဋ္ဌ။

ကုသိုလ် ပြုသောအခါ ရှေ့အဖို့ နောက်အဖို့တို့၌ အကုသိုလ်ကံဖြင့် ခြံရံအပ်၍ နောင်အခါ၌ ငါသည် ဤကုသိုလ်ကို မကောင်းသဖြင့် ပြုအပ်ခဲ့ပြီဟု နှလုံး မသာယာခြင်းဖြင့် ထိုအပ်သောကံသည် ဩမကကံ ဖြစ်ပါသည်။ (ဋီ)။

**ဆောင်**။ ရှေ့နောက်နှစ်တန်၊ ကုသိုလ်ရံ၍၊ ဖန်ဖန်ထပ်ထပ်၊ မှီဝဲအပ်၊ ဥက္ကဋ္ဌ်ကုသိုလ်**သာ**။

ရှေ့နောက် နှစ်ချပ်၊ အကုသ္ပ်၍၊ နောက်ထပ်ပူပန်၊ ဖြစ်စေပြန်၊ မှတ်ရန် ဩမ**ကာ**။

---

● အသင်္ခါရိကကံက သသင်္ခါရိကကျိုးကို မပေးနိုင် စသည်ဖြင့် ဆိုသော ဝါဒကို အဘယ့်ကြောင့် ကေစိ ဝါဒဟု ဆိုရပါသနည်း။

**အဖြေ**။ ဝိပါက်စိတ်၏ သင်္ခါရအပြားကို ပစ္စည်း၏အစွမ်းဖြင့် သာ အလိုရှိအပ်၍ ကံ၏အစွမ်းဖြင့် အလိုမရှိအပ် သောကြောင့် ကေစိဝါဒဟု ဆိုပါသည်။

ဝိပါကဿ သင်္ခါရဘေဒေါ ပစ္စယဝသေန ဣစ္ဆိတော,န ကမ္မဝသေန၊တသ္မာ သေ ကေစိဝါ ဒေါကတော(ဋီ)။

ဝိပါကသည်၊ ဝိပါက်စိတ်၏။ သင်္ခါရဘေဒေါ၊သင်္ခါရ အပြားကို။ ပစ္စယဝသေန၊ ပစ္စည်း၏ အစွမ်းဖြင့်။ ဇုစ္ဆိတော၊ အလိုရှိအပ်ပြီ။ ကမ္မဝသေန၊ ကံ၏အစွမ်း အားဖြင့်။ န ဇုစ္ဆိတော၊ အလိုမရှိအပ်။ တသ္မာ ထို့ကြောင့်။သေ-သေသော၊ ဤဝါဒကို။ကေစိဝါဒေါ၊ ကေစိဝါဒဟူ၍။ ကတော၊ ပြုအပ်ပြီ။

---

● "တေသံ ဒွါဒသ ပါကာနိ၊ ဒသဋ္ဌစ ယထာက္ကမံ"၌ ဒွါဒသ, ဒသ, အဋ္ဌအရဘို့ကို ကောက်ပြခဲ့ပါ။

အဖြေ။ ဒွါဒသ၊ အဟိတ်ကုသလ ဝိပါက် ၈, မဟာဝိပါက် အသင်္ခါရိက ၄, ပေါင်း ၁၂။

(**တနည်း**)အဟိတ် ကုသလဝိပါက် ၈, မဟာဝိပါက် သသင်္ခါရိက ၄, ပေါင်း ၁၂။

ဒသ၊ အဟိတ်ကုသလဝိပါက် ၈, မဟာဝိပါက် ဉာဏ သမ္ပယုတ် အသင်္ခါရိက ၂, ပေါင်း ၁၀။

(**တနည်း**) အဟိတ်ကုသလ ဝိပါက် ၈, မဟာ ဝိပါက် ဉာဏသမ္ပယုတ် သသင်္ခါရိက ၂,ပေါင်း ၁၀။ အဋ္ဌ၊ အဟိတ်ကုသလဝိပါက် ၈၊ (အထူးသတိပြု ပါလေ)။

---

● "ပဌမဇ္ဈာနံ ဘာဝေတွာ"၌ အဘယ့်ကြောင့် အဘယ် ပဌမစျာန်ကို ယူရမည်နည်း။

**အဖြေ**။ အဘိညာဉ် ပဉ္စမစျာန်မှာ အကျိုး မပေးသော ကြောင့် အဘိညာဉ်မဟုတ်သော ရိုးရိုးပဉ္စမစျာန်ကို ယူရပါသည်။

သမာနာသေဝနေ လဒ္ဓေ၊
ဝိဇ္ဇမာနေ မဟဗ္ဗလေ။
အလဒ္ဓါ တာဒိသံ ဟေတုံ၊
အဘိညာ န ဝိပစ္စတိ။
အဘိညာဘာဝံ အသမ္ပတ္တံ ပဉ္စမဇ္ဈာနံ။ (ဋီ)။

သမာနာသေဝနေ၊ တူသော အာသေဝနပစ္စည်းကို။ လဒ္ဓေ၊ ရအပ်သည်ရှိသော်။ မဟဗ္ဗလေ၊ ကြီးသော အစွမ်းသတ္တိသည်။ ဝိဇ္ဇမာနေ၊ ရှိလတ်သော်။ ဝိပစ္စတိ၊ အကျိုးပေး၏။ အဘိညာ၊ အဘိညာဉ်သည်။ တာဒိသံ၊ ထိုသို့ သဘောရှိသော။ ဟေတုံ၊ အကြောင်းကို။ အလဒ္ဓါ၊ မရခြင်းကြောင့်။ န ဝိပစ္စတိ၊ အကျိုးမပေး။ ဣတိ၊ ထို့ကြောင့်။ အဘိညာဘာဝံ၊ အဘိညာဉ် အဖြစ်သို့။ အသမ္ပတ္တံ၊ မရောက်သေးသော။ ပဉ္စမဇ္ဈာနံ၊ ပဉ္စမစျာန်ကို။

---

● အဘယ်စျာန်မျိုးကို ပရိတ္တစျာန် မဇ္ဈိမစျာန် ပဏီတ စျာန်ဟု ခေါ်ပါသနည်း။

**အဖြေ**။ ယုတ်သော ဆန္ဒ စိတ္တ ဝီရိယ ဝီမံသတို့ကြောင့် ဖြစ် ပေါ်လာသော စျာန်သည် ပရိတ္တစျာန်။
အလယ်အလတ်ဖြစ်သော ဆန္ဒ စိတ္တ ဝီရိယ ဝီမံသတို့ ကြောင့်ဖြစ်သော စျာန်သည် မဇ္ဈိမစျာန်၊

မြတ်သော ဆန္ဒ စိတ္တ ဝီရိယ ဝီမံသကိုကြောင့် ဖြစ်သော ဈာန်သည် ပဏီတဈာန်၊

ဟီနာဒိ ဆန္ဒ စိတ္တ ဝီရိယ ဝီမံသာဟိ နိဗ္ဗတ္တိတံ ဝါ ပရိတ္တံ၊ မဇ္ဈိမေဟိ ဆန္ဒာဒီဟိ မဇ္ဈိမံ၊ ပဏီတေ ဟိ ပဏီတံ။ (ဋီ)။

ဟီနာဒိ၊ ယုတ်ကုန်သော။ ဆန္ဒ စိတ္တ ဝီရိယ ဝီမံသာဟိ၊ တို့သည်။ နိဗ္ဗတ္တိတံ၊ ဖြစ်စေအပ်သော ဈာန်သည်။ ပရိတ္တံ၊ ပရိတ္တဈာန် မည်၏။ မဇ္ဈိမေဟိ၊ အလယ် အလတ် ဖြစ်ကုန်သော။ ဆန္ဒာဒီဟိ၊ ဆန္ဒ အစရှိသည် တို့သည်။ နိဗ္ဗတ္တိတံ၊ သည်။ မဇ္ဈိမံ၊ ၏။ ပဏီတေဟိ၊ မြတ်ကုန်သော။ ဆန္ဒာဒီဟိ, နိဗ္ဗတ္တိတံ၊ ပဏီတံ၊ ၏။

---

● "အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ" ၌ အနာဂါမ်တို့သည် သုဒ္ဓါဝါသ ၅-ဘုံတွင် ဖြစ်ချင်ရာ ဘုံမှာ ဖြစ်နိုင်ပါသလော။

**အဖြေ**။ မဖြစ်နိုင်ပါ၊ သဒ္ဓါစသော ဣန္ဒြေ ၅-ပါးတို့၏ ထက် မြက်လွန်ကဲခြင်း အစဉ်ဖြင့်သာ ဖြစ်ရပါသည်။ (ဋီ)၊

**မှတ်ချက်**။ သဒ္ဓိန္ဒြေလွန်ကဲသော အနာဂါမ်သည် အဝိဟာဘုံမှာ ဖြစ်၏ စသည်ဖြင့် ဣန္ဒြေ ၅-ပါးနှင့် ဘုံ ၅-ဘုံကိုတွဲစပ်ပါလေ

---

● "အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ" ၌ အနာဂါမ်များ သုဒ္ဓါဝါသဘုံမှာသာ ဖြစ်နိုင်ပါ သလော။

အဖြေ။ မဟုတ်ပါ၊ အသညသတ်ကြဉ် ရူပ ၁၅-ဘုံ, အရူပ ၄-ဘုံတို့၌လည်း ဖြစ်နိုင်ပါသေးသည်။ (ဋီ)။

ဆောင်။ သုဒ္ဓါဝါသ၊ ဘုံဝါးဝပြင်၊ အသညသတ်၊ ကြဉ်ဖယ်အင်သည့်၊ ဘုံမြတ်ရှုပ၊ အရူပ၊ ဖြစ်ကြအနာဂါမ်။

---

● "အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပပဇ္ဇန္တိ"၌ သုဒ္ဓါဝါသဘုံမှာ အနာဂါမ်မှတပါး အခြားပုဂ္ဂိုလ်များ ဖြစ်နိုင်ပါသေးသလော။

အဖြေ။ မဖြစ်နိုင်ပါ၊ အနာဂါမ်များသာ ဖြစ်နိုင်ပါသည်။

သုဒ္ဓါဝါသေသွနာဂါမိ၊ ပုဂ္ဂလာ ဝေါပပဇ္ဇရေ။ (ဋီ)။

သုဒ္ဓါဝါသေသု၊ တို့၌။ အနာဂါမိ ပုဂ္ဂလာဝ၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည်သာ။ ဥပပဇ္ဇရေ၊ ဖြစ်နိုင်ကုန်၏။

မှတ်ချက်။ သုဒ္ဓါဝါသဘုံမှာ အနာဂါမ်များသာ ဖြစ်သည်ဟု ဆိုခြင်းမှာ ပဋိသန္ဓေအခါကိုရည်၍ ဆိုသည်၊ ပဝတ္တိအခါ၌ကား အရဟတ္တမဂ္ဂဋ္ဌာန် အရဟတ္တဖလဋ္ဌာန်များလည်း ဖြစ်ကြသေး၏၊ မိန်းမများမှာ သမာပတ် ၈-ပါးလုံး ရစေကာမူ ဗြဟ္မာမင်းကြီးများမဖြစ်နိုင်၊ ဗြဟ္မာမင်းကြီးများ၏ အလုပ်အကျွေးများသာ ဖြစ်နိုင်သည်၊ ဘုံအားဖြင့် ဗြဟ္မပါရိသဇ္ဇာဘုံမှာသာ ဖြစ်နိုင်သည်၊ (အထူးသတိပြုပါ)။

● ဝေဟပ္ဖိုလ်, အကနိဋ္ဌ, နေဝသညာ နာသညာဘုံတို့၌ ဖြစ်သော အရိယာများ တခြားဘုံမှာ ပြောင်း၍ ဖြစ်နိုင်ကြပါသေးသလော။

အဖြေ။ မဖြစ်နိုင်ကြတော့ပါ။

ဝေဟပ္ဖလေ အကနိဋ္ဌေ၊
ဘဝဂ္ဂေစ ပတိဋ္ဌိတာ။
နပုနာညတ္ထ ဇာယန္တိ၊
သဗ္ဗေ အရိယပုဂ္ဂလာ။
ဗြဟ္မလောကဂတာ ဟေဋ္ဌာ၊
အရိယာနောပပဇ္ဇရေ။ (ဋီ)။

ဝေဟပ္ဖလေ၊ ဘုံ၌ရင်း။ အကနိဋ္ဌေ၊ ဘုံ၌ရင်း။ ဘဝဂ္ဂေစ၊ နေဝသညာ နာသညာဘုံ၌ရင်း။ ပတိဋ္ဌိတာ၊ တည်ကုန်သော။ သဗ္ဗေ၊ ကုန်သော။ အရိယပုဂ္ဂလာ၊ တို့သည်။ ပုန၊ တဖန်။ အညတ္ထ၊ တခြားဘုံတို့၌။ နဇာယန္တိ၊ မဖြစ်ကုန်။ ဗြဟ္မလောကဂတာ၊ အထက် အထက် ဘုံတို့၌ရှိသော ဗြဟ္မာတို့သည်။ ဟေဋ္ဌာ၊ အောက်ဘုံ၌။ နောပပဇ္ဇရေ၊ မဖြစ်ကုန်။

ကမ္မစတုက္က ပြီး၏။

---

## မရဏုပ္ပတ္တိ စတုက္က

● မရဏုပ္ပတ္တိစတုက္ကကို သတ္တဝါတိုင်းမှာ ရနိုင်ပါသလော။

**အဖြေ**။ ငရဲသားများ, မြောက်ကျွန်းသားများနှင့် တချို့နတ်များမှာ ဥပစ္ဆေဒကမရဏမရနိုင်ပါ၊ ကျန် ၃-မျိုးသာ ရနိုင်ပါသည်။

ဋ္ဌာနံ ပန နေရယိကာနံ ဥတ္တရကုရုဝါသီနံ ကေသဉ္စိ ဒေဝါနဉ္စ န ဟောတိ။ (ဋီ)။

ဋ္ဌာနံ ပန၊ ဤဥပစ္ဆေဒကမရဏသည်ကား။ နေရယိကာနံ၊ ငရဲသားတို့အားရင်း။ ဥတ္တရကုရုဝါသီနံ၊ မြောက်ကျွန်းသားတို့အားရင်း။ ကေသဉ္စိ၊အချို့ကုန်သော။ဒေဝါနဉ္စ၊နတ်တို့အားရင်း။နဟောတိ၊မဖြစ်။

**ဆောင်**။ ငရဲသားချား၊ မြောက်ကျွန်းသား၊ မှဘ်သားချို့နတ်မှာ။ ဥပစ္ဆေဒက၊ **မရဏ**၊ မုချ•ရအှာ။

---

● ဥပလဒ္ဓ, ဥပကရဏတို့၏အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**အဖြေ**။ စေတီတော်ကို ဖူးမျှော်ရခြင်း စသည်သည် ဥပလဒ္ဓ၊ ပန်းနံ့သာကို မြင်ရခြင်း စသည်သည် ဥပကရဏ။

ဥပလဒ္ဓန္တိ စေတိယဒဿနာဒိဝသေန ပုဗ္ဗေ ဥပလဒ္ဓံ။

ဥပကရဏဘူတန္တိ ပုပ္ဖာဒိဝသေန ဥပကရဏဘူတံ။ (ဋီ)။

ဥပလဒ္ဓန္တိ၊ ဟူသည်ကား။ စေတိယ ဒဿနာဒိဝသေန၊ စေတီတော်ကို ဖူးမျှော်ရခြင်း စသည်၏

အစွမ်းဖြင့်။ ပုဗ္ဗေ၊ ရှေး၌။ ဥပလဒ္ဓံ၊ ရအပ်ဖူးသော။ ဥပကရဏဘူတန္တိ၊ ဟူသည်ကား။ ပုပ္ဖာဒိဝသေန၊ ပန်း အစရှိသည်တို့၏အစွမ်းဖြင့်။ ဥပကရဏဘူတံ၊ အခြံအရံဖြစ်၍ဖြစ်သော။

---

● ဥပလဘိတဗ္ဗ, ဥပဘောဂတို့၏အဓိပ္ပါယ်ကိုဖော်ပြပါ။

**အဖြေ**။ ခံစားရမည့် အမိဝမ်းရေ,နတ်ဘုံ,ငရဲဘုံစသော အာရုံသည် ဥပလဘိတဗ္ဗမည်၏။

သုံးဆောင်ရမည့် နတ်သမီး, နတ်ဗိမာန်, ပဒေသာပင် ငရဲမီးစသော အာရုံသည် ဥပဘောဂမည်၏။

ဥပလဘိတဗ္ဗန္တိ အနုဘဝိတဗ္ဗံ၊ ဥပဘောဂဘူတန္တိ အစ္ဆရာ ဝိမာန ကပ္ပရုက္ခ နိရယဂ္ဂိ အာဒိကံ ဥပဘုဉ္ဇိတဗ္ဗံ။ (ဋီ)။

ဥပလဘိတဗ္ဗန္တိ၊ ဟူသည်ကား။ အနုဘဝိတဗ္ဗံ၊ ခံစားအပ်သော အမိဝမ်းရေ နတ်ဘုံ ငရဲဘုံ အစရှိသည်တည်း။ ဥပဘောဂဘူတန္တိ၊ ဟူသည်ကား။ အစ္ဆရာ ဝိမာန ကပ္ပရုက္ခ နိရယဂ္ဂိ အာဒိကံ၊ နတ်သမီးဗိမာန်, ပဒေသာပင်,ငရဲမီးအစရှိသော။ ဥပဘုဉ္ဇိတဗ္ဗံ၊ သုံးဆောင်ထိုက်သောအာရုံတည်း။

---

● "အဘိဏှံ ပဝတ္တတိ ဗာဟုလ္လေန"၌ အဘယ့်ကြောင့် ဗာဟုလ္လသဒ္ဒါကို ထည့်ဆိုရပါသနည်း။

အဖြေ။ အသညသတ်ကို နှစ်စေလိုသောကြောင့်ဆိုပါသည်။ (တနည်း) ဖြေးဖြေး နှေးနှေး သေသော သတ္တဝါတို့အား စိတ်အစဉ်မပြတ်ဖြစ်သကဲ့သို့ လျင်မြန်စွာ သေသောသတ္တဝါတို့အား စိတ်အစဉ်မပြတ်မဖြစ်နိုင်ဟု ပြလိုသောကြောင့်ဆိုပါသည်။

ဗာဟုလ္လေနာတိဣမိနာ သဟသာ သြစ္ဆိဇ္ဇမာနဇီဝိကာနံ သဏိကံ မရန္တာနံဝိယ န အဘိက္ခဏမေဝါတိ ဒီပိတံ။ (ဋီ)။

ဗာဟုလ္လေနာတိဣမိနာ၊ ဤပါဠ်ဖြင့်။ သဟသာ၊ အဆောတလျင်။ သြစ္ဆိဇ္ဇမာနဇီဝိကာနံ၊ ပြတ်သောဇီဝိတိန္ဒြေရှိသောသတ္တဝါတို့အား။ သဏိကံ၊ ဖြေးဖြေး။ မရန္တာနံဝိယ၊ သေသောသူကဲ့သို့။ အဘိက္ခဏမေဝ၊ မပြတ်သာလျှင်။ နပဝတ္တတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ ဒီပိတံ၊ ပြအပ်ပြီ။

---

● အဘယ်မျှလောက်နီးကပ်နေသောအခါကို ပစ္စာသန္နမရဏဟု ခေါ်ပါသနည်း။

အဖြေ။ တဝီထိခန့်, တဝီထိထက်အနည်းငယ်ပို၍အသက်ကြွင်းရှိရာအခါကို ခေါ်ပါသည်။

ကေဝီထိပ္ပမာဏာယုက ဝသေန, တတော ဝါ ကိဉ္စိအဓိကာယုက ဝသေန။ (ဋီ)။

ကေဝီထိပ္ပမာဏာယုကဝသေန၊ တဝီထိခန့်ကြာသော အသက်၏အစွမ်းဖြင့်။ ဝါ၊ တနည်းကား။ တတော၊ ထိုတဝီထိခန့်ကာလထက်။ ကိဉ္စိအဓိကာယုကဝသေန၊ အနည်းငယ်ပိုလွန်သောအသက်၏အစွမ်းဖြင့်။

---

● "လူအများသေပြီးနောက် ၇-ရက်ကြာမှအိမ်ကထွက်သည်"ဟု တချို့ယူဆနေကြရာ မှန်မမှန် သင်္ဂဟပါဠိကိုး၍ ဖြေခဲ့ပါ။

အဖြေ။ "တဿာနန္တရမေဝ"ဟု ဆိုသောကြောင့် မမှန်ပါ။

တဿာနန္တရမေဝါတိ ဣမိနာ အန္တရာဘဝ
ဝါဒိမတံ ပဋိက္ခိပတိ။ (ဋီ)။

တဿာနန္တရမေဝါတိ ဣမိနာ၊ ဤပါဠိဖြင့်။ အန္တရာဘဝဝါဒိမတံ၊ အကြားဘဝရှိ၏ဟုယူဆသောသူတို့၏ အယူကို။ ပဋိက္ခိပတိ၊ ပယ်၏။

---

● "အာရုပ္ပစုတိယာ ဟောန္တိ၊ ဟေဋ္ဌိမာရုပ္ပဝဇ္ဇိတာ"၌ အဘယ့်ကြောင့် အောက်အောက် အရူပကိုကြဉ်ရပါသနည်း။

အဖြေ။ အထက်အထက် ဖြစ်သော အရူပ ဗြဟ္မာ တို့ သည် အောက်အောက်ဘုံ၌ ဖြစ်စေတတ်သောကံကို အား မထုတ်သောကြောင့် ကြဉ်ရပါသည်။

ဥပရူပရိ အရူပီနံ ပေဟဋ္ဌိမပေဟဋ္ဌိမကမ္မဿ အနာ ယူဟနတော။ (ဋီ)။

ဥပရူပရိအရူပီနံ၊ အထက်အထက်ဖြစ်သော အရူပ ဗြဟ္မာတို့၏။ ပေဟဋ္ဌိမပေဟဋ္ဌိမ ကမ္မဿ၊ အောက် အောက်ဘုံ၌ဖြစ်စေတတ်သောကံကို။ အနာယူဟန တော၊ အားမထုတ်ခြင်းကြောင့်တည်း။

---

● အရူပဗြဟ္မာများ ကာမဘုံမှာလာဖြစ်က အဘယ့် ကြောင့် တိဟိတ်သာ ဖြစ်ရပါသနည်း။

အဖြေ။ ဥ ပ စာ ရ စျာန် အား ကောင်း သော ကြောင့် ဖြစ် ပါသည်။

ဥပစာရစျာနဿ ပန ဗလဝဘာဝတော။ (ဋီ)။

ဥပစာရစျာနဿ၊ စျာန်၏။ ဗလဝဘာဝတော၊ အားကောင်းသည်၏အဖြစ်ကြောင့်တည်း။

---

● အရူပစုတိ(အရူပဝိပါက်)၄-ခုနောင် နှောင်းနိုင်သော ပဋိသန္ဓေများကို ဖော်ပြခဲ့ပါ။

အဖြေ။ အရူပပဋိသန္ဓေ ၄-ခု, ကာမတိဟိတ် (မဟာဝိပါက် ဉာဏသမ္ပယုတ်)ပဋိသန္ဓေ ၄-ခု, ပေါင်း ၈-ခုနှောင်း နိုင်ပါသည်။

**မှတ်ချက်။** အရူပဘုံက စုတေလျှင် အရူပဘုံနှင့် ကာမဘုံမှာ ဖြစ်နိုင်သည်ဟု ဆိုလိုသည်၊ စုတိနောင် ပဋိသန္ဓေနှောင်းပုံကို မမေးပဲ အဘယ်ဘုံကစုတေလျှင် အဘယ်ဘုံရောက်နိုင်ပါသနည်း စသည်ဖြင့်မေးကလည်း ဖြေတတ်ပါစေ။

---

● အရူပစုတိ ၄-ခုနောင် နှောင်းနိုင်သော ပဋိသန္ဓေများကို အသီးသီး ဖော်ပြခဲ့ပါ။

**အဖြေ။** အာကာသာနဉ္စာယတန စုတိနောင် အရူပပဋိသန္ဓေ ၄, ကာမတိဟိတ်ပဋိသန္ဓေ ၄, ပေါင်း ၈-ပါး။

ဝိညာဏဉ္စာယတနစုတိနောင်အာကာသာနဉ္စာယတန ပဋိသန္ဓေ ကြဉ် ၇-ပါး။

အာကိဉ္စညာယတန စုတိနောင် အာကာ, ဝိညာပဋိသန္ဓေ ၂-ခုကြဉ် ၆-ပါး။

နေဝသညာ နာသညာယတန စုတိနောင် အာကာ, ဝိညာ,အာကိဉ်ပဋိသန္ဓေ ၃-ခုကြဉ် ၅-ပါး။

**ဆောင်။** အာကာနောက်မှာ၊ အာကာ,ဝိညာ၊ ကြဉ်ဖယ်ရ၊ နှောင်းကြ ဋိသန္ဓေ။
နေဝနောက်မှာ၊ အာ,ဝိဉ်,အာ၊ ကြဉ်ပါဋိသန္ဓေ။
အာကာနောက်မှ၊ အရူပလေး၊ တိဟိတ်လေး၊ နှောင်းရေးဋိသန္ဓေ။
ဝိညာနောက်တွင်၊ အာကာကြဉ်၊ နှောင်းချင် ဋိသန္ဓေ။

---

● ရူပစုတိနောင် နှောင်းနိုင်သော ပဋိသန္ဓေများကို ဖော်ပြခဲ့ပါ။

**အဖြေ**။ မဟာဝိပါက် ၈, ရူပဝိပါက် ၅, အရူပဝိပါက် ၄, ပေါင်း ၁၇-ပါးတည်း။

**မှတ်ချက်**။ ၁၇-ပါးဟူသည် အသညသတ်မှတပါး ကျန် ၁၅-ဘုံမှ စုတေသူများအတွက် ဖြစ်၏။ အသညသတ် စုတိနောင် မဟာဝိပါက် ၈-ခုသာ နှောင်းနိုင်သည်၊ (အထူးသတိပြုပါ)။

**ဆောင်**။ ရူပစုမှာ၊ မဟာ,ရူပ၊ အရူပ၊ နှောင်းကြဝိပါက်များ။

---

● ကာမစုတိနောင် နှောင်းနိုင်သော ပဋိသန္ဓေများကို ဖော်ပြခဲ့ပါ။

**အဖြေ**။ နာမ်ပဋိသန္ဓေ ၁၉-ခုနှင့် ရုပ်ပဋိသန္ဓေ ၁-ခုပေါင်း ပဋိသန္ဓေ ၂၀-လုံး နှောင်းနိုင်ပါသည်၊ (ကာမဘုံက စုတေလျှင် ၃၁-ဘုံမှာ မရောက်နိုင်သောဘုံ မရှိ ဟူလို)။

**ဆောင်**။ ကာမစုမှာ၊ အကုန်သာ၊ နှောင်းရာဋိသန္ဓေ။

**မှတ်ချက်**။ ပဋိသန္ဓေစုတိဆိုသည်မှာ ပဋိသန္ဓေ ဘဝင် စုတိကိစ္စ တပ်သောစိတ် ၁၉-ပါးကိုခေါ်၏၊ ရုပ်စုတိနှင့် ရုပ်ပဋိသန္ဓေမှာ သိသာပြီ။

ဝီထိမုတ်ပိုင်း ပြီး၏။

# ရုပ်ပိုင်း

## ရူပသမုဒ္ဒေသ

● မဟာဘုတ်တို့ကို မှီ၍ဖြစ်သောကြောင့် ဥပါဒါရုပ် ဟုဆိုရာ မဟာဘုတ်တို့လည်း အချင်းချင်း မှီကြသောကြောင့် ဥပါဒါရုပ် ခေါ်နိုင်ပါသလော။

**အဖြေ**။ မဟာဘုတ်တို့ကား မှီတတ်, မှီအပ် ၂-မျိုးရသော တရားများတည်း၊ ဤ၌ကား မှီတတ်သောတရားကိုသာ ဥပါဒါရုပ် ခေါ်သောကြောင့် မဟာဘုတ်ကို ဥပါဒါရုပ် မခေါ်နိုင်ပါ။ (ဋီ)။

**ဆောင်**။ မှီတတ်မှီအပ်၊ ဤနှစ်ရပ်တွင်၊ မှီတတ်သည်သာ၊ ဥပါဒါမို့၊ မဟာဘူတ၊ ရုပ်လေးဝ၊ မရဥပါဒါ။

---

● ပသာဒရုပ်တို့၏ ဖြစ်ရာအရပ်ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ **စက္ခုပသာဒ**သည် မျက်နက်ဝန်း၏ အလယ် သန်းဦးခေါင်းပမာဏရှိသော ရှေ့၌ရပ်သောသူတို့၏ကိုယ် သဏ္ဍာန်အရိပ်ကလေးပေါ်ရာအရပ်မှာဖြစ်ပါသည်။ **သောတပသာဒ**သည် နားပေါက်၏အတွင်းလက်စွပ် ကွင်းသဏ္ဍာန်ရှိသောအရပ်ဝယ် နုနယ် နီမြန်းသော အမွေးများပေါက်ရာအရပ်မှာ ဖြစ်ပါသည်။

**ဃာနပသာဒ**သည် နှာခေါင်းပေါက်အတွင်း ဆိတ်ခွါသဏ္ဌာန်ရှိသောအရုပ်မှာ ဖြစ်ပါသည်။

**ဇိဝှါပသာဒ**သည် လျှာ၏အထက် ကြာပွင့်အဖတ်ဖျားနှင့်တူသောအရုပ်မှာ ဖြစ်ပါသည်။

**ကာယပသာဒမှာ** တကိုယ်လုံး ပျံ့နှံ့၍ ဖြစ်ပါသည်။ (ဠ)။

---

● တကိုယ်လုံးပျံ့နှံ့၍ တည်နေသောရုပ်များကို ဖော်ပြပါ

အဖြေ။ ဘာဝရုပ် ၂, ကာယပသာဒ ၁, ဇီဝိတရုပ် ၁, (သုက်သွေး,သည်းခြေ)တို့ဖြစ်ပါသည်။ (ဠ)။

**ဆောင်**။ ဘော,ပသာဒ၊ ဇီဝိတ၊ သုက္ကသွေးသည်းခြေ။

**အမှာ**။ မိန်းမတို့၏ ယောင်္ခမကာယ, မဏ္ဍိမကာယ, ဥပရိမကာယတို့တွင် ရှဉ်ဘာဝရုပ်သည် အဘယ်အရုပ်၌တည်သနည်းဟု မေးသူပြီ၊ ဘာဝရုပ်မှာ တကိုယ်လုံးပျံ့နှံ့တည်သောကြောင့် ကာယ ၃-ပါးလုံးမှာတည်ပါသည်ဟု ဖြေလေ၊ (ဇီဝိတ၏ တည်ရာဌာနကိုဖော်ပြပါ စသည်ဖြင့်မေးကလည်း ဖြေတတ်ပါစေ)။

---

● "အာပေါဓာတု ဝိဝဇ္ဇိတ်"၌ အဘယ့်ကြောင့် အာပေါဓာတ်ကို ကြဉ်ရပါသနည်း။

အဖြေ။ အာပေါဓာတ်မှာ သိမ်မွေ့လှသည့်အတွက် တွေ့ထိ၍ မရကောင်းသောကြောင့် ကြဉ်ရပါသည်။

အာပေါဓာတုယာ　သင်္ဂဟဘာဝေန　ဖုသိတုံ
မသက္ကုဏေယျတ္တာ။　(ဠီ)။

အာပေါဓာတုယာ၊　အာပေါဓာတ်၏။　သင်္ဂဟ
ဘာဝေန၊　နှီးညှိသိမ်မွေ့သည်၏　အဖြစ်ကြောင့်။
ဖုသိတုံ၊　တွေ့ထိခြင်းငှာ။　အသက္ကုဏေယျတ္တာ၊
မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်တည်း။

**ဆောင်**။ အာပေါဓာတ်မှာ၊ နူးညံ့ပါသဖြင့်၊ တွေ့ရာ ထိရာ၊ မစွမ်းသာ၊ ကြည့်ပါဖော့ဋ္ဌမှု။

---

● သိမ်မွေ့သော အာပေါဓာတ်ကို တွေ့ထိလို့ ရကောင်းသည်ဟု ဆိုက မှားမည်လော, မှန်မည်လော။

**အဖြေ**။ မှားပါသည်။

ဒဝတာ သဟ ယုတ္တာနိ၊
တီဏိ ဘူတာနိ သမ္ဖုသံ။
ဒဝတံ သမ္ဖုသာမီတိ၊
လောကောယ မညတိ။　(ဠီ)။

ဒဝတာသဟယုတ္တာနိ၊ အရည်သဘော အာပေါဓာတ်
နှင့် တကွ ဖြစ်ကုန်သော။ တီဏိ ဘူတာနိ၊ ကျန်သော
မဟာဘုတ် ၃-ပါးတို့ကို။　သမ္ဖုသံ၊　တွေ့ထိသော။
အယံလောကော၊　ဤလူအပေါင်းသည်။　ဒဝတံ၊
အရည်သဘော ဓာတ်အာပေါကို။သမ္ဖုသာမိ၊တွေ့ထိ
မိ၏။ ဣတိ၊ ဤသို့။ အဘိမညတိ၊ အထင်မှား၏။

**မှတ်ချက်**။ မဟာဋီကာ၌ "ဒြဝတာ"ဟု ရှိ၏၊ သတ္တတကျမ်းတို့အလို ဒြဝတာသင့်၍ မာဂဓအလို ဒဝတာ, ဒြဝတာ ၂-ချက် သင့်သည်။

---

● ဣတ္ထိဘာဝရုပ်၌ ဣတ္ထိလိင်, ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထာကပ္ပတို့၏ အဓိပ္ပါယ်ကို ၁-ဋီကာအလို, ၂-အဋ္ဌကထာအလို ဖော်ပြခဲ့ပါ။

**အဖြေ**။ ၁-မိန်းမတို့၏ အင်္ဂါဇာတ်သည် ဣတ္ထိလိင်,
အသံအလိုဆန္ဒတို့သည် ဣတ္ထိနိမိတ္တ,
မသန့်ရှင်းသော ရုပ်ခြင်း သွားခြင်း ထိုင်ခြင်း စသည်သည် ဣတ္ထိကုတ္တ,
မိန်းမသဏ္ဍာန်သည် ဣတ္ထာကပ္ပ (ဋီအလို)။

၂-မိန်းမတို့၏ လက် ခြေ စသော သဏ္ဍာန်သည် ဣတ္ထိလိင်,
ပြုံးရယ်ခြင်းစသော အမူအရာသည် ဣတ္ထိနိမိတ္တ,
ဗန်းငယ် စကောငယ် စသည်ဖြင့် ကစားခြင်းသည် ဣတ္ထိကုတ္တ,
သွားပုံ လာပုံစသည်သည် ဣတ္ထာကပ္ပ (ဋ္ဌအလို)။

ထီနံ အင်္ဂဇာတံ သရာ-
ဓိပ္ပါယာ စ အဝိသဒါ။
ဌာနဂမနာဒိကာ စေဝ၊
သဏ္ဍာနန္တိ ယထာက္ကမံ။ (ဋီ)။

ထိနံ၊ မိန်းမတို့၏။ အင်္ဂဇာတံ၊ အင်္ဂါဇာတ်သည်ရင်း။ သရာဓိပ္ပါယာစ၊ အသံ အလိုဆန္ဒတို့သည်ရင်း။ အဝိသဒါ၊ မသန့်ရှင်းကုန်သော။ ဌာနဂမနာဒိကာစေဝ၊ ရပ်ခြင်း သွားခြင်း စသည်တို့သည်ရင်း။ သဏ္ဌာနံ၊ သဏ္ဌာန်သည်ရင်း။ဣတိဣမေ၊ ဤလေးပါးတို့သည်။ ယထာက္ကမံ၊ အစဉ်အတိုင်း လိင်္ဂ,နိမိတ္တ,ကုတ္တ,အာကပ္ပမည်ကုန်၏။

လိင်္ဂံ ဟတ္ထာဒိသဏ္ဌာနံ၊
နိမိတ္တံ မိဟိတာဒိကံ။
ကုတ္တံ သုပ္ပါဒိနာ ကီဠာ၊
အာကပ္ပေါ ဂမနာဒိကံ (၄)။

ဟတ္ထာဒိ သဏ္ဌာနံ၊ လက်ခြေအစရှိသော သဏ္ဌာန်သည်။ လိင်္ဂံ၊ လိင်္ဂမည်၏။ မိဟိတာဒိကံ၊ ပြုံးရယ်ခြင်းအစရှိသည်သည်။ နိမိတ္တံ၊ နိမိတ္တမည်၏။ သုပ္ပါဒိနာ၊ ဗန်းငယ် စကောငယ် စသည်ဖြင့်။ ကီဠာ၊ ကစားခြင်းသည်။ ကုတ္တံ၊ ကုတ္တမည်၏။ ဂမနာဒိကံ၊ သွားပုံလာပုံ စသည်သည်။ အာကပ္ပေါ၊ အာကပ္ပမည်၏။

---

● ဟဒယဝတ္ထု၏ တည်ရာအရပ်ကို ဖော်ပြခဲ့ပါ။

အဖြေ။ ဟဒယဝတ္ထုသည် နှလုံးသား၏အတွင်း တလက်ဖက်၏တဝက်မျှ (= ၁/၄လက်ဖက်မျှ) ရှိသော သွေးကို မှီ၍ တည်ပါသည်။ (၃၉)။

**ဆောင်**။ နှလုံးသားတွင်း၊ ပမာခင်းက၊ မယွင်းလက်ဖက်၊ ထိုတဝက် ရှည်၊ သွေးကိုမှီ၊ **တည်သည့်ဟဒယ**။

---

● ဓမ္မသင်္ဂဏီ ပါဠိတော်မှာ ဟဒယဝတ္ထုကို မဟော ရကား အဘယ့်ကြောင့် ဟဒယဝတ္ထု ရှိကြောင်း သိရ ပါသနည်း။

**အဖြေ**။ "ယံရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏ ဓာတုစ ဝတ္တန္တိ ။ပ။ နိဿယ ပစ္စယေန ပစ္စယော" ဟူသော အာဂုံ ပဋ္ဌာန်း ပါဠိကြောင့်ရင်း၊ စက္ခုစသော ဝတ္ထု ၅-ပါး, ရူပ, ဇီဝိတ, ဘာဝရုပ်တို့ ကို မနောဓာတ်, မနောဝိညာဏဓာတ်တို့က မမှီခြင်း ဟူသော ယုတ္တိကြောင့်ရင်း သိပါသည်။ (ဋီ)။

---

● "ရူပံ"ဆိုက ပြီးသင့်လျက် အဘယ့်ကြောင့် "ရူပ ရူပံ"ဟု ဆိုပါသနည်း။

**အဖြေ**။ အနိပ္ဖန္နရုပ် ၁၀-ပါးကို နှစ်စေလိုသောကြောင့်"ရူပံ ဟု မဆိုပဲ "ရူပရူပံ"ဟု ဆိုပါသည်။ (ဋီ)။

**ဆောင်**။ အနိပ္ဖန္န၊ ဆယ်ခုမျှကို၊ နှစ်စေလို၊ မိန့်ဆိုရူပရုပ်။

---

● အဘယ့်ကြောင့် ဇာတိရုပ် တခုတည်းကို ဥပစယ, သန္တတိ ၂-မျိုးခွဲ၍ ဟောထားရပါသနည်း။

**အဖြေ**။ ရှေးဦးစွာဖြစ်ခြင်း, အထက်အထက်၌ ဖြစ်ခြင်းဟု ဖြစ်ပုံအခြင်းအရာ ကွဲပြားသောကြောင့်ရင်း, ဝေနေ ယျသတ္တဝါတို့၏အလို အဇ္ဈာသယအား လျော်စေလို သောကြောင့်ရင်း ဟောထားပါသည်။ (ဋီ)။

**ဆောင်**။ **ဦးစွာဖြစ်လျက်**၊ အထက်ထက်၌၊ ဆက်လက်ဖြစ်ခြင်း၊ ကွဲပြားခြင်းနှင့်၊ **တခဏဝေနေ**၊ မျှားဗိုလ်ခြေ၏၊ စိဘ်နေ ဆန္ဒ၊ အသိုကျစ္စို၊ ဥပစယ၊ သန္တတိ၊ ဇာတိနှစ်မျိုးခွဲ။

---

● "ရူပဿ လဟုတာ မုဒုတာ"၌ ရူပဿအရ အဘယ် ရုပ်ကို ယူရမည်နည်း။

**အဖြေ**။ စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့ကို ယူရပါ သည်။

(ကမ္မဇရုပ်ကို မယူရ)။ (ဋီ)။

ပစ္စုပ္ပန္နပစ္စယာပေက္ခတ္တာ လဟုတာဒိတ္တယံ ကမ္မဇံ န ဟောတိ။ (ဋီ)။

ပစ္စုပ္ပန္နပစ္စယာ ပေက္ခတ္တာ၊ ပစ္စုပ္ပန်အကြောင်းကို ငဲ့သည်၏အဖြစ်ကြောင့်။ လဟုတာဒိတ္တယံ၊လဟုတာ အစရှိသော သုံးခုသည်။ ကမ္မဇံ၊ ကမ္မဇရုပ်သည်။ နဟောတိ၊ မဖြစ်။

ရူပသမုဒ္ဒေသ ပြီး၏။

---

## ရူပဝိဘာဂ

● "အပ္ပဟာတဗ္ဗမေဝ"ဟူသော သင်္ဂြိုဟ် စကား သည် "ရူပံ ဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ"ဟူသော သံယုတ်ပါဠိတော်နှင့် မဆန့်ကျင်ပါလော။

**အဖြေ**။ "ရူပံ ဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ"ဟူသော ပါဠိတော်မှာ ရုပ် ကို ပယ် ရန် ဟော တော် မူ သည် မဟုတ်, ရုပ်၌ တပ်နှစ်သက်တတ်သော ဆန္ဒရာဂကို

ပယ်ရန်သာ ဟောတော်မူ၏၊ ထိုကြောင့် မဆန့်ကျင်ပါ။ (ဠ)။

ဆောင်။ ရူပံ ဘိက္ခဝေ၊ ပါဠိနေမှာ၊ ရုပ်တွေပယ်ရန်၊ မဟောပြန်ခဲ့၊ ရုပ်ထံခ-ယ၊ နှစ်သက်ကြသည့်၊ ဆန္ဒရာဂ၊ ပယ်ဖို့ရာသာ၊ ဟောပြဒါမို့၊ အပွယာတစ်၊ ထိုနှစ်ရပ်၊ စပ်ဟပ်ဓိသည်သာ။

● စက္ခုသောတတို့ကို အသမ္ပတ္တဂ္ဂါဟကဟုဆိုရာ မိမိတို့က အာရုံထံသို့ မရောက်ခြင်းလော, သို့တည်းမဟုတ် အာရုံတို့က မိမိထံသို့မရောက်ခြင်းလော။

အဖြေ။ နှစ်ခုစလုံး မည်သူကမျှ မရောက်ပါ။ (ဠ)။

ဆောင်။ မည်သူကမျှ၊ မရောက်ကြ၊ အသမ္ပတ္တခေါ်။

● ရူပဝိဘာဂ၏အစမှာ ရုပ်မှန်သမျှအနာရမ္မဏ(=အာရုံ ကို မ ယူ တတ်)ဟုဆိုခဲ့ပါလျက် ယခုတဖန် ဂေါစရဂ္ဂါဟက(=အာရုံကိုယူတတ်)ဟုဆိုပြန်ရာ စကားနှစ်ရပ် ဆန့်ကျင်နေပြီမဟုတ်ပါလော။

အဖြေ။ အနာရမ္မဏဟူသောစကားသည် မုချစကားတည်း၊ ဂေါစရဂ္ဂါဟက ဟူသောစကားသည် ဥဒ္ဓါရူပစာရစကားတည်း၊ ထို့ကြောင့် မဆန့်ကျင်ပါ။ (ဠ)။

ဆောင်။ မုချဥဒ္ဓါရူ၊ ခွဲခြားမူ၊ မှတ်ယူမဆန့်ကျင်။

အမှာ။ ဂေါစရဂ္ဂါဟကရုပ်ဟူသည် ပသာဒရုပ် ၅-ပါးတည်း၊ ထိုပသာဒရုပ် ၅-ပါးကိုမှီသော ဒွေပဉ္စဝိညာဉ် ၁၀-၏ အာရုံယူမှုကို ရုပ်မှာတင်စား၍ ပသာဒရုပ် ၅-ပါးကို ဂေါစရဂ္ဂါဟကရုပ်ဟု ဆိုလေသည်။

ရူပဝိဘာဂ ပြီး၏။

## ရူပသမုဋ္ဌာန

● အဘယ့်ကြောင့် အရူပဝိပါက် ၄-ခု, ဒွေပဉ္စဝိညာဉ် ၁၀-တို့သည် ရုပ်ကိုမဖြစ်စေနိုင်ပါသနည်း။

**အဖြေ**။ အရူပဝိပါက် ၄-ခုမှာ ရုပ်၏ဆန့်ကျင်ဖက်ဖြစ်၍ ရုပ်မရှိရာ အရူပဘုံ၌သာဖြစ်သောကြောင့်တည်း၊ ဒွေပဉ္စဝိညာဉ် ၁၀-သည် ဈာနင်မရှိသောကြောင့်တည်း။ (ဋီ)။

**ဆောင်**။ ရုပ်ဆန့်ကျင်တုံ၊ အရူဘုံဖြစ်၊ အကြောင်းနှစ်၊ မှတ်လစ် အရူတွက်။
ဈာနင်ကင်းကွာ၊ ဒွေပဉ္စာ၊ ကြောင်းမှာနည်းတချက်

---

● ကံ,စိတ်,ဥတု,အာဟာရတို့က ရုပ်ကို စ၍ ဖြစ်စေရာ။ အခါကာလကို တိကျစွာ ဖြေဆိုခဲ့ပါ။

**အဖြေ**။ **ကံသည်** ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ဖြစ်စေပါသည်။

**စိတ်သည်** ပဌမဘဝင်၏ ဥပါဒ်ခဏမှစ၍ ဖြစ်စေပါသည်။

**ဥတုသည်** ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ ဖြစ်စေပါသည်။

**အာဟာရသည်** အာဟာရကိုမျိုရာ အခါမှစ၍ ဖြစ်စေပါသည်။

**ဆောင်။** သန္တေိစိတ္တ၊ ဥပါဒ်မှ၊ စဖြစ်ကမ္မဇာ။
ဘဝင်ပဌမ၊ ဥပါဒ်မှ၊ စဖြစ် စိတ္တဇာ။
သန္တေိစိတ္တ၊ ဌီခဏ၊ စဖြစ် ဥတုဇာ။
အစာအာဟာရ၊ မျိုခဏ၊ စဖြစ် အာဟာရဇာ။

**အမှာ။** ကံ,စိတ်,ဥတု,အာဟာရတို့တွင် ကံနှင့်စိတ်သည် နာမ်တရားတည်း။ ဥတုနှင့်အာဟာရသည် ရုပ်တရားတည်း။ ထို့ကြောင့် နာမ်ကြောင့်ဖြစ်သောရုပ်, ရုပ်ကြောင့်ဖြစ်သောရုပ်များကိုရေးပါဆိုက ဖြေတတ်ပါစေ။

---

● အပ္ပနာဇောသည် ဣရိယာပုထ်ကို ခိုင်မြဲစေ၏ ဆိုရာ 'သင်၏သန္တာန်မှာ အပ္ပနာဇောမရှိရကား သင်၏ ဣရိယာပုထ်ကို မည်သည့်တရားက ခိုင်မြဲစေပါသနည်း။

**အဖြေ။** အကုသိုလ်စိတ် ၁၂, မဟာကုသိုလ် ၈, ဝုဋ္ဌော ၁, ပေါင်း ၂၁-ပါးက ခိုင်မြဲစေပါသည်။

**ဆောင်။** အကုဆယ့်နှစ်၊ မဟာကုရှစ်၊ ပေါင်းလစ်ဝုဋ္ဌောပါ၊ အပ္ပနာမရ၊ ပုဂ္ဂလ၊ ရိယခိုင်မြဲရာ။

**မှတ်ချက်။** အပ္ပနာဇောတို့သာ ဣရိယာပုထ်ကို ခိုင်မြဲစေနိုင်သည် မဟုတ်၊ ဝုဋ္ဌော,ကာမဇော,အဘိညာဉ်များလည်း ခိုင်မြဲစေနိုင်သည်၊ ထိုတွင် ပုထုဇဉ်သန္တာန်မှာ မရသော အဘိညာဉ်,ဟသိတုပ္ပါဒ်,မဟာကြိယာတို့ကိုမယူရ၊ သတိပြုပါ။

---

● "သောမနဿ ဇဝနာနိ ပနေတ္ထ တေရသ ဟာသနမ္ပိ ဇနေန္တိ" ၌ တေရသသရုပ်ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အကုသိုလ်သောမနဿ ၄, မဟာကုသိုလ်သောမနဿ ၄, မဟာကြိယာသောမနဿ ၄, ဟသိတုပ္ပါဒ် ၁, ပေါင်း ၁၃။

---

● သောမနဿဇော ၁၃-ခုကို ပုထုဇဉ်,သေက္ခ အသေက္ခ တို့ဖြင့် ဝေဖန်ပြခဲ့ပါ။

**အဖြေ**။ **ပုထုဇဉ်**တို့သည် အကုသိုလ်သောမနဿ ၄, မဟာကုသိုလ်သောမနဿ ၄, ပေါင်း ၈-ပါးဖြင့် ရယ်ရွှင်ကြပါသည်။

**သေက္ခ**(=သောတာပန်, သကဒါဂါမ်, အနာဂါမ်) တို့သည် ဒိဋ္ဌိဂတဝိပ္ပယုတ်သောမနဿ ၂, မဟာကုသိုလ်သောမနဿ ၄, ပေါင်း ၆-ပါးဖြင့် ရယ်ရွှင်ကြပါသည်။

**အသေက္ခ**(=ဘုရား,ရဟန္တာ)တို့သည် မဟာကြိယာသောမနဿ ၄, ဟသိတုပ္ပါဒ် ၁, ပေါင်း ၅-ပါးဖြင့် ရယ်ရွှင်ကြပါသည်။ (ဋီ)။

**ဆောင်**။ ရှစ်ပုထုဇန်၊ ခြောက်သေက္ခန်၊ ငါးတန် အသေက္ခာ။ ဘုရားဗုဒ္ဓါ၊ လေးခုမျှ၊ မိန္ဒဟချို့ဆရာ။

---

● ပဋိသန္ဓေစိတ် စုတိစိတ်များလည်း ရုပ်ကိုမဖြစ်စေနိုင် ပဲလျက် အဘယ့်ကြောင့် မကြဉ်ပါသနည်း။

**အဖြေ**။ ဘဝင်စိတ် ၁၉-ခု၌အကျုံးဝင်သောကြောင့် မကြဉ် ရခြင်းဖြစ်ပါသည်။

ပဋိသန္ဓိစိတ္တံပန စုတိစိတ္တဉ္စ ဧကူနဝီသတိ ဘဝင်္ဂဿေဝ အန္တောဂဓတ္တာ စိတ္တန္တရံ န ဟောတီတိ န တဿ ဝဇ္ဇနံ ကတံ။ (ဋီ)။

ပဋိသန္ဓိစိတ္တံ၊ သည်ရှင်း။ စုတိစိတ္တဉ္စ၊ သည်ရှင်း။ ဧကူနဝီသတိ ဘဝင်္ဂဿေဝ၊ တခုယုတ် ၂၀-သော ဘဝင်စိတ်၏သာလျှင်။ အန္တောဂဓတ္တာ၊ အတွင်းဝင်သည်၏အဖြစ်ကြောင့်။ စိတ္တန္တရံ၊ စိတ်တပါးသည်။ န ဟောတိ၊ မဟုတ်။ ဣတိ၊ ထို့ကြောင့်။ တဿ၊ ထိုပဋိသန္ဓေစိတ်,စုတိစိတ်ကို။ ဝဇ္ဇနံ၊ ကြဉ်ခြင်းကို။ န ကတံ၊ မပြုအပ်။

ဆောင်။ စုတိ,သန္ဓေ၊ စိတ်နှစ်ထွေတို့၊ ဖြစ်ခေရုပ်ချား၊ မရှိပြားလဲ၊ မှတ်သားဘဝင်၊ စိတ်၌ဝင်၊ ပယ်ကြဉ်မပြုရ။

---

● "ဇာယန္တမေဝ သမုဋ္ဌာပေတိ"၌ စိတ်က စိတ္တဇရုပ်ကို ဖြစ်စေရာမှာ ဥပါဒ်ခဏမှာသာဖြစ်စေ၍ အဘယ့်ကြောင့် ဌီခဏ, ဘင်ခဏတို့မှာ မဖြစ်စေပါသနည်း။

အဖြေ။ အနန္တရစသော ပစ္စည်းကိုရ၍ ဥပါဒ်ခဏမှာသာ ရုပ်ကိုဖြစ်စေတတ်သော အစွမ်း သတ္တိနှင့် ယှဉ်သော ကြောင့်ဖြစ်ပါသည်။

အနန္တရာဒိပ္ပစ္စယ လာဘေန ဥပ္ပါဒက္ခဏေယေဝ ဇနကသာမတ္ထိယယောဂတော။ (ဋီ)။

အနန္တရာဒိ ပစ္စယ လာ ဘေ န၊ အနန္တရစသော ပစ္စည်းကိုရခြင်းကြောင့်။ ဥပ္ပါဒက္ခဏေယေဝ၊ ဥပါဒ်ခဏ၌သာလျှင်။ ဇနက သာမတ္ထိယယောဂတော၊ ရုပ် ကို ဖြစ် စေ တတ် သောသတ္တိနှင့်ယှဉ်ခြင်းကြောင့်တည်း။

ဆောင်။ အနန္တရစသား၊ ပစ္စည်းချားကို၊ ရထား၍သာ၊ ဥပါဒ်မှာ၊ ဖြစ်ပါစိတ္တဇ။

---

● "တေဇောဓာတု ဌိတိပ္ပတ္တာဝ"၌ တေဇောဓာတ် သည် အဘယ့်ကြောင့် ဌီခဏမှာသာ ရုပ်ကို ဖြစ်စေ ပါသနည်း။

**အဖြေ**။ ပစ္ဆာဇာတစသော ပစ္စည်းတို့၏ ထောက်ပံ့မှုကိုရ၍ ဥတုသည် ဌီခဏမှာသာအားရှိသောကြောင့် ဌီခဏ မှာသာ ရုပ်ကိုဖြစ်စေပါသည်။

ပစ္ဆာဇာတာဒိပ္ပစ္စယူပတ္ထမ္ဘ လာဘေန ဌိတိက္ခ ဏေယေဝ ဥတုသြဇာနံ ဗလဝဘာဝေါတိ။ (ဋီ)

ပစ္ဆာဇာတာဒိပ္ပစ္စယူပတ္ထမ္ဘလာဘေန၊ ပစ္ဆာဇာတ စသော ပစ္စည်းတို့၏ အထောက်အပံ့ကို ရခြင်းဖြင့်။ ဌိတိက္ခဏေယေဝ၊ ဌီခဏ၌သာလျှင်။ ဥတုသြဇာနံ၊ ဥတုသြဇာတို့၏။ ဗလဝဘာဝေါ၊ အားရှိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ထို့ကြောင့်တည်း။

● "ဩဇာသင်္ခါတော။ပ။ဌာနပ္ပတ္တော၀ သမုဋ္ဌာပေတိ" ၌ ဩဇာခေါ်အာဟာရသည် အဘယ့်ကြောင့် ဌီခဏမှာသာ ရုပ်ကိုဖြစ်စေပါသနည်း။

**အဖြေ**။ ပစ္ဆာဇာတ စသော ပစ္စည်းတို့၏ ထောက်ပံ့မှုကိုရ၍ ဩဇာသည် ဌီခဏမှာသာ အားရှိသောကြောင့် ဌီခဏမှာသာ ရုပ်ကိုဖြစ်စေပါသည်၊ (ဟိတ်ပါဠိမှာ အပေါ်ပုစ္ဆာက ပါဠိပင်တည်း)။

ဆောင်။ ပစ္ဆာဇာတာ၊ အစဖြာသည့်၊ ပစ္စယာစု၊ ထောက်ပံ့မှု ကြောင့်၊ ဥတုအာဟာ၊ ထိုနှစ်ဖြာတို့၊ ဌီခါကာလ၊ အားရှိကြသဖြင့်၊ ဌီခဏသာ၊ ရုပ်များစွာ၊ မှန်ပါ ဖြစ်စေသည်။

---

● အဘယ့်ကြောင့် လက္ခဏာရုပ်တို့သည် နကုတောစိ သမုဋ္ဌာန်ဖြစ်ရပါသနည်း။

**အဖြေ**။ ဖြစ်ဆဲအစရှိသော ရုပ်တို့၏သဘော၏အဖြစ်ကြောင့် နကုတောစိသမုဋ္ဌာန်ဖြစ်ရပါသည်။

ဇာယမာနာဒိ ရူပါနံ၊
သဘာ၀တ္တာဟိ ကေ၀လံ။
လက္ခဏာနိ နဇာယန္တိ၊
ကေဟိစီတိ ပကာသိတံ။

---

● "အဋ္ဌာရသ ပန္နရသ၊ တေရသ ဒွါဒသာတိစ" ၌ ၎င်းတို့၏ သရုပ်ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ **အဋ္ဌာရသ**=ဟဒယရုပ် ၁, ဇီဝိတိန္ဒြိယရုပ် ၇, အဝိနိဗ္ဘောဂရုပ် ၈, အာကာသဓာတ်။

**ပန္နရသ**=ဝိညတ်ဒွေး, သဒ္ဒ, လဟုတာ ဒိတ္တယ, အဝိနိဗ္ဘောဂ ရုပ် ၈, အာကာသဓာတ်။

**တေရသ**=သဒ္ဒ, လဟုတာဒိတ္တယ, အဝိနိဗ္ဘောဂ ရုပ် ၈, အာကာသဓာတ်။

**ဒွါဒသ**=လဟုတာဒိတ္တယ, အဝိနိဗ္ဘောဂရုပ် ၈, အာကာသဓာတ်။

---

● ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ကမ္မဇရုပ်တို့တွင်--

(က) ပဋိသန္ဓေ ဖြစ်သော ကမ္မဇရုပ်သည် အဘယ် အခါမှစ၍ ဖြစ်ပါသနည်း။

(ခ) နောက်ပိတ်ဆုံး ဖြစ်သော ကမ္မဇရုပ်သည် အဘယ်အခါမှစ၍ ဖြစ်ပါသနည်း။

(ဂ) ပဋိသန္ဓေ ချုပ်သော ကမ္မဇရုပ်သည် အဘယ် အခါ၌ ချုပ်ပါသနည်း။

(ဃ) နောက်ပိတ်ဆုံး ချုပ်သော ကမ္မဇရုပ်သည် အဘယ်အခါ၌ ချုပ်ပါသနည်း။

**အဖြေ**။ (က) ပဋိသန္ဓေစိတ်၏ဥပါဒ်ခဏမှစ၍ ဖြစ်ပါသည်။

(ခ) စုတိစိတ်မှပြန်၍ ရေသော် ၁၇-ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏမှစ၍ ဖြစ်ပါသည်။

(ဂ) ပဋိသန္ဓေနောင် ၁၆-ချက် မြောက်သော ဘဝင်စိတ်၏ ဘင်ခဏ၌ ချုပ်ပါသည်။

(ဃ) စုတိစိတ်၏ ဘင်ခဏ၌ ချုပ်ပါသည်။

---

● ပစ္စုပ္ပန်ဘဝ၌ ဖြစ်သော စိတ္တဇရုပ်တို့တွင်--

(က) ပဌမဆုံးဖြစ်သော စိတ္တဇရုပ်သည် အဘယ် အခါမှစ၍ ဖြစ်ပါသနည်း။

(ခ) နောက်ပိတ်ဆုံး ဖြစ်သော စိတ္တဇ ရုပ်သည် အဘယ်အခါမှစ၍ ဖြစ်ပါသနည်း။

(ဂ) ပဌမဆုံးချုပ်သော စိတ္တဇရုပ်သည် အဘယ် အခါ၌ ချုပ်ပါသနည်း။

(ဃ) နောက်ပိတ်ဆုံး ချုပ်သော စိတ္တဇရုပ်သည် အဘယ်အခါ၌ ချုပ်ပါသနည်း။

**အဖြေ**။ (က) ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်ခဏမှ စ၍ ဖြစ်ပါသည်။

(ခ) စုတိစိတ်၏ ဥပါဒ်ခဏမှစ၍ ဖြစ်ပါသည်။

(ဂ) ပဌမဘဝင်နောင် ၁၆-ခုမြောက်သော စိတ် (ဇောစိတ်) ၏ ဘင်ခဏ၌ ချုပ်ပါသည်။

(ဃ) နောက်ဘဝ ပဋိသန္ဓေ နောင် ၁၅-ချက် မြောက်သောဘဝင်စိတ်၏ ဘင်ခဏ၌ ချုပ် ပါသည်။

● ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ဥတုဇရုပ်တို့တွင်--

(က) ပဌမဆုံးဖြစ်သော ဥတုဇရုပ်သည် အဘယ် အခါမှစ၍ ဖြစ်ပါသနည်း။

(ခ) နောက်ပိတ်ဆုံး ဖြစ်သော ဥတုဇရုပ်သည် အဘယ်အခါမှစ၍ ဖြစ်ပါသနည်း။

(ဂ) ပဌမဆုံးချုပ်သော ဥတုဇရုပ်သည် အဘယ် အခါ၌ ချုပ်ပါသနည်း။

(ဃ) နောက်ပိတ်ဆုံး ချုပ်သော ဥတုဇရုပ်သည် အဘယ်အခါ၌ ချုပ်ပါသနည်း။

**အဖြေ**။ (က) ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ ဖြစ်ပါသည်။

(ခ) စုတိစိတ်၏ ဘင်ခဏ၌ စ၍ ဖြစ်ပါသည်။

(ဂ) ပဋိသန္ဓေနောင် ၁၆-ချက်မြောက်သော စိတ် (ဘဝင်စိတ်၊ သို့မဟုတ် ဇောစိတ်)၏ ဌီခဏ ၌ ချုပ်ပါသည်။

(ဃ) နောက်ဘဝ ပဋိသန္ဓေ နောင် ၁၆-ချက် မြောက်သောစိတ် (ဘဝင်စိတ်၊ သို့မဟုတ် ဇောစိတ်)၏ ဌီခဏ၌ ချုပ်ပါသည်။

---

● ပစ္စုပ္ပန်ဘဝ၌ဖြစ်သော အာဟာရဇရုပ်တို့တွင်--

(က) ပဌမဆုံးဖြစ်သော အာဟာရဇ ရုပ်သည် အဘယ်အခါမှစ၍ ဖြစ်ပါသနည်း။

(ခ) နောက်ပိတ်ဆုံး ဖြစ်သော အာဟာရဇရုပ်သည် အဘယ်အခါမှစ၍ ဖြစ်ပါသနည်း။

(ဂ) ပဌမဆုံး ချုပ်သော အာဟာရဇ ရုပ်သည် အဘယ်အခါ၌ ချုပ်ပါသနည်း။

(ဃ) နောက်ပိတ်ဆုံး ချုပ်သော အာဟာရဇ ရုပ်သည် အဘယ်အခါ၌ ချုပ်ပါသနည်း။

အဖြေ။ (က) ပဌမဆုံး အာဟာရ ပြန့်နှံ့ရာအခါမှစ၍ ဖြစ်ပါသည်။

(ခ) စုတိစိတ်၏ ဘင်ခဏ၌ စ၍ ဖြစ်ပါသည်။

(ဂ) ပဌမဆုံး အာဟာရပြန့်နှံ့ရာအခါမှ ၁၇-ချက် မြောက်သော စိတ်၏ ဘင်ခဏ၌ ချုပ်ပါသည်။

(ဃ) နောက်ဘဝ ပဋိသန္ဓေ နောင် ၁၆-ချက် မြောက်သောစိတ် (ဘဝင်စိတ်၊ သို့မဟုတ် ဇောစိတ်) ၏ ဌီခဏ၌ ချုပ်ပါသည်။

**မှတ်ချက်။** ကမ္မဇရုပ်၌ တုဇရုပ် အာဟာရဇရုပ်တို့သည် စိတ်၏ ဥပါဒ်တိုင်းဌီတိုင်း ဘင်တိုင်းစ၍စ၍ဖြစ်ကြသည်၊ စိတ္တဇရုပ်သည် စိတ်၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်း စ၍စ၍ ဖြစ်သည်၊ စိတ်၏ ဌီခဏ ဘင်ခဏတို့၌ စ၍မဖြစ်။

ရူပသမုဋ္ဌာန ပြီး၏။

## ရူပကလာပ

● "ဝစီဝိညတ္တိ သဒ္ဒေဟိ သဟ ဝစီညတ္တိ ဒသကံ"၌ သဒ္ဒလည်း ပါပါလျက် အဘယ့်ကြောင့် ဝစီဝိညတ္တိ သဒ္ဒဒသကံဟု မဆိုပါသနည်း။

**အဖြေ**။ ဝစီဝိညတ္တိသဒ္ဒဒသကံဟု မဆိုပါ။

ဝစီဝိညတ္တိဂ္ဂဟဏေန　သဒ္ဒေါပိ　သင်္ဂဟိတော
ဟောတိ၊ တဿာ တဒဝိနာဘာဝတော။ (ဋီ)။

ဝစီဝိညတ္တိဂ္ဂဟဏေန၊ ဝစီဝိညတ္တိ သဒ္ဒါဖြင့်။သဒ္ဒေါပိ၊ ကိုလည်း။သင်္ဂဟိတော၊ ရေတွက်အပ်သည်။ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ တဿာ၊ ထိုဝစီဝိညတ်၏။ တဒဝိနာ ဘာဝတော၊ ထိုသဒ္ဒနှင့် ကင်း၍ မဖြစ်ခြင်းကြောင့်တည်း။

---

● ကလာပ် ၂၁-စည်းကို အဇ္ဈတ္တိက ဗဟိဒ္ဓခွဲပြခဲ့ပါ။

**အဖြေ**။ အဇ္ဈတ္တိက ၂၁-စည်းလုံး၊ ဗဟိဒ္ဓ ၂-စည်းသာ။

---

● အဘယ့်ကြောင့် အာကာသဓာတ်နှင့် လက္ခဏာရုပ်တို့ ကလာပ်ဖွဲ့ရာတွင် မပါဝင်ကြပါသနည်း။

**အဖြေ**။ အာကာသဓာတ်သည် ကလာပ်တို့၏ အပိုင်းအခြားမျှသာ ဖြစ်သောကြောင့်၊လက္ခဏာရုပ်တို့သည် ကလာပ်တို့၏ အမှတ်အသားမျှသာ ဖြစ်သောကြောင့်တည်း။

ကလာပါနံ ပရိစ္ဆေဒ-
လက္ခဏတ္တာ ဝိစက္ခဏာ။
န ကလာပင်္ဂ မိစ္စာဟု၊
အာကာသံ လက္ခဏာနိစ။

ကလာပါနံ၊ ကလာပ်တို့၏။ ပရိစ္ဆေဒ လက္ခဏတ္တာ၊ အပိုင်းအခြား အမှတ်အသားတို့၏ အဖြစ်ကြောင့်။ ဝိစက္ခဏာ၊ ပညာရှိတို့သည်။ အာကာသံ၊ အာကာသဓာတ်ကိုငှင်း။ လက္ခဏာနိစ၊ လက္ခဏရုပ်တို့ကိုငှင်း။ ကလာပင်္ဂံ ဣတိ၊ ကလာပ်၏အင်္ဂါဟူ၍။ နအာဟု၊ မဆိုကြကုန်။

ရူပကလာပ ပြီး၏။

---

## ရူပပ္ပဝတ္တိက္ကမ

● "ယထာရဟံ အနူနာနိ"၌ ယထာရဟံ၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

**အဖြေ**။ ယထာရဟံ၏ အဓိပ္ပါယ်မှာ ယောကျ်ားဖြစ်က ဣတ္ထိဘာဝရုပ်မရ, ကျန် ၂၇-ပါးသာရ၏၊ မိန်းမဖြစ်က ပုမ္ဘာဝရုပ်မရ, ကျန် ၂၇-ပါးသာရ၏၊ မည်သူမဆို စက္ခုစသော ဣန္ဒြေများ ချို့နေက ချို့နေသောရုပ်များ မရ-ဟု ဆိုလိုပါသည်။

ယထာရဟန္တိ သဘာဝက ပရိပုဏ္ဏာ ယတနာနံ အနူရူပတော။ (ဋီ)။

ယထာရဟန္တိ၊ ဟူသည်ကား။ သဘာဝက ပရိပုဏ္ဏာ ယထာနုသန့်၊ ဘာဝရုပ်ရှိသူ ပြည့်စုံသောဣန္ဒြေရှိသူတို့အား။ အနုရူပတော၊ လျော်သောအားဖြင့်။

**ဆောင်**။ သဘာဝက ပရိပုဏ္ဏာ၊
ယထာနုသန့် နုရူပတော။
ယထာရဟန္တိ ဒဋ္ဌဗ္ဗံ၊
ဣတိ ဋီကာယ ဘာသိတံ။

---

● "တတော ပရံ ပဝတ္တိကာလေ ကမေန စက္ခုဒသကာဒီနိစ ပါတုဘဝန္တိ"၏ အဓိပ္ပာယ်ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ပဋိသန္ဓေမှစ၍ ၄၉-ရက် (=သတ္တသတ္တာဟ) ရှိရာအခါ၌ စက္ခုဒသကဖြစ်, နောက် ၇-ရက် ၇-ရက်စီခြား၍ သောတ, ဃာန, ဇိဝှာဒသကတို့ ဖြစ်ကြသည်ဟုလို။

**မှတ်ချက်**။ မူလဋီကာ၌ကား ၇၇-ရက် (=ဧကာဒသ သတ္တာဟ)ဟုဆိုသည်၊ "တတော ပရံ ပဝတ္တိကာလေ"၌ ပဝတ္တိ ကာလအရကို တိကျစွာဖော်ပြပါဆိုက ဋီကာကျော်အလို ပဋိသန္ဓေနောင် ၄၉-ရက် ရှိသောအခါတည်း၊ မူလဋီကာအလို ၇၇-ရက်ရှိရာအခါတည်း၊ မူလဋီကာဝါဒကို ဆရာများ နှစ်သက်ကြသည်။

---

● စတုဇရုပ်တို့၏ နောက်ဆုံးချုပ်ရာအခါကို တိကျစွာ ဖော်ပြခဲ့ပါ။

**အဖြေ**။ ကမ္မဇရုပ်သည် စုတိစိတ်နှင့် ပြိုင်တူချုပ်ပါသည်။ စိတ္တဇရုပ်သည် ကမ္မဇရုပ်ချုပ်ပြီးနောက် ခဏငယ် ၄၇-ချက်ကြာမှ ချုပ်ပါသည်။

အာဟာရဇ ရုပ်သည် ကမ္မဇရုပ် ချုပ်ပြီးနောက် ခဏငယ် ၅၀-ကြာမှ ချုပ်ပါသည်။

ဥတုဇ ရုပ်သည် အလောင်းကောင်မှ ဆက်၍ ကမ္ဘာပျက်မှ ချုပ်ပါသည်။

**ဆောင်။** စုတိနှင့်သာ၊ တူညီစွာ၊ ချုပ်ရာကမ္မဇ။
၄၈-မှာ၊ စိတ္တဇာ၊ အာဟာ ၅၀-ချ။
အလောင်းစအုံး၊ ကမ္ဘာဆုံး၊ ပျက်သုဉ်းဥတုဇ။

---

● အာဟာယ်တရားများ မရှိသည်ကို သေသည်ဟု ခေါ်ကြပါသနည်း။

**အဖြေ။** ဇီဝိတိန္ဒြေ၊ ကမ္မဇတေဇော၊ ဝိညာဉ် ၃-ပါးမရှိခြင်းကို သေသည်ဟု ခေါ်ဆိုကြပါသည်။

အာယု ဥသ္မာစ ဝိညာဏံ၊
ယဒါ ကာယံ ဇဟန္တိမံ။
အပဝိဒ္ဓေါ တဒါ သေတိ၊
နိရတ္ထံဝ ကလိင်္ဂရံ။ (ဋီ)။

ယဒါ၊ ၌။ အာယု၊ ဇီဝိတိန္ဒြေသည်၎င်း။ ဥသ္မာစ၊ ကမ္မဇ တေဇောသည်၎င်း။ ဝိညာဏံ၊ ဝိပါက် ဝိညာဉ်သည်၎င်း။ ဣမံကာယံ၊ ဤကိုယ်ကို။ ဇဟန္တိ၊ စွန့်ကြကုန်၏။ တဒါ၊ ၌။ နိရတ္ထံ၊ အကျိုးမရှိသော။ ကလိင်္ဂရံဝ၊ ထင်းနုပ်ထင်းဖွဲကဲ့သို့။ အပဝိဒ္ဓေါ၊ စွန့်ပစ်အပ်သည်ဖြစ်၍။ သေတိ၊ အိပ်ရတော့၏။

● စုတိစိတ်မှ အထက် ၁၇-ချက်မြောက်စိတ်၏ ဌီခဏမှ စ၍ အဘယ့်ကြောင့် ကမ္မဇရုပ်များ မဖြစ်ကြတော့ ပါသနည်း။

**အဖြေ**။ ကမ္မဇရုပ်များ ဆက်လက်ဖြစ်နေက သေခြင်း မ ရှိ နိုင်တော့သောကြောင့် မဖြစ်ကြတော့ပါ။

တဒုပ္ပတ္တိယံ မရဏာဘာဝတော။ (ဋီ)။

တဒုပ္ပတ္တိယံ၊ ထိုကမ္မဇရုပ်တို့ဆက်လက်ဖြစ်ခြင်းသည်။ သတိ၊ ရှိလတ်သော်။ မရဏာဘာဝတော၊ သေခြင်း ၏ မရှိခြင်းကြောင့်တည်း။

**ဆောင်**။ ကမ္မဇများ၊ ဆက်ဖြစ်ငြားက၊ မှဘ်သားသေခြင်း၊ မရှိ ခြင်းကြောင့်၊ ဖြစ်ခြင်းရပ်၍၊ ၁၇-မျှ ကြိုရစုတိရှေ။

---

● အဘယ့်ကြောင့် ရူပဘုံမှာ ဘာဝရုပ် ၂-ခု မရပါ သနည်း။

**အဖြေ**။ ရူပဗြဟ္မာတို့အား ထူထဲသော ကာမရာဂ ဥပနိဿယ မရှိသောကြောင့် မရပါ။

ဘာဝဒွယံ ပန ဗဟလကာမရာဂူပနိဿယတ္တာ ဗြဟ္မာနဥ္စ တဒဘာဝတော တတ္ထ နပဝတ္တတိ။ (ဋီ)။

ဘာဝဒွယံ၊ ဘာဝရုပ် ၂-ခုအပေါင်းသည်။ ဗဟလ ကာမရာဂူပနိဿယတ္တာ၊ ထူထဲသော ကာမရာဂ ဥပ နိဿယ၏ အဖြစ်ကြောင့်ရင်း။ ဗြဟ္မာနံ၊ ဗြဟ္မာ တို့အား။ တဒဘာဝတော စ၊ ထိုထူထဲသော ကာမ

ရာဂ ဥပနိဿယ မရှိခြင်းကြောင့်ရင်း။ တတ္ထ၊ ထို ဗြဟ္မာ့ဘုံ၌။ နပဝတ္တတိ၊ မဖြစ်။

ဆောင်။ ဗဟလကာမရာဂူပ၊
နိဿယတ္တာ န လဗ္ဘတိ။
ရူပလောကေ ဘာဝဒွယံ၊
ဗြဟ္မာနံ တဒဘာဝတော။

---

● အဘယ့်ကြောင့် အရူပဘုံမှာ အာဟာရဇရုပ်များ မရပါသနည်း။

အဖြေ။ မျိုသုံးစားသောက်အပ်သော ဗဟိဒ္ဓအာဟာရ မရှိခြင်း, အဇ္ဈတ္တအာဟာရကလည်း ရုပ်ကိုမဖြစ်စေနိုင်ခြင်းတို့ကြောင့် အာဟာရဇရုပ်များ မရပါ။

အဇ္ဈောဟရိတာဟာရာဘာဝေန သရီရဂတဿပိ အာဟာရဿ ရူပသမုဋ္ဌာပနာ ဘာဝတော။ (ဋီ)။

အဇ္ဈောဟရိတာ ဟာရာဘာဝေန၊ မျိုသုံးစားသောက်အပ်သော အာဟာရ၏ မရှိခြင်းကြောင့်ရင်း။ သရီရဂတဿ၊ ခန္ဓာကိုယ်သို့ရောက်သော။ အာဟာရဿ၊ ၏။ ရူပသမုဋ္ဌာပနာ ဘာဝတောပိ၊ ရုပ်ကိုဖြစ်စေခြင်း၏ မရှိခြင်းကြောင့်ရင်းတည်း။

ဆောင်။ မျိုသုံးအာဟာ၊ မရှိပါ၍၊ တဖြာအဇ္ဈတ္တ၊ အာဟာရလည်း၊ မချရုပ်ဘွဲ့၊ မဖြစ်စေနိုင်၊ ကြောင်းနှစ်ဆိုင်ကြောင့်၊ မှတ်ပိုင်ရူပ၊ ဘုံဌာန၊ မရအာဟာရုပ်။

● ရူပဖြဟ္မာများ စုတေသောအခါ အလောင်းကောင် ကျန်ရစ်ပါသလော။

**အဖြေ**။ မကျန်ရစ်ပါ၊ တပြိုင်နက်ချုပ်သွားပါသည်။ (ဋီ)။

**ဆောင်**။ ရူပဗြဟ္မာ၊ စုဘောရာ၊ ချုပ်ပါပြိုင်တူရုပ်။

---

● "အဋ္ဌဝီသတိ ကာမေသု၊ ဟောန္တိတေဝီသ ရူပိသု။ သတ္တရသေဝ သညီနံ၊ အရူပေ နတ္ထိ ကိဉ္စိပိ"၌ တေဝီသ, သတ္တရသ အရတို့ကို ကောက်ပြခဲ့ပါ။

**အဖြေ**။ တေဝီသ=ဃာနာဒိတ္တယ, ဘာဝရုပ် ၂-ခုကြဉ် ကျန်ရုပ် ၂၃-ပါး။

သတ္တရသ=အဝိနိဗ္ဘောဂရုပ် ၈-ခု, လဟုတာဒိ ၃-ခု, လက္ခဏရုပ် ၄-ခု, အာကာသဓာတ် ၁-ခု။ဇီဝိတရုပ် ၁။

---

● ပဋိသန္ဓေအခါ မရနိုင်သောရုပ်များကို သင်္ဂဟ ထောက်၍ ကောက်ပြခဲ့ပါ။

**အဖြေ**။ သဒ္ဒ ၁, ဝိကာရ ၅, ဇရတာ ၁, အနိစ္စတာ ၁, ပေါင်း ၈-ပါးဖြစ်ပါသည်။

သဒ္ဒေါဝိကာရော ဇရတာ၊
မရဏဥ္စောပပတ္တိယံ။
နလဗ္ဘန္တိ ပဝတ္တေတု၊
နကိဉ္စိပိ နလဗ္ဘတိ။

ရူပပဝတ္တိက္ကမ ပြီး၏။

● တဘာဝ၌ ပဌမဆုံးဖြစ်သော ရုပ်၊ ဒုတိယ, တတိယ, စတုတ္ထဖြစ်သောရုပ်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အစဉ်အတိုင်း ကမ္မဇရုပ်, ဥတုဇရုပ်, စိတ္တဇရုပ်, အာဟာရဇရုပ်တို့ဖြစ်ပါသည်။

ဆောင်။ ကံ,ဥ,စိတ်,အဟာ၊ ရုပ်လေးဖြာ၊ ဖြစ်ပါ စဉ်အတိုင်း။

**အမှာ**။ စိတ္တဇရုပ်နှင့် ဥတုဇရုပ် ၂-ခုတို့တွင် တဘဝ၌ ဘယ်ရုပ်က အရင်ဖြစ်ပါသနည်း စသည်ဖြင့် မေးကလည်း ဖြေတတ်ပါစေ။

---

● တဘဝ၌ အဆုံးသတ်အနေနှင့် ပဌမဆုံး, ဒုတိယ, တတိယ,စတုတ္ထချုပ်သောရုပ်များကိုဖော်ပြခဲ့ပါ။

**အဖြေ**။ အစဉ်အတိုင်း ကမ္မဇရုပ်, စိတ္တဇရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်များဖြစ်ပါသည်။

ဆောင်။ ကံ,စိတ်,အာဟာ၊ ဥတုဇာ၊ ချုပ်ပါစဉ်အတိုင်း။

**အမှာ**။ ရူပဘုံ၌ ရုပ်အားလုံးတပြိုင်နက်ချုပ်ကြ၏။ အရူပဘုံ၌ ရုပ်လုံးဝမရှိ၊ အထက်ပါအဖြေမှာ ကာမဘုံအတွက်သာဖြစ်၏။

ရုပ်ပိုင်း ပြီး၏။

# သမုစ္စည်းပိုင်း

## အကုသလသင်္ဂဟ

● "ဒွါသတ္တတိ ဝိဓာ ဝုတ္တာ"၌ ဒွါသတ္တတိ အရကို ကောက်ပြခဲ့ပါ။

**အဖြေ**။ စိတ် ၁, စေတသိက် ၅၂, နိပ္ဖန္နရုပ် ၁၈, နိဗ္ဗာန် ၁, ပေါင်း ၇၂။

**ဆောင်**။ နာမ် တေပညာ်၊ ရုပ်နိပ္ဖန်၊ နိဗ္ဗာန် ယှဉ်တိ၊ ဒွါသတ္တတိ။

---

● အဘယ့်ကြောင့် ထိန မိဒ္ဓ နှင့် ဥဒ္ဓစ္စ ကုက္ကုစ္စတို့ကို နီဝရဏတပါးတည်းပြု၍ ဆိုထားရပါသနည်း။

**အဖြေ**။ ကိစ္စ,အကြောင်း,ဆန့်ကျင်ဖက်တို့ တူညီသောကြောင့် ဆိုထားပါသည်။

ကိစ္စာဟာရ ဝိပက္ခာနံ၊
ကေတ္တာ ကေ မေတ္တဟိ။
ကတ မုဒ္ဓစ္စ ကုက္ကုစ္စံ၊
ထိန မိဒ္ဓည တာဒိနာ။ (ဋီ)။

ဟိ၊ အထူးကား။ ဧတ္ထ၊ ဤနီဝရဏတရားတို့တွင်။ ကိစ္စာဟာရ ဝိပက္ခာနံ၊ ကိစ္စ, အကြောင်း, ဆန့်ကျင်

ဖက်တို့၏။ ကေတ္တာ၊ တူကုန်သည်၏အဖြစ်ကြောင့်။ တာဒိနာ၊ တာဒိဂုဏ်ရှင် ဘုရားသခင်သည်။ ဥဒ္ဒစ္စကုက္ကုစ္စ၊ဥဒ္ဒစ္စကုက္ကုစ္စ ၂-ပါးကိုရင်း။ ထိနမိဒ္ဓ၊ ထိနမိဒ္ဓ ၂-ပါးကိုရင်း။ ကော၊ နီဝရဏ တခုတည်းကို။ ကတံ၊ ပြုတော်မူအပ်ပြီ။

---

● တဏှာအစစ် ၁၀၈-ပါးကို တွက်ပြပါ။

**အဖြေ**။ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ၃-ပါးတည်၊ အာရုံ ၆-ပါး,ကာလ ၃-ပါး, သန္တာန် ၂-ပါးတို့ဖြင့် မြှောက်-

၃×၆×၃×၂=၁၀၈ ဖြစ်၏။

**ဆောင်**။ **တဏှာသုံးတန်၊ တည်ထားခံ၊ အာ,ကာ,သန်နှင့်မြှောက်။ တဏှာအစစ်၊ တရာ့ရှစ်၊ တွက်စစ်အမှန်ချောက်။**

---

● ၁၅၀၀ ကိလေသာကို ဖော်ပြခဲ့ပါ။

**အဖြေ**။ နာမ်တေပညာသ, နိပ္ဖန္နရုပ် ၁၈, လက္ခဏာရုပ် ၄, ပေါင်း ၇၅-ကိုတည်၊ သန္တာန် ၂-ပါး, ကိလေသာ ၁၀-ပါးတို့ဖြင့်မြှောက်-

၇၅×၂×၁၀=၁၅၀၀ ဖြစ်၏။

**ဆောင်**။ နာမ်တေပညာ၊ ရုပ်နိပ္ဖန်၊ လေး**တန်**လက္ခဏာ။ **သန္တာ**န်နှစ်**ဝ**၊ **ကိလေသာ**၊ မြှောက်ကထောင့်ငါးရာ။

---

● အကုသလသင်္ဂဟလာ တရားကိုယ် ၁၄ - ပါးတို့၏ အမည် အရေအတွက်ကို ဖော်ပြခဲ့ပါ။

အဖြေ။ လောဘ ၉-မည်၊ ဒိဋ္ဌိ ဂ-မည်၊ မောဟ ၇-မည်၊ ဒေါသ ၅-မည်၊ ဝိစိကိစ္ဆာ ၄-မည်၊ မာန ၃-မည်၊ဥဒ္ဓစ္စ ၃-မည်၊ ထိန ၂-မည်၊ မိဒ္ဓ, ကုက္ကုစ္စ, အဟိရိက, အနောတ္တပ္ပ, ဣဿာ,မစ္ဆရိယတို့တမည်စီ။

ဆောင်။ လောကိုးဒိဋ္ဌိ၊ မောခုနစ်၊ ငါးဖြစ်ဒေါသမှာ။
ဝိစိလေးနှုန်း၊ မာ-ဥဒ် သုံး၊ နှစ်လုံးထိနသာ။
ကြွင်းကျန်သမျှ၊ တမည်ရ၊ မှတ်ကြသောတုနာ။

အကုသလသင်္ဂဟ ပြီး၏။

---

## မိဿက သင်္ဂဟ

- ● ဈာနင် ၇-ပါးကို ကုသိုလ် အကုသိုလ် အဗျာကတ ခွဲပြခဲ့ပါ။

အဖြေ။ ဒေါမနဿဈာနင်သည် အကုသိုလ်,ကျန် ၆-ပါးသည် ကုသိုလ် အကုသိုလ် အဗျာကတဖြစ်ပါသည်။

ဒေါမနဿဇ္ဈတ္တံ အကုသလဈာနင်္ဂံ၊ သေသာနိ ကုသလာကုသလာဗျာကတဈာနင်္ဂါနိ။ (ဋီ)။

ဧတ္ထ၊ ဤဈာနင် ၇-ပါးတို့တွင်။ ဒေါမနဿံ၊ ဒေါမနဿဈာနင်သည်။ အကုသလဈာနင်္ဂံ၊ အကုသိုလ်ဈာနင်မည်၏။ သေသာနိ၊ ကြွင်းသောဈာနင်တို့သည်။ ကုသလာ ကုသလာ ဗျာကတဈာနင်္ဂါနိ၊ ကုသိုလ် အကုသိုလ် အဗျာကတဈာနင် မည်ကုန်၏။

ဆောင်။ ရှာနှင်အချား၊ ခုနစ်ပါးဘွင်၊ မှတ်သားဒေါမန၊ တခုမျှသာ၊ အကု-ပါတည်း၊ သေသာခြောက်ခု၊ ကု,အကု၊ မှတ်ရှုဗျာကတ။

---

● ပညာ စေတသိက် တခုတည်းကို အဘယ့်ကြောင့် ပညိန္ဒြိယံ, အနညာတညဿာမီတိန္ဒြိယံ, အညိန္ဒြိယံ, အညာတာဝိန္ဒြိယံဟု လေးမျိုးခွဲ၍ ဟောထားရပါသနည်း။

အဖြေ။ လောကီ ကိုက်သော ပညာသရုပ်ကို ပြလိုသောကြောင့် ပညိန္ဒြေကို ဟောပါသည်။

ပုဂ္ဂလဇ္ဈာသယ,ကိစ္စဝိသေသတို့ကို ပြလိုသောကြောင့် ကျန် ၃-ပါးကို ဟောပါသည်။

ဝုတ္တံ ပညိန္ဒြိယံ ဓမ္မ-
သရူပဿ ဝိဘာဝနံ။
ပုဂ္ဂလဇ္ဈာသယ ကိစ္စ-
ဝိသေသာနံ ဟိ သေသကံ။ (ဋီ)။

ဓမ္မသရူပဿ၊ လောကီနှင့်ထိုက်သောပညာတရားသရုပ်ကို။ ဝိဘာဝနံ၊ ထင်စွာပြခြင်းငှာ။ ပညိန္ဒြိယံ၊ ပညိန္ဒြေကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ ပုဂ္ဂလဇ္ဈာသယကိစ္စဝိသေသာနံ၊ ပုဂ္ဂလဇ္ဈာသယကိစ္စဝိသေသတို့ကို။ ဝိဘာဝနံ၊ ထင်စွာပြခြင်းငှာ။ သေသကံ၊ ကျန်လောကီ သုံးပါးကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။

● အခြားတရားများ ရှိပါလျက် ကဗဠီကာရာဟာရ စသော လေးပါးကိုသာ အဘယ့်ကြောင့် အာဟာရဟု ဟောထားရပါသနည်း။

**အဖြေ**။ အဇ္ဈတ္တိက သန္တာန်အား အထူး ကျေးဇူးပြုတတ်သောကြောင့် ဟောထားပါသည်။

အဇ္ဈတ္တိကသန္တတိယာ ပန ဝိသေသပစ္စယတ္တာ
ကဗဠီကာရာဟာရော … (sic) 

အဇ္ဈတ္တိက သန္တတိယာ၊ အဇ္ဈတ္တိက သန္တာန်အား။ ဝိသေသပစ္စယတ္တာ၊ အထူးသဖြင့် ကျေးဇူးပြုတတ်ကုန်သည်၏အဖြစ်ကြောင့်။ ကဗဠီကာရော၊ ဤတရားတို့ကိုသာလျှင်။ စတ္တာရော အာဟာရာတိ၊ စတ္တာရော အာဟာရာဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်ပြီ။

ခေါင်း။ အဇ္ဈတ္တိက၊ သန္တာနအား၊ ကျေးဇူးချွး၍၊ ၄-ပါးကို မျှ၊ အာဟာရ၊ မုချဟောတော်မူ။

---

● "ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ"၌ အဘယ့်ကြောင့် ဒွေပဉ္စဝိညာဉ် ၁၀-မှာ ဈာနင် မရပါသနည်း။

**အဖြေ**။ အာရုံကို ကပ်၍ ရှုသော အခြင်းအရာ မရှိသောကြောင့် ဈာနင်မရခြင်း ဖြစ်ပါသည်။

ဥပနိဇ္ဈာနာကာရဿ အဘာဝတော။ (ဋီ)။

ဥပနိဇ္ဈာနဘာဝကာရဿ၊ အာရုံကို ကပ်၍ရှုသော အခြင်းအရာ၏။ အဘာဝတော၊ မရှိခြင်းကြောင့်တည်း။

**ဆောင်**။ အာရုံကပ်ရှု၊ မရှိမှုကြောင့်၊ ငါးခုဝိညာဉ်၊ စိတ်အစဉ်၊ ဈာန်မရထိုက်။

---

● "အဝီရိယေသုဗလာနိ" ၌ အဘယ့်ကြောင့် အဝီရိယစိတ်မှာ ဗိုလ်မရပါသနည်း။

**အဖြေ**။ ဝီရိယမရှိသောကြောင့် ဖြစ်ပါသည်။

သောဠသစိတ္တေသု ဝီရိယာဘာဝတော။ (ဋီ)။

သောဠသ စိတ္တေသု၊ ၁၆-ပါးသောစိတ်တို့၌။ ဝီရိယာဘာဝတော၊ ဝီရိယမရှိခြင်းကြောင့်တည်း။

**ဆောင်**။ ဝီရိယမည်၊ မယှဉ်သည်မို့၊ အဝီရိယ၊ ထိုစိတ္တ၊ ဗလမရပါ။

---

● "အဟေတုကေသု မဂ္ဂင်္ဂါနိ နလဗ္ဘန္တိ" ၌ အဘယ့်ကြောင့် အဟိတ်စိတ်မှာ မဂ္ဂင်မရပါသနည်း။

**အဖြေ**။ ဟိတ်မရှိသောကြောင့် ဖြစ်ပါသည်။

ဟေတုဝိရဟတော မဂ္ဂင်္ဂါနိ နလဗ္ဘန္တိ။ (ဋီ)။

ဟေတုဝိရဟတော၊ ဟိတ်မရှိခြင်းကြောင့်။ မဂ္ဂင်္ဂါနိ၊ မဂ္ဂင်တို့ကို။ နလဗ္ဘန္တိ၊ မရအပ်ကုန်။

**ဆောင်**။ ဟိတ်မယှဉ်ပါ၊ ဖြစ်သည့်တာကြောင့်၊ မှတ်ပါအဟိတ်၊ ထိုသည့်စိတ်၊ ကင်းပိတ်မဂ္ဂင်မှာ။

● "တထာဝိစိကိစ္ဆာစိတ္တေ ။ပ။ နဂစ္ဆတိ"၌ အဘယ့်ကြောင့် ဝိစိကိစ္ဆာစိတ်မှာကေဂ္ဂတာဟာ မဂ္ဂင်,ဣန္ဒြေ, ဗိုလ်မထိုက်ပါသနည်း။

**အဖြေ**။ ဝိစိကိစ္ဆာစိတ်မှာ အဓိမောက္ခ မယှဉ်သောကြောင့် ဖြစ်ပါသည်။

**မှတ်ချက်**။ သဂြိုဟ်ပါဠိမှာ "မဂ္ဂိန္ဒြိယ ဗလဘာဝံ" ဟု ရှိ၏၊ "မဂ္ဂိန္ဒြိယဗလဘာဝံ"သာ အမှန်ဟုမှတ်။

အဓိမောက္ခ ဝိရဟတော။ (ဋီ)။

အဓိမောက္ခ ဝိရဟတော၊ အဓိမောက္ခမှ ကင်းခြင်းကြောင့်တည်း။

**ဆောင်**။ အဓိမောက္ခာ၊ မယှဉ်ပါ၍၊ ကိစ္ဆာဝိစိ၊ စိတ်မှာရှိသည့်၊ မှတ်သိလေကြ၊ ကေဂ္ဂ၊ မရ ဂင်, ဣန်, ဗိုလ်။

---

● "ဒွိဟေတုက တိဟေတုက ဇဝနေသွေဝယထာသမ္ဘဝံ" ၌ အဘယ့်ကြောင့် ယထာသမ္ဘဝံကို ဆိုရပါသနည်း။

**အဖြေ**။ ဒွိဟိတ်ဇောမှာ ဝီမံသာဓိပတိ မရသောကြောင့်ရင်း, နောက်နောက်စိတ်ကို ပြုပြင်စီ ရင်တတ်သော ရှေးရှေးသော စိတ်တို့သည် ဒွိဟိတ်ဇော တိဟိတ်ဇော ဖြစ်သင့်သလို ဖြစ်သောကြောင့်ရင်း ဆိုပါသည်။

ဝီမံသာဓိပတိနော ဒွိဟေတုက ဇဝနေသု အသမ္ဘဝတော၊ စိတ္တာဘိ သင်္ခါရူပ နိဿယဿစ သမ္ဘဝါနုရူပတော။ (ဋီ)။

ဝီမံသာဓိပတိနော၊ ဝီမံသာဓိပတိ၏။ ဒွိဟေတုက ဇဝနေသု၊ ဒွိဟိတ်ဇောတို့၌။ အသမ္ဘဝတော၊ မဖြစ်ခြင်းကြောင့်ရင်း။ စိတ္တာဘိ သင်္ခါရူပနိဿယဿ၊ နောက်နောက်စိတ်ကို ပြုပြင် စီရင်တတ်သော ရှေးရှေးစိတ်ဟူသော ဥပနိဿယ၏။ သမ္ဘဝါနုရူပတော၊ ဖြစ်သင့်သည်အားလျော်စွာ ဖြစ်ခြင်းကြောင့်ရင်းတည်း။

---

- မိဿက သင်္ဂဟလာ ပညာစသော တရားတို့သည် ဘယ်နှစ်မည်စီ ရကြပါသနည်း။

အဖြေ။ ပညာ ၅, ဝီရိယ-ကောဂ္ဂတာ ၄-စီ, စိတ်-သတိ ၃-စီ, ဝိတက်- ဝေဒနာ-သဒ္ဓါ ၂-စီ, ကျန် ၂၈-ပါး ၁-မည်စီ။

ပဉ္စသင်္ဂဟိတာ ပညာ၊
ဝါယာမေကဂ္ဂတာ ပန။
စတုသင်္ဂဟိတာ စိတ္တံ၊
သတိစေဝ တိသင်္ဂဟာ။

သက်ပ္ပေါ ဝေဒနာ သဒ္ဓါ။
ဒုကသင်္ဂဟိတာ မတာ။
ဧကေကသင်္ဂဟာ သေသာ၊
အဋ္ဌဝီသတိ ဘာသိတာ။ (ဋီ)။

မိဿကသင်္ဂဟ ပြီး၏။

## ဗောဓိပက္ခိယသင်္ဂဟ

● သတိစေတသိက် တခုတည်း ဖြစ်လျက် အဘယ့်ကြောင့် သတိပဋ္ဌာန် ၄-မျိုး ပြားရသနည်း။

**အဖြေ**။ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မတို့၌ အသုဘ ဒုက္ခ အနိစ္စ အနတ္တဟု ယူပုံ ၄-မျိုးပြားသောကြောင့်၎င်း, သုဘ သုခ နိစ္စ အတ္တဟု ယူသော သညာဝိပလ္လာသကို ပယ်ပုံ ၄-မျိုး ပြားသောကြောင့်၎င်း သတိပဋ္ဌာန် ၄-မျိုးပြားရပါသည်။

တံ ပန ကာယဝေဒနာ စိတ္တဓမ္မေသု အသုဘ ဒုက္ခ နိစ္စာ နတ္တာကာရဂ္ဂဟဏဝသေန, သုဘ သုခ နိစ္စ အတ္တ သညာဝိပလ္လာသပ္ပဟာန ဝသေန စ စတုဗ္ဗိဓံ (ဋီ)။

ပန၊ ဆက်ဦးအံ့။ တံ၊ ထိုသတိပဋ္ဌာန်သည်။ ကာယ ဝေဒနာစိတ္တဓမ္မေသု၊ ကာယ ဝေဒနာ စိတ္တ ဓမ္မတို့၌။ အသုဘ ဒုက္ခာ နိစ္စာ နတ္တာ ကာရဂ္ဂဟဏ ဝသေန၊ အသုဘ ဒုက္ခ အနိစ္စ အနတ္တအခြင်းအရာကို ယူခြင်း၏ အစွမ်းအားဖြင့်၎င်း။ သုဘ သုခ နိစ္စ အတ္တ သညာ ဝိပလ္လာသပ္ပဟာန ဝသေန စ၊ သုဘ သုခ နိစ္စ အတ္တဟု ယူသော သညာဝိပလ္လာသကို ပယ်ခြင်း၏ အစွမ်းအားဖြင့်၎င်း။ စတုဗ္ဗိဓံ၊ ၄-ပါး အပြားရှိ၏။

ဆောင်။ ကာယဝေဒနာ၊ စိတ္တာဓမ္မ၊ လေးဌာနန္တ၊အသုဘဒုက္ခာ၊ အနိစ္စာ အနတ္တ၊ အာကာရသွင်း၊ ယူခြင်းတဖြာ၊သုဘာ သုခ၊ နိစ္စအတ္တာ၊ သညာ ဝိပလ်၊ ပယ်လှန်လေဘိ၊ စွမ်းသတ္တိကြောင့်၊ သတိတခု၊ ပဋ္ဌာန်ရှု၊ လေးခုပြားရသည်။

---

● ဝီရိယ စေတသိက်တခုတည်း ဖြစ်ပါလျက် အဘယ့်ကြောင့် သမ္မပ္ပဓာန် ၄-ပါး ပြားရသနည်း။

အဖြေ။ ကိစ္စလေးမျိုးပြားသောကြောင့် လေးမျိုး ပြားပါသည်။

သော စ ကိစ္စဘေဒေန စတုဗ္ဗိဓော။ (ဋီ)။

သောစ၊ ထိုသမ္မပ္ပဓာန်သည်လည်း။ ကိစ္စဘေဒေန၊ ကိစ္စ အပြားအားဖြင့်။ စတုဗ္ဗိဓော၊ လေးပါး အပြားရှိ၏။

ဆောင်။ ကိစ္စလေးရပ်၊ ကွဲပြားလတ်၊ သမ္မပ္ပဓာန်လေး။

---

● "နဝကေဌာနာ"၌ နဝအရ ကေဌာန အရတို့ကို ကောက်ပြခဲ့ပါ။

အဖြေ။ နဝအရကား ဝိတက်၊ ပဿဒ္ဓိ၊ ပီတိ၊ ဥပေက္ခာ၊ ဆန္ဒ၊ စိတ်၊ ဝီရိယ ၃-ခု ပေါင်း ၉-ပါး။

ကေဌာန အရကား--

ဝိတက်အတွက် သမ္မာဒိဋ္ဌိ၊
ပဿဒ္ဓိအတွက် ပဿဒ္ဓိသမ္ဗောဇ္ဈင်၊
ပီတိ အတွက် ပီတိသမ္ဗောဇ္ဈင်၊

ဥပေက္ခာအတွက် ဥပေက္ခာသမ္ဗောဇ္ဈင်၊
ဆန္ဒ အတွက် ဆန္ဒိဒ္ဓိပါဒ်၊
စိတ် အတွက် စိတ္တိဒ္ဓိပါဒ်၊
သမ္မာဝါစာအတွက် သမ္မာဝါစာမဂ္ဂင်၊
သမ္မာကမ္မန္တအတွက် သမ္မာကမ္မန္တမဂ္ဂင်၊
သမ္မာအာဇီဝအတွက် သမ္မာအာဇီဝမဂ္ဂင်။

---

● "ဝီရိယံ နဝဋ္ဌ"၌ ဝီရိယအရ နဝ,အရတို့ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဝီရိယအရကား ဗောဓိပက္ခိယ တရားဖြစ်သော ဝီရိယစေတသိက်ရ၏။

နဝအရကား--

| | |
|---|---|
| သမ္မပ္ပဓာန် | ၄-ပါး |
| ဝီရိယိဒ္ဓိပါဒ် | ၁-ပါး |
| ဝီရိယိန္ဒြေ | ၁-ပါး |
| ဝီရိယဗိုလ် | ၁-ပါး |
| ဝီရိယသမ္ဗောဇ္ဈင် | ၁-ပါး |
| သမ္မာဝါယာမ | ၁-ပါး |

ပေါင်း....၉-ပါး။

---

● "ဝီရိယံ နဝဋ္ဌ သတိသမာဓိ" အဋ္ဌအရ သတိအရတို့ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အင်္ဂါအရကား--

| | |
|---|---|
| သတိပဋ္ဌာန် | ၄-ပါး |
| သတိန္ဒြေ | ၁-ပါး |
| သတိဗိုလ် | ၁-ပါး |
| သတိသမ္ဗောဇ္ဈင် | ၁-ပါး |
| သမ္မာသတိ | ၁-ပါး |

ပေါင်း....၈-ပါး။

သတိအရကား ဗောဓိပက္ခိယတရား ဖြစ်သော သတိစေတသိက်ရ၏။

---

● "သတိသမာဓိ စတုပဉ္စပညာ"၌ သမာဓိအရ စတုအရတို့ကို ကောက်ပြခဲ့ပါ။

**အဖြေ**။ သမာဓိအရကား ဗောဓိပက္ခိယ တရားဖြစ်သော ဧကဂ္ဂတာစေတသိက်ရ၏။

စတုအရကား....သမ္မာ သမာဓိ၊ သမာဓိန္ဒြေ၊ သမာဓိဗိုလ်၊ သမာဓိသမ္ဗောဇ္ဈင်၊ ပေါင်း ၄-ပါးရ၏။

---

● "စတုပဉ္စပညာ" ၌ ပဉ္စအရ ပညာ အရတို့ကို ကောက်ပြခဲ့ပါ။

**အဖြေ**။ ပဉ္စအရကား ဝီမံသိဒ္ဓိပါဒ်၊ ပညိန္ဒြေ၊ ပညာဗိုလ်၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်၊ သမ္မာဒိဋ္ဌိ၊ ပေါင်း ၅-ပါးရ၏။

ပညာအရကား - ဗောဓိပက္ခိယတရား ဖြစ်သော ပညိန္ဒြေစေတသိက်ရ၏။

---

● "သဒ္ဓါဒုဋ္ဌာနုတ္တမ" ၌ သဒ္ဓါအရ ဒုဋ္ဌာနအရတို့ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ သဒ္ဓါအရကား - ဗော ဓိ ပ က္ခိ ယ တရား ဖြစ် သော သဒ္ဓါစေတသိက်ရ၏။

ဒုဋ္ဌာနအရကား-သဒ္ဓိန္ဒြေ၊ သဒ္ဓါဗိုလ်ရ၏။

---

● "သတ္တတိံသပ္ပဘေဒေန" ၌ သတ္တတိံသ အရကို ကောက်ပြခဲ့ပါ။

**အဖြေ**။ သတ္တတိံသ အရကား-

| | |
|---|---|
| သတိပဋ္ဌာန် | ၄-ပါး |
| သမ္မပ္ပဓာန် | ၄-ပါး |
| ဣဒ္ဓိပါဒ် | ၄-ပါး |
| ဣန္ဒြေ | ၅-ပါး |
| ဗိုလ် | ၅-ပါး |
| ဗောဇ္ဈင် | ၇-ပါး |
| မဂ္ဂင် | ၈-ပါး |
| ပေါင်း | ....၃၇-ပါး |

ဗောဓိပက္ခိယသင်္ဂဟပြီး၏။

## သဗ္ဗသင်္ဂဟ

● အဘယ်ကြောင့် ခန္ဓာကို ၅-ပါးသာ ဟောရပါသနည်း။

**အဖြေ။** ခန္ဓာကို ၅-ပါးမျှဟောခြင်းဖြင့် အလိုရှိအပ်သော အကျိုးပြီးစီးနိုင်သောကြောင့် ၅-ပါးသာ ဟောပါသည်။

တေ္တာဝတာ စ အဓိပ္ပေတတ္ထ သိဒ္ဓိတိ ပဉ္စေဝ ဝုတ္တာ (ဋီ)။

စ၊ ဆက်၍ ဆိုဦးအံ့။ တေ္တာဝတာ၊ ဤသို့ ခန္ဓာ ၅-ပါးသာ ဟောကာမျှဖြင့်။ အဓိပေတတ္ထသိဒ္ဓိ၊ အလိုရှိအပ်သော အကျိုး၏ ပြီးစီးခြင်းသည်။ ဟောတိ၊ဖြစ်၏။ဣတိ၊ ထို့ကြောင့်။ ပဉ္စေဝ ၊ ၅-ပါးတို့ကို သာလျှင်။ဝုတ္တာ။ ဟောတော်မူအပ်ကုန်ပြီ။

**ဆောင်။ ငါးပါးမျှတိ၊ အလိုပြည့်၊ မိန့်၏ခန္ဓာငါး။**

---

● အဘယ့်ကြောင့် ဥပါဒါနက္ခန္ဓာကို ထပ်၍ ဟောရပါသနည်း။

**အဖြေ။** ဝိပဿနာဘူမိကို ပြလိုသောကြောင့် ထပ်ဟောပါသည်။

ဝိပဿနာဘူမိသန္ဒဿနတ္ထံ။ (ဋီ)။

ဝိပဿနာဘူမိ သန္ဒဿနတ္ထံ၊ ဝိပဿနာ ဘုံကို ပြရခြင်း အကျိုးငှာ။

**အမှာ။** အလုံးစုံသော သဘာဝတရားတို့ကို ပေါင်း၍ရေတွက်ခြင်း
၄၁ ပဏ္ဏက္ခန္ဓာကို ဟောတော်မူ၏၊ သတိပြုပါ။

**ဆောင်။** ဝိပဿနာဘူမိ၊ ပြလိုဘိ၊ မိန့်၏ ဥပါဒါန်။

---

● ဝေဒနာ, သညာတို့ကို အဘယ့်ကြောင့် သီးခြားခွဲ၍ ခန္ဓာဖွဲ့ရပါသနည်း။

အဖြေ။ ဝဋ်တရားတို့၌ သာယာတတ်သောကြောင့် ဝေဒနာကို သီးခြားခွဲ၍ ခန္ဓာဖွဲ့ရပါသည်၊ ဝေဒနာအား ကျေးဇူးပြုတတ်သောကြောင့် သညာကို သီးခြားခွဲ၍ ခန္ဓာဖွဲ့ရပါသည်။

ဝဋ္ဋဓမ္မေသု အဿာဒံ၊
တဒဿာဒုပသေဝနံ။
ဝိနိဗ္ဘုဇ္ဇ နိဒဿေတုံ၊
ခန္ဓဒွယ မုဒါဟဋံ။ (၃)။

ဝဋ္ဋဓမ္မေသု၊ ဝဋ်တရားတို့၌။ အဿာဒံ၊ သာယာတတ်သော ဝေဒနာကိုရင်း။ တဒဿာဒုပသေဝနံ၊ ထိုသာယာတတ်သော ဝေဒနာအား ကျေးဇူးပြုတတ်သော သညာကိုရင်း။ ဝိနိဗ္ဘုဇ္ဇ၊ သီးခြားခွဲ၍။ နိဒဿေတုံ၊ ညွှန်ပြခြင်းငှာ။ ခန္ဓဒွယံ၊ ခန္ဓာ ၂-ခု အပေါင်းကို။ ဥဒါဟဋံ၊ ထုတ်ဆောင်အပ်ပြီ။

● အဘယ့်ကြောင့် နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ရပါသနည်း။

**အဖြေ**။ အတိတ် အနာဂတ် စသော အားဖြင့် ကွဲပြားမှု မရှိသောကြောင့် မဖွဲ့ရခြင်း ဖြစ်ပါသည်။

ဘေဒါဘာဝေန နိဗ္ဗာနံ၊ ခန္ဓ သင်္ဂဟ နိဿဋံ။

---

● အဘယ့်ကြောင့် အာယတန ၁၂-ပါး, ဓာတ် ၁၈-ပါး ပြားရပါသနည်း၊ သင်္ဂဟထောက်၍ ဖြေခဲ့ပါ။

**အဖြေ**။ ဒွါရ ၆-ပါး, အာရုံ ၆-ပါး ပြားသောကြောင့် အာယတန ၁၂-ပါး၊ ဒွါရ ၆-ပါး, အာရုံ ၆-ပါး, ဝိညာဉ် ၆-ပါး ပြားသောကြောင့် ဓာတ် ၁၈-ပါး ပြားရပါသည်။

ဒွါရာလမ္ဗဏဘေဒေန၊
ဘဝန္တာယတနာနိ စ။
ဒွါရာလမ္ဗတဒုပ္ပန္န၊
ပရိယာယေန ဓာတုယော။

---

● သစ္စဝိမုတ် တရားများကို သစ္စာ ၄-ပါး၌ သွင်းပြခဲ့ပါ။

**အဖြေ**။ ဖိုလ်စိတ်၌ရှိသော မဂ္ဂင် ၈-ပါးကို မဂ္ဂသစ္စာ၌ သွင်း၊ မဂ္ဂင် ၈-ပါးမှ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈, ဖိုလ်စိတ္တုပ္ပါဒ် ၂၈-ကို ဒုက္ခသစ္စာ၌ သွင်း။

**ဆောင်**။ ဖိုလ်စိတ်၌ယှဉ်၊ ထိုမဂ္ဂင်၊ သွင်းလျှင်မဂ်သစ္စာ၊
မဂ္ဂင်ကိုထုတ်၊ ကျန်စိတ္တုပ်၊ ဒုက္ခသစ္စာသာ။

● အဘယ့်ကြောင့် ခန္ဓာစသော တရားတို့ကို များစွာ ဟောထားပါသနည်း။

အဖြေ။ သတ္တဝါ သုံးမျိုးကို ချီးမြှောက် လိုသောကြောင့် ဟောထားပါသည်။

တိဝိဓ သတ္တာနုဂ္ဂဟာယ အဓိပ္ပေတတ္တာ။ (ဋီ)။ တိဝိဓ သတ္တာနုဂ္ဂဟာယ၊ သုံးပါး အပြားရှိသော သတ္တဝါတို့ကို ချီးမြှောက်ခြင်းကို။ အဓိပ္ပေတတ္တာ၊ အလိုရှိအပ်သည်၏ အဖြစ်ကြောင့်တည်း။

ဆောင်။ သုံးမျိုးကွဲလာ၊ သတ္တဝါကို၊ ချီးမြှောက်လို၍၊ ထိုသို့များစွာ၊ ခန္ဓာစ၊ ဗုဒ္ဓမိန့်တော်မူ။

သမုစ္စည်းပိုင်းပြီး၏။

မဏ္ဍိုင်

# အဘိဓမ္မာ ကူညီရေး

## ပစ္စည်းပိုင်း

### ပဋိစ္စ သမုပ္ပါဒ်

● "ယေသံ သင်္ခတဓမ္မာနံ, ယေ ဓမ္မာ, ယထာ" တို့ဖြင့် ပြအပ်သော အဓိပ္ပာယ်ကို ရေးပါ။

အဖြေ။ "ယေသံ သင်္ခတဓမ္မာနံ"ဖြင့် ပစ္စယုပ္ပန်၊ တရားကို, "ယေဓမ္မာ"ဖြင့် ပစ္စည်းတရားကို, "ယထာ" ဖြင့် ပစ္စယ သတ္တိကို ပြပါသည်။

မှတ်ချက်။ "ယေသံ သင်္ခတ ဓမ္မာနံ"၌ သင်္ခတ တရားများမှာ ပစ္စယုပ္ပန်ဟု ဆိုသဖြင့် နိဗ္ဗာန်နှင့်ပညတ်မှာ အသင်္ခတ ဖြစ်၍ ပစ္စယုပ္ပန်၌ မပါဝင်၊ ပစ္စည်းတရားမှာသာ ပါဝင်သည်၊ ထို့ကြောင့် နိဗ္ဗာန်ဟာ အကျိုးလား အကြောင်းလားမေးက အကြောင်းဟုဖြေပါ။

---

● အဘယ့်ကြောင့် ပစ္စည်းတရားက ပစ္စယုပ္ပန် တရားကို ကျေးဇူးပြုရပါသနည်း။

အဖြေ။ တည်တံ့စေ လိုသောကြောင့်ရင်း, ဖြစ်ပေါ်လာစေ လိုသောကြောင့်ရင်း ကျေးဇူးပြုရပါသည်။ (ဠ)။

● "ပစ္စယာ၊ ကျေးဇူးပြုတတ်ကုန်၏" ၌ "ကျေးဇူးပြု" ဟူသော စကား၏ အဓိပ္ပာယ်ကို ရေးပါ။

**အဖြေ**။ မဖြစ်သေးသော ပစ္စယုပ္ပန် တရားတို့ကို ဖြစ်စေခြင်း, ဖြစ်ပြီးသော ပစ္စယုပ္ပန်တရားတို့ကို တည်တံ့အောင် ထောက်ပံ့ခြင်းကို "ကျေးဇူးပြုသည်" ဟု ခေါ်ပါသည်။

ပစ္စယာ ဋ္ဌိတိယာ ဥပ္ပတ္တိယာစ ဥပကာရကာ။ ၁ (ဋီ)။

ပစ္စယာ၊ ပစ္စည်းတို့သည်။ ဋ္ဌိတိယာ၊ တည်ခြင်းငှာ ရင်း။ ဥပ္ပတ္တိယာစ၊ ဖြစ်ခြင်းငှာရင်း။ ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်၏။

**ဆောင်**။ ဖြစ်စေ တည်စေ၊ ဤနှစ်ထွေ၊ ခေါ်လေ ကျေးဇူးပြု။

---

● မသိတတ်သောကြောင့် အဝိဇ္ဇာ ဆိုရာ၌ အဘယ်ကို မသိပါသနည်း။

**အဖြေ**။ သစ္စာ ၄-ပါး, ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာပရန္တ, ပဋိစ္စသမုပ္ပါဒ် ဤ ၈-ပါးတို့၌ မသိခြင်း ဖြစ်ပါသည်။ (ဋီ)။

**ဆောင်**။ သစ္စာလေးတန်၊ ပုဗ္ဗန္တာ ပရန္တ၊ ထိုနှစ်ဝနှောင့်၊ ပဋိစ္စ သမုပ္ပါဒ်၊ ဤရှစ်ရပ်၊ ဖုံးလတ်အဝိဇ္ဇာ။

● "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ၌ သင်္ခါရ အပြားကို ထုတ်ပြခဲ့ပါ။

**အဖြေ**။ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရဟု ၃-ပါး ရှိပါသည်။ (ဋီ)။

ဆောင်။ ပုညာပုည၊ အာနေဉ္ဇ၊ သုံးဝသင်္ခါရာ။

---

● အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ စသည်၌ အဝိဇ္ဇာ၏ ဖြစ်ကြောင်း မပါရကား အဝိဇ္ဇာ ဖြစ်ကြောင်းမရှိဟု မှတ်ယူရမည်လော။

**အဖြေ**။ အဝိဇ္ဇာ၏ ဖြစ်ကြောင်းကား အာသဝ တရား ၄-ပါးတည်း။

အာသဝါနံ သမုပ္ပါဒါ၊အဝိဇ္ဇာစ ပဝတ္တတိ။

**မှတ်ချက်**။ **တဖန်** အာသဝတို့၏ ဖြစ်ကြောင်းကို မေးခဲ့သော် အာသဝဟူသည် **တဏှာဥပါဒါန် အကုသိုလ် ကမ္မဘဝပင်** တည်း၊ ထို့ကြောင့် **တဏှာဥပါဒါန်** ကမ္မဘဝတို့၏ ဖြစ်ကြောင်းသည်ပင် အာသဝတို့၏ ဖြစ်ကြောင်းတည်းဟု ဖြေ**တတ်**ပါစေ။

---

● အာသဝတို့ကြောင့် အဝိဇ္ဇာ ဖြစ်၏ဟု ဆိုထားပါလျက် အဘယ့်ကြောင့် အဝိဇ္ဇာကို ရှေ့ဆုံးထားရပါသနည်း။

**အဖြေ**။ အာသဝတို့ကြောင့် ဖြစ်သော်လည်း ဝဋ်တရားတို့တွင် အရေးအကြီးဆုံး ဖြစ်သောကြောင့် ရှေ့ဆုံးက ထားပါသည်။

ဆောင်။ အရေးအကြီးဆုံး၊ ဖြစ်သည့်ထုံးကြောင့်၊ ရှေ့ဆုံးမှာသာ၊ အဝိဇ္ဇာ၊ ထားလာ မိန့်တော်မူ။

---

● အဘယ့်ကြောင့် သောကစသော ၅-ပါးကို ပဋိစ္စသမုပ္ပါဒ်၌ မရေတွက်ရပါသနည်း။

**အဖြေ**။ ဇာတိ၏ မုချကျိုးမဟုတ်၊ အကျိုးဆက်ကို ပြခြင်းမျှသာ ဖြစ်သောကြောင့် မရေတွက်ရပါ။

သောကာဒိဝစနံ ပနေတ္ထ နိဿန္ဒဖလနိဒဿနံ။

ဆောင်။ ဇာတိအတွက်။ အကျိုးဆက်မျှ၊ ဖြစ်ပါကြ၍၊ သောကစသွာ၊ ထိုဝါးဖြာ၊ အင်္ဂါမဖြစ်ထိုက်။

---

● အဘယ့်ကြောင့် အဝိဇ္ဇာ သင်္ခါရတို့ကို ယူသဖြင့် တဏှာ ဥပါဒါန် ဘဝတို့ကို ယူရပါသနည်း။

**အဖြေ**။ အဝိဇ္ဇာနှင့် တဏှာ ဥပါဒါန်တို့သည် တဏှာ၏ အဖြစ်ဖြင့် တူကြ၏၊ သင်္ခါရနှင့် ဘဝသည် ကံ၏ အဖြစ်ဖြင့် တူ၏၊ ထို့ကြောင့် ယူရပါသည်။

**အမှာ**။ တဏှာ ဥပါဒါန် ဘဝကိုယူသဖြင့် အဝိဇ္ဇာ သင်္ခါရတို့ကို ယူရာ၌လည်း နည်းတူသိပါလေ။

ကိလေသဘာဝသာမညတော အဝိဇ္ဇာဂ္ဂဟဏေန
တဏှုပါဒါနာနိ၊ ကမ္မဘာဝသာမညတော သင်္ခါ
ရဂ္ဂဟဏေန ကမ္မဘဝေါ သင်္ဂဟိတော။ (ဋီ)။

ကိလေသ ဘာဝ သာမညတော၊ ကိလေသာ၏ အဖြစ်ဖြင့် တူသည်၏ အဖြစ်ကြောင့်။ အဝိဇ္ဇာဂ္ဂဟ

ဏေန အဝိဇ္ဇာကို ယူသဖြင့်။ တဏှုပါဒါနာဒိ၊ တဏှာ ဥပါဒါန်တို့ကို။ သင်္ဂဟိတာဒိ၊ ယူအပ်ကုန်၏။ ကမ္မဘဝသာမညတော၊ ကံ၏အဖြစ်ဖြင့်တူသည်၏ အဖြစ်ကြောင့်။ သင်္ခါရဂ္ဂဟဏေန၊ သင်္ခါရကို ယူသဖြင့်။ ကမ္မဘဝေါ၊ ကမ္မဘဝကို။ သင်္ဂဟိတော၊ ယူအပ်၏။

ဆောင်　ကိလေသဘာဝသာမညာ၊
အဝိဇ္ဇာဂ္ဂဟဏေန ဝါ။
ဂဟိတာ တဏှုပါဒါနာ၊
ဂဟိတော စ ဘဝေါ ထတာ။
ကမ္မဘဝ သမာနတ္တာ၊
သင်္ခါရဂ္ဂဟဏေန ဝါ။

---

● ဇာတိ ဇရာ မရဏတို့ကို ယူသဖြင့် ဝိညာဉ် စသော အကျိုး ၅-ပါးကို အဘယ်ကြောင့် ယူရပါသနည်း။

အဖြေ။ ဇာတိ ဇရာ မရဏတို့သည် တရားကိုယ် သီးခြားမရှိကြ၊ ဝိညာဉ်စသော အကျိုးငါးပါးတို့၏ ဖြစ်ဆဲ, ရင့်ဆဲ ပျက်ဆဲ အခိုက်အတန့်တို့သာ ဖြစ်သောကြောင့် ယူရပါသည် (ဋီ)။

ဆောင်။ ဇာတိစသို၊ ယူလိုက်ဘိမူ၊ ဇာဘိ, ဇာရု၊ မရဏာတို့၊ ရော တရား၊ မရှိပြားပဲ၊ ငါးပါးကျိုးတွက်၊ ဖြစ်,ရင့်,ပျက်ဘု၊ သုံးချက်မလွဲ၊ ခိုက်တံ့ဘဲမို့၊ အမြဲမှုချ၊ ကျိုးဖလ။ ငါးဝ အကုန်ယူ။

● "အတီတေ ဟေတဝေါပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ။ ဣဒါနိ ဟေတဝေါပဉ္စ၊ အာယတိံ ဖလပဉ္စကံ" ၌ ၁- အတိတ်အကြောင်း ငါးပါး, ၂- ပစ္စုပ္ပန်အကျိုး ငါးပါး, ၃- ပစ္စုပ္ပန်အကြောင်း ငါးပါး, ၄- အနာဂတ်အကျိုးငါးပါးတို့ကို ဖော်ပြခဲ့ပါ။

အဖြေ။ ၁-အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ။
၂-ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ။
၃-တဏှာ, ဥပါဒါန်, ဘဝ, အဝိဇ္ဇာ သင်္ခါရ။
၄-ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ။

အမှာ။ ၎င်း ၄-ခုပေါင်း ၂၀-ရ၏။၎င်း ၂၀-ကို ခြင်းရာ ၂၀-ဟု ခေါ်သည်။ အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးတစပ်, ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန် အကြောင်းတစပ်, ပစ္စုပ္ပန် အကြောင်းနှင့် အနာဂတ်အကျိုးတစပ်၊ပေါင်း အစပ်သုံးပါးဖြစ်၏။ ၁-၂-၃-၄-တို့သည် တလွှာစီဖြစ်၍ ၄-လွှာဖြစ်၏။

ဆောင်။ခြင်းရာ ၂၀၊ သုံးသွယ်အစပ်၊ ၄-ရပ်အလွှာ၊ မှတ်သားပါ၊ များစွာအကျိုးရှိ။

---

● ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ပြတ်ကိန်းပြ ပါဠိကိုရေးခဲ့ပါ။

အဖြေ။ တေသမေဝ စ မူလာနံ၊ နိရောဓေန နိရုဇ္ဈတိ။

---

● ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ လည်ပုံပြပါဠိကို ရေးပါ။

အဖြေ။ ဇရာ မရဏမုစ္ဆာယ၊ ပီဠိတာန မဘိဏှသော။
အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာစ ပဝတ္တတိ။

● အဘယ်သို့သော တရားမျိုးကို ပဋိစ္စသမုပ္ပါဒ် ခေါ်ကြောင်း သင်္ဂဟထောက်၍ ဖြေခဲ့ပါ။

အဖြေ။ အဆက်မပြတ် ဖွဲ့တက်သော ဘုံသုံးပါး၌ ဖြစ်သော အစမထင်သော ဝဋ်တရားကို ပဋိစ္စသမုပ္ပါဒ် ခေါ်ပါသည်။

ဝဋ္ဋ မာဗန္ဓ မိစ္စေဝံ၊
တေဘူမက မနာဒိကံ။
ပဋိစ္စသမုပ္ပါဒေါတိ၊
ပဋ္ဌပေသိ မဟာမုနိ။

ပဋိစ္စသမုပ္ပါဒ်နည်း ပြီး၏။

---

## ပဋ္ဌာန်းနည်း

● "ဆဓာ ° နာမံတု နာမဿ၊ ပဥ္စဓာ ၊ နာမရူပိနံ။ ကေဓာ ' ပုနရူပဿ၊ ရူပံ နာမဿ စေကဓာ ' " ၌ ၁- ၂- ၃- ၄- တို့၏အရကို ကောက်ပြပါ။

အဖြေ။ ၁-အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ, အာသေဝန, သမ္ပယုတ္တ၊
၂-ဟေတု, ဈာန, မဂ္ဂ, ကမ္မ, ဝိပါက၊
၃-ပစ္ဆာဇာတ၊ ၄- ပုရေဇာတ။

ဆောင်။ အနန်, သနန်၊ နတ်,ဝိမှန်၊ အာ,သမ်ခြောက်ခုပြား။
ဟေ, ဈာ, မဂ်ကမ်၊ ဝိငါးတန်၊ ကေန်ပစ်, ပုထား။

● "ပညတ္တိနာမ ရူပါနိ၊ နာမဿ ဒုဝိဓာ [၁] ဒွယံ။ ဒွယဿ နဝဓာ [၂] စေတိ၊ ဆဗ္ဗိဓာ ပစ္စယာ ကထံ" ၌ ၁- ၂ တို့၏ အရကို ကောက်ပြပါ။

**အဖြေ**။ ၁-အာရမ္မဏ, ဥပနိဿယ၊
၂-အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ ,ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ။

---

● အတ္ထိပစ္စည်း အဝိဂတပစ္စည်းအပြားကို ရေးပါ။

**အဖြေ**။ သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာ ဇာတတ္ထိ, အာဟာရတ္ထိ, ရူပဇီဝိတိန္ဒြိယတ္ထိ, ပေါင်း ၅-ပါး၊ (အဝိဂတ ထို့အတူ ၅-ပါး။)

ဆောင်။ ပုရေပစ္ဆာ၊ အာဟာရ၊ သဟရူပထား၊
အဝိဂတ၊အတ္ထိက၊ ငါးသွယ်တို့ပြား။

---

● အတ္ထပညတ်သရုပ်ကို သင်္ဂဟပါဠိနှင့် တွဲစပ်၍ ထုတ်ပြပါ။

**အဖြေ**။ တံတံဘူတ။ပ။ ဘူမိပဗ္ဗတာဒိကာကား **သဏ္ဌာနပညတ်**
သမ္ဘာရ။ပ။ ရထ သကဋာဒိကာကား **သမူဟပညတ်**၊

ခန္ဓပဉ္စက။ပ။ပုဂ္ဂလာဒိကကား **သတ္တပညတ်**၊

စန္ဒာ။ပ။ ဒိသာကာလာဒိကာကား **ဒိသာပညတ်, ကာလပညတ်**၊

တံတံ။ပ။ကသိဏ နိမိတ္တာဒိကာကား **နိမိတ္တပညတ်**။

● ပစ္စည်းအားလုံးကို အဘယ့်ကြောင့် အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိ ၄-ပါးမှာ သွင်းယူနိုင်ပါသနည်း။

အဖြေ။ စိတ်စေတသိက်တို့၏ အာရုံမဟုတ်သော ပစ္စည်းမရှိသောကြောင့် ပစ္စည်းအားလုံးကို အာရမ္မဏပစ္စည်းမှာသွင်း။
ပစ္စယုပ္ပန်တရား၏ မှီရာမဟုတ်သော ပစ္စည်း မရှိသောကြောင့် ပစ္စည်းအားလုံးကို ဥပနိဿယပစ္စည်းမှာသွင်း။
ပစ္စည်းမှန်သမျှ ကံအဖြစ်ကို မလွန်ဆန် နိုင်သောကြောင့် ပစ္စည်းအားလုံးကို ကမ္မပစ္စည်းမှာသွင်း။
ပစ္စည်းမှန်သမျှ ထင်ရှားရှိသောကြောင့် ပစ္စည်းအားလုံးကို အတ္ထိပစ္စည်းမှာ သွင်းရပါသည်။ (ဋီ)။

ပဋ္ဌာန်းနည်း ပြီး၏။

---

● သဒ္ဒပညတ် ၆-မျိုးကို ပုံစံနှင့် တွဲပြခဲ့ပါ။

| အဖြေ။ သဒ္ဒပညတ် | ပုံစံ |
|---|---|
| ၁-ဝိဇ္ဇမာနပညတ်၊ | ရူပ,ဝေဒနာစသည်၊ |
| ၂-အဝိဇ္ဇ မာနပညတ်၊ | ဘူမိ, ပဗ္ဗတစသည်၊ |
| ၃-ဝိဇ္ဇမာနေနအဝိဇ္ဇာမာနပညတ်၊ | ဆဠဘိညစသည်၊ |
| ၄-အဝိဇ္ဇမာနေန ဝိဇ္ဇာမာနပညတ်၊ | ဣတ္ထိသဒ္ဒစသည်၊ |
| ၅-ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊ | စက္ခုဝိညာဏစသည်၊ |
| ၆-အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊ | ရာဇပုတ္တစသည်။ |

● "ဂေါ"ဟူသော အသံကိုကြားရာ၌ ဝီထိပေါင်း မည်မျှကျမှ အနက်ကို သိရပါသနည်း။

အဖြေ။ ၄-ဝီထိကျမှ သိရပါသည်။

မှတ်ဖွယ်။ ဂေါဟူသော ပစ္စုပ္ပန်အသံကို အာရုံပြု၍ သောတဒွါရတဝီထိ, ဂေါဟူသော အတိတ်အသံကိုအာရုံပြု၍ တဒနုဝတ္တိက မနောဒွါရ တဝီထိ, နွားဟူသော နာမပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒွါရတဝီထိ, နွားဖြစ်အတ္ထပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒွါရတဝီထိ, ပေါင်းလေးဝီထိကျမှ နွားဖြစ်အနက်ကို သိရသည်၊ ဣတ္ထိ, ပုရိသစသည်ဖြင့် အက္ခရာတလုံး တိုးတိုင်း တိုးတိုင်း ၂-ဝီထိစီတိုးမှ အနက်ဖြစ်ကို သိနိုင်သည်၊ အက္ခရာ ၂-လုံးရှိက ပဌမအက္ခရာ, ဒုတိယအက္ခရာ ၂-ခုလုံးမှာ သောတဒွါရဝီထိ, တဒနုဝတ္တိက မနောဒွါရဝီထိ ၂-ခုစီရသည်။ နောက်သုဒ္ဓမနောဒွါရ ၂-ဝီထိကျမှ အနက်ဖြစ်ကို သိနိုင်သည်။

ပစ္စည်းပိုင်း ပြီး၏။

# ကမ္မဋ္ဌာန်းပိုင်း

## သပ္ပါယဘေဒ

● အသုဘ ၁၀-ပါး၊ ကာယဂတာ သတိတို့သည် အဘယ့်ကြောင့် ရာဂစရိုက်ရှိသူနှင့် သင့်လျော်ရပါသနည်း။

**အဖြေ**။ ရာဂနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ရာဂစရိုက်ရှိသူနှင့် သင့်လျော်ပါသည်။

ရာဂဿ ဥဇုပစ္စနီကဘာဝတော။ (ဋီ)။

ရာဂဿ၊ ရာဂ၏။ ဥဇုပစ္စနီကဘာဝတော၊ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့်တည်း။

**ဆောင်**။ **အသုဘနှင့်၊ ကာယဂတာ၊ ဆယ့်တဖြာကား၊ ရာဂနှင့်သာ၊ ဆန့်ကျင်ပါ၍၊ ရာဂါစရိုက်၊ ရှိသူ့၌၊ တိုက်ရိုက်သင့်တော်သည်။**

---

● အာနာပါနသည် အဘယ့်ကြောင့် မောဟ စရိုက်၊ ဝိတက်စရိုက် ရှိသူတို့နှင့် သင့်လျော်ရပါသနည်း။

**အဖြေ**။ အာနာပါနသည် ပညာ၏ အာရုံဖြစ်၍ မောဟ၏ ဆန့်ကျင်ဖက်ဖြစ်သောကြောင့် မောဟစရိုက်ရှိသူနှင့်

သင့်လျော်ရပါသည်၊ ကမ္မဋ္ဌာန်းမှ တပါးသော အာရုံတို့၌ ထွက်ပြေးတတ်သော ဝိတက်ကို တားမြစ်တတ်သောကြောင့် ဝိတက်စရိုက်ရှိသူနှင့် သင့်လျော်ပါသည်။

ဗုဒ္ဓိဝိသယဘာဝေန မောဟပ္ပဋိပက္ခတ္တာ,
ဝိတက္ကသန္ဓာဝနဿ နိဝါရကတ္တာစ။ (ဋီ)။

ဗုဒ္ဓိဝိသယဘာဝေန၊ ပညာ၏ အာရုံ၏ အဖြစ်ဖြင့်။ မောဟပ္ပဋိပက္ခတ္တာ၊ မောဟ၏ ဆန့်ကျင်ဖက်၏ အဖြစ်ကြောင့်ရင်း။ ဝိတက္ကသန္ဓာဝနဿ၊ ကမ္မဋ္ဌာန်းအာရုံမှ တပါးသော အာရုံသို့ ပြေးသွားတတ်သော ဝိတက်ကို။ နိဝါရကတ္တာစ၊ တားမြစ်တတ်သည်၏ အဖြစ်ကြောင့်ရင်းတည်း။

ဆောင်။ ဗုဒ္ဓိဝိသယဘာဝေန၊ မောဟဿ ပဋိပက္ခတာ။
ဝိတက္ကသန္ဓာဝနဿ၊ သန္နိဝါရကတာယစ။
အာနာပါနံဝ သပ္ပါယံ၊ တေသံမောဟဝိတက္ကိနံ။

---

- ဗုဒ္ဓါနုဿတိ စသော ၆-ပါးသည် အဘယ့်ကြောင့် သဒ္ဓါစရိုက်ရှိသူနှင့် သင့်လျော်ရပါသနည်း။

အဖြေ။ သဒ္ဓါတရားတိုးပွားခြင်း၏ အကြောင်းရင်း ဖြစ်သောကြောင့် သဒ္ဓါစရိုက်ရှိသူနှင့် သင့်လျော်ရပါသည်။

သဒ္ဓါဝုဒ္ဓိဟေတုဘာဝတော။ (ဋီ)။

သဒ္ဓါဝုဒ္ဓိဟေတုဘာဝတော၊ သဒ္ဓါတရား တိုးပွား ခြင်း၏ အကြောင်း၏ အဖြစ် ကြောင့်တည်း။ (ဗုဒ္ဓိကားပါဠိပျက်)။

ဆောင်။ ဗုဒ္ဓါနုဿတိ၊ စရိ ၆-ဖြာ၊ ဘာဝနာမှ သဒ္ဓါတရား၊ လွန်တိုးပွားရန်၊ အကြောင်းခံမို့၊ ကောန်မုချ၊ သင့်တော်ရ၊သဒ္ဓါစရိုက်နှင့်။

---

● မရဏ, ဥပသမ, သညာ, ဝဝတ္ထာန်တို့သည် အဘယ့်ကြောင့် ဗုဒ္ဓိစရိုက် ရှိသူနှင့် သင့်လျော် ရပါသနည်း။

အဖြေ။ နက်နဲသည်ဖြစ်၍ ပညာ၏ အာရုံသာ ဖြစ်သောကြောင့် ဗုဒ္ဓိစရိုက်ရှိသူနှင့် သင့်လျော်ရပါသည်။

ဂမ္ဘီရဘာဝေန ဗုဒ္ဓိယာဝေ ဝိသယတ္တာ။ (ဋီ)။

ဂမ္ဘီရဘာဝေန၊ နက်နဲသည်၏ အဖြစ်ဖြင့်။ ဗုဒ္ဓိယာဝေ၊ ပညာ၏သာလျှင်။ ဝိသယတ္တာ၊ အာရုံ၏ အဖြစ်ကြောင့်တည်း။

ဆောင်။ မ, ဥ, သဉ်, ဝ၊ လေးခုမျှကား၊ ပညာ့အာရုံ၊ နက်နဲတုံ၍ ၄-စုံလုံးတိ၊ သင့်တော်၏၊ ဗုဒ္ဓိစရိုက်နှင့်။

---

● သေသာနိ ပန သဗ္ဗာနိပိ-၌ သေသာနိအရ ကမ္မဋ္ဌာန်းများကို ကောက်ပြခဲ့ပါ။

အဖြေ။ သေသာနိဒ္ဒေသရကား ပထဝီ, တေဇော, အာပေါ, ဝါယော, အာကာသ, အာလောက, အာရုပ္ပ ၄-ခု ပေါင်း ၁၀-ပါးတည်း။

ဆောင်။ ပ-တေ-အာ-ဝါ၊ အာကာ အာလော၊ အာရုပ္ပေါ၊ မှတ်လော သေသ တဆယ်တည်း။

---

● အဘယ့်ကြောင့် ကြီးသော ကသိုဏ်းဝန်းသည် မောဟစရိုက်ရှိသူနှင့် သင့်လျော်ရပါသနည်း။

အဖြေ။ သေးငယ်သော ကသိုဏ်းဝန်း၌ စိတ်သည် လွန်စွာ တွေဝေသောကြောင့် ဖြစ်ပါသည်။

သမ္ဗာဓေ ဩကာသေ စိတ္တံ ဘိယျောသော မတ္တာယ သမ္မုယှနတော။ (ဋီ)။

သမ္ဗာဓေ၊ သေးငယ်သော။ ဩကာသေ၊ ကသိုဏ်းဝန်းအရပ်၌။ စိတ္တံ၊ စိတ်၏။ ဘိယျောသောမတ္တာယ၊ အတိုင်းထက်အလွန်။ သမ္မုယှနတော၊ တွေဝေခြင်းကြောင့်တည်း။

ဆောင်။ ကသိုဏ်းငယ်လေ၊ စိတ်တွေဝေ၍၊ ကြီးစေကသိဏ၊ သင့်တော်စွာ၊ မောဟစရိုက်နှင့်။

---

● အဘယ့်ကြောင့် သေးငယ်သော ကသိုဏ်းဝန်းသည် ဝိတက်စရိုက်ရှိသူနှင့် သင့်လျော်ရပါသနည်း။

အဖြေ။ ကြီးသော ကသိုဏ်းဝန်း အာရုံသည် ဝိတက်ပြေးသွားခြင်း၏ အကြောင်းဖြစ်သောကြောင့်တည်း။

မဟန္တာရမ္မဏာယ ဝိတက္က သန္တာဝနုပ္ပစ္စယတ္တာ (ဋီ)။

မဟန္တာရမ္မဏာယ၊ ကြီးသော ကသိုဏ်းအာရုံ၏။ ဝိတက္ကသန္တာဝနုပ္ပစ္စယတ္တာ၊ ဝိတက်ပြေးသွားခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်တည်း။

ဆောင်။ ကသိုဏ်းကြီးတုံ၊ ထိုအာရုံကား၊ ပြေးသွားဝိတက်၊ သို့ အတွက်ကြောင့်၊ ဝိတက်နှင့်သာ၊ သင့်တော်ပေါ်၊ ငယ်စွာ ကသိုဏ်းဝန်း။

---

● ကမ္မဋ္ဌာန်း မှန်သမျှ မည်သူနှင့်မဆို သင့်တော်ပါ လျက် အဘယ့်ကြောင့် သပ္ပါယဘေဒကို ဆိုရပါ သနည်း။

အဖြေ။ ဖြောင့်ဖြောင့် ဆန့်ကျင်ဖက် ဖြစ်သောကြောင့်ရင်း၊ အလွန်သင့်လျော်သောကြောင့်ရင်း ဆိုပါသည်။

ဥဇုပစ္စနီကတောစေဝ အတိ သပ္ပါယတာယစေ တံ ဝုတ္တံ။ (ဋီ)။

ဥဇုပစ္စနီကတောစေဝ၊ ဖြောင်ဖြောင့် ဆန့်ကျင် ဖက်၏ အဖြစ်ကြောင့်ရင်း။ အတိသပ္ပါယတာယစ၊ အလွန်သင့်လျော်သောကြောင့်ရင်း။ တံ၊ ဤသပ္ပါ ယဘေဒကို။ ဝုတ္တံ၊ ဆိုအပ်ပြီ။

ဆောင်။ ဥဇုပစ္စနီကတော စေဝ၊
အတိသပ္ပါယတာယ စ။
ဝုတ္တော သပ္ပါယဘေဒေါတိ၊
ပဏ္ဍိတေ ဟိ ဝိဇာနိယော။

သပ္ပါယဘေဒ ပြီး၏။

## ဘာဝနာဘေဒ

● သေသေသုပန သမတ္တိံသကမ္မဋ္ဌာနေသု-၌ သေသေ သုအရကို ကောက်ပြခဲ့ပါ။

**အဖြေ**။ ကသိုဏ်း ၁၀-ပါး, အသုဘ ၁၀-ပါး, အပ္ပမညာ ၄-ပါး, အာရုပ္ပ ၄-ပါး, ကာယဂတာသတိ, အာနာပါနဿတိ, ပေါင်း ၃၀-တည်း။

**ဆောင်**။ ကသိုဏ်းဆယ်ဝ၊ အသုဘနှင့်၊ အပ္ပမညာ၊ အာရုပ္ပါတည့်၊ အာနာပါန၊ ကာယဂတာ၊ သုံးဆယ်မှာ၊ မှတ်ပါ သေသတည်း။

---

● ဗုဒ္ဓါနုဿတိစသော ၁၀-ပါးမှာ အဘယ့်ကြောင့် အပ္ပနာဘာဝနာ မရပါသနည်း။

**အဖြေ**။ ဘုရားဂုဏ်တော် စသည်တို့သည် ပရမတ္ထဖြစ်သောကြောင့်၎င်း, အလွန် များသောကြောင့်၎င်း, တခုတည်းပင် ဖြစ်သော်လည်း နက်နဲသောကြောင့်၎င်း အပ္ပနာ ဘာဝနာ မရပါ။

ဗုဒ္ဓဂုဏာဒီနံ ပရမတ္ထ ဘာဝတော, အနေကဝိဓတ္တာ, ကေဿပိ ဂမ္ဘီရဘာဝတောစ။ (ဋီ)။

ဗုဒ္ဓဂုဏာဒီနံ၊ ဘုရားဂုဏ်တော် စသည် တို့၏။ ပရမတ္ထ ဘာဝတော၊ ပရမတ္ထတို့၏ အဖြစ်ကြောင့်၎င်း။ အနေကဝိဓတ္တာ၊ များသော အပြားရှိကုန်သည်၏ အဖြစ်ကြောင့်၎င်း။ ကေဿပိ၊ တခုတည်း

၏လည်း။ ဂမ္ဘီရဘာဝတော၁၊ နက်နဲသည်၏ အဖြစ်ကြောင့်ရင်းတည်း။

**ဆောင်။** ဗုဒ္ဓါနုဿတိ၊ စရိုဆယ်ဝ၊ ထိုအရကား၊ ပရမတ္ထ၊ သဘာဝကြောင့်၊ များစွာပြားဘိ၊ တပါး၏လည်း၊ ဂမ္ဘီသဘာဝ၊ ထို့ကြောင့်ပ၊ မရအပ္ပနာ။

ဘာဝနာဘေဒ ပြီး၏။

---

**ဂေါစရဘေဒ**

● "သဗ္ဗထာပိ ယထာရုပံ ပရိယာယေန"၌ အဘယ့်ကြောင့် ပရိယာယ်အားဖြင့် ရအပ်ပါသနည်း။

**အဖြေ။** အချို့သော အာရုံတို့၏ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၏ အဖြစ်ဖြင့် မထင်ရှားသောကြောင့်တည်း။

ကဿစိ အာရမ္မဏဿ အပရိဗျတ္တတာယ။ (ဋီ)။

ကဿစိ၊ အချို့သော။ အာရမ္မဏဿ၊ အာရုံ၏။ အပရိဗျတ္တတာယ၊ နိမိတ်၏ အဖြစ်ဖြင့် မထင်ရှားသည်၏ အဖြစ်ကြောင့်တည်း။

**ဆောင်။** ပရိကမ္မ၊ ဥဂ္ဂဟအား၊ မထင်ရှား၊ မှတ်သားပရိယာယ်။

---

● နိမိတ် ၃-ပါးနှင့် ဘာဝနာ ၃-ပါးကို တွဲစပ်ပြခဲ့ပါ။

**အဖြေ။**

| | | |
|---|---|---|
| ပရိကမ္မနိမိတ် | } | ပရိကမ္မဘာဝနာ |
| ဥဂ္ဂဟ နိမိတ် | | |
| ပဋိဘာဂနိမိတ် | { | ဥပစာရဘာဝနာ |
| | | အပ္ပနာ ဘာဝနာ |

**ဆောင်။** နှစ်တစ်-တစ်-နှစ်၊ တွဲစပ်လစ်၊ စံနှစ်ကျမည်သာ။

● "အဝသေသေသုစ ဒသသု"၌ ဒသအရကိုကောက်ပြခဲ့ပါ။

အဖြေ။ ဗုဒ္ဓါနုဿတိစသော ၈-ပါး၊ သညာ၁၊ ဝဝတ္ထာန်၊ ပေါင်း ၁၀-ပါး။

ဆောင်။ ဗုဒ္ဓါနုဿတိ၊ စဉ်ရှစ်ဖြာ၊ သညာ-ဝဝတ္ထာန်၊ ဤဆယ်တန်၊ မှတ်ရန်ဝသေသ။

ဂေါစရဘေဒပြီး၏။

---

## ဝိသုဒ္ဓိဘေဒ

● အဘယ်ကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ခေါ်ပါသနည်း၊ သင်္ဂဟထောက်၍ ဖြေခဲ့ပါ။

အဖြေ။ အနုလောမဉာဏ်နှင့် တကွဖြစ်သော အထွတ် အထိပ်သို့ရောက်သော သင်္ခါရုပေက္ခာဉာဏ်ကို ဝုဋ္ဌာနဂါမိနီဝိပဿနာခေါ်ပါသည်။

ယာသိခါပတ္တာ၊ သာ သာနုလောမာ သင်္ခါရုပေက္ခာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိစ ပဝုစ္စတိ။ (သင်္ဂဟ)။

ယာ၊ အကြင်သင်္ခါရုပေက္ခာ ဉာဏ်သည်။ သိခါပတ္တာ၊ အထွတ်အထိပ်သို့ရောက်ပြီ။ သာနုလောမာ၊ အနုလောမ ဉာဏ်နှင့်တကွဖြစ်သော။ သာသင်္ခါရုပေက္ခာ၊ ထိုသင်္ခါရုပေက္ခာဉာဏ်ကို။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိစ၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟူ၍လည်း။ ပဝုစ္စတိ၊ ဆိုအပ်၏။

● မဂ်ကိစ္စ ၁၆-ချက်ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ သောတာပတ္တိမဂ်၌ ၁-ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း, ၂-သမုဒယသစ္စာကိုပယ်ခြင်း, ၃-နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, ၄-မဂ္ဂသစ္စာကို ပွားခြင်း ၄-ပါးတည်း။

ကျန်မဂ် ၃-ပါး၌လည်း ထို့အတူ ၄-ပါးစီ ဖြစ်၍ ၄×၄=၁၆-ပါးဖြစ်၏။

**ဆောင်**။ သိ၊ ပယ်၊ မျက်၊ ပွား၊ ဤ ၄-ပါး၊ မှတ်သားမဂ်ကိစ္စ။
၄ ကို ၄ မြှောက်၊ တဆယ့်ခြောက်၊ မှတ်လောက်မဂ်ကိစ္စ။

---

● ပစ္စဝေက္ခဏာဉာဏ် (ပစ္စဝေက္ခဏာဝီထိ) များကို ရေတွက် ဖော်ပြခဲ့ပါ။

**အဖြေ**။ သောတာပန်အတွက် ၁-မဂ်ကို, ၂-ဖိုလ်ကို, ၃-နိဗ္ဗာန်ကို, ၄-ပယ်ပြီးကိလေသာကို, ၅-ကြွင်းကျန်သော ကိလေသာကို ဆင် ခြင် သော ဉာဏ် ၅-ပါး (၅ ဝီထိ)။

ထို့အတူ သကဒါဂါမ် အနာဂါမ် ၅-ပါးစီ၊ ရဟန္တာမှာ ကြွင်းကိလေသာမရှိ၍ ၄-ပါး၊ ပေါင်း ၁၉-ဉာဏ် (၁၉-ဝီထိ)။

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊
ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသေစ၊
ပစ္စဝေက္ခတိဝါ နဝါ။

ဆောင်။ မဂ်, ဖိုလ်, နိဗ္ဗာန်၊ ပယ်, ကြွင်းကျန်၊ ငါးဉာဏ် သော, ဒါ,နှာ။

ရဟန္တာမှု၊ ကြွင်းမရ၊ မှတ်ကြ ၄-ဉာဏ်သာ။

ဝိသုဒ္ဓိဘေဒ ပြီး၏။

---

**သမာပတ္တိဘေဒ**

● အဓိဋ္ဌေယျာဒိကံ ပုဗ္ဗကိစ္စံ ၌ ပုဗ္ဗကိစ္စ သရုပ်ကို ထုတ်ပြခဲ့ပါ။

**အဖြေ။** ကိုယ်နှင့်စပ်နေသော အရာဝတ္ထုမှ တပါးသော သက်န်း ကျောင်းစသည်ကို မီးစသော ရန်သူတို့ မဖျက်ဆီးရန် အဓိဋ္ဌာန်ခြင်း,

သံဃာတော်က မိမိကိုအလိုရှိရာအခါ၌ သမာပတ်မှ ထနိုင်ရန် အဓိဋ္ဌာန်ခြင်း,

မြတ်စွာဘုရားက ခေါ်တော်မူရာ အခါ၌ သမာပတ်မှ ထနိုင်ရန် အဓိဋ္ဌာန်ခြင်း,

အသက် တည်ရာကာလကို ကြည့်ရှုခြင်း ၄-ပါး တည်း။

သမာပတ္တိဘေဒ ပြီး၏။

---

● မဂ်တခုတည်းက တပိုင်နက် ကိစ္စလေးချက်ကို ပြီးစေရာ၌ ဥပမာဆောင်၍ ထင်ရှားအောင်ပြခဲ့ပါ။

## သောတာပန်အပြား

**အဖြေ**။ ဆိမ်းတောက်သည် ၁-မီးစာကိုလောင်ခြင်း, ၂-အမိုက်မှောင်ကိုဖျောက်ခြင်း, ၃- အ လင်း ရောင် ကို ဆောင်ခြင်း, ၄-ဆီကို ကုန်ခန်းစေခြင်းကိစ္စ ၄-ချက်ကို တပြိုင်တည်း ပြီးစေသကဲ့သို့ မဂ်လည်း စိတ္တက္ခဏ တချက်၌ ပရိညာ, ပဟာန, ဘာဝနာ, သစ္ဆိကိရိယ ကိစ္စ ၄-ချက်ကို တပြိုင်တည်းပြီးစေ၏။ (မဋ္ဌု) ။

**ဆောင်။** မီးစာ လောင်ခြင်း၊မိုက်မှောင်ခွင်း၍၊ အလင်း**ကိုဆောင်**၊ **ဆီကုန်အောင်ဟု၊** မီး**တောက်**ပြုသို၊ **တခုမဂ္ဂ၊** စိတ်ခဏ၌၊ **ပဟာန,ပရိညာ၊ ဘာဝနာ,သစ္ဆိ၊** လေးရှိအချက်၊ တပြိုင်နက်၊ ဆက်ဆက်ပြီးစေသည်။

---

● သောတာပန် အပြားကို အမိပ္ပာယ်နှင့်တကွ ဖော်ပြပါ။

**အဖြေ**။ ၁-သတ္တက္ခတ္တုပရမသောတာပန်၊ ကာမဘုံ၌ ၇ကြိမ်သာ ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့ ပုဂ္ဂိုလ်။

၂-ကောလံကောလ သောတာပန်၊ ကာမဘုံ၌ ၂-ကြိမ် ၃-ကြိမ်သာ ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန် ပြုလတ္တံ့ ပုဂ္ဂိုလ်။

၃- ဧကဗီဇီသောတာပန်၊ လူ့ပြည်၌ တကြိမ်သာ ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန် ပြုလတ္တံ့ပုဂ္ဂိုလ်၊ ပေါင်း ၃-ပါးရှိပါသည်။

● "ပစ္စဝေက္ခဏာ စိတ္တာနိ"၌ ပစ္စဝေက္ခဏာ စိတ်အရ ကောက်ပြခဲ့ပါ။

**အဖြေ**။ မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄, မဟာကြိယာ ဉာဏသမ္ပယုတ် ၄, ပေါင်း ၈-ပါး။

**ဆောင်**။ ကုံ, ကြိမှန်၊ ဉာဏသမ်၊ မှတ်ရန် **ပစ္စဝေက်**။

ကံမ္မဋ္ဌာန်းပိုင်း ပြီး၏။

# ပကိဏ္ဏက

● "နိဗ္ဗတ္တိတ ပရမတ္ထ ဘာဝေန" အရ ပညတ်မှ ပရမတ်ကို ထုတ်နှုတ်ပြခဲ့ပါ။

အဖြေ။ ယောကျ်ား မိန်းမဟူသည် ပညတ်တည်း၊ ထို ပညတ်မှ ပရမတ်ကို ထုတ်နှုတ်ယူပါက စိတ်, စေတသိက်, ရုပ်တို့ကိုရ၏၊

---

● နိစ္စပရမတ်, အနိစ္စပရမတ်တို့ကို ဖော်ပြပါ။

အဖြေ။ နိဗ္ဗာန်သည် နိစ္စပရမတ်, စိတ် - စေတသိက် - ရုပ်တို့သည် အနိစ္စပရမတ်။

ဆောင် နိဗ္ဗာန်နိစ္စ၊ ကျန်သ္မျှ၊ အနိစ္စဟုမှတ်။

---

● ဝိညာဉ်သည် တခုတည်းဖြစ်လျက် အဘယ့်ကြောင့် ၅-ပါး ပြားရပါသနည်း။

အဖြေ။ မိုရာဝတ္ထု ၅-ပါးပြားသောကြောင့် ငါးပါးပြားရပါသည်။

ဆောင်။ မှီရာဝတ္ထု၊ ကွဲပြားမှုကြောင့်၊ ငါးခုဝိညာဏ်း ကွဲရပြန်၊ မှတ်ရန် သဘာဝ။

**မှတ်ချက်**။နတ်ကို ဒေဝတာဟု ခေါ်၏။ ပေါက်ပင်၌ မှီသောနတ်ကို ပလာသဒေဝတာ, ညောင်ပင်၌ မှီသောနတ်ကို နိဂြောဓ ဒေဝတာ, သရက်ပင်၌ မှီသောနတ်ကို အမ္ဗဒေဝတာ- စသည်ဖြင့် ခေါ်ရသကဲ့သို့ စက္ခုပသာဒ၌ မှီသောဝိညာဉ် ကို စက္ခုဝိညာဉ်ဟု ခေါ်ရ၏၊မှီရာဌာနက ၅-ခုရှိ၍ မှီတတ် သော ဝိညာဉ်လည်း ၅-ပါးပြားရ၏။

---

● မနောဒွါရာဝဇ္ဇန်း စိတ်ကို ဝုဋ္ဌောဟု ခေါ်ကြရာ အဘယ်အခါမျိုးမှာ ခေါ်နိုင်ကြောင်း သာဓကပြ၍ ဖြေခဲ့ပါ။

**အဖြေ**။ ပဉ္စဒွါရ၌ဖြစ်သောအခါ ခေါ်နိုင်ပါသည်။ (မနော ဒွါရမှာဖြစ်က မခေါ်နိုင်ပါ)။

မနောဒွါရာ ဝဇ္ဇနမေဝ ပဉ္စဒွါရေ ဝေါဋ္ဌဗ္ဗနကိစ္စံ သာဓေတိ။

**ဆောင်**။ပဉ္စဒွါရ၊ ဖြစ်ပါမှ၊ ခေါ်ရဝုဋ္ဌောသာ။
**အမှာ**။ ဆင်ပြောင်ကြီးနှင့် တူသောစိတ်, သဗ္ဗညုတဉာဏ်တော် နှင့် တူသောစိတ်ဆိုက မနောဒွါရာဝဇ္ဇန်းပင်တည်း။

---

● မဟာကုသိုလ်, မဟာဝိပါက်, မဟာကြိယာတို့၌ အဘယ့်ကြောင့် မဟာတပ်ရပါသနည်း။

**အဖြေ**။ အခြားကုသိုလ်, ဝိပါက်, ကြိယာတို့ထက် အရေ အတွက်များသောကြောင့် ဖြစ်ပါသည်။

**ဆောင်**။ပိုများ၍သာ၊ ထိုစိတ်မှာ၊ "မဟာ"တပ်ရသည်။

● ရဟန္တာသန္တာန်မှာသာ ကြိယာစိတ်များ ဖြစ်သည်ဟု ဆိုကြရာ ပုထုဇဉ်သန္တာန်မှာ မရရှိနိုင်တော့ပြီလော။

**အဖြေ**။ အာဝဇ္ဇန်းဒွေးကို ရနိုင်ပါသေးသည်။

**ဆောင်**။ ပုထုဇဉ်မှန်း အာဝဇ္ဇန်း၊ ရထမ်းရှိသည်သာ။

---

● ဈာနဘောဒစိတ်, အာရမ္မဏ ဘေဒစိတ်, မဂ္ဂဘေဒ စိတ်များကို ဖော်ပြပါ။

**အဖြေ**။ ဈာနဘေဒစိတ်ကား ရူပစိတ် ၁၅-ပါး၊
အာရမ္မဏဘေဒစိတ်ကား အရူပစိတ် ၁၂-ပါး။
မဂ္ဂဘေဒ စိတ်ကား လောကုတ္တရာစိတ် ၈-ပါး တည်း။

**ဆောင်**။ ဈာနဘေဒ၊ အရပြ၊ ရူပစိတ်ဆယ့်ငါး။
အာရမ္မဏ၊ ဘေဒပြ၊ အရူပစိတ်များ၊
မဂ္ဂဘေဒ၊ လောကုတ္တ၊ မှတ်ကြစိတ် ၈-ပါး။

---

● "အာရမ္မဏပ္ပဘေဒေန"၌ အာရမ္မဏ အပြားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ၁-ကောင်းကင်ပညတ် အာရုံ,
၂-ပဌမာရုပ္ပ ဝိညာဉ်အာရုံ,
၃-နတ္ထိဘော ပညတ်အာရုံ,
၄-တတိယာရုပ္ပ ဝိညာဉ်အာရုံ၊
ပေါင်း ၄-ပါးတည်း။

**ဆောင်**။ ကောင်းကင်ပညတ်၊ [၁] တရစ်ပဌမာ၊ [၂] တဖြာနတ္ထိ၊ [၃] တတိယာရုပ္ပ၊ ဝိညာဏ၊ [၄] လေးဝအာရုံပြား။

● ရူပဈာန် ၅-ပါး၏ ပဟာန်္ဂ, သမ္ပယောဂင်္ဂများကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အောက်ပါအတိုင်း ဖြစ်ပါသည်။

| ဈာန်စိတ် | ပဟာနင်္ဂ | သမ္ပယောဂင်္ဂ |
|---|---|---|
| ပ ဈာန် | နီဝရဏ | ဝိတက္ကာဒိ ပဉ္စက |
| ဒု-ဈာန် | ဝိတက် | ဝိစာရာဒိစတုက္က |
| တ-ဈာန် | ဝိစာရ | ပီတာဒိ တိက |
| စ-ဈာန် | ပီတိ | သုခါဒိ ဒုက |
| မ-ဈာန် | သုခ | ဥပေက္ခာဒိ ဒုက |

**ဆောင်**။ ပ-နီ, တက်-ဒု၊ တ-ဝိရှု၊ စမှုပီတိသာ။
မ-မှာသုခ၊ ပဟာန၊ အင်္ဂသရုပ်ပါ။

---

● ရူပစိတ်ကို အသျှင်အနုရုဒ္ဓါသည် ပဥ္စကနည်းဖြင့် ရေးသားထားရာ စတုက္ကနည်းအားဖြင့် ရေးပြခဲ့ပါ။

**အဖြေ**။ ဝိတက္ကဝိစာရပီတိ သုခေကဂ္ဂတာသဟိတံ ပဌမဈာန ကုသလစိတ္တံ၊
ပီတိသုခေကဂ္ဂတာသဟိတံ ဒုတိယဈာန ကုသလ စိတ္တံ၊
သုခေကဂ္ဂတာ သဟိတံ တတိယဈာန ကုသလ စိတ္တံ၊
ဥပေက္ခေကဂ္ဂတာသဟိတံ စတုတ္ထဈာန ကုသလ စိတ္တဉ္စေတိ၊

ဣမာနိ စတ္တာရိပိ ရူပါဝစရ ကုသလစိတ္တာနိနာမ။
(ဝိပါက်ႇ ကြိယာ သိလောက်ပြီ)။

---

● အရူပစိတ် ၄-ပါးသည် ဈာန်အင်္ဂါချင်း တူနေကြသောကြောင့် အထူးကို အဘယ်ကဲ့သို့ မှတ်ရပါမည်နည်း။

**အဖြေ**။ အောက်အောက်စိတ်ထက် အထက်အထက် စိတ်က မြတ်ပါသည်။

သုပ္ပဏီတတရာ ဟောန္တိ၊
ပစ္ဆိမာ ပစ္ဆိမာ ဣဓ။
ဥပမာ တတ္ထ ဝိညေယျာ၊
ပါသာဒတလသာဋိကာ။

ဣဓ၊ ဤအရူပစိတ် ၄-ခုတို့တွင်။ ပစ္ဆိမာ ပစ္ဆိမာ၊ နောက်နောက်စိတ်တို့သည်။ သုပ္ပဏီတတရာ၊ အထူးသဖြင့် မြတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုသို့ မြတ်ရာ၌။ ပါသာဒတလ သာဋိကာ၊ ၄-ထပ်ပြာသာဒ်, ပုဆိုး ၄-ထည်ဟူသော။ ဥပမာ၊ ဥပမာကို။ ဝိညေယျာ၊ သိအပ်ပြီ။

---

● စက္ခုဝိညာဉ်စသော ၅-ပါးတို့၏ ဖြစ်ကြောင်းတို့ကို သေချာကျနစွာ ဖော်ပြခဲ့ပါ။

**အဖြေ**။ အောက်ပါအတိုင်း ဖြစ်ပါသည်။

စက္ခုဝိညာဉ် အာလောက မနသိကာရ ရူပါ၌ စက္ခုပသာဒ၊

သောတဝိညာဉ် အာကာသ ဓာတ် မနသိကာရ သဒ္ဒါရုံ သောတပသာဒ၊
ဃာနဝိညာဉ် ဝါယောဓာတ် မနသိကာရ ဂန္ဓာရုံ ဃာနပသာဒ၊
ဇိဝှာဝိညာဉ် အာပေါဓာတ် မနသိကာရ ရသာရုံ ဇိဝှာပသာဒ၊
ကာယဝိညာဉ် ပထဝီဓာတ် မနသိကာရ ဖောဋ္ဌဗ္ဗာရုံ ကာယပသာဒ။

**ဆောင်။** လင်းအာကာ ဝါယောနှင့်၊ အာပေါတဲ့ပထဝီ၊ ငါးခုစဉ်ညီ။ ။မနသိ၊ ငါးလီမှာ ယှဉ်တွဲ။ ။ငါးအာရုံ၊ ပသာစုံ ယှဉ်ကာဟပ်တယ်၊ မှတ်တော့မလွဲ။

---

● ၁-အနိယတ ယောဂီသာဖြစ်၍ ဝိသေသက မဖြစ်သော စေတသိက်, ၂-ဝိသေသကသာဖြစ်၍ အနိယတ ယောဂီ မဖြစ်သော စေတသိက်, ၃-နှစ်ပါးစုံ ဖြစ်သော စေတသိက်, ၄-နှစ်ပါးစုံ မဖြစ်သော စေတသိက်များကို တိကျစွာ ဖော်ပြခဲ့ပါ။

**အဖြေ။** အောက်ပါအတိုင်း ဖြစ်ပါသည်။

| | |
|---|---|
| ၁-ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, မာန | ၆-ပါး |
| ၂-ဝိတက်,ဝိစာ, ပီတိ, ဝေဒနာ, ပညာ | ၅-ပါး |
| ၃-ဝိရတီ, အပ္ပမညာ | ၅-ပါး |
| ၄-ကျန်စေတသိက် | ၃၆-ပါး |

---

● ၁-အပ္ပမညာသာယှဉ်၍ ဝိရတီမယှဉ်သော စိတ်, ၂-ဝိရတီသာယှဉ်၍ အပ္ပမညာ မယှဉ်သောစိတ်,

၃-နှစ်ပါးစုံ ယှဉ်သောစိတ်, ၄-နှစ်ပါးစုံမယှဉ်သော စိတ်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁-မဟာကြိယာ ၈-ခု, မဟဂ္ဂုတ်စိတ် ၂၇=၃၅၊
၂-လောကုတ္တရာစိတ် ၈၊
၃-မဟာကုသိုလ်စိတ် ၈၊
၄-ကျန်စိတ်

---

● ၁-သမ္ပယောဂနည်း ၁၆-ပါး, ၂-သင်္ဂဟနည်း ၃၃ ပါးတို့ကို ရေတွက်ပြခဲ့ပါ။

**အဖြေ**။ ၁-အညသမာန်း ၇, အကုသိုလ် ၅, သောဘန ၄, ပေါင်း ၁၆-ပါး။

၂-လောကုတ္တရာ စိတ်၌ ၅, မဟဂ္ဂုတ်စိတ်၌ ၅, ကာမသောဘနစိတ်၌ ၁၂, အကုသိုလ်စိတ်၌ ၇, အဟိတ်စိတ်၌ ၄၊ ပေါင်း ၃၃-ပါး။

---

● အဘယ့်ကြောင့် အညသမာန်း စေတသိက်ကို ရှေးဦးစွာ ဆိုရပါသနည်း။

**အဖြေ**။ သောဘနစိတ်, အသောဘနစိတ် ၂-ခုလုံးမှာ ယှဉ် သောကြောင့် ဖြစ်ပါသည်။ (သင်)။

ဆောင်။ သော, အသောမှာ၊ ယှဉ်၍သာ၊ ဦးစွာ သမာန်းဆို။
**မှတ်ချက်**။ သင်-သခင်္ဂပဋိကာကျမ်း။

● အညသမာန်းစေတသိက်တွင် သဗ္ဗစိတ္တ သာဓာရဏ စေတသိက်ကို အဘယ့်ကြောင့် ရှေ့ထားဆိုပါ သနည်း။

**အဖြေ**။ စိတ်အားလုံးနှင့်ယှဉ်၍ အရာကျယ်သောကြောင့် ရှေ့ ထားဆိုပါသည်။ (အင်)။

**ဆောင်**။ စိတ်အားလုံးမှာ၊ ယှဉ်၍သာ၊ ဦးစွာသဗ္ဗဆို။

---

● "သဒ္ဒါ-ယုံကြည်ခြင်း"ဟု ဆိုရာ မည်သည့်အရာကို ယုံကြည်ခြင်းပါနည်း။

**အဖြေ**။ ရတနာ ၃-ပါး, ကံ, ကံ၏အကျိုး ဤ ၅-မျိုးမှာ ယုံကြည်ခြင်းသာ သဒ္ဒါအစစ် ဖြစ်ပါသည်။

**ဆောင်**။ ရတနာသုံးတန်၊ ကံနှင့်ကံအကျိုး၊ ဤငါးမျိုးမှာ၊ ယုံကြည် ထာ၊ သဒ္ဒါအစစ်တည်း။

**အမှာ**။ ပူရဏကဿပ အစရှိသော တိတ္ထိဆရာကြီးများကို သူ့ တပည့်များက ယုံကြည်ခြင်း စသည်ကား သဒ္ဒါအတုသာ၊ (ဝါ) အကုသိုလ်မှာ ယှဉ်သော အဓိမောက္ခစေတသိက် သာတည်း။

---

● စေတသိက်လက္ခဏာ ၄-ပါးလုံး မရနိုင်သောဘုံ ရှိပါက အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ။

**အဖြေ**။ အရူပဘုံမှာ ဝတ္ထုရုပ် ၆-ပါးလုံး မရှိသောကြောင့် ဧကဝတ္ထုက လက္ခဏာ ၁-ခု မရနိုင်ပါ၊ ကျန် ၃-ပါးသာ ရပါသည်၊ (ကာမဘုံ ရူပဘုံမှာ ၄-ပါးလုံး ရနိုင်သည်။)

**ဆောင်**။ ဝတ္ထုမရ၊ အရူပ၊ ဧကဝတ္ထုကြဉ်။

● "မင်းပြောတဲ့စကားကို ငါယုံပါတယ်" ဟု ပြောရာ၌ "ယုံ" ဟူသောစကားကို ပရမတ္ထအရ စိစစ်ပြပါ။

အဖြေ။ "ယုံ" ဟူသော စကားသည် သဒ္ဓါ စေတသိက် မဟုတ်ပါ၊ အဓိမောက္ခစေတသိက် ဖြစ်ပါသည်။

ဆောင်။ စကားယုံရာ၊ မိမောက်သာ၊ သဒ္ဓါမဖြစ်မှတ်။

---

● လောကီဝိရတိ, လောကုတ္တရာ ဝိရတိတို့၏ အာရုံနှင့် ရှောင်ကြဉ်အပ်သော တရားများကို ဖော်ပြခဲ့ပါ။

အဖြေ။ လောကီဝိရတိသည် ဇီဝိတိန္ဒြေ သတ္တဝါ သင်္ခါရတို့ကို အာရုံပြု၍, ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှရှောင်ကြဉ်ပါသည်၊ လောကုတ္တရာဝိရတိသည် နိဗ္ဗာန်ကို အာရုံပြု၍ ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ပါသည်။

ဆောင်။ ဇီ, သတ်, သင်္ခါ၊ အာရုံသာ၊ မှတ်ပါလောကီဝိ၊
နိဗ္ဗာန်ကိုထုတ်၊ အာရုံလုပ်၊ လောကုတ်ဝိရတိ။
ဝစီ, ကာယ၊ စရိုက်မှ၊ ရှောင်က ဝိရတိ။

---

● ဒွေပဉ္စဝိညာဉ် ၁၀, ဝိစိကိစ္ဆာ သဟဂုတ် စိတ်တို့၌ အဘယ့်ကြောင့် အဓိမောက္ခ မယှဉ်ပါသနည်း။

အဖြေ။ ဒွေပဝိညာဉ် ၁၀-သည် အာရုံကို မဆုံးဖြတ်နိုင်သောကြောင့် ဝိစိကိစ္ဆာသည် အဓိမောက္ခ၏ ဆန့်ကျင် ဘက်ဖြစ်သောကြောင့် မယှဉ်ပါ(သင်)။

ဆောင်။ ဒွေပဉ္စမှာ၊ အားနည်းပါ၍၊ အာရုံရပ်ရပ်၊ မဆုံးဖြတ်နိုင်၊တရပ်ဝိစိ၊မိနှင့်ဆန့်ကျင်၊ထိုစိတ်ဘွင်၊မယှဉ်မိမောက္ခ

● ပဉ္စဒွါရာဝဇ္ဇန်း, ဒွေပဉ္စဝိညာဉ် ၁၀- သမ္ပဋိစ္ဆိုန်း သန္တီရဏတို့၌ အဘယ့်ကြောင့် ဝီရိယ မယှဉ်ပါ သနည်း။

**အဖြေ**။ ၎င်းစိတ်တို့၌ ဗိုလ်မရှိသောကြောင့် မယှဉ်ပါ။

**ဆောင်**။ ပဉ္စဒွါရ၊ ဒွေပဉ္စနှင့်၊ သမ္ပ, သန္တီ၊ ဗိုလ်မရှိ၍၊ ဝီရိယမှတ်၊ မယှဉ်တတ်၊ ကြပ်ကြပ် သတိပြု။

---

● ဒေါသမူဒွေ, ဒုက္ခသဟဂုတ်စိတ်, ဥပက္ခာသဟဂုတ် စိတ်တို့၌ အဘယ့်ကြောင့် ပီတိမယှဉ်ပါတနည်း။

**အဖြေ**။ ပီတိကား- နှစ်သက်ခြင်း သဘော, ဒေါသကား- ကြမ်းတမ်းခြင်း သဘော' ဒုက္ခကား-ဆင်းရဲခြင်း သဘော,ဤသို့သဘောချင်းဆန့်ကျင်ခသောကြောင့် ဒေါသမူဒွေ, ဒုက္ခသဟဂုတ်တို့၌ ပီတိမယှဉ်၊ ပီတိ သည် သောမနဿနှင့် အမြဲ ယှဉ်သောကြောင့် ဥပက္ခောမှာမယှဉ်(သင်)။

---

● သုခသဟဂုတ်, စတုတ္ထစျာန်ကို၌ အဘယ့်ကြောင့် ပီတိမယှဉ်ပါသနည်း။

**အဖြေ**။ သုခသဟဂုတ်ကား ကာယိကသုခဖြစ်၍ ပီတိကား စေတသိက သုခ ဖြစ်သောကြောင့် စတုတ္ထစျာန် ကား ဘာဝနာ၏ အစွမ်းဖြင့် ပီတိကို ပယ်ထား သောကြောင့် မယှဉ်ပါ(**သင်**)။

**ဆောင်**။ သုခသဟ၊ ကာယိကထည့်၊ သုခစေတသိ၊ မြတ်ပီတိမို့၊ ထိုသည့်စိတ်မှာ၊ ကြဉ်ရပါ၊ မှတ်ပါပီတိကို။

● အဟိတ်စိတ် မောဟမူစိတ်တို့၌ အဘယ့်ကြောင့် ဆန္ဒ မယှဉ်ပါသနည်း။

အဖြေ။ ဆန္ဒကား အလိုရှိခြင်းသဘောဖြစ်၍ အဟိတ်စိတ် မောဟမူစိတ်တို့ကား အလိုရှိခြင်း သဘောမှ ကင်းသောကြောင့် မယှဉ်ပါ။ (သင်)။

ဆောင်။ လိုရှိဆန္ဒ၊ မောဟ,အဟိတ်၊ အလိုဆိတ်၊ ထိုစိတ်ဆန္ဒ ကြဉ်။

---

● ဒွေပဥ္စဝိညာဉ် ၁၀-မှာ အဘယ့်ကြောင့် ပကိဏ်း စေတသိက်များ မယှဉ်ပါသနည်း။

အဖြေ။ စိတ်တခု ယုတ် ၉၀-တွင် ဒွေပဥ္စဝိညာဉ် ၁၀-မှာ အားအနည်းဆုံးဖြစ်သောကြောင့်မယှဉ်ပါ (**ဒီပနီ**)။

ဆောင်။ အားအနည်းဆုံး၊ ဖြစ်သည့်သုံး၊ ကြဉ်အုံးပကိဏ်းကို။

**အမှာ**။ ဤအဖြေကိုထောက်၍ စိတ်တခု ယုတ် ၉၀-တွင် အား အနည်းဆုံးစိတ်များကို ထုတ်ပြပါဆိုက ဖြေတတ်ပါစေ။

---

● ဒေါသမူ, မောဟမူစိတ်တို့၌ အဘယ့်ကြောင့် လောဘ မယှဉ်ပါသနည်း။

အဖြေ။ ဒေါသမူ မောဟမူစိတ်တို့မှာ တပ်နှစ်သက်ခြင်း မရှိသောကြောင့် မယှဉ်ပါ။ (သင်)။

---

● အဘယ့်ကြောင့် ဝိစိကိစ္ဆာသည် အခြားစိတ်တို့၌ မယှဉ်ပဲ ဝိစိကိစ္ဆာသဟဂုတ်မှာသာ ယှဉ်ရပါသနည်း။

**အဖြေ**။ ဝိစိကိစ္ဆာသည် ယုံမှားခြင်းသဘော ရှိသောကြောင့် ဖြစ်ပါသည်။ (သင်)။

**ဆောင်**။ ဝိစိကိစ္ဆာ၊ ယုံမှားတာကြောင့်၊ ယှဉ်ချုံ့စိတ်သိ၊ ရှာဖွေကြည့်၊ ဝိစိသဟဂုတ်။

---

● "ကေူနဝီသဋ္ဌာရသ၊ ဝီသေကဝီသ ဝီသတိ။
ဒွါဝီသ ပန္နရသေတိ၊ သတ္တဓာ ကုသလေဒွိတာ"
၌ စိတ်နှင့် သင်္ချာတို့ကို တွဲစပ်ပြနဲ့ပါ။

**အဖြေ**။ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | |
|---|---|
| ပ-ဒု-အသင်္ခါရိကစိတ် | ကေူနဝီသ၊ |
| တ-စ-အသင်္ခါရိကစိတ် | အဋ္ဌာရသ၊ |
| ပဉ္စမ အသင်္ခါရိကစိတ် | ဝီသ၊ |
| ပ-ဒု-သသင်္ခါရိကစိတ် | ကေဝီသ၊ |
| တ-စ-သသင်္ခါရိကစိတ် | ဝီသတိ၊ |
| ပဉ္စမ သသင်္ခါရိကစိတ် | ဒွါဝီသ၊ |
| မောဟမူဒွေ | ပန္နရသ။ |

---

● "ဖဿသည် စိတ်တခုယုတ် ၉၀-မှာ ယှဉ်၏" ၌ "ယှဉ်"ဟူသော စကား၏ အဓိပ္ပာယ်ကို ဖော်ပြပါ။

**အဖြေ**။ အတူဖြစ်ခြင်း, အတူချုပ်ခြင်း, အာရုံတူခြင်း, မှီရာတူခြင်းကိုပင် ယှဉ်သည်ဟု ခေါ်ပါသည်။

**ဆောင်**။ ဖြစ်တူ၊ ချုပ်တူ၊ အာရုံတူ၊ မှီတူ"ယှဉ်"ဟုခေါ်။

**အမှာ**။ စိတ်နှင့် စေတသိက်သာ ယှဉ်ကြသည်မဟုတ်၊ စေတသိက်ခြင်းလည်း ယှဉ်ကြသည်သာ၊ ယှဉ်ပုံမှာ ဖဿသည် စိတ် ၈၉-ပါးမှာယှဉ်၏။ ထိုစိတ် ၈၉-ပါးမှာ စေတသိက် ၅၂-ပါးလုံးယှဉ်၏၊ ထို ၅၂-ပါးတွင်ဖဿကြဉ် ကျန်စေတသိယ် ၅၁-နှင့် ဖဿသည် ယှဉ်၏၊ ဝိစိကိစ္ဆာ စေတသိက်သည် ဝိစိကိစ္ဆာသဟဂုတ်စိတ်မှာ ယှဉ်၏၊ ထိုဝိစိကိစ္ဆာသဟဂုတ်မှာ စေတသိက်၁၅-ပါးယှဉ်၏။သို၁၅-ပါးတွင် ဝိစိကိစ္ဆာကြဉ် ကျန်စေတသိက် ၁၄-ပါးနှင့် ဝိစိကိစ္ဆာသည်ယှဉ်၏၊ နည်းတူ အခြားစေတသိက်များကိုလည်း စိစစ်ကြည့်ပါ။

---

● ပကိဏ်းပိုင်းလာ သင်္ဂဟ ၆-ပါးတွင် ၁-စိတ်အကုန်လုံးရသော သင်္ဂဟ, ၂-မရသော သင်္ဂဟတို့ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ၁-ဝေဒနာသင်္ဂဟ, ကိစ္စသင်္ဂဟ အာရမ္မဏ သင်္ဂဟ ၃-ပါး၊

၂-ဟေတုသင်္ဂဟ, ဒွါရသင်္ဂဟ, ဝတ္ထုသင်္ဂဟ ၃-ပါး။

**ဆောင်**။ ဝေ, ကိစ်,အာမှာ၊ စိတ်ကုန်ပါ၊ ကုန်မှာမကုန်မှတ်။

---

● အသညသတ် ဘုံမှ စုတေ၍ ကာမဘုံမှာ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်၏ ပဋိသန္ဓေစိတ်သည် အဘယ်ကို အာရုံပြုပါသနည်း။

**အဖြေ**။ အသညသတ်ဘုံ မရောက်ခင် ဘဝက ပြုခဲ့သော ဥပစာရဘာဝနာ၏ အစွမ်းသတ္တိကြောင့် ထင်လာသော ကမ္မနိမိတ် အာရုံကို အာရုံပြုပါသည်။ (ဋီ)။

ဆောင်။ အသညာဘုံ၊ စုတေတုံ၌၊ ကာဘုံချောက်နေ ဋ္ဌိသန္ဓေကား၊ မှတ်လေသညာတ်၊ ဘုံမကပ်ခင်၊ သဝဘွင်၌၊ ထင်လာကမ္မ၊ နိမိတ္တ၊ ပြုရအာရုံမှာဘ်။

---

● ကေဟိတ်စိတ် ရှိသကဲ့သို့ ကေဟိတ်ပုဂ္ဂိုလ်ရှိမရှိကို အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

**အဖြေ**။ မရှိပါ၊ အကြောင်းကား.... ကေဟိတ် စိတ်သည် ပဋိသန္ဓေကိစ္စ မတပ်သောကြောင့်တည်း။

**ဆောင်**။ ကေဟိတ်စိတ်မှာ၊ မတပ်ပါ၊ ကိစ္စာဋိသန္ဓေ။ ကေဟိတ်ပုဂ္ဂိုလ်၊ မရှိလို ဟိုပင်အကြောင်းပေ။

---

● ဇောစိတ်လည်း စိတ္တက္ခဏ ၃-ချက်ပင် ရှိပါလျက် အဘယ့်ကြောင့် လျင်မြန်သည်ဟု ဆိုရပါသနည်း။

**အဖြေ**။ ထပ်ကာ ထပ်ကာ ဖြစ်သောကြောင့် လျင်မြန်သည်ဟု ဆိုရပါသည်။

**အမှာ**။ ထပ်ကာ ထပ်ကာ ဖြစ်သည့်ကိုပင် လျင်မြန်သည်ဟု ဆိုသည်။
**ဆောင်**။ ထပ်ကာဖန်ဖန်၊ ဖြစ်သည်မှန်၊ လျင်မြန်ဇဝန။

---

● ၁-မနောဒွါရမှာသာ ဖြစ်သောစိတ်, ၂-ပဉ္စဒွါရမှာသာ ဖြစ်သောစိတ်’ ၃-နှစ်ပါးစုံမှာ ဖြစ်သောစိတ်, ၄-နှစ်ပါးစုံမှာ မဖြစ်သောစိတ်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အောက်ပါအတိုင်းဖြစ်ပါသည်။

၁-အပ္ပနာဇော ဆဗ္ဗီသ ၂၆-ပါး၊
၂-ဒွေပဉ္စဝိ ၁၀,မနောဓာတ် ၃, ၁၃-ပါး၊
၃-မနောဒွါရာဝဇ္ဇန်း, ကာမဇော ၂၉,
တဒါရုံ ၁၁၊ ပေါင်း ၄၁-ပါး။
၄-မဟဂ္ဂုတ်ဝိပါက် ၉-ပါး။

**အမှာ**။ တခုစီခွဲမေးကလည်း ဖြေတတ်ပါစေ။

---

● အဘယ့်ကြောင့် အပ္ပနာဇော ဆဗ္ဗီသသည် ပဉ္စဒွါရ မှာ မဖြစ်ရပါသနည်း။

**အဖြေ**။ ပဉ္စာရုံကို အာရုံမပြုသောကြောင့် မဖြစ်ပါ။ (သင်)။

**ဆောင်**။ အပ္ပနာဇောန၊ မဖြစ်ကြ၊ ပဉ္စဒွါရမှာ။
ပဉ္စာရုံဟု၊ အာရုံစု၊ မပြုအကြောင်းပါ။

---

● အဘယ့်ကြောင့် ဒွေပဉ္စ ဝိညာဉ် ၁၀, မနောဓာတ် ၃-ခုတို့သည် မနောဒွါရမှာ မဖြစ်ပါသနည်း။

**အဖြေ**။ ပဉ္စာရုံကိုသာ အာရုံပြုသောကြောင့် မဖြစ်ပါ။ **(သင်)**။

**ဆောင်**။ ဒွေပဉ္စမှတ်၊ မနောဓာတ်၊ ကြဉ်လတ်မနောဒွါ၊
ပဉ္စာရုံစု၊ အာရုံပြု၊ မှတ်ရှုအကြောင်းပါ၊

---

● "တဉ္စ ပစ္စုပ္ပန္နံ၊ တာနိ စ ပစ္စုပ္ပန္နာနိ ယေဝ" ဟု ဆိုသောကြောင့် ပဉ္စာရုံကို ပစ္စုပ္ပန်အာရုံ တမျိုးတည်းသာဟု မှတ်ယူရမည်လော။

**အဖြေ**။ မယှဉ်ရပါ၊ ပစ္စုပ္ပန်, အတိတ်, အနာဂတ် သုံးပါးလုံး ဖြစ်ပါသည်။

**အမှာ**။ ပစ္စုပ္ပန် ပဉ္စာရုံ၊ အတိတ်ပဉ္စာရုံ၊ အနာဂတ်ပဉ္စာရုံ သုံးမျိုးတွင် ပဉ္စဒွါရိက စိတ်တို့အား ပစ္စုပ္ပန်ပဉ္စာရုံကိုသာ အာရုံပြုသည်ဟု ပြလိုသောကြောင့် ''တဉ္စ ပစ္စုပ္ပန္နံ' တာနိစ ပစ္စုပ္ပန္နာနိယေဝ''ဟုဆိုသည်။

---

● ဌာန ၂၅-ပါးကို သရုပ်အားဖြင့် ထုတ်ပြခဲ့ပါ။

**အဖြေ**။ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | | | | | |
|---|---|---|---|---|---|---|
| ၁။ | စုတိ | နှင့် | ဘဝင် | အကြား | ၁-ဌာန | (စု-ပ) |
| ၂။ | ပဋိသန္ဓေ | ။ | အာဝဇ္ဇန်း | ။ | ။ | (ပ-အာ) |
| ၃။ | တဒါရုံ | ။ | ။ | ။ | ။ | (တ အာ) |
| ၄။ | ဇော | ။ | ။ | ။ | ။ | (ဇ-အာ) |
| ၅။ | ဝုဋ္ဌော | ။ | ။ | ။ | ။ | (ဝေါ-အာ) |
| ၆။ | တဒါရုံ | ။ | ပဋိသန္ဓေ | ။ | ။ | (တ-ပ) |
| ၇။ | ဇော | ။ | ။ | ။ | ။ | (ဇ-ပ) |
| ၈။ | ဘဝင် | ။ | ပဉ္စဝိညာဉ် | ။ | ။ | (ဘ-ဝိ) |
| ၉။ | ဘဝင် | ။ | ဇော | ။ | ။ | (ဘ-ဇ) |
| ၁၀။ | အာဝဇ္ဇန်း | ။ | သမ္ပဋိစ္ဆိုန်း | ။ | ။ | (အာ-သံ) |
| ၁၁။ | ပဉ္စဝိညာဉ် | ။ | သန္တီရဏ | ။ | ။ | (ဝိ-တီ) |
| ၁၂။ | သမ္ပဋိစ္ဆိုန်း | ။ | ဝုဋ္ဌော | ။ | ။ | (သံ-ဝေါ) |
| ၁၃။ | သန္တီရဏ | ။ | ဇော | ။ | ။ | (တီ-ဇ) |
| ၁၄။ | ။ | ။ | ဘဝင် | ။ | ။ | (တီ-ဘ) |
| ၁၅။ | ဝုဋ္ဌော | ။ | တဒါရုံ | ။ | ။ | (ဝေါ-တ) |

| | | | | |
|---|---|---|---|---|
| ၁၆။ ဝုဋ္ဌော | နှင့် | ဘဝင် | အကြား ၁-ဌာန | (ဝေါ-ဘ) |
| ၁၇။ ။ | ။ | စုတိ | ။ ။ | (ဝေါ-စု) |
| ၁၈။ အာဝဇ္ဇန်း။ | | တဒါရုံ | ။ ။ | (အာ-တ) |
| ၁၉။ ။ | ။ | ဘဝင် | ။ ။ | (အာ-ဘ) |
| ၂၀။ ။ | ။ | စုတိ | ။ ။ | (အာ-စု) |
| ၂၁။ ဇော | ။ | ဘဝင် | ။ ။ | (ဇ-ဘ) |
| ၂၂။ ။ | ။ | စုတိ | ။ ။ | (ဇ-စု) |
| ၂၃။ တဒါရုံ | ။ | ပဋိသန္ဓေ။ | ။ | (တ-ပ) |
| ၂၄။ ဇော | ။ | ။ | ။ ။ | (ဇ-ပ) |
| ၂၅။ ဘဝင် | ။ | ။ | ။ ။ | (ဘ-ပ) |

**အမှာ။** ၁-ကား ပဋိသန္ဓေဌာန ၁ ပါး၊ ၂ မှ ၇ ထိ ဘဝင်ဌာန ၆-ပါး၊ ၈ နှင့် ၉ ကား အာဝဇ္ဇန်းဌာန ၂-ပါး၊ ၁၀ကား ပဉ္စဝိညာဏဌာန ၁-ပါး၊ ၁၁ကား သမ္ပဋိစ္ဆိုန်းဌာန ၁-ပါး၊ ၁၂ ကား သန္တီရဏဌာန ၁-ပါး၊ ၁၃,၁၄ ကား ဝုဋ္ဌောဌာန ၂-ပါး၊ ၁၅ မှ ၂၀ ထိကား ဇောဌာန ၆-ပါး ၂၁ နှင့် ၂၂ ကား တဒါရုံဌာန ၂ ပါး၊ ကျန် ၃ ခု ကား စုတိဌာန ၃-ပါး၊ အစိုးရမေးခွန်းမှာကား ''စုတိဌာန ၃-ပါးကို ထုတ်ပြခဲ့ပါ'' စသည်ဖြင့် မေးလိမ့်မည်၊ ဖြေနိုင်အောင် ကြိုးစားထားပါ၊ (ဋီကာကျော် ပါဠိ နည်းလွန်း၍ မရေးတော့ပြီ)။

---

အောက်ပါ ဆောင်ပုဒ်၏ အဓိပ္ပာယ်ကို ဖော်ပြခဲ့ပါ။

ဆောင်။ တကိစ္စဖြစ်, ဆယ့်ခုနစ်ဘည်း၊ လေးဖြစ် နှစ်ပါး၊ ငါးဧကဝီ၊ ခြောက်လီမှာဘစ်၊ ခွန်လည်းတစ်ပင်၊ ကိုးဖြစ်ကားတေး၊ ဆယ့်လေးခွန်ရပ်၊ ကိစ္စတပ်သည်၊ ပေါင်းအပ်ဒွိပညာသတည်း။

**အဖြေ**။ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ တကိစ္စဖြစ်, ဆယ့်ခုနစ်တည်း = အကုသိုလ်စေတသိက် ၁၄, ဝိရတိ ၃, ပေါင်း ၁၇-ပါးသည် ဇောကိစ္စသာ တပ်၏။

၂။ လေးဖြစ်နှစ်ပါး = အပ္ပမညာ ၂-ပါးသည် ပဋိသန္ဓေ, ဘဝင်, စုတိ, ဇော, ၄-ကိစ္စတပ်၏။

၃။ ငါးကေဝီ=သောဘန သာဓာရဏ စေတသိက် ၂၀, ဆန္ဒ ၁, ပေါင်း ၂၁-ပါးသည် ပ,ဘ,စု, ဇော, တဒါရုံ ၅-ကိစ္စတပ်၏။

၄။ ခြောက်လီမှာဘစ်—ပီတိသည် ပဋိသန္ဓေ, ဘဝင်, စုတိ, သန္တီရဏ,ဇဝန,တဒါရုံ ၆-ကိစ္စ တပ်၏

၅။ ခွန်လည်းတစ်ပင်....ဝီရိယသည် ပဋိသန္ဓေ,ဘဝင်, စုတိ, အာဝဇ္ဇန်း, ဝုဋ္ဌော, ဇော, တဒါရုံ ၇-ကိစ္စတပ်၏။

၆။ ကိုးဖြစ်ကားတေး....ဝိတက်, ဝိစာရ, အဓိမောက္ခ ၃-ပါးသည် ပဉ္စဝိညာဉ် ကိစ္စကြဉ် ကျန် ၉-ကိစ္စ တပ်၏။

၇။ ဆယ့်လေးခွန်ရပ်....သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးသည် ၁၄-ကိစ္စလုံးတပ်၏။

---

● အောက်ပါဆောင်ပုဒ်၏ အဓိပ္ပာယ်ကို ဖော်ပြပါ။

**ဆောင်**။ ^၁^ရုံခါမှိုမှု၊ ဆဝတ္ထုကြ၊ ခုနစ်ဝတည်း၊ ^၂^ ဟဒယစွဲ၊ မှီမြဲလေးဖြာ၊ ^၃^ ရုံခါမှီလစ်၊ လေးဆယ့်တစ်၊ စိစစ်ခွေးပညာ။

**အဖြေ**။ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ - ပါးသည် ဆဝတ္ထုကိုမှီ၏။

၂ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၄-ပါးသည် ဟဒယဝတ္ထုကို အမြဲမှီ၏။

၃ ကျန်စေတသိက် ၄၁-ပါးသည် ဟဒယဝတ္ထုကို ရံခါမှီ၏။

အမှာ။ သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ပါးသည် ဆဝတ္ထုကို မှီသည်ဟု ဆိုသော်လည်း ကာမဘုံမှာသာ မှီသည်၊ ရူပဘုံ၌ ဝတ္ထု ၃-ပါးသာရှိ၍ ၃-ပါးသာမှီသည်၊ အရူပဘုံ၌ ဝတ္ထု ရုပ်မရှိ၍မမှီ၊ ကျန်စေတသိက် ၄၁-ပါးသည် ကာမဘုံ ရူပဘုံတို့၌ ဟဒယဝတ္ထုကိုမှီ၍ အရူပဘုံ၌မမှီ၊ ဒေါသ, ဣဿာ မစ္ဆရိယ,ကုက္ကုစ္စကား အရူပဘုံမှာမဖြစ်၍ စိစစ်ဖွယ်မလို။

---

● အောက်ပါ **ကောန်လက်ာ** ၏ အဓိပ္ပါယ်ကိုရေးပါ။

ဆောင်။ ပဋ္ဌိကာမ၊ ဆမဟာဋ္ဌါ၊ ရှစ်ဖြာနိဗ္ဗာန်၊ နာမ်တဆယ့်လေး၊ တေဒုသရုပ်၊ ပစ္စုပ်ဟိုတူ၊ တိတ်မူဆမှာ၊ နာဂတ်မရှိ၊ ဝိမုတ်နှစ်ဆယ့်ကိုး ရှေးရိုးကျမ်းညီ၊ ကောန်ပညတ်၊ ပရမတ္ထ၊ နဝတိံသာ၊ ဆမာအဋ္ဌတ်၊ ဗာဟျတ်ဆဋ္ဌိ၊ နှစ်ဝီပဋ္ဌ၊ မေ့သုံး ဆယ့်ငါး၊ ကပါးဋ္ဌဝီ ဒွေနှစ်လီတည်၊ ငါးလီမှာသုံး၊ ဆယ့်နှစ်သုံးပင်၊ သီကုံးချိအေး၊ ဆယ့်လေ ကိုးလီ၊ ပဋ္ဌဝီ သုံးတန်၊ ကောန်ရှေးရှု၊ အာရုံပြုသည်....သောတုနောင်လာ မခဲတည်း။

**အဖြေ**။ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ပဥ္စဝိကာမ၊ ကာမတရားကို ကေန် အာရုံပြုသော စိတ် ၂၅-ပါး၊ ကာမဝိပါက်တေဝီသ, ပဥ္စဒ္ဒါရာ ဝဇ္ဇန်း, ဟသိတုပ္ပါဒ်, ပေါင်း ၂၅-ပါး။

၂။ ဆမဟဂ္ဂါ၊ မဟဂ္ဂုတ်တရားကို ကေန်အာရုံပြု သောစိတ် ၆-ပါး၊ ဝိညာ, နေဝ ၆-ပါး။

၃။ ရှစ်ဖြာနိဗ္ဗာန်၊ နိဗ္ဗာန်ကို ကေန်အာရုံပြုသော စိတ် ၈-ခု၊ လောကုတ္တရာစိတ် ၈-ပါး။

၄။ နာမ်တဆယ့်လေး၊ နာမ်ကို ကေန်အာရုံပြုသော တရား ၁၄-ပါး၊ ဝိညာ,နေဝ-၆၊ လောကုတ္တရာ စိတ် ၈,ပေါင်း ၁၄-ပါး။

၅။ တေရသရုပ်၊ ရုပ်ကို ကေန်အာရုံပြုသော စိတ် ၁၃-ပါး၊ ဒွေပဥ္စပညာဉ် ၁၀, မနောဓာတ် ၃, ၁၃-ပါး။

၆။ ပစ္စုပ်ထို့တူ၊ ပစ္စုပ္ပန်ကို ကေန် အာရုံပြုသော စိတ်လည်း ထို့အတူ ၁၃-ပါး၊ အထက်ပါ ၁၃-ပါးပင်တည်း။

၇။ တိတ်မူဆမှတ်၊ အတိတ်ကို ကေန် အာရုံပြုသော စိတ် ၆-ပါး၊ ဝိညာ, နေဝ ၆-ပါး။

၈။ နာဂတ်မရှိ၊ အနာဂတ်ကို ကေန် အာရုံပြုသော စိတ်မရှိ၊ အနေကန်တော့ရှိသည်။

၉။ ဝိမုတ်နှစ်ဆယ့်ကိုး၊ ကာလဝိမုတ် (-နိဗ္ဗာန်နှင့် ပညတ်) ကို ကေန် အာရုံပြုသော စိတ် ၂၉-ပါး၊

ရူပစိတ် ၁၅, အရူပ ပဉ္စမ တတိယစိတ် ၆, လောကုတ္တရာစိတ် ဂ, ပေါင်း ၂၉-ပါး။

၁၀။ ကေဝီပညတ်၊ ပညတ်ကို ကေန် အာရုံပြုသော စိတ် ၂၁-ပါး၊ ရူပစိတ် ၁၅, အရူပ ပဥ္စမ တတိယစိတ် ၆, ပေါင်း ၂၁-ပါး။

၁၁။ ပရမတ္ထ နဝတိံသာ၊ ပရမတ္ထတရားကို ကေန်, အာရုံပြုသော စိတ် ၃၉-ပါး၊ ကာမကေန်, မဟဂ္ဂုတ် ကေန်, နိဗ္ဗာန်ကေန်, ၃-ခုပေါင်း ၃၉-ပါး။

၁၂။ ဆခါအဇ္ဈတ်၊ အဇ္ဈတ္တတရားကို ကေန်အာရုံပြုသောစိတ် ၆-ပါး၊ ဝိညာ, နေဝ ၆-ပါး။

၁၃။ ဗာဟျတ်ဆမ္ဘိ၊ ဗဟိဒ္ဓကို ကေန် အာရုံပြုသော စိတ် ၂၆-ပါး၊ ရူပစိတ် ၁၅, အာကာ ၃, လောကုတ် ဂ, ပေါင်း ၂၆-ပါး။

၁၄။ နှစ်စီပဥ္စ၊ ပဥ္စာရုံကို ကေန် အာရုံပြုသောစိတ် ၂-ပါးစီ၊ ရူပါရုံနှင့် စက္ခုဝိညာဉ်ဒွေးစသည်ဖြင့် တွဲပါ။

၁၅။ ဓမ္မသုံးဆယ့်ငါး၊ ဓမ္မာရုံကို ကေန် အာရုံပြုသော စိတ် ၃၅-ပါး၊ မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅-ပါး

၁၆။ တပါးငွဝီ၊ တပါးကို ကေန် အာရုံပြုသော စိတ် ၂ဂ-ပါး။

(ဤမှနောက် မေးဖွယ်မရှိ၍ မရေးတော့ပြီ)

● အောက်ပါ အနေကန်လက်ာ၏ အဓိပ္ပါယ်ကို ရေးပါ။

**ဆောင်။** မခဲစေရန်၊ အနေကန်ကို၊ အကျဉ်းဆိုအံ့၊ ပိုယိုကင်းပ၊ ကာမမဟဂ္ဂုတ်ါ ဝိမုတ် ပညတ်၊ ပရမတ်ဟူ၊ ငါးရပ်ဘူလစ်၊ သုံးဆယ့်တစ်စီ၊ ပစ္စုပ်တီတ၊ နာဂတနှင့်၊ ဓမ္မရှစ်နာမ်၊ ခြောက်ဘန် ပေါင်းရုံး၊ လေးဆယ့်သုံးစီ၊ သုံးလီအဖွတ်၊ စွဲလဘ်မှီရောက်၊ ငါးဆယ့်ခြောက်မှန်၊ နိဗ္ဗာန်ကေ်ဒသ၊ ပဥ္စဒ္ဓဝယ်၊ လေးဆယ်နှင့်ခြောက်၊ ရွေးကောက်စေမှု၊ ဥဒါန်းပြုသည်၊ စေ့ငုဖန်ခါထပ်လဲတည်း။

**အဖြေ။** အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ မခဲစေရန် (ပ) ပိုယိုကင်းပ၊ မခဲစေရန် အနေကန်ကို ကျဉ်းကျဉ်းဆိုမည်၊ အပိုအလိုမပါစေရ။

၂။ ကာမမဟဂ္ဂုတ်, (ပ) သုံးဆယ့်တစ်စီ၊ ကာမမဟဂ္ဂုတ်, ကာလဝိမုတ်, ပညတ်, ပရမတ်

ငါးပါးကို အနေကန် အာရုံပြုသောစိတ် ၃၁-ပါးဒ်၊ ဟသိတုပ္ပါဒ်ကြဉ် ကာမဇော ၂၈, ဝုဋ္ဌော, အဘိညာဉ်ဒွေ့, ပေါင်း ၃၁-ပါး။

၃။ ပစ္စုပ်တီတ (ပ) လေးဆယ့်သုံးစီ၊ ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ခမ္မာရုံ, ရုပ်, နာမ် ၆-ပါးကို အနေကန် အာရုံပြုသောစိတ် ၄၃-ပါးစီ၊ တဒါရုံ ၁၁, ကာမဇော ၂၉, ဝုဋ္ဌော, အဘိညာဉ်ဒွေ့, ပေါင်း ၄၃-ပါး။

၄။ သုံးလီအဖျတ် (ပ) ငါးဆယ့်ခြောက်မှန်= အဇ္ဈတ္တတရားကို အနေကန်အာရုံပြုသောစိတ် ၅၆-ပါး၊ ကာမစိတ် ၅၄, အဘိညာဉ်ဒွေ, ပေါင်း ၅၆-ပါး။

၅။ နိဗ္ဗာန်ကေ်ဒသ=နိဗ္ဗာန်ကို အနေကန် အာရုံပြုသောစိတ် ၁၁-ပါး၊ မဟာကုသိုလ်ကြိယာ ဉာဏသမ္ပယုတ် ၈, ဝုဋ္ဌော ၁, အဘိညာဉ် ၂, ပေါင်း ၁၁-ပါး။

၆။ ပဥ္စဥ္ဓဝယ်၊ လေးဆယ်နှင့်ခြောက် = ပဥ္စာရုံကို အနေကန်အာရုံပြုသောစိတ် ၄၆-ပါး၊ တဒါရုံ ၁၁, ကာမဇော ၂၉,ဝုဋ္ဌော ၁, မနောဓာတ် ၃, အဘိညာဉ် ၂, ပေါင်း ၄၆-ပါး။

**အမှာ**။ ကေန်ဟူသည် တမျိုးတည်းကိုသာ အာရုံပြုသည်ဟု ဆိုလိုသည်။ အနေကန်ကား ၂-မျိုး ၃-မျိုး စသည်ကို အာရုံပြု၏။ ဥပမာ နိဗ္ဗာန်ကေန်ဆိုက နိဗ္ဗာန်တမျိုးကိုသာ အာရုံပြု၏၊ နိဗ္ဗာန်အနေကန်ဆိုက နိဗ္ဗာန်ကိုသာ အာရုံပြုသည် မဟုတ်၊ အခြားတရားများကိုလည်း အာရုံပြုသေ သည်ဟူလို။

**မေးခွန်း**။ စာမေးပွဲမှာကား ''နိဗ္ဗာန်ကို ကေန်အာရုံပြုသော စိတ် အနေကန်အာရုံပြုသောစိတ်များကိုဖော်ပြပါ'' ဟုဝင်၊ ကေန် နိဗ္ဗာန်ကိုအာရုံပြုသောစိတ်၊ အနေကန်အာရုံပြုသော စိတ်များ ကို သချာမျှ ဖော်ပြခဲ့ပါ''ဟုဝင် မေ တတ်၏။ မေ သမျှ ဖြေနိုင်ရန် သေသေချာချာ လေ့လာထားပါ။

● "မနောဒွါရိက စိတ္တာနံ....ယထာရဟမာရမ္မဏံ" ၌ ယထာရဟ အာရုံပြုပုံကို ဖော်ပြခဲ့ပါ။

အဖြေ။ မနောဒွါရိကစိတ်တို့၏ ယထာရဟအာရုံပြုပုံ။

| စိတ် | လုံးရေ | ပ | တိ | နာ | နိ | ညတ် | အာရုံ |
|---|---|---|---|---|---|---|---|
| ဟသိကြဉ်ကာဝစာ | ၂၈ | ပြု | ပြု | ပြု | ပြု | ပြု | ၆-ပါး |
| ဟသိတုပ္ပါဒ်ဇော | ၁ | ပြု | ပြု | ပြု | မ | မ | ၆-ပါး |
| ရူပဇော | ၁၀ | မ | မ | မ | မ | ပြု | ဓမ္မာရုံ |
| အရူပပ-တဇော | ၄ | မ | မ | မ | မ | ပြု | ။ |
| အရူပ ဒု-စဇော | ၄ | ပြု | မ | မ | မ | မ | ။ |
| လောကုတ္တရာဇော | ၈ | မ | မ | မ | ပြု | မ | ။ |

**အမှာ**။ (နိ=နိဗ္ဗာန်၊ ညတ် =ပညတ်) ပေါင်းမမေးပဲတခုစီခွဲမေးကလည်း ဖြေတတ်ပါစေ၊ ဥပမာ ဒွါရဝိမုတ်စိဘ်တို့တွင် ဟသိတုပ္ပါဒ်၏အာရုံပြုပုံကိုရေးပါဆိုကဟသိတုပ္ပါဒ်သည် ပစ္စုပ္ပန် အတိတ်၊ အနာဂတ် အာရုံ ၆-ပါးကို အာရုံပြုပါသည်ဟု ရေးပါ။

---

● သုခဝေဒနာ, ဒုက္ခဝေဒနာ, သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာတို့နှင့် ယှဉ်သော စေတသိက်များကို အသီးသီးဖော်ပြပါ။

အဖြေ။ သုခဝေဒနာ, ဒုက္ခဝေဒနာနှင့်ယှဉ်သော စေတသိက်ကား ဝေဒနာကြဉ်သော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၆-ပါးတည်း။

သောမနဿဝေဒနာနှင့် ယှဉ်သော စေတသိက်ကား ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ၊ ဝေဒနာ၊ ပေါင်း ၆-ပါးကြဉ် ကျန်စေတသိက် ၄၆-ပါးတည်း။

ဒေါမနဿဝေဒနာနှင့် ယှဉ်သော စေတသိက်ကား ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝေဒနာ, ပီတိကြဉ် အညသမာန်း ၁၁, သဗ္ဗာ ကုသလ သာဓာရဏ ၄, ထိနမိဒ္ဓ ပေါင်း ၂၁-ပါးတည်း။

ဥပေက္ခာ ဝေဒနာနှင့် ယှဉ်သော စေတသိက်ကား ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ပီတိ, ဝေဒနာ ပေါင်း ၆-ပါးကြဉ် ကျန်စေတသိက် ၄၆-ပါးတည်း။

ဆောင်။ သု-ဒုဝေခြောက်၊ လေးဆယ့်ခြောက်သော၊ ဒေါနှစ်ဆယ့်တစ်၊ ဥပေက္ခာရောက်၊ လေးဆယ့်ခြောက်၊ ရွေးကောက်စိစစ်ပါ။

---

● အဟိတ်, ဧကဟိတ်, ဒွိဟိတ်, တိဟိတ် စေတသိက်များကို အသီးသီးဖော်ပြပါ။

အဖြေ။ အဟိတ် စေတသိက်ကား အဟိတ်စိတ်၌ ယှဉ်သော ဆန္ဒကြဉ် အညသမာန်း စေတသိက် ၁၂, မောဟမူ ဒွေး၌ မောဟ, ပေါင်း ၁၃-ပါးတည်း။

ကောဟိတ် စေတသိက်ကား မောဟမူဒွေး၌ ယှဉ်သော ဆန္ဒပီတိကြဉ် အညသမာန်း ၁၁, မောဟကြဉ် သဗ္ဗာကုသလ သာဓာရဏ ၃, ဝိစိကိစ္ဆာ ၁, လောဘမူ ဒေါသမူ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်တို့၌ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, ပေါင်း ၂၀-တည်း။

ဒွိဟိတ် စေတသိက်ကား ဝိစိကိစ္ဆာ, ပညာ, လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ ကြဉ် ဒွိဟိတ်စိတ်၌ ယှဉ်သော စေတသိက် ၄၅, တိဟိတ်စိတ်၌ ယှဉ်သော အလောဘ, အဒေါသ, အမောဟ, ပေါင်း ၄၈-ပါးတည်း။

တိဟိတ်စေတသိက်ကား အလောဘ, အဒေါသ, အမောဟကြဉ် တိဟိတ်စိတ်၌ ယှဉ်သော စေတသိက် ၃၅-ပါးတည်း။

**ဆောင်။** အဟိတ်တေရ၊ ကောနှစ်ဆယ်၊ ဒွိဝယ်၄၈ဆန်၊ တိဟိတ်မှတ်၊ ရလတ် သုံးဆယ့်ငါး။

---

● စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မနောဒွါရကို့၌ဖြစ်သော စေတသိက်များကို အသီးသီး ဖော်ပြပါ။

**အဖြေ။** စက္ခုစသော ၅-ဒွါရ၌ အပ္ပမညာ ကြဉ် စေတသိက် ၅၀-ဖြစ်၏၊ မနောဒွါရ၌ စေတသိက် ၅၂-ပါးလုံး ဖြစ်၏။

ဆောင်။ စက္ခုအစ၊ ငါးဒွါရ၊ အပွမည္ဍာကြဉ်။
မနောဒွါရ၊ မကြဉ်ရ၊ ဒွေပဉ္စာသပင်။

---

● ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ တို့ကို အာရုံပြုနိုင်သော စေတသိက်များကို အသီးသီး ဖော်ပြခဲ့ပါ။

အဖြေ။ အပ္ပမညာကြဉ် စေတသိက် ၅၀-သည် ရူပါရုံစသော အာရုံငါးပါးကို အာရုံပြု၏။ စေတသိက် ၅၂-ပါး လုံးသည် ဓမ္မာရုံကို အာရုံပြု၏။

ဆောင်။ အပွမည္ဍာ၊ ကြဉ်ဖို့ရာ၊ မှတ်ပါပဉ္စာရုံ၊
ဓမ္မာရုံမှာ၊ ဒွေပဉ္စာ၊ ရရာအလုံးစုံ။

---

● “ဒွါရဝိမုတ္တာနဉ္စ॥ပ॥ယထာသမ္ဘဝံ”၌ ယထာသမ္ဘဝံ အရ အာရုံပြုပုံကို ဖော်ပြပါ။

**အဖြေ။ ယထာသမ္ဘဝံ အာရုံပြုပုံ....**

| **စိတ်** | **ဒွါရ** | **ပ** | **တိ** | **ကံ** | **ကမ္မ** | **ဂတိ** | **ညတ်** | **အာရုံ** |
|---|---|---|---|---|---|---|---|---|
| ကာမ ပ,ဘာ | ဆ | ပြု | ပြု | မ | ပြု | မ | မ | ပဉ္စ |
| ကာမစု | ဆ | မ | ပြု | မ | ပြု | မ | မ | ပဉ္စ |
| ကာမ ပ,ဘာ,စု | ဆ | မ | ပြု | ပြု | ပြု | မ | မ | ဓမ္မ |
| ကာမ ပ,ဘာ,စု | နော | ပြု | မ | မ | ပြု | ပြု | မ | ရူပ |
| ရူပ ပ,ဘာ,စု | နော | မ | မ | မ | ပြု | မ | ပြု | ဓမ္မ |
| အရူပ ပ,တာ | နော | မ | မ | မ | ပြု | မ | ပြု | ဓမ္မ |
| အရူပ ဒု,စ | နော | မ | ပြု | မ | ပြု | မ | မ | ဓမ္မ |

**မှတ်ချက်**။ သ=သဒွါရဂဟိတ၊ နော=မနောဒွါရပ္ပဟိတ။

**ဆောင်**။ ကာမသန္ဓိ၊ ဘဝင်သည့်ကား၊ ငါးပါးအာရုံ၊ ခြောက်ဖုံဒွါရ၊ ယူကုန်ကြလျက်၊ ယထာရဟံ၊ ပစ္စုပ္ပန်နှင့်၊ . တီတံကမ္မ၊ နိမိတ္တဟု၊ အာရုံပြု၏၊ စုတိစိတ်မှာ၊ အတိတ်သာတည်း၊ ဓမ္မာရုံကား၊ ထိုစိတ်များ၏၊ တပါးမနော၊ ဒွါရဇောဖြင့်၊ ယူသော တီတံ၊ ကံနှင့်ကမ္မ၊ နိမိတ္တသင့်၊ ရူပအာရုံ၊ တဖုံမနော၊ ဒွါရဇောဖြင့်၊ ယူသောကောန်၊ ပစ္စုပ္ပန်ရှိ၊ ဂတိနိမိတ်၊ ဆိုရိပ်ငင်း, တကြောင်း ဆက်ထုတ်၊ မဟဂ္ဂုတ်တွင်၊ အာရုပ်ပ-တ၊ ရူပသန္ဓိ၊ ဘွင်စုတိမှာ၊ ဓမ္မာရုံဟော၊ မနောဒွါရ၊ ဂဟိတမှတ်၊ ပညတ်ကမ္မ၊ နိမိတ္တရှင့်၊ ဒု-စတုတ္ထာ၊ အာရုပ္ပါဘွက်၊ မဟဂ္ဂတ၊ ကမ္မနိမိတ်၊ အတိတ်ဟုဟော၊ မနောဒွါရ၊ ယူရမေ့ာ၊ အာရုံသာသည်....ယထာသမ္ဘဝပေတည်း။

**အမှာ**။ ၁၃၁၉-ခု၊ ကြီးပုစ္ဆာ၌ ''ပဋိသန္ဓေစိတ် ၁၀-ပါးတို့တွင် ကမ္မနိမိတ်ကိုသာ အာရုံပြုသောစိတ်၊ ကံ,ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးလုံးကို အာရုံပြုနိုင်သော စိတ်တို့ကို ထုတ်ပြခဲ့ပါ''ဟု မေးဘူးပြီ၊ ကမ္မနိမိတ်သာ အာရုံပြုနိုင်သော စိတ်ကား ရှိ၏။ သုံးပါးလုံး အာရုံပြုသောစိတ်ကား မရှိ၊ အထက်တွင် သေချာစွာကြည့်လေ၊ ၎င်းပြင် ဆောင်ပုဒ်နှင့် အဖြေကို နားလည်အောင် တိုက်ဆိုင်ကြည့်ပါ။

---

● ကာယဝိညတ္တိရုပ်၏ တရားကိုယ်ကို ထင်ရှားအောင် ထုတ်ခဲ့ပါ။

**အဖြေ**။ လှုပ်ရှားမှုကို ဖြစ်စေတတ်သော စိတ္တဇ ဝါယောဓာတ် ဖြစ်ပါသည်။

**ဆောင်**။ ကာယဝိညတ်၊ ဝါယောဓာတ်၊ သိမှတ် စိတ္တဇာ။

● "လောကိယေပိယထာယောဂံ၊ ဆဗ္ဗိသုဒ္ဓိပ္ပဝတ္တိယံ"၌ လောကိယ အရဖြစ်သင့်သော စိတ်ကို ဖော်ပြပါ။

**အဖြေ**။ လောကီကုသိုလ်နှင့် ကြိယာစိတ်များ ဖြစ်ပါသည်။ (အကုသိုလ်နှင့် ဝိပါက်မဟုတ်)။

**ဆောင်**။ လောကိယေပိ၊ ထိုပါဠိ၌၊ လောကီအရ၊ ကု,ကြိမျှ၊ ယူကြရသည်သာ။

---

● ကုက္ကုစ္စ စေတသိက်၏ ကတာကတ ဒုစ္စရိတ, သုစရိတတို့၌ ကုက္ကုစ္စဖြစ်ပုံကို ဖော်ပြပါ။

**အဖြေ**။ ဒုစရိုက်ကို ပြုပြီးနောက် "ငါသည် မကောင်းမှု ဒုစရိုက်ကို ပြုမိခဲ့ပြီ" ဟုကုက္ကုစ္စ ဖြစ်ခြင်းသည် ကတ ဒုစ္စရိတ ကုက္ကုစ္စတည်း။

သုစရိုက်များကို မပြုလိုက်မိသည့်အတွက် "ငါသည် သုစရိုက်ကို မပြုမိလေခြင်း"ဟု နောင်တတဖန် ပူပန်ခြင်းသည် အကတသုစရိတ ကုက္ကုစ္စတည်း။

---

● ဒေါသမူဒွေးကို ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ, အာရုံ, ဝတ္ထုတို့ဖြင့် ဝေဖန်ပြပါ။

**အဖြေ**။ ဒေါသမူဒွေးသည် ဒေါမနဿ ဝေဒနာ, ဒွိဟိတ်, ဇောကိစ္စ, ဆဒွါရိက, လောကုတ္တရာကြဉ် အလုံးစုံကို အာရုံပြု, ဟဒယဝတ္ထုကိုမှီ၍ ဖြစ်ပါသည်။

● ၃၁-ဘုံ အကွာအဝေးကို သိသာရုံဖော်ပြပါ။

**အဖြေ**။ လူ့ပြည်မှ ငရဲရှစ်ထပ်သို့ ယူဇနာ ၁၅၀၀၀-စီ။ လူ့ပြည်မှ နတ်ပြည် ၆-ထပ်သို့ ယူဇနာ ၄၂၀၀၀၊ အထက်ဆုံးနတ်ပြည်မှ ဗြဟ္မာဘုံ ၂၀-သို့ ယူဇနာ ၅၅၀၈၀၀၀-စီဝေး၏၊ (အစိတ်အစိတ် တွက်ကြည့်ပါ)။

**ဆောင်**။ သောင်းငါးထောင်စီ၊ သချ်ာညီ၊ ရှစ်လီငရဲရွာ။
လေ့သောင်းနှစ်ထောင်၊ အကွာဆောင်၊ လူ့ဘောင် နတ်ခြောက်ရွာ။
ငါးသန်းငါးသိန်း၊ ရှစ်ထောင်ချိန်း၊ တွက်ကိန်းဗြဟ္မာ့ရွာ။

---

● ပုဂ္ဂိုလ်အပြား "ဝါ-က-ရား" ကို ဖော်ပြပါ။

**အဖြေ**။ အပါယ်ဘုံ၌ ဒုဂ္ဂတိပုဂ္ဂိုလ် ၄-ယောက်၊ လူ့ဘုံ စတုမဟာရာဇ်ဘုံ၌ ပုဂ္ဂိုလ် ၁၁- ယောက်စီ (၂၂-ယောက်)၊ ကျန်နတ်ပြည် ၅-ဘုံ၌ ၁၀-ယောက်စီ (၅၀)၊ ပ-စျာန် ၃-ဘုံ, ဒု-စျာန် ၃-ဘုံ, တ-စျာန် ၃-ဘုံ, ဝေဟပ္ဖိုလ်ဘုံ၌ ၉-ယောက်စီ (၉၀)၊ အသညသတ်ဘုံ ၁-ယောက်၊ သုဒ္ဓါဝါသ ၅-ဘုံ၌ ၃-ယောက်စီ (၁၅)၊ အရူပ ၄-ဘုံ၌ ၈-ယောက်စီ (၃၂) ပေါင်း ၂၁၄။ယောက်။ (ဝါ=၄၊ က=၁။ ရား=၂)။

**အမှာ**။ ဘုံပုဂ္ဂိုလ်ရကို ဝိထိပိုင်း ဘူမိဘေဒ၌ ပြခဲ့ပြီ၊ အပါယ်ဘုံမှာ ဒုဂ္ဂတိ အဟိတ်တယောက်ရ၏၊ အပါယ် ၄-ဘုံဖြစ်၍ ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ် ၄-ယောက် စသည်ဖြင့် ရေတွက်လေ။

ကာဒိ ဋာဒိ ယကာရာဒိ၊
နဝသင်္ချာ ပကာသိတာ။
ပဉ္စသင်္ချာ ပကာရာဒိ၊
သုညာနာမ သရညနာ။

ကာဒိ၊ ကအစ, ဈအဆုံး အက္ခရာ ကိုးလုံးတို့ကိုရင်း။ ဋာဒိ၊ ဋအစ ဓအဆုံး အက္ခရာ ကိုးလုံးတို့ကိုရင်း။ ယကာရာဒိ၊ ယအစ ဠအဆုံး ကိုးလုံးတို့ကိုရင်း။ နဝသင်္ချာ၊အစဉ်အတိုင်း ၁-၂-၃-၄-၅-၆-၇-၈-၉-သင်္ချာတို့ဟူ၍။ပကာသိတာ၊ ပြအပ်ကုန်ပြီ။ ပကာရာဒိ၊ ပအစ မအဆုံး အက္ခရာ ငါးလုံးတို့ကို။ ပဉ္စသင်္ချာ၊ အစဉ်အတိုင်း ၁-၂-၃-၄-၅- သင်္ချာတို့ဟူ၍။ ပကာသိတာ၊ ပြအပ်ကုန်ပြီ။ သရညနာ၊ သရ ၈-လုံး, ည, န တို့သည်။ သုညာနာမ၊ သုညမည်ကုန်၏။

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၀ |
|---|---|---|---|---|---|---|---|---|---|
| က | ခ | ဂ | ဃ | င | စ | ဆ | ဇ | ဈ | ည-န-သရ |
| ဋ | ဌ | ဍ | ဎ | ဏ | တ | ထ | ဒ | ဓ | |
| ယ | ရ | လ | ဝ | သ | ဂ | ပ | ဟ | ဠ | |
| ပ | ဖ | ဗ | ဘ | မ | | | | | |

အထက်ပါဇယားကိုကြည့် က, ဋ, ယ, ပ တို့သည် ၁-ခုကိုဟော၏ စသည်ဖြင့်သိလေ၊ မာဂဓမှာ သ-သည် ၅-၆-၇-ကိုဟော၏၊ သက္ကတမှာကား

"သ,ဂ,ယ"ဟု သသုံးလုံးရှိ၏၊ သကား ၅-ခုဟော၊ ဂကား ၆-ခုဟော၊ ယ-ကား ၇-ခုဟောတည်း၊ ဂကိုသျှ၊ ယကို ရှဟု ဖတ်ပါ၊ ဤပိဋက သင်္ချာမှာ ပြောင်းပြန်ယူရ၏။ ဥပမာ "ဝါကရား=၄၁၂"ကို ပြောင်းပြန်အားဖြင့် ၂၁၄-ဟုယူရ၏။

---

● အတိမဟန္တာရုံ ဝီထိချပြပါ။

**အဖြေ**။ တီ-န-ဒ-ပ-စ-သံ-ဏ-ဝု-ဇ ၇-ရုံ ၂။

---

● မဟန္တာရုံဝီထိချပြပါ။

**အဖြေ**။ တီ-တီ-န-ဒ-ပ-စ-သံ-ဏ-ဝု- ဇ ၇-ဘ။
တီ-တီ-တီ(ပ) ဘ၊ (မဟန္တာရုံ ၂-ဝီထိ)။

---

● ပရိတ္တာရုံဝီထိချပြပါ။

**အဖြေ**။ တီ ၄-န-ဒ-စ-သံ-ဏ-ဝု ၂-ဘ၊
တီ ၅ (ပ)ဘ၊ တီ ၆ (ပ)ဘ၊ တီ ၇-(ပ)ဘ၊
တီ ၈-(ပ) ဘ၊ တီ ၉ (ပ) ဘ၊(ပရိတ္တာရုံ ၆-ဝီထိ)။

**အမှာ**။ ဝုဋ္ဌော ၃-ကြိမ်လည်း ချနိုင်သေးသည်။

---

● အတိပရိတ္တာရုံဝီထိ ချပြပါ။

**အဖြေ**။ တီ ၁၀-န-ဘ-ဘ-ဘ-ဘ-ဘ-ဘ၊
တီ ၁၁-န-ဘ ၅၊ တီ ၁၂-န-ဘ ၄၊ တီ ၁၃-န
ဘ ၃၊
တီ ၁၄-န-ဘ-၂၊ တီ ၁၅-န-ဘ (၆-ဝီထိ)။

အမှာ။ စက္ခုဒွါရ ၁၅ ဝီထိ၊ ပဉ္စဒွါရ ၇၅-ဝီထိရှိ၏။

---

● ဝိဘူတာရုံ ဝီထိချပြပါ။

အဖြေ။ န-ဒ-မ-ဇ- ၇-ရုံ ၂။

---

● အဝိဘူတာရုံဝီထိ ချပြပါ။

အဖြေ။ န-ဒ-မ-ဇ ၇-။

---

● မန္ဒပုဂ္ဂိုလ်၏ ဈာနဝီထိချပြပါ။

အဖြေ။ န-ဒ-မ ပ-ဥ-နု-ဂေါ-ဈာန်။

---

● တိက္ခပုဂ္ဂိုလ်၏ ဈာနဝီထိ ချပြပါ။

အဖြေ။ န-ဒ-မ-ဥ-နု-ဂေါ-ဈာန်။

---

● မန္ဒပုဂ္ဂိုလ်၏ မဂ္ဂဝီထိကို ချပြပါ။

အဖြေ။ န-ဒ-မ-ပ-ဥ-နု ဂေါ-မဂ်-ဖိုလ်-ဖိုလ်။

အမှာ။ တိက္ခပုဂ္ဂိုလ်အတွက် ပရိကံဖြုတ်၊ ဖိုလ်ဇောသုံးကြိမ်ချ။

---

● ဧကဇ, ဒွိဇ, တိဇ, စတုဇရုပ်များကို ဖော်ပြပါ။

အဖြေ။ ဧကဇရုပ်ကား ဟဒယရုပ်, ဣန္ဒြိယရုပ်, ဝိညတ်ဒွေးတည်း၊ ဒွိဇရုပ်ကား သဒ္ဒတည်း၊ တိဇရုပ်ကား လဟုတာဒိသုံးခုတည်း၊ စတုဇရုပ်ကား အဝိနိဗ္ဗောဂရုပ်, အာကာသဓာတ်တည်း။

● အနိယတယောဂီ စေတသိက်တို့တွင် အခါ အခွင့် အားလျော်စွာ နိယတ ယောဂီ ဖြစ်နိုင်ခွင့် ရှိသော စေတသိက်များကို ထုတ်ပြပါ။

**အဖြေ**။ လောကုတ္တရာစိတ်မှာ ယှဉ်ခိုက် ဝိရတိ စေတသိက် များသည် နိယတယောဂီ ဖြစ်ပါသည်။

ဝိရတိယော ပန တိဿောပိ လောကုတ္တရ စိတ္တေသု သဗ္ဗထာပိ နိယတာ ဧကတောဝ လဗ္ဘန္တိ။

**ဆောင်**။ လောကုတ္တရာ၊ ယှဉ်ခိုက်မှာ၊ မှတ်ပါနိယတ။

---

● အာဟာရ ၄-ပါးဆောင်ပုံကို ဋီကာကျော် လာ တိုင်း အသီးသီးဖော်ပြပါ။

**အဖြေ**။ ကဗဠီကာရာဟာရသည် သြဇဋ္ဌမကရုပ်ကို ဆောင် ၏။

ဖဿာဟာရသည် ဝေဒနာ ၃-ပါးကိုဆောင်၏၊

မနောသဉ္စေတနာဟာရသည်ဘဝသုံးပါး၌ ပဋိသန္ဓေ ဝိညာဉ်ကို ဆောင်၏၊

ဝိညာဏာဟာရသည် သဟဇာတ် ဖြစ်သော နာမ် ရုပ်တို့ကို ဆောင်၏။ (ဋီ)။

---

● ကမ္မဇကေန်, ကမ္မဇအနေကန်၊ စိတ္တဇကေန်၊ စိတ္တဇ အနေကန် ရုပ်များကို ရေးပါ။

**အဖြေ**။ ကမ္မဇကေန်ကား ဟဒယရုပ်၊ ဇီဝိတနဝကရုပ်။ ကမ္မဇ အနေကန်ကား အဝိနိဗ္ဘောဂရုပ် ၈, အာကာသ ဓာတ်။

စိတ္တဇကေန်ကား ဝိညတ်ဒွေ၊ စိတ္တဇအနေကန် ကား သဒ္ဒရုပ်, လဟုတာဒိတ္တယ, အဝိနိဗ္ဘောဂရုပ် ၈,အာကာသဓာတ်။

---

● ၁-ရုပ်ကိုသာ ဖြစ်စေနိုင်သော စိတ်, ၂-ရုပ် ဣရိ ယာပုထ်ကိုသာ ဖြစ်စေနိုင်သော စိတ်, ၃-ရုပ်-ဣရိ ယာပုထ်- ဝိညတ် သုံးပါးကိုသာ ဖြစ်စေနိုင်သော စိတ်, ၄-ရုပ်-ဣရိယာပုထ်-ဝိညတ်-ရယ်ရွှင်ခြင်း ၄-ပါး ကို ဖြစ်စေနိုင်သော စိတ်, ၅-ဘာကိုမျှ မဖြစ်စေနိုင် သော စိတ်များကို ကောက်ပြပါ။

**အဖြေ**။ ၁-မနောဓာတ် ၃-ခု, တဒါရုံ ၁၁-ခု, ရူပဝိပါက် ၅-ခု, ပေါင်း ၁၉-ပါးတည်း။

၂-အပ္ပနာဇော ၂၆-ပါးတည်း။

၃-ဝုဋ္ဌော, ကာမဇော ၂၉, အဘိညာဉ် ဒွေး, ပေါင်း ၃၂-ပါးတည်း။

၄-ကာမသောမနဿ ၁၃-ခုတည်း။

၅-အရူပဝိပါက် ၄, ဒွေပဉ္စဝိညာဉ် ၁၀, ပေါင်း ၁၄-ပါးတည်း။

**ဆောင်။** မနောဓာတ်၊ တဒါရုံက၊ ရှုပဝိပါက်၊ ဆယ့်ကိုးချက်မှာ၊ ရုပ်ဘိုသာဘည်း၊ အပ္ပနာဇဝန၊ ဆဗ္ဗိသကာ၊ ယာပထ လည်၊ ပွဲတည်နိုင်စေ၊ တဒွေ့ဝုဋ္ဌော၊ ကာဇောဘိညာ၊ ဥတ္တံသာကား၊ နှစ်ဖြာဝိညတ်၊ ကိုလည်းတတ်၏၊ သော မနသ်ဟု၊ ဆယ့်သုံးခုကာ၊ ရယ်မှုနှင်ခြင်း၊ လည်ပြု လျှင်း၏၊ ကြွင်းအာရုပ္ပ၊ ဝိပါကနှင့်၊ ပဉ္စဝိညာ၊ ဆယ့်လေး ဖြာသည်၊ ဘယ်ဟာဖြစ်စေနိုင်ဘူးတည်။

---

● ပါဒကစျာန်နှင့်တူစွာ သောတာပတ္တိ ပဌမစျာန် ဖြစ်ပုံကို ဖော်ပြပါ။

**အဖြေ။** အခြေခံဖြစ်သော လောကီပဌမစျာန်ကို ဝင်စားပြီး လျှင် ထိုစျာန်မှထ၍ ပကိဏ္ဏက သင်္ခါရတရားတို့ကို သုံးသပ်ဆင်ခြင်က (အခြေခံဖြစ်သော ပဌမစျာန် နှင့်တူစွာ) သောတာပတ္တိ ပဌမစျာန်ကို ရ၏။

**အမှာ။** ပါဒက(=အခြေခံ)စျာန်က ဒုတိယစျာန်ဖြစ်လျှင် သောတာ ပတ္တိ ဒုတိယစျာန်ရမည် စသည်ဖြင့် သိပါ၊ အခြေခံစျာန်က ၅-ပါးရှိ၍ သောတာပတ္တိမဂ်စိတ် ၅-ပါး၊ ကျန်မဂ်စိတ်၃-ပါး လည်း ၅-ပါးစီ၊ ပေါင်းမဂ်စိတ်၂၀-ရှိ၏ဟုလို၊ (မဂ်စိတ် ၂၀-ဖြစ်၍ ဖိုလည်း ၂၀-ဖြစ်ရပြန်သည်။

**ဆောင်။** ပဌမစျာန၊ စသည်တို့တွင်၊ မှတ်မထင်ကို၊ ဝင်စားပြီးမှ၊ သင်္ခါရကို၊ ထ၍သုံးသပ်၊ မဂ်ရလတ်မူ၊ မှဘ်ယူမပြား၊ အင်္ဂါအားဖြင့်၊ ဝင်စားရာစျာန်၊ တူရပြန်၊ အမှန်ပါဒက။

---

● သမ္မသိတစျာန်နှင့်တူစွာ သကဒါဂါမိ ပဌမစျာန် ဖြစ်ပုံကို ဖော်ပြပါ။

**အဖြေ**။ ပဌမဈျာန်ကို မဝင်စားပဲ ပဌမဈျာန်ကို သက်သက် သုံးသပ် ဆင်ခြင်ရုံနှင့် မဂ်ရက (သုံးသပ် ဆင်ခြင်သော ပဌမဈျာန်နှင့်တူသော) သကဒါဂါမိ ပဌမဈျာန်ကိုရ၏။

**အမှာ**။ ဘမ္မသဘ (=သုံးသပ်ဆင်ခြင်အပ်သော)ဈျာန်က ပဌမဈျာန် ဖြစ်လျှင် သကဒါဂါမိ ပဌမဈျာန်ရမည် စသည်ဖြင့်သိလေ သုံးသပ်ဆင်ခြင်အပ်သောဈျာန် (သမ္မသိတဈျာန်) က ၅-မျိုး ရှိ၍ မဂ်စိတ် ၄-ခုဟာ ၅-မျိုးစီပြားရ၏ ဟူလို၊ (မဂ်စိတ် ၅-ခုစီပြား၍ ဖိုလ်စိတ်လည်း ၅-ခုစီပင် ပြားရတော့၏)။

**ဆောင်**။ ပါဒကဈျာန်၊ မရှိပြန်ပဲ၊ ဈျာန်တခုခု၊ သုံးသပ်မှုမျ၊ ပြုလုပ်ကလည်း၊ ရအပ်မဂ်မှာ၊ သုံးသပ်ရာ၊ တူပါသမ္မသိး

---

● ပုဂ္ဂလဇ္ဈာသယနှင့်တူစွာ သောတာပတ္တိ ဒုတိယဈျာန် ဖြစ်ပုံကို ဖော်ပြပါ။

**အဖြေ**။ ပဌမဈျာန်ကို ဝင်စားပြီးလျှင် ထိုဈျာန်မှ ထကာ ဒုတိယဈျာန်ကို သုံးသပ်ဆင်ခြင်၍ မဂ်ရလျှင် (ဝင်စားသော ပုဂ္ဂိုလ်က ဒုတိယဈျာန်ကို လိုလားသောကြောင့်) သောတာပတ္တိ ဒုတိယဈျာန်ကို ရ၏။

**အမှာ**။ ဒုတိယဈျာန်ကိုဝင်စား၍ စတုတ္ထဈျာန်ကို ဆင်ခြင်ခြင်းစသည်၌ ဝင်စားသော ဈျာန်သုံးသပ်သောဈျာန် ၂-ခုတွင် ပုဂ္ဂိုလ်က ဝင်စားသော ဈျာန်အတိုင်း လိုလားက မဂ်လည်း ဝင်စားသော ဈျာန်အတိုင်း ဖြစ်ရ၏၊ (ဝင်စားသောဈျာန်က ဒုတိယဈျာန်ဖြစ်လျှင် မဂ်လည်း ဒုတိယဈျာန် ဖြစ်၏၊) သုံးသပ်သော ဈျာန်အတိုင်း လိုလားက မဂ်လည်း သုံးသပ်သော ဈျာန်အတိုင်း ဖြစ်ရ၏၊ (သုံးသပ်သောဈျာန်က စတုတ္ထဈျာန်ဖြစ်လျှင် မဂ်လည်း စတုတ္ထဈျာန်ဖြစ်ရ၏ ဟူလို။)

**ဆောင်။** ဈာန်ကိုပင်လျှင်၊ ဝင်စားပြီးမှ၊ ထ၍တဖန်၊ ဈာန်ဟု သုံး သပ်၊ မဂ်ရလတ်မူ၊ မှတ်ယူမခြား၊ ဝင်စားသုံးသပ်၊ ထိုနှစ် ရပ်တွင်၊ လိုချင်ရာစဉ်၊ တူစွာဖြစ်၊ ပုဂ္ဂလဇ္ဈာသယခေါ်။

**အထူးမှတ်ချက်။** ပုဂ္ဂလဇ္ဈာသယ (ပုဂ္ဂိုလ်၏ရည်ရွယ်ချက်) မပါပဲ အောက်အောက်ဈာန်ကို ဝင်စား၍ အထက်အထက်ဈာန်ကို သုံးသပ်က သို့မဟုတ် အထက်အထက်ဈာန်ကို ဝင်စား၍ အောက်အောက်ဈာန်ကို သုံးသပ်က မဂ်ရလျှင် အထက် အထက် ဈာန်နှင့် တူစွာရ၏၊ ဥပမာ-ပုဂ္ဂလဇ္ဈာသယမရှိပဲ (ပုဂ္ဂိုလ်က ဘယ်ဈာန်ကိုရချင်သည်ဟု ရည်ရွယ်ချက်မထား ပဲ) ပဌမဈာန်ကိုဝင်စားပြီး ဒုတိယဈာန်ကို သုံးသပ်က(ဒုတိ ယဈာန်က အထက်ကျသောကြောင့်) မဂ်ရလျှင် ပဌမဈာန် မဂ်ကိုမရပဲ ဒုတိယဈာန်မဂ်ကို ရ၏။

---

- အလှူမကျော် စသည်တို့၌ တရားစကား ဆွေးနွေးခြင်း အဘိဓမ္မာ စကားပြောခြင်း စသည်သည် သမ္မာဝါ စာ ဖြစ်ပါမည်လော။

**အဖြေ။** ဝစီဒုစရိုက်မှ ရှောင်ကြဉ်မှု မရှိသောကြောင့် သမ္မာ ဝါစာမဖြစ်ပါ၊ သုဘာသိတ ဝါစာသာ ဖြစ်ပါ သည်။

**ဆောင်။** တရားစကား၊ ပြောသည်များ၊ မှတ်သားသုဘာသိ။ ကြဉ်မှုမပါ၊ မဖြစ်ပါ၊ မှဘ်ဘ၁ါဝိရတိ၊

**အမှာ။** သမ္မာဝါစာကား ဝိရတီစေတသိက်တည်း၊ ဝိရတီဟူသည် လည်း ရှောင်ကြဉ်ခြင်းတည်း၊ ထို့ကြောင့် ရှောင်ကြဉ်မှုမရှိ က ဝိရတီမဖြစ်နိုင်၊ မည်သို့ပဲမေးမေး ဖြေတတ်အောင် ကြံစည်ပါလေ။

● အဘယ့်ကြောင့် ဝိထိခေါ်ပါသနည်း၊ အရကိုလည်း ကောက်ပြပါ။

**အဖြေ။** လူတို့သွားရာလမ်းနှင့် တူသောကြောင့် ဝိထိခေါ်ပါသည်၊ အရကား ဝိထိစိတ် ၈၀-ရ၏။

**ဆောင်။** လမ်းတူဝိထိ၊ အရသိ၊ ဝိထိစိတ်ရှစ်ဆယ်။

---

● "ပုဗ္ဗာပရနိယာမိတ"၏ အဓိပ္ပာယ်ကို ရေးပါ။

**အဖြေ။** ဤစိတ်သည် ဤမျှသော စိတ်တို့၏ နောက်၌ဖြစ်၏။၊ ဤစိတ်၏အခြားမဲ့ ရှေ့နား၌ ဤမျှသောစိတ်တို့ ဖြစ်ကြ၏ဟု မှတ်သားခြင်းသည် ပုဗ္ဗာပရနိယာမိတ မည်၏။ (ဋီ)။

---

● ကေစိတ္တက္ခဏ၏ အချိန်ကာလကို ရေးပါ၊ (သို့မဟုတ်) ဂဏန်းဖြင့် ဖော်ပြပါ။

**အဖြေ။** လက်ဖျစ်တတွက်, မျက်စိတမှိတ် အချိန်ကာလ၏ ကုဋေတသိန်းပုံ ၁ ပုံဖြစ်ပါသည်။ (စာဖြင့်။)
၎င်းအချိန်ကာလ၏ ——————————
၁၀၀၁၀၀၀၀၀၀၀၀၀

အချိန်ကာလ=.၀၀၀၀၀၀၀၀၀၀၀၀၁- အချိန်ကာလ ဖြစ်ပါသည် (ဂဏန်းဖြင့်)။

● လေတိုက်လို့ သစ်ခက်လှုပ်သကဲ့သို့ လှုပ်ခြင်းမျိုးကို ဘဝင်လှုပ်သည်ဟု ဆိုပါသလော။

**အဖြေ။** မဟုတ်ပါ၊ ရှေးဘဝင်စိတ်နှင့် မတူသော နောက်ဝီထိစိတ်တို့၏ ဖြစ်ပေါ်လာရန် အကြောင်း၏ အဖြစ်ဖြင့် ဖြစ်ပေါ်လာခြင်းကို ဘဝင်လှုပ်သည်ဟု ဆိုပါသည်။

---

● ဝီထိစိတ်များသည် အနည်းဆုံး ဘယ်အထိ ဖြစ်ရပါသနည်း။

**အဖြေ။** အနည်းဆုံး ဝုဋ္ဌောထိအောင် ဖြစ်ရပါသည်။ (ဋီ)။

**ဆောင်။** ဝုဋ္ဌောထိအုံး, အနည်းဆုံး၊ ဖြစ်ထုံးဝီထိစိတ်။

---

● အတီတ ဘဝင်သည် အနည်းဆုံး ဘယ်နှစ်ကြိမ်၊ အများဆုံး ဘယ်နှစ်ကြိမ် ဖြစ်နိုင်ပါသနည်း။

**အဖြေ။** အနည်းဆုံး ၁ ကြိမ်၊ အများဆုံး ၁၅-ကြိမ်ဖြစ်ပါသည်၊ (နောက်မှာ ဝီထိချပြထားသည်)။

**ဆောင်။** အနည်း ၁-ထား၊ များ ၁၅၊ မှတ်သားအတီတ။

---

● ပဉ္စာရုံသည် အဘယ်အခါက စဖြစ်၍ အဘယ်အခါမှာ ထင်ခြင်းသို့ ရောက်ပါသနည်း။

**အဖြေ။** အတီတဘဝင်၏ ဥပါဒ်က စဖြစ်၍ ဘဝင်စလန၏ ဥပါဒ်မှာ ထင်ခြင်းသို့ ရောက်ပါသည်။ (ဋီ)။

**ဆောင်။** ဘဝင်အတီတ၊ ဥပါဒ်မှသာ၊ စဖြစ်လာ၍၊ စလနာဘဝင်၊ ဥပါဒ်တွင်မှ၊ ထင်လာရ၊ ပဉ္စာရုံတွေ။

● ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုတို့၏ အဓိပ္ပါယ်ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အပ္ပနာကို ပြုပြင် စီရင်တတ်သောကြောင့် ပရိကံ, အပ္ပနာ၏ အနီး၌ ဖြစ်တတ်သောကြောင့် ဥပစာ, ရှေ့ပရိကံ နောက်အပ္ပနာအား လျော်သောကြောင့် အနုလုံ,

ကာမအနွယ် ပုထုဇဉ် အနွယ်ကို ဖြတ်တောက်၍ မဟဂ္ဂုတ်လောကုတ္တရာ အရိယာအနွယ်ကို ပွားစေတတ်သောကြောင့် ဂေါတြဘု (ဋီ)။

---

● အာဂန္တုကဘဝင်၏ ကိစ္စကို တိကျစွာရေးပါ။

**အဖြေ**။ ဘဝင်ကိစ္စတပ်ပါသည် (ဋီ)။

**အမှာ**။ ဥပေက္ခာသန္တီရဏသည် ၅-ကိစ္စတပ်၏၊ ထို ၅-ကိစ္စတွင် အာဂန္တုက ဘဝင်ဖြစ်ခိုက်မှာ ဘဝင်ကိစ္စသာ တပ်၏၊ အထူးသတိပြုပါ။

**ဆောင်**။ **အာဂန္တုပင်၊ဖြစ်ရစဉ်၊ဘဝင်ကိစ္စသာ**။

---

● ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့ကို ဒွါရ, ကာလ,အာရုံတို့နှင့် တွဲစပ်ပြခဲ့ပါ။

**အဖြေ**။ ကံသည် မနောဒွါရဂ္ဂဟိတ, အတိတ် ကာလ, ဓမ္မာရုံ၊

ကမ္မနိမိတ်သည် ဆဒွါရဂ္ဂဟိတ, အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလ, ပညတ်အာရုံနှင့် အာရုံ ၆-ပါး၊

ဂတိနိမိတ်သည် မနောဒွါရဂ္ဂဟိတ, ပစ္စုပ္ပန်ကာလ, ရူပါရုံ (ဋ္ဌ)။

**ဆောင်။** မနောဒွါရ၊ အတိတနှင့်၊ ဓမ္မအာရုံ၊ ကံနှင့်ကြို၏၊ တဖုံကမ္မ-နိမိတ္တကား၊ ဆဒွါရမှန် ၊ ပစ္စုပ္ပန်တည့်,တိတ်ကာလ၊ အာရုံဆန္နှင့်၊ တဝမှတ်သိ၊ ပညတ္တိတည်း၊ ဂတိသဘော၊ မနောဒွါရုံ၊ ပစ္စုပ္ပန်နှင့်၊ ရူပံအာရုံ၊ ပြုဖို့ကြိုသည်၊ လုံးစုံမှတ်ဖို့ အချက်တည်း။

---

● "ပုထုဇ္ဇနာသန် သေက္ခာသန်" ၌ပုထုဇ္ဇန အရ သေက္ခ အရ တို့ကိုကောက်ပြပါ။

**အဖြေ။** ပုထုဇ္ဇနအရ တိဟိတ်ပုထုဇဉ်, သေက္ခအရ သေက္ခပုဂ္ဂိုလ် ၇-မျိုးဖြစ်ပါသည်။

**ဆောင်။** ပုထုဇ္ဇနာသန်၊ သေက္ခာသန်၌၊ အရပုထု၊ တိဟိတ်ရှုလေ့၊ တခုသေက္ခ၊ ပုဒ်အရ၊ သေက္ခအားလုံးယူ။

---

● ရတနတ္တယ ပဏာမအရကို ကောက်ပြ၍ ဇောဖြင့်ပိုင်းခြားပြခဲ့ပါ။

**အဖြေ။** ရှိခိုးခြင်းကြိယာကို ပြီးစေတတ်သော ကုသိုလ်စေတနာ ဖြစ်ပါသည်။ ပဥ္စမဇော စေတနာဖြစ်ပါသည်။

---

● ၁-နိရောဓ သမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ်, ၂-ဘုံ, ၃-ချုပ်သောရုပ်, ၄-ကြွင်းသော ရုပ်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ၁-ဒွိနာဂါမိ ရဟန္တာ,
၂-ကာမဘုံ အရူပဘုံ,
၃-စိတ္တဇရုပ်,
၄-ကမ္မဇ ဥတုဇ အာဟာရဇရုပ်။

**ဆောင်**။ နာဂါမ်, ရဟန္တာ၊ ကာမာ, ရူပ၊ ဝင်စားရ၍၊ စိတ္တဇ ချုပ်၊ ကြွင်းသည့်ရုပ်၊ မချုပ်နိုင်ရာဓ။

**မှတ်ချက်**။ ထမင်းအသက် ၇-ရက်ဆိုသောကြောင့် ကာမဘုံမှာ ၇-ရက်သာ ဝင်စားနိုင်သည်၊ ရူပဘုံမှာကား ရက်ပေါင်း များစွာ ဝင်စားနိုင်၏။

---

● ၁-ပုထုဇဉ်သာ ရသောဘုံ, ၂-အရိယာသာ ရသော ဘုံ, ၃-ပုထုဇဉ်အရိယာ ၂-မျိုးလုံးရသော ဘုံတို့ကို ဖော်ပြပါ။

**အဖြေ**။ ၁-အပါယ် ၄-ဘုံ, အသညသတ်ဘုံ၊
၂-သုဒ္ဓါဝါသ ၅-ဘုံ၊
၃-ကြွင်း ၂၁-ဘုံ။

**ဆောင်**။ အပါယ်အသည၊ ပုထုမျှတည်း၊ သုဒ္ဓ-ရိယာ၊ အကြွင်းမှာ၊ နှစ်ဖြာရစကောင်း။

---

● "ဝိထိစိတ္တာ ဝသာနေ, ဘဝင်္ဂပါတော ဝေါ"တို့ဖြင့် မရဏာသန္န ဝီထိပေါင်း မည်မျှ ရှိသည်ဟု ပြပါသနည်း။

**အဖြေ**။ ဝိထိစိတ္တာဝသာနေဖြင့် ၁-တဒါရုံနောင် စုတိ, ၂-ဇောနောင်စုတိကျသော ၂-ဝီထိကို ပြပါသည်။

ဘင်္ဂါဝသာနေဖြင့် ၁-တဒါရုံ ဘဝင်နောင်စုတိ, ၂-ဇောဘဝင်နောင် စုတိကျသော ၂-ဝီထိကို ပြပါသည်၊ ပေါင်း ၄-ဝီထိ။

---

● မရဏာသန္နဝီထိ ၄-မျိုးကို ချပြပါ။

**အဖြေ**။ အောက်ပါအတိုင်း ဖြစ်ပါသည်။

**၁**-တီ န ဒ ပ စ သံ တီ ဝု ဇော ၅ ရုံ ရုံ စု(ပဋိသန္ဓေ)
**၂**-တီ န ဒ ပ စ သံ တီ ဝုံ ဇော ၅ စု ( ။ )
**၃**-တီ န ဒ ပ စ သံ တီ ဝု ဇော ၅ ရုံ ရုံဘဝင်စု ( ။ )
**၄**-တီ န ဒ ပ စ သံ တီ ဝု ဇော ၅ ဘဝင်စု ( ။ )

---

● ရူပပြဟ္မာများ သေလျှင် ကြက်ဖြစ်နိုင် မဖြစ်နိုင် သင်္ဂဟထောက်၍ ဖြေခဲ့ပါ။

**အဖြေ**။ မဖြစ်နိုင်ပါ။

ရူပါဝစရစုတိယာ၊ အဟေတု ရဟိတာသိယုံ။

● ပုဂ္ဂိုလ်စိတ်အရကို အသေးစိတ် ဖော်ပြခဲ့ပါ။

**အဖြေ**။ ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်, မဂ်ပုဂ္ဂိုလ် ၄-ယောက်၊ ဈာန်ရကာမဖိုလ်ပုဂ္ဂိုလ် ၄-မျိုးတို့ကို ဝီထိပိုင်း၌ ရေးခဲ့ပြီ။

**ဈာန်မရ ကာမတိဟိတ်** မှာ အကုသိုလ် ၁၂၊ ဟသိကြဉ် အဟိတ် ၁၇၊ မဟာကုဝိ ၁၆၊ ပေါင်း ၄၅-ရ၏။

**ဈာန်မရကာမသောတာပန်**မှာ ဒိဋ္ဌိဂတ ဝိပ္ပယုတ် ၄၊ ဒေါသမူ ၂၊ ဥဒ္ဓစ္စ ၁၊ ဟသိကြဉ် အဟိတ် ၁၇၊ မဟာကု-ဝိ ၁၆၊ သောတာပတ္တိဖိုလ် ၁၊ ပေါင်း ၄၁-ရ၏။

**ဈာန်မရကာမသကဒါဂါမ်** မှာ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄၊ ဒေါသမူ ၂၊ ဥဒ္ဓစ္စ ၁၊ ဟသိကြဉ် အဟိတ် ၁၇၊ မဟာကု-ဝိ ၁၆၊ သကဒါဂါမိဖိုလ် ၁၊ ပေါင်း ၄၁-ရ၏။

**ဈာန်မရကာမအနာဂါမ်**မှာ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄၊ ဥဒ္ဓစ္စ ၁၊ ဟသိကြဉ် အဟိတ် ၁၇-မဟာကု-ဝိ ၁၆၊ အနာဂါမိဖိုလ် ၁၊ ပေါင်း ၃၉-ရ၏။

**ဈာန်မရ ကာမရဟန္တာ** မှာ အဟိတ် ၁၈၊ မဟာဝိ-ကြိ ၁၆၊ အရဟတ္တဖိုလ် ၁၊ ပေါင်း ၃၅-ရ၏။

**ရူပတိဟိတ်**မှာ လောဘမူ ၈၊ ဒေါသမူ ၂၊ စက္ခု ၂၊ သောတ ၂၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃၊ အာဝဇ္ဇန်း ၂၊ မဟာကု ၈၊ မဟာဂ္ဂုတ်ကု-ဝိ ၁၀၊ ပေါင်း ၄၇-ရ၏။

**ရူပသောတာပန်**မှာ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄၊ ဥဒ္ဒစ္စ ၁၊ စက္ခု ၂၊ သောတ ၂၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃၊ အာဝဇ္ဇန်း ၂၊ မဟာကု ၈၊ မဟာဂုတ်ကုဝိ ၁၀၊ သောတာပတ္တိဖိုလ် ၁၊ ပေါင်း ၄၃ ရ၏၊ (သကဒါဂါမ်, အနာဂါမ်တို့မှာ မိမိဖိုလ်ပြောင်းထည့်၍ ၄၃-ခုစီရ၏။

**ရူပရဟန္တာ**မှာ စက္ခု ၂၊ သောတ ၂၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃၊ အဟိတ်ကြိယာ ၃၊ မဟာကြိယာ ၈၊ ရူပဝိ-ကြိ ၁၀၊ အရူပကြိ ၅၊ အရဟတ္တဖိုလ် ၁၊ ပေါင်း ၃၅-ရ၏။

**အရူပတိဟိတ်** မှာ လောဘမူ ၈၊ မောဟမူ ၂၊ မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကု ၈၊ အရူပကုဝိ ၈၊ ပေါင်း ၂၇-ရ၏။

**အရူပသောတာပန်**မှာ ဒိဋ္ဌိဂတ ဝိပ္ပယုတ် ၄၊ ဥဒ္ဒစ္စ ၁၊ မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကု ၈၊ အရူပကုဝိ ၈၊ သောတာပတ္တိ ဖိုလ် ၁၊ ပေါင်း ၂၃-ရ၏၊ (သကဒါဂါမ်၊ အနာဂါမ်တို့မှာ မိမိဖိုလ်ပြောင်း ထည့်၍ ၂၃-စီပင်ရ၏။)

**အရူပရဟန္တာ**မှာ မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကြိယာ ၈၊ အရူပ ဝိ-ကြိ ၈၊ အရဟတ္တဖိုလ် ၁၊ ပေါင်း ၁၈-ရ၏။

**အမှာ**။ အပိုးရမေးခွန်းမှာကား ခွဲမေးလိုမည်၊ ဖြေနိုင်အောင် အထူးလေ့ကျင့်ထားပါ၊ ၎င်းပြင် "ကာမတိဟိတ်နှင့် ရူပတိဟိတ် အထူးကိုရေးပါ" ဟု မေးသူးပြီ၊ စိတ်နှအား ဖြင့် အထူးကိုရေးနိုင်၏၊ သို့မဟုတ် ကာမတိဟိတ်ကား ဈာန် ရမရ ၂-မျိုးရှိ၍ ရူပတိဟိတ်ကား ဈာန်ရတမျိုးသာ ရှိပါသည်ဟုလည်း ဖြေနိုင်ပေသည်။

---

● ဇဝ္ဇနခ္ခ (=ပဋိသန္ဓေအားဖြင့် ကန်းသူ) ဆိုထားရာ အဏ္ဍဇ, ဇလာဗုဇသတ္တဝါမျိုးမှာ ပဋိသန္ဓေအခါ၌ စက္ခုပသာဒ မဖြစ်သေးရကား ဇစ္စန္ဓဟု ခေါ်ရတော့မည်လော။

**အဖြေ**။ မခေါ်ရပါ၊ ပဋိသန္ဓေနောင် သတ္တမ သတ္တာဟ (=၄၉-ရက်မြောက်နေ့) ၌ စက္ခုဖြစ်၏၊ ထိုစက္ခုဖြစ်ချိန်မှာ စက္ခုမဖြစ်သူကိုသာ ဇစ္စန္ဓ ခေါ်ရပါသည်။ (ဋီ)။

**အမှာ**။ သံသေဒဇ သတ္တဝါ, ဥပပါတ်သတ္တဝါတို့ကား ပဋိသန္ဓေခဏ၌ စက္ခုဖြစ်ရ၏၊ မဖြစ်လျှင် ဇစ္စန္ဓသာ ဖြစ်ရတော့၏။

---

● "ပဋိသန္ဓိ ဘဝင်္ဂ" စသော ဂါထာ၌ ပဋိသန္ဓေ, ဘဝင်,စုတိတို့သည် တဘဝ၌ ဘုံ, ဇာတ်, သမ္ပယောဂ, သင်္ခါရ, အာရုံအားဖြင့် တူကြ၏-ဟု ဆိုထားရာ အမြဲမှတ်ယူရမည်လော။

**အဖြေ**။ အဂန္တုကဘဝင်စိတ်သည် ပဋိသန္ဓေစိတ်နှင့် အာရုံချင်း မတူသောကြောင့် အမြဲမမှတ်ရပါ။ (ဋီ)။

● အာစိဏ္ဏကံက အားကြီးပါလျက် အဘယ့်ကြောင့် အာသန္နကံက အရင် အကျိုးပေးရပါသနည်း။

အဖြေ။ သေခါနီးကာလနှင့် နီးသောကြောင့် ဖြစ်ပါသည်။ (ဋီ)။

ဆောင်။ သေခါနီးရ၊ ချိန်အခါနှင့်၊ နည်းရှာလေရ၊ အာသန္န၊ ဦးစွာ အကျိုးပေး။

အမှာ။ နွားခြံတခုထဲမှာ ဖျပ်လပ်သန်မာသော နွားများ ရှိသော်လည်း ခြံဝမှာအိပ်သော နွားအိုကြီးသည် အရင်ဆုံးထွက်ရ သကဲ့သို့ မှတ်၊

---

● သုစရိုက် ၁၀-ပါးကို ဖော်ပြခဲ့ပါ။

အဖြေ။ ၁-ပါဏာတိ ပါတာ ဝိရတိ, ၂-အဒိန္နာ ဒါနာ ဝိရတိ, ၃-ကာမေသု မိစ္ဆာစာရာ ဝိရတိ, ၄-မုသာ ဝါဒါ ဝိရတိ, ၅-ပိသုဏာဝါစာ ဝိရတိ,၆-ဖရုသဝါစာ ဝိရတိ, ၇- သမ္ဖပ္ပလာပါ ဝိရတိ, ၈- အနဘိဇ္ဈာ, ၉-အဗျာပါဒ, ၁၀-သမ္မာဒိဋ္ဌိ။

အမှာ။ ဒုစရိုက် ၁၀-ပါး ရေ ပါဆိုက ဝိရတိပုဒ်ကိုဖြုတ် ၈, ၉, ၁၀-တို့၌ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိဟု ရေးပါ။

---

● "နွားကိုသတ်သော သူများသည် နွားမွေးနှင့်အမျှ ပြန်ပြီးအသတ်ခံရတတ်သည်"ဟု ရှေးလူကြီးများက ဆိုးမကြရာ ဟုတ်နိုင်ပါမည်လော။

အဖြေ။ ဟုတ်နိုင်ပါသည်။ သို့ရာတွင် တထစ်ချတော့ မမှတ် သင့်ပါ။

ဆောင်။ နွားကိုသာ်က၊ မွေးအမျှ၊ ခံရဖြစ်နိုင်သည်။
အမှာ။ လက်ဖျစ်တတွက် အချိန်မှာ စိတ်ပေါင်း ကုဋေတသိန်းမျှ ဖြစ်၏ဟု ဥဒါန်းအဋ္ဌကထာ၌ ဆိုလားရာ နွားသတ်နေစဉ်မှာ စိတ်ပေါင်း မရေတွက်နိုင်အောင် ဖြစ်ပေလိမ့်မည်၊ ဇောစိတ်တိုင်းမှာပင် စေတနာယှဉ်၏၊ စေတနာ တခုတခုက ပဋိသန္ဓေကျိုး တခုစီပေးနိုင်ရကား နွားမွေးထက်ပင် ပို၍ အသတ်ခံရပေလိမ့်မည်။ သို့ရာတွင် အခြား ကုသိုလ်ကံကလည်း ကယ်ဆယ်နိုင်သေးသော ကြောင့် တထစ်ချ မမှတ်သင့်ပါ။

---

● "ပါကဋ္ဌာနဝသေန"၌ ပါကဋ္ဌာနအရကိုရေးပါ။
အဖြေ။ ၃၁-ဘုံ ဖြစ်ပါသည်။ (ဋီ)။
ဆောင်။ ပါကဋ္ဌာန၊ ထိုအရ၊ ယူရဘုံအားလုံး။

---

● "ပါကကာလ ဝသေန"၌ ပါကကာလ အရကို ဖော်ပြပါ။
အဖြေ။ ကံပြုပြီးစ အခါမှစ၍ နိဗ္ဗာန်ရောက်ရာ အခါတိုင် အောင် ဖြစ်ပါသည်။ (ဋီ)
ဆောင်။ ကံပြုပြီးမှ၊ နိဗ္ဗာန်ကျ၊ ပါကကာလခေါ်။

---

● "ကိစ္စဝသေန"၌ ကိစ္စအပြားကို ဖော်ပြခဲ့ပါ။
အဖြေ။ ဇနန, ဥပတ္ထမ္ဘန, ဥပပီဠန, ဥပဃာတန အားဖြင့် ၄-ပါးဖြစ်ပါသည်။ (ဋီ)။

---

● ဇီဝိတိန္ဒြေကိုချရာ၌ ရုပ်ဇီဝိတိန္ဒြေ, နာမ်ဇီဝိတိန္ဒြေ ၂-ပါးတွင် အဘယ်ဇီဝိတိန္ဒြေကိုသာ ချနိုင်ပါသနည်း။

**အဖြေ**။ ရုပ်ဇီဝိတိန္ဒြေကိုသာ ချန်နိုင်ပါသည်။ (ပါဠ)။
**ဆောင်**။ ရုပ်ဇီဝိသာ၊ ချန်နိုင်ပါ၊ နာမ်မှာ မချန်နိုင်။
**မှတ်ရန်**။ ပါဠ=ပါရာဇိကကဏ္ဍ အဋ္ဌကထာ။

---

● ဥဘတောဗျည်းတယောက် ပုရိသအသွင်ဖြင့် မိန်းကလေးတယောက်နှင့် ပျော်ပါးပြီး မွေးဖွားလာသောသားက ၎င်းဥဘတောဗျည်းကို သတ်လျှင် မာတုဃာတကကံ ထိုက်မည်လော ပိတုဃာတကကံ ထိုက်မည်လော။

**အဖြေ**။ ပိတုဃာတကကံ ထိုက်ပါသည်။
**ဆောင်**။ ဥဘတောဗျည်းမ-က၊ ပုရိသအသွင်၊ တပါးကညာခင်နှင့်၊ ပေါင်းဖက်ကာ သန္ဓေပေး, မွေးသည့် သားချင်၊ မချစ်ခင်, မကြင်နာဆိုသား၊ ထိုဗျည်းကို သေအောင်သတ်လျှင်၊ ဖ-သတ်ကံ သည်အချက်တွင်၊ ဆုံးဖြတ်ဉာဏ် သည်နှယ်သက်တယ်၊ မြွက်ကဲ့ထင်ရှား။ (မန်လည်ဆရာတော်)

---

● အကုသလကမ္မပထတရား ၁၀-ပါး၌ သုရာပါနကို အဘယ့်ကြောင့် မဆိုပါသနည်း။

**အဖြေ**။ ကာမေသု မိစ္ဆာစာရ၌ သင်္ဂြိုဟ် ရေတွက် အပ်သောကြောင့် မဆိုပါ။ (ဋီ)။

---

● မိ-ဖ-ဆရာသမားများက သားသမီးတပည့်တို့အား ကြိမ်းမောင်းဆဲဆိုရာ၌ ဖရုသဝါစာ ဖြစ်မဖြစ် စိစစ်ဖော်ပြခဲ့ပါ။

**အဖြေ**။ စိတ်ထားနူးညံ့သောကြောင့် မဖြစ်ပါ။ (ဋီ)။

● စကားပြော ချိုသာစွာဖြင့် ကြိုးမိန့် ပေးနေသော တရားသူကြီး၏ စကားကို ဖရုသဝါစာ မဟုတ်ဟု မှတ်ယူရမည်လော။

**အဖြေ**။ စကားပြော ချိုသာသော်လည်း စိတ်ထားကြမ်းသောကြောင့် ဖရုသဝါစာပင် ဖြစ်ပါသည်။ (ဋီ)။

အကုသလ ကမ္မပထတရား ၁၀-ပါး၏ မူလကို ပြဆိုရာ၌ လောဘနှင့် ဒေါသကိုသာ ပြဆို၍ အဘယ့်ကြောင့် မောဟ မပြဆိုပါသနည်း။

**အဖြေ**။ အကုသလ ကမ္မပထတရား ၁၀-ပါးလုံး၏ မူလဖြစ်နေသောကြောင့် မပြဆိုပါ။ (ဋီ)။

---

● မိမိပြုလုပ်ထားသော ကောင်းမှုများကို အမျှ ပေးဝေ (=ပတ္တိဒါန) ပြုလျှင် လျော့နည်းသွားသည်ဟု တချို့လူများက ပြောဆိုကြရာ ဟုတ်ပါမည်လော။

**အဖြေ**။ မဟုတ်ပါ၊ အမျှပေးဝေပါက ကောင်းမှုကုသိုလ်များ လျော့ပါးမှု လုံးဝမရှိပဲ တိုးမြဲတိုးပါသည်။ (အဋ္ဌသာလိနီ)။

---

● "တဒေဝ စိတ္တံ ယာဝ စုတိ စိတ္တုပ္ပါဒါ"၌ ပဋိသန္ဓေစိတ်မှာ ချုပ်သွားပြီးဖြစ်ပါလျက် အဘယ့်ကြောင့် ပဋိသန္ဓေစိတ်သည်ပင် ဘဝင်စိတ်, စုတိစိတ်ဖြစ်သည်ဟု ဆိုထားရပါသနည်း။

**အဖြေ**။ ပဋိသန္ဓေစိတ်နှင့် ဘဝင်စိတ်, စုတိစိတ်တို့သည် ဘုံ, ဇာတ်, သမ္ပယောဂ, သင်္ခါရ, အာရုံအားဖြင့် တူကြသောကြောင့် သဒိသူပစာ အားဖြင့် ဆိုပါသည်။ (ဋီ)။

---

● ''ဒုတိယဇ္ဈာန ဝိပါကံ တတိယဇ္ဈာန ဝိပါကဉ္စ ဒုတိယဇ္ဈာန ဘူမိယံ''၌ အဘယ့်ကြောင့် တတိယစျာန်ဝိပါက်သည် ဒုတိယစျာန်ဘုံမှာ ဖြစ်ရပါသနည်း။

**အဖြေ**။ ဘုံက ၄-မျိုးဖြစ်၍ စျာန်စိတ်က ၅-မျိုး (=ပဉ္စကနည်း) ဖြစ်သောကြောင့်တည်း။ (ဋီ)။

**အမှာ**။ အဘယ့်ကြောင့် စတုတ္ထစျာန်ဝိပါက်က **တတိယစျာန်ဘုံမှာ** ပဉ္စမစျာန်ဝိပါက်က စတုတ္ထစျာန်ဘုံမှာ ဖြစ်ရပါသနည်းဟု မေးကလည်း ဤအဖြေပင်။

---

● ရဟန္တာပုဂ္ဂိုလ်၏ စုတိစိတ်သည် အဘယ်ကို အာရုံပြုပါသနည်း။

**အဖြေ**။ ထင်လာတိုင်းသော နာမ်ရုပ်တရားများနှင့် ကသိုဏ်းစသော နိမိတ်များကို အာရုံပြုပါသည်။ (ဋီ)။

**ဆောင်**။ မြတ်ရဟန္တာ၊ စုတိမှာကား၊ ထင်လာလေပြား၊ နာမ်ရုပ်များနှင့်၊ ထင်ရှားနိမိတ္တ၊ ကသိုဏ်းစ၊ မှတ်ကြအာရုံပြု။

---

● အဘယ်ပစ္စုပ္ပန်အာရုံများ ထင်ရှားရှိနေစဉ် သတ္တဝါများ စုတေကြပါသနည်း။

**အဖြေ**။ ပဥ္စဒွါရ ကမ္မနိမိတ်အာရုံ, မနောဒွါရ၌ ဂတိနိမိတ် အာရုံများ ထင်ရှားရှိနေစဉ် စုတေကြပါသည်။

---

● "ဆဒွါရဂ္ဂဟိတံ ကမ္မနိမိတ္တံ ဂတိနိမိတ္တဉ္စ"၌ နိမိတ် ၂-ခုလုံး ဆဒွါရဂ္ဂဟိတ ဖြစ်ပါသလော။

**အဖြေ**။ မဟုတ်ပါ၊ ကမ္မနိမိတ်သာ ဆဒွါရဂ္ဂဟိတ ဖြစ်၍ ဂတိနိမိတ်ကားမနောဒွါရဂ္ဂဟိတဖြစ်ပါသည်။ (ဋီ)။

---

● ငရဲကြီး ၈-ထပ်နှင့် ၎င်းတို့၏ အသက်တမ်းကို လူ့ အရေအတွက်ဖြင့် ဖော်ပြခဲ့ပါ။

**အဖြေ**။ အောက်ပါအတိုင်း ဖြစ်ပါသည်။

| ငရဲ | အသက်တမ်း |
|---|---|
| ၁။ သဉ္ဇီဝ | ၁၂၂၀၀၀၀၀၀၀၀၀၀-နှစ် |
| ၂။ ကာဠသုတ် | ၄၈၈ သုညဆယ်လုံး |
| ၃။ သံဃာတ | ၁၉၅၂ ။ ။ |
| ၄။ ရောရုဝ | ၇၈၀၈ ။ ။ |
| ၅။ မဟာရောရုဝ | ၃၁၂၃၂ ။ ။ |
| ၆။ တာပန | ၁၂၄၉၂၈ ။ ။ |
| ၇။ မဟာတာပန | ½အန္တရကပ် |
| ၈။ အဝီစိ | အန္တရကပ် ၁-ကပ် |

**အမှာ**။ **စတုမဟာရာဇ်** အနှစ် ၅၀၀-သည် သဉ္ဇီဝငရဲတရက်။ သဉ္ဇီဝငရဲသက်ကား အနှစ်၅၀၀၊ ကုန်နတ်ပြည် ၅- ထပ်နှင့် ငရဲ ၅-ထပ်ကို တွဲစပ်ပါ၊ ငရဲကြီး ၈-ထပ်တွင်

အသက်တမ်းအဘိုဆုံးဖြစ်သော သဒ္ဒိုဝ်းငရဲ၏အသက်တမ်း ကိုပင် တော်တော်တန်တန် ဂဏန်းတတ်သော ပုဂ္ဂိုလ်များ ဖတ်ဘတ်ဖို့ မလွယ်ကူလှတော့၊ ငရဲကြီး ၈-ထပ်၏ ဆင်းရဲပုံကိုကား သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသော်မှ ဟောပြတော် မမှုနိုင်ခဲ့၊ သို့ဖြစ်၍ လူ့ဘဝရစဉ်အခိုက် ငရဲကြီး ၈-ထပ်မှ ကင်းလွတ်ရအောင် ကြိုးစားကြရာ၏။

---

● ကံ, စိတ်ဥတု, အဟာရ ဟူသော အကြောင်း တရားတို့ကြောင့် ရုပ်များ ဖြစ်ပါလျက် အဘယ့်ကြောင့် သဗ္ဗဉူပနေတံ ရူပံအဟေတုကံ”ဟု ဆိုရပါသနည်း။

**အဖြေ**။ လောဘစသော ဟိတ် ၆-ပါးနှင့် မယှဉ်သောကြောင့် “အဟေတုကံ (=အကြောင်းမရှိ) ဟု ဆိုပါသည်။

---

● “သဗ္ဗဉူ ပနေတံ ရူပံ သပ္ပစ္စယံ” ၌ သပ္ပစ္စယ အရ မယူထိုက်သော ရုပ်များရှိပါက သင်္ဂဟ ထောက်၍ ဖော်ပြခဲ့ပါ။

**အဖြေ**။ လက္ခဏာရုပ် ၄-ခုရှိပါသည်။

လက္ခဏာရူပါနိ နကုတောစိ ဇာယန္တိ။

---

● အဘယ့်ကြောင့် မဟာဘုတ်ခေါ်ပါသနည်း။

**အဖြေ**။ ကြီးသည်ဖြစ်၍ ထင်ရှားစွာ ဖြစ်တတ်သောကြောင့်ရင်း၊ မျက်လှည့်သမား- ဘီလူးမတို့နှင့် တူသောကြောင့်ရင်း မဟာဘုတ်ခေါ်ပါသည်။

မဟန္တာ ပါတုဘူတာတိ၊
မဟာဘူတသမာတိ ဝါ။
ဝဉ္စကတ္တာ အဘူတေန၊
မဟာဘူတာတိ သမ္မတာ။

မဟန္တာ၊ ကြီးကုန်သည်။ ဟုတ္ဝာ၊ ဖြစ်ကုန်၍။ ပါတုဘူတာ၊ ထင်ရှားဖြစ်တတ်ကုန်၏။ ဣတိဝါ၊ ထို့ကြောင့်ရင်း။ အဘူတေန၊ မဟုတ် မမှန်သော ဝတ္ထုဖြင့်။ ဝဉ္စကတ္တာ၊ လှည့်ပါး တတ်ကုန်သည်၏ အဖြစ်ကြောင့်။ မဟာဘူတသမာ၊ မျက်လှည့်သမား ဘီလူးများနှင့် တူကုန်၏။ ဣတိဝါ၊ထို့ကြောင့်ရင်း။ မဟာဘူတာတိ၊ မဟာဘုတ်တို့ဟူ၍။ သမ္မတာ၊ သမုတ်အပ်ကုန်ပြီ။

---

● ဘာဝရုပ် ၂-ခုသည် ပဝတ္တိအခါ ပဋိသန္ဓေအခါ ၂-မျိုးတွင် အဘယ်အခါမှ စ၍ ဖြစ်ပါသနည်း။

**အဖြေ**။ ကမ္ဘာဦးသားများအတွက် ပဝတ္တိအခါမှ၊ နောက်လူများ အတွက် ပဋိသန္ဓေအခါမှ စ၍ ဖြစ်ပါသည်။ (အဋ္ဌသာလိနီ)။

---

● အာပေါဓာတ်, ဝါယောဓာတ်တို့ကို အဘယ်သို့ ခေါ်ကြပါသေးသနည်း။

**အဖြေ**။ အာပေါဓာတ်ကို သမ္ဘာဝရုပ်, ဝါယောဓာတ်ကို ဗလရုပ်ဟု ခေါ်ကြပါသေးသည်၊ (အဋ္ဌသာလိနီ)။

**အမှာ။** ဗလရုပ်, သမ္ဘဝရုပ်တို့ကို ရေးပါဆိုက ဖြေတတ်ပါစေ၊ ဇရတာနှင့် အနိစ္စတာကို "ဇရာဂရုပ်"ဟု ခေါ်သေးသည်။

---

● ဣန္ဒြိယရုပ် ၈-ခုတို့တွင် အဘယ် ဣန္ဒြိယရုပ်သည် အဘယ်တရားကို အစိုးရပါသနည်း။

**အဖြေ။** ပသာဒိန္ဒြေ ၅-ပါးသည် ဝိညာဉ် ၅-ပါးကို အစဉ်အတိုင်း, ဘာဝရုပ် ၂-ပါးသည် လိင်္ဂ-နိမိတ္တ-ကုတ္တ-အာကပ္ပ ၄-ပါးကို, ဇီဝိတိန္ဒြေသည် ကလာပ်တူ ကမ္မဇရုပ်တို့ကို အစိုးရပါသည်။

---

● ပုထုဇဉ်တို့၏ စုတိစိတ်သည် ရုပ်ကို ဖြစ်စေနိုင်ပါသလော။

**အဖြေ။** ဖြစ်စေနိုင်ပါသည်။

**အမှာ။** မူလဋီကာ ဆရာအရှင်အာနန္ဒာကား မဖြစ်စေနိုင်ဟု ဆို၏၊ ဘုရားရဟန္တာတို့၏ စုတိစိတ်ကား ရုပ်ကိုမဖြစ်စေနိုင်။

---

● ဇာဂရဏစိတ်ကို ဖော်ပြခဲ့ပါ။

**အဖြေ။** အပ္ပနာဇော ဆဗ္ဗီသ ဖြစ်ပါသည်။ (ဋီ)။

---

● နိုင်လောက်သော ရန်သူကိုမြင်၍ ပြုံးရာ၌ ဒေါသစိတ်ဖြင့် ပြုံးသည် မဟုတ်ပါလော၊ အဘယ့်ကြောင့် သောမနဿဇော ၁၃-ပါးကသာ ပြုံးရယ်မှုကို ဖြစ်စေနိုင်သည်ဟု ဆိုရပါသနည်း။

အဖြေ။ နိုင်လောက်သောရန်သူကိုမြင်စဉ် ဒေါသဖြစ်၏၊ ထို နေခင် သောမနဿဖြစ်၏၊ ထိုသောမနဿဖြင့် ပြုံး သောကြောင့် ဆိုပါသည်။ (ဒေါသဖြင့် ပြုံးသည် မဟုတ်။)

---

● ကလာပ်အင်္ဂါ ၄-ပါးတို့တွင် ကေပ္ပါဒဆိုက ပြီး လျက် အဘယ့်ကြောင့် ကေနိရောဓကို ဆိုရပါသ နည်း။

အဖြေ။ နာမ် (=စိတ်, စေတသိက်) တို့ကို နှစ်စေလိုသော ကြောင့် ဆိုပါသည်။

အမှာ။ ကလာပ်ကွဲ မှိုရာကွဲသော ရုပ်တို့ကို နှစ်စေလို၍ ကေနိဿယ ကို ဆိုသည်၊ ရွှေလက္ခဏာ ၃-ပါးနှင့် ညီညွတ်သော ရုပ် များ ကေန် အတူတကွ ဖြစ်ကြသည်ဟု ပြလိုသောကြောင့် သဟဝုတ္တိနေ့ကို ဆိုသည်။

---

● သေမင်းခေါ်ရာ, မလိုက်သာ, ဘယ်အခါပါနည်း။

အဖြေ။ ပဋိသန္ဓေစိတ်မှ စ၍ စိတ္တက္ခဏ ၁၇-ချက်တိုင်အောင် သေမင်းက ခေါ်လို့မရပါ၊ (ဝါ) မသေနိုင်ပါ။

---

● ဖြစ်ပြီးအကုသိုတ်တရားများမှာ ချုပ်သွားပြီး ဖြစ် ပါလျက် အဘယ့်ကြောင့် "ဥပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော" (=ဖြစ်ပြီး အကုသိုလ်

တရားများကို မဖြစ်ရလေအောင် အားထုတ်ခြင်း) ဟု ဆိုရပါသနည်း။

အဖြေ။ ဖြစ်ပြီးအကုသိုလ်များကို နောက်ထပ် နှလုံးမသွင်းခြင်းကို "ဥပ္ပန္နာနံ။ ပ။ ဝါယာမော" ဟု ဆိုလိုသောကြောင့် ဆိုပါသည်။

---

● လောကုတ္တရာစိတ်တိုင်း ဗောဓိပက္ခိယတရား ၃၇-ပါးလုံး ရကြပါသလော။

အဖြေ။ မရပါ၊ ပဌမစျာန်မှာ ၃၇-ပါး, ဒု-တစျာန်မှာ ဝိတက်ကြဉ် ၃၆-ပါး, စ-မစျာန်မှာ ဝိတက်, ဝိစာရ ပီတိကြဉ် ၃၃-ပါး ရပါသည်။

သဗ္ဗေလောကုတ္တရေဟောန္တိ၊
နဝါ သင်္ကပ္ပပီတိယော။

---

● ဒုက္ခဖြစ်ကြောင်း တရားတွေ များစွာ ရှိပါလျက် အဘယ့်ကြောင့် တဏှာကိုသာ သမုဒယ သစ္စာ (=ဒုက္ခဖြစ်ကြောင်းအမှန်) ဟု ဆိုရပါသနည်း။

အဖြေ။ ပဓာနအကြောင်း ဖြစ်သောကြောင့် ဆိုပါသည်။ (ဠီ)။

---

● "မဂ္ဂယုတ္တာ ဖလာစေဝ, စတုသစ္စ ဝိနိဿဋာ" ဟူသော သင်္ဂြိုဟ်ပါဠိနှင့် "စတုသစ္စ ဝိနိမုတ္တော

ဧဝ ယေဝါနာမနတ္ထိ" ဟူသောနေတ္တိအဋ္ဌကထာစကား သည် ဆန့်ကျင်မနေပါသလော။

**အဖြေ**။ ရှေ့စကားကား မုချ, နောက်စကားကား မုချော ပစာရ (=မုချ×ဥပစာရ) စကားဖြစ်၍ မဆန့်ကျင် ပါ။

---

● အခြားတရားများလည်း ရှိပါလျက် အဘယ့်ကြောင့် အဝိဇ္ဇာနှင့် တဏှာကိုသာ မူလတရားဟု ဆိုရပါသ နည်း။

**အဖြေ**။ ပဋိစ္စသမုပ္ပါဒ်၏ ရှေ့ပိုင်းမူလကား အဝိဇ္ဇာ, နောက် ပိုင်းမူလကား တဏှာဖြစ်သောကြောင့် ဆိုပါသည် (ဋီ)။

---

● ပဋိစ္စသမုပ္ပါဒ်အရ သင်္ဂဟထောက်၍ တရားကိုယ် ကောက်ပြခဲ့ပါ။

**အဖြေ**။ လောကီစိတ် ၈၁, စေတသိက် ၅၂, ရုပ် ၂၈။

ဝဋ္ဋမာဗန္ဓ မိစ္စေဝံ၊
တေဘူမက မနာဒိကံ။
ပဋိစ္စသမုပ္ပါဒေါတိ၊
ပဋ္ဌပေသိ မဟာမုနိ။

---

● နိဗ္ဗာန်သည် ထင်ရှားရှိနေပါလျက် အဘယ့်ကြောင့် အတ္ထိပစ္စည်း မတပ်ပါသနည်း။

**အဖြေ**။ နိဗ္ဗာန်သည် ကာလဝိမုတ်ဖြစ်၍ ပစ္စုပ္ပန်အားဖြင့် ထင်ရှားမရှိသောကြောင့် မတပ်ပါ။ (ဋီ)။

---

- မဟဂ္ဂုတ်နိဗ္ဗာန်အရမ္မဏေ ဥပသမာနုဿတိအရမှာ နိဗ္ဗာန်ပါဝင်ပြီး ဖြစ်ပါလျက် အဘယ့်ကြောင့် ဥပသမာနုဿတိကို ထပ်ဆိုရပါသနည်း။

**အဖြေ**။ အသင်္ခတ, အမတ စသော အဖြစ်ဖြင့် မင်္ဂဖိုလ်တို့ ထက် ထူးသောကြောင့် ဆိုပါသည်။

**အမှာ**။ မဥ္ဇူ=မဏိသာရမဉ္ဇူသာကျမ်း။

---

- ကာယဂတာသတိ, အာနာပါနဿတိတို့၌ အဘယ့်ကြောင့် အနုသဒ္ဒါမပါပါသနည်း။

**အဖြေ**။ ၃၂-ကောဋ္ဌာသတို့ကို အနုလုံပဋိလုံ စီးဖြန်းခြင်းဖြင့် အဖန်ဖန် စီးဖြန်းရာ ရောက်သောကြောင့် ကာယ-ဂတာသတိမှာ အနုသဒ္ဒါမပါ။
ပစ္စုပ္ပန် သက်သက် ဝင်သက်ကို တကြိမ်သာ အာရုံပြုသောကြောင့် အာနာပါနဿတိမှာ အနုသဒ္ဒါ မပါ။

---

- "အာကာသဝဇ္ဇိတ ကသိဏေသု"၌ အဘယ့်ကြောင့် အာကာသ ကသိုဏ်းကို ကြဉ်ရပါသနည်း။

**အဖြေ**။ အာကာသ ကသိုဏ်းကို ခွါခြင်းငှါ မတတ်ကောင်း သောကြောင့် ကြဉ်ရပါသည်။ (ဋီ)။

● ဝသီဘော် ၅-ပါး၏ အဓိပ္ပာယ်ကို ဖော်ပြခဲ့ပါ။

အဖြေ။ ဈာန်အင်္ဂါတို့ကို အမြန်ဆုံးဆင်ခြင်နိုင်သော အာဝဇ္ဇန်းစိတ်၏ သတ္တိသည် အာဝဇ္ဇနဝသီဘော်,

ဈာန် ဝင် စား လို၍ ဘဝင်များစွာမကျပဲ အလိုရှိသလောက် ဈာန်စိတ်များကို ဖြစ်စေနိုင်ခြင်းသည် သမာပဇ္ဇနဝသီဘော်,

ဈာန်ဝင်စားလိုသမျှ ကာလအတွင်းဝယ် ဘဝင်မကျနိုင်အောင် ဟန့်တားလျက် ဈာန်စိတ်အစဉ်ကို ချထားနိုင်ခြင်းသည် အဓိဋ္ဌာနဝသီဘော်,

ပိုင်းခြား သတ်မှတ်ထားသောအချိန်အတိုင်း ဈာန်မှ ထနိုင်ခြင်းသည် ဝုဋ္ဌာနဝသီဘော်,

ဈာန်အင်္ဂါတို့ကို အမြန်ဆုံး ဆင်ခြင်နိုင်သော ပစ္စဝေက္ခဏာဇော၏ သတ္တိသည် ပစ္စဝေက္ခဏာ ဝသီဘော် မည်၏။

---

● ဝိပဿနုပက္ကိလေသ တရားပြဂါထာကိုရေး၍ အနက်ပေးခဲ့ပါ။

အဖြေ။ ဩဘာသော ပီတိ ပဿဒ္ဓိ၊
အဓိမောက္ခော စ ပဂ္ဂဟော။
သုခံ ဉာဏမုပဋ္ဌာန၊
မုပေက္ခာ စ နိကန္တိ စ။

ဩဘာသော = ကိုယ်ရောင် ကိုယ်ဝါရှင်း၊ ပီတိ= နှစ်သက်ခြင်းရှင်း၊ ပဿဒ္ဓိ=ကိုယ်စိတ် ၂-ပါး၏ ငြိမ်းအေးခြင်းရှင်း၊ အဓိမောက္ခော=သက်ဝင်ယုံကြည်သော သဒ္ဓါရှင်း၊ ပဂ္ဂဟော=စိတ်ကိုချီးမြှောက်တတ်သော ဝီရိယရှင်း၊ သုခံ=သုခဝေဒနာရှင်း၊ ဉာဏံ= ဝိပဿနာဉာဏ်ရှင်း၊ ဥပဋ္ဌာနံ=အာရုံ၌ မြဲမြံစွာတည်သော သတိရှင်း၊ ဥပေက္ခာစ = တတြမဇ္ဈတ္တတာ, အာဝဇ္ဇနုပေက္ခာရှင်း၊ နိကန္တိစ=နူးညံ့သော တဏှာရှင်း။

---

● အသံထွက် ရုပ်ရှင်ကို ကြည့်ရှုရာ၌ စက္ခုဒွါရ ဝီထိ, သောတဒွါရဝီထိ ၂-ခု ပြိုင်တူ ဖြစ်မည်လော။

**အဖြေ**။ မဟုတ်ပါ၊ စက္ခုဒွါရဝီထိက အရင်ဖြစ်ပါသည်။

**အမှာ**။ စိတ်ပေါင်းများစွာပါဝင်သော ဝီထိ ၂-ခု ပြိုင်တူဖြစ်ဖို့မှာ နေနေသာသာ စိတ်နှစ်ခုပင်လျှင် ပြိုင်တူဖြစ်ရိုးထုံးစံမရှိပေ၊ တခုပြီးမှ တခု ဖြစ်နိုင်ပေသည်။

---

● သဘာဝရုပ်, သလက္ခဏရုပ်, နိပ္ဖန္နရုပ်, ရူပရုပ်, သမ္မသနရုပ်တို့၏ အဓိပ္ပာယ်ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ပထဝီဓာတ်သည် ကက္ခဠတ္တ လက္ခဏာ စသည်ဖြင့် မိမိဆိုင်ရာ လက္ခဏာရှိသောရုပ်သည် သဘာဝရုပ်။ အနိစ္စတာစသော အများဆိုင်ရာ လက္ခဏာရှိသော ရုပ်သည် သလက္ခဏရုပ်။

ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား ၄-ပါး တို့ကြောင့် ဖြစ်သော ရုပ်သည် နိပ္ဖန္နရုပ်။

ရုပ်ဆိုသည့်အတိုင်း ဖောက်ပြန်တတ်သော ရုပ်သည် ရူပရုပ်။

အနိစ္စ, ဒုက္ခ, အနတ္တဟူ လက္ခဏာရေး ၃-ပါးသို့ တင်၍ ဆင်ခြင်သုံးသပ်အပ်သောရုပ်သည် သမ္မသန ရုပ် မည်၏။ (ဋီ)။

**ဆောင်**။ ကမ္မဇ္ဇတ္တာ၊ အစဖြာသည့်၊ လက္ခဏာရှိကြ၊ ဆယ့်ရှစ်ဝ၊ သဘာဝရုပ်ခေါ်။
အနိစ္စတာ၊ အစဖြာသည့်၊ လက္ခဏာရှိကြ၊ ဆယ့်ရှစ်ဝ၊ သလက္ခဏခေါ်။
ကံစိတ်စသား၊ အကြောင်းများကြောင့်၊ ထင်ရှားဖြစ်ရ၊ ဆယ့်ရှစ်ဝ၊ နိပ္ဖန္နရုပ်ခေါ်။
ရုပ်ဆိုတိုင်းပင်၊ ရှေးအစဉ်မှ၊ အသွင်ထူးထ၊ ဖောက်ပြန်က၊ ရူပရုပ်ဟုခေါ်။

---

● “ကာမာဝစရံ”၌ ကာမအရ, အဝစရအရ, ကာမာ ဝစရအရတို့ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ကာမ အရကား ကာမတဏှာ ရ၏။
(တနည်း) ကာမ ၁၁-ဘုံ ရ၏။
(တနည်း) ဝတ္ထုကာမ ကိလေသာကာမ ရ၏။
အဝစရ အရကား ကာမတဏှာ ရ၏။
(တနည်း) ကာမစိတ် ၅၄-ပါး ရ၏။

(တနည်း) ဝတ္ထုကာမ ကိလေသာကာမ ရ၏။
ကာမာဝစရ အရကား ကာမစိတ် ၅၄-ပါး ရ၏။
(တနည်း) ကာမ ၁၁-ဘုံ ရ၏။

---

● "မနောဒွါရာဝဇ္ဇနစိတ္တံ"၌ မနောအရ, မနောဒွါရ အရ, မနောဒွါရာဝဇ္ဇနအရတို့ကို ကောက်ပြခဲ့ပါ။

အဖြေ။ မနောအရကား ဝိထိစိတ် ၈၀-ရ၏၊ မနောဒွါရ အရကား မနောဒွါရာဝဇ္ဇန်းစိတ်၏ ရှေ့ကကပ်၍ ဖြစ်သော ဘဝင်စိတ် (တနည်း) ဘဝင်စိတ်အားလုံး ရ၏၊ မနောဒွါရာဝဇ္ဇနအရကား မနောဒွါရာဝဇ္ဇန်း စိတ် ရ၏။

---

● အဋ္ဌပိဋ္ဌ ပိ•သဒ္ဒါဖြင့်ပေါင်းအပ်သော မဟာကုသိုလ် စိတ်များကို ဋီကာကျော်ဆရာအလို, အရှင်ဗုဒ္ဓဒတ္တ ထေရ် အလိုအားဖြင့် ရေတွက်ပြခဲ့ပါ။

အဖြေ။ (ဋီအလို) (၁၅၀၂၀)ဖြစ်ပါသည်။
(ဗုအလို) (၁၇၂၈၀)ဖြစ်ပါသည်။ (ဋီ)။

ဆောင်။ ပဉ္စဒသ သဟဿာနိ၊
ဝီသာဓိက သတဒွ္ဓ စ။
ကာမာဝစရ ပုညာနိ၊
ဘဝန္တိတိ ဝိနိဒ္ဒိသေ။ (ဋီ)။
သတ္တရသ သဟဿာနိ၊
ဒွေသတာနိ အသီတိစ။
ကာမာဝစရ ပုညာနိ၊
ဘဝန္တိတိ ဝိနိဒ္ဒိသေ။ (ဗု)။

● "ကုသလစိတ္တာနိ"၌ ကုအရ, သလအရ, ကုသအရ, လအရတို့ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ကုအရ အကုသိုလ်စိတ္တုပ္ပါဒ်ရ၏၊ (တနည်း) စက်ဆုပ်ဖွယ် အခြင်းအရာဂုဏ်ရ၏။
သလ အရကား မဟာကုသိုလ်စိတ် ၈-ခုရ၏။
ကုသအရကား အကုသိုလ်စိတ္တုပ္ပါဒ် ရ၏။
(တနည်း) ဉာဏ် (ပညာ) ရ၏၊ (တနည်း) သဒ္ဒါ အစရှိသော တရားအပေါင်းရ၏။
လ အရကား မဟာကုသိုလ်စိတ် ၈-ခုရ၏။ (ဋီ)။

---

● "အာကာသာနဉ္စာယတန ကုသလစိတ္တံ" ၌ အာကာသအရ, အနန္တအရ, အာကာသာနန္တ အရ, အာကာသနဉ္စ အရ, အာကာသာနဉ္စာ ယတန အရတို့ကို ဖော်ပြခဲ့ပါ။

---

**အဖြေ**။ အားလုံး၏အရသည် ကသိုဏ်း ၉-ပါးတွင် တပါးပါးကို ခွါ၍ရအပ်သော ကောင်းကင် ပညတ် ရ၏။ (ဋီ)။

---

● "ဝိညာဏဉ္စာယတနကုသလစိတ္တံ"၌ ဝိညာဏအရ, အနန္တအရ, ဝိညာဏာနန္တအရ, ဝိညာဏာနဉ္စအရ ဝိညာဏာနဉ္စာယတနအရတို့ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အားလုံး၏ အရသည် ပဌမာရုပ္ပဝိညာဉ်ရ၏။ (ပဌမ အရူပစိတ် ဟူလို)။ (ဋီ)။

● အာကိဉ္စညာယတနဥ္ဈာန်အကိဉ္စနအရ, အာကိဉ္စည အရ, အာကိဉ္စညာယတန အရတို့ကို ကောက်ပြခဲ့ပါ။

အဖြေ။ အကိဉ္စန အရကား ပဌမာရုပ္ပဝိညာဉ်ရ၏၊ အာကိဉ္စညနှင့် အာကိဉ္စညာယတနအရကား နတ္ထိဘောပညတ်ရ၏။

---

● နေဝသညာ နာသညာယတနဥ္ဈာန် နေဝသညာအရ, နာသညာအရ, နေဝသညာ နာသညာအရ, နေဝသညာ နာသညာ ယတန အရတို့ကို ကောက်ပြခဲ့ပါ။

အဖြေ။ အားလုံး၏ အရသည် စတုတ္ထာရုပ္ပစျာန် ဖြစ်ပါသည်။ (ဋီ)။

---

● ကာမဘုံမှသာ ဖြစ်သော စိတ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ မဟာဝိပါက်စိတ် ၈-ခု၊ ဒေါသမူ ၂၊ ဃာနာဒိတ္တယ ဝိညာဉ် ၆၊ ပေါင်း ၁၆-ပါး။

---

● ရူပဘုံမှသာဖြစ်သော စိတ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ရူပဝိပါက် ၅-ခု။

---

● အရူပဘုံမှသာဖြစ်သော စိတ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ အရူပဝိပါက် ၄-ခု။

---

● ကာမဘုံနှင့် ရူပဘုံ ၂-ဘုံမှသာ ဖြစ်သော စိတ်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အဟိတ် ကုသလဝိပါက် စက္ခုဝိညာဉ် ၁၊ သောတဝိညာဉ် ၁၊ သမ္ပဋိစ္ဆိုန်း ၁၊ သန္တီရဏ ၂၊ ဟသိတုပ္ပါဒ် ၁၊ ရူပကုသိုလ် ၅၊ ရူပကြိယာ ၅၊ သောတာပတ္တိမဂ် ၁၊ ပေါင်း ၁၈-ပါး။

---

● ကာမဘုံ, ရူပဘုံ, အရူပဘုံ ၃-ဘုံလုံး၌ ဖြစ်သော စိတ်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ လောဘမူ ၈၊ ဒေါသမူ ၂၊ ဝုဋ္ဌော ၁၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ အရူပကုသိုလ် ၄၊ အရူပကြိယာ ၄၊ သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာစိတ် ၇၊ ပေါင်း ၄၂-ပါး။

---

● အသညသတ်မှတပါး ကျန်ဘုံ ၃၀-လုံး၌ ဖြစ်သော စိတ်များကို ဖော်ပြခဲ့ပါ။ (အသညသတ် ဘုံမှာကား စိတ်စေတသိက် လုံးဝမရှိ)။

**အဖြေ**။ လောဘမူဒိဋ္ဌိဂတ ဝိပ္ပယုတ် ၄၊ ဥဒ္ဓစ္စသဟဂုတ် ၁၊ ဝုဋ္ဌော ၁၊ မဟာကုသိုလ် ၈၊ ပေါင်း ၁၄-ပါး။

ဆောင်။ ဒိဋ္ဌိဝိပ္ပယုတ်၊ ဥဒ္ဓစ်ထုတ်၍၊ ဝုဋ္ဌောတပြာ၊ မဟာဥရှစ်ထား၊ ၁၄-ပါး၊ ဖြစ်ငြားဘုံ ၃၀။

---

● ပုထုဇဉ် သန္တာန်မှာသာ ရနိုင်သော စိတ်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဒိဋ္ဌိဂတသမ္ပယုတ် ၄၊ ဝိစိကိစ္ဆာသဟဂုတ် ၁။

ဆောင်။ ဒိဋ္ဌိသမ္ပာ၊ ဝိကိစ္ဆာဟု၊ ဤ ၅-ခု၊ ပုထုမှာသာဖြစ်။

● သောတာသန္တာန်မှာသာဖြစ်သော စိတ်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အရဟတ္တဖိုလ်ကြဉ် လောကုတ္တရာစိတ် ၇-ပါး။

**ဆောင်**။ လောကုတ်စိတ်တွင်၊ အဆုံးကြဉ်၍၊ ၇-ပင်မှချ၊ ဖြစ်ကြရ၊ သေက္ခသန္တာန်သာ။

---

● ရဟန္တာ သန္တာန်မှာသာဖြစ်သော စိတ်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အာဝဇ္ဇန်း ဒွေးကြဉ် ကြိယာစိတ် ၁၈၊ အရဟတ္တဖိုလ် ၁၊ ပေါင်း ၁၉-ပါး။

**ဆောင်**။ အာဝဇ္ဇန်း ၂၊ ကြဉ်ဖယ်ပစ်၍၊ ၁၈-ကြိယာ၊ အရဟတ္တဖိုလ် ၁၊ ၁၉-ဖြစ်၊ စင်စစ်ရဟန္တာ။

---

● ပုထုဇဉ်နှင့် သေက္ခာ ၂-ပါးလုံး၌ ရသောစိတ်ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄, ဝိစိကိစ္ဆာ သဟဂုတ် ၁, ပေါင်း ၅-ပါးကြဉ် အကုသိုလ် ၇-ပါး၊ လောကီကုသိုလ် ၁၇-ပါး၊ သတ္တရသ၊ ပေါင်း ၂၄-ပါး။

**ဆောင်**။ ဒိဋ္ဌိသမ္ပ၊ ဥဒ္ဓစ္စနှင့်၊ ဒေါသမူမှတ်၊ သတ္တရသ်မှီ၊ လောကီကု-ဘွေး၊ ၂၄၊ ဖြစ်ရေးပုသေက္ခာ။

---

● ပုထုဇဉ်, သေက္ခ, အသေက္ခ ၃-ပါးလုံး၌ ဖြစ်သော စိတ်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ လောကီဝိပါက် ဗာတ္တိံသ၊ အာဝဇ္ဇန်းဒွေး ပေါင်း ၃၄-ပါး။

**ဆောင်**။ လောကီဝိပါ၊ ဗာတ္တိံသာနှင့်၊ အာဝဇ္ဇန်းဒွေး၊ ၃၄၊ ဖြစ်ရေး သုံးပါးမှာ။

---

● အကုသိုလ် စေတသိက်တို့တွင် လောဘမူလ သာ ဓာရဏ (=လောဘမူစိတ် ၁၈-ပါးလုံး၌သာ ယှဉ် သော) စေတသိက်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ လောဘ, ဒိဋ္ဌိ, မာန ၃-ပါး။

---

● အကုသိုလ် စေတသိက်တို့တွင် ဒေါသမူလ သာဓာ ရဏ (=ဒေါသမူဒွေးမှာသာယှဉ်နိုင်သော) စေတ သိက်များကို ထုတ်ပြခဲ့ပါ။

**အဖြေ**။ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၄-ပါး။

---

● အကုသိုလ် စေတသိက်တို့တွင် လောဘမူလ ဒေါသ မူလ သာဓာရဏ (လောဘမူ ၈, ဒေါသမူ ၂, ပေါင်း ၁၀-ပါးမှာသာ ယှဉ်သော) စေတသိက် များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ထိန, မိဒ္ဓ ၂-ပါး ဖြစ်ပါသည်။

---

● အကုသိုလ် စေတသိက်တို့တွင် မောဟမူလ သာဓာ ရဏ (=မောဟမူစိတ်မှာသာယှဉ်သော) စေတသိက် ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဝိစိကိစ္ဆာ စေတသိက် ဖြစ်ပါသည်။

● ဓမ္မကထိကများ တရားဟောခြင်းသည် သမ္မာဝါစာ ဖြစ်ပါသလော။

အဖြေ။ သမ္မာဝါစာ မဖြစ်ပါ။

အမှာ။ ဝိရတိဟူသည် ဒုစရိုက်မှ ရှောင်ကြဉ်မှုတည်း၊ ထို့ကြောင့် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော ဝိရတိ ၃-ပါးသည် ဒုစရိုက်ရှောင်ကြဉ်မှု မဟုတ်က ဘယ်တော့မှ မဖြစ်နိုင်၊ အထူးသတိပြုပါ။

---

● ဝက်တကောင်ကို သတ်ရန်ပြုပြီးမှ မသတ်တော့ဘဲ ရှောင်ကြဉ်လျှင် အဘယ်ဝိရတိ ဖြစ်မည်နည်း။

အဖြေ။ စားရန်၊ သို့မဟုတ် ရောင်းချရန်ဖြစ်လျှင် (အသက်မွေးဝမ်းကျောင်းကို ငဲ့သောကြောင့်) သမ္မာအာဇီဝ ဝိရတိ ဖြစ်ပါသည်။

စားရန်, ရောင်းရန်မဟုတ်ပဲ အမြင်ကပ်လို့ဖြစ်လျှင် ( အသက်မွေး ဝမ်းကျောင်းကို မငဲ့သောကြောင့် ) သမ္မာကမ္မန္တဝိရတိ ဖြစ်ပါသည်။

---

● မောင်နီ၏ငွေ ၁၀ဝိ-ကို မောင်ဖြူက ကောက်ရထားရာ မောင်နီက မေးသောအခါ မရပါဘူးဟု လိမ်ပြောမည်ကြံပြီးမှ လိမ်မပြောဘဲ ရှောင်ကြဉ်လိုက်လျှင် မောင်ဖြူမှာ အဘယ်ဝိရတိ ဖြစ်မည်နည်း။

အဖြေ။ အသက်မွေး ဝမ်းကျောင်းကို မငဲ့က သမ္မာဝါစာ၊ အသက်မွေးဝမ်းကျောင်းကိုငဲ့က သမ္မာအာဇီဝ ဖြစ်ပါသည်။

**အဖြေ**။ အသက်မွေးမှုကိုမငဲ့ပဲ ကာယဒုစရိုက်မှ ရှောင်ကြဉ်လျှင် သမ္မာကမ္မန္တဖြစ်၍ ငဲ့က သမ္မာအာဇီဝဖြစ်၏၊ အသက်မွေးမှုကို မငဲ့ပဲ ဝစီဒုစရိုက်မှ ရှောင်ကြဉ်လျှင် သမ္မာဝါစာဖြစ်၍ ငဲ့က သမ္မာအာဇီဝဖြစ်၏၊ ဤအချက်ကို ကြပ်ကြပ် သတိပြု ထားပါ။

---

● တံငါသည် တယောက် တံငါ အလုပ်ကို မလုပ်တော့ပဲ ရှောင်ကြဉ်ပြီးလျှင် ငါးရောင်း၍ ရရှိထားသော ပစ္စည်းများကို မစွန့်ပဲ ဆက်လက် သုံးစွဲနေပါက သမ္မာအာဇီဝ ဖြစ် မဖြစ် ဖြေဆိုခဲ့ပါ။

**အဖြေ**။ သမ္မာအာဇီဝဖြစ်ရန် ပစ္စည်းကို စွန့်ရမည်ဟုမဆိုပါ၊ မိစ္ဆာဇီဝ ဒုစရိုက်အမှုကိုသာ စွန့်ရမည်ဟု ဆိုပါသည်၊ ထိုကြောင့် ထိုတံငါလူထွက်အား သမ္မာအာဇီဝ ဖြစ်ပါသည်။

---

● ပကိဏ်း စေတသိက်တို့တွင် ဝိတက်, ဝိစာရ, ပီတိ ၃-ပါးသည် အဘယ့်ကြောင့် စိတ်အကျယ်မှာ ယှဉ်ရပါသနည်း။

**အဖြေ**။ စျာနင်ဖြစ်သောကြောင့် ဖြစ်ပါသည်။

---

● ပကိဏ်း စေတသိက်တို့တွင် အဓိမောက္ခ, ဝီရိယ, ဆန္ဒ ၃-ပါးသည် အဘယ့်ကြောင့် စိတ်အကျဉ်းမှာ ယှဉ်ရပါသနည်း။

**အဖြေ**။ စျာနင်မဟုတ်သောကြောင့် ဖြစ်ပါသည်။

- သဗ္ဗထာပိ, နိယတာ, ကေတောဝ- ဟူသော ပါဠိရပ်တို့ဖြင့် ပြအပ်သော အနက်များကို အသီးသီး ဖော်ပြခဲ့ပါ။

**အဖြေ**။ "သဗ္ဗထာပိ" ဟူသောပါဠိဖြင့် ဝိရတီစေတသိက်များ လောကုတ္တရာစိတ်၌ ယှဉ်ရာဝယ် အလုံးစုံသော ဒုစရိုက် ဒုရာဇီဝတို့နှင့် ဆန့်ကျင်ဘက် အခြင်းအရာ **အားဖြင့် ဖြစ်ပုံကို ပြပါသည်။**

"နိယတာ" ဟူသော ပါဠိဖြင့် ဝိရတီ စေတသိက်များ လောကုတ္တရာစိတ်၌ယှဉ်ရာဝယ် မဟာကုသိုလ်စိတ်မှာ ယှဉ်သကဲ့သို့ ရံဖန်ရံခါ ယှဉ်သည်မဟုတ်၊ လောကုတ္တရာစိတ်ဖြစ်တိုင်း အမြဲတမ်းယှဉ်ကြသည်ဟု ပြပါသည်။

"ကေတောဝ" ဟူသောပါဠိဖြင့် ဝိရတီစေတသိက်များ လောကုတ္တရာစိတ်၌ ယှဉ်ရာဝယ် မဟာကုသိုလ်စိတ်မှာ ယှဉ်သကဲ့သို့ တခုစီတခုစီ အသီးအသီး ယှဉ်သည်မဟုတ်၊ ၃-ခုလုံး တပြိုင်နက် ယှဉ်ကြသည်ဟု ပြပါသည်။

---

- စေတသိက် ၅၂-ပါးလုံး ယှဉ်နိုင်အောင် စိတ် ၅-ပါးမျှ ထုတ်ပြခဲ့ပါ။

**အဖြေ**။ မဟာကုသိုလ် ပဌမဒွေးထဲမှ တခု၊ လောဘမူ ပဌမ သသင်္ခါရိက-၁၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုထဲမှ တခု၊

ဝိစိကိစ္ဆာသဟဂုတ်-၁၊ ပေါင်း ၅-ပါး၊ ဤ ၅-ပါး၌ စေတသိက် ၅၂-ပါးလုံး ယှဉ်ပါသည်။

---

● (က) ဝိသေသကသာဖြစ်၍ အနိယတယောဂီ မဖြစ်သော စေတသိက်၊ (ခ) အနိယတ ယောဂီသာဖြစ်၍ ဝိသေသက မဖြစ်သော စေတသိက်၊ (ဂ) ၂-ပါးစုံဖြစ်သော စေတသိက်၊ (ဃ) ၂-ပါးစုံ မဖြစ်သော စေတသိက်များကိုဖော်ပြခဲ့ပါ။

**အဖြေ**။ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ဝိတက်, ဝိစာရ, ပီတိ,ဝေဒနာ,ပညာ ၅-ပါး၊
(ခ) မာန, ထိန,မိဒ္ဓ,ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ, ၆၊
(ဂ) ဝိရတီ,အပ္ပမညာ ၅-ပါး၊
(ဃ) ကျန်စေတသိက် ၃၆-ပါး။

---

● (က) သဗ္ဗာကုသလယောဂီစေတသိက်၊ (ခ) ဧကဒေသာကုသလယောဂီ စေတသိက်၊ (ဂ) အသဗ္ဗာကုသလယောဂီ စေတသိက်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) သဗ္ဗာကုသလ သာဓာရဏ စေတသိက် ၄၊ ဆန္ဒ ပီတိ အဓိမောက္ခကြဉ် အညသမာန်း စေတသိက် ၁၀၊ ပေါင်း ၁၄-ပါး။

(ခ) သဗ္ဗ ကုသလ သာဓာရဏ စေတသိက် ၄-ပါးကြဉ် အကုသိုလ် စေတသိက် ၁၀၊ ဆန္ဒ ပီတိ အဓိမောက္ခ၊ ပေါင်း ၁၃-ပါး။

(ဂ) သောဘနစေတသိက် ၂၅-ပါး။

---

● (က) အဟိတ် ၁၈-ပါးလုံး၌ ယှဉ်သောစေတသိက်

(ခ) အဟိတ်စိတ် တချို့တဝက်၌ ယှဉ်သော စေတသိက်၊ (ဂ) အဟိတ်စိတ် ၁၈-ပါးလုံး၌ မယှဉ်သော စေတသိက်များကို ဖော်ပြခဲ့ပါ။

အဖြေ။ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ပါး။

(ခ) ဆန္ဒကြဉ် ပကိဏ်းစေတသိက် ၅-ပါး။

(ဂ) ဆန္ဒ ၁၊ အကုသိုလ်စေတသိက် ၁၄၊ သောဘန စေတသိက် ၂၅၊ ပေါင်း ၄၀။

---

● (က) စိတ်အများဆုံးမှာ ယှဉ်သော စေတသိက်

(ခ) စိတ်အနည်းဆုံးမှာ ယှဉ်သော စေတသိက်တို့ကို ဖော်ပြခဲ့ပါ။

အဖြေ။ (က) သဗ္ဗစိတ္တ သာဓာရဏ ၇-ပါး။
(ခ) ဝိစိကိစ္ဆာ စေတသိက် ၁-ပါး။

● (က) စေတသိက် အများဆုံးနှင့်ယှဉ်သောစိတ်၊
(ခ) စေတသိက် အနည်းဆုံးနှင့်ယှဉ်သော စိတ်တို့ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ (က) မဟာကုသိုလ် ပဌမဒွေး။
(ခ) ဒွေပဉ္စဝိညာဉ် ၁၀။

---

● ယောနိသော မနသိကာရ, အယောနိသော မနသိကာရတို့၏ အရကို ကောက်ပြခဲ့ပါ။

**အဖြေ**။ ၂-ခုလုံးအရ အာဝဇ္ဇန်းဒွေး ဖြစ်ပါသည်။

---

● ပဋိသန္ဓိအရ, ပဋိသန္ဓိကိစ္စအရ, ပဋိသန္ဓိဌာန အရတို့ကို ကောက်ပြခဲ့ပါ။

**အဖြေ**။ ပဋိသန္ဓိအရ, ပဋိသန္ဓေစိတ် ၁၉-ပါး ရ၏။ ပဋိသန္ဓိကိစ္စအရ ပဋိသန္ဓေစိတ် ၁၉-ပါး၏ ဘဝတခုနှင့်တခု ဆက်စပ်ပေးခြင်းကိစ္စ ရ၏၊ ပဋိသန္ဓိဌာနအရ ပဋိသန္ဓေစိတ် ၁၉-ပါး ရ၏။ (ဋီ)။

---

● ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးကို ကာလ, ဒွါရ အာရုံတို့ဖြင့် ဝေဖန်ပြခဲ့ပါ။

**အဖြေ**။ ကံသည် အတိတ်ကာလ, မနောဒွါရဂ္ဂဟိတ, ဓမ္မာရုံ၊
ကမ္မနိမိတ်သည် ပစ္စုပ္ပန် အတိတ်ကာလ ၂-မျိုး ဆဒွါရဂ္ဂဟိတ, ပညတ်အာရုံ ၆-ပါး၊

ဂတိနိမိတ်သည် ပစ္စုပ္ပန်ကာလ, မနောဒွါရဂ္ဂဟိတ, ရူပ ါရုံ။

---

● အသညသတ်ဘုံမှ စုတေသော သတ္တဝါ၏ ပဋိသန္ဓေ စိတ်သည် အဘယ်ကို အာရုံပြုပါသနည်း။

**အဖြေ**။ အသညတ်ဘုံ မရောက်ခင် အခြားမဲ့ဘဝက ပြုခဲ့သော အပရာပရိယကံသည် ထင်စေအပ်သော ကံ, ကရုံ နိမိတ်, ဂတိနိမိတ် ၃-ပါးတွင် တပါးပါးကို အာရမ္မ ပြုပါသည်။

**အမှာ**။ အခြားဘုံမှ စုတေသော သတ္တဝါတို့၏ ပဋိသန္ဓေစိတ်ကား မရဏာသန္နဇောသည် ယူပေးအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တပါးပါးကို အာရုံပြုသည်၊ အထူးမှတ်။

---

● "ကေစိသတိ ဝေါဟာရေ၊ အဋ္ဌနိဗ္ဗာန ဂေါစရေ" ၌ ဝေါဟာရအာရုံ (ပညတ်အာရုံ) အရကို ကောက်ပြ ခဲ့ပါ။

**အဖြေ**။ ကသိုဏ်းပညတ် ၁၀၊ အသုဘပညတ် ၁၀၊ ကောဋ္ဌာသပညတ် ၁၊ အာနာပါနပညတ် ၁၊ သုခိတ ဒုက္ခိတသတ္တဝါပညတ် ၁၊ ကောင်းကင်ပညတ် ၁၊ နတ္ထိဘောပညတ် ၁၊ ပေါင်း ၂၅-ပါး။

**ဆောင်**။ ကသိဏာ သုဘ၊ ကောဋ္ဌာသနှင့်၊ အာနပါနာ၊ သတ္တ ဝါပြင်၊ ကောင်းကင်ထပ်နှော၊ နတ္ထိဘောပါ၊ ဝေါဟာ ပညတ်၊ အာရုံမှတ်၊ သိအပ် ၂၅။

● တဘဝ၌ ပဋိသန္ဓေ ဘဝင် စုတိစိတ်တို့သည် ဘုံ, ဇာတ်, သမ္ပယောဂ, သင်္ခါရ, အာရုံအားဖြင့် တူကြ ၏ဟု ဆိုရာ မတူသောအရာ ရှိပါက ထုတ်ပြ ခဲ့ပါ။

အဖြေ။ ဥပေက္ခာသန္တီရဏစိတ်သည် အာဂန္တုက ဘဝင်ဖြစ် သောအခါ ပဋိသန္ဓေနှင့် အခြားဘဝင်စိတ်တို့၏ အာရုံကို အာရုံမပြုပဲ ရှေး၌ လေ့လာအပ်ဘူးသော ကာမအာရုံကို အာရုံပြုပါသည်။

အမှာ။ မတူသောအရာကား ဤအရာတခုသာရှိ၏။ အခြားနေရာ၌ အားလုံးတူကြသည်။ အထူးသတိပြုပါ။

---

● အာယုကပ်, အန္တရကပ်, အသင်္ချေယျကပ်, မဟာ ကပ်တို့၏ အပိုင်းအခြားကို ဖော်ပြခဲ့ပါ။

အဖြေ။ သတ္တဝါတို့၏ ၇၅-နှစ်တမ်း စသည်ဖြင့် အသက်တမ်း အပိုင်းအခြားသည် အာယုကပ်၊

၁၀- နှစ် တမ်း မှ အသင်္ချေယျတမ်းအထိ, တဖန် အသင်္ချေယျတမ်းမှ ၁၀-နှစ်တမ်းအထိ အတက်အကျ တစုံသည် အန္တရကပ်၊

အန္တရကပ်ပေါင်း ၆၄-ကပ်သည် အသင်္ချေယျကပ်၊ အသင်္ချေယျ ၄-ကပ်သည် မဟာကပ်တခု ဖြစ်ပါ သည်။

**အမှာ**။ မဟာကပ်တခု၌ အသင်္ချေယျကပ် ၄-ကပ်ရှိသည်၊ အန္တရကပ် ၂၅၆-ကပ် ရှိသည်၊ ဋီကာဆရာတို့က အသင်္ချေယျကပ် ၁-ခုမှာ အန္တရကပ် ၂၀-ရှိ၏ဟု ဆိုကြ၏။

---

● အရူပဘုံမှ စုတေသော သတ္တဝါသည် အောက် အောက် အရူပဘုံမှာတောင် ပဋိသန္ဓေ မနေနိုင်ပါဘဲလျက် အဘယ့်ကြောင့် ကာမဘုံမှာ ပဋိသန္ဓေနေရပါသနည်း။

**အဖြေ**။ ဥပစာရစျာန် အားကောင်းသောကြောင့် ဖြစ်ပါသည်။ (ဋီ)။

---

● အရူပဘုံမှ စုတေသော သတ္တဝါသည် အဘယ့်ကြောင့် ကာမဘုံ၌ ဒွိဟိတ်ပုဂ္ဂိုလ်, အဟိတ်ပုဂ္ဂိုလ် မဖြစ်နိုင်ပါသနည်း။

**အဖြေ**။ ဥပစာရစျာန် အားကောင်းသောကြောင့် ဖြစ်ပါသည်။ (ဋီ)။

**အမှာ**။ အရူပဘုံမှ စုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေက တိဟိတ် ပဋိသန္ဓေသာ နေနိုင်သည်။

---

● ရူပဘုံမှ စုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေသော သတ္တဝါသည် အဘယ့်ကြောင့် ဒွိဟိတ် ဩမက ပဋိသန္ဓေ, အဟိတ်ပဋိသန္ဓေ မနေပါသနည်း။

**အဖြေ**။ ဥပစာရစျာန်၏ အာနုဘော်ကြောင့် ဖြစ်ပါသည်။ (ဋီ)။

**အဖြေ**။ ရှုပဘုံမှ စုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေက တိဟိတ် ပဋိသန္ဓေနှင့် ဒွိဟိတ်ဉက္ကဋ္ဌ ပဋိသန္ဓေသာ နေနိုင်သည်။

---

● ဥပါဒါရုပ်တို့၏ လက္ခဏာကိုပြသော သင်္ဂဟ ပါဠိ ထုတ်ပြပါ။

အဖြေ။ စတုန္နံ မဟာဘူတာနံ ဥပါဒါယ ရူပံ။ (ဝ္ဆိ)။

---

● ဟဒယ ဝတ္ထုရုပ်ရှိကြောင်းကို ယုတ္တိပြ၍ဖြေဆိုခဲ့ပါ။

အဖြေ။ ကာမသတ္တဝါ, ရူပသတ္တဝါတို့၏ မနောဓာတ်, မနောဝိညာဏဓာတ် ၂-ပါးသည် ရုပ် ၂၈-ပါးတွင် တပါးပါးကို မှီရမည်။

ထိုတွင် မဟာဘုတ် ၄-ပါးသည် ဥပါဒါရုပ်တို့၏ မှီရာဖြစ်သောကြောင့် မဟာဘုတ် ၄ ပါးကို မမှီနိုင်၊ ကျန်ရုပ် ၂၄-ပါးတွင် အနိပ္ဖန္နရုပ် ၁၀-ခုသည် ပရမတ်အစစ် မဟုတ်သောကြောင့် အနိပ္ဖန္နရုပ် ၁၀-ပါးကိုလည်း မမှီနိုင်၊ ကျန်ရုပ် ၁၄-ပါးတွင် စက္ခုသောတ ဃာန ဇိဝှာ ကာယ ၅-ပါးသည် ပဉ္စဝိညာဉ်၏ မှီရာဖြစ်သောကြောင့်ရင်း ၅-ပါးကိုလည်း မမှီနိုင်၊ ကျန်ရုပ် ၉-ပါးတွင် ရူပ သဒ္ဒ ဂန္ဓ ရသ ဩဇရုပ်တို့သည် ဗဟိဒ္ဓသန္တာန်မှာလည်း ဖြစ်သောကြောင့်ရင်း ၅-ပါးကိုလည်း မမှီနိုင်၊ ကျန်ရုပ် ၄-ပါးတွင် ဇီဝိတရုပ်သည် သဟဇာတ ရုပ်တို့ကို စောင့်ရှောက်ရခြင်း ကိစ္စတပါး ရှိနေသောကြောင့် ဇီဝိတရုပ်ကိုလည်းမမှီနိုင်၊ ကျန်ရုပ် ၃-ပါး

တွင် မနောဓာတ် မနောဝိညာဏဓာတ် ၂-ပါးသည် ဘာဝရုပ်မရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်း ဖြစ်သောကြောင့် ဘာဝရုပ် ၂-ပါးကိုလည်း မမှီနိုင်။

ထို့ကြောင့် ကျန်နေသော ဥပါဒါရုပ် ၁-ပါးကိုသာ မနောဓာတ် မနောဝိညာဏ ဓာတ်တို့က မှီရတော့မည်၊ ထိုဥပါဒါရုပ် ၁-ပါးကား အခြားမဟုတ် ဟဒယဝတ္ထုပင် ဖြစ်တော့၏၊ ဤကား ယုတ္တိသွင်း၍ ဖြေရှင်းခြင်းတည်း။

နိပ္ဖန္နဘူတိကာဓာရော၊
ဒွေဓာတူ ကာမရူပိနံ။
ရူပါနုဗန္ဓဝုတ္တိတ္တာ၊
စက္ခုဝိညာဏာဒယော ဝိယ။
စက္ခာဒိံ နိဿိတာ နေတာ၊
တဿညာ ဓာရဘာဝတော။
နာပိ ရူပါဒိကေ တေသံ၊
ဗဟိဒ္ဓါပိ ပဝတ္တိတော။
နစာပိ ဇီဝိတံ တဿ၊
ကိစ္စန္တရနိယုတ္တိတော။
နစ ဘာဝဒွယံ တသ္မိံ၊
အသန္တေပိ ပဝတ္တိတော။
တသ္မာ တဒညံ ဝတ္ထုံ တံ၊
ဘူတိကန္တိ ဝိဇာနိယံ။ (ဋီ)။

ကာမ ရူပိနံ၊ ကာမဘုံသား ရူပဘုံသားတို့၏။ ဒွေ၊ ၂-ပါးကုန်သော။ ဓာတူ၊ မနောဓာတ် မနောဝိညာဏဓာတ် တို့သည်။ စက္ခုဝိညာဏာ ဒယော ဝိယ၊ စက္ခုဝိညာဉ် အစရှိသည်တို့ကဲ့သို့။ ရူပါနုဗန္ဓဝုတ္တိတ္တာ၊ ရုပ်သို့အစဉ်လိုက်၍ ဖြစ်ခြင်း ရှိကုန်သည်၏ အဖြစ်ကြောင့်။ နိပ္ဖန္န ဘူတိကာဓာရာ၊ နိပ္ဖန္နဉပါဒါရုပ် ဟူသော မှီရာ ရှိကုန်၏။

ဧတော၊ ဤဓာတ် ၂-ပါးတို့သည်။ စက္ခာဒိံ၊ စက္ခု အစရှိသော ပသာဒရုပ် ၅-ပါးကို။ နနိဿိတာ၊ မမှီနိုင်ကုန်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ တဿ၊ ထို စက္ခုအစရှိသော ပသာဒရုပ် ၅-ပါး၏။ အညာဓာရဘာဝတော၊ တပါးသော ပဉ္စဝိညာဉ်၏ မှီရာ၏အဖြစ်ကြောင့်တည်း။ ရူပါဒိကေပိ၊ ရူပ အစရှိသည်တို့ကိုလည်း။ နနိဿိတာ၊ မမှီနိုင်ကုန်။ ကသ္မာ၊ အဘယ့်ကြောင်နည်း။ တေသံ၊ ထိုရူပ အစရှိသည်တို့၏။ ဗဟိဒ္ဓါပိ ၊ဗဟိဒ္ဓသန္တာန်၌လည်း။ ဝတ္တိတော၊ ဖြစ်ခြင်းကြောင့်တည်း။

စ၊ သည်သာမကသေး။ ဇီဝိတမ္ပိ၊ ဇီဝိတ ရုပ်ကိုလည်း။ နနိဿိတာ၊ မမှီနိုင်ကုန်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ တဿ၊ ထိုဇီဝိတ၏။ (ဝါ၊သည်)။ ကိစ္စန္တရ နိယုတ္တိတော၊ ကိစ္စတပါးနှင့် ယှဉ်သည်၏ အဖြစ်ကြောင့်တည်း။ ဘာဝဒွယံစ၊ ဘာဝရုပ် ၂-ခု အပေါင်း ကိုလည်း။ နနိဿိတာ၊ မမှီနိုင်ကုန်။

ကသွာ၊ အဘယ်ကြောင့်နည်း။ တသ္မိံ၊ ထိုဘာဝရုပ်
၂-ခုအပေါင်းသည်။ အသန္တေပိ၊ မရှိသော်လည်း။
(တေသံ၊ ဤ မနောခာတ် မနောဝိညာဏဓာတ်
၂-ပါးတို့၏)။ ပဝတ္တိတော၊ ဖြစ်ခြင်းကြောင့်တည်း။
တသ္မာ၊ ထို့ကြောင့်။ တဒညံ၊ ထိုရုပ်တို့မှ တပါး
သောမှ ယံဝတ္ထု၊ အကြင်မှီရာဝတ္ထုရုပ် တမျိုးသည်။
အတ္ထိ၊ ရှိ၏။ တံဝတ္ထု၊ ထိုဝတ္ထုရုပ်တမျိုးကို။ ဘူတိ
ကန္တိ၊ ဥပါဒါရုပ်ဟူ၍။ ဝိဇာနိယံ၊ သိအပ်၏။

**အမှာ**။ ဝတ္ထုဒုက်, အာရမ္မဏဒုက်တို့၏ ဒေသနာစဉ် ပျက်မည်
စိုးသောကြောင့် ဟဒယဝတ္ထုရှိလျက်နှင့် ဓမ္မသင်္ဂဏီ ပါဠိ
တော်၌ ဟောတော်မမူခြင်း ဖြစ်၏ဟု (ဋီ)၌ ဆို၏။

ဝတ္ထာလမ္ဗ ဒုကာနံ တု၊
ဒေသနာဘေဒတော ဣဒံ။
ဓမ္မသင်္ဂဏိ ပါဠိယံ၊
န အက္ခာတံ မဟေသိနာ။

တု၊ ဟဒယဝတ္ထုရုပ် ရှိပါသော်လည်း။ ဝတ္ထာလမ္ဗ
ဒုကာနံ၊ ဝတ္ထုဒုက်, အာရမ္မဏ ဒုက်တို့၏။ ဒေသနာ
ဘေဒတော၊ ဒေသနာစဉ် ပျက်မည့် ဘေးကြောင့်။
ဣဒံ၊ ဤဟဒယ ဝတ္ထုရုပ်ကို။ ဓမ္မသင်္ဂဏိပါဠိယံ၊
ဓမ္မသင်္ဂဏီ ပါဠိတော်၌။ မဟေသိနာ၊ ဘုရားရှင်
သည်။ နအက္ခာတံ၊ ဟောတော်မမူအပ်။

---

● ဦးခေါင်း၌ ရနိုင်သောရုပ်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, ဘာဝဒသက ၆-စည်း၊ စိတ္တဇ, ဥတုဇ, အာဟာရဇ သုဒ္ဓဋ္ဌက ကလာပ် ၃-စည်း၊ ပေါင်း ကလာပ် ၉-စည်း၊ ရုပ်ပေါင်း ၈၄-ပါး၊ တူရာပေါင်းလျှင် စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, ဘာဝရုပ် ၂, အဝိနိဗ္ဘောဂ ရုပ်-၈, ဇီဝိတ-၁၊ ပေါင်း ၁၆-ပါး။

---

● လည်မျိုမှအောက် ချက်ဒအထိရနိုင်သော ရုပ်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက, စိတ္တဇ သုဒ္ဓဋ္ဌက, ဥတုဇသုဒ္ဓဋ္ဌက, အာဟာရဇ သုဒ္ဓဋ္ဌက ပေါင်း ကလာပ် ၆-စည်း၊ ရုပ်ပေါင်း ၅၄-ပါး၊ တူရာပေါင်းလျှင် ကာယ-၁၊ ဘာဝ-၂၊ ဟဒယ ဝတ္ထု-၁၊ အဝိနိဗ္ဘောဂရုပ်-၈၊ ဇီဝိတ-၁၊ ပေါင်း ၁၃-ပါး။

---

● ချက်အောက် ခြေဖျားအထိ ရနိုင်သောရုပ်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ကာယဒသက, ဘာဝဒသက, စိတ္တဇသုဒ္ဓဋ္ဌက, ဥတုဇ သုဒ္ဓဋ္ဌက, အာဟာရဇသုဒ္ဓဋ္ဌက ပေါင်း ကလာပ် ၅-စည်း၊ ရုပ်ပေါင်း ၄၄-ပါး၊ တူရာ ပေါင်း လျှင် ကာယ-၁၊ ဘာဝ-၂၊ အဝိနိဗ္ဘောဂရုပ်-၈၊ ဇီဝိတ ၁၊ ပေါင်း ၁၂-ပါး။

**အမှာ**။ ဤအဖြေ ၃-ခုကား အဋ္ဌသာလိနီ အဋ္ဌကထာအတိုင်း ရေး လိုက်ပါသည်။ ရှင်းရုပ်များထဲ၌ အနိပ္ဖန္နရုပ် ၁၀-ခု မပါရှိပါ

● (က) နာမ်တရားကြောင့်ဖြစ်သော ရုပ်၊ (ခ) ရုပ်တရားကြောင့်ဖြစ်သော ရုပ်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ (က) ကမ္မဇရုပ်နှင့် စိတ္တဇရုပ်များ။
(ခ) ဥတုဇရုပ်နှင့် အာဟာရဇရုပ်များ။

---

● နာမ်ရုပ် ၂-ပါး ကြောင့် ဖြစ်သော ရုပ်ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ သဒ္ဒ, လဟုတာဒိတ္တယ, အဝိနိဗ္ဘောဂရုပ်-၈၊ ပေါင်း ၁၂-ပါး။

---

● နာမ်ရုပ် ၂-ပါးကြောင့် မဖြစ်သောရုပ်ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ လက္ခဏာရုပ် ၄-ခု ဖြစ်ပါသည်။

---

● ရုပကဲ့၌ ပဋိသန္ဓေ အခါ ရသော ရုပ်, ပဝတ္တိအခါ ရသော ရုပ်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ပဋိသန္ဓေအခါ သဒ္ဒ-၁၊ ဝိကာရရုပ်-၅၊ ဇရတာ-၁၊ အနိစ္စတာ-၁၊ ဃာန-၁၊ ဇိဝှာ-၁၊ ကာယ-၁၊ ဝိညတ်ဒွေး၊ ပေါင်း ၁၃-ပါးကြဉ် ကျန် ၁၅-ပါးကို ရပါသည်။

ပဝတ္တိအခါ၌ကား ဃာန, ဇိဝှာ, ကာယ, ဘာဝ ရုပ်-၂၊ ပေါင်း ၆ါးပါးကြဉ် ကျန် ၂၃-ပါး ရသည်။

● အသညသတ် ဘုံ၌ ပဋိသန္ဓေအခါ ရသောရုပ်,ပဝတ္တိ အခါရသော ရုပ်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ပဋိသန္ဓေအခါ၌ ဇီဝိတ-၁၊ အဝိနိဗ္ဘောဂ ရုပ်-၈၊ ပရိစ္ဆေဒရုပ်-၁၊ ဥပစယ-၁၊ သန္တတိ-၁၊ပေါင်း ၁၂-ပါး ရ၏။
ပဝတ္တိအခါ၌ ဇီဝိတ-၁၊ အဝိနိဗ္ဘောဂ ရုပ် - ၈၊ ပရိစ္ဆေဒရုပ်-၁၊ လဟုတာဒိ - ၃၊ လက္ခဏ ရုပ်-၄၊ ပေါင်း ၁၇-ပါးရ၏။

---

● ပဋိသန္ဓေအခါ၌ မရနိုင်သော ရုပ်များကို သင်္ဂဟ ထောက်၍ ကောက်ပြခဲ့ပါ။

**အဖြေ**။ သဒ္ဒ-၁၊ ဝိကာရရုပ်-၅၊ ဇရတာအနိစ္စတာ-၁။ ပေါင်း ၉-ပါး ဖြစ်ပါသည်။

**အထောက်ကား**။ "**သဒ္ဒေါဝိကာရဇရတာ၊ မရဏဉ္စောပပတ္တိယံ**"။

---

● "နိဗ္ဗာန်သည် လောကီလော၊ လောကုတ္တရာလော" သင်္ဂဟထောက်၍ ဖြေဆိုခဲ့ပါ။

**အဖြေ**။ "နိဗ္ဗာနံပန လောကုတ္တရသင်္ခါတံ" ဟူသောစကား အရ လောကုတ္တရာဖြစ်ပါသည်။

---

● "စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ" ဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**အဖြေ။** ထိုပါဠိဖြင့် နိဗ္ဗာန်ကို အရိယာပုဂ္ဂိုလ်များ မျက်မှောက်အားဖြင့် သိအပ်သည်ဟု ပြပါသည်။ (ဋီ)။

---

● "မဂ္ဂဖလာနံ မာရမ္မဏဘူတံ" ဖြင့် အဘယ်အဓိပ္ပါယ်ကို ပြပါသနည်း။

**အဖြေ။** ထိုပါဠိဖြင့် နိဗ္ဗာန်ကို ကလျာဏ ပုထုဇဉ်များ မှန်းဆသောအားဖြင့် သိအပ်၏ဟု ပြပါသည် (ဋီ)။

---

● ကမ္မဇရုပ်, အကမ္မဇရုပ်, နေဝကမ္မဇ နာကမ္မဇရုပ်တို့ကို ဖော်ပြခဲ့ပါ။

**အဖြေ။** ကမ္မဇရုပ် ၁၈-ခုသည် ကမ္မဇရုပ်၊ စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့သည် အကမ္မဇရုပ်၊ လက္ခဏာရုပ် ၄-ခုသည် နေဝကမ္မဇ နာကမ္မဇရုပ်။

---

● စိတ္တဇရုပ်, အစိတ္တဇရုပ်, နေဝစိတ္တဇ နာစိတ္တဇရုပ်များကို ဖော်ပြခဲ့ပါ။

**အဖြေ။** စိတ္တဇရုပ် ၁၅-ခုသည် စိတ္တဇရုပ်၊ ကမ္မဇ, ဥတုဇ, အာဟာရဇ ရုပ်တို့သည် အစိတ္တဇရုပ် ၊ လက္ခဏာရုပ် ၄-ခုသည် နေဝစိတ္တဇ နာစိတ္တဇရုပ်။

---

● ဥတုဇရုပ်, အနုတုဇရုပ်, နေဝဥတုဇ နာနုတုဇရုပ်တို့ကို ဖော်ပြခဲ့ပါ။

**အဖြေ။** ဥတုဇရုပ် ၁၃-ခုသည် ဥတုဇရုပ်၊ ကမ္မဇ, စိတ္တဇ, အာဟာရဇရုပ်တို့သည် အနုတုဇရုပ်၊ လက္ခဏာရုပ် ၄-ခုသည် နေဝဥတုဇ နာနုတုဇရုပ်။

● အာဟာရဇရုပ်, အနာဟာရဇရုပ်, နေဝါဟာရဇ နာနာဟာရဇရုပ်တို့ကို ဖော်ပြခဲ့ပါ။

အဖြေ။ အာဟာရဇရုပ် ၁၂-ခုသည် အာဟာရဇရုပ်၊ ကမ္မဇ, စိတ္တဇ, ဥတုဇရုပ်တို့သည် အနာဟာရဇရုပ် လက္ခဏာရုပ် ၄-ခုသည် နေဝါဟာရဇ နာနာဟာရဇရုပ်။

---

● ဝတ္ထုသာမည်သော ရုပ်, ဒွါရသာမည်သော ရုပ်, ဝတ္ထုဒွါရ ၂-ပါးလုံး မည်သော ရုပ်, ၂-ပါးလုံး မမည်သော ရုပ်တို့ကို ဖော်ပြခဲ့ပါ ။

အဖြေ။ ဝတ္ထုသာမည်သော ရုပ်ကား ဟဒယ ဝတ္ထုရုပ်၊ဒွါရသာမည်သောရုပ်ကား ဝိညတ်ဒွေး၊ ၂-ပါးစုံမည်သော ရုပ်ကား ပသာဒရုပ်ငါးပါး၊ ၂-ပါးစုံ မမည်သော ရုပ်ကား ကျန်ရုပ် ၂၀။

---

● (က) ဒွါရသာမည်၍ ဣန္ဒြိယ မမည်သော ရုပ်, (ခ) ဣန္ဒြိယသာ မည်၍ ဒွါရမမည်သော ရုပ်, (ဂ) ၂-ပါးစုံ မည်သော ရုပ်, (ဃ) ၂-ပါးစုံ မမည်သော ရုပ်တို့ကို ဖော်ပြခဲ့ပါ။

အဖြေ။ (က) ဝိညတ်ဒွေး။

(ခ) ဘာဝရုပ် ၂၊ ဇီဝိတရုပ် ၁၊ ပေါင်း ၃-ပါး

(ဂ) ပသာဒရုပ် ၅-ပါး။

(ဃ) ကျန်ရုပ် ၁၄-ပါး။

● (က) ဝတ္ထုသာမည်၍ ဇာတိပ္ပြီ ဃ မမည်သော ရုပ်, (ခ) ဇာတိပ္ပြီဃသာ မည်၍ ဝတ္ထု မမည်သော ရုပ်, (ဂ) ၂-ပါးစုံ မည်သောရုပ်, (ဃ) ၂-ပါးစုံ မမည်သောရုပ်တို့ကို ဖော်ပြခဲ့ပါ။

အဖြေ။ (က) ဟဒယဝတ္ထု ၁-ပါး။
(ခ) ဘာဝရုပ် ၂-ပါး။
(ဂ) ပသာဒရုပ် ၅-ပါး။
(ဃ) ကျန်ရုပ် ၂၀-ပါး။

---

● (က) ဝတ္ထုသာမည်၍ ဒွါရ, ဇာတိပ္ပြီဃ မမည်သော ရုပ်, (ခ) ဒွါရသာမည်၍ ဝတ္ထု, ဇာတိပ္ပြီဃ မမည် သောရုပ်, (ဂ) ဇာတိပ္ပြီဃသာမည်၍ ဝတ္ထု ဒွါရမမည် သောရုပ်, (ဃ) ဝတ္ထု ဒွါရသာမည်၍ ဇာတိပ္ပြီဃ မမည်သော ရုပ်, (င) ဝတ္ထု ဇာတိပ္ပြီဃသာ မည်၍ ဒွါရမမည်သော ရုပ်, (စ) ဒွါရ, ဇာတိပ္ပြီဃသာမည်၍ ဝတ္ထုမမည်သော ရုပ်, (ဆ) ၃-ပါးလုံး မည်သော ရုပ်, (ဇ) ၃-ပါးလုံး မမည်သော ရုပ်တို့ကို ဖော်ပြ ခဲ့ပါ။

အဖြေ။ (က) ဟဒယဝတ္ထု ၁-ပါး။
(ခ) ဝိညတ်ဒွေး ၂-ပါး။
(ဂ) ဘာဝရုပ် ၂-ပါး၊ဇီဝိတ-၁၊ ပေါင်း ၃-ပါး။
(ဃ) ဟဒယ-၁၊ ဝိညတ်ဒွေး။
(င) ဟဒယ-၁၊ ဘာဝ-၂၊ ဇီဝိတ-၁။

(စ) ဝိညတ်ဒွေး၊ ဘာဝ-၂၊ ဇီဝိတ-၁။

(ဆ) ပသာဒရုပ် ၅-ပါး။

(ဇ) ကျန်ရုပ် ၁၇-ပါး။

---

● နအညာတညဿာမိတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေတို့၏ အရကို သင်္ဂဟထောက်၍ ကောက်ပြခဲ့ပါ။

**အဖြေ**။ သောတာပတ္တိမဂ်၌ရှိသော ပညာသည် အနညာတညဿာမိတိန္ဒြေ၊

အထက်မဂ် ၃-ခု, အောက်ဖိုလ် ၃-ခု, ပေါင်း ၆-ခု၌ရှိသော ပညာသည် အညိန္ဒြေ၊

အရဟတ္တဖိုလ်၌ရှိသော ပညာသည် အညာတာဝိန္ဒြေ။

**အထောက်ကား**....ဣန္ဒြိယေသု ပနေတ္ထ သောတာပတ္တိမဂ္ဂဉာဏံ အနညာတညဿာမိတိန္ဒြိယံ၊ အရဟတ္တဖလဉာဏံ အညာတာဝိန္ဒြိယံ၊ မဇ္ဈေ ဆ ဉာဏာနိ အညိန္ဒြိယာနီတိ ပဝုစ္စတိ။

---

● ဣန္ဒြိယဘေဒအားဖြင့် သုခသဟဂုတ်စိတ်ကို ထုတ်ပြ၍ ၎င်းနှင့်ယှဉ်သော စေတသိက်, ၎င်း၏ ကိစ္စ, ဒွါရ, အာရုံဝတ္ထုတို့ကိုလည်း ထုတ်ပြခဲ့ပါ။

**အဖြေ**။ သုခသဟဂုတ် ကာယဝိညာဉ် ၁-ခု။ ၎င်းနှင့်ယှဉ်သော စေတသိက်ကား သဗ္ဗစိတ္တ သာဓာရဏစေတသိက် ၇၊ ဖုဿနကိစ္စ၊ ကာယဒွါရ၊ ဖောဋ္ဌဗ္ဗာရုံ၊ ကာယဝတ္ထု။

---

● တဒွါရ၌ဖြစ်သော စိတ်များကို ဖော်ပြ၍ ၎င်းစိတ်တို့၌ ယှဉ်သော စေတသိက်များကိုလည်း ဖော်ပြခဲ့ပါ။

**အဖြေ**။ ဒွေးပဉ္စဝိညာဉ် ၁၀၊ အပ္ပနာဇော ၂၆၊ ပေါင်း ၃၆-ပါး၊ စေတသိက်ကား အညသမာန်း ၁၃၊ သောဘန် ၂၅၊ ပေါင်း ၃၈-ပါး။

---

● အဘယ်ကို လွန်သော ဘဝင်ကို "အတီတ ဘဝင်" ခေါ်သည်ဟု ဖော်ပြပြီးလျှင် အတိတ် အာရုံကို အာရုံပြု၍ကျသော "ဝိဘူတာရုံ" ဝီထိကို ချပြခဲ့ပါ။

**အဖြေ**။ ပစ္စုပ္ပန် အာရုံနှင့် ပသာဒရုပ်တို့၏ ထိခိုက်ခြင်းကို လွန်သော ဘဝင်ကို " အတီတ ဘဝင် " ခေါ်ပါသည်။

ဝိဘူတာရုံဝီထိကား—

ဘ ဘ န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘ။

---

❁ ပေါ့ပါးနူးညံ့လှသော လဲ, ဝါဂွမ်း, သစ်ရွက်, ကတ္တီပါ, စွန်, မြူမှုန်စသော ဝတ္ထုပစ္စည်းတို့၌ လဟုတာ,

မုဒုတာရုပ်များ ရသင့် မရသင့်ကို အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

အဖြေ။ ဗဟိဒ္ဓသန္တာန်၌ သုဒ္ဓဋ္ဌကနှင့် သဒ္ဒနဝက ကလာပ် ၂-စည်းသာ ရသောကြောင့် ထိုဝတ္ထုပစ္စည်းတို့၌ လဟုတာ, မုဒုတာတို့ကို မရနိုင်ပါ။

သာဓက-တတ္ထသုဒ္ဓဋ္ဌကံ သဒ္ဒနဝကဉ္စေတိ ဒွေဥတုသမုဋ္ဌာန ကလာပါ ဗဟိဒ္ဓါပိ လဗ္ဘန္တိ။

---

- နိရောဓသမာပတ်ကို အနာဂါမ်တိုင်း ရဟန္တာတိုင်း ဝင်စားနိုင် မဝင်စားနိုင်ကိုရင်း၊ ထိုအရှင်တို့သည် အဘယ်အကျိုးငှါ ဝင်စားတော် မူကြသည်ကိုရင်း ဖော်ပြခဲ့ပါ။

အဖြေ။ အနာဂါမ်တိုင်း ရဟန္တာတိုင်း မဝင်စားနိုင်ပါ။ သမာပတ် ၈-ပါးကို ရသော အနာဂါမ် ရဟန္တာ များသာ ဝင်စားနိုင်ပါသည်။

ထိုအရှင်တို့သည် ပစ္စက္ခ အတ္တဘော၌ နိဗ္ဗာန်ချမ်းသာကို ခံစားခြင်းငှါ ဝင်စားတော် မူကြပါသည်။

---

- အတတ် ပညာ တတ် မြောက် ကျော်ကြားသော မောင်ဖြူကို အားကျ၍ အတတ်ပညာကို ကြိုးစား

အားထုတ်သော မောင်မဲ၏စိတ်အစဉ်အား အဘယ်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

**အဖြေ**။ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

---

● သင်္ဂြိုဟ်ကျမ်းလာ ဥဒယဗ္ဗယဉာဏ် ဖြစ်ပုံကိုပြ ပါဠိရပ်ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ တတောပရံ ပန တထာ ပရိဂ္ဂဟိတေသု ။ပ။ သမနုပဿန္တဿစ။

---

● သုံးဆယ့်တဘုံ အကုန်လုံး၌ ကျင်လည်ဘူး ဖြစ်ဘူးသော သတ္တဝါသည် ဤလူ့ဘုံ၌ ရှိနိုင် မရှိနိုင် အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

**အဖြေ**။ မရှိနိုင်ပါ၊ အကြောင်းကား သုဒ္ဓါဝါသ ၅-ဘုံ၌ ဖြစ်သော သတ္တဝါသည် ဘယ်သောအခါမျှ ဤလူ့ဘုံသို့ မလာသောကြောင့်တည်း။

---

● ပဋ္ဌာန်း ၂၄-ပစ္စည်းတို့သည် အဘယ်၏ အစွမ်းဖြင့် ၃-ပါးသာ တည်ရှိပါသနည်း၊ သင်္ဂဟကိုး၍ ဖြေဆိုခဲ့ပါ။

**အဖြေ**။ ပဋ္ဌာန်း ၂၄-ပစ္စည်းတို့သည် ပညတ်, နာမ်, ရုပ်တို့၏ အစွမ်းဖြင့် ၃-ပါးသာ တည်ရှိပါသည်။

**အကိုးကား**....ပညတ္တိနာမရူပါနံ၊
ဝသေန တိဝိဓာ ဌိတာ။
ပစ္စယာနာမ ပဌာနေ၊
စတုဝီသတိ သဗ္ဗထာ။

---

● သူတပါး အကျိုးစီးပွားကို ပျက်စီးအောင်လုပ်သော သူအား အဘယ်စိတ်ဖြစ်မည်နည်း၊ ထိုစိတ်၌ယှဉ်သော စေတသိက်များကိုလည်း ထုတ်ပြခဲ့ပါ။

အဖြေ။ ဒေါသမူဒွေး ဖြစ်ပါသည်၊ စေတသိက်ကား ပီတိ ကြဉ် အညသမာန်းစေတသိက် ၁၁၊ လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာကြဉ် အကုသိုလ် စေတသိက် ၁၀၊ ပေါင်း ၂၂-ပါးဖြစ်ပါသည်။

---

● အောက်ပါစိတ်များကို ဖော်ပြခဲ့ပါ။

(က) မဟဂ္ဂုတ်ကိုသာ အာရုံပြုသောစိတ်၊
(ခ) ပညတ်ကိုသာ အာရုံပြုသောစိတ်၊
(ဂ) နိဗ္ဗာန်ကိုသာ အာရုံပြုသောစိတ်။

အဖြေ။ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ဝိညာဏဉ္စာယတနစိတ် ၃၊ နေဝသညာနာသညာယတနစိတ် ၃၊ ပေါင်း ၆-ပါး။
(ခ) အာကာသာနဉ္စာယတနစိတ် ၃၊ အာကိဉ္စညာယတနစိတ် ၃၊ ပေါင်း ၆-ပါး။
(ဂ) လောကုတ္တရာစိတ် ၈-ပါး။

● (က) ရုပ်သည် နာမ်အားသာ ကျေးဇူး ပြုသော ပစ္စည်း၊ (ခ) နာမ်သည် ရုပ်အားသာ ကျေးဇူးပြုသောပစ္စည်း၊ (ဂ) ပညတ်, နာမ်, ရုပ်တို့သည် နာမ်အားသာ ကျေးဇူးပြုသောပစ္စည်းတို့ကို ဖော်ပြခဲ့ပါ။

အဖြေ။ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ပုရေဇာတပစ္စည်း။

(ခ) ပစ္ဆာဇာတ ပစ္စည်း။

(ဂ) အာရမ္မဏ, ဥပနိဿယ ၂ ပစ္စည်း။

---

● သာခါရဏ အမည်ရသော စေတသိက်များကို ဖော်ပြခဲ့ပါ။

အဖြေ။ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇၊ အကုသလသာဓာရဏ စေတသိက် ၄၊ သောဘနသာဓာရဏ စေတသိက် ၁၉၊ ပေါင်း ၃၀။

---

● ဒွိဟိတ်စိတ်များကို ဖော်ပြ၍ ဒွိဟိတ်အရ ယူရမည့် ဟိတ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ လောဘမူ ၈၊ ဒေါသမူ ၂၊ ဉာဏဝိပ္ပယုတ် မဟာကုသိုလ် မဟာဝိပါက် မဟာကြိယာ ၁၂၊ ပေါင်း ၂၂။

ဒွိဟိတ်အရ ဖြစ်သင့်သည် အားလျော်စွာ ဟိတ် ၆-ပါးလုံး ဖြစ်ပါသည်။

● "ယထာရုပမေကဒွါရိက စိတ္တာနိနာမ"၌ ကေဒွါရိက စိတ်များကို ဖော်ပြ၍ ထိုက်သင့်သလို ကေဒွါရိက ဖြစ်ပုံကိုလည်း ရေးခဲ့ပါ။

အဖြေ။ ဒွေပဉ္စဝိညာဉ် ၁၀၊ အပ္ပနာဇော ၂၆၊ ပေါင်း ၃၆-ပါး၊ ထိုတွင် စက္ခုဝိညာဉ်ဒွေးသည် စက္ခုဒွါရ၌, သောတဝိညာဉ်ဒွေးသည် သောတဒွါရ၌, ဃာနဝိညာဉ်ဒွေးသည် ဃာနဒွါရ၌, ဇိဝှာဝိညာဉ်ဒွေးသည် ဇိဝှာဒွါရ၌, ကာယဝိညာဉ်ဒွေးသည် ကာယဒွါရ၌, အပ္ပနာဇော ၂၆-သည် မနောဒွါရ၌ ဖြစ်ပါသည်။

---

● အပ္ပနာဇောတို့သည် ကာမဇော၏ အခြားမဲ့၌ လေးကြိမ်မြောက် အောက်အယုတ်,ငါးကြိမ်မြောက်ထက် အလွန် အဘယ့်ကြောင့် မဇောပါသနည်း။

အဖြေ၊ အာသေဝန ပစ္စည်းကို မရသော အနုလုံသည် ဂေါတြဘူကို မဖြစ်စေနိုင်သောကြောင့်၎င်း, အာသေဝနပစ္စည်းကို ရပါသော်လည်း ၆-ကြိမ်မြောက် ၇ ကြိမ်မြောက်၌ ဖြစ်သော အပ္ပနာ ဇော သည် နောက်ဖက်က ဘဝင်နှင့် နီးသည်ဖြစ်၍ အပ္ပနာ၏ အစွမ်းအားဖြင့် မတည်နိုင်သောကြောင့်၎င်း၄-ကြိမ် မြောက်အောက်၌၎င်း ၅-ကြိမ်မြောက်၏ အထက်၌၎င်း အပ္ပနာဇောများ မဇောခြင်းဖြစ်ပါသည်။

● ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ ၃-ပါးစုံလျက် တဒါရုံမကျမှု ရှိပါက ဝီထိချ၍ အကြောင်းနှင့်တကွ ရှင်းပြခဲ့ပါ။

အဖြေ။ "တီ န ဒ ပ စ သံ တီ ဝု ဇ ဇဇ ဇ ဇ ဇ ဇ အာဂန္တုကဘဝင် ဘ ဘ ဘ"

ဤဝီထိကား ဘုရားအစရှိသော အတိဣဋ္ဌာရုံကို တွေ့မြင်သော သောမနဿဖြင့် ပဋိသန္ဓေ နေခဲ့သော တိတ္ထိတယောက်၏ စက္ခုဒွါရိက ဝီထိဖြစ်၏၊ ဇော ၇-ကြိမ်ကား ဒေါသဇော ဖြစ်၏၊ ဒေါသ ဇော နောင်ဖြစ်၍ သောမနဿ တဒါရုံ မကျနိုင်ခြင်း, အတိဣဋ္ဌာရုံ ဖြစ်၍ ဥပေက္ခာ တဒါရုံမကျနိုင်ခြင်း ဟူသော အကြောင်း ၂-ချက်ကြောင့် တဒါရုံမကျပါ။ (ဋီ)။

အမှာ။ ဒေါသဇောနောင် ဥပေက္ခာ တဒါရုံသာ ကျရမည်၊ အတိဣဋ္ဌာရုံမှာ သောမနဿ တဒါရုံသာ ကျရမည်ဟူသော သင်္ဂြိုဟ် စကားကို သတိပြုပါ၊

---

● "ပဒမစ္စုတ မစ္စန္တံ" အစရှိသောဂါထာ၌ နိဗ္ဗာန်သည် အဘယ့်ကြောင့် အစ္စုတ, အစ္စန္တ, အသင်္ခတ, အနုတ္တရမည်ပါသနည်း။

**အ**ဖြေ။ နိဗ္ဗာန်သည် စုတေခြင်း မရှိသောကြောင့် အစ္စုတ, ပျက်စီးခြင်းဟူသော အဆုံးကို လွန်သောကြောင့် အစ္စန္တ, ကံ စိတ် ဥတု အာဟာရ တည်းဟူသော

အကြောင်းတရား ၄-ပါးတို့သည် မပြုပြင် မစီရင် အပ်သောကြောင့် အသင်္ခတ, မိမိထက် လွန်မြတ်သော တရား မရှိသောကြောင့် အနုတ္တရ မည်ပါသည်။

---

● ဒေါသမူ, မောဟမူစိတ်များ ၂-မျိုးစီသာ ဖြစ်ပါလျက် လောဘမူစိတ်သည် အဘယ့်ကြောင့် ၈-မျိုး ပြားရပါသနည်း။

**အဖြေ**။ ဝေဒနာ, ဒိဋ္ဌိ, သင်္ခါရပြားသောကြောင့် ၈-မျိုး ပြားရပါသည်။

---

● စေတသိက် ၅၂-ပါးတို့၏ အမည်ထူးများကို ပြည့်စုံအောင် ဖော်ပြခဲ့ပါ။

**အဖြေ**။ သဗ္ဗစိတ္တသာဓာရဏ, ပကိဏ္ဏက, အညသမာန, အကုသလ, သောဘန, သောဘနသာဓာရဏ, ဝိရတိ, အပ္ပမညာ, သဗ္ဗာကုသလ သာဓာရဏ, နိယတယောဂီ, အနိယတယောဂီ, ဝိသေသက။

---

● ရုပ် ၂၈-ပါးတွင် အကြောင်းဖြစ်သော ရုပ်, အကျိုးဖြစ်သော ရုပ်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဥတု, အာဟာရ ၂-ပါးသည် အကြောင်းရုပ်၊ လက္ခဏရုပ် ၄-ပါးကြဉ် ကျန်ရုပ် ၂၄-ပါးသည် အကျိုးရုပ်။

**အမှာ**။ ဥတု, အာဟာရ ၂-ပါးသည် အကြောင်းအကျိုး ၂-မျိုး ဖြစ်၏။ လက္ခဏာရုပ်၄-ခုကား အကြောင်းအကျိုးမှ လွတ်၏။

---

● အကုသိုလ် စေတသိက်တို့တွင် (က) လောဘမှုမှာသာ ယှဉ်သော စေတသိက်, (ခ) ဒေါသမှုမှာသာ ယှဉ်သော စေတသိက်, (ဂ) ၂-ပါးစုံမှာယှဉ်သော စေတသိက်, (ဃ) ၂-ပါးစုံမှာ မယှဉ်သော စေတသိက်တို့ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) လောဘ, ဒိဋ္ဌိ, မာန ၃-ပါး။

(ခ) ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၄-ပါး။

(ဂ) မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန, မိဒ္ဓ။

(ဃ) ဝိစိကိစ္ဆာ ၁-ပါး။

---

● အကုသိုလ် စေတသိက်တို့တွင် (က) လောဘမှုမှာသာ ယှဉ်သော စေတသိက်, (ခ) မောဟမှုမှာသာ ယှဉ်သော စေတသိက်, (ဂ) ၂-ပါးစုံမှာ ယှဉ်သော စေတသိက်, (ဃ) ၂-ပါးစုံမှာ မယှဉ်သော စေတသိက်တို့ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) လောဘ, ဒိဋ္ဌိ, မာန ၃-ပါး။

(ခ) ဝိစိကိစ္ဆာ ၁-ပါး။

(ဂ) မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, ထိန, မိဒ္ဓ။

(ဃ) ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၄-ပါး။

---

● အကုသိုလ် စေတသိက်တို့တွင် (က) လောဘမှုမှာ သာယှဉ်၍ ဒေါသမှု, မောဟမှုတို့၌ မယှဉ်သော စေတသိက်, (ခ) ဒေါသမှုမှာသာယှဉ်၍ လောဘမှု မောဟမှုတို့၌ မယှဉ်သော စေတသိက်, (ဂ) မောဟမှုမှာသာယှဉ်၍ လောဘမှု, ဒေါသမှုတို့၌ မယှဉ်သော စေတသိက်, (ဃ) လောဘမှု, ဒေါသမှုမှာ သာယှဉ်၍ မောဟမှု၌ မယှဉ်သော စေတသိက်, (င) လောဘမှု, မောဟမှုမှာသာယှဉ်၍ ဒေါသမှုမှာ မယှဉ်သော စေတသိက်, (စ) ဒေါသမှု, မောဟမှုမှာသာယှဉ်၍ လောဘမှု၌ မယှဉ်သော စေတသိက်, (ဆ) ၃-ပါးလုံး၌ယှဉ်သော စေတသိက်, (ဇ) ၃-ပါးလုံး၌ မယှဉ်သော စေတသိက်တို့ကို ဖော်ပြပါ။

အဖြေ။ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) လောဘ, ဒိဋ္ဌိ, မာန ၃-ပါး။

(ခ) ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၄-ပါး။

(ဂ) ဝိစိကိစ္ဆာ ၁-ပါး။

(ဃ) လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၇-ပါး။

(င) လောဘ, ဒိဋ္ဌိ, မာန, ဝိစိကိစ္ဆာ။

( ၈ ) ဒေါသ, လောဘ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ။

(၉) မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ ၄-ပါး။

( ၉ ) မရှိ။

---

● "ရူပါဝစရ စုတိယာ၊ အဟေတုရဟိတာသိယုံ" ၌ အဘယ့်ကြောင့် ရူပဘုံက စုတိသောသူများ အဟိတ်ပဋိသန္ဓေ မနေရပါသနည်း။

**အဖြေ**။ ဥပစာရစျာန်၏ အာနုဘော်ကြောင့် မနေရပါ။ ဥပစာရစျာနာနုဘာဝေနေဝ။ (ဋီ)။ ဥပစာရ စျာနာနုဘာဝေနေဝ၊ ဥပစာရစျာန်၏အာနုဘော်ကြောင့်သာလျှင်။

**မှတ်ချက်**။ အဟိတ် ပဋိသန္ဓေသာမဟုတ်၊ ဒွိဟိတ်ဩမက ပဋိသန္ဓေလည်း မနေနိုင်ပေ။

---

● ကာမဒွေမည်ပါလျက် ကာမိန္ဒြိယပစ္စည်း မတပ်သော တရားတို့ကို ထုတ်ပြ၍ အဘယ့်ကြောင့် ကာမိန္ဒြိယပစ္စည်း မတပ်သည်ကို လိုရင်း အကျဉ်းချုပ် ပြခဲ့ပါ။

**အဖြေ**။ ကာတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်တို့ ဖြစ်ပါသည်၊ ၎င်းရုပ်တို့သည် လိင်္ဂစသည်တို့အား ၂၄-ပစ္စည်းတို့တွင် မည်သည့်ပစ္စယသတ္တိနှင့်မျှ ကျေးဇူးမပြုသောကြောင့် ကာမိန္ဒြိယပစ္စည်း မတပ်ခြင်း ဖြစ်ပါသည်။

● အောက်ပါစိတ်များကို ဖော်ပြခဲ့ပါ။
(က) သဘာဝ အဝိတက္ကစိတ်။
(ခ) ဘာဝနာ ဗလ အဝိတက္ကစိတ်။

အဖြေ။ (က) ဒွေပဥ္စ ဝိညာဉ် ၁၀။
(ခ) ဒုတိယစျာန်-၁၁၊ တတိယစျာန်-၁၁။
စတုတ္ထစျာန်-၁၁၊ ပဥ္စမစျာန်-၂၃။

---

● တကိစ္စတည်းသာတပ်၍ တဒွါရတည်းသာ ဖြစ်နိုင်ပြီး အာရုံတမျိုးကိုသာ အာရုံပြုနိုင်သော စိတ်များကို ဖော်ပြခဲ့ပါ။

အဖြေ။ ဒွေပဥ္စ ဝိညာဉ်-၁၀၊ ပဉ္စမ တတိယ အရူပဇော-၄၊ လောကုတ္တရာဇော-၈၊ ပေါင်း ၂၂-ပါး။

---

● မဂ်စိတ်သည် တကြိမ်မက ၂ ကြိမ် ၃-ကြိမ် စသည် ဖြစ်ခဲ့သော် လောကုတ္တရာ ကြိယာစိတ် ရှိနိုင်ပုံကို ရှင်းပြခဲ့ပါ။

အဖြေ။ မဂ်စိတ်သည် တကြိမ်မက ၂-ကြိမ် ၃-ကြိမ် စသည် ဖြစ်ခဲ့သော် ရဟန္တာသန္တာန်၌လည်း မဂ်စိတ်များ ဖြစ်နိုင်၏။ ရဟန္တာသန္တာန်၌ မဂ်စိတ်ဖြစ်ခဲ့သော် ထိုမဂ်စိတ်သည် ကုသိုလ်မဟုတ်, ကြိယာသာဖြစ်၏၊ ထို့ကြောင့် လောကုတ္တရာ ကြိယာစိတ် ရှိနိုင်တော့ သည်သာ။

**မှတ်ဖွယ်**။ ရဟန္တာသန္တာန်၌ဖြစ်သော မဟာကုသိုလ်, ရူပကုသိုလ်, အရူပကုသိုလ်နှင့် လောကုတ္တရာ မဂ်ကုသိုလ်များသည် အကျိုးမပေးတော့သည့်အတွက် မဟာကြိယာ, ရူပကြိယာ, အရူပကြိယာ, မဂ်ကြိယာ(ဝါ)လောကုတ္တရာကြိယာ ဟူသောအမည်ကို ခံယူကြပေလိမ့်မည်။

---

● နီးသောရုပ် ဝေးသော ရုပ်တို့ကို ဖော်ပြပြီးလျှင် အဘယ်နှင့် နီး၍ အဘယ်နှင့် ဝေးသည်ကိုလည်း ဖော်ပြခဲ့ပါ။

**အဖြေ**။ ပသာဒရုပ်-၅၊ ဝိသယရုပ်-၇၊ ပေါင်း သန္တိကေရုပ် ၁၂-ပါး၊ ကျန် ၁၆-ပါးသည် ဒူရေရုပ်။
အသိဉာဏ်နှင့်နီး၍ အသိဉာဏ်နှင့် ဝေးပါသည်။

**ဆောင်**။ ဉာဏ်နှင့်နီး လေ၊ သန္တိကေ၊ ဒူရေအဝေးရုပ်။

---

● ၁-ဉာဏသမ္ပယုတ်သသင်္ခါရိက မဖြစ်သော ကာမာဝစရစိတ်၊ ၂-အသင်္ခါရိကသာ ဖြစ်၍ ဉာဏသမ္ပယုတ်မဖြစ်သော ကာမာဝစရစိတ်၊ ၃-နှစ်ပါးစုံဖြစ်သော ကာမာဝစရစိတ်၊ ၄-နှစ်ပါးစုံမဖြစ်သော ကာမာဝစရစိတ် များကို ယှဉ်နိုင်သော စေတသိက်နှင့်တကွ အသီးသီး ဖော်ပြခဲ့ပါ။

**အဖြေ**။ ၁-ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်၆-ပါး၊ စေတသိက် ၃၀-ပါး ယှဉ်၏။
၂-ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၆-ပါး၊ စေတသိက် ၃၇-ပါး ယှဉ်၏။

၃-ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ် ၆-ပါး၊ စေတသိက် ၃၈-ပါးယှဉ်၏။
၄-ဉာဏဝိပ္ပယုတ် သသင်္ခါရိက စိတ် ၆-ပါး၊ စေတသိက် ၃၇-ပါးယှဉ်၏။

---

● တဒ္ဒါရ၌ ဖြစ်သော စိတ်များကို ထုတ်ပြပြီးလျှင် ယှဉ်သော စေတသိက်များကိုလည်း ရေးခဲ့ပါ။

**အဖြေ**။ ဒွေပဉ္စဝိညာဉ် ၁၀၊ အပ္ပနာဇော ၂၆၊ ပေါင်း ၃၆-ပါး။
အညသမာန်း ၁၃၊ သောဘန စေတသိက် ၂၆၊ ပေါင်း ၃၈-ပါး။

---

● ဝိရိယစေတသိက် ၇၃-ခု၊ ထိနစေတသိက် ၅-ခု၊ သမ္မာဝါစာ စေတသိက် ၁၆-ခုတို့၏ သရုပ်ကို ရေတွက်ပြပြီးလျှင် ၇၃၊ ၅၊ ၁၆-ဖြစ်ပုံ အဓိပ္ပာယ် ရှင်းပြပါ။

**အဖြေ**။ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ဒွေပဉ္စဝိညာဉ် ၁၀၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃၊ ပေါင်း ၁၆-ပါးကြဉ် စိတ် ၇၃-ပါး၌ ယှဉ်သော ဝီရိယစေတသိက် ၇၃။
အကုသိုလ် သသင်္ခါရိကစိတ် ၅-ခု၌ ယှဉ်သော ထိနစေတသိက် ၅။
မဟာကုသိုလ်စိတ် ၈၊ လောကုတ္တရာစိတ် ၈-ခု တို့၌ ယှဉ်သော သမ္မာဝါစာ ၁၆။

စေတသိက်တို့သည် မိမိတို့ ယှဉ်ရာစိတ်နှင့် အရေအတွက် တူညီသောကြောင့် ၇၃၊ ၅၊ ၁၆-ဖြစ်ရပါသည်။

---

- ဘဝသစ်၌ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်၏ ပဋိသန္ဓေစိတ်သည် အတိတ်ဘဝက မရဏာသန္နဇောနှင့် အာရုံတူသလော၊ စုတိစိတ်နှင့် အာရုံတူသလော ရှင်းပြခဲ့ပါ။

**အဖြေ**။ မရဏာသန္နဇောနှင့် အာရုံတူပါသည်။

(ရှင်းချက်) "ပဋိသန္ဓိဘဝင်ဥ္စ" စသော ဂါထာကား တဘဝအတွက်သာ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့သည် အာရုံအားဖြင့် တူညီပုံကိုပြ၏၊ ပစ္စုပ္ပန် ဘဝက စုတိနှင့် အနာဂတ်ဘဝသစ်က ပဋိသန္ဓေတို့ကား အာရုံမတူ၊ ပဌမဘဝက မရဏာ သန္နဇော၏ အာရုံကို ဒုတိယဘဝသစ်၌ ဖြစ်သော ပဋိသန္ဓေစိတ်က အာရုံပြု၏၊ ထို့ကြောင့် ဘဝသစ်၌ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်၏ ပဋိသန္ဓေစိတ်သည် အတိတ်ဘဝက မရဏာသန္နဇောနှင့်သာ အာရုံတူ၍ အတိတ်ဘဝက စုတိစိတ်နှင့် အာရုံမတူနိုင်ပေ။

---

- ရူပဘုံ၌ ဖြစ်သင့်သော ၁-စိတ်ပေါင်း မည်မျှ၊ ၂-စေတသိက်ပေါင်းမည်မျှ၊ ၃-ရုပ်ပေါင်း မည်မျှ၊ ၄-ကလာပ်စည်းပေါင်း မည်မျှရှိသည်ကို ရေတွက်ဖော်ပြခဲ့ပါ။

**အဖြေ**။ ၁-ဒေါသမူဒွေး၊ ဈာနာဒိတ္တယ ၆၊ မဟာဝိပါက် ဂ၊ အရူပဝိပါက် ၄၊ ပေါင်း ၂၀-ကြဉ် ကျန်စိတ် ၆၉-ပါး။

၂-ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ကြဉ်သော စေတသိက် ၄ဂ-ပါး။

၃-ဃာန, ဇိဝှါ, ကာယ, ဘာဝရုပ်-၂၊ ပေါင်း ၅-ပါးကြဉ် ၂၃-ပါး။

၄-စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက,ဇီဝိတန ဝကဟု ကမ္မဇကလာပ် ၄-စည်း၊ စိတ္တဇ ကလာပ် ၆-စည်း၊ ဥတုဇကလာပ် ၄-စည်း၊ ပေါင်းရုံ ကလာပ် ၁၄-စည်း။

---

● မဟာကုသိုလ်ကံနှင့် အကုသိုလ်ကံတို့သည် ရူပဘုံ၌ တစုံတခုသော အကျိုးကို ဖြစ်စေနိုင်သည် မဖြစ်စေ နိုင်သည်တို့ကို အကြောင်းနှင့်တကွ ပြခဲ့ပါ။

**အဖြေ**။ ရူပဗြဟ္မာတို့သန္တာန်၌ ဣဋ္ဌာရုံမှာ ကုသလဝိပါက် စက္ခုဝိညာဉ် ဖြစ်ခြင်း၊ အနိဋ္ဌာရုံမှာ အကုသလဝိ ပါက် စက္ခုဝိညာဉ်ဖြစ်ခြင်းကြောင့်၎င်း၊ ၎င်းဝိပါက် တို့သည် မဟာကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုး ဖြစ်ခြင်းကြောင့်၎င်း၊ မဟာကုသိုလ်ကံနှင့် အကု သိုလ်ကံတို့သည် ရူပဘုံ၌ အကျိုးကို ဖြစ်စေနိုင်ကြ ပါသည်။

● အသညသတ်ဘုံသို့ သွားရောက် ဖြစ်ရသောပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစွမ်း ပဋိသန္ဓေမွေ စက်ရဟတ်လည်ပုံကို လှည့်ပြခဲ့ပါ။

**အဖြေ**။ အသညသတ် ပုဂ္ဂိုလ်တို့မှာ ထိုဘုံသို့ မရောက်ခင်ရှေးအခြားမဲ့ ဘဝက သညာဝိရာဂ ဘာဝနာဟူသော ပုညာဘိသင်္ခါရကြောင့် ပဋိသန္ဓေဝိညာဉ်မဖြစ်ပဲ ရုပ်သက်သက်ဖြစ်ရာ ဘုံဖြစ်၍ ဇီဝိတနဝကကလာပ် ဖြစ်၏။

ထိုဇီဝိတနဝက ကလာပ်ရုပ်ကို အစွဲပြု၍ ဇာတိ, ဇရာ, မရဏတို့ဖြစ်ကုန်၏၊ ထိုနောင် ဥတုဇရုပ်တို့လည်းဖြစ်ကုန်၏၊ ၎င်းတို့ကိုအစွဲပြု၍ ဇာတိ, ဇရာ, မရဏတို့ ဖြစ်ကုန်၏။

ဤနည်း အတိုင်း မဟာကပ် ၅၀၀-ပတ်လုံး ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် လည်နေပါသည်။

---

● ရူပဘုံမှစုတေ၍ ကာမဘုံ၌ ပဋိသန္ဓေ နေသောပုဂ္ဂိုလ်အား အဘယ်ကံသည် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသနည်း။

**အဖြေ**။ ရူပစျာန်၏ အနီး၌ ဖြစ်သော ကာမကုသိုလ်ကံသည် ပဋိသန္ဓေစိတ်ကို ဖြစ်စေပါသည်၊ (ရူပကုသိုလ်ကံက ဖြစ်စေသည်မဟုတ်။)

● မဟာဝိပါက်စိတ်, မဟာကြိယာစိတ်, လောကုတ္တရာစိတ်တို့၌ သင်္ဂဟနည်းမရသော စေတသိက်တို့ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ "န ဝိဇ္ဇန္တေတ္ထ ဝိရတီ" စသော ဂါထာအရ ဝိရတီ ၃၊ အပ္ပမညာ ၂၊ ပေါင်း ၅-ပါးဖြစ်ပါသည်။

---

● ကုသိုလ်စိတ်ချင်း တူပါလျက် အဘယ့်ကြောင့် ဝိရတီ တို့သည် မဟာကုသိုလ်မှာ ရံခါယှဉ်၍ လောကုတ္တရာ ကုသိုလ်စိတ်မှာ အမြဲယှဉ်ရပါသနည်း။

**အဖြေ**။ မဟာကုသိုလ်စိတ်သည် ကာယဒုစရိုက် စသည်တို့ကို တဒင်္ဂသာ ပယ်နိုင်ပါသည်၊ မဂ်စိတ်ကား ကာယဒုစရိုက်စသည်တို့ကို သမုစ္ဆေဒ ပဟာန်အားဖြင့် အကြွင်းမဲ့ ပယ်နိုင်သောကြောင့် မဟာကုသိုလ်စိတ်မှာရံခါယှဉ်၍မဂ်စိတ်မှာအမြဲယှဉ်ပါသည် (ဋီ)။

---

● ဝိရတီများမဂ်စိတ်မှာ အမြဲယှဉ်ခြင်းသည် သင့်တန်စေ၊ ဖိုလ်စိတ်မှာ ပဟာနသတ္တိ (ပယ်နိုင်သောအစွမ်း) မရှိရကား ဖိုလ်စိတ်၌ ဝိရတီများ အမြဲယှဉ်ခြင်းမှာ အဘယ်သို့ သင့်တန်ပါမည်နည်း။

**အဖြေ**။ မဂ်သည် ပယ်အပ်သော ကိလေသာတို့ကို ဖိုလ်သည် ငြိမ်းအေးစေခြင်း၏အစွမ်းဖြင့် မဂ်အားလျော်စွာဖြစ်သောကြောင့် သင့်တန်ပါသည်။ (ဋီ)။

● တိဟိတ်စိတ်, တိဟိတ်စိတ်နှင့် ယှဉ်သော စေတသိက်များကို ဖော်ပြပြီးလျှင် ထိုစေတသိက်များမှ ဒွိဟိတ်စေတသိက်, တိဟိတ် စေတသိက်များကို ခွဲခြားထုတ်ပြပါ။

**အဖြေ**။ တိဟိတ်စိတ်ကား မဟာကုသိုလ် မဟာဝိပါက် မဟာကြိယာ ဉာဏသမ္ပယုတ် ၁၂၊ မဟဂ္ဂုတ်စိတ် ၂၇၊ လောကုတ္တရာ ၈၊ ပေါင်း ၄၇-ပါး။

ယှဉ်သော စေတသိက်ကား အညသမာန်း ၁၃၊ သောဘနသာဓာရဏ ၂၅၊ ပေါင်း ၃၈-ပါး၊ ထို ၃၈-ပါးတွင်-

ဒွိဟိတ်စေတသိက်ကား အလောဘ, အဒေါသ, အမောဟ ပေါင်း ၃-ပါး။

တိဟိတ်စေတသိက်ကား ကျန်စေတသိက် ၃၅-ပါး။

**မှတ်ချက်**။ အလောဘသည် အဒေါသ အမောဟ ဟူသော ဟိတ် ၂-ပါးနှင့်ယှဉ်၏၊ အဒေါသသည် အလောဘ အမောဟ ၂-ပါးနှင့်၊ အမောဟသည် အလောဘ အဒေါသ ၂-ပါးနှင့်ယှဉ်၏၊ ထို့ကြောင့် ၎င်း ၃-ပါးသည် အသီးသီး ဒွိဟိတ်စေတသိက်မည်၏။

---

● ရူပါဝစရ ပဉ္စမဈာန် ပဋိသန္ဓေစိတ်, နေဝသညာနာသညာ ယတန ပဋိသန္ဓေစိတ်တို့သည် အဘယ်ကို အာရုံပြုပါသနည်း။

**အဖြေ**။ ရူပါဝစရ ပဉ္စမစျာန် ပဋိသန္ဓေစိတ်သည် ကသိုဏ်း ပညတ် ၁၀-ပါး၊ အသုဘ ၁၀-ပါး ကာယဂတာ သတိ၏ အာရုံဖြစ်သော ကာယကောဋ္ဌာသ ပညတ် ၁-ပါး၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက် ပညတ် ၁-ပါး၊ မေတ္တာ ကရုဏာ မုဒိတာတို့၏ အာရုံဖြစ်သော သတ္တဝါ ပညတ် ၁-ပါး၊ ဤ ၂၅-ပါးသော ပညတ် ကမ္မနိမိတ် ဓမ္မာရုံကို အာရုံပြုပါသည်။

နေဝသညာ နာသညာ ယတန ပဋိသန္ဓေစိတ်သည် ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ် မဟဂ္ဂုတ် ကမ္မနိမိတ်ဟု ဆိုအပ်သော ဓမ္မာရုံကို အာရုံပြုပါသည်။

---

● ဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်းတို့ကို ရေတွက်ပြပြီးလျှင် ၎င်းတို့သည် မည်သည့်စရိုက်အားလျော်၍ မည်သည့်စျာန် တရားများကိုရစေနိုင်ကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

**အဖြေ**။ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ။
၎င်းတို့သည် ဒေါသစရိုက်အားလျော်ပါသည်။
မေတ္တာ, ကရုဏာ, မုဒိတာတို့သည် ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထ စျာန်တို့ကို ရစေနိုင်ပါသည်။
ဥပေက္ခာသည် ပဥ္စမစျာန်ကို ရစေနိုင်ပါသည်။

ပကိဏ္ဏကပြီး၏။

# ဝိသေသကဏ္ဍ

● ဥပေက္ခာနှင့် တတြမဇ္ဈတ္တတာတို့၏ အထူးကို ဖော်ပြခဲ့ပါ။

အဖြေ။ ဥပေက္ခာသည် ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ လျစ်လျူရှုခြင်းလက္ခဏာရှိ၍ တတြမဇ္ဈတ္တတာသည် သမ္ပယုတ်တရားတို့၌လျစ်လျူရှုခြင်း လက္ခဏာရှိပါသည်(ဋီ)။

ဆောင်။ ဣဋ္ဌာနိဋ္ဌာ၊ဥပေက္ခာ၊ မှတ်ပါလျစ်လျူရှု။
တတြမဇ္ဈတ်၊ သမ္ပယုတ်၊ အဟုတ်လျစ်လျူရှု။

---

● ဒေါမနဿနှင့် ပဋိဃအထူးကို ဖော်ပြခဲ့ပါ။

အဖြေ။ ဒေါမနဿသည် အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိ၍ ဝေဒနာက္ခန္ဓာ၌ အကျုံးဝင်၏၊ ပဋိဃသည် ကြမ်းထမ်းခြင်း လက္ခဏာရှိ၍ သင်္ခါရက္ခန္ဓာ၌အကျုံးဝင်၏။

ဆောင်။ ဒေါမနဿ၊ လက္ခဏာကား၊ နိဋ္ဌာရုံများ၊ ခံစံစါး၍၊ မှတ်သားလေပါ၊ ဝေ-ခန္ဓာ၌၊ သွင်းကာဖွဲ့ရ၊ ပဋိဃ တွက်၊ကြမ်းထမ်းချက်နှင့်၊ သင်္ခါရက္ခန်၊ ကျုံးဝင်ပြန်သည်၊ နှစ်တန် ဤသို့ထူးသတည်း။

● ဥဒ္ဒစ္စနှင့် ဝိစိကိစ္ဆာအထူးကို ဖော်ပြပါ။

**အဖြေ**။ ဥဒ္ဒစ္စသည် တအာရုံတည်း၌ ပျံ့လွင့်၏၊ ဝိစိကိစ္ဆာသည် အာရုံအမျိုးမျိုး၌ ယုံမှား၏။

**ဆောင်**။ တအာရုံမှာ၊ ဥဒ္ဒစ္စာ၊ များစွာ ဝိစိကိစ်။

---

● ဝိတက်နှင့် ဝိစာရ အထူးကို ဖော်ပြခဲ့ပါ။

**အဖြေ**။ စိတ်၏ ရှေးဦးစွာ အာရုံ၌ ကျရောက်ခြင်းသည် ဝိတက်၊ အာရုံကို အဖန်တလဲလဲ သုံးသပ်ခြင်းသည် ဝိစာရ။ (ဋီ)။

**ဆောင်**။ စိတ်၏ဦးစွာ၊ အာရုံမှာ၊ ကျတာ ဝိတက္က။
ဖန်တလဲလဲ၊ သုံးသပ်မြဲ၊ မှတ်စွဲဝိစာရ။

---

● ပီတိနှင့် သုခအထူးကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အာရုံကို တွေ့မြင်ရာအခါ၌ နှစ်သက်ခြင်းသည် ပီတိ၊ ထိုအာရုံကို ခံစားခြင်းသည် သုခ။ (ဋီ)။

**ဆောင်**။ အာရုံတွေ့ရာ၊ နှစ်သက်တာ၊ မှတ်ပါပီတိကွဲ့။
ထိုသည့်အာရုံ၊ ခံစားတုံ၊ မှတ်ကုန်သုခတဲ့။

---

● ပီတိနှင့် သောမနဿ အထူးကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ပီတိသည် နှစ်သက်ခြင်းလက္ခဏာရှိ၍ သောမနဿသည် ဝမ်းမြောက်ခြင်း လက္ခဏာရှိ၏။

**ဆောင်**။ နှစ်ဘက်ပီတိ၊ ဝမ်းမြောက်ဘိ၊ မှတ်သိသောမနဿ။

● စျာန်နှင့် စျာနင်တို့၏ အထူးကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဝိတက် စသော စျာန်အင်္ဂါ ၅-ပါး အစိတ်အစိတ်သည် စျာနင် (=စျာနင်္ဂ)၊ဝိတက်စသော စျာန်အင်္ဂါ ၅-ပါး အပေါင်းသည် စျာန်။ (ဋီ)။

**ဆောင်**။ အစိတ်စျာနင်၊ အပေါင်းပင်၊ ခေါ်တွင်စျာန်အမည်။

---

● မဂ်, မဂ္ဂင်, မဂ်စိတ်တို့၏ အထူးကို ဖော်ပြခဲ့ပါ။

**အဖြေ**။ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါး အပေါင်းသည် မဂ်၊ မဂ္ဂင်ရှစ်ပါး အစိတ်အစိတ်သည် မဂ္ဂင်၊ မဂ်နှင့်ယှဉ်သော စိတ်သည် မဂ်စိတ်။ (ဋီ)။

**ဆောင်**။ အစိတ်မဂ္ဂင်၊ အပေါင်းပင်၊ ခေါ်တွင်မဂ်အမည်။
မဂ်နှင့်ယှဉ်ရိပ်၊ ထိုသည့်စိတ်၊ မဂ်စိတ်ခေါ်ပြန်သည်။

---

● ဝိတက်, စေတနာ, မနသိကာရတို့၏ အထူးကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဝိတက်သည် သဟဇာတ် တရားတို့ကို အာရုံသို့ ရှေးရှုတင်ပေးတတ်၏၊ စေတနာသည် ဝိတက်တင်ပေးအပ်သော သဟဇာတ်တရားတို့ကို ထိုထိုအာရုံ၌ ယှဉ်စပ်ပေးတတ်၏၊ မနသိကာရသည် သဟဇာတ် တရားတို့ကို အာရုံသို့ ဖြောင့်မတ်စွာ ရောက်စေတတ်၏၊ ဤကားအထူး။ (ဋီ)။

**ဆောင်**။ ရှေးရှုတင်တတ်၊ ဝိတက်မှတ်၊ ယှဉ်စပ်စေတနာ။
မနသိမှု၊ ဖြောင့်အောင်ပြု၊ မှတ်ရှုအထူးပါ။

● အဟိရိက, အနောတ္တပ္ပတို့၏ အထူးကို ရေးပါ။

**အဖြေ**။ အဟိရိကသည် ကာယဒုစရိုက်စသည်မှ မစက်ဆုပ်ခြင်း သဘော ရှိ၏၊ အနောတ္တပ္ပသည် ကာယဒုစရိုက်စသည်မှ မကြောက်လန့်ခြင်း သဘော ရှိ၏။

ဇိဂုစ္ဆတိ နာဟိရိကော၊
ပါပါ ဂူထာဝ သူကရော။
နဘာယတိ အနောတ္တပ္ပီ၊
သလဘောဝိယ ပါဝကာ။

သူကရော၊ ဝက်သည်။ ဂူထာ၊ မစင်မှ။ နဇိဂုစ္ဆတိ ဣဝ၊ မစက်ဆုပ်သကဲ့သို့။ အဟိရိကော၊ သည်။ ပါပါ၊ မကောင်းမှုမှ။ နဇိဂုစ္ဆတိ၊ မစက်ဆုပ်တတ်။ သလဘော၊ ပိုးပလံသည်။ ပါဝကာ၊ မီးမှ။ နဘာယတိဝိယ၊ မကြောက်သကဲ့သို့။ အနောတ္တပ္ပီ၊ သည်။ နဘာယတိ၊ မကြောက်တတ်။

---

● ဆန္ဒနှင့် လောဘအထူးကို ဖော်ပြပါ။

**အဖြေ**။ အာရုံကို အလိုရှိကာမျှသဘောသည် ဆန္ဒ၊ အာရုံ၌ အလွန် တပ်နှစ်သက်ခြင်းသဘောသည် လောဘ။ (ဋီ)။

**ဆောင်**။ အလိုရှိကာမျှ၊ သဘာဝကို၊ ဆန္ဒဆို၏၊ ထိုထက်လွန်လျက်၊ တပ်နှစ်သက်က၊ မှတ်ချက်လောဘ၊ အထူးပြ၊ မိန့်ဟကျမ်းဋီကာ။

● ဉာဏ်, ဒိဋ္ဌိတို့၏အထူးကို ရေးပြခဲ့ပါ။

**အဖြေ**။ ဉာဏ်သည် အာရုံကို ဟုတ်မှန်စွာ သိတတ်၏၊ ဒိဋ္ဌိသည် အာရုံကို လွဲမှားစွာ ယူတတ်၏။ (ဋီ)။

**ဆောင်**။ ဟုတ်မှန်တိုင်းသာ၊ သိသည်မှာ၊ မှတ်ပါဉာဏ်သဘော။ လွဲမှားစွာပ၊ ယူတတ်က၊ မှတ်ကြဒိဋ္ဌိနော။

---

● ဣဿာ, မစ္ဆရိယတို့၏ အထူးကို ဖော်ပြပါ။

**အဖြေ**။ ဣဿာသည် သူတပါး စည်းစိမ်ကို ငြူစူတတ်၏၊ မစ္ဆရိယသည် မိမိစည်းစိမ်ကို နှမြော ဝန်တိုတတ်၏။ (ဋီ)။

**ဆောင်**။ သူများဥစ္စာ၊ ငြူစူတာ၊ ဣဿာသဘာဝ။ မိမိဥစ္စာ၊ နှမြောတာ၊ မှတ်ပါမစ္ဆေရ။

---

● ထိန, မိဒ္ဓတို့၏ အထူးကို ရေးပါ။

**အဖြေ**။ စိတ်၏အမှုဌ် မခံ့ခြင်းသည် ထိန၊ စေတသိက်၏အမှုဌ် မခံ့ခြင်းသည် မိဒ္ဓ။ (ဋီ)။

**ဆောင်**။ စိတ်မခံ့တာ ထိနသာ၊ စေမှာ မိဒ္ဓထား။

---

● ဟိရိ, ဩတ္တပ္ပတို့၏ အထူးကို ရေးပါ။

**အဖြေ**။ ကိုယ့်ကိုယ်ကို လေးစား၍ မကောင်းမှုမှ စက်ဆုပ်ခြင်းသည် ဟိရိ၊ သူတပါးကို လေးစား၍ မကောင်းမှုမှ ကြောက်လန့်ခြင်းသည် ဩတ္တပ္ပ။ (ဋီ)။

**ဆောင်။** ကိုယ့်ကို လေးပြု၊ မကောင်းမှုမှ၊ စက်ဆုပ်က၊ မှတ်ကြ ဟိရိသာ။

သူတပါးကို၊ လေးစားသို၍။ ထိုပါပမှ၊ ကြောက်လန့်က၊ မှတ်ကြ ဩတ္တပ္ပါ။

---

● သညာ, ဝိညာဉ်, ပညာတို့၏ အထူးကို ရေးပါ။

**အဖြေ။** သညာသည် သိခြင်းမျှကိုသာ ပြုတတ်၏၊ လက္ခဏာ ရေးသုံးပါးကို ထိုးထွင်း၍ မသိ၊ ဝိညာဉ်သည် သိခြင်းမျှကိုလည်း ပြုတတ်၏၊ လက္ခဏာရေးသုံးပါးကိုလည်း ထိုးထွင်း၍ သိနိုင်၏၊ သို့ရာတွင် မဂ်သို့ မရောက်စေနိုင်၊ ပညာကား သုံးပါးလုံးကို ပြုနိုင်၏။ (ဋီ)။

**ဆောင်။** သညာဆိုက၊ သိကာမျှတည်း၊ လက္ခဏာရေး၊ မသိသေးတဲ့၊ မြေ့ဘ်တွေးဝိညာ၊ သဘောမှာကား၊ နှစ်ဖြာအမှုး သိအောင်ပြု၏၊ တခုမဂ်တိုင်၊ မဝိုနိုင်ခဲ့၊ အပြိုင်သုံးပါး၊ ပြုနိုင်ငြားက၊ မှတ်သားပညာ၊ သဘောသာဟု၊ ခွဲခြာ၊ ပြုသည်၊ မှဘ်ရှုသုံးဝ အထူးတည်း၊

---

● သမ္ပယောဂနည်းနှင့် သင်္ဂဟနည်း အထူးကိုရေးပါ။

**အဖြေ။** စေတသိက်နှင့်ယှဉ်သော စိတ်တို့ကို ပိုင်းခြား သတ်မှတ်ပြသောနည်းသည် သမ္ပယောဂနည်း။

စိတ်၌ယှဉ်သော စေတသိက်တို့ကို ပိုင်းခြားသတ်မှတ် ပြသောနည်းသည် သင်္ဂနည်း။ (ဋီ)။

● မနောဓာတ်နှင့် မနောဝိညာဏဓာတ်တို့၏ အထူးကို ဖော်ပြပါ။

---

● သိကာမျှ သဘောသည် မနောဓာတ်၊ အထူးသိသော သဘောသည် မနောဝိညာဏဓာတ်။ (ဋီ)။

---

● ဝေဒနာ ၃-ပါးလာ သုခဝေဒနာနှင့် ဝေဒနာ ၅-ပါး လာ သုခဝေဒနာတို့၏ အထူးကို ဖော်ပြခဲ့ပါ။

**အဖြေ**။ သောမနဿသဟဂုတ်စိတ် ၆၂-ပါးနှင့် သုခသဟ ဂုတ် ကာယဝိညာဉ် ၁ ပေါင်း စိတ် ၆၃-ပါး၌ ရှိသော ဝေဒနာသည် ဝေဒနာ ၃-ပါးလာ သုခ ဝေဒနာဖြစ်၍ သုခသဟဂုတ် ကာယဝိညာဉ် ၁-ပါး၌ ရှိသော ဝေဒနာသည် ဝေဒနာ ၅-ပါးလာ သုခ ဝေဒနာ ဖြစ်ပါသည်။

---

● ဝေဒနာ ၃-ပါးလာ ဒုက္ခဝေဒနာနှင့် ဝေဒနာ ၅-ပါး လာ ဒုက္ခဝေဒနာအထူးကို ဖော်ပြပါ။

**အဖြေ**။ ဒေါသမူဒွေးနှင့် ဒုက္ခသဟဂုတ် ကာယဝိညာဉ်-၁၊ ပေါင်း ၃-ပါး၌ရှိသော ဝေဒနာသည် ဝေဒနာ ၃-ပါးလာ ဒုက္ခ ဝေဒနာဖြစ်၍ ဒုက္ခ သဟဂုတ် ကာယဝိညာဉ် ၁-၌ရှိသော ဝေဒနာသည် ဝေဒနာ ၅-ပါးလာ ဒုက္ခဝေဒနာ ဖြစ်ပါသည်။

---

● ကိစ္စနှင့် ဌာနအထူးကို ရေးပါ။

**အဖြေ**။ သတ္တိသည် ကိစ္စ၊ သတ္တိမန္တစိတ်ဖြစ်သည် ဌာန။ (ဋီ)။

● ပကိဏ်းပိုင်းလာ ကာယဒွါရနှင့် ဝီထိမုတ်ပိုင်းလာ ကာယဒွါရတို့၏ အထူးကို ဖော်ပြပါ။

**အဖြေ**။ ပကိဏ်းပိုင်းလာ ကာယဒွါရကား ကာယပသာဒ တည်း၊ ဝီထိမုတ်ပိုင်းလာ ကာယဒွါရကား ကာယ ဝိညတ်တည်း။

---

● ပကိဏ်းပိုင်းလာ မနောဒွါရနှင့် ဝီထိမုတ်ပိုင်းလာ မနောဒွါရတို့၏ အထူးကို ဖော်ပြပါ။

**အဖြေ**။ ပကိဏ်းပိုင်းလာ မနောဒွါရကား ဘဝင်္ဂုပစ္ဆေဒစိတ် ၁၉-ခုတည်း၊ ဝီထိမုတ်ပိုင်းလာ မနောဒွါရကား လောကီကုသိုလ် အကုသိုလ်ဇော ၂၉-တည်း။

---

● စိတ်ပိုင်းလာ စက္ခုဝိညာဏနှင့် ဝီထိပိုင်းလာ စက္ခု ဝိညာဏတို့၏ အထူးကို ဖော်ပြပါ။

**အဖြေ**။ စိတ်ပိုင်းလာ စက္ခုဝိညာဏကား စက္ခုဝိညာဉ်နှစ်ခုတည်း၊ ဝီထိပိုင်းလာ စက္ခုဝိညာဏကား စက္ခုဒွါရိက ဝီထိစိတ် ၄၆-ပါးတည်း။

---

● "စရိုက်ဝါသနာ"ဟု ဆိုကြရာ စရိုက်နှင့် ဝါသနာ အထူးကို ဖော်ပြပါ။

**အဖြေ**။ ပစ္စုပ္ပန်ဘဝ၌ များစွာ ဖြစ်ခြင်းသည် စရိုက်, ရှေးရှေး ဘဝက အထုံပါခဲ့ခြင်းသည် ဝါသနာ။

● ပရမတ္ထဓမ္မ (=မြတ်သောတရား)နှင့် ဟီန တိက်လာ ပဏီတဓမ္မ (=မြတ်သောတရား)တို့၏ အမြတ်အား ဖြင့် ထူးခြားပုံကို ဖော်ပြခဲ့ပါ။

အဖြေ။ ပရမတ္ထဓမ္မ၌ မိမိဆိုင်ရာ သဘောလက္ခဏာမှ မဖောက် ပြန်ခြင်းကို မြတ်သည်ဟုဆို၏။

ပဏီတဓမ္မ၌ ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင် သောကြောင့် မြတ်သည်ဟုဆို၏၊ဤသို့ထူးပါးသည်။

**အမှာ**။ "ပရမတ္ထ (=မြတ်သောတရား) ဟူသောစကားနှင့် ဟီန (=ယုတ်ညံ့သောတရားတို့) ဟူသောစကားသည် မဆန့်ကျင် ပါသလော"ဟု မေးဘူးပြီ၊အဖြေကား-ပရမတ္ထ၌ မိမိဆိုင်ရာ လက္ခဏာမှ မဖောက်ပြန်ခြင်းကို မြတ်သည်ဟုဆို၏၊ ဟီနဓမ္မ များလည်း မိမိဆိုင်ရာ လက္ခဏာမှာ မဖောက်ပြန်ကြပေ၊ သို့ရာတွင် မကောင်းကျိုးကို ပေးစွမ်းနိုင်သဖြင့် တကယ့်ကို ယုတ်ညံ့သော တရားများဖြစ်၍ ဟီနဓမ္မာဟု ဟောတော်မူ သည်။

---

● ကေပ္ပါဒနှင့် သဟဝုတ္တိအထူးကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ကလာပ် တခုတခု၌ရှိသော ရုပ်တို့၏ ပြိုင်တူဥပါဒ်ခြင်း ပြိုင်တူဖြစ်ခြင်းသည် ကေပ္ပါဒ၊ ကလာပ် တခုတခု၌ ရှိသော ရုပ်တရားများ အတူတကွ ဖြစ်ခြင်းသည် သဟဝုတ္တိ။

---

● သဟဇာတနှင့် အညမည အထူးကိုရေးပါ။

**အဖြေ**။ တကွဖြစ်ကာမျှဖြင့် ကျေးဇူးပြုခြင်းသည် သဟဇာတ၊ တကွလည်းဖြစ် အချင်းချင်း အပြန်အလှန်လည်း ကျေးဇူးပြုခြင်းသည် အညမည။ (ဋီ)။

---

● နိဿယနှင့် ဥပနိဿယ အထူးကိုရေးပါ။

**အဖြေ**။ ပစ္စယုပ္ပန် တရားတို့၏ အားနည်းသော မှီရာဖြစ်၍ ကျေးဇူးပြုခြင်းသည် နိဿယ၊ အားကြီးသော မှီရာ ဖြစ်၍ ကျေးဇူးပြုခြင်းသည် ဥပနိဿယ။ (ဋီ)။

---

● ပုရေဇာတနှင့် ပစ္ဆာဇာတ အထူးကိုရေးပါ။

**အဖြေ**။ ပုရေဇာတကား ပစ္စယုပ္ပန် တရား၏ ရှေ့မှဖြစ်၍ ကျေးဇူးပြု၏၊ ပစ္ဆာဇာတကား ပစ္စယုပ္ပန် တရား၏ နောက်မှဖြစ်၍ ကျေးဇူးပြု၏။ (ဋီ)။

**အမှာ**။ ''ပစ္ဆာဇာတ၌ ပစ္စယုပ္ပန်တရားများ ချုပ်သွားပြီ ဖြစ်ပါလျက် နောက်မှဖြစ်သော တရားက အသယ်သို့ ကျေးဇူးပြုနိုင်ပါသနည်း''ဟု မေးဘူးပြီ၊ ဥင်းတယ်တို့၏ အာဟာရတဏှာနှင့် ယှဉ်သော စေတနာသည် ဥင်းတယ်တို့၏ ရူပကာယကို ကျေးဇူး ပြုသကဲ့သို့ ကျေးဇူးပြုနိုင်ပါသည်ဟု ဖြေလေ၊ (အကျယ်ကို ပဌာန်းအဌကထာ၌ရှု)။

---

● အတ္ထိနှင့် အဝိဂတအထူးကို ရေးပါ။

**အဖြေ**။ ထင်ရှားရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် အတ္ထိ၊ မချုပ်ပျောက်သည်၏ အစွမ်းဖြင့် ကျေးဇူးပြုခြင်းသည် အဝိဂတ....(မူလ)။

**အမှာ**။ မူလ=မူလ=ဋီကာကျမ်း။

● နတ္ထိနှင့် ဝိဂတအထူးကို ရေးပါ။

**အဖြေ**။ ချုပ်ပြီးနောက် ကင်းဆိတ်သည်၏အစွမ်းဖြင့် ကျေးဇူးပြုခြင်းသည် နတ္ထိ၊ ချုပ်ခြင်းဖြင့် ကျေးဇူးပြုခြင်းသည် ဝိဂတ။ (ဋီ)။

**အမှာ**။ အနန္တရနှင့် သမနန္တရကားအနက်အဓိပ္ပာယ်အားဖြင့် အထူးမရှိ၊ သဒ္ဒါမျှသာထူး၏၊ သဒ္ဒါမျှသာထူးသော်လည်း ပုဂ္ဂလဇ္ဈာသယ၊ ဒေသနာဝိလာသ အားဖြင့် ၂-မျိုးဟောထားတော်မူသည်။ မဥ္ဇူ။

---

● နိဿယ (=နိ+အယ)နှင့် အပါယ(အပ+အယ)တို့၌ ပါသော အယသဒ္ဒါနှစ်ခု အထူးကို ရေးပါ။

**အဖြေ**။ နိဿယ၌ အယသဒ္ဒါကား ကောင်းမှုကုသိုလ် ဟောတည်း၊ အပါယ၌ အယသဒ္ဒါကား စည်းစိမ် ချမ်းသာ ဟောတည်း။ (ဋီ)။

---

● ဇနကကံနှင့် ဥပဃာတကကံ အထူးကို ရေးပါ။

**အဖြေ**။ ဇနကကံသည် ကံတပါး၏အကျိုးကို မဖြတ်တောက်ပဲ အကျိုးပေး၏၊ ဥပဃာတကကံသည် ကံတပါး၏ အကျိုးကို ဖြတ်တောက်၍ အကျိုးပေး၏။ (ဋီ)။

---

● ဥပစယနှင့် သန္တတိအထူးကို ရေးပါ။

**အဖြေ**။ ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ဇီဝှာဒသကဖြစ်သည်တိုင်အောင် နိပ္ဖန္နရုပ်တို့၏ ဖြစ်ခြင်းသည်ဥပစယ၊ နောက်နောက် ရုပ်တို့၏ဖြစ်ခြင်းသည် သန္တတိ။ (ဋီ)။

● "နိဗ္ဗာနံ ပန။ပ။ နိဗ္ဗာနန္တိ ပဝုစ္စတိ"၌ နိဗ္ဗာနသဒ္ဒါ ၂-ခုအထူးကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ပဌမနိဗ္ဗာနကား ဒြဗ်ဟော၊ နောက် နိဗ္ဗာနကား အမည်ဟောတည်း။

---

● နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန်အထူးကို ဖော်ပြပါ။

**အဖြေ**။ နိဗ္ဗာန်ကား ပရမတ်၊ ပရိနိဗ္ဗာန်ကား ပညတ်။

---

● အဓိပတိနှင့် ဣန္ဒြေအထူးကို ရေးပါ။

**အဖြေ**။ တပါးသော အဓိပတိတို့၏ အစိုးရမှုကို တားမြစ်၍ တဦးတည်း အစိုးရခြင်းသည် အဓိပတိ၊ တပါးသော ဣန္ဒြေတို့၏ အစိုးရမှုကို မတားမြစ်ပဲ အပိုင်အဆိုင် အစိုးရခြင်းသည် ဣန္ဒြေ။ (ဋီ)။

---

● ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ အထူးကိုရေးပါ။

**အဖြေ**။ သာသဝ အနာသဝတရား အားလုံးသည် ခန္ဓာ၊ သာသဝတရားသည် ဥပါဒါနက္ခန္ဓာ။ (ဋီ)။

**ဆောင်**။ အနာသဝ၊ သာသဝ၊ မှတ်ကြခန္ဓာသာ။
ဥပါဒါန၊ သာသဝ၊ မှတ်ကြတမျိုးသာ။

---

● ပဋိစ္စသမုပ္ပါဒ်နည်းနှင့် ပဋ္ဌာန်းနည်းအထူးကို ရေးခဲ့ပါ။

**အဖြေ**။ ပဋိစ္စသမုပ္ပါဒ် နည်းသည် ပစ္စည်းနှင့် ပစ္စယုပ္ပန်မျှကိုသာ ပြ၏၊ ပဋ္ဌာန်းနည်းကား ပစ္စည်း, ပစ္စယုပ္ပန်,ပစ္စယသတ္တိတို့ကို ပြ၏။ (ဋီ)။

● တဏှာနှင့် ဥပါဒါန်အထူးကို ရေးပါ။

**အဖြေ**။ အားနည်းသော တဏှာသည် တဏှာ၊
အားကြီးသော တဏှာသည် ဥပါဒါန်။ (ဋီ)။

**ဆောင်**။ အားနည်းတဏှာ၊ အားကြီးမှာ၊ ဥပါဒါန်မှတ်။

---

● "ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ"၌ ဘဝသဒ္ဒါ ၂-ခုအထူးကို ရေးပါ။

**အဖြေ**။ ပဌမဘဝသဒ္ဒါကား ကမ္မဘဝ, ဥပပတ္တိဘဝ ၂-ခုလုံး ဟော၏၊ နောက်ဘဝသဒ္ဒါကား ကမ္မဘဝတခုကိုသာ ဟော၏။ (ဋီ)။

---

● ဟေတုပစ္စယော၌ ဟေတုနှင့် ပစ္စယအထူးကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အကျိုးတရားတို့၏ တည်ရာဖြစ်သောကြောင့် ဟေတု၊ ကျေးဇူးပြုတတ်သောကြောင့် ပစ္စယ။ (ဋီ)။

---

● အဘိဓမ္မတ္ထနှင့် ပရမတ္ထတို့၏အထူးကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အဘိဓမ္မတ္ထအရကား စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ်တည်း၊ ပရမတ္ထအရကား စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တည်း။

---

● "စေတနာကောင်းသည်၊ သဒ္ဓါ ကောင်းသည်" ဟုဆိုကြရာ စေတနာနှင့် သဒ္ဓါတို့၏ အထူးကို စိစစ်ပြပါ။

**အဖြေ**။ မိမိကိုယ်တိုင် ကုသိုလ်ကောင်းမှုလုပ်ခြင်း, သူတပါး တို့ကို ပြုလုပ်ရန် တိုက်တွန်းနှိုး ဆော်ခြင်းသည် စေတနာ၊ ကုသိုလ်ကောင်းမှုပြုရာ၌ ရတနာသုံးပါးကို သက်ဝင်ယုံကြည်ခြင်း, ကံတရားကို ယုံကြည်ခြင်း, ကံ၏ အကျိုးတရားကို ယုံကြည်ခြင်းသည် သဒ္ဓါ။

---

● စေတသိက်ပိုင်းလာ ကေပ္ပါဒနှင့် ရုပ်ပိုင်းလာ ကေပ္ပါ ဒတို့၏ အထူးကို ဖော်ပြခဲ့ပါ။

**အဖြေ**။ စေတသိက်ပိုင်းလာ ကေပ္ပါဒကား စိတ်နှင့် ယှဉ်ဘက် စေတသိက်၏ပြိုင်တူဥပါဒ်ခြင်း ပြိုင်တူဖြစ်ခြင်း တည်း။

ရုပ်ပိုင်းလာ ကေပ္ပါဒကား ကလာပ် တခုတခု၌ ရှိသော ရုပ်တို့၏ ပြိုင်တူဥပါဒ်ခြင်း ပြိုင်တူ ဖြစ် ခြင်းတည်း။

---

● စေတသိက်ပိုင်းလာ ကေနိရောဓနှင့် ရုပ်ပိုင်းလာ ကေ နိရောဓတို့၏ အထူးကို ဖော်ပြခဲ့ပါ။

**အဖြေ**။ စေတသိက်ပိုင်းလာ ကေနိရောဓကား စိတ်နှင့် ယှဉ် ဘက် စေတသိက်တို့၏ ပြိုင်တူချုပ်ခြင်းတည်း။

ရုပ်ပိုင်းလာ ကေနိရောဓကား ကလာပ် တခုတခု၌ ရှိသော ရုပ်တို့၏ ပြိုင်တူချုပ်ခြင်းတည်း။

---

● စေတသိက်ပိုင်းလာ ကေနိဿယနှင့် ရုပ်ပိုင်းလာ ကေနိဿယတို့၏ အထူးကို ဖော်ပြခဲ့ပါ။

**အဖြေ။** စေတသိက်ပိုင်းလာ ကေနိဿယကား စိတ်နှင့် ယှဉ်ဘက် စေတသိက်တို့က စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, ဟဒယဟူသော ဝတ္ထု ၆-ပါးကို မှီခြင်းတည်း။

ရုပ်ပိုင်းလာ ကေနိဿယကား ရုပ်ကလာပ် တခုတခု၌ရှိသော ရုပ်တို့က ပထဝီ, တေဇော, အာပေါ, ဝါယောဟူသော ဓာတ်ကြီးလေးပါးကို မှီခြင်းတည်း။

---

● ကုသိုလ်စိတ်နှင့် ကြိယာစိတ်တို့၏ အထူးကိုရေးပါ။

**အဖြေ။** ကုသိုလ်စိတ်ကား ၂၁-ပါးရှိ၍ ပုထုဇဉ်, သေက္ခတို့၏ သန္တာန်၌ ဖြစ်သည်။

ကြိယာစိတ်ကား ၂၀-ရှိ၍ ရဟန္တာသန္တာန်မှာသာ ဖြစ်ပါသည်။

**တနည်း**....ကုသိုလ်ကား လောကီ, လောကုတ္တရာ ၂-မျိုးဖြစ်၍ ကြိယာကား လောကီ ၁-မျိုးသာဖြစ်ပါသည်။

**အမှာ။** အခြားအခြား **တ**ရားများ၏အထူးကိုလည်း ကြံစည်ကြပါ၊ ဉာဏ်ပညာတိုးပွား၍ အကျိုးများနိုင်ပါသည်။

---

● "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ"၌ သင်္ခါရ ၂-ခုတို့၏ အထူးကို ရေးခဲ့ပါ။

**အဖြေ။** ရှေ့သင်္ခါရကား အကျိုး၊ နောက် သင်္ခါရကား အကြောင်းဖြစ်ပါသည်။

**တနည်း** ရှေ့သင်္ခါရ အရကား အကုသိုလ်စိတ် ၁၂-ပါး၌ယှဉ်သော စေတနာ ၁၂-ခု၊ အဘိညာဉ်ကြဉ် လောကီကုသိုလ် ၁၇-ခု၌ရှိသော စေတနာ ၁၇-ခု၊ ပေါင်း စေတနာ ၂၉-ခု ရ၏။

နောက်သင်္ခါရ အရကား ၎င်း ၂၉-တွင် ဥဒ္ဓစ္စ စေတနာ ကြဉ် ကျန်စေတနာ ၂၈-ခု ရ၏။

---

● "သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ"၌ ဝိညာဏ ၂-ခုတို့၏ အထူးကို ဖော်ပြခဲ့ပါ။

**အဖြေ။** ရှေ့ဝိညာဏကား အကျိုး၊ နောက် ဝိညာဏကား အကြောင်းဖြစ်ပါသည်။

**တနည်း**....ရှေ့ဝိညာဏ အရကား လောကီဝိပါက်စိတ် ဗာတ္တိံသ ၃၂-ပါးရ၏။

နောက်ဝိညာဏကား ပဋိသန္ဓေစိတ် ၁၉-ခုရ၏။

---

● "ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ"၌ နာမရူပ ၂-ခုတို့၏ အထူးကို ရေးခဲ့ပါ။

**အဖြေ။** ရှေ့ နာမရူပကား အကျိုး၊ နောက် နာမရူပကား အကြောင်းဖြစ်ပါသည်။

**တနည်း**-ရှေ့ နာမရူပ အရကား ပဋိသန္ဓေစိတ် ၁၉-ခုဥ်ယှဉ်သော စေတသိက် ပဉ္စတိံသ၊ ကမ္မဇရုပ် ဝိသရ၏။
နောက် နာမရူပအရကား စေတသိက် ဒွေပညာသ၊ ရုပ် အဌဝိသရ၏။

---

● "ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ"၌ နာမ ၂ ခုတို့၏ အထူးကိုရေးခဲ့ပါ။
**အဖြေ**။ ရှေ့နာမကား ပဋိသန္ဓေစိတ် ၁၉-ခု၌ ယှဉ်သော စေတသိက် ပဉ္စတိံသတည်း၊ နောက် နာမကား စေတသိက် ဒွေပညာသတည်း။

---

● "ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ"၌ ရူပ ၂-ခုတို့၏ အထူးကို ရေးခဲ့ပါ။
**အဖြေ**။ ရှေ့ရူပကား ကမ္မဇရုပ်ဝိသတည်း၊ နောက် ရူပကား ရုပ်အဌဝိသတည်း။

---

● "နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော"၌ သဠာယတန ၂-ခုတို့၏ အထူးကို ရေးခဲ့ပါ။
**အဖြေ**။ ရှေ့သဠာယတနကား အဇ္ဈတ္တိကာယတန ၆-ပါးတည်း။
နောက်သဠာယတနကား ဗာဟိရာယတန ၆-ပါးတည်း။

● သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ တို့၏ တူညီပုံကို ရေးခဲ့ပါ။

**အဖြေ**။ ၎င်းတို့သည် ဒုရကောက်အားဖြင့် ဒေါသ စေတသိက် တခုတည်းဖြစ်၍ တူညီကြပါသည်။

---

● သောက ပရိဒေဝ, ဥပါယာသတို့၏ ထူးခြားပုံကို ဥပမာသွင်း၍ ရှင်းပြခဲ့ပါ။

**အဖြေ**။ သောကဟူသည် စိုးရိမ်ခြင်းတည်း၊ ဥပမာ-ဒယ်အိုးထဲ၌ ဆီကျက်နေသည်နှင့် တူ၏။

ပရိဒေဝဟူသည် ငိုကြွေး မြည်တမ်းခြင်းတည်း၊ ဥပမာ- ဒယ်အိုးထဲမှ ဆီများ ဝေလျှံတက်လာသည်နှင့် တူ၏။

ဥပါယာသဟူသည် ပူဆွေးခြင်းတည်း၊ ဥပမာ- ဒယ်အိုးထဲမှ ဆီများဝေကျပြီး ခန်းခြောက်နေသည်နှင့် တူ၏။

**ဆောင်**။ ဆီကျက်, ဝေလျှံ၊ ခန်းခြောက်ပြန်၊ သုံးတန်ဥပမာ။

---

● အရူပကုသိုလ် ဝိပါက် ကြိယာတို့၌ ပါသော ဝိညာဏဥ္စာယတန၌ ဝိညာဏ ၃-ခုတို့၏အထူးကို ရေးခဲ့ပါ။

**အဖြေ**။ (ကုသိုလ်) ဝိညာဏအရကား ပဌမ အရူပ ကုသိုလ် စိတ်ရ၏။

(ဝိပါက်) ဝိညာဏ အရကား အတိတ်ဘဝ၌ ဖြစ်သော ပဌမအရူပ ကုသိုလ်စိတ်ရ၏။

(ကြိယာ) ဝိညာဏအရကား ပဌမ အရူပကုသိုလ်စိတ်နှင့် ပဌမ အရူပကြိယာစိတ် ၂-ပါး ရ၏။

---

● ဝိနည်း ကုက္ကုစ္စ၊ သုတ္တန်ကုက္ကုစ္စ၊ အဘိဓမ္မာကုက္ကုစ္စ တို့၏ အထူးကို ဖော်ပြခဲ့ပါ။

**အဖြေ**။ (ဝိနည်း) ကုက္ကုစ္စ အရကား ကုသိုလ်, ကြိယာ စိတ္တုပ္ပါဒ်ရ၏။

(သုတ္တန်) ကုက္ကုစ္စ အရကား လက်ခြေကို မစောင့်စည်းခြင်း အမူအရာရ၏။

(အဘိဓမ္မာ) ကုက္ကုစ္စအရကား ကုက္ကုစ္စ စေတသိက် ရ၏။

---

● စေတနာဝါစာ၊ သမ္မာဝါစာ၊ သဒ္ဒဝါစာတို့အထူးကို ရေးခဲ့ပါ။

**အဖြေ**။ သုဘာသိတ,ဓမ္မ, ပိယ, သစ္စာဟူသောအင်္ဂါ ၄-ပါးနှင့် ပြည့်စုံသောစကား (သုဘာသိတဝါစာ) သည် စေတနာဝါစာ မည်၏။

အသက်မွေးမှုနှင့် မပတ်သက်သော ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်ခြင်းသည် သမ္မာဝါစာမည်၏။

နှုတ်မြွက်ပြောဆိုသော စကားသံသည် သဒ္ဒဝါစာ မည်၏။

---

● စေတနာကမ္မန္တ၊ ဝိရတိကမ္မန္တ၊ ကြိယာ ကမ္မန္တတို့၏ အထူးကို ရေးခဲ့ပါ။

အဖြေ။ အပြစ်မရှိသော အမှုကို ပြုစေတတ်သော စေတနာ စေတသိက်သည် စေတနာကမ္မန္တ။

အသက်မွေး ဝမ်းကျောင်းနှင့် မဆိုင်သော ကာယ ဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်ခြင်းသည် ဝိရတိကမ္မန္တ။ အပြစ်မရှိသော အမှုကိုပြုသော ကိုယ်အမူအရာသည် ကြိယာကမ္မန္တ။

---

● ပညာ၊ ဝဠ္ဌနာပညာ၊ မိစ္ဆာဉာဏ်တို့၏ အထူးကို ရေး ခဲ့ပါ။

အဖြေ။ ဒုက္ခအစရှိသော အပြားအားဖြင့် သိတတ်သော ပညိန္ဒြေစေတသိက်သည် ပညာ။

လှည့်ပတ်တတ်သော မာယာသည် ဝဠ္ဌနာပညာ၊ တရားကိုယ်အားဖြင့် လောဘ စေတသိက်တည်း (အဋ္ဌသာလိနီ)။

အပြစ်ရှိသောအရာ၌ ပြုလုပ်ဖွယ်ကိစ္စကို သိနားလည် သော သဘောသည် မိစ္ဆာဉာဏ်၊

တရားကိုယ်အားဖြင့် ဒိဋ္ဌိနှင့်ယှဉ်သော စိတ်တည်း၊ (သံယုတ်-ဋ္ဌ)

မိစ္ဆာဉာဏ် ဟူသည် မောဟ စေတသိက်တည်း၊ (မူလပံ-ဋ္ဌ)

မိစ္ဆာဉာဏ်ဟူသည် ဒိဋ္ဌိနှင့်ယှဉ်သော မောဟ စေတသိက်တည်း။ (ဝိမတိ-ဋီ)။

ဝိသေသကဏ္ဍ ပြီး၏။

● မဏ္ဍိုင် ●

# အဘိဓမ္မာ ကျည်ရေး

## ဥပမာကဏ္ဍ

● စုံထောက်နှင့်တူသော တရားတို့ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ သန္တီရဏစိတ် ဖြစ်ပါသည်။

---

● ဝါဂွမ်းဆိုင်နှင့်တူသောရုပ်ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဥပါဒါရုပ် ၂၄-ပါး ဖြစ်ပါသည်။

---

● ပေ-တူတို့နှင့်တူသော ရုပ်ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ မဟာဘုတ် ၄-ပါး ဖြစ်ပါသည်။

---

● အကူအညီ ကင်းမဲ့သော ယောကျ်ားနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ သမ္ပဋိစ္ဆိုန်းဒွေး ဖြစ်ပါသည်။

---

● အကူအညီရှိသော ယောကျ်ားနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ကုသလဝိပါက် သန္တီရဏစိတ် ဖြစ်ပါသည်။

● မင်းကျွမ်းဝင်သော ဆွေမျိုး သို့မဟုတ် မိတ်ဆွေကို အမှီပြု၍ ရွာသားတယောက် နန်းတော်သို့သွားရာ (က) ရွာသားနှင့်တူသောတရား (ခ) ဆွေမျိုးမိတ်ဆွေနှင့်တူသောတရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ (က) သဝိတက္ကစိတ် ၅၅-ပါး။

( ခ) ဝိတက်စေတသိက် ဖြစ်ပါသည်။

---

● ပဌမတီးအပ်သော ခေါင်းလောင်းသံနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဝိတက်စေတသိက် ဖြစ်ပါသည်။

---

● နောက်ထပ် ခေါင်းလောင်း၏ ညည်းညူသံနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဝိစာရ စေတသိက် ဖြစ်ပါသည်။

---

● ကောင်းကင်သို့ ပျံတက်လိုသော ငှက်၏ အတောင်ခပ်ခြင်းနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဝိတက်စေတသိက် ဖြစ်ပါသည်။

---

● ကောင်းကင်သို့ ပျံတက်ပြီးသော ငှက်၏ အတောင်ဖြန့်တန်းခြင်းနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဝိစာရစေတသိက် ဖြစ်ပါသည်။

● ပျားပိတုန်း၏ ပဒုမာ ကြာပန်းပေါ်သို့ ရှေးရှုကျခြင်း နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဝိတက်စေတသိက် ဖြစ်ပါသည်။

---

● ပျားပိတုန်း၏ ပဒုမာကြာပန်းပေါ်ဝယ် လှည့်လည် ခြင်းနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဝိစာရစေတသိက် ဖြစ်ပါသည်။

---

● ကောင်းသော ဘောဇဉ်အရသာကို သာယာခံစား သော ဘုရင်နှင့်တူသောတရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ သုခဝေဒနာ စေတသိက် ဖြစ်ပါသည်။

---

● စားတော်ဆက် ( ပွဲတော်ဆက် ) သမားနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဝေဒနာမှတပါး ကျန်စိတ်, စေတသိက်များ ဖြစ်ပါ သည်။

---

● ရေအယဉ်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အဋ္ဌင်္ဂိကမဂ် ဖြစ်ပါသည်။

---

● တပည့်ကြီးနှင့်တူသောတရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ စေတနာစေတသိက် ဖြစ်ပါသည်။

● လက်သမားကြီးနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ စေတနာစေတသိက် ဖြစ်ပါသည်။

---

● ကြာအစရှိသည်တို့ကို စောင့်ရှောက်တတ်သော ရေနှင့်တူသောတရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဇီဝိတိန္ဒြေ ဖြစ်ပါသည်။

---

● ခရီးသည်ကို တဖက်ကမ်းသို့ လိုက်ပို့ပေးတတ်သော လှေသမား (=ကူးတို့သမား)နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဇီဝိတိန္ဒြေ ဖြစ်ပါသည်။

---

● ဗိုလ်မှူးချုပ်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ စေတနာစေတသိက် ဖြစ်ပါသည်။

---

● အာဇာနည်မြင်းတို့ကို ရထားနှင့် ယှဉ်စပ်ပေးတတ်သော ရထားထိန်း(=မြင်းလှည်းသမား)နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ မနသိကာရ စေတသိက် ဖြစ်ပါသည်။

---

● တံခါးတိုင်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အဓိမောက္ခ စေတသိက် ဖြစ်ပါသည်။

- လက်ကို ဆန့်တန်းခြင်းနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ဆန္ဒစေတသိက် ဖြစ်ပါသည်။

---

- ပစ်ရန်မြှားကို ယူလိုသော လေးသမားနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ဆန္ဒစေတသိက် ဖြစ်ပါသည်။

---

- မစင်ကို မစက်ဆုပ်သော ရွာဝက်နှင့်တူသောတရားကို ဖော်ပြခဲ့ပါ။

အဖြေ။ အဟိရိက ဖြစ်ပါသည်။

---

- မီးကို မကြောက်ရွံ့သော ပိုးဖလံနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ အနောတ္တပ္ပ ဖြစ်ပါသည်။

---

- ခဲကျ၍ ထလာသောပြာနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ဥဒ္ဓစ္စ ဖြစ်ပါသည်။

---

- အင်မတန် စေးကပ်သော မျောက်နှဲစေးနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ လောဘစေတသိက် ဖြစ်ပါသည်။

● အလံတံခွန်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ မာနစေတသိက် ဖြစ်ပါသည်။

---

● ဒုတ်ဖြင့် ရိုက်အပ်သော မြွေဟောက်နှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ဒေါသစေတသိက် ဖြစ်ပါသည်။

---

● ရေကို ကြည်လင်စေတတ်သော ပတ္တမြားလုံးနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ သဒ္ဓါစေတသိက် ဖြစ်ပါသည်။

---

● မိမိကိုယ်ကို လေးစားသဖြင့် မကောင်းမှုကို စက်ဆုပ်သော အမျိုးသမီးနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ဟိရီစေတသိက် ဖြစ်ပါသည်။

---

● သူတပါးကို လေးစားသဖြင့် မကောင်းမှုမှ ထိတ်လန့်သော ပြည့်တန်ဆာမ (=အပြာမယ်=ကြက်)နှင့် တူသောတရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ဩတ္တပ္ပစေတသိက် ဖြစ်ပါသည်။

---

● လွတ်လပ်သော ရဟန္တာရဟန်းနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ အလောဘ စေတသိက် ဖြစ်ပါသည်။

- သဘောချင်း တိုက်ဆိုင်သော မိတ်ဆွေနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ အဒေါသ စေတသိက် ဖြစ်ပါသည်။

---

- အညီအမျှပြေးနေသော မြင်း ၂-ကောင်ကို လျစ်လျူရှုသော ရထားထိန်းနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ တတြမဇ္ဈတ္တတာ ဖြစ်ပါသည်။

---

- ကလေး၏ ရွှေကိုသိခြင်းနှင့်တူသောတရားကို ဖော်ပြခဲ့ပါ။

အဖြေ။ သညာစေတသိက် ဖြစ်ပါသည်။

---

- ရွာသား၏ ရွှေကို သိခြင်းနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ဝိညာဉ်ဖြစ်ပါသည်။

---

- ပန်းတိမ်ဆရာ၏ ရွှေကို သိခြင်းနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ပညာစေတသိက် ဖြစ်ပါသည်။

---

- ရေသောက်မြစ်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ဟိတ် ၆-ပါး ဖြစ်ပါသည်။

● စည်ပင်သော ရေသောက်မြစ် ရှိသော သစ်ပင်နှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ဟိတ် ၆-ပါးနှင့်ယှဉ်သော သဟိတ်စိတ္တုပ္ပါဒ် ဖြစ်ပါသည်။

---

● ရေသောက်မြစ် မရှိသော မှော်သေး မှော်ညှင်းနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ အဟိတ်စိတ္တုပ္ပါဒ်နှင့် ရုပ် ၂၈-ပါး ဖြစ်ပါသည်။

---

● လူတို့ ဝင်ထွက်ရာ တံခါးပေါက်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ဒွါရ ၆-ပါးဖြစ်ပါသည်။

---

● အားနည်းသော လူအိုများ စွဲကိုင်ရာ ဒုတ်, ကြိုးတန်း စသည်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ အာရုံ ၆-ပါး ဖြစ်ပါသည်။

---

● လူတို့သွားရာ လမ်းနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ဝီထိစိတ် ၈၀-ဖြစ်ပါသည်။

---

● မျက်လှည့်သမားနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ မဟာဘုတ် ၄-ပါး ဖြစ်ပါသည်။

● သတ္တာဝါတို့ကို လှည့်ဖျားတတ်သော ဘီလူးမနှင့် တူသောတရားကို ဖော်ပြခဲ့ပါ။

အဖြေ။ မဟာဘုတ် ၄-ပါး ဖြစ်ပါသည်။

---

● ရေအလျှင်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ဩဃ ၄-ပါး ဖြစ်ပါသည်။

---

● ဖားကို မြွေငန်း ဖမ်းသည်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ဥပါဒါန် ၄-ပါးဖြစ်ပါသည်။

---

● လုံးသော ပတ္တမြားကဲ့သို့ အာရုံ၌ လိမ့်တတ်သော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ဝိစိကိစ္ဆာ စိတ္တုပ္ပါဒ် ဖြစ်ပါသည်။

ဆောင်။ အလုံးပတ္တမြား၊ လိမ့်ပုံထား၊ တူငြား စိကိစ္ဆာ။

---

● လေးထောင့်ပတ္တမြားကဲ့သို့ အာရုံ၌ လိမ့်တတ်သော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ဥဒ္ဓစ္စစိတ္တုပ္ပါဒ် ဖြစ်ပါသည်။

ဆောင်။ လေးထောင့်ပတ္တမြား၊ လိမ့်ပုံထား၊ တူငြားဥဒ္ဓစ္စ။

● ဆင်ပြောင်ကြီး (=မဟာဂဇ) နှင့် တူသောတရား ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ မနောဒွါရာဝဇ္ဇန်း ဖြစ်ပါသည်။

**ဆောင်**။ မနောဒွါရာ၊ ဝဇ္ဇန်းမှာ၊ တူပါ ဆင်ပြောင်ကြီး။

---

● သဗ္ဗညုတဉာဏ်တော်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ မနောဒွါရာဝဇ္ဇန်း ဖြစ်ပါသည်။

**ဆောင်**။ သဗ္ဗညုဉာဏ်နှော၊ တူပုံပြော၊ မနောဒွါဝဇ္ဇန်း။

---

● အိမ်အိုကြီးကို မလဲမပြိုရအောင် ထောက်ကန်ထားသော ကျားနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဝီရိယ စေတသိက် ဖြစ်ပါသည်။

**ဆောင်**။ အိမ်ကိုကန်ထား၊ ထိုသည့်ကျား၊ တူပြားဝီရိယ။

---

● ခြသေ့် ၂-ကောင်နှင့် တူသော တရား ၂-ပါးကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဒိဋ္ဌိနှင့် မာနဖြစ်ပါသည်။

**ဆောင်**။ ဒိဋ္ဌိ, မာန၊ ထိုနှစ်ဝ၊ တူမျှခြသေ့်စုံ။

---

● မြစ်ရေအလျင် ဆိမ်မီးတောက်တို့နှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ စိတ်, စေတသိက်, ရုပ်များဖြစ်ပါသည်။

● ထမင်းဟင်းထည့်သော ခွက်, ဘော်ဇဉ်, ဟင်းလျာ, ထမင်းချက်သမား, ထမင်းစားသူတို့နှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ အစဉ်အတိုင်း ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ,သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့ ဖြစ်ပါသည်။

---

● ဝိထိစိတ် ဖြစ်ပုံပြ အမ္ဗောပမာ (=သရက်ဥပမာ)ကို ဖော်ပြခဲ့ပါ။

အဖြေ။ ယောကျ်ားတယောက်သည် သရက်သီး မှည့်နေသော သရက်ပင်အောက်၌ ခေါင်းမြီးခြုံအိပ်နေစဉ် အနီးအနား၌ သရက်သီးမှည့် ကြွေကျသံကြောင့် နိုး၍ အဝတ်ခြုံကိုလှပ်ကာ မျက်လုံး ဖွင့်ကြည့်ပြီး သရက်သီးကိုမြင်၍ ကောက်ယူပြီးလျှင် နှိပ်ကြည့်, နမ်းကြည့်လျက် မှည့်မှန်းသိ၍ ကိုက်စားပြီးလျှင် တံတွေးနှင့်တကွ မျိုချ၍ ပြန်အိပ်၏။

ဤဥပမာ၌ ယောကျ်ား၏ အိပ်ရာ အခါနှင့် ဘဝင်ကျရာ အခါ, သရက်သီးကြွေကျရာ အခါနှင့် အာရုံနှင့် ပသာဒတို့ ထိခိုက်ရာအခါ, သရက်သီး ကြွေသံကြောင့် နိုးရာအခါနှင့် အာဝဇ္ဇန်း ဖြစ်ရာ အခါ, မျက်စိဖွင့်ကြည့်ရာ အခါနှင့် စက္ခုဝိညာဉ်ဖြစ် ရာအခါ, သရက်သီး ကောက် ယူ ရာ အ ခါ နှင့် သမ္ပဋိစ္ဆိုန်း ဖြစ်ရာအခါ, သက်ရက်သီးကို နှိပ်ကြည့် ရာ အခါနှင့် သန္တီရဏ ဖြစ်ရာအခါ, နမ်းကြည့်ရာ

အခါနှင့် ဝုဋ္ဌာဖြစ်ရာအခါ, စားရာအခါနှင့် ဇောဖြစ်ရာအခါ, မျိုချရာအခါနှင့် တဒါရုံကျရာအခါ, ပြန်အိပ်ရာအခါနှင့် ဘဝင်ကျရာအခါတို့ တူကြ၏။

---

● လူဆိုးလူကောင်း ၂-ဦးလုံးနှင့် သင့်တော်အောင် ပေါင်းတတ်သူနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အညသမာန်းစေတသိက် ၁၃-ခု ဖြစ်ပါသည်။

---

● ချဉ်သီးစားနေသည်ကို မြင်ရသောသူ၏ တံတွေးဖြစ်ခြင်းနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဖဿစေတသိက် ဖြစ်ပါသည်။

---

● လက်သမားစသည်တို့သည် ခဲတံ စသည်ဖြင့် မှတ်သားထားပြီး ထိုအမှတ်အသားဖြင့် အရင်းအဖျားစသည်ကို သိရှိခြင်းနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ သညာစေတသိက် ဖြစ်ပါသည်။

---

● မျက်စိကောင်းစဉ်က ဆင်ကိုမြင်ဘူးသော သူကန်း၏ ရှေးကမြင်ဘူးသော အမှတ်ဖြင့် ဆင်ပုံကို နှလုံးသွင်း၍ သိခြင်းနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ သညာစေတသိက် ဖြစ်ပါသည်။

● အမြီး၊ အစွယ်၊ နားရွက်၊ နှာမောင်း၊ ခြေထောက် တို့ကို အသီးသီးစမ်းသပ်မိသော သူကန်း ၅-ယောက် တို့၏ မှတ်ဉာဏ်နှင့်တူသောတရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ သညာစေတသိက် ဖြစ်ပါသည်။

---

● လယ်ခင်းရှင်ပုဂ္ဂိုလ်၏ ခြောက်လှန့်မှုကို ခံရဘူးသော သမင်ငယ်၏ ကောက်ရိုးရုပ်ပုံကို မြင်ရာ၌ လူပဲဟု ထင်မြင်ခြင်းနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ သညာစေတသိက် ဖြစ်ပါသည်။

---

● သူရင်းငှါး သူရင်းတိုင် ၂-ဦးတွင် သူရင်းတိုင်နှင့် တူသော တရားကို ရေးခဲ့ပါ။

**အဖြေ**။ စေတနာ စေတသိက် ဖြစ်ပါသည်။

---

● စင်သည်အပေါင်းတို့ကို အုပ်ချုပ်ကွပ်ကဲသော ပြည့် ရှင်မင်းနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ကေဂ္ဂတာ စေတသိက် ဖြစ်ပါသည်။

---

● လေငြိမ်ရာ၌ ထွန်းညှိထားသော ဆီမီးတောက်နှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ကေဂ္ဂတာ စေတသိက် ဖြစ်ပါသည်။

---

● ကြာရိုးအတွင်း၌ ရှိနေသော ရေနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဇီဝိတိန္ဒြေ စေတသိက်ဖြစ်ပါသည်။

● သူတပါးကလေးကို နှိုချိုတိုက်ကျွေးသော နို့ထိန်းသည်မနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဗီဝိတိန္ဒြေ စေတသိက် ဖြစ်ပါသည်။

---

● မြဲစွာစိုက်ထားသော တံခါးတိုင်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အဓိမောက္ခစေတသိက်, သတိစေတသိက်များ ဖြစ်ပါသည်။

---

● မိမိ၏ စစ်သည်တော်တို့ကို အားပေးထောက်ပံ့ ချီးမြှင့်သော ပြည့်ရှင်မင်းနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဝီရိယ စေတသိက် ဖြစ်ပါသည်။

---

● ကြက်သီး မွေးညှင်း ထသည်နှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ပီတိ (ခုဒ္ဒကာပီတိ) ဖြစ်ပါသည်။

---

● လျှပ်စစ်ပြက်သည်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ပီတိ (ခဏိကာပီတိ) ဖြစ်ပါသည်။

---

● သမုဒ္ဒရာလှိုင်းများ ထသည်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ပီတိ (သြက္ကန္တိကာပီတိ) ဖြစ်ပါသည်။

● လေအပြည့် ထည့်ထားသော ဘောလုံးနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ပီတိ (ဖရဏာပီတိ) ဖြစ်ပါသည်။

---

● လေအပြည့် မှုတ်ထားသော ပူစီပေါင်းနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ပီတိ (ဖရဏာပီတိ) ဖြစ်ပါသည်။

---

● လေအပြည့် ထည့်ထားသော လေခေါင်းအုံးနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ပီတိ (ဖရဏာပီတိ) ဖြစ်ပါသည်။

---

● ပြင်းထန်သော ရေအယဉ် စီးဆင်းနေသော တောင်ချိုင့်ဝှမ်းနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ပီတိ (ဖရဏာပီတိ) ဖြစ်ပါသည်။

---

● ဆီထဲစိမ်ထားသော ဝါဂွမ်းနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ပီတိ (ဖရဏာပီတိ) ဖြစ်ပါသည်။

---

● လူဆိုးများနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အကုသိုလ်စေတသိက် ၁၄-ပါး ဖြစ်ပါသည်။

● လူဆိုးများနှင့်သာ ပေါင်းဖော်တတ်သူနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အကုသိုလ်စိတ် ၁၂-ပါး ဖြစ်ပါသည်။

---

● ညအခါ အမိုက်မှောင်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ မောဟစေတသိက် ဖြစ်ပါသည်။

---

● လူမိုက်အားလုံးတို့၏ ခေါင်းဆောင် ဗိုလ်ချုပ်ကြီးနှင့် တူသောတရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ မောဟ စေတသိက် ဖြစ်ပါသည်။

**မှတ်ချက်**။ **မောဟသည် မကောင်းမှု အကုသိုလ် ဒုစရိုက်မှုမှန်သမျှ တို့၏ အရင်းမူလ အကြီးဆုံးခေါင်းဆောင်ဖြစ်၏**။

---

● လေပြင်းတိုက်ခတ်သဖြင့် တုန်လှုပ်နေသော ရေနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဥဒ္ဓစ္စစေတသိက် ဖြစ်ပါသည်။

---

● လေတိုက်ခတ်သဖြင့် တဖြုတ်ဖြုတ် လှုပ်ရှားနေသော အောင်လံတံခွန်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဥဒ္ဓစ္စစေတသိက် ဖြစ်ပါသည်။

● အိုးကင်းပူ၌ ပစ်ချအပ်သော သားတစ်နှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ လောဘစေတသိက် ဖြစ်ပါသည်။

**မှတ်ချက်**။ သားတစ်သည် အိုးကင်းပူ၌ ကပ်ငြိနေသကဲ့သို့ လောဘသည် အာရုံ၌ ကပ်ငြိနေသည်ဟု မှတ်။

---

● အဝတ်၌ ဆီစွန်းနေသည်နှင့် တူသောတရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ လောဘစေတသိက်ဖြစ်ပါသည်။

---

● လျှင်မြန်စွာ စီးဆင်းနေသော မြစ်ရေနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ လောဘစေတသိက်ဖြစ်ပါသည်။

**မှတ်ချက်**။ မြစ်ရေသည် သစ်တုံးစသည်ကို သမုဒ္ဒရာတွင်းသို့ လျင်မြန်စွာ ပို့ဆောင်သကဲ့သို့ လောဘသည် မိမိကိန်းရာ သတ္တဝါများကို အပါယ်လေးပါးသို့ လျင်မြန်စွာ ပို့ဆောင်တတ်သည်။

---

● အလွန်ကြီးမားရှုပ်ထွေးသော တောအုပ်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဒိဋ္ဌိစေတသိက် ဖြစ်ပါသည်။

---

● အလွန်မြင့်မားသော တောင်ကမ်းပါးနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဒိဋ္ဌိစေတသိက် ဖြစ်ပါသည်။

● အလွန်ဘေးရန်များသော ခရီးခဲနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဒိဋ္ဌိစေတသိက်ဖြစ်ပါသည်။

---

● ဆူးညောင့်တန်ကျင်နှင့် တူသောတရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဒိဋ္ဌိစေတသိက်ဖြစ်ပါသည်။

---

● လူကို ဖမ်းစားတတ်သော မိကျောင်းစသည်နှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဒိဋ္ဌိစေတသိက် ဖြစ်ပါသည်။

---

● လွဲမှားသော ခရီးလမ်းနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဒိဋ္ဌိစေတသိက် ဖြစ်ပါသည်။

**မှတ်ချက်**။ လွဲမှားသော လမ်းခရီးသည် လိုရာအရပ်သို့ မရောက်စေပဲ မလိုရာ အရပ်သို့ ရောက်စေသကဲ့သို့ ဒိဋ္ဌိသည် လိုရာသုဂတိဘဝသို့ မရောက်စေပဲ မလိုရာ အပါယ် ၄-ပါးသို့သာ ရောက်စေတတ်၏ဟု မှတ်။

---

● ဆူးညောင့် ခလုတ် များစွာတို့တွင် အကြီးဆုံး ဆူးညောင့်ခလုတ်နှင့် တူသောတရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဒိဋ္ဌိစေတသိက်ဖြစ်ပါသည်။

**မှတ်ချက်**။ ဒိဋ္ဌိသည် ပဋ္ဌာနက္ကရိယကံ အစရှိသော ကြီးလေးသော အပြစ်များထက် ပိုမိုကြီးလေးသောအပြစ် ဖြစ်၏ဟုမှတ်။

● မိုးကြိုးပစ်သည်နှင့် တူသောတရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ဒေါသစေတသိက် ဖြစ်ပါသည်။

---

● တောမီးနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ဒေါသစေတသိက် ဖြစ်ပါသည်။

---

● အခွင့်ရသော ရန်သူနှင့် တူသောတရားကို ဖော်ပြခဲ့ပါ။

ဖြေ။ ဒေါသစေတသိက် ဖြစ်ပါသည်။

---

● သာသနာတော်မှ အပဖြစ်သော တိတ္ထိများနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ဣဿာစေတသိက် ဖြစ်ပါသည်။

---

● ဗောဓိမင်းသားနှင့် တူသောတရားကို ဖော်ပြခဲ့ပါ။

အဖြေ။ မစ္ဆရိယစေတသိက် ဖြစ်ပါသည်။

**မှတ်ချက်။** ခန္ဓမစ္ဆရိယ၊ အာယတန မစ္ဆရိယ၊ ဓာတုမစ္ဆရိယဟု မဟာနိဒ္ဒေသပါဠိတော်၌ ၃-ပါးလာ၏၊ အင်္ဂုတ္တိုရ်ပါဠိတော်၌ အာဝါသမစ္ဆရိယ၊ ကုလမစ္ဆရိယ၊ လာဘမစ္ဆရိယ၊ ဝဏ္ဏမစ္ဆရိယ၊ ဓမ္မမစ္ဆရိယဟု မစ္ဆရိယ ၅-ပါးလာ၏။

---

● အပျင်းထူသော ကျွန်နှင့်တူသောတရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ကုက္ကုစ္စစေတသိက် ဖြစ်ပါသည်။

● နေထိသောကြာနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ထိနစေတသိက် ဖြစ်ပါသည်။

● မီးထိသော ကြာနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ မိဒ္ဓစေတသိက် ဖြစ်ပါသည်။

● လမ်းနှစ်ခွနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ဝိစိကိစ္ဆာစေတသိက် ဖြစ်ပါသည်။

● အမိ၊ အဖ၊ ပြည့်ရှင်မင်း၊ မြို့တော်ဝန်တို့နှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အစဉ်အတိုင်း တဏှာ၊ မာန၊ ဒိဋ္ဌိ၊ လောဘ စေတသိက်များ ဖြစ်ပါသည်။

**အမှာ**။ ဤဥပမာကို ဓမ္မပဒပါဠိတော်၌ ဟောတော်မူ၏။

● ရွှေဆောင် သူရဲကောင်းနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။သဒ္ဓါစေတသိက် ဖြစ်ပါသည်။

● မှန်ကြေးမုံ အသစ်စက်စက်နှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ သဒ္ဓါစေတသိက် ဖြစ်ပါသည်။

● လူတို့၏ လက်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။
**အဖြေ**။ သဒ္ဓါစေတသိက်ဖြစ်ပါသည်။

---

● အရင်းအနှီးဥစ္စာငွေနှင့် တူသောတရားကို ဖော်ပြခဲ့ပါ။
**အဖြေ**။ သဒ္ဓါစေတသိက် ဖြစ်ပါသည်။

---

● မျိုးစေ့နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။
**အဖြေ**။ သဒ္ဓါစေတသိက် ဖြစ်ပါသည်။

---

● စကြာမင်း၏ ရွှေတိုက်စိုးနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။
အဖြေ။ သတိစေတသိက် ဖြစ်ပါသည်။

---

● စကြာမင်း၏ သားကြီးရတနာနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။
**အဖြေ**။ သတိစေတသိက် ဖြစ်ပါသည်။

---

● တံခါးစောင့်နှင့် တူသော တရားကို ဖော်ပြခဲ့ပါ။
အဖြေ။ သတိစေတသိက် ဖြစ်ပါသည်။

---

● ပဒုမာကြာဖက်ပေါ်က ရေပေါက်နှင့်တူသော တရားကိုဖော်ပြခဲ့ပါ။
**အဖြေ**။ အလောဘ စေတသိက်ဖြစ်ပါသည်။

● ကိလေသာအားလုံးမှ ကင်းလွတ်ပြီးသော ရဟန္တာနှင့် တူသောတရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အလောဘစေတသိက် ဖြစ်ပါသည်။

---

● မစင်တွင်းထဲ လိမ့်ကျသော ယောကျ်ားနှင့် တူသောတရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အလောဘ စေတသိက် ဖြစ်ပါသည်။

---

● အဆွခင်ပွန်းကောင်းနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အဒေါသစေတသိက် ဖြစ်ပါသည်။

---

● စန္ဒကူးနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အဒေါသ စေတသိက် ဖြစ်ပါသည်။

**မှတ်ချက်**။ **စန္ဒကူးသည် မြေသကဲ့သို့ အဒေါသသည်မြေသည်ဟုမှတ်**။

---

● လပြည့်ဝန်းနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ အဒေါသစေတသိက် ဖြစ်ပါသည်။

**မှတ်ချက်**။ **လပြည့်ဝန်းသည် ကြည်လင်မြေသလို အဒေါသသည် ကြည်လင်မြေ၏ ဟုမှတ်**။

---

● နေပူမှအရိပ်သို့ ဝင်သောသူနှင့် တူသောတရားကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ ၂-ပါး။

● လဲပါဂုမ်းနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ကာယလဟုတာ၊ စိတ္တလဟုတာ ၂-ပါး။

---

● ကောင်းစွာနယ်အပ်ပြီးသော သားရေနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ကာယမုဒုတာ၊ စိတ္တမုဒုတာ ၂-ပါး။

---

● အနာရောဂါကင်းသော ယောကျ်ားနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ကာယပါဂုညတာ၊ စိတ္တပါဂုညတာ ၂-ပါး။

---

● ကောင်းစွာ ဖြောင့်အပ်သော မြှားနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ကာယုဇုကတာ၊ စိတ္တုဇုကတာ ၂-ပါး။

---

● အလျှံရဲရဲပူနေသော သံတွေခဲကို မကိုင်ဝံ့သောသူ နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ သမ္မာဝါစာ စေတသိက်၊
သမ္မာကမ္မန္တ စေတသိက်။

---

● အဆိပ်သီးကို မစားရဲသောသူနှင့် တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ သမ္မာကမ္မန္တ စေတသိက် ဖြစ်ပါသည်။

● ချမ်းသာစွာနေသော သားကလေးကို မြင်ရသော မိခင်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ မုဒိတာ စေတသိက်ဖြစ်ပါသည်။

---

● သိမ်းနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ပညိန္ဒြေ စေတသိက် ဖြစ်ပါသည်။

● အထူးကု ဆေးဆရာနှင့် တူသောတရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ပညိန္ဒြေ စေတသိက် ဖြစ်ပါသည်။

---

● အလွန်ကျွမ်းကျင် လိမ်မာသော လေးသမားသည် ပစ်အပ်သော မြှားနှင့်တူသောတရားကိုဖော်ပြခဲ့ပါ။

အဖြေ။ ပညိန္ဒြေစေတသိက် ဖြစ်ပါသည်။

---

● ခရီးလမ်းညွှန် ယောကျ်ားနှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ပညိန္ဒြေစေတသိက် ဖြစ်ပါသည်။

---

● မြေကြီးအထူနှင့် တူသောတရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ပညိန္ဒြေစေတသိက် ဖြစ်ပါသည်။

---

● မိုးကြိုးစက်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ပညိန္ဒြေစေတသိက် ဖြစ်ပါသည်။

● သိန္နွာမြင်းကို မောင်းနှင်သော နှင်တံတဗျာနှင့် တူသော တရားကို ရေးခဲ့ပါ။

အဖြေ။ ပညိန္ဒြေ စေတသိက်ဖြစ်ပါသည်။

● လေးထောင့်ပြာသာဒ်နှင့်တူသော တရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ပညိန္ဒြေစေတသိက် ဖြစ်ပါသည်။

● စကြာမင်း၏ စကြာရတနာနှင့် တူသောတရားကို ဖော်ပြခဲ့ပါ။

အဖြေ။ ပညိန္ဒြေစေတသိက် ဖြစ်ပါသည်။

ဥပမာကဏ္ဍ ပြီး၏။

# သဘောလက္ခဏာ

စိတ်=အာရုံသိခြင်းသဘော။
ဖဿ=အာရုံကို တွေ့ထိခြင်းသဘော။
ဝေဒနာ=အာရုံ၏ အရသာကို ခံစားခြင်းသဘော။
သညာ=အာရုံကို မှတ်သားခြင်းသဘော။
စေတနာ=စေ့ဆော်တိုက်တွန်းခြင်းသဘော။
ဧကဂ္ဂတာ=အာရုံ တခုတည်း၌ တည်ကြည်ခြင်းသဘော။
ဇီဝိတိန္ဒြေ = သဟဇာတ် တရားတို့ကို စောင့်ရှောက်ခြင်း သဘော။
မနသိကာရ= စိတ်၌ထားခြင်း= နှလုံးသွင်းခြင်း သဘော။
ဝိတက်=ဝိတက္က=ကြံစည်ခြင်းသဘော။
ဝိစာရ=အာရုံကို သုံးသပ်ဆင်ခြင်ခြင်း သဘော။
အဓိမောက္ခ=အာရုံကို ဆုံးဖြတ်ခြင်းသဘော။
ဝီရိယ=အားထုတ်ခြင်းသဘော။ (ဝိရိယလည်းသင့်၏)။
ပီတိ=နှစ်သက်ခြင်းသဘော။
ဆန္ဒ=လိုလားတောင့်တခြင်းသဘော။
မောဟ=အာရုံကို ဖုံးလွှမ်းခြင်းသဘော။

အပါယိရိက=ဒုစရိုက်မှ မရှက်ခြင်းသဘော။

အနောတ္တပ္ပ=ဒုစရိုက်မှ မလန့်ခြင်းသဘော (အနောတ္တာပ လည်း သင့်၏)။

ဥဒ္ဓစ္စ=ပျံ့လွင့်ခြင်းသဘော။

လောဘ=လိုချင်ခြင်းသဘော။

ဒိဋ္ဌိ=မှားယွင်းစွာ သိခြင်း သဘော။

မာန=ထောင်လွှားခြင်းသဘော။

ဒေါသ=ခက်ထန်ကြမ်းထမ်းခြင်းသဘော။

ဣဿာ=သူတပါးစည်းစိမ်ကို ငြူစူခြင်း သဘော။

မစ္ဆရိယ=ကိုယ့်စည်းစိမ်ကို နှမြောခြင်း သဘော။

ကုက္ကုစ္စ=နောက်တပန် ပူပန်ခြင်း သဘော။

ထိန=စိတ်ထိုင်းမှိုင်းခြင်းသဘော (ထီနလည်း သင့်၏)။

မိဒ္ဓ=စေတသိက် ထိုင်းမှိုင်းခြင်းသဘော။

ဝိစိကိစ္ဆာ=ဘုရား စသည်၌ ယုံမှားခြင်းသဘော၊ (မသိ၍ တွေးတောခြင်းကား ဝိတက်သာ)။

သဒ္ဓါ=ယုံကြည်ခြင်းသဘော။

သတိ=ကုသိုလ်နှင့်ဆိုင်ရာကို အောက်မေ့ခြင်းသဘော။

ဟိရီ=ဒုစရိုက်မှ ရှက်ခြင်းသဘော။

ဩတ္တပ္ပ= ဒုစရိုက်မှ လန့်ခြင်းသဘော (ဩတ္တာပလည်း သင့်၏)။

အလောဘ=မကောင်းမှုကို မလိုချင်ခြင်းသဘော။
အဒေါသ=မတက်ထန်ခြင်း မကြမ်းတမ်းခြင်းသဘော။
(အဒေါသနှင့် မေတ္တာ ရာ၏။)

တတြမဇ္ဈတ္တတာ = စိတ် စေတသိက် တို့ကို လျစ်လျူရှုခြင်း သဘော။

ကာယပဿဒ္ဓိ=စေတသိက်၏ ငြိမ်းအေးခြင်းသဘော။
စိတ္တပဿဒ္ဓိ=စိတ်၏ ငြိမ်းအေးခြင်းသဘော။

ကာယလဟုတာ=စေတသိက်၏ ပေါ့ပါးခြင်းသဘော။
စိတ္တလဟုတာ=စိတ်၏ ပေါ့ပါးခြင်းသဘော။

ကာယမုဒုတာ=စေတသိက်၏ နူးညံ့ခြင်းသဘော။
စိတ္တမုဒုတာ=စိတ်၏ နူးညံ့ခြင်းသဘော။

ကာယကမ္မညတာ=စေတသိက်၏ အမှု၌ ခံ့ညားခြင်းသဘော။
စိတ္တကမ္မညတာ=စိတ်၏အမှု၌ ခံ့ညားခြင်းသဘော။

ကာယပါဂုညတာ=စေတသိက်၏ ကျန်းမာခြင်းသဘော။
စိတ္တပါဂုညတာ=စိတ်၏ ကျန်းမာခြင်းသဘော။

ကာယုဇုကတာ=စေတသိက်၏ ဖြောင့်မတ်ခြင်းသဘော။
စိတ္တုဇုကတာ=စိတ်၏ ဖြောင့်မတ်ခြင်းသဘော။

သမ္မာဝါစာ=ဝစီဒုစရိုက်မှ ရှောင်ကြဉ်ခြင်းသဘော။
သမ္မာကမ္မန္တ=ကာယဒုစရိုက်မှ ရှောင်ကြဉ်ခြင်းသဘော။
သမ္မာအာဇီဝ = ကာယ, ဝစီဒုစရိုက်မှ ရှောင်ကြဉ် ခြင်း သဘော။

ကရုဏာ=သနားခြင်းသဘော။

မုဒိတာ=ဝမ်းမြောက်ခြင်းသဘော။

ပညိန္ဒြေ=သိမှု၌ အစိုးရခြင်းသဘော။

**အမှာ။** အစိုးရမေးခွန်း၌ ''စိတ်ကို ကျန်းမာစေနိုင်သော စေတသိက်ကို ဖော်ပြခဲ့ပါ''ဟု မေးဘူးပြီ၊ အထက်ပါ သဘော လက္ခဏာများကိုကြည့်၍ စိတ္တပါဂုညတာဟု ဖြေလေ၊ အခြားစေတသိက်များကို မေးကလည်း ဖြေတတ်ပါစေ။

သဘောလက္ခဏာပြီး၏။

မဏ္ဍိုင်

# အဘိဓမ္မာ ကူညီရေး

## ဥ၁ဏာဝမုက

● မြတ်စွာဘုရားရုပ်ပွားတော် စေတီတော်ကို ဖူးမျှော်ရာ၌ သပ္ပါယ်မသပ္ပါယ်, ရွှေရှိမရှိကို သိသည့်တိုင်အောင် အနည်းဆုံးကျသင့်သော ဝီထိအမျိုးအမည်ကို ဖော်ပြ၍ ဖြစ်သင့်သော ဇောစိတ်နှင့်ယှဉ်ဘက်စေတသိက်တို့ကို ရေးခဲ့ပါ။

**အဖြေ**။ စက္ခုဒွါရိက ဝီထိ၊ တဒနုဝတ္တိကမနောဒွါရဝီထိ၊ သုဒ္ဓမနောဒွါရဝီထိ၊ ဒုတိယ သုဒ္ဓမနောဒွါရဝီထိ၊ တတိယ သုဒ္ဓမနောဒွါရဝီထိ ပေါင်း ၅-ဝီထိ။

မဟာကုသိုလ်ဇော ၈-ခု၊ အညသမာန်း ၁၃၊ သောဘနသာဓာရဏ ၁၉၊ ပညိန္ဒြေ ၁၊ ပေါင်း ၃၃-ပါး ဖြစ်ပါသည်။

---

● ကာမဇောတို့ အများဆုံး စောနိုင်သော အကြိမ်, အနည်းဆုံးစောနိုင်သော အကြိမ်တို့ကို ဖော်ပြလျက် စောနိုင်သော အခါကာလတို့ကိုလည်း ညွှန်ပြခဲ့ပါ။

**အဖြေ**။ အများဆုံး ၇-ကြိမ်၊ အနည်းဆုံး ၄-ကြိမ်။
အာရုံတို့ကိုယူရာ ပကတိအခါ၌ ၇-ကြိမ်။

မြတ်စွာဘုရား အစုံအစုံသော တန်ခိုးပြာဋိဟာကို ပြရာအခါ၌ ၄-ကြိမ်။

---

● နတ်ပြည် ၆-ထပ် လုံး၏ သက်တမ်း စုစုပေါင်းကို စတုမဟာရာဇ်နတ်တို့၏ နှစ်အရေအတွက်ဖြင့် ဖော်ပြခဲ့ပါ။

**အဖြေ**။ ၆၈၂၅၀၀ (=ခြောက်သိန်း ရှစ်သောင်း နှစ်ထောင့် ငါးရာ) ဖြစ်ပါသည်။

---

● နတ်ပြည် ၆-ထပ်လုံး၏ သက်တမ်း စုစုပေါင်းကို ပရနိမ္မိတ ဝသဝတ္တိ နတ်တို့၏ နှစ် အရေအတွက်ဖြင့် ဖော်ပြခဲ့ပါ။

**အဖြေ**။ ၂၁၃၂၅ (=နှစ်သောင်း တထောင် သုံးရာ နှစ်ဆယ့်ငါး)နှစ် ဖြစ်ပါသည်။

---

● "အနညာတညဿာမိတိန္ဒြိယ"၌ အ ဘယ့် ကြောင့် အဘယ်တရားသည် အနညာတညမည်သည်, ဣန္ဒြိယ မည်သည်ကို ရှင်းပြခဲ့ပါ။

**အဖြေ**။ သောတာပတ္တိမဂ်ဉာဏ်သည် ရှေးက မမြင်ဘူးသော နိဗ္ဗာန်ကို သိမြင်သောကြောင့် အနညာတညမည်၏။ ၎င်းမဂ်ဉာဏ်သည် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို ပယ်ခွါရာ၌ သဟဇာတ်တရားတို့ကို အစိုးရသောကြောင့် ဣန္ဒြိယ (ဣန္ဒြေ)မည်၏။

● "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ၌ အဝိဇ္ဇာ အရ, သင်္ခါရ အရတို့ကို ကောက်ပြ၍ အဝိဇ္ဇာက သင်္ခါရအား ကျေးဇူးပြုပုံကို ထင်ရှားပေါ်လွင်အောင် ဖော်ပြခဲ့ပါ။

**အဖြေ**။ အဝိဇ္ဇာတရားကား မောဟစေတသိက် ဖြစ်ပါသည်။ သင်္ခါရအရကား အကုသိုလ် ၁၂၊ မဟာကုသိုလ် ၈၊ ရူပကုသိုလ် ၅၊ အရူပကုသိုလ် ၄၊ ပေါင်း ၂၉-ပါး၌ ရှိသော စေတနာစေတသိက် ဖြစ်ပါသည်။

မဂ်ဖြင့် အဝိဇ္ဇာကို အကြွင်းမဲ့ ပယ်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်၏ သန္တာန်၌ ထိုသင်္ခါရတရားများ မဖြစ်ကြတော့ပဲ မဂ်ဖြင့် အဝိဇ္ဇာကို မပယ်ရသေးသော အဝိဇ္ဇာကင်းသော ပုထုဇဉ် သေက္ခ ပုဂ္ဂိုလ် တို့၏ သန္တာန်မှာသာ ဖြစ်သောကြောင့် အဝိဇ္ဇာက သင်္ခါရ အား ကျေးဇူးပြုသည်ဟု ဆိုပါသည်။

---

● မြတ်စွာဘုရားကို ရှိခိုးပူဇော်ရာ၌ ဖြစ်သင့်သောပစ္စည်း နှင့် ပစ္စယုပ္ပန်တို့ကို ဖော်ပြခဲ့ပါ။

**အဖြေ**။ မြတ်စွာဘုရားသည် အာရမ္မဏပစ္စည်း၊ ရှိခိုးပူဇော် သော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော မဟာကုသိုလ် ၈၊ စေတသိက် ၃၃ တိ ံသသည် ပစ္စယုပ္ပန်။

**အမှာ**။ ဘုရားရှိခိုးရာ၌ ဒုစရိုက်မှ ရှောင်ကြဉ်မှု မပါသောကြောင့် ဝိရတီ မယှဉ်နိုင်။

● စိတ်တခု ယုတ် ကိုးဆယ်တို့တွင် စိတ် တခုတခု၏ ရှေ့နောက် ဆက် လျက် ဖြစ် သော အကြိမ် အရေ အတွက်ကို အသီးသီး ဖော်ပြခဲ့ပါ။

အဖြေ။ ဒွေပဉ္စဝိညာဉ် ၁၀၊ မနောဓာတ် ၃-ခု၊ မဂ်စိတ် ၄-ခု ပေါင်း ၁၇-ခုတို့သည် တကြိမ်သာဖြစ်၏။

သောမနဿ သန္တီရဏ သည် (သန္တီရဏကိစ္စ တပ်ခိုက်) ၁-ကြိမ်၊ (တဒါရုံကိစ္စတပ်ခိုက်) ၂-ကြိမ် ဖြစ်၏။

စတုတ္ထ အရူပ်ကုသိုလ် – ကြိယာကြဉ် မဟဂ္ဂုတ်စိတ် ၂၅-ခုတို့သည် ၁-ကြိမ်,အကြိမ်ပေါင်းများစွာ ဖြစ်၏။ မနောဒွါရာဝဇ္ဇန်းသည် ၁-ကြိမ်, (ဝုဋ္ဌောကိစ္စ တပ် ခိုက်) ၂-ကြိမ်, ၃-ကြိမ် ဖြစ်၏။

ကာမပဋိသန္ဓေ ၁၀၊ စတုတ္ထအရူပကုသိုလ်ကြိယာ ၂၊ ပေါင်း စိတ် ၁၂-ပါးတို့သည် ၁-ကြိမ်, ၂-ကြိမ်, အကြိမ်များစွာ ဖြစ်၏။

ဖိုလ်စိတ် ၄-ခုသည် ၂-ကြိမ်, ၃-ကြိမ်, အကြိမ်များစွာ ဖြစ်၏။

အကုသိုလ်စိတ် ၁၂၊ မဟာကုသိုလ် မဟာကြိယာ ဉာဏ ဝိပ္ပယုတ် ၈၊ ဟသိတုပ္ပါဒ် ၁၊ ပေါင်း ၂၁-ပါး တို့သည် ၅-ကြိမ်, ၆-ကြိမ်, ၇-ကြိမ် ဖြစ်၏။

မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် ၈-ခု တို့သည် ၃,၄, ၅,၆,၇-ကြိမ်ဖြစ်သည်။

**အမှာ။** "စိတ်တခုယုတ်၉၀ တွင်တကြိမ်သာဖြစ်သော စိတ်များကို ထုတ်ပြပါ" စသည်ဖြင့် မေးကလည်း ဖြေတတ်ပါစေ။

---

● ကိစ္စအားဖြင့် စိတ်တခု ယုတ် ၉၀-တို့၏ ရှေ့နောက်ဖြစ်ပုံကို ဖော်ပြခဲ့ပါ။

**အဖြေ။** ပဋိသန္ဓေစိတ်နောင် ဘဝင်စိတ်သာ ဖြစ်၏။

ဘဝင်စိတ်နောင် ဘဝင်စိတ်, အာဝဇ္ဇန်းစိတ်, စုတိစိတ်များ ဖြစ်၏။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်နောင် ပဉ္စဝိညာဉ် စိတ်သာဖြစ်၏။

ပဉ္စဝိညာဉ်စိတ်နောင် သမ္ပဋိစ္ဆိုန်းစိတ်သာ ဖြစ်၏။

သမ္ပဋိစ္ဆိုန်းစိတ်နောင် သန္တီရဏစိတ်သာ ဖြစ်၏။

သန္တီရဏစိတ်နောင် ဝုဋ္ဌောစိတ်သာ ဖြစ်၏။

ဝုဋ္ဌောစိတ်နောင် ဝုဋ္ဌောစိတ်, ကာမဇောစိတ်, ဘဝင်စိတ်များ ဖြစ်၏။

မနောဒွါရာဝဇ္ဇန်းနောင် ကာမဇောစိတ် ဖြစ်၏။

ကာမဇောစိတ်နောင် ကာမဇောစိတ်, မဟဂ္ဂုတ်ဇောစိတ်, လောကုတ္တရာဇော, တဒါရုံ, ဘဝင်စိတ်, စုတိစိတ်များဖြစ်၏။

အပ္ပနာဇောနောင် အပ္ပနာဇောစိတ်, တိဟိတ်ဘဝင်စိတ်များဖြစ်၏။
တဒါရုံစိတ်နောင် တဒါရုံစိတ်, ကာမ ဘဝင်စိတ်, စုတိစိတ်များ ဖြစ်၏။
စုတိနောင် ပဋိသန္ဓေစိတ် ဖြစ်၏။
ရဟန္တာ စုတိနောင် တစုံတရာမျှ မဖြစ်။

**အမှာ။** ကာမဇောနောင် ဖြစ်နိုင်သော စိတ်များကို ဖော်ပြပါစသည်ဖြင့် မေးကလည်း ဖြေတတ်ပါစေ။

---

● ဘုရား ရဟန္တာ အစ အရက်သမား ကျအောင် စုတေကျသော မနုဿလူသားတို့၏ စုတိစိတ်များကို စိတ်တခု ယုတ် ၉၀-မှ တိကျစွာ ထုတ်ပြခဲ့ပါ။

**အဖြေ။** ဥပေက္ခာသန္တီရဏ-၂၊ မဟာဝိပါက်-၈၊ ပေါင်း ၁၀-ပါး။

**အမှာ။** နတ်ပြည်ခြောက်ထပ်မှ စုတေကြသော နတ်တို့၏ စုတိစိတ်များလည်း ဤစိတ်များပင်။

---

● အသညသတ်ဘုံမှတပါး ရူပ ၁၅-ဘုံမှ စုတေကြသော ဗြဟ္မာများ၏ စုတိစိတ်များကို စိတ်တခု ယုတ် ၉၀-မှ ထုတ်ပြခဲ့ပါ။

**အဖြေ။** ရူပဝိပါက် ၅-ခုဖြစ်ပါသည်။

**အမှာ။** အသညသတ်ဘုံ၌ စိတ်စေတသိက် လုံးဝမရှိ၍ စုတိစိတ်ဟူ၍မရှိ။

● ဖွဲ့သမားတယောက် သေဆုံးရာ ဇနီးသယ်က ဘုန်းကြီးတပါးကို လျှောက်ထားသည်မှာ 'တပည့်တော်မ ခင်ပွန်း ဘယ်ဘုံများ ရောက်နေပါသလဲဘုရား'တဲ့၊ ထိုပြဿနာကို သင်ကိုယ်တိုင် ဖြေပါ။

**အဖြေ**။ ကာမ ၁၁-ဘုံတွင် တဘုံဘုံရောက်နေပါသည်။

**အမှာ**။ "ဖွဲ့သမားသည် ဈာန်ရပုဂ္ဂိုလ် မဟုတ်"ဟု **သဘောထား**၍ အထက်ပါအဖြေကို ဖြေလိုက်ပါသည်၊ ဈာန်မရလျှင် ရူပဘုံ အရူပဘုံသို့ ရောက်ခွင့်မရှိ။

---

● မဟာဝိပါက် ပဌမစိတ်ဖြင့်စုတေသွားသော လူသားတို့၏ ရောက်နိုင်သမျှသော ဘုံများကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ၃၁-ဘုံလုံး ဖြစ်ပါသည်။

**အမှာ**။ မဟာဝိပါက် ဒုတိယ, ပဥ္စမ, ဆဋ္ဌမစိတ်များဖြင့် စုတေလျှင်လည်း ၃၁-ဘုံလုံးပင် ရောက်နိုင်၍ မဟာဝိပါက် တတိယ, စတုတ္ထ, သတ္တမ, အဋ္ဌမစိတ်များနှင့် ဥပေက္ခာသန္တီရဏဒွေးတို့ဖြင့် စုတေလျှင် ကာမ ၁၁-ဘုံသာ ရောက်နိုင်သည်။

---

● အာကိဉ္စညာယတနဘုံမှ စုတေလျှင် ရောက်နိုင်သမျှသော ဘုံများကို ထုတ်ပြခဲ့ပါ။

**အဖြေ**။ အာကိဉ္စညာ ယတနဘုံ, နေဝသညာ နာသညာယတနဘုံ, ကာမသုဂတိ ၇-ဘုံ, ပေါင်း ၉-ဘုံ။

**အမှာ**။ "ဟေဋ္ဌိမာရူပ္ပဝဇ္ဇိတာ"ဟူသော စကားကို အထူးသတိပြုပါ၊ ရူပဘုံမှ စုတေလျှင် အပါယ် ၄-ဘုံကြဉ် ၂၇-ဘုံ ရောက်နိုင်၍ အပါယ်၄-ဘုံမှ စုတေလျှင် ကာမ ၁၁-ဘုံ ရောက်နိုင်သည်။

● နီဝရဏတရားဌ ထိနမိဒ္ဓတရား ၂-ပါးရှိပါလျက် ကိလေသာအရာ၌မူ ထိနသာပါ၍ မိဒ္ဓမပါဟန်ကို ဝေဖန်ဖော်ပြခဲ့ပါ။

အဖြေ။ "စိတ္တံ ကိလိဿတိ ဥပတပ္ပတိ ဗာဓတီတိ ကိလေသာ" ဟု ဋီကာကျော်၌ ဆိုရကား မိဒ္ဓသည် စိတ်ကို မပူပန်စေတတ်, မနှိပ်စက်တတ်သောကြောင့် ကိလေသာ၌ မပါပါ။

---

● ဒေဝတာနုဿတိနှင့် ဥပသမာနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းနည်းကို ဖော်ပြခဲ့ပါ။

အဖြေ။ "သဒ္ဓါ အစရှိသော သူတော်ကောင်း တရားနှင့် ပြည့်စုံသော သူတို့သည် နတ်အဖြစ်သို့ ရောက်ကြကုန်၏၊ ထိုသို့ နတ်ပြည်သို့ ရောက်စေတတ်သော သဒ္ဓါ အစရှိသော ဂုဏ်တို့သည် ငါ့မှာလည်း ရှိကြကုန်၏" ဟု နတ်တို့ကို သက်သေထား၍ မိမိ၏ သဒ္ဓါ စသော ဂုဏ်တို့ကို အဖန်တလဲလဲ အောက်မေ့နေခြင်းသည် ဒေဝတာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းသည်မည်၏။

ဒုက္ခခပ်သိမ်းတို့၏ အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းသည် ဥပသမာနုဿတိ ကမ္မာန်း စီးဖြန်းသည်မည်၏။

**အမှာ**။ ဤအလို "ဒေဝေါဝေဒေဝတာ" ဟု ဝိဂ္ဂြိုဟ်မပြုရ၊ "ဒေဝါနံ ဘာဝေါ ဒေဝတာ" ဟုဝိဂ္ဂြိုဟ်ပြု၍ တာပစ္စည်းကိုသွင်ထွမှာ မသက်ဘဲ ဘာဝအနက်မှာ သက်စေရမည်။

● ရူပစိတ်မှာ ၁၅-ပါးရှိ၍ အရူပစိတ်မှာ ၁၂-ပါး သာ ရှိရခြင်း၏ အကြောင်းကို ရှင်းလင်းဖြေဆို ခဲ့ပါ။

**အဖြေ။** ရူပစိတ်မှ၀ ပဥ္စမစျာန် စသော စျာန် ၅-မျိုးနှင့်ယှဉ်၍ ကုသိုလ် ဝိပါက် ကြိယာ ၃-မျိုး ရှိသောကြောင့် (၃×၅×) ၁၅-ပါး ဖြစ်ရပါသည်။

အရူပစိတ်မှာ အာရုံ ၄-မျိုး ရှိ၍ ကုသိုလ်ဝိပါက် ကြိယာ ၃-မျိုး ရှိသောကြောင့် (၃×၄×) ၁၂-ပါး ဖြစ်ရပါသည်။

---

● လောကီ သဟိတ်စိတ်နှင့် လောကီ တိဟိတ်စိတ်များ ကို ဇာတိဘေဒအားဖြင့် ရေတွက်ပြပါ။

**အဖြေ**၊ လောကီ သဟိတ်စိတ်ကား အကုသိုလ် ၁၂၊ ကုသိုလ် ၁၇၊ ဝိပါက် ၁၀၊ ကြိယာ ၁၇၊ ပေါင်း ၄၆-ပါး။

လောကီ တိဟိတ်စိတ်ကား ကုသိုလ် ၁၃၊ ဝိပါက် ၁၃၊ ကြိယာ ၁၃၊ ပေါင်း ၃၉-ပါး။

---

● တိဟိတ် မဟာကုသိုလ် သောမနဿ ဇောနောင် စောနိုင်သော အပ္ပနာဇောများကို ဖော်ပြခဲ့ပါ။

**အဖြေ။** ရူပကုသိုလ် သောမနဿဇော ၄-ပါး၊ မဂ်သော မနဿဇော ၁၆-ပါး၊ အောက်ဖိုလ် ၃-ခု သော မနဿဇော ၁၂-ပါး၊ ပေါင်း ၃၂-ပါး။

● ပဋ္ဌမစျာန် ၃-ဘုံသည် အဘယ်အရပ်၌ တည်ပါသနည်း၊ လူ့ဘုံမှ ယူဇနာပေါင်း မည်မျှဝေးပါသနည်း။

အဖြေ။ ပဋ္ဌမစျာန် ၃-ဘုံသည် နတ်ပြည် ၆-ထပ်၏ အထက်ကောင်းကင်ပြင်၌ တည်ရှိပါသည်။

လူ့ဘုံမှ ယူဇနာပေါင်း ၅၇၆၀၀၀၀ (ငါးသန်းခုနစ်သိန်းခြောက်သောင်း) ဝေးပါသည်။

---

● မဟာဂ္ဂုတ်ကံ ၉-ပါးနှင့် ပြည့်စုံသော စျာနလာဘီပုဂ္ဂိုလ်တို့သည် မိမိတို့ ဖြစ်လိုရာဘုံများမှာ ဖြစ်နိုင်ပါသလော၊ ဖြစ်နိုင်သောဘုံများကို ဖော်ပြခဲ့ပါ။

အဖြေ။ ဖြစ်နိုင်ပါသည်။

ဖြစ် နိုင် သော ဘုံများကား ကာမသုဂတိ ၇-ဘုံ၊ ဗြဟ္မာ့ဘုံ ၂၀၊ ပေါင်း ၂၇-ဘုံ။

---

● မရဏာသန္နဝီထိ၌ ပဋိသန္ဓေမှ ကြွင်းသော ဘဝင်စိတ်, စုတိစိတ်, ဝီထိစိတ်တို့၏မှီရာ ဝတ္ထုရုပ်ကို ဖော်ပြခဲ့ပါ။

အဖြေ။ စုတိစိတ်မှ ပြန်၍ ရေသော် ၁၇-ခု မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ဟဒယဝတ္ထုရုပ် ဖြစ်ပါသည်။

● ကာမဘုံ၌ ပဋိသန္ဓေအခါ ဂဗ္ဘသေယျက, သံသေဒဇ, ဥပပါတ် ပုဂ္ဂိုလ်တို့အား ရနိုင်သော ရုပ်ကလာပ်များကို ခွဲခြားကောက်ပြခဲ့ပါ။

**အဖြေ**။ ဂဗ္ဘသေယျက ပုဂ္ဂိုလ်အား ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကကလာပ် ၃-စည်း။

သံသေဒဇပုဂ္ဂိုလ်အား စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝ, ဝတ္ထုဒသကနှင့် ဇီဝိတနဝက ပေါင်း ကမ္မဇကလာပ် ၈-စည်း။

ဥပပါတ် ပုဂ္ဂိုလ် လည်း ထို ကလာပ် ၈-စည်းပင်ရ၏။

---

● သောတာပန် ပုဂ္ဂိုလ်ကို အဘယ့်ကြောင့် သေက္ခခေါ်ရကြောင်း ဖော်ပြပြီးလျှင် ထို သေက္ခပုဂ္ဂိုလ်အား ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့နှင့်ယှဉ်သော ဇောများကို ရမရ အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

**အဖြေ**။ သိက္ခာသုံးပါးကိုကျင့်ဆဲဖြစ်သောကြောင့် သောတာပန် ပုဂ္ဂိုလ်ကို သေက္ခဟု ခေါ်ပါသည်။

ထိုသေက္ခပုဂ္ဂိုလ်သည် မဂ်ဖြင့် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိုကို ပယ်ပြီး ဖြစ်သောကြောင့် ဒိဋ္ဌိဝိစိကိစ္ဆာတို့နှင့်ယှဉ်သော ဇောများကို မရနိုင်ပါ။

---

● မဂ်ဉာဏ် ဖိုလ်ဉာဏ် ၈-ပါးကို ဂုဏ္ဍြေသုံးပါးဖြင့် ဝေပုံချ၍ ပြခဲ့ပါ။

**အဖြေ**။ သောတာပတ္တိ မဂ်ဉာဏ်သည် အနညာတညဿာမိ တိန္ဒြေ။

အရဟတ္တဖိုလ်ဉာဏ်သည် အညာတာဝိန္ဒြေ။
အလယ်ဉာဏ် ၆-ပါးသည် အညိန္ဒြေ ဖြစ်ပါသည်။

---

● သတ္တဝါတို့သည် သံသရာစက်၌ ဝိုင်းဝိုင်းလည်လျက် ဖြစ်ပျက်ခံစားနေကြရသော သံသရာ ဝဋ်သုံးပါးကို အကျဉ်းဖော်ပြပြီးလျှင် ထိုဝဋ်သုံးမျိုး ဖြစ်ရခြင်း၏ အကြောင်းရင်းကို ရှာဖွေထုတ်ဖော်ပြခဲ့ပါ။

**အဖြေ**။ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်, ပေါင်း ဝဋ် ၃-ပါး။

ထိုဝဋ်သုံးပါး၏ အကြောင်း ရင်း ကား အဝိဇ္ဇာ, တဏှာ။

---

● အကုသိုလ် သောမနဿစိတ်၌ ယှဉ်နိုင်သော စေတသိက်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ယှဉ်နိုင်သော စေတသိက်ကား အညသမာန်း-၁၃၊ သဗ္ဗာကုသလသာဓာရဏ-၄၊ လောဘ, ဒိဋ္ဌိ, မာန, ထိန, မိဒ္ဓ၊ ပေါင်း ၂၂-ပါး။
မယှဉ်နိုင်သော စေတသိက်ကား ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, သောဘန စေတသိက် ၂၅၊ ပေါင်း ၃၀။

● ကာယဒွါရ၌ဖြစ်သော စိတ်, စေတသိက် များကို ဖော်ပြပြီးလျှင် ကာယဒွါရိကစိတ်များမှ ကေဒွါရိက စိတ်, ပဉ္စဒွါရိကစိတ်များကိုလည်း ဖော်ပြခဲ့ပါ။

အဖြေ။ ပဉ္စဒွါရာဝဇ္ဇန်း-၁၊ ကာယဝိညာဉ်ဒွေ၊ သမ္ပဋိစ္ဆိုန်း ဒွေ၊ သန္တီရဏ-၃၊ ဝုဋ္ဌော-၁၊ ကာမဇော -၂၉၊ တဒါရုံ မဟာဝိပါက်-၈၊ ပေါင်း ၄၆-ပါး။
စေတသိက် ၅၂-ပါး။
ကေဒွါရိကစိတ်ကား ကာယဝိညာဉ်ဒွေး။
ပဉ္စဒွါရိကစိတ်ကား ကျန်စိတ် ၄၆-ပါး။

---

● မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်သည် အရဟတ္တ ဖိုလ်ကို အာရုံပြုနိုင် မပြုနိုင်· အကြောင်းပြ၍ ဖြေဆို ခဲ့ပါ။

**အဖြေ။** မပြုနိုင်။

**အကြောင်းကား**....မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် သည် ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌သာဖြစ်၍ ရဟန္တာ ပုဂ္ဂိုလ်၏ သန္တာန်၌ မဖြစ် သော ကြောင့် တည်း။

---

● အဘယ့်ကြောင့် ပါဒကစျာန်, အ ဘ ယ့် ကြောင့် အဘယ်ကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇော ခေါ်ရ ကြောင်းကို ရှင်းပြခဲ့ပါ။

အဖြေ။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇောကို ရခြင်း၏ အခြေခံ ဖြစ်သော ဈာန်ဖြစ်သောကြောင့် ပါဒကဈာန်။

လောကီတရားကိုရင်း, တေဘူမက သင်္ခါရတရား ကိုရင်း လက္ခဏာယာဉ် သုံးပါးသို့တင်၍ စီးဖြန်း သည်မှ မဂ်၏ရှေ့ ဂေါတြဘုတိုင်အောင် ဇောသမျှ ဇောကို လေ့ကသုံးပါးမှ ထွက်မြောက်ကြောင်း ဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဇော ခေါ်ပါသည်။

---

● မန္ဒပညာပုဂ္ဂိုလ်၏ သောတာပတ္တိ မဂ္ဂဝီထိကို ချပြ၍ စိတ်တို့၏အာရုံကို ညွှန်ပြလျက် ဖိုလ်ဇော ၂-ကြိမ် ထက် အလွန် မဇောနိုင်ခြင်း၏ အကြောင်းကိုလည်း ရှင်းပြခဲ့ပါ။

အဖြေ။ "ဘ န ဒ မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဘ"။ ၎င်းဝီထိစိတ်တို့တွင် "မ ပ ဥ နု"တို့သည် တေဘူမက သင်္ခါရတရားကို အာရုံပြု၏၊ "ဂေါ မဂ် ဖိုလ် ဖိုလ်"ဟု တို့သည် နိဗ္ဗာန်ကို အာရုံပြု၏။

အာဝဇ္ဇန်း ၁-ခုရှိသော ဝီထိ၏ ဇော ၇-ကြိမ် အတိုင်းအရှည် ရှိခြင်းကြောင့် "ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ်"ဟု ဇော ၇-ကြိမ် ပြည့်သွားပြီ ဖြစ်၍ ဖိုလ် ၂-ကြိမ်ထက် အလွန် မဇောနိုင်ခြင်း ဖြစ်ပါ သည်။

● ဥဂ္ဂဟ နိမိတ်ဖြစ်ပုံကို ဖော်ပြပြီးလျှင် အဘယ်မျှသော ကမ္မဋ္ဌာန်းတို့၌ ဥဂ္ဂဟနိမိတ် ရနိုင်ကြောင်းကို ဖြေဆိုခဲ့ပါ။

**အဖြေ**။ အကြင်အခါ၌ ပရိကမ္မနိမိတ်ကို ကောင်းစွာ အာရုံပြု၍၊ မျက်စိဖြင့် မြင်အပ်သကဲ့သို့ မနောဒွါရအား ထင်၏၊ ထိုအခါ ထိုအာရုံသည် ဥဂ္ဂဟနိမိတ်မည်၏။ ပထဝီကသိုဏ်းစသော ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌ ဥဂ္ဂဟနိမိတ်ကို ရအပ်ပါသည်။

---

● သုညတဝိမောက္ခ, အနိမိတ္တဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခမဂ် မည်ပုံကို ရှင်းပြပြီးလျှင် ဖလသမာပတ္တိဝီထိနှင့် နိရောဓ သမာပတ္တိ သမာပဇ္ဇန တို့၏ အဓိပ္ပာယ်ကိုရေးပါ။

**အဖြေ**။ ဝုဋ္ဌာန ဂါမိနီ ဝိပဿနာသည် အနတ္တအားဖြင့် အကယ်၍ ရှုအံ့, သုညတဝိမောက္ခမဂ်ဖြစ်၏၊ အနိစ္စအားဖြင့်ရှုအံ့, အနိမိတ္တ ဝိမောက္ခမဂ်ဖြစ်၏၊ ဒုက္ခအားဖြင့်ရှုအံ့, အပ္ပဏိဟိတ ဝိမောက္ခမဂ် ဖြစ်၏။ ဖိုလ်ပုဂ္ဂိုလ် ၄-ယောက်တို့သည် ဒိဋ္ဌဓမ္မ သုခဝိဟာရ အကျိုးငှာ ဖိုလ်ဝင်စားရာအခါ၌ဖြစ်သော စိတ်အစဉ်သည် ဖလသမာပတ္တိဝီထိမည်၏။ အနာဂါမ် ရဟန္တာတို့၏စိတ် စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်ခြင်းသို့ ကောင်းစွာ ရောက်ခြင်းသည် နိရောဓသမာပတ္တိ သမာပဇ္ဇန မည်၏။

● မည်သည့်အရာကို ဟဒယဝတ္ထု ခေါ်ပါသနည်း၊ ၎င်းဟဒယဝတ္ထု၌ မှီသော ဝိညာဏဓာတ်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ နှလုံးသားအတွင်း နှလုံးသွေး၌ တည်နေသောဝတ္ထုကို ဟဒယဝတ္ထု ခေါ်ပါသည်။
၎င်းအားမှီသော ဝိညာဏဓာတ်ကား မနောဓာတ်, မနောဝိညာဏဓာတ် ၂-ပါးတည်း။

---

● ပဉ္စဒွါရ၌ဖြစ်သော ဝီထိစိတ်များကို ဖော်ပြပြီးလျှင် ၎င်းဝီထိစိတ်များ အဘယ်ကို မှီသည်ကိုလည်း ဖော်ပြခဲ့ပါ။

**အဖြေ**။ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ ဒွေးပဉ္စဝိညာဉ် ၁၀၊ သမ္ပဋိစ္ဆိုန်း ဒွေး၊ သန္တီရဏ ၃၊ ဝုဋ္ဌော ၁၊ ကာမဇော ၂၉၊ တဒါရုံ မဟာဝိပါက် ၈၊ပေါင်း ၅၄-ပါး။
ထိုဝီထိ စိတ်များတွင် စက္ခုဝိညာဉ် ဒွေသည် စက္ခုဝတ္ထုကို၊ သောတဝိညာဉ်ဒွေသည် သောတ ဝတ္ထုကို၊ ဃာနဝိညာဉ် ဒွေသည် ဃာနဝတ္ထုကို၊ ဇိဝှာဝိညာဉ်ဒွေသည် ဇိဝှာဝတ္ထုကို၊ ကာယဝိညာဉ် ဒွေသည် ကာယဝတ္ထုကို၊ ကြွင်းသောဝီထိစိတ် ၄၄-ပါးသည် ဟဒယဝတ္ထုကို မှီပါသည်။

---

● လောကီ အပ္ပနာဝီထိသည် အဘယ်မျှ အပြားရှိသည်ကို ဖော်ပြပြီးလျှင် နောက်ဆုံး အပ္ပနာဝီထိကျပုံကိုလည်း ဖော်ပြခဲ့ပါ။

**အဖြေ**။ လောကီအပ္ပနာဝီထိသည် ရူပါဝစရ အပ္ပနာဝီထိ, အရူပါဝစရအပ္ပနာဝီထိ, အဘိညာ အပ္ပနာဝီထိ အားဖြင့် ၃-ပါးရှိပါသည်။

နောက်ဆုံး (ဒိဗ္ဗစက္ခု) အဘိညာ အပ္ပနာဝီထိ ကျပုံကား အဝေး ကွယ်ရာ၌ရှိသော အဆင်းရူပါရုံကို မြင်လိုသော ဈာန်လာဘီပုဂ္ဂိုလ်သည် ရှေးဦးစွာ တေဇောကသိုဏ်း၌ အဘိညာပါဒက ပဉ္စမဈာန်ကို တခဏမျှ ဝင်စား၍ ထပြီးလျှင် "ဤအဝေးကွယ်ရာ၌ ရှိသောအဆင်းကို မြင်စေသတည်း" ဟု အဓိဋ္ဌာန်၍ ထိုအဝေးကွယ်ရာ၌ရှိသော အဆင်းကို အာရုံပြု၍၊ ထိုနောက်–

မနောဒွါရာဝဇ္ဇန်း, (မဟာကုသိုလ် ဉာဏ သမ္ပယုတ် ဥပေက္ခာ ဇောသည်) ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ ၄–ကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် ထိုအဝေး ကွယ်ရာ၌ ရှိသော အဆင်းကိုမြင်လျှင် ရူပါဝစရ ပဉ္စမဈာန် အဘိညာဉ်ဇော တကြိမ်ဖြစ်၍ ဘဝင်ကျပြီး ထ၏။

အဘိညာဉ်ဇော ကျသည်နှင့် တပြိုင်နက် ထို အဝေး ကွယ်ရာ ရူပါရုံကိုမြင်၏။

---

● လူ့ဘုံ, စတုမဟာရာဇ်ဘုံ, တာဝတိံသာဘုံတို့သည် အဘယ်အရပ်၌ တည်ပါသနည်း။

**အဖြေ**။ လူ့ဘုံသည် မြင့်မိုရ်တောင်မှ လေးမျက်နှာ အရပ်၌ တည်ပါသည်။
စတုမဟာရာဇ်ဘုံသည် လူ့ဘုံမှ အမြင့် ယူဇနာ ၄-သောင်း ၄-ထောင်ဝေးသော ယုဂန္ဓိုရ် တောင်ထိပ်မှစ၍ တည်ပါသည်။
တာဝတိံသာဘုံသည် လူ့ဘုံမှ အမြင့် ယူဇနာ ၈-သောင်း ၄-ထောင်ဝေးသော မြင့်မိုရ်တောင်ထိပ်မှစ၍ တည်ပါသည်။

---

● "စိတ္တေန သမမုဒ္ဒိသေ"အရ အဟိတ်စိတ် ၁၈-ပါး၌ ယှဉ်သော စေတသိက်များကို သေချာကျနစွာ ရေတွက်ပြခဲ့ပါ။

**အဖြေ**။ ဒွေပဥ္စဝိညာဉ် ၁၀-၌ သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ပါးယှဉ်၍ ၇၀-။
မနောဓာတ် ၃-ခု, ဥပေက္ခာ သန္တီရဏ ၂-ခု၊ ပေါင်း ၅-ပါး၌ ဆန္ဒ, ပီတိ, ဝီရိယကြဉ် အညသမာန်း ၁၀-ယှဉ်၍ ၅၀။
သုခသန္တီရဏစိတ်၌ ဆန္ဒ ဝီရိယကြဉ် အညသမာန်း ၁၁-ယှဉ်၍ ၁၁။
မနောဒွါရာဝဇ္ဇန်းစိတ်၌ ဆန္ဒ, ပီတိကြဉ် အညသမာန်း ၁၁-ယှဉ်၍ ၁၁။
ဟသိတုပ္ပါဒ်၌ ဆန္ဒကြဉ်အညသမာန်း ၁၂-ယှဉ်၍၁၂။
ပေါင်း ၁၅၄-ပါး ဖြစ်ပါသည်။

● အောက်ပါတို့ကို ဖော်ပြခဲ့ပါ။
(က) အတိတ်ကိုသာ အာရုံပြုသော စိတ်။
(ခ) ပစ္စုပ္ပန်ကိုသာ အာရုံပြုသော စိတ်။
(ဂ) အတိတ် အနာဂတ် ၂-ပါးစုံကို အာရုံပြုသော စိတ်။

**အဖြေ**။ အောက်ပါအတိုင်း ဖြစ်ပါသည်။
(က) ဝိညာဏဉ္စာယတနစိတ်-၃၊ နေဝသညာ နာသညာယတနစိတ်-၃၊ ပေါင်း ၆-ပါး။
(ခ) ဒွေပဉ္စ ဝိညာဉ်-၁၀၊ ပဉ္စဒွါရာ ဝဇ္ဇန်း-၁၊ သမ္ပဋိစ္ဆိုန်း-၂၊ ပေါင်း ၁၃-ပါး။
(ဂ) မနောဒွါရာ ဝဇ္ဇန်း-၁၊ ကာမဇော-၂၉၊ တဒါရုံ ၁၁၊ အဘိညာဉ် ၂၊ ပေါင်း ၄၃-ပါး။

---

● အောက်ပါတို့ကို ဖော်ပြခဲ့ပါ။
(က) အဇ္ဈတ္တကိုသာ အာရုံပြုသောစိတ်။
(ခ) ဗဟိဒ္ဓကိုသာ အာရုံပြုသောစိတ်။
(ဂ) နှစ်ပါးစုံကို အာရုံပြုသောစိတ်။

**အဖြေ**။ အောက်ပါအတိုင်း ဖြစ်ပါသည်။
(က) ဝိညာ, နေဝ ၆-ပါး။
(ခ) ရူပစိတ် ၁၅၊ အာကာသနဉ္စာယတနစိတ် ၃၊ လောကုတ္တရာစိတ် ၈၊ ပေါင်း ၂၆-ပါး။
(ဂ) ကာမစိတ် ၅၄၊ အဘိညာဉ် ၂၊ ပေါင်း ၅၆-ပါး။

● (က) ပဋ္ဌဒွါရဖြင့် ယူအပ်သော ပစ္စုပ္ပန် ပဋ္ဌာရုံ,
( ခ) ပဋ္ဌဒွါရဖြင့် ယူအပ်သော အတိတ် ပဋ္ဌာရုံ,
( ဂ) မနောဒွါရဖြင့် ယူအပ်သော အတိတ်ပဋ္ဌာရုံ တို့၏ အခြေအနေကို စစ်ဆေးပြပါ။

အဖြေ။ (က) ကား ပဋိသန္ဓေ၏ အာရုံသာ ဖြစ်၏။
( ခ) ကား ရံခါပဋိသန္ဓေ၏ အာရုံ, ရံခါ ဘဝင်၏ အာရုံ ဖြစ်၏။

---

● မဟာကုသိုလ်သည် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံကို အာရုံပြုပါလျက် အဘယ့်ကြောင့် မဟာဝိပါက်က ကုသိုလ်အတိုင်း အာရုံမပြုနိုင်ရပါသနည်း၊ ဥပမာသွင်း၍ ဖြေရှင်းခဲ့ပါ။

အဖြေ။ မဟာကုသိုလ်သည် တဏှာရွေသွား ရှိသောကြောင့် ၎င်း၏ အကျိုး ဝိပါက်သည် မဟာကုသိုလ်အတိုင်း အာရုံမပြုနိုင်ပါ။

**ဥပမာ**.... ကျွန်မက မွေးထားသော သပေါက်ကို ကျွန်မသည် အစိုးမရဘဲ အရှင်သခင်သာလျှင် အစိုး ရသကဲ့သို့ ကျွန်မနှင့်တူသော မဟာကုသိုလ်သည် သပေါက်နှင့်တူသော မဟာဝိပါက်ကို မိမိအလို အတိုင်း မိမိအာရုံပြုသလို မပြုနိုင်ဘဲ အရှင်သခင် နှင့်တူသော တဏှာကသာ မိမိအလိုအတိုင်း အာရုံ ပြုစေပါသည်။

● အဘယ့်ကြောင့် အတိတ္တာရုံ၌ သောမနဿ သန္တီရဏ, သောမနဿ တဒါရုံသာ ကျရပါသနည်း။

**အဖြေ**။ ကံ၏ တန်ခိုး အာနုဘော်ကြောင့် ဖြစ်ပေါ်ရသော ဝိပါက်၏ ကြေးမုံပြင်၌ မျက်နှာရိပ်ကဲ့သို့ အထူး ကြံဆခြင်း မရှိသည်၏အဖြစ်ကြောင့် ကြံဆ၍အာရုံ ယူခြင်း မရှိသောကြောင့် အာရုံအတိုင်းသာ ဝေဒနာ ယှဉ်၏၊ ထို့ကြောင့် အတိတ္တာရုံ၌ သောမနဿ သန္တီရဏ သောမနဿတဒါရုံ ကျရပါသည်။

---

● အဘယ့်ကြောင့် လဟုတာစသော ရုပ် ၃-ခု အပေါင်း သည် ကံကြောင့် မဖြစ်ပါသနည်း၊ အဘယ့်ကြောင့် ကာယဝိညတ္တိနဝက ကလာပ်ဖွဲ့သကဲ့သို့ မဖွဲ့ဘဲ ဝစီ ဝိညတ္တိ ဒသက ကလာပ် ဖွဲ့ရပါသနည်း။

**အဖြေ**။ ပစ္စုပ္ပန်အကြောင်းကို ငဲ့သောကြောင့် ကံကြောင့် မဖြစ်ခြင်း ဖြစ်ပါသည်။

ဝစီဝိညတ်သည် သဒ္ဒနှင့်ကင်း၍ မဖြစ်သောကြောင့် ဝစီဝိညတ်ဖြင့် သဒ္ဒကိုပါ သွင်းယူ၍ ရုပ် ၁၀-ခု ဖြစ် သောကြောင့် ဝစီဝိညတ္တိ နဝကကလာပ်မဖွဲ့ပဲ ဝစီ ဝိညတ္တိ ဒသကကလာပ်သာ ဖွဲ့ရပါသည်။

---

● ဥပစာရဘာဝနာ, အပ္ပနာ ဘာဝနာတို့၏ အဓိပ္ပာယ်ကို ရှင်းပြပြီးလျှင် မေတ္တာစသော တရား ၄-ပါးတို့သည် အဘယ့်ကြောင့် အပ္ပမညာ မည်ကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

ဇမ္ဗူသယ ၁၉၇-၂၇ [ဒုတိယအကြိမ်]

အဖြေ။ နိဗ္ဗာန်တရား ငြိမ်းသည်မှစ၍ ဂေါတြဘုတိုင်အောင် အတွင်း၌ ပွားများအပ်သော ကာမာဝစရ ဘာဝ နာသည် အပ္ပနာ၏ အနီး၌ဖြစ်သောကြောင့် ဥပ စာရ ဘာဝနာ မည်၏။

အပ္ပနာမည်သော ဝိတက် စေတသိက် အမှူးရှိသည်၏ အဖြစ်ကြောင့် မဟဂ္ဂုတ် လောကုတ္တရာ အဖြစ်သို့ ရောက်သော ဘာဝနာသည် အပ္ပနာ ဘာဝနာ မည်၏။

အတိုင်းမသိသော သတ္တဝါပညတ်ကို အာရုံပြုသော ကြောင့် အပ္ပမညာမည်၏။

---

● စိတ်သည် အာရုံကိုသိခြင်း လက္ခဏာအားဖြင့် တမျိုး တည်းဖြစ်ပါလျက် အဘယ့်ကြောင့် စိတ်တခု ယုတ် ၉၀, အကျယ် ၁၂၁-ပါး ပြားရပါသနည်း။

အဖြေ။ ဘူမိဘေဒ, ဇာတိဘေဒ, သမ္ပယောဂဘေဒ, အာ ရမ္မဏာဘေဒ စသည်တို့၏ အစွမ်းဖြင့် စိတ်တခု ယုတ် ၉၀, အကျယ် ၁၂၁-ပါး ပြားရပါသည်။

---

● "နေဝသညာ နာသညာယတန"၌ သညာ ၂-ခုတို့၏ အရနှင့် ထိုအရ တရားတို့၏ အဓိပ္ပာယ်ကိုလည်း တင်ရှားပေါ်လွင်အောင် ဖြေဆိုခဲ့ပါ။

အဖြေ။ ရှေ့သညာ အရကား ရုန့်ရင်းကြမ်းထမ်းသောသညာ ရ၏၊ နောက်သညာအရကား နူးညံ့သိမ်မွေ့သော သညာရ၏။

ဝိပဿနာ၏ အာရုံအဖြစ်သို့ ရောက်စကောင်းသော ထင်ရှားသော သညာသည် ရုန့်ရင်းကြမ်းထမ်းသော သညာမည်၏။

ဝိပဿနာ၏ အာရုံ၏ အဖြစ်သို့ မရောက်စကောင်းသော မထင်ရှားသော သညာသည် နူးညံ့သော သညာမည်၏။

---

● စိတ်၏ အာရုံယူပုံနှင့် စေတသိက်တို့၏ အာရုံယူပုံ သဘောသွားကို ဝေဖန်ပြပါ။

**အဖြေ**။ စိတ်ကား စေတသိက်တို့နှင့် ကင်းလျက် တဦးတည်းလည်း အာရုံကို ယူနိုင်ပါသည်။

စေတသိက်ကား စိတ်နှင့်ကင်း၍ အာရုံကို မယူနိုင်ပဲ စိတ်ပါမှ အာရုံကို ယူနိုင်ပါသည်။

---

● အာရုံ၌ တွေဝေသော သဘောကို မောဟဟုဆိုရာ "မောဟသည် အာရုံကို မယူပဲဖြစ်၏" ဟု မှတ်ရမည်လော၊ အဘယ်သို့ မှတ်ရမည်နည်း။

**အဖြေ**။ "မောဟသည် အာရုံကိုမယူပဲ ဖြစ်၏" ဟု မမှတ်ရပါ၊ မောဟသည် အာရုံကိုယူ၍ ဖြစ်၏ဟု မှတ်ရပါမည်၊ သို့ရာတွင် မောဟသည် အာရုံ၏ ဟုတ်မှန်သောသဘောကို ဖုံးလွှမ်းသော အခြင်းအရာအားဖြင့် ဖြစ်ပါသည်။

● သုခဝေဒနာနှင့် သောမနဿဝေဒနာတို့သည် ဣဋ္ဌာရုံကို ခံစားရာ၌ ဣဋ္ဌာရုံချင်း တူမတူကို ဖြေရှင်းပါ။

အဖြေ။ မတူပါ၊ သုခဝေဒနာသည် ဣဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစား၏၊ သောမနဿဝေဒနာသည် ဣဋ္ဌဖြစ်သော အာရုံ ၆-ပါးကို ခံစား၏။

---

● (က) ဒိဋ္ဌအားဖြင့် ယူအပ်သော ကမ္မဋ္ဌာန်း, (ခ) ဖုဋ္ဌအားဖြင့် ယူအပ်သော ကမ္မဋ္ဌာန်း, (ဂ)ဒိဋ္ဌဖုဋ္ဌအားဖြင့် ယူအပ်သော ကမ္မဋ္ဌာန်းတို့ကိုဖော်ပြခဲ့ပါ။

အဖြေ။ (က) ဝါယောကသိုဏ်းမှတပါး ကသိုဏ်း ၉-ပါး အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၌ တစပဉ္စက။
(ခ) အာနာပါနဿတိ၊
(ဂ) ဝါယောကသိုဏ်း။

---

● "နေဝသညာ နာသညာ ယတန" ၌ "နေဝသညာ=၊ သညာမရှိ"ဟု ဆိုပြီး "နာသညာ= သညာမရှိသည်မဟုတ်"ဟု ဆိုပြန်ရာ စကား ၂-ရပ် မဆန့်ကျင်ပါလော၊ ဖြေရှင်းခဲ့ပါ။

အဖြေ။ "နေဝသညာ=သညာမရှိ"ကား ရုန့်ရင်းကြမ်းထမ်းသော သညာမရှိဟု ဆိုလို၍ "နာသညာ=သညာမရှိသည်မဟုတ် (ဝါ) ရှိသည်"ကား နူးညံ့သောသညာရှိ၏ဟု ဆိုလိုပါသည်၊ ထို့ကြောင့် မဆန့်ကျင်ပါ။

● တည်ကြည်ခြင်း, မပျံ့လွင့်ခြင်း လက္ခဏာရှိသော ဧကဂ္ဂတာသည်မတည်ကြည်ခြင်း, ပျံ့လွင့်ခြင်း လက္ခဏာရှိသော ဥဒ္ဓစ္စသဟဂုတ်စိတ်၌ အဘယ်သို့ ယှဉ်နိုင်ပါသနည်း၊ ဥပမာသွင်း၍ ဖြေရှင်းခဲ့ပါ။

**အဖြေ**။ ဧကဂ္ဂတာသည် အာရုံတခု၌ တဝိထိ နှစ်ဝိထိ ခန့် ဥဒ္ဓစ္စ၏ အလိုသို့လိုက်၍ တဖြည်းဖြည်း တည်ကြည်ခြင်း မပျံ့လွင့်ခြင်းဖြစ်အောင် ဖျားယောင်း သွေးဆောင်လျက် ဥဒ္ဓစ္စသဟဂုတ်စိတ်မှာ ယှဉ်ပါသည်။

**ဥပမာ**။ မြင်းကြမ်းကို စီးနင်း မောင်းနှင်သော မြင်းစီးသူရဲသည် မြင်းအလိုသို့ အနည်းငယ် လိုက်လျောပြီးလျှင် ကြမ်းထမ်းသော မြင်းရိုင်းကို နူးညံ့ သိမ်မွေ့အောင် ဖျားယောင်းသွေးဆောင်၍ စီးနင်းသကဲ့သို့တည်း။

---

● (က) ပရိတ္တသုဘာဘုံ, (ခ) အပ္ပမာဏသုဘာဘုံ, (ဂ) သုဘကိဏှာ ဘုံတို့၌ ဖြစ်စေတတ်သော ကံအသီးသီးကို ဖော်ပြခဲ့ပါ။

**အဖြေ**။ (က) အညံ့စားဖြစ်သော ရူပကုသိုလ် စတုတ္ထစျာန်စေတနာ၊

(ခ) အလတ်စားဖြစ်သော ရူပကုသိုလ် စတုတ္ထစျာန်စေတနာ၊

(ဂ) အမြတ်စားဖြစ်သော ရူပကုသိုလ် စတုတ္ထစျာန်စေတနာ။

● ဒွိဇ, တိဇ, စတုဇရုပ်ကို ရကြသောပုဂ္ဂိုလ်သုံးဦးတို့ သေသောအခါ အဘယ်ရုပ်သည် ရှေးဦးစွာ ချုပ်ပါသနည်း။

အဖြေ။ ထိုပုဂ္ဂိုလ်သုံးဦး သေသောအခါ ကမ္မဇရုပ် ရှေးဦးစွာ ချုပ်ပါသည်။

---

● မေတ္တာ၏ တရားကိုယ်, မေတ္တာ၏ အာရုံ, မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းသဖြင့် ရနိုင်သောစျာန်တို့ကို ဖော်ပြပြီးလျှင် မေတ္တာကမ္မဋ္ဌာန်း၌ ပဋိဘာဂနိမိတ် ရသင့် မသင့်ကို ပြဆိုခဲ့ပါ။

အဖြေ။ မေတ္တာ၏ တရားကိုယ်ကား အဒေါသတည်း။
မေတ္တာ၏ အာရုံကား သုခိတ ဒုက္ခိတ သတ္တဝါအားလုံးတည်း။

မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းသဖြင့် ရနိုင်သောစျာန်များကား ပဌမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်များ ဖြစ်ပါသည်။

မေတ္တာကမ္မဋ္ဌာန်း၌ ပဋိဘာဂနိမိတ် မရနိုင်ပါ။

---

● အဘယ်သို့သော ဝီထိသည် တဒနုဝတ္တိက မနောဒွါရဝီထိဖြစ်သည်ကို ဖော်ပြပြီးလျှင် တဒနုဝတ္တိက မနောဒွါရဝီထိပေါင်း မည်မျှရှိသည်ကိုလည်း ဖော်ပြခဲ့ပါ။

**အဖြေ**။ ပဉ္စဒွါရ ဝီထိ၏နောက် လိုက်၍သိသော မနောဒွါရဝီထိသည် တဒနုဝတ္တိက မနောဒွါရ ဝီထိဖြစ်ပါသည်။

အစိတ်ကို အာရုံပြု၍ ဖြစ်သော ၅-ဝီထိ။
အပေါင်းကို အာရုံပြု၍ဖြစ်သော ၅-ဝီထိ။
ဝတ္ထုဒြဗ်ကို အာရုံပြု၍ဖြစ်သော ၅-ဝီထိ။
အမည်ကို အာရုံပြု၍ ဖြစ်သော ၅-ဝီထိ။
ပေါင်း ၂၀-ဝီထိ။

---

● "စိတ္တသမုဋ္ဌာနရုပ်" ၌ စိတ်အရ ပါဝင်သော စိတ်နှင့် မပါဝင်သော စိတ်များကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ပါဝင်သော စိတ်ကား ဒွေပဉ္စဝိညာဉ် ၁၀၊ အရူပဝိပါက် ၄-ခုကြဉ် စိတ် ၇၅-ပါး။
မပါဝင်သော စိတ်ကား ဒွေပဉ္စဝိညာဉ် ၁၀- အရူပဝိပါက် ၄။

**ဆောင်**။ ဒွေပဉ္စဝိ၊ အရူဝိ၊ ကြဉ်ဘိဆယ့်လေးသာ။
ကြွင်းကျန်သမျှ၊ ပါဝင်ကြ၊ စိတ္တသမုဋ္ဌာ။

---

● "ကမ္မသမုဋ္ဌာန ရုပ်" ၌ ကမ္မအရ ပါဝင်သင့်သော ကံနှင့် မပါဝင်သင့်သော ကံများကို ဖော်ပြခဲ့ပါ။

**အဖြေ**။ ပါဝင်သင့်သော ကံကား အကုသိုလ်ကံ ၁၂၊ မဟာကုသိုလ်ကံ ၈၊ ရူပကုသိုလ်ကံ-၅၊ ပေါင်း ၂၅-ပါး။

မပါဝင်သော ကံကား အရူပ ကုသိုလ်ကံ-၄၊ လောကုတ္တရာကုသိုလ်ကံ-၄၊ ပေါင်း ၈-ပါး။

ဆောင်။ အကု, မဟာကု၊ ရူပကု၊ ပါမှ ၂၅၊
အရူပကု၊ ထောကုဘ်ကု၊ ကြဉ်မှုစိတ် ၈-ပါး။

---

● အဘယ်သည် အတီပရိတ္တာရုံမည်၍ အဘယ်သည် ဌီမည်သည်ကို ကျမ်းရိုးကျကျ ဖော်ပြခဲ့ပါ။

အဖြေ။ စိတ္တက္ခဏ ၁၀-ချက်မှ စိတ္တက္ခဏ ၁၅-ချက်တိုင် အောင်သော စိတ္တက္ခဏသာလျှင် အသက်ရှိသော အာရုံသည် အတီပရိတ္တာရုံ မည်ပါသည်။
ဥပါဒ်, ဘင် ၂-ပါးတို့၏ အလယ်၌ ဘင်သို့ ရှေ့ရှုဖြစ်ခြင်းသဘောသည် ဌီမည်ပါသည်။

---

● အဘယ်သည် ဘာဝနာ၊ အဘယ်သည် အပစာယန မည်သည်ကို ဌီကာလာတိုင်း ရေးသားဖော်ပြပါ။

အဖြေ။ ကမ္မဋ္ဌာန်း ၄၀-ကို စီးဖြန်းခြင်း, တေဘူမကသခ်ါရ တရားတို့ကို လက္ခဏာယာဉ် သုံးပါးသို့ တင်၍ အဖန်တလဲလဲ သုံးသပ်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော စတင် စီးဖြန်းသည်မှ (အပ္ပနာသို့ မရောက်သေးသော) ဂေါတြဘူ အဆုံးရှိသော စေတနာသည် ဘာဝနာမည်၏။
အရွယ်အားဖြင့် ကြီးသူ, ဂုဏ်အားဖြင့် ကြီးသူ တို့အား လာဘ်လာဘကို မမြှော်မှန်းဘဲ ဖြူစင်သန့်

ရှင်းသောစိတ်အားဖြင့် ခရီးဦးကြိုဆိုခြင်း, နေရာကို ညွှန်ပြခြင်း, သွားလိုရာသို့ ခေါ်ဆောင် ပို့ပေးခြင်း စသည်ဖြင့် ရှိသေမြတ်နိုးကြောင်းဖြစ်သော စေတနာ သည် အပစာယန မည်၏။

---

● မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄-ပါးတို့၏ ကာမ အာရုံ, မဟဂ္ဂုတ်အာရုံ, ပညတ်အာရုံ ပြုပုံတို့ကို တခုစီ အဓိပ္ပာယ် ရှင်းပြခဲ့ပါ။

အဖြေ။ မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄-ပါးတို့သည် ပုထု ဇဉ်သေက္ခပုဂ္ဂိုလ်တို့ ဉာဏ်နှင့်မယှဉ်မူ၍ အမှတ်မဲ့ ပေးကမ်းလှူဒါန်းရာအခါ, တရားကို ဆင်ခြင်ရာ အခါ စသည်တို့၌ ကာမအာရုံကို-
အလွန်တရာ လေ့လာ ပွားများအပ်သော ဈာန်ကို ဆင်ခြင်ရာအခါ၌ မဟဂ္ဂုတ်အာရုံကို-
ကသိုဏ်းနိမိတ် စသည်တို့၌ ပရိကံစသည် ပြုရာအခါ ၌ ပညတ်အာရုံကို အာရုံပြုပါသည်။

---

● ပစ္စုပ္ပန်ကာလ, အတိတ်ကာလ, ကာလ ၂-ပါး, ကာလ ၃-ပါးရှိသော ပစ္စည်းများကို ထုတ်ပြခဲ့ပါ။

အဖြေ။ ပစ္စုပ္ပန်ကာလရှိသော ပစ္စည်းကား ဟေတု, သဟ ဇာတ, အညမည, နိဿယ, ပုရေဇာတ, ပစ္ဆာဇာတ ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ,သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ, ပေါင်း ၁၅-ပစ္စည်း။

အတိတ်ကာလ ရှိသော ပစ္စည်းကား အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတ, ပေါင်း ၅- ပစ္စည်း။

ကာလ ၂-ပါးရှိသော ပစ္စည်းကား ကမ္မ။

ကာလ ၃-ပါးရှိသော ပစ္စည်းကား အာရမ္မဏ, အဓိပတိ,ဥပနိဿယ, ပေါင်း ၃-ပစ္စည်း။

ဆောင်။ အာသေဝနံ၊သမနန်နှင့်၊ အနန်,နတ်,ဝိ၊အတိတ်သိလော့၊ နှစ်ရှိကမ္မ၊ ဥပ-ဒိ,အာ၊ တိကာလာ၊ ကျန်တာ ပစ္စုပ္ပန်။

ဉာဏဝစုက ပြီး၏။

မဏ္ဍိုင်

# အဘိဓမ္မာ ကျည်ရေး

## သင်္ဂဟဂါထာများ အနက်

### စိတ်ပိုင်း

အဋ္ဌဓာ လောဘမူလာနိ၊
ဒေါသမူလာနိ စ ဒွိဓာ။
မောဟမူလာနိ စ ဒွေတိ၊
ဒွါဒသာ'ကုသလာ သိယုံ။

လောဘမူလာနိ၊ လောဘဟု ဆိုအပ်သော မူလရှိကုန်သော။ စိတ္တာနိ၊ တို့သည်။ ဝေဒနာဒိဘေဒတော၊ ဝေဒနာအစရှိသော အပြားအားဖြင့်။ အဋ္ဌဓာ၊ ရှစ်ပါးအပြားရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။ ဒေါသမူလာနိ၊ ဒေါသဟုဆိုအပ်သော မူလရှိကုန်သော။ စိတ္တာနိစ၊ စိတ်တို့သည်လည်း။ သင်္ခါရဘေဒတော၊ သင်္ခါရအပြားဖြင့်။ ဒွိဓာ၊ နှစ်ပါးအပြား ရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။ မောဟမူလာနိ၊ မောဟသာလျှင် မူလရှိကုန်သော။ စိတ္တာနိ စ၊ တို့သည်လည်း။ သမ္ပယောဂဘေဒတော၊ သမ္ပယောဂအပြားဖြင့်။ ဒွေ၊ နှစ်ပါးအပြား ရှိကုန်သည်။ သိယုံ၊ ကုန်၏။ ဣတိ၊ ဤသို့။ အကုသလာ-အကုသလဘူတာနိ၊ အကုသိုလ်ဖြစ်၍ဖြစ်ကုန်သော။ စိတ္တာနိ၊ တို့သည်။ ဒွါဒသ-ဒွါဒသ

ဝေ၊ တဆဲ့နှစ်ပါးတို့သည်သာလျှင်။ သိယံ၊ ကုန်၏။ တတော၊ ထိုတဆဲ့နှစ်ပါးအောက်။ ဝါ၊ ထိုတဆဲ့နှစ်ပါးထက်။ ဦနာဓိကာနိ၊ အယုတ်အလွန်တို့သည်။ နသိယံ၊ မဖြစ်ကုန်။

သတ္တာ'ကုသလ ပါကာနိ၊
ပုညပါကာနိ အဋ္ဌဓာ။
ကြိယစိတ္တာနိ တိဏိ'တိ၊
အဋ္ဌာရသ အဟေတုကာ။

အကုသလ ပါကာနိ၊ အကုသလ ဝိပါက်စိတ်တို့သည်။ စက္ခာဒိနိဿယ သမ္ပဋိစ္ဆနာဒိ ကိစ္စဘေဒတော၊ စက္ခုအစရှိသော မှီရာ, သမ္ပဋိစ္ဆိုန်း အစရှိသော ကိစ္စတို့၏ အပြားအားဖြင့်။ သတ္တ၊ ခုနစ်ပါးအပြားရှိကုန်သည်။ သိယံ၊ ကုန်၏။ ပုညပါကာနိ၊ အဟိတ်ကုသလ ဝိပါက်စိတ်တို့သည်။ စက္ခာဒိနိဿယ သမ္ပဋိစ္ဆနာဒိ ကိစ္စဘေဒတော၊ စက္ခုအစရှိသော မှီရာ, သမ္ပဋိစ္ဆိုန်း အစရှိသော ကိစ္စကို၏အပြားအားဖြင့်။ အဋ္ဌဓာ၊ ရှစ်ပါးအပြားရှိကုန်သည်။ သိယံ၊ ကုန်၏။ ကြိယစိတ္တာနိ၊ အဟိတ်ကြိယာစိတ်တို့သည်။ အာဝဇ္ဇနာဒိ ကိစ္စဘေဒတော၊ အာဝဇ္ဇန်း အစရှိသော ကိစ္စတို့၏ အပြားအားဖြင့်။ တိဏိ၊ သုံးပါးအပြားရှိကုန်သည်။ သိယံ၊ ကုန်၏။ ဣတိ၊ ဤသို့။ အဟေတုကာ-အဟေတုကဘူတာနိ၊ အဟိတ်ဖြစ်၍ ဖြစ်ကုန်သော။ စိတ္တာနိ၊ စိတ်တို့သည်။ အဋ္ဌာရသ-အဋ္ဌာရသဝေ၊ တဆဲ့ရှစ်ပါးတို့သည်သာလျှင်။ သိယံ၊ ကုန်၏။ တတော၊ ထိုတဆဲ့ရှစ်ပါးအောက်။ ဝါ၊ ထက်။ ဦနာဓိကာနိ၊ တို့သည်။ နသိယံ၊ ကုန်။

ပါပါ, ဟေတုက မုတ္တာနိ-
သောဘနာနီတိ ဝုစ္စရေ။
ကေနသင္ဂ စိတ္တာနိ၊
အထေ`က နဝုတီပိ ဝါ။

ပါပါဟေတုက မုတ္တာနိ၊ အကုသိုလ်စိတ်, အဟိတ်စိတ်တို့မှ လွတ်ကုန်သော။ ကေနသင္ဂ၊ တခုယုတ် ခြောက်ဆယ်ကုန်သော။ စိတ္တာနိ၊ စိတ်တို့ကို။ သောဘနာနီတိ၊ သောဘနစိတ် အမည်ရှိကုန်၏ဟူ၍။ ဝုစ္စရေ-ဝုစ္စန္တိ၊ မိန့်အပ်ကုန်၏။ အထဝါ၊ တနည်းကား။ ပါပါဟေတုက မုတ္တာနိ၊ အကုသိုလ်စိတ်, အဟိတ်စိတ်တို့မှ လွတ်ကုန်သော။ ဧကနဝုတိ၊ ကိုးဆယ့်တပါးကုန်သော။ စိတ္တာနိပိ၊ စိတ်တို့ကိုလည်း။ သောဘနာနီတိ၊ ဟူ၍။ ဝုစ္စရေ-ဝုစ္စန္တိ၊ ကုန်၏။

ဝေဒနာ ဉာဏ သင်္ခါရ-
ဘေဒေန စတုဝီသတိ။
သဟေတုကာမာဝစရ-
ပုညပါက ကြိယာ မတာ။

သဟေတုကာမာဝစရ ပုညပါကကြိယာ၊ ကာမာဝစရကုသိုလ်, သဟိတ်ကာမာဝစရဝိပါက်, သဟိတ်ကာမာဝစရကြိယာစိတ်တို့ကို။ ဝေဒနာဉာဏသင်္ခါရ ဘေဒေန၊ ဝေဒနာ ဉာဏ်, သင်္ခါရတို့၏အပြားဖြင့်။ ပစ္စေကံ၊ အသီးအသီး။ ဒုဝိဓတ္တာ စ၊ နှစ်ပါးအပြားရှိသည်၏ အဖြစ်ကြောင့်ရင်း။ စတုဗ္ဗိဓတ္တာ စ၊ လေးပါး အပြားရှိသည်၏ အဖြစ်ကြောင့်

ၚင်း။ အဋ္ဌဝိမတ္တာ စ၊ ရှစ်ပါး အပြားရှိသည်၏ အဖြစ်ကြောင့်ၚင်း။ သမ္ပိဏ္ဍိတွာ၊ ပေါင်း၍။ ဆစ၊ ခြောက်ပါး အပြားရှိကုန်၏ဟူ၍ၚင်း။ ဒွါဒသစ၊ တဆဲ့နှစ်ပါး အပြားရှိကုန်၏ဟူ၍ၚင်း။ စတုဝီသတိစ၊ နှစ်ဆဲ့လေးပါး အပြားရှိကုန်၏ဟူ၍ၚင်း။ ပဏ္ဍိတေဟိ၊ ပညာရှိတို့သည်။ မတာ၊ သိအပ်ကုန်၏။

ကာမေ တေဝီသပါကာနိ၊
ပုညာ'ပုညာနိ ဝီသတိ။
ကေဒသ ကြိယာ စေ'တိ၊
စတုပညာသ သဗ္ဗထာ။

ကာမေ၊ ကာမတဆယ့်တဘုံ၌။ အဝစရာနိ၊ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ် ကုန်သော။ စိတ္တာနိ၊ စိတ်တို့သည်။ တေဝီသ၊ နှစ်ဆယ့်သုံးပါးကုန်သော။ ပါကာနိစ၊ ဝိပါက်စိတ်တို့ၚင်း။ ဝီသတိ၊ နှစ်ဆယ်သော။ ပုညာပုညာနိစ၊ ကုသိုလ်, အကုသိုလ်စိတ်တို့ၚင်း။ ကေဒသ၊ တဆယ့်တပါး ကုန်သော။ ကြိယာစ၊ ကြိယာစိတ်တို့ၚင်း။ ဣတိ၊ ဤသို့။ သဗ္ဗထာပိ၊ ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့၏ အတွင်း၌ဝင်သော ခပ်သိမ်းသော အပြားအားဖြင့်လည်း။ စတုပညာသ-စတုပညာသဝေ၊ ငါးဆယ့်လေးပါး အပြားရှိကုန်သည်သာလျှင်။ သိယုံ၊ ဖြစ်ကုန်၏။ တတော၊ ထိုငါးဆဲ့လေးပါးအောက်။ ဝါ၊ ထိုငါးဆဲ့လေးပါးထက်။ ဦနာဓိကာနိ၊ အယုတ်အလွန်တို့သည်။ နသိယုံ၊ မဖြစ်ကုန်။

စတုမဂ္ဂပ္ပဘေဒေန၊
စတုဓာ ကုသလံ တထာ။
ပါကံ တဿ ဖလတ္တာတိ၊
အဋ္ဌဓာ’ နုတ္တရံ မတံ။

ကုသလံ၊ လောကုတ္တရာ ကုသိုလ်စိတ်သည်။ စတုမဂ္ဂပ္ပဘေဒေန၊ လေးပါးအပြားရှိသော သောတာပတ္တိမဂ် အစရှိကုန်သော အဋ္ဌင်္ဂိကမဂ်တို့နှင့် ယှဉ်သော အပြားဖြင့်။ စတုဓာ- စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ တထာ၊ တူ။ ပါကံ၊ လောကုတ္တရာ ဝိပါက်စိတ်သည်။ တဿ-တဿေဝ၊ ထိုကုသိုလ်စိတ်၏သာလျှင်။ ပါကဿ၊ ဝိပါက်စိတ်၏။ ဖလတ္တာ၊ အကျိုး၏ အဖြစ်ကြောင့်။ စတုဓာစတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အနုတ္တရံ၊ လောကုတ္တရာစိတ်ကို။ အဋ္ဌဓာ- အဋ္ဌဝိဓံဣတိ၊ ရှစ်ပါးအပြားရှိ၏ဟူ၍။ မတံ၊ သိအပ်၏။

ဒွါဒသာ’ ကုသလာနေ’ ဝံ၊
ကုသလာနေ့, ကဝီသတိ။
ဆတ္တိံသေဝ ဝိပါကာနိ၊
ကြိယစိတ္တာနိ ဝီသတိ။

ဧဝံ- ယထာဝုတ္တနယေန၊ အကြင် အကြင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ အကုသလာနိ၊ အကုသိုလ် စိတ်တို့သည်။ ဒွါဒသ-ဒွါဒသေဝ၊ တဆဲ့နှစ်ပါး အပြားရှိကုန်သည်သာ

လျှင်။ သိယံ၊ ဖြစ်ကုန်၏။ ကုသလာနိ၊ တို့သည်။ ကေဝီသ
တိ၊ နှစ်ဆဲ့တပါး အပြားရှိကုန်သည်။ သိယံ၊ ကုန်၏။ ဝိပါ
ကာနိ၊တို့သည်။ ဆတ္တိံသ၊ သုံးဆဲ့ခြောက်ပါး အပြားရှိကုန်
သည်။ သိယံ၊ ကုန်၏။ ကြိယစိတ္တာနိ၊ ကြိယာစိတ်တို့သည်။
ဝီသတိဝေ၊ နှစ်ဆယ် အတိုင်းအရှည်ရှိသည် သာလျှင်။
သိယံ၊ ဖြစ်ကုန်၏။

ကောဒသဝိမံ တသ္မာ၊
ပဌမာဒိက’ မီရိတံ။
ဈာန’ မေကေက’မန္တေ တု၊
တေဝီသတိ ဝိမံ ဘဝေ။

တသ္မာ၊ ထို့ကြောင့်။ ပဌမာဒိကံ၊ပဌမဈာန်အစရှိသော။
ကေကံ၊ တခုတခုသော၊ ဈာနံ၊ ဈာန်စိတ်ကို။ ကောဒသ
ဝိမံ၊ တဆဲ့တပါး အပြားရှိ၏ဟူ၍။ ဤရိတံ၊ မိန့်အပ်၏။
အန္တေတု-အန္တံပန၊ အဆုံးဖြစ်သော ပဥ္စမ ဈာန်စိတ်သည်
ကား။ တေဝီသတိဝိမံ၊ နှစ်ဆဲ့သုံးပါး အပြားရှိသည်။ ဘဝေ၊
ဖြစ်၏။

သတ္တတ္တိံသဝိမံ ပုညံ၊
ဒွိပညာသဝိမံ တထာ။
ပါက, မိစ္စာဟု စိတ္တာနိ၊
ကေဝီသသတံ ဗုဓာ။

ပုညံ၊ ကုသိုလ်စိတ်သည်။ သတ္တတ္တိံသဝိမံ၊ သုံးဆဲ့ခုနစ်
ပါး အပြားရှိသည်။ ဘဝေ၊ ဖြစ်၏။ တထာ၊ ထိုမှို။ ပါကံ၊
ဝိပါက်စိတ်သည်။ ဒွိပညာသဝိမံ၊ ငါးဆဲ့နှစ်ပါး အပြားရှိ

သည်။ ဘဝေ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုသို့ အကုသိုလ်စိတ် သုံးဆဲ့ခုနစ်ပါး, ဝိပါက်စိတ် ငါးဆဲ့နှစ်ပါး အပြားရှိသည်၏ အဖြစ်ကြောင့်။ စိတ္တာနိ၊ စိတ်တို့ကို။ ကေဝိဿ သတံ၊ တရာ့ နှစ်ဆဲ့တပါး အပြားရှိ၏ဟူ၍။ ဗုဓာ၊ပညာရှိကုန်သည်။ အာဟု၊ ဆိုကုန်ပြီ။ ဝါ၊အာဟု-ကထေန္တိ၊ ဆိုကုန်၏။

——

## စေ တ သိက် ပိုင်း

တေရသ ညသမာနာ စ၊
စုဒ္ဒသာကုသလာ တထာ။
သောဘနာ ပဉ္စဝီသာတိ၊
ဒွိပညာသ ပဝုစ္စရေ။

စ၊ အကျယ်မှတပါး အကျဉ်းကိုဆိုအံ့။ တွေ့ာဝတာ-တောဝန္တေန ဝစနက္ကမေန၊ ဤမျှ အတိုင်း အရှည်ရှိသော သဒ္ဒါ၏အစဉ်ဖြင့်။ မယာ၊ သည်။ ဝုတ္တာ၊ မိန့်အပ်ကုန်သော။ စေတသိကာ၊ စေတသိက်တို့ကို။ တေရသ၊ တဆဲ့သုံးပါး ကုန်သော။ အညသမာနာစ၊ အည သမာန်း စေတသိက် တို့ငှင်း။ စုဒ္ဒသ၊ တဆဲ့လေးပါးကုန်သော။ အကုသလာစ၊ အကုသိုလ်စေတသိက်တို့ငှင်း။ တထာ၊ ထိုမှတပါး။ ပဉ္စဝီသ၊ နှစ်ဆဲ့ငါးပါးကုန်သော။ သောဘနာ စ၊ သောဘန စေတသိက်တို့ငှင်း။ ဣတိ၊ ဤသို့။ ဒွိပညာသ၊ ငါးဆဲ့နှစ်ပါး အပြားရှိကုန်၏ဟူ၍။ ပဝုစ္စရေ၊ အပြားအားဖြင့် မိန့်အပ် ကုန်၏။

သတ္တ သဗ္ဗတ္ထ ယုဇ္ဇန္တိ၊
ယထာ ယောဂံ ပကိဏ္ဏကာ။
စုဒ္ဒသာ' ကုသလေသွေ' ဝ၊
သောဘနေသွေ'ဝ သောဘနာ။

သတ္တ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ခုတို့သည်။ သဗ္ဗတ္ထ၊ အလုံးစုံသော စိတ်တခု ယုတ်ကိုးဆယ်တို့၌။ ယုဇ္ဇန္တိ၊ ယှဉ်ကုန်၏။ ပကိဏ္ဏကာ၊ ပကိဏ်းစေတသိက် ခြောက်ခုတို့သည်။ ယထာ ယောဂံ၊ ယှဉ်သင့်သည် အားလျော်စွာ။ ယုဇ္ဇန္တိ၊ ကုန်၏။ စုဒ္ဒသ၊ တဆဲ့လေးပါးသော အကုသိုလ်စေတသိက်တို့သည်။ အကုသလေသွေဝ- အကုသလေသု ဧဝ၊ အကုသိုလ်စိတ် တဆဲ့နှစ်ခုတို့၌ သာလျှင်။ ယထာ ယောဂံ၊ စွာ။ ယုဇ္ဇန္တိ၊ ကုန်၏။ သောဘနာ၊ သောဘနစေတသိက် နှစ်ဆဲ့ငါးခုတို့သည်။ သောဘနေသွေဝ-သောဘနေသု ဧဝ၊ သောဘနစိတ်တခုယုတ် ခြောက်ဆယ်တို့၌သာလျှင်။ ယထာ ယောဂံ၊ စွာ။ ယုဇ္ဇန္တိ၊ ကုန်၏။

ဆသဋ္ဌိ ပဉ္စပညာသ၊
ဧကာဒသ စ သောဠသ။
သတ္တတိ ဝီသတိ စေဝ၊
ပကိဏ္ဏက ဝိဝဇ္ဇိတာ။

ပန၊ ပါရိသေသနည်း တစိတ်ကို ဆိုအံ့။ ပကိဏ္ဏက ဝိဝဇ္ဇိတာ၊ ပကိဏ်းစေတသိက် ခြောက်ခုသည် ကြဉ်အပ်ကုန်သော။ ဝါ၊ ပကိဏ်းစေတသိက် ခြောက်ခုကို ကြဉ်ကုန်သော။ စေတသိကာ၊ ထိုစိတ်တို့ကို။ ယထာက္ကမံ၊ တိုင်း။

ဆသဋ္ဌိစ၊ ခြောက်ဆဲ့ခြောက်ပါး အပြားရှိကုန်၏ ဟူ၍ရင်း။ ပဉ္စပညာသစ၊ ငါးဆဲ့ငါးပါး အပြား ရှိကုန်၏ ဟူ၍ရင်း။ ဧကာဒသစ၊ တဆဲ့တပါးအပြားရှိကုန်၏ဟူ၍ရင်း။ သောဠသစ၊ တဆဲ့ခြောက်ပါး အပြားရှိကုန်၏ ဟူ၍ရင်း။ သတ္တတိစ၊ ခုနစ်ဆယ် အတိုင်းအရှည်ရှိကုန်၏ ဟူ၍ရင်း။ ဝီသတိစေဝ၊ နှစ်ဆယ် အတိုင်းအရှည် ရှိကုန်၏ ဟူ၍ရင်း။ ဝေဒိတဗ္ဗာ၊ ကုန်၏။

> ပဉ္စပညာသ ဆသဋ္ဌိ၊
> ဋ္ဌသတ္တတိ တိသတ္တတိ။
> ဧကပညာသ စေကူန၊
> သတ္တတိ သပကိဏ္ဏကာ။

သပကိဏ္ဏကာ၊ ပကိဏ်းစေတသိက် ခြောက်ခုနှင့်တကွ ဖြစ်ကုန်သော။ တေစိတ္တုပ္ပါဒါ၊ ထိုစိတ်တို့ကို။ ယထာက္ကမံ၊ အစဉ်အတိုင်း။ ပဉ္စပညာသစ၊ ငါးဆဲ့ငါးပါး အပြားရှိကုန်၏ ဟူ၍ရင်း။ ဆသဋ္ဌိစ၊ ခြောက်ဆဲ့ခြောက်ပါး အပြားရှိကုန်၏ဟူ၍ရင်း။ အဋ္ဌသတ္တတိစ၊ ခုနစ်ဆဲ့ရှစ်ပါး အပြားရှိကုန်၏ဟူ၍ရင်း။ တိသတ္တတိစ၊ ခုနစ်ဆဲ့သုံးပါး အပြားရှိကုန်၏ဟူ၍ရင်း။ ဧကူနသတ္တတိစ၊ တခုယုတ်ခုနစ်ဆယ် အတိုင်း အရှည် ရှိကုန်၏ ဟူ၍ရင်း။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

> သဗ္ဗာပုညေသု စတ္တာရော၊
> လောဘမူလေ တယော ဂတာ။
> ဒေါသမူလေသု စတ္တာရော၊
> သသင်္ခါရေ ဒွယံ တထာ။

စတ္တာရော၊ လေးပါးကုန်သော စေတသိက်တို့သည်။ သဗ္ဗာပုညေသု၊ အလုံးစုံသော အကုသိုလ်စိတ် တဆဲ့နှစ်ခုတို့၌။ ဂတာ၊ ဖြစ်ကုန်၏။ တယော၊ သုံးပါးကုန်သော စေတသိက်တို့သည်။ လောဘမူလေ၊ လောဘမူစိတ် ရှစ်ခု၌။ ဂတာ၊ ဖြစ်ကုန်၏။ စတ္တာရော၊ လေးပါးကုန်သော စေတသိက်တို့သည်။ ဒေါသမူလေသု၊ ဒေါသမူစိတ် နှစ်ခုတို့၌။ ဂတာ၊ ဖြစ်ကုန်၏။ ဒွယံ၊ ထိနမိဒ္ဓစေတသိက် နှစ်ခုအပေါင်းသည်။ သသင်္ခါရေ၊ သသင်္ခါရိကစိတ် ငါးခု၌။ ဂတံ၊ ဖြစ်၏။

ကျေန ဝီသတိ ဓမ္မာ၊
ဇာယန္တေ ကုနသဋ္ဌိသု။
တယော သောဠသစိတ္တေသု၊
အဋ္ဌဝီသတိယံ ဒွယံ။

ကျေနဝီသတိ၊ တခုယုတ်နှစ်ဆယ်သော။ ဓမ္မာ၊ စေတသိက်တို့သည်။ ကျေနသဋ္ဌိသု၊ တခုယုတ်ခြောက်ဆယ်သော စိတ်တို့၌။ ဇာယန္တိ၊ ဖြစ်ကုန်၏။ တယော၊ သုံးပါးကုန်သော။ ဓမ္မာ၊ ဝိရတီစေတသိက်တို့သည်။ သောဠသစိတ္တေသု၊ တဆဲ့ခြောက်ပါးသော စိတ်တို့၌။ ဇာယန္တိ၊ ဖြစ်ကုန်၏။ ဒွယံ၊ အပ္ပမညာ စေတသိက် နှစ်ခုအပေါင်းသည်။ အဋ္ဌဝီသတိယံ၊ နှစ်ဆဲ့ရှစ်ပါးသောစိတ်၌။ ဇာယတိ၊ ဖြစ်၏။

ပညာ ပကာသိတာ သတ္တ၊
စတ္တာလီသ ဝိဓေသု ပိ။
သမ္ပယုတ္တာ စတုမ္မေဝံ၊
သောဘနေသွေ၀ သောဘနာ။

ပညာ၊ ပညိန္ဒြေစေတသိက်ကို။ သတ္တ စတ္တာလီသ ဝိဓေသု၊ လေးဆဲ့ခုနစ်ပါးအပြားရှိသောစိတ်တို့၌သာလျှင်။ ပကာသိတာ၊ ပြအပ်၏။ ဧဝံယထာဝုတ္တနယေန၊ အကြင်အကြင်ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ သောဘနာ၊ သောဘန စေတသိက် နှစ်ဆဲ့ငါးခုတို့သည်။ သောဘနေသွေဝ-သောဘနေသုဝေ၊ သောဘနစိတ် တခုယုတ် ခြောက်ဆယ်တို့၌သာလျှင်။ စတုဓာ၊ လေးပါးအပြားအားဖြင့်။ သမ္ပယုတ္တာ၊ အညီအညွတ် အပြားအားဖြင့် ယှဉ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။

ဆတ္တိံသာ’နုတ္တရေ ဓမ္မာ၊
ပဉ္စတ္တိံသ မဟဂ္ဂတေ။

အဋ္ဌတ္တိံသာပိ လဗ္ဘန္တိ၊
ကာမာဝစရ သောဘနေ။

အနုတ္တရေ၊ လောကုတ္တရာစိတ်၌။ ဆတ္တိံသာပိ၊ သုံးဆဲ့ခြောက်ပါးလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ စေတသိက်တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ မဟဂ္ဂတေ၊ မဟဂ္ဂုတ်စိတ်၌။ ပဉ္စတ္တိံသာပိ၊ သုံးဆဲ့ငါးပါးလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ စေတသိက်တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ကာမာဝစရသောဘနေ၊ ကာမာဝစရသောဘနစိတ်၌။ အဋ္ဌတ္တိံသာပိ၊ သုံးဆဲ့ရှစ်ပါးလည်းဖြစ်ကုန်သော။ ဓမ္မာ၊ စေတသိက်တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

သတ္တဝီသတိ ပုညမှိ၊
ဒွါဒသာ’ ဟေတုကေ’ တိ’ စ၊
ယထာ သမ္ဘဝ ယောဂေန၊
ပဉ္စဓာ တတ္ထ သင်္ဂဟော။

အပုညမှိ၊ အကုသိုလ်စိတ်၌။ သတ္တဝီသတိပိ၊ နှစ်ဆဲ့ခုနစ်ပါးလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ စေတသိက်တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ အဟေတုကေ၊ အဟိတ်စိတ်၌။ ဒွါဒသပိ၊ တဆဲ့နှစ်ပါးလည်း ဖြစ်ကုန်သော။ ဓမ္မာ၊ စေတသိက်တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။ ဣတိစ၊ ဤသို့လျှင်။ ယထာသမ္ဘဝယောဂေန၊ ဖြစ်သင့်သည်အားလျော်စွာ ယှဉ်သဖြင့်။ တတ္ထ၊ ထိုဂဏနသမောဓာနသင်္ဂဟနည်း၌။ ပဉ္စဓာ၊ ငါးပါးအပြားဖြင့်။ သင်္ဂဟော၊ ရေတွက်ခြင်းသည်။ ဝါ၊ ပေါင်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ ဖြစ်လတ္တံ့။

ယထာဝုတ္တာ’ နုသာရေန၊
သေသာ နိယတယောဂိနော။
သင်္ဂဟဉ္စ ပဝက္ခာမိ၊
တေသံ ဒါနိ ယထာရဟံ။

ယထာဝုတ္တာနုသာရေန၊ အကြင် အကြင် ဆိုအပ်ခဲ့ပြီးသောနည်းကို အစဉ်မှီးသဖြင့်။ ကောဒသ၊ တဆဲ့တပါးကုန်သော စေတသိက်တို့သည်။ အနိယတ ယောဂိနော၊ အနိယတယောဂီ စေတသိက် အမည်ရှိကုန်၏။ ဝါ၊ အမြဲမယှဉ်သော စေတသိက်မည်ကုန်၏။ သေသာ၊ အနိယတယောဂီ စေတသိက် တဆဲ့တပါးမှ ကြွင်းကုန်သော လေးဆဲ့

တပါးသော စေတသိက်တို့သည်။ နိယတ ယောဂိနော၊ နိယတယောဂီ စေတသိက်မည်ကုန်၏။ ဝါ၊ အမြဲယှဉ်သော စေတသိက်မည်ကုန်၏။ တေသံ၊ ထိုနိယတယောဂီ အနိယတ ယောဂီ စေတသိက်တို့၏။ ယထာရဟံ၊ ထိုက်သည် အားလျော်စွာ။ သင်္ဂဟဉ္စ၊ ရေတွက်ခြင်းကိုလည်း။ ဝါ၊ ပေါင်းခြင်းကိုလည်း။ ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ အဟံ၊ ငါသည်။ ပဝက္ခာမိ၊ အပြားအားဖြင့် ဆိုပေအံ့။

သတ္တိံသ ပဉ္စတ္တိံသံ စ၊
စတုတ္တိံသ ယထာက္ကမံ။
တေတ္တိံသ ဒွယ'မိစ္စေဝံ၊
ပဉ္စဓာ'နုတ္တရေ ဌိတာ။

အနုတ္တရေ၊ လောကုတ္တရာစိတ်၌။ သင်္ဂဟာ၊ သင်္ဂဟနည်းတို့သည်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ သတ္တိံသစ၊ သုံးဆဲ့ခြောက်ပါးသော စေတသိက်တို့ရင်း။ ပဉ္စတ္တိံသစ၊ သုံးဆဲ့ငါးပါးသော စေတသိက်တို့ရင်း။ စတုတ္တိံသစ၊ သုံးဆဲ့လေးပါးသော စေတသိက်တို့ရင်း။ တေတ္တိံသဒွယံ၊ သုံးဆဲ့သုံးပါးသော စေတသိက်နှစ်ခုတို့၏ အပေါင်းရင်း။ ဣစ္စေဝံ-ဣတိဧဝံ၊ ဤသို့လျှင်။ ပဉ္စဓာ၊ ငါးပါးအပြားဖြင့်။ ဌိတာ၊ တည်ကုန်၏။

ပဉ္စတ္တိံသ စတုတ္တိံသ၊
တေတ္တိံသ စ ယထာက္ကမံ။
ဗာတ္တိံသ စေဝ တိံသေ'တိ၊
ပဉ္စဓာဝ မဟဂ္ဂတေ။

မဟဂ္ဂတေ၊ မဟဂ္ဂုတ်စိတ်၌။ သင်္ဂဟာ၊ သင်္ဂဟနည်းတို့သည်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ ပဉ္စတ္တိံသ စ၊ သုံးဆဲ့ငါးပါးသော စေတသိက်တို့၎င်း။ စတုတ္တိံသ စ၊ သုံးဆဲ့လေးပါးသော စေတသိက်တို့၎င်း။ တေတ္တိံသ စ၊ သုံးဆဲ့သုံးပါးသော စေတသိက်တို့၎င်း။ ဗာတ္တိံသစေဝ၊ သုံးဆဲ့နှစ်ပါးသော စေတသိက်တို့၎င်း။ တိံသ စ၊ သုံးဆယ်သော စေတသိက်တို့၎င်း။ ဣတိ၊ ဤသို့။ ပဉ္စဓာဝ၊ ငါးပါးအပြားဖြင့်သာလျှင်။ ဌိတာ၊ တည်ကုန်၏။

အဋ္ဌတ္တိံသ သတ္တတ္တိံသ၊
ဒွယံ ဆတ္တိံသကံ သုဘေ။
ပဉ္စတ္တိံသ စတုတ္တိံသ၊
ဒွယံ တေတ္တိံသကံ ကြိယေ။

သုဘေ၊ မဟာကုသိုလ်စိတ်ရှစ်ခု၌။ အဋ္ဌတ္တိံသစ၊ သုံးဆဲ့ရှစ်ပါးသော စေတသိက်တို့သည်၎င်း။ သတ္တတ္တိံသ ဒွယံ၊ သုံးဆဲ့ခုနစ်ပါးသော စေတသိက် နှစ်ခုအပေါင်းသည်၎င်း။ ဆတ္တိံသကံ၊ သုံးဆဲ့ခြောက်ပါးသော စေတသိက်သည်၎င်း။ ဘဝေ၊ ဖြစ်၏။ ကြိယေ၊ မဟာကြိယာစိတ် ရှစ်ခု၌။ ပဉ္စတ္တိံသ၊ သုံးဆဲ့ငါးပါးသော စေတသိက်တို့သည်၎င်း။ စတုတ္တိံသဒွယံ၊ သုံးဆဲ့လေးပါးသော စေတသိက် နှစ်ခုအပေါင်းသည်၎င်း။ တေတ္တိသကံ၊ သုံးဆဲ့သုံးပါးသော စေတသိက်သည်၎င်း။ ဘဝေ၊ ဖြစ်၏။

တေတ္တိံသ ပါကေ ဗာတ္တိံသ၊
ဒွယေ ကတ္တိံသကံ ဘဝေ။
သဟေတု ကာမာဝစရ၊
ပုညပါကကြိယာ မနေ။

ပါကေ၊ မဟာဝိပါက်စိတ် ရှစ်ခု၌။တေတ္တိံသစ၊ သုံးဆဲ့သုံးပါးသော စေတသိက်တို့ သည်ရင်း။ ဗာတ္တိံသ ဒွယံ၊ သုံးဆဲ့နှစ်ပါးသော စေတသိက် နှစ်ခုအပေါင်းသည်ရင်း။ ကေတ္တိံသကံ၊ သုံးဆဲ့တပါးသော စေတသိက်သည်ရင်း။ ဘဝေ၊ ဖြစ်၏။

ကျေနဝီသာ ဋ္ဌာရသ၊
ဝီသေကဝီသ ဝီသတိ။
ဒွါဝီသ ပန္နရသေတိ၊
သတ္တဓာ ကုသလေ ဋ္ဌိတာ။

အကုသလေ၊ အကုသိုလ်စိတ်၌။ သင်္ဂဟာ၊ သင်္ဂဟနည်းတို့သည်။ ကျေနဝီသ၊ တခုယုတ် နှစ်ဆယ်သော စေတသိက်တို့ရင်း။ အဋ္ဌာရသ၊ တဆဲ့ရှစ်ပါးသော စေတသိက်တို့ရင်း။ ဝီသ၊ နှစ်ဆယ်သော စေတသိက်တို့ရင်း။ ဧကဝီသ၊ နှစ်ဆဲ့တပါးသော စေတသိက်တို့ရင်း။ ဝီသတိ၊ နှစ်ဆယ်သော စေတသိက်တို့ရင်း။ ဒွါဝီသ၊ နှစ်ဆဲ့နှစ်ပါးသော စေတသိက်တို့ရင်း။ ပန္နရသ၊ တဆဲ့ငါးပါးသော စေတသိက်တို့ရင်း။ ဣတိ၊ဤသို့။ သတ္တဓာ၊ ခုနစ်ပါးအပြားဖြင့်။ ဋ္ဌိတာ၊ တည်ကုန်၏။

ဒွါဒသေ’ကာဒသ ဒသ၊
သတ္တစာတိ စတုဗ္ဗိဓော။
အဋ္ဌာရသာ,ဟေတုကေသု၊
စိတ္တုပ္ပါဒေသု သင်္ဂဟော။

အဋ္ဌာရသာ ဟေတုကေသု စိတ္တုပ္ပါဒေသု၊ တဆဲ့ရှစ်ပါးသော အဟိတ်စိတ်တို့၌။ ဒွါဒသစ၊ တဆဲ့နှစ်ပါးသော စေစေတသိက်တို့ရင်း။ ဧကာဒသ စ၊ တို့ရင်း။ဒသ စ၊ တို့ရင်း။ သတ္တ စ၊ ခုနစ်ပါးသော စေတသိက်တို့ရင်း။ ဣတိ၊ ဤသို့။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိသော။ သင်္ဂဟော၊ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

---

**ပကိဏ်းပိုင်း**

သုခမေကတ္ထ ဒုက္ခဥ္စ၊
ဒေါမနဿံ ဒွယေ ဌိတံ။
ဒွါသဋ္ဌိသု သောမနဿံ၊
ပဉ္စပညာသကေ’ တရာ။

သုခဥ္စ၊ သုခဝေဒနာသည်ရင်း။ ဒုက္ခဥ္စ၊ ဒုက္ခဝေဒနာသည်ရင်း။ဧကတ္ထ၊တခုသောစိတ်၌။ ဌိတံ၊ တည်၏။ ဒေါမနဿံ၊ ဒေါမနဿဝေဒနာသည်။ ဒွယေ၊ စိတ်နှစ်ခုတို့၏ အပေါင်း၌။ ဌိတံ၊ တည်၏။ သောမနဿံ၊ သောမနဿဝေဒနာသည်။ ဒွါသဋ္ဌိသု၊ ခြောက်ဆဲ့ နှစ်ပါးကုန်သောစိတ်တို့၌။ ဌိတံ၊ တည်၏။ ဣတရာ၊ ဥပေက္ခာ ဝေဒနာသည်။ ပဉ္စပညာသကေ၊ ငါးဆဲ့ငါးပါးသောစိတ်၌။ဌိတာ၊တည်၏။

အဟေတုကာ ’ဋ္ဌာရသေက၊
ဟေတုကာ ဒွေ ဒွါဝီသတိ။
ဒွိဟေတုကာ မတာ သတ္တ၊
စတ္တာလီသ တိဟေတုကာ။

အဟေတုကာ၊ အဟိတ်စိတ်တို့ကို။ အဋ္ဌာရသ၊ တဆဲ့ရှစ်ပါး အပြားရှိကုန်၏ဟူ၍။ မတာ၊ သိအပ်ကုန်၏။ ဧကဟေတုကာ၊ ဧကဟိတ်စိတ်တို့ကို။ ဒွေ၊ နှစ်ပါးအပြားရှိကုန်၏ဟူ၍။ မတာ၊ သိအပ်ကုန်၏။ ဒွိဟေတုကာ၊ ဒွိဟိတ်စိတ်တို့ကို။ ဒွါဝီသတိ၊ နှစ်ဆဲ့နှစ်ပါး အပြားရှိကုန်၏ဟူ၍။ မတာ၊ သိအပ်ကုန်၏။ တိဟေတုကာ၊ တိဟိတ်စိတ်တို့ကို။ သတ္တစတ္တာလီသ၊ လေးဆဲ့ခုနစ်ပါး အပြားရှိကုန်၏ ဟူ၍။ မတာ၊ သိအပ်ကုန်၏။

အဋ္ဌသဋ္ဌိ တထာ ဒွေ စ၊ နဝ ’ဋ္ဌ ဒွေ ယထာက္ကမံ။
ဧက ဒွိ တိ စတုပ္ပဉ္စ၊ ကိစ္စ ဋ္ဌာနာနိ နိဒ္ဒိသေ။

ဧကဒွိတိစတုပ္ပဉ္စကိစ္စဋ္ဌာနာနိ၊ တကိစ္စ,တဌာန၊ နှစ်ကိစ္စ, နှစ်ဌာန၊ သုံးကိစ္စ, သုံးဌာန၊ လေးကိစ္စ, လေးဌာန၊ ငါးကိစ္စ, ငါးဌာန တပ်သောစိတ်တို့ကို။ ယထာက္ကမံ၊ အစဉ်အတိုင်း။ အဋ္ဌသဋ္ဌိစ၊ ခြောက်ဆဲ့ရှစ်ပါး အပြားရှိကုန်၏ ဟူ၍၎င်း။ တထာ၊ ထိုမှို။ ဒွေစ၊ နှစ်ပါးအပြားရှိကုန်၏ ဟူ၍၎င်း။ နဝစ၊ ကိုးပါးအပြားရှိကုန်၏ ဟူ၍၎င်း။ အဋ္ဌစ၊ ရှစ်ပါး အပြားရှိကုန်၏ဟူ၍၎င်း။ ဒွေစ၊ နှစ်ပါးအပြားရှိကုန်၏ဟူ၍၎င်း။ နိဒ္ဒိသေ၊ ပြရာ၏။ ဝါ၊ ပြလေ့။

ဆတ္တိံသတိ တထာ တိံဏိ၊ ကေတ္တိံသ ယထာက္ကမံ၊
ဒသခာ နဝခာ စေတိ၊ ပဥ္စဓာ ပရိဒီပယေ။

ယထာက္ကမံ၊ အစဉ်အတိုင်း။ ဆတ္တိံသတိ စ၊ သုံးဆဲ့ခြောက်ပါး အပြားရှိကုန်၏ ဟူ၍ရင်း။ တထာ၊ ထို့မှို့။ တိံဏိ စ၊ သုံးပါးအပြားရှိကုန်၏ ဟူ၍ရင်း။ ကေတ္တိံသစ၊ သုံးဆဲ့တပါးအပြားရှိကုန်၏ ဟူ၍ရင်း။ ဒသခာစ၊ ဆယ်ပါးအပြားရှိကုန်၏ ဟူ၍ရင်း။ နဝခာစ၊ ကိုး ပါး အ ပြား ရှိ ကုန် ၏ ဟူ၍ရင်း။ ဣတိ၊ ဤသို့။ ပဥ္စခာ၊ ငါးပါးအပြားဖြင့်။ ပရိဒီပယေ၊ ပြရာ၏။

ပဥ္စဝီသ ပရိတ္တမှိ၊
ဆ စိတ္တာနိ မဟဂ္ဂတေ။
ကေဝီသတိ ဝေါဟာရေ၊
အဋ္ဌ နိဗ္ဗာနဂေါစရေ။

ပဥ္စဝီသ၊ နှစ်ဆဲ့ငါးပါးသော စိတ်တို့သည်။ ပရိတ္တမှိ-ပရိတ္တမှိဝေ၊ ကာမအာရုံ၌သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဆစိတ္တာနိ၊ ခြောက်ပါးသောစိတ်တို့သည်။ မဟဂ္ဂတေ- မဟဂ္ဂတေဝေ၊ မဟဂ္ဂုတ်အာရုံ၌သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကေဝီသတိ၊ နှစ်ဆဲ့တပါးသော စိတ်တို့သည်။ ဝေါဟာရေ-ဝေါဟာရေဝေ၊ ပညတ်အာရုံ၌သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဋ္ဌ၊ ရှစ်ပါးသောစိတ်တို့သည်။ နိဗ္ဗာနဂေါစရေ-နိဗ္ဗာန ဂေါစရေဝေ၊ နိဗ္ဗာန်အာရုံ၌သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဝိသာ’နုတ္တရ မုတ္တမှိ၊
အဂ္ဂမဂ္ဂ ဖလုဒ္ဓိတေ။
ပဉ္စ သဗ္ဗတ္ထ ဆစ္စေတိ၊
သတ္တဓာ တတ္ထ သင်္ဂဟော။

ဝီသ၊ နှစ်ဆယ်သော စိတ်တို့သည်။ အနုတ္တရ မုတ္တမှိ၊ လောကုတ္တရာတရားကိုးပါးမှ လွတ်သောအာရုံ၌။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဉ္စ၊ ငါးပါးသောစိတ်တို့သည်။ အဂ္ဂမဂ္ဂဖလုဒ္ဓိတေ၊ အရဟတ္တမဂ်, အရဟတ္တဖိုလ်သည် ကြဉ်အပ်သော အာရုံ၌။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဆစ၊ ခြောက်ပါးသော စိတ်တို့သည်ကား။ သဗ္ဗတ္ထ၊ ခပ်သိမ်းသော အာရုံ၌။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ တတ္ထ၊ ထိုအာရမ္မဏ သင်္ဂဟ၌။ သတ္တဓာ၊ ခုနစ်ပါး အပြားဖြင့်။ သင်္ဂဟော၊ ရေတွက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဆဝတ္ထုံ နိဿိတာ ကာမေ၊
သတ္တ ရူပေ စတုဗ္ဗိဓာ။
တိဝတ္ထုံ နိဿိတာ’ရူပေ၊
ဓာတွေကာ နိဿိတာ မတာ။

ကာမေ၊ ကာမတဆဲ့တဘုံ၌။ ဆဝတ္ထုံ၊ ခြောက်ပါး သောဝတ္ထုရုပ်ကို။ နိဿိတာ၊ မှီ၍ဖြစ်ကုန်သော။ ဝိညာ ဏဓာတုယော၊ ဝိညာဏဓာတ်တို့ကို။ သတ္တ၊ ခုနစ်ပါး အပြားရှိကုန်၏ဟူ၍။ မတာ၊ သိအပ်ကုန်၏။ ရူပေ၊ အသညသတ်ကြဉ်သော ရူပ တဆဲ့ငါးဘုံ၌။ တိဝတ္ထုံ၊ သုံးပါးသော ဝတ္ထုရုပ်ကို။ နိဿိတာ၊ မှီ၍ဖြစ်ကုန်သော။ ဝိညာဏဓာတု

ယော၊ ဝိညာဏဓာတ်တို့ကို။ စတုဗ္ဗိဓာ၊ လေးပါးအပြား ရှိကုန်၏ဟူ၍။ မတာ၊ သိအပ်ကုန်၏။ အရူပေ၊ အရူပလေးဘုံ၌။ ဝတ္ထုံ၊ ကို။ အနိဿိတာ-အနိဿိတာဝေ၊ မမှီ၍သာလျှင် ဖြစ်သော။ ဧကာ၊ တခုသော။ ဓာတု၊ မနောဝိညာဏဓာတ်ကို။ မတာ၊ သိအပ်၏။

တေစတ္တာလီသ နိဿာယ၊
ဒွေစတ္တာလီသ ဇာယရေ။
နိဿာယ စ အနိဿာယ၊
ပါကာရုပ္ပါ အနိဿိတာ။

တေစတ္တာလီသ၊ လေးဆဲ့သုံးပါး ကုန်သော စိတ်တို့သည်။ ဝတ္ထုံ၊ ဝတ္ထုရုပ်ကို။ နိဿာယ-နိဿာယဝေ၊ မှီကုန်၍သာလျှင်။ ဇာယရေ၊ ဖြစ်ကုန်၏။ ဒွေစတ္တာလီသ၊ လေးဆဲ့နှစ်ပါးကုန်သော စိတ်တို့သည်။ ဝတ္ထုံ၊ ဝတ္ထုရုပ်ကို။ နိဿာယစ၊ မှီကုန်၍ရင်း။ အနိဿာယစ၊ မမှီကုန်မူ၍ရင်း။ ဇာယရေ၊ ဖြစ်ကုန်၏။ ပါကာရုပ္ပါ၊ အရူပဝိပါက်စိတ် လေးခုတို့သည်။ ဝတ္ထုံ၊ ဝတ္ထုရုပ်ကို။ အနိဿိတာ- အနိဿိတာဝေ၊ မမှီကုန်မူ၍သာလျှင်။ ဇာယရေ၊ ဖြစ်ကုန်၏။

---

**ဝိထိပိုင်း**

ဝိထိစိတ္တာနိ သတ္တေဝ၊
စိတ္တုပ္ပါဒါ စတုဒ္ဒသ။
စတုပ္ပညာသ ဝိတ္ထာရာ၊
ပဉ္စဒွါရေ ယထာရဟံ။

ပဉ္စဒွါရေ၊ ပဉ္စဒွါရ၌။ ယထာရဟံ၊ ထိုက်သည်အား လျော်စွာ။ ဥပ္ပဇ္ဇမာနာနိ၊ ဖြစ်ကုန်သော။ ဝီထိစိတ္တာနိ၊ ဝီထိစိတ်တို့သည်။ အဝိသေသတော၊ သာမညအားဖြင့်။ သတ္တဝ-သတ္တဝေ၊ ခုနစ်ပါး အပြားရှိကုန်သည်သာလျှင်။ သိယုံ၊ ကုန်၏။ ဝိသေသတော၊အထူးအားဖြင့်။ စိတ္တုပ္ပါဒါ-စိတ္တုပ္ပါဒဝသေန၊ စိတ်တို့၏ အသီးအသီး ဖြစ်သော အစွမ်းဖြင့်။ စတုဒ္ဒသ၊ တဆဲ့လေးပါးအပြားရှိကုန်သည်။ သိယုံ၊ ကုန်၏။ ဝိတ္ထာရာ- ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ စတုပ္ပညာသ၊ ငါးဆဲ့လေးပါး အပြားရှိကုန်သည်။ သိယုံ၊ ကုန်၏။

ဝီထိစိတ္တာနိ တီဏေဝ၊စိတ္တုပ္ပါဒါ ဒသေ'ရိတာ။
ဝိတ္ထာရေန ပနေ'တ္ထေက၊ စတ္တာလီသ ဝိဘာဝယေ။

ဧတ္ထ၊ ဤမနောဒွါရ၌။ ဥပ္ပန္နာနိ၊ ဖြစ်ကုန်သော။ ဝီထိစိတ္တာနိ၊ တို့ကို။ အဝိသေသတော၊ အားဖြင့်။ တီဏေဝ-တီဏိဧဝ၊ သုံးပါးအပြားရှိကုန်၏ဟူ၍သာလျှင်။ ဤရိတာ-ဤရိတာနိ၊ ကုန်၏။ဝိသေသတော၊ အထူးအားဖြင့်။ စိတ္တုပ္ပါဒါ-စိတ္တုပ္ပါဒဝသေန၊ စိတ်တို့၏ အသီးအသီး ဖြစ်သော အစွမ်းဖြင့်။ ဒသ၊ ဆယ်ပါးအပြားရှိကုန်၏ဟူ၍။ ဤရိတာ-ဤရိတာနိ၊ မိန့်အပ်ကုန်၏။ ပန၊ အထူးကိုဆိုအံ့။ ဝါ၊ ဝုတ္တကံမှတပါး, အဝုတ္တကံကိုဆိုအံ့။ ဝါ၊ အပုတ္တကတ္တားမှတပါး ပုတ္တကတ္တားကိုဆိုအံ့။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ဧကစတ္တာလီသ၊ လေးဆဲ့တပါး အပြားရှိကုန်၏ဟူ၍။ ဝိဘာဝယေ၊ ထင်စွာပြရာ၏။

ဒွတ္တိံသ သုခပုညမှာ၊
ဒွါဒသော ပေက္ခကာ ပရံ။
သုခိတကြိယတော အဋ္ဌ၊
ဆ သမ္ဘောန္တိ ဥပေက္ခကာ။

သုခပုညမှာ၊ သောမနဿ သဟဂုတ် မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇောနှစ်ခုမှ။ ပရံ၊ နောက်၌။ ဒွတ္တိံသ၊ သုံးဆဲ့နှစ်ပါးကုန်သော။ အပ္ပနာ၊ အပ္ပနာဇောတို့သည်။ သမ္ဘောန္တိ၊ ဖြစ်ကုန်၏။ ဥပေက္ခကာ၊ ဥပေက္ခာသဟဂုတ် မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော နှစ်ခုမှ။ ပရံ၊ နောက်၌။ ဒွါဒသ၊ ကုန်သော။ အပ္ပနာ၊ အပ္ပနာဇောတို့သည်။ သမ္ဘောန္တိ၊ ဖြစ်ကုန်၏။ သုခိတကြိယတော၊ သောမနဿ သဟဂုတ် မဟာကြိယာ ဉာဏသမ္ပယုတ်ဇောနှစ်ခုမှ။ ပရံ၊ နောက်၌။ အဋ္ဌ၊ ကုန်သော။ အပ္ပနာ၊ အပ္ပနာဇောတို့သည်။ သမ္ဘောန္တိ၊ ဖြစ်ကုန်၏။ ဥပေက္ခကာ၊ ဥပေက္ခာသဟဂုတ်မဟာကြိယာဉာဏသမ္ပယုတ်ဇော နှစ်ခုမှ။ ပရံ၊ နောက်၌။ ဆ၊ ခြောက်ပါးကုန်သော။ အပ္ပနာ၊ အပ္ပနာ ဇောတို့သည်။ သမ္ဘောန္တိ၊ ဖြစ်ကုန်၏။

အသေက္ခာနံ စတုစတ္တာ-
လီသ သေက္ခာန မုဒ္ဒိသေ။
ဆပညာသာဝသေသာနံ၊
စတုပညာသ သမ္ဘဝါ။

အသေက္ခာနံ၊ ရဟန္တာပုဂ္ဂိုလ်တို့အား။ စတုစတ္တာလီသ၊ လေးဆဲ့လေးပါးကုန်သော ဝီထိစိတ်တို့ကို။ သမ္ဘဝါ-ယထာ

သဗ္ဗာဝံ၊ ဖြစ်သင့်သည် အားလျော်စွာ။ ဥဒ္ဒိသေ၊ ပြရာ၏။ သေက္ခာနံ၊ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့အား။ ဆပညာသ၊ ငါးဆဲ့ခြောက်ပါးသော ဝီထိစိတ်တို့ကို။ သမ္ဘဝါ-ယထာသမ္ဘဝံ၊ ဖြစ်သင့်သည် အားလျော်စွာ။ ဥဒ္ဒိသေ၊ ၏။ အဝသေသာနံ၊ သေက္ခ, အသေက္ခ ပုဂ္ဂိုလ်တို့မှ ကြွင်းကုန်သော ပုထုဇ္ဇနိပုဂ္ဂိုလ်လေးယောက်တို့အား။ စတုပညာသ၊ ငါးဆဲ့လေးပါးသော ဝီထိစိတ်တို့ကို။ သမ္ဘဝါ-ယထာသမ္ဘဝံ၊ စွာ။ ဥဒ္ဒိသေ၊ ပြရာ၏။

---

## ရုပ်ပိုင်း

အဋ္ဌာရသ ပန္နရသ၊
တေရသ ဒွါဒသာတိ စ။
ကမ္မစိတ္တောတု ကာဟာရ-
ဇာနိ ဟောန္တိ ယထာက္ကမံ။

ကမ္မစိတ္တောတုကာဟာရဇာနိ၊ ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့သည်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ အဋ္ဌာရသာတိ စ၊ တဆဲ့ရှစ်ပါး အပြားရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပန္နရသာတိစ၊ တဆဲ့ငါးပါး အပြားရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေရသာတိစ၊ တဆဲ့သုံးပါး အပြားရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒွါဒသာတိစ၊ တဆဲ့နှစ်ပါး အပြား ရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

ကမ္မစိတ္တော တုကာဟာရ၊
သမုဋ္ဌာနာ ယထာက္ကမံ။
နဝ ဆ စတုရော ဒွေတိ၊
ကလာပါ ကေဝီသတိ။

ကမ္မစိတ္တောတုကာဟာရ သမုဋ္ဌာနာ၊ ကံကြောင့် ဖြစ်သော ရုပ်ကလာပ်, စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်, ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ်, အာဟာရကြောင့် ဖြစ်သော ရုပ်ကလာပ်တို့သည်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ နဝစ၊ ကိုးပါး အပြားရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဆစ၊ ခြောက်ပါး အပြားရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ စတုရော စ၊ လေးပါး အပြား ရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒွေစ၊ နှစ်ပါး အပြားရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ကလာပါ၊ ကလာပ်တို့သည်။ ဧကဝီသတိ၊ နှစ်ဆဲ့တပါး အပြားရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။

အဋ္ဌဝီသတိ ကာမေသု၊
ဟောန္တိ တေဝီသ ရူပိသု။
သတ္တရသေဝ သညီနံ၊
အရူပေ နတ္ထိ ကိဉ္စိပိ။

ကာမေသု၊ ကာမတဆဲ့တဘုံတို့၌။ အဋ္ဌဝီသတိ၊ နှစ်ဆဲ့ရှစ်ပါးကုန်သော ရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ရူပိသု၊ အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံတို့၌။ တေဝီသ၊ နှစ်ဆဲ့သုံးပါးကုန်သောရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အသညီနံ၊ အသညသတ် ပုဂ္ဂိုလ်တို့အား။ သတ္တ

ရသော၊ တဆဲ့ ခုနစ်ပါးသော ရုပ်တို့ သည် သာ လျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အရူပေ၊ အရူပလေးဘုံ၌။ ကိဉ္စိပိ၊ တစုံတခုသောရုပ်သည်လည်း။ နတ္ထိ၊ မရှိ။

---

**သမုစ္စည်းပိုင်း**

အာသဝေါဃာ စ ယောဂါ စ၊
တယော ဂန္ထာ စ ဝတ္ထုတော။
ဥပါဒါနာ ဒုဝေ ဝုတ္တာ၊
အဋ္ဌ နီဝရဏာ သိယုံ။

ဝတ္ထုတော၊ သဘောအားဖြင့်။ ဝါ၊ တရားကိုယ် အားဖြင့်။ အာသဝေါဃာ စ၊ အာသဝ, ဩဃတို့ကိုရင်း။ ယောဂါ စ၊ တို့ကိုရင်း။ ဂန္ထာ စ၊ တို့ကိုရင်း။ တယော၊ သုံးပါး အပြားရှိကုန်၏ဟူ၍။ ဝုတ္တာ၊ မိန့်အင်ကုန်၏။ ဥပါဒါနာ၊ ဥပါဒါန်တို့ကို။ ဒုဝေ၊ နှစ်ပါးအပြားရှိကုန်၏ဟူ၍။ ဝုတ္တာ၊ မိန့်အပ်ကုန်၏။ နီဝရဏာ၊ နီဝရဏတို့သည်။ အဋ္ဌ၊ ရှစ်ပါး အပြားရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။

ဆဠေဝါ’ နုသယာ ဟောန္တိ၊
နဝ သံယောဇနာ မတာ။
ကိလေသာ ဒသ ဝုတ္တောယံ၊
နဝဓာ ပါပသင်္ဂဟော။

အနုသယာ၊ အနုသယတို့သည်။ ဆဠေဝ၊ ခြောက်ပါး အပြားရှိကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သံယောဇနာ၊ သံယောဇဉ်တို့ကို။ နဝ၊ ကိုးပါး အပြားရှိကုန်၏ ဟူ၍

မတာ၊ သိအပ်ကုန်၏။ ကိလေသာ၊ ကိလေသာတို့ကို။ ဒသ၊ ဆယ်ပါးအပြားရှိကုန်၏ ဟူ၍။ မတာ၊ သိအပ်ကုန်၏။ ဣတိ၊ ဤသို့။ နဝဓာ၊ ကိုးပါးအပြားဖြင့်။ အယံ-ပါပသင်္ဂဟော၊ ဤအကုသလသင်္ဂဟကို။ မယာ၊ ငါသည်။ ဝုတ္တော၊ မိန့်အပ်ပြီ။

ဆ ဟေတူ ပဉ္စဈာနင်္ဂါ၊
မဂ္ဂင်္ဂါ နဝ ဝတ္ထုတော။
သောဠသိန္ဒြိယဓမ္မာ စ၊
ဗလဓမ္မာ နဝေရိတာ။

ဝတ္ထုတော၊ သဘောအားဖြင့်။ ဝါ၊ တရားကိုယ်အားဖြင့်။ ဟေတူ၊ ဟိတ်တို့ကို။ ဆ၊ ခြောက်ပါး အပြားရှိကုန်၏ ဟူ၍။ ဤရိတာ၊ မိန့်အပ်ကုန်၏။ ဈာနင်္ဂါနိ၊ ဈာနင်တို့ကို။ ပဉ္စ၊ ငါးပါးအပြားရှိကုန်၏ဟူ၍။ ဤရိတာ၊ မိန့်အပ်ကုန်၏။ ဣန္ဒြိယဓမ္မာစ၊ ဣန္ဒြေ တရားတို့ကိုကား။ သောဠသ၊ တဆဲ့ခြောက်ပါး အပြားရှိကုန်၏ဟူ၍။ ဤရိတာ၊ မိန့်အပ်ကုန်၏။ ဗလဓမ္မာ၊ ဗိုလ်တရားတို့ကို။ နဝ၊ ဟူ၍။ ဤရိတာ၊ မိန့်အပ်ကုန်၏။

စတ္တာရော ဓိပတီ ဝုတ္တာ၊
တထာ ဟာရာတိ သတ္တဓာ။
ကုသလာဒိ သမာကိဏ္ဏော၊
ဝုတ္တော မိဿကသင်္ဂဟော။

အဓိပတီ၊ အဓိပတိတို့ကို။ စတ္တာရော၊ လေးပါးအပြားရှိကုန်၏ ဟူ၍။ ဝုတ္တာ၊ မိန့်အပ်ကုန်၏။ အာဟာရာ၊ အာ

ဟာရတို့ကို။ တထာ၊ ထို့အတူ၊ စတ္တာရော၊ ကုန်၏ ဟူ၍။ ဝုတ္တာ၊ မိန့်အပ်ကုန်၏။ ဣတိ၊ ဤသို့။ သတ္တဓာ၊ ခုနစ်ပါးအပြားဖြင့်။ ကုသလာဒိ သမာကိဏ္ဏော၊ ကုသိုလ်အစရှိသည်တို့ဖြင့် ပြွမ်းသော။ မိဿကသင်္ဂဟော၊ မိဿကသင်္ဂဟကို။ မယာ၊ ငါသည်။ ဝုတ္တော၊ မိန့်အပ်ပြီ။

ဆန္ဒော စိတ္တ'မုပေက္ခာ စ၊
သဒ္ဓါ ပဿဒ္ဓိ ပီတိယော။
သမ္မာဒိဋ္ဌိ စ သင်္ကပ္ပေါ၊
ဝါယာမော ဝိရတိတ္တယံ။
သမ္မာသတိ သမာဓီတိ၊
စုဒ္ဒသေတေ သဘာဝတော။
သတ္တတ္တိံ သပ္ပဝတ္တန္တိ၊
သတ္တဓာ တတ္ထ သင်္ဂဟော။

တေ၊ ထိုဗောဓိပက္ခိယတရားတို့သည်။ သဘာဝတော၊ သဘောအားဖြင့်။ ဝါ၊ တရားကိုယ်အားဖြင့်။ ဆန္ဒော စ၊ ဆန္ဒစေတသိက်ရင်း။ စိတ္တဉ္စ၊ လောကုတ္တရာစိတ်ရင်း။ ဥပေက္ခာ စ၊ တတြမဇ္ဈတ္တတာစေတသိက်ရင်း။ သဒ္ဓါ ပဿဒ္ဓိ ပီတိယော စ၊ သဒ္ဓါ၊ ပဿဒ္ဓိ၊ ပီတိစေတသိက်တို့ရင်း။ သမ္မာဒိဋ္ဌိ စ၊ အမောဟစေတသိက်ရင်း။ သင်္ကပ္ပေါ စ၊ ဝိတက်စေတသိက်ရင်း။ ဝါယာမော စ၊ ဝီရိယ စေတသိက်ရင်း။ ဝိရတိတ္တယဉ္စ၊ ဝိရတီ စေတသိက်တို့၏ သုံးခုတို့၏ အပေါင်းရင်း။ သမ္မာသတိ စ၊ သတိစေတသိက်ရင်း။ သမ္မာသမာဓိ စ၊ ဧကဂ္ဂတာ စေတသိက်ရင်း။ ဣတိ၊ ဤသို့။ စုဒ္ဒသ၊ တဆဲ့လေးပါး အ

ပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဘေဒေန၊ အပြား အားဖြင့်။ သတ္တတိံသ၊ သုံးဆဲ့ခုနစ်ပါး အပြားရှိကုန် သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့။ တတ္ထ၊ ထိုဗောဓိ ပက္ခိယ သင်္ဂဟ၌။ သတ္တမော၊ ခုနစ်ပါးအပြားဖြင့်။ သင်္ဂဟော၊ ရေတွက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

---

**ပစ္စည်းပိုင်း**

အတီတေ ဟေတဝေါ ပဉ္စ၊

ဣဒါနိ ဖလပဉ္စကံ။

ဣဒါနိ ဟေတဝေါ ပဉ္စ၊

အာယတိံ ဖလပဉ္စကံ။

အတီတေ၊ လွန်လေပြီးသောဘဝ၌။ ပဉ္စ၊ ငါးပါးကုန် သော။ ဟေတဝေါ၊ အကြောင်းတို့ရင်း။ ဣဒါနိ၊ ယခု ပစ္စုပ္ပန်ဘဝ၌။ ဖလပဉ္စကံ၊ အကျိုးငါးပါး အပေါင်းရင်း။ ဣဒါနိ၊ ယခုပစ္စုပ္ပန်ဘဝ၌။ ပဉ္စ၊ ငါးပါးကုန်သော။ ဟေ တဝေါ၊ အကြောင်းတို့ရင်း။ အာယတိံ၊ နောင်လာလတ္တံ့ သောဘဝ၌။ ဖလပဉ္စကံ၊ အကျိုးငါးပါးအပေါင်းရင်း။

ဆဓာ နာမန္တု နာမဿ၊ ပဉ္စဓာ နာမရူပိနံ။

ဧကဓာ ပုန ရူပဿ၊ ရူပံ နာမဿ စေကဓာ။

တု၊ ဥဒ္ဒေသမှတပါး နိဒ္ဒေသကို ဆိုအံ့။ ဝါ၊ပစ္စည်းတို့၏ အသီးသီး ကျေးဇူးပြုတတ်သည်မှ တပါး, သတ္တိကိုပေါင်း ၍ ပြဦးအံ့။ ဝါ၊ ပဋ္ဌာန်းနည်းကို အကျယ်ခွဲ၍ပြဦးအံ့။နာမံ၊ နာမ်သည်။ နာမဿ၊ နာမ်အချင်းချင်းအား။ ဆဓာ၊ ခြောက်

ပါးသော အခြင်းအရာဖြင့်။ ပစ္စယော-ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ နာမံ၊ နာမ်သည်။ နာမရူပိနံ၊ နာမ်ရုပ်တို့အား။ ပဉ္စဓာ၊ ငါးပါးသော အခြင်းအရာဖြင့်။ ပစ္စယော-ဥပကာရကော၊ သည်။ ဟောတိ၊ ဖြစ်၏။ ပုန၊ တဖန်။ နာမံ၊ နာမ်သည်။ ရူပဿ၊ ရုပ်အား။ ဧကဓာ၊ တပါးသော အခြင်းအရာဖြင့်။ ပစ္စယော-ဥပကာရကော၊ သည်။ ဟောတိ၊ ၏။ စ၊ နာမ်ပစ္စည်း တပ်သည်မှတပါး, ရုပ်ပစ္စည်းတပ်သည်ကိုဆိုအံ့။ရူပံ၊ ရုပ်သည်။နာမဿ၊ အား။ ဧကဓာ၊ ဖြင့်။ ပစ္စယော- ဥပကာရကော၊ တတ်သည်။ ဟောတိ၊ ၏။

ပညတ္တိနာမ ရူပါနိ၊ နာမဿ ဒွိဓာ ဒွယံ။
ဒွယဿ နဝဓာ စေတိ၊ ဆဗ္ဗိဓာ ပစ္စယာ ကထံ။

ပညတ္တိနာမရူပါနိ၊ ပညတ်, နာမ်, ရုပ်တို့သည်။ နာမဿ၊ နာမ်အား။ ဒွိဓာ၊ နှစ်ပါးသော အခြင်းအရာဖြင့်။ ပစ္စယာ-ဥပကာရကာ၊ ကျေးဇူးပြုတတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စ၊ သုဒ္ဓမှတပါး, မိဿကကိုဆိုအံ့။ ဒွယံ၊ နာမ်ရုပ်နှစ်ခု အပေါင်းသည်။ ဒွယဿ၊ နာမ်ရုပ်နှစ်ခု အပေါင်းအား။ နဝဓာ၊ ကိုးပါးသော အခြင်းအရာဖြင့်။ ပစ္စယော- ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ဣတိ၊ ဤသို့။ ပစ္စယာ၊ ပစ္စည်းတို့သည်။ ဆဗ္ဗိဓာ၊ ခြောက်ပါးအပြားဖြင့်။ ဌိတာ၊ တည်ကုန်၏။

သင်္ဂဟဂါထာများ အနက်ပြီး၏။

✪✪ မဏ္ဍိုင် ✪✪

# အဘိဓမ္မာ ကျည်ရေး

